
www.burmeseclassic.com



# ဂျာနယ်ကျော်မမလေး
# လက်ရွေးစင်ဝတ္ထုတိုများ

(ဒုတိယအကြိမ်)

(၁၉၄၁-၁၉၈၁)

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**သီဟရတနာစာအုပ် - (၁၀၃)**

- ဝတ္ထုတိုစာစဉ် -

(၁၉၄၁-၁၉၈၁)

# လက်ရွေးစင်ဝတ္ထုတိုများ

## ဂျာနယ်ကျော်

# မမလေး

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၄၀၀၅၀၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၄၁၀၅၀၆ |

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | ပထမအကြိမ် |
| | | ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ၊ ရာပြည့်စာအုပ်တိုက် |
| | | ဒုတိယအကြိမ် |
| | | ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ၊ သီဟရတနာစာပေ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး |
| | | (မြ-၀၃၉၈၂) |
| | | (သီဟရတနာစာပေ) |
| | | အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊ |
| | | ကမာရွတ်မြို့နယ်၊ |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်၊ |
| ကွန်ပျူတာစာစီ | ■ | Dream City |
| မျက်နှာဖုံးဒီဇိုင်း | ■ | THIHA Group |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၃၀၀၀ ကျပ် |

BURMESE CLASSIC

## ဂျာနယ်ကျော် မမလေး [၁၉၁၇-၁၉၈၂]

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးပျားချို၊ အမိ ဒေါ်ကွိတို့မှ ၁၉၁၇ ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်းငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံ အေဘီအမ်ကျောင်း၌ ကျောင်း စ နေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန် မြို့မအမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂) အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု မေလ ၁၄ ရက်တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်ပြုသည်။ ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆-၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီးကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ (၁၉၄၈-၄၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁-၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဘရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် (၁၉၂၅)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ] (၁၉၅၅)၊ အဏုမြူဆန့်ကျင်ရေး ကွန်ဖရင့် [ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန် 'သွေး' ဝတ္ထုအတွက် ဂုဏ်ပြုဒ်တ်ကြားခြင်း[ဂျပန်] (၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပစ်စာ'တစ်စောင်ကို တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာ ဘက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည် ဆို၏။ "အမျိုးသမီးများ 'ထကြီးသတ်' ဉာဏ်ရှိကြရန်" (မြန်မာ့အလင်း၊ ၁၉၃၆-၃၇) သည် ပထမ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ဆောင်းပါး ဖြစ်သည်။ ပထမပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" [ဂျာနယ်ကျော်၊ ၃၁-၅-၁၉၄၁] ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ** (၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ** (၁၉၄၈)၊ **ရွှေမင်း** (၁၉၄၈)၊ **စိတ်** (၁၉၅၁)၊ **ကမ္ဘာမြေဝယ်** (၁၉၅၂)၊ **မုန်းရှုံ့မဟူ** (၁၉၅၅)၊ **တွေးတစိမ့်စိမ့်** (၁၉၆၃)၊ [လှတစ်မျက်နှာ-၁၉၆၉]၊ **ရင်နှင့်အောင်မွေး** (၁၉၆၇)၊ **ရင်မှတရှိုက်** (၁၉၇၀)၊ **သွေး** (၁၉၇၃) တို့ ဖြစ်ကြ၏။ **မုန်းရှုံ့မဟူ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန်ဆု၊ **တွေးတစိမ့်စိမ့်**ဖြင့် ၁၉၆၃ ခု အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ **မြက်ကလေးတစ်ပင်** (ဂျာမန်-၁၉၆၈)၊ **တွေးတစိမ့်စိမ့်** (ရုရှ-၁၉၈၄)၊ **သွေး** (ဂျပန်-၁၉၇၇)၊ **မုဆိုးမ** (အင်္ဂလိပ်)၊ **မုန်းရှုံ့မဟူ** (ရုရှ-ဥဇဘက်၊ ပြင်သစ်၊ တရုတ်)တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော်မမလေး၏ ကလောင်ခွဲများမှာ ရဝေလှိုင်၊ လှတခိုင်၊ ဘိုကလေးမတင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာအဖြစ်သာမက တိုင်းရင်းဆေးပညာရှင်အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ** (၁၉၆၂)၊ [မြန်မာ့ဆေးပညာ-၁၉၆၇] ကိုပြုစုခဲ့သည်။ ၁၉၈၂ ခု ဧပြီလ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## သိမ်္ဟာရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ


၄၁။ မြသန်းတင့်၏ တကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်းရှုံ့မဟူ
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ ဟိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏တများ
၄၇။ အောင်ဝေး၏ အေးမြမြမိုးလျှံ
၄၈။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေးစီးပွားရေး မြင်ကွင်းကျယ်လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၁။ ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၄။ ကျော်ဝင်း၏လူများ မြစ်ရပ်များ ဘူမိချက်များ(နိုင်ငံတကာတိုင်ဗီယာမိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်မြင့်လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
၅၇။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူသုနန္ဒီ
၅၉။ မြသန်းတင့်၏ အညာတရုပ်ပုံလွှာများ
၆၀။ တက်တိုး၏ ငွေထွာမွန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသိမ်္ဟာဘွဲ့
၆၄။ စံတင့်ထွန်း(လှကွန်း)၏ ရွှေမည်း၊ တိုယိုတာစီးနီးနှင့် အိတွေတာယဉ်ကျေးမှု
၆၅။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်မွန့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမီဝေရ (Jeffrey Archer The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သစ္စာတပရိုဟိန်နှင့် ကာဠုဗုဒ္ဓရက္ခိတ
၆၈။ မောင်မိုးသူ၏ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပတ်တီဟတ်စ် နှင့် အက်စ်အယ်အောဂိုက်
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တက္ကသိုလ်နှင့်မြင်ပကမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူ့ဝယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နီးခြင်း၊ ဝေးခြင်း။ . . . ဝတ္ထုတိုများ
၇၈။ ချစ်ဦးညို၏ လတ်ရွှေစင်ဝတ္ထုတိုများ
၇၉။ ပါရဂူ၏ နေရှူရာ


www.burmeseclassic.com

www.burmeseclassic.com


၈၀။ လူထုဒေါ်အမာ၏သက်တံရောင် (The Rainbow)
၈၁။ မောင်ဝံသ၏ စတီးဝဲလ်နှင့် မြန်မာပြည်စစ်မှတ်နှာ (DD Rooney)
၈၂။ မောင်မိုးသူ၏ စိန့်ပီတာစဘတ်မှလူ (Ken Follett The Man From Saintpetersberg)
၈၃။ ချစ်ဦးညို၏ စက္ကူရုနှင့်ဘဖွါ
၈၄။ မောင်သန်းဆွေ၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ဖွန်ဝီလီယန်မောင်လတ်သို့
၈၅။ ရွှေဥဒေါင်း၏ လက်ထက်တော်ကြီး
၈၆။ မိုးဟိန်း(သားကျွန်းယက်ကျော်)၏ ဆင့်၍ဆင့်၍ ဆက်၍ဆက်၍
၈၇။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၈၈။ ချစ်ဦးညို၏ မိမိနှင့် အဝိဇ္ဇာကာကများ
၈၉။ မောင်ဝဏ္ဏ၏ ရယ်စရာကောင်းနေမလားမသိဘူး ဒီလိုလေ. . .
၉၀။ ကျွန်းယက်ကျော်မမလေး၏ လောကီရတနာ
၉၁။ ညီပုလေး၏ လီဒိုဟူးကောင်း မင်ခြစ်မှတ်စုများ
၉၂။ မောင်မိုးသူ၏ အထွတ်အထိပ် (Kenfollett - Lie Down With Lions)
၉၃။ ချစ်ဦးညို၏ ဟီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားတို့ မောင်သွားထားလေမလား
၉၄။ ကျွန်းယက်ကျော်မမလေး၏ မေ့တိမ်မက်
၉၅။ ဗိုလ်စောမောင်၏ မြားနက် (The Black Arrow)
၉၆။ မောင်မိုးသူ၏ သဲကြီးမဲကြီး (Ken Follett - The Key To Rebecca)
၉၇။ ဗဂုန်တာရာ၏ မှန်ကွဲစများပေါ်တွင်လမ်းလျှောက်ခြင်း
၉၈။ မြသန်းတင့်၏ မြောက်ဘက်တောင်ကုန်းဒေသမှအပြန်
၉၉။ မောင်မိုးသူ၏ သူနိုင်ကိုယ်နိုင် (Ken Follett - TRIPPLE)
၁၀၀။ စာရေးဆရာ (၁၀၀) ၏ ၂၀ ရာစု မြန်မာဝတ္ထုတို (၁၀၀)
၁၀၁။ သုမောင်၏ ပီကင်းမှပေးစာ (Pearl S.Buck - Letter from Beijing)
၁၀၂။ မောင်မိုးသူ၏ တျားကုတ်တျားခဲ (Ken Follett - Eye of the Needle)

**လက်ရွေးစင်ဝတ္ထုတိုများ**

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၁၀၄။ မြသန်းတင့်၏ ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း
၁၀၅။ ချစ်ဦးညို၏ မှုမတ်များနှင့် တွေ့ဆုံခြင်း
၁၀၆။ မင်းလူ၏ အသပြာလုလင်
၁၀၇။ တက်တိုး၏ သူတို့အတွေးအခေါ်မှတ်စုများ
၁၀၈။ ကျွန်းယက်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်
၁၀၉။ ကျွန်းယက်ကျော်မမလေး၏ ဘဝပုံရိပ်များ
၁၁၀။ ဗဂုန်တာရာ၏ အိပ်မက်မြစ်ပါစေရှင်
၁၁၁။ ဗဂုန်တာရာ၏ စိမ်းမြစေရာ
၁၁၂။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၁၃။ ကျွန်းယက်ကျော်မမလေး၏ ရင်နင့်အောင်မွေး
၁၁၄။ ကျွန်းယက်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုပေါင်းချုပ်
၁၁၅။ ခင်မျိုးချစ်၏ ဂုဏ်ယူခဲ့ရ ကျွန်မဘဝပါရှင် (Carve her name with pride)
၁၁၆။ မောင်သိန်းဆိုင်၏ သမုဒ္ဒရာအထက်က ရေတစ်စက်နှင့် ဝတ္ထုတိုပေါင်းချုပ်
၁၁၇။ ချစ်ဦးညို၏ ရွှေဖြည်ဝန်
၁၁၈။ ညီပုလေး၏ သူထက်တဲ ရွှေဖြည်ဖိုး ညီဝုလေး ဝတ္ထုတိုများ


BURMESE CLASSIC

# မာတိကာ


- ဇော်ဂျီ၏ နိဒါန်း ၁၁
- ဒဂုန်တာရာ၏ 'ရှုမငြီး' ဝေဖန်ချက် ၁၄
- စာရေးသူ၏အမှာ ၁၆

၁။ မသိရလေခြင်း ၁၉
၂။ မိချွေး မိချွေး ၂၈
၃။ မိန်းမပီပီ ၃၇
၄။ သည်မိုး ၅၅
၅။ မိန်းမဝတ္ထု ၆၅
၆။ စာရိတ္တမတ္တိုင် ၇၅
၇။ ခမောရီ ၉၄
၈။ မုဆိုးမ ၁၁၉
၉။ ပျို့ကရုဏာ ၁၃၈
၁၀။ ကာဖီ ၁၆၄
၁၁။ မြက်ကလေးတစ်ပင် ၁၇၆
၁၂။ ကုသိုလ်ပေါ့ပါယ် ၁၉၇
၁၃။ ဘဝအဖော် ၂၂၁
၁၄။ အဝယ်နှင့် အလျော် ၂၃၈
၁၅။ လှတစ်မျက်နှာ ၂၆၇
၁၆။ တွေးတစိမ့်စိမ့် ၂၈၃
၁၇။ တစ်သက်မှာ တစ်ခါကြုံသည် ၃၁၇
၁၈။ ပျိုလေးတို့ အိမ်ခေါင်မိုး ၃၃၇
၁၉။ သံသရာဘေး ၃၄၇
၂၀။ သည်အပူ ၃၆၉
၂၁။ နီးလျက်နှင့် ၃၉၃
၂၂။ ထိုအမော ၄၀၆


www.burmeseclassic.com

www.burmeseclassic.com

## ဇော်ဂျီ၏နိဒါန်း

ရသစာပေ၏ ရည်ရွယ်ချက်သည် ပရိသတ်အား နှစ်သက်သာယာခြင်း ရသကို ပေးရန် ဖြစ်လေသည်။ တစ်ဖန် ရသကို ပေးရန် အားထုတ်ကြရာတွင် စာရေးဆရာ အချို့သည် ရသသက်သက်ကိုသာ ပေးနိုင်ကြသည်။ ပေးလိုကြသည်။ အချို့သည်း ဘဝအမြင်အသိ သတိ အာနိသင်ကိုပါ အာရုံပြုစေနိုင်သော အာနိသင် ရသကို ပေးနိုင်ကြသည်။ ပေးလိုကြသည်။ ထို့ကြောင့် ရသစာပေကို နှစ်မျိုး ခွဲ၍ ရသည်ဟု ထင်ပါသည်။ တစ်မျိုးသည် ရသသက်သက် စာမျိုး (ဝါ) အပျင်းပြေ စာငယ် ဖြစ်နိုင်သည်။ ကျန်တစ်မျိုးသည် အာနိသင်ရသစာမျိုး (ဝါ) ဘဝမြင်စာကြီး ဖြစ်နိုင်သည်။ သို့ရာတွင် စာပေဟူသည် ကိုင်၍ တွယ်၍ ရသော ဝတ္ထုပစ္စည်း မဟုတ်သဖြင့် တိတိကျကျ ခွဲ၍ သောင်ခတ်နိုင်သည် မဟုတ်ချေ။ အပျင်းပြေဖတ်မို့ အားသန်လျှင် စာငယ်ဟူ၍ လည်းကောင်း၊ ဘဝ အမြင်ဘက်သို့ အားသန်လျှင် စာကြီးဟူ၍ လည်းကောင်း ထိုသို့သာလျှင် ခွဲ ကြည့်ရခြင်း ဖြစ်သည်ကို သတိပြုအပ်ပါသည်။

မြန်မာစာပေလောကတွင် ကာလပေါ် ဝတ္ထုတို အရေးအသား ပေါ်ခဲ့သည်မှာ အနှစ်ငါးဆယ်ခန့်လောက်သာ ရှိသေးလေသည်။ သို့ရာတွင် ထိုအနှစ်ငါးဆယ်ခန့်လောက်အတွင်း၌ စာကြီးပိုင်းသို့ ဝင်နိုင်သည်ဟု ဆိုအပ်သော ကာလပေါ် မြန်မာဝတ္ထုတို အရေအတွက်သည် များသည်ဟု မဆိုသာသေးသော်သည်း မြန်မာစာပေလောက၌ အမြစ်တွယ်နိုင်လောက်အောင်ကား အားရှိလာပြီဟု ဆိုချင်ပါသည်။ စင်စစ်မှာ အမြစ်တွယ်နေကြပါပြီ။

---

• "တွေးတစိမ့်စိမ့်"။ ပထမအကြိမ်၊ အောက်တိုဘာ၊ ၁၉၆၃ မှ ပြန်လည်ဖော်ပြခြင်း ဖြစ်သည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤစာစောင်တွင် ဝတ္ထုတိုဆရာ ဂျာနယ်ကျော်မမလေး ရွေးသောဝတ္ထုတို ကိုးပုဒ် ပါရှိပါသည်။ ဝတ္ထုတိုတို့သည် မဂ္ဂဇင်းကြီးများ၌ ပါပြီးသားဖြစ်ရာ ယခုအခါ တစ်စုတပေါင်းပြု၍ ပြန်လည်ပုံနှိပ်ခြင်း ဖြစ်သည်။

ထိုဝတ္ထုတို ကိုးပုဒ်ကို စာကြီး၌သွင်းလျှင် ရသည်ဟု ထင်ပါသည်။ ပုံသဏ္ဌာန်အရာတွင် ထိုဝတ္ထုတိုတို့သည် သူ့အလှနှင့်သူ တည်ရှိနေသည်ဟု ယူဆသဖြင့် အကျယ်မချဲ့လိုပြီ။ ကြောင်းချင်းရာလောက်ကိုသာလျှင် ပရိသတ်အား မိတ်ဆက်ပေးလိုပါသည်။ ထိုဝတ္ထုတိုတို့ကို ဖတ်ကြည့်လျှင် လူငယ်လူရွယ်တို့၏ ချစ်ကိစ္စကို မတွေ့ရ။ လူကြီး၊ လူလတ်၊ ယောကျ်ား၊ မိန်းမတို့၏ ဘဝအထွေထွေကိစ္စကိုသာ တွေ့ကြရပေလိမ့်မည်။ တစ်ဖန် ဝတ္ထုတိုဆရာသည် မြန်မာအမျိုးသမီးဖြစ်ရာ မြန်မာအမျိုးသမီးတစ်ဦး ကြည့်တတ်၊ မြင်တတ်သော မြန်မာအမျိုးသမီးတို့၏ အိမ်မှုအိမ်ရေး၊ လင်ရေးသားရေး အမှုအရာတို့ကို အသားပေးထားသည်ကိုလည်း တွေ့ကြရပေလိမ့်မည်။ တစ်ဖန် ထိုအမှုအရာတို့တွင် ဘဝအဆွေးကွက်တို့ကိုသာ (ဝါ) ဆွေးစရာကောင်းသော ဘဝအကွက်တို့ကိုသာ ဖော်ထားသည်ကိုလည်း တွေ့ကြရပေလိမ့်မည်။ ဝတ္ထုတိုဆရာသည် မြန်မာလောကတွင် တရားပျက်နေသော အစိတ်အပိုင်းကို သူမြင်သလောက် တင်ပြ၍ စာဖတ်ပရိသတ်အား သတိပြုစေလိုသော သူ့ဆန္ဒကြောင့် ဖြစ်နိုင်သည်ဟု ယူဆမိသည်။ ဝတ္ထုတိုတို့ကို တစ်ပုဒ်စီ စိစစ်ကြည့်လျှင် ဤသို့ တွေ့နိုင်ပါသည်။

"မြက်ရာလေးတစ်ပင်" တွင် ကိုယ်ချင်းစာတရား ခေါင်းပါးလှသော အိမ်ရှင်မကြောင့် ကံမကောင်း အကြောင်းမလှ ဒုက္ခတွေ့ရရှာသော အိမ်စေကလေးမ၏ ကြေကွဲဖွယ်ရာအဖြစ်ကို ဖွဲ့ခဲ့သည်။ "လှတစ်မျက်နှာ" တွင် မျက်နှာလှဖို့၊ ပေါ်ကြော့နေဖို့သာ အားထုတ်နေသော မယား၏ အညံ့အဖျင်းကိုလည်းကောင်း၊ ကိုယ်ကျိုးရှာ လင်၏ အညံ့အဖျင်းကို လည်းကောင်း သရော်ခဲ့သည်။ "သံသရာဘေး"တွင် ဒုလ္လဘ ရဟန်းဘဝမှ ဘယာကြောင့် မထွက်ချင်ဖြစ်နေရာမှ မယားနှစ်ယောက်နေခဲ့သော ပစ္စည်းလေးပါးဒါယကာကြောင့် ရဟန်းဘဝ၌ပင် မြဲအောင်အားထုတ်သော ရုံးစာရေး၏ အဖြစ်ကို ပြောပြခဲ့သည်။ "ခေမာရီ"တွင် ဘဝလှိုင်းလုံး၏ အပုတ်ကို မခံလိုသဖြင့် လွတ်ရာကျွတ်ရာ၌ နေချင်ပါသော်လည်း ဘဝလှိုင်းလုံးဒဏ်ကို ရှောင်၍ မရခဲ့သော သီလရှင်၏ ဒုက္ခကို ဖွဲ့ခဲ့သည်။ "တွေးတစိမ့်စိမ့်"တွင် အငယ်အနှောင်းယူသော လင်ကြောင့်လည်းကောင်း၊ အငယ်အနှောင်းယူသော သမက်ကြောင့် လည်းကောင်း သမီးဒုက္ခ၊ မြေးဒုက္ခတို့ကို ကုန်း၍ ခံနေသော အမျိုးသမီးကြီး၏ အဖြစ်ကို ဖွဲ့ခဲ့





သည်။ "အဝယ်နှင့် အလျော်"တွင် အဂတိ လိုက်စားကြသော ပြည်သူ့ဝန်ထမ်းအချို့၏ အမှုအရာတို့ကို တင်ပြခဲ့သည်။ "သည်အပူ"တွင် အိမ်စေမကို မယားလုပ်သော မုဆိုးဖို ဖခင်ကြောင့် သောက ဒေါမနဿဖြစ်ရသော သမီးအပျိုကြီး၏ ဒုက္ခကို ဖွဲ့ခဲ့သည်။ "အားမကျပေါင်ရှင်"တွင် မိန်းမပျင်း၊ မိန်းမဖျင်း၏ အမှုအရာတို့ကို တင်ပြခဲ့သည်။ "ကာဖီ"တွင် ကြိတ်၍ ခံလိုက်ရသော သူဆင်းရဲမ အဘွားအို၏ အဖြစ်ကို ဖွဲ့ခဲ့သည်။ ဝတ္ထုတိုများတွင် ဒုက္ခသည် ဇာတ်လိုက်တို့ကို အဖွဲ့ကောင်းသလောက်၊ ကုန်းရုပ်ဇာတ်လိုက်တို့ကိုလည်း အဖွဲ့ကောင်းပေသည်။ ဝတ္ထုတိုဆရာ၌ ကြားတတ် မြင်တတ်သော နား မျက်စိရှိသောကြောင့် သာမက သနားတတ်သော ကရုဏာ စေတနာကြောင့် လည်းကောင်း ဖြစ်သည်ဟု ယူပါသည်။

ဂျာနယ်ကျော်မမလေးသည် မြန်မာအမျိုးသမီးလောက ခံစားနေရသော လူမှုဝေဒနာတို့၏ သဘောကို တင်ပြခဲ့ပြီ။ ထိုဝေဒနာတို့နှင့် သင့်သော ဆေးသည် အဘယ်မှာနည်း။ မည်သူတို့သည် ကုစားနိုင်ကြမည်နည်း။ တစ်မိနစ်လောက်မျှ ကိုယ်ရှိန်သတ်၍ ဆင်ခြင်ကြည့်နိုင်ကြလျှင် အဖြေတွေ့မည်လားမသိ။ ဆင်ခြင်ကြည့်ကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ရှုမငြီး

"သူလိုလူ"ဝတ္ထုကြီးဖြင့် ထင်ရှားသော ဂျာနယ်ကျော်မမလေးသည် သူမ၏ ဝတ္ထုတိုများကို စုပေါင်း၍ "ရှုမငြီး"ဟု ထုတ်ဝေလိုက်ပေပြီ။

နိုင်ငံခြားများ၌ကား ဝတ္ထုတိုကလေး စုပေါင်း၍ ထုတ်ဝေခြင်းမှာ အဆန်း မဟုတ်တော့ပြီ။ မြန်မာပြည်၌ကား ဤကဲ့သို့ ဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ခဲလှ ပေသည်။

အပြင်းပြေသက်သက်ဖတ်သော လူများစု စာဖတ်သူတို့သည် ဝတ္ထုတို များကို နှစ်သက်လှ မရှိကြ။ ပုံနှိပ်ပြီးသားဆိုလျှင်လည်း 'အဟောင်းကြီးပါ' ဟု ဆိုကာ အသစ်လောက် ဝယ်လေ့ မရှိကြသည့် ခေတ်ဝယ် ဤ 'ရှုမငြီး' ကို ထုတ်ဝေလိုက်ခြင်းသည် ရဲရင့်လှ၍ ချီးကျူးဖွယ်ပင်။

စာတိုသဖြင့် အပျင်းပြေချင်မှ ပြေပေမည်။ ဖတ်ပြီးသား အဟောင်းဟု တွက်ကာ အသစ်စက်စက်ကိုမှလည်း မက်ချင် မက်ပေမည်။ သို့သော် ဝတ္ထုတို ၏အရသာ စာအုပ်ဟောင်းသော်လည်း ဘယ်တော့မှ မဟောင်းမရိုးဘဲ သစ်ဆန်း တည်နေသော စာပေ၏ ဂုဏ်သတ္တိတို့မှာကား သီးခြားရှိပေသည်။

---

• တာရာမဂ္ဂဇင်း၊ အတွဲ(၂)၊ အမှတ်(၄)၊ ၁၉၄၈ မှ ပြန်လည် ဖော်ပြခြင်း ဖြစ်သည်။





ဝတ္ထုတိုဆိုသည်မှာ စာမျက်နှာ၏ တိုခြင်းသက်သက်ကိုသာ ခေါ်သည် မဟုတ်ဘဲ အဖြစ်အပျက်တစ်ခု၊ အတွေးအခေါ်တစ်ရပ်ကို သေသေသပ်သပ် လှလှပပနှင့် စေ့စေ့ဖော်ပြခြင်း ဖြစ်ပေသည်။

ဂျာနယ်ကျော်မမလေး၏ ဝတ္ထုများသည် အားလုံးလိုလိုပင် ဝတ္ထုတို အတတ်ပညာနှင့် ပြည့်ဝလှပေသည်။ "အေးအေး"မှာ စာရေးသူ၏ ပြုပြင်ရေး ဝါဒကို ပြောပြထားသည်။ "ဗာဟီရ"မှာ အိမ်ထောင်၏ ပိုက်ဆံအိတ်သဘော ကို ဖွင့်ပြထားသည်။ "သည်ဆောင်း"နှင့် "သည်မိုး"မှာ ပစ္စည်းမဲ့ ဆင်းရဲသား တောသားဘဝ၏ ပန်းချီကားချပ် ဖြစ်လေသည်။ သရုပ်သဏ္ဌာန်လည်း ပေါ် လှပေ၏။ လွမ်းစရာလည်း ကောင်းလှ၏။

"တရားပုလိပ်စောင့်"မှာ ပုလိပ်အဖွဲ့သားတိုင်း ဖတ်ထိုက်သော ပြုပြင် ရေးဆန်ဆန် ဝတ္ထုတိုဖြစ်၏။ "မိန်းမပီပီ" ကား မင်းပိုင်းစိုးပိုင်း ကတော်များ ၏ နေမှုထိုင်မှုမှ အိမ်ထောင်သိမ်းဆည်းရေး အအက်အနှာများကို ကြည့်ရှု တွေ့မြင်ချက် ဖြစ်ပေ၏။

ဂျာနယ်ကျော်မမလေးကား ဝတ္ထုရေးဆရာတို့၏ အရည်တစ်ရပ်ဖြစ် သော စေ့ငုသေချာစွာ သိမြင် ကြည့်ရှုတတ်ခြင်းဖြင့် ပြည့်ဝလှသည်။ သူမ၏ ဝတ္ထုတိုများတွင် အသေးစိတ် မှုန်မှုန်သေးသေးများပင် ပါ၍ အားကောင်းသော မှန်ဘီလူးနှင့် ကြည့်သကဲ့သို့ ပီသခြင်း အသေးစိတ်များပါ အကုန် လာ၍ ထင် ပေသည်။

ငင်းအပြင် မမလေး၏အတွေးအခေါ်များမှာ မိန်းမ ပီသပြီးလျှင် ဖတ် ချင့်စဖွယ်ကောင်းလှသည်။ စာပေမွေ့သူတို့သည် စေ့စပ်၍ သေသပ်လှပသော "ရှုမငြီး"ကို ဖတ်၍ ဝတ္ထုတို၏ အရသာကို ခံစားနိုင်လိမ့်မည်ဟု မျှော်လင့် ခဲ့ပေသည်။

ဒဂုန်တာရာ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်တွင် ကျွန်မရေးသားခဲ့သော ဝတ္ထုတိုများကို ရွေးချယ်စုပေါင်းလျက် **ရွှေမငြိုး** အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ **ရွှေမငြိုး** တွင် ပါဝင်သော ဝတ္ထုများမှာ **အေးအေး၊ မိချွေး၊ တပင်ရှ၊ အခု အမျိုးသားနေ့၊ တရား ပုလိပ်စောင့်၊ မိန်းမပီပီ၊ သည်ဆောင်း၊ မာမရှိန်း၊ သည်မိုးတို့** ဖြစ်ကြသည်။

ယခု **တွေးတစိမ့်စိမ့်** ဝတ္ထုတိုပေါင်းချုပ်တွင် **ရွှေမငြိုး** ထုတ်ပြီးနောက်ပိုင်း၌ ရေးသားခဲ့သော ဝတ္ထုတိုများကို ရွေးချယ်စိစစ်၍ ဒုတိယအကြိမ်မြောက် စုပေါင်းထုတ်ဝေခြင်း ဖြစ်ပေသည်။ ကျန် ဝတ္ထုတိုများကိုလည်း တတိယအကြိမ်မြောက် စုပေါင်းထုတ်ဝေရန် အစီအစဉ်ရှိသည်။**

**တွေးတစိမ့်စိမ့်**တွင် ပါဝင်သော*** **မြက်ကလေးတစ်ပင်၊ လှတစ်မျက်နှာ၊ သံသရာဘေး၊ ခေမာရီ၊ တွေးတစိမ့်စိမ့်၊ အဝယ်နှင့် အလျော်၊ သည်အပူ၊ အားမကျပေါင်ရှင်၊ ကာဖီ** ဝတ္ထုတိုများသည် များသောအားဖြင့် အာရုံတစ်ခုခုကို မြင်ရ ကြားရ သိရသည့်အခါတွင် ခံစားမှုတစ်ခုခု ဖြစ်ပေါ်တတ်သည့်အတိုင်း စိတ်လှုပ်ရှားမှု၊ စိတ်၏ ခံစားမှု ဖြစ်ပေါ်လာသည့်အခါမျိုး၌ စိတ်ချမ်းသာသော ခံစားမှုကြောင့် ဖြစ်စေ၊ စိတ်ဆင်းရဲသော ခံစားမှုကြောင့် ဖြစ်စေ၊ ဝမ်းမြောက်ခြင်းကြောင့်၊ ဝမ်းနည်းခြင်းကြောင့်၊ နှစ်သက်ခြင်းကြောင့်၊ မနှစ်သက်ခြင်းကြောင့်၊ ကရုဏာဖြစ်ခြင်းကြောင့်၊ စက်ဆုပ်ခြင်းကြောင့် စသည့် ခံစားမှုတစ်ခုခု လှုပ်ရှားသွားသည်နှင့် တစ်ပြိုင်နက် အာရုံကျက်စားမှုဖြင့် ဘဝအသိအမြင် တစ်ခုခုကို ရသွားသလို ဖြစ်ရာမှ ပေါ်ပေါက်လာသော ဝတ္ထုတိုများ ဖြစ်ကြသည်။

ဤဝတ္ထုတိုများကို ရေးခဲ့စဉ်အခါက ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန်ဖြစ်လာအောင် ကျွန်မ အတော် အားထုတ် ရေးသားခဲ့ရသည်။ ဘဝအသိအမြင်၊ လူ့သဘာဝနှင့် ဘဝစိတ်ကို ပုံဖော်ရေးသားသည့် နေရာ၌ သတိတရား ရှေ့ဆောင်လျက် အထိန်းအချုပ်နှင့် ရှေးရှုပြီး ရေးခဲ့လေသည်။

သူတစ်ပါး၏ အကျိုးအကြောင်း၊ သူတစ်ပါး၏ အဖြစ်အပျက်၊ သူတစ်ပါး၏ ကိစ္စအဝဝကို သတိထားတတ်လာလျှင် ထိုသို့ သတိထားလာတတ်သည့်အခါကျမှ မိမိ အကျိုးအကြောင်း၊ မိမိအဖြစ်အပျက်၊ မိမိကိစ္စအဝဝကို သတိထားတတ်မှု ရှိစေနိုင်သည့်အတွက် စာဖတ်သူများသည် ဤဝတ္ထုတိုများကို ဖတ်ရှုပြီး လူ့သဘာဝ၊ လောကကြီး၏ သဘာဝကို ပင်ကိုဉာဏ်ဖြင့် ထိုးထွင်း၍ ဆင်ခြင်သုံးသပ် သတိထားမိပါစေရန် စေတနာလှူ့ဆော်ရာမှ မေတ္တာအခြေခံနှင့် ရေးခဲ့ခြင်း ဖြစ်ပါသည်။

ဂျာနယ်ကျော် မမလေး

၂၇-၉-၆၃

---

* "တွေးတစိမ့်စိမ့်"။ ပထမအကြိမ်၊ အောက်တိုဘာ၊ ၁၉၆၃ မှ ပြန်လည် ဖော်ပြခြင်း ဖြစ်သည်။

** ရွှေမငြိုး ထုတ်ပြီး နောက်ပိုင်း၌ ရေးသားခဲ့သော ဝတ္ထုတိုများကို ရွေးချယ်စိစစ်၍ တွေးတစိမ့်စိမ့် အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် တွေးတစိမ့်စိမ့်အမည်မှ လှတစ်မျက်နှာအမည်ဖြင့် ပြန်၍ ထုတ်ဝေသည်။ ["လှတစ်မျက်နှာ"။ ဒုတိယအကြိမ်၊ မေ၊ ၁၉၆၉ တွင် ဤသို့ မှတ်ချက် ရေးထားသည်။

*** "လှတစ်မျက်နှာ"။ ဒုတိယအကြိမ်၊ မေ၊ ၁၉၆၉ တွင် ဤစကားရပ်များ မပါရှိပါ။





www.burmeseclassic.com

www.burmeseclassic.com

## မသိရလေခြင်း

နေဝင်ပြီ ဖြစ်သောကြောင့် အလင်းရောင်မှိန်တော့မယောင် ကွယ်စပြုနေရာတွင် လယ်ပြင်ကြီး တစ်ကွင်းလုံးမှာ ကြည့်နေရင်းကပင် အနက်မှောင် ဖုံးလွှမ်းလာကာ နက်မှောင်သည်ထက် နက်မှောင်လာပြီးနောက် ဝင်းထိန်သော လျှပ်ရောင်ကြီးကို မြင်လိုက်ရပြီး၊ တဂျိုးဂျိုး တဂျိမ့်ဂျိမ့်နှင့် မိုးခြိမ်းသံကြီးပါ ပေါက်လာရုံမျှမက ရုတ်တရက် မိုးသီးမိုးပေါက်ကြီးပါ ကျလာလေရာ မျက်နှာဆီသို့ မိုးစက်မိုးရေများ သွက်သွက်ကြီး ပက်လာတော့သဖြင့် ဝါးထရံကဲလား တံခါးပေါင်ပေါ်သို့ တင်ထားသော မျက်နှာကို လေးလေးဖင့်ဖင့်ခွာလိုက်ကာ မျက်ရည်နှင့် မိုးရေ ဆေါင်းစပ် စိုရွှဲနေသောမျက်နှာကို အင်္ကျီတထောင်ဆစ်နှင့် သုတ်လိုက်ပြီးနောက် အိပ်ရာပေါ်သို့ ခွေခွေကလေး လှဲချလိုက်လေ၏။

'အလို ဘယ်များ ထွက်သွားပါလိမ့်။ တံခါးလည်း မပိတ်။ ရွှဲရွှဲစိုလို့ တော်၊ ဖြစ်ရလေလေ့'ဟု အိမ်ရှေ့မှ ဒေါ်ထွေးလှ အော်၍ ဝင်လာပြီး ရွှက်လာသော ဗျပ်ကို ချကာ မိုးသက်လေဒဏ် မခံနိုင်၍ တရှုတ်တိုက် ဆွဲရွှေ့ခြင်း ခံရသဖြင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့စံမြန်းနေသော ဖျာစုတ်၊ ဆောင်းစုတ်၊ ပလုံးစုတ်များကို နေသားတကျထားပြီး မီးထွန်းရန် ပြင်ဆင်နေသံ တို့ကို ကြားနေရသော်လည်း ထူးချင်စိတ်၊ ထချင်စိတ် လုံးဝ မရှိ၍ မျက်စိ နှစ်လုံး စုံပိတ်၍သာ နေလေ၏။

"ဝင်းမေ၊ ညည်းက ဒီ အိပ်နေတာကိုး။ ငါ့တံခါးကြီးလည်းဖွင့်၊ အိမ် ထဲလည်း ရွှဲရွှဲစိုနေလို့ ဘယ်များ ထွက်သွားလဲလို့၊ စောင်မခြုံ ဘာမခြုံနဲ့ ဘယ့်

www.burmeseclassic.com



နယ်နေသေးသလဲ ဟင်။ မိုးတွေ ရွာလာတာနဲ့ ညည်းများ မီးယပ်ချမ်းတက်နေပလား လို့၊ အပြန်ဈေးတောင် ဖြောင့်အောင် မဝယ်နိုင်ဘူး။ သုတ်ချေတင်ခဲ့ရတယ်။ မကြီး ဘီစကွတ်မုန့်လည်း ကာကာဆိုင်က ကျုပ်ဝယ်လာတယ်။ ကဲ...ထ...ထ"

"ဝင်းမေ၊ ထလေ ဘာဖြစ်လို့တုန်း။ အဖျားတက်ပြန်ပလား။ မုန့်... ငါ့လည်းပင်းကို ဖက် ထုလေ။ ဟင်... ငိုနေသလား။ ခေါင်းကိုက်ရော့မယ်"

'နေပါစေ အရီးရယ်၊ ဝင်းမေ ထနိုင်ပါတယ်။ မုန့်ဝယ်စားသေးသလား၊ စကားပြောခဲ့ရသေးသလား'ဟု မချိတရိမေးရင်း မထချင် ထချင် ထ၍ ထိုင်လေ၏။

"ပြောခဲ့ရတယ်၊ ဝန်မင်းလာရင် ပန်းတောင် ဆက်ရမတဲ့။ စက်မှာတောင် ထိုင်မသိမ်းချုပ်ဖို့၊ အတိုင်းပေးဖို့ သူ့အမေ ကားကြီးနဲ့ လာခေါ်လို့ ကျောင်းတောင် နေ့ဝက် ခွင့်ယူသွားတယ်"

"ဩော်... ဝန်ကြီးမင်း ကြိုရမတဲ့လား။ သူက ပြောတာလား"

"အေး... မုန့်လက်ဆောင်း လာသောက်ရင်းပေါ့။ အမာလေးတို့ ကျောင်းက အမာလေးရယ်၊ စိန်စိန်ရယ်၊ နက်ဖြန် နေ့လယ်ရထားမှာ ဝန်ကြီးချုပ် ပါလာမတဲ့။ အမာလေးတို့ စီးပုံဆောင်းပြီး ပန်းဆက်ရမယ်။ ပြီးတော့လည်း မင်းသမီးလို ကတောင် ဝတ်ရမယ်။ မေမေတောင် ကတောင် ချုပ်ဖို့ လာခေါ်မတဲ့။ စားရင်း သောက်ရင်း ပြောလိုက်တာ။ သွက်သွက်လက်လက်တော့ သွက်သွက်လက်လက်"

"မမာတာ တစ်လတောင် ရှိပြီ၊ မမြင်ရတာကြာလို့ ကြည့်ချင်လိုက်ပါဘိ"

"လုပ်ပြန်ပြီ ဝင်းမေရယ်၊ ငါ့စကားများလည်း နားထောင်စမ်းပါဦးဟဲ့၊ လိုက်ကြည့် ကြည့်ပြီး ဒီစိတ်နဲ့ လူမမာကြီးဖြစ်ပြန်။ သူလည်း ကောင်းကောင်းမွန်မွန် နေ နေရတာ။ ပြီး...သမီးရယ် မအေရယ်လို့ အသိပေးနိုင်ကြတော့တဲ့ ဘဝလည်း မဟုတ်"

တရှုပ်ရှုပ်ငိုနေသော ဝင်းမေကို သနားကရုဏာသက်ရင်း

"မေ့လိုက်ပါ ဝင်းမေရယ်... မေ့လိုက်ပါ"

"ကိုယ့်သမီးလေးတစ်ယောက် မေ့ပစ်ဖို့ သတ္တိကို ထားကြည့်လို့မှ မရနိုင်ဘဲ အရီးရယ်"

"နို့ ပေးလိုက်တုန်းက ဒီလိုဖြစ်မယ်လို့ မစဉ်းစားဘူးလား... ဝင်းမေ"

"မေးပြန်ပြီ အရီးက၊ ဒါကို မမေးပါနဲ့လို့ တောင်းပန်ထားတာ၊ ပြော





ရရင် ကျွန်မ ရူးရလိမ့်မယ်။ ဖအေ ဘယ်သူမှန်း၊ မအေ ဘယ်သူမှန်း ကျွန်မ မပြောရင် ဒီတစ်သက်မှာ သိတော့မယ် မဟုတ်လို့ တစ်ခါတလေများ ပြောချင်ပါဘိ။ မဖြစ်နိုင်တော့တဲ့ ဘဝမျိုးမို့"

"နို့ သူ့အဖေကော ရှိသေးသလား။ ညည်း သူ့ကို ပေးလိုက်တာ သူ့အဖေ သိသလား"

မိုး အတန်ငယ် စဲပြီဖြစ်၍ ဝင်းမေသည် ချထားသည့် ကဲလားကို ပြန်ဖွင့်လိုက်ရာ စိမ်းလန်းသော စပါးပင်ပျိုပေါ်သို့ ကျထိုးနေသော လရောင်ကို မြင်ရသဖြင့် ရင်မအေးနိုင်ဘဲ ဘဝင်ဆွေး၍ သွားလေ၏။

'အရီးကလည်း ကျွန်မက ပေးပစ်တာ မဟုတ်ပါဘူး'ဟု စိတ်တို ဝမ်းနည်းသလို ပြော၍ အရီးလှကို မကြည့်ဘဲ လယ်ကွင်းဘက်ကိုသာ မျက်နှာပေး၍ ငေးမောကြည့်နေလေ၏။

'ကျွန်မ ရင်သွေး ကျောင်းမှာရှိတယ်။ ရှာပေးပါ၊ စုံစမ်းပေးပါ ဟုပြောလို့ တွေ့ကြ သိကြရတာပဲ ငါသိတယ်။ ဒီပြင် ငါ ဘာမှလည်း မသိရ၊ မေးလည်း ငိုလွန်းလို့ ငါလည်း မမေးပါဘူး။ အေးပါအေ မပြောလည်း နေတာပေါ့။ ငါကတော့ မအေလို နေလို့ မေးတာပါ' ဟု အရီးလှက ဝမ်းနည်းသလို တုန်တုန်ယင်ယင်နှင့် ပြောရှာလေ၏။

အမှန်ကား အရီးလှမှာ တစ်ကိုယ်တည်း အပျိုကြီးဖြစ်၍ လွန်စွာစိတ်သဘောကောင်းရကား သားထောက် သမီးခံလည်း မရှိ။ မိမိ ဤမြို့သို့ လာရာ အသိမရှိ တဝဲလည်လည်ဖြစ်နေစဉ် အရီးလှနှင့် တွေ့၍သာ ခိုကိုးရာရနေတော့သည်။ မိမိ မမာသည်ကိုပင် သားသမီးကဲ့သို့ မညည်းမညူ ရှာဖွေကျွေးမွေးရှာခဲ့၏။ မိမိမှာ ဖခင်နှင့် လက်ပံတန်းမြို့တွင် နေစဉ် မိမိတို့အိမ်အနီးတွင် [illegible]၏ တူမများနှင့် လုပ်လုပ်စားစားနေစဉ်က ဖခင်မှာ အစိုးရ လခစားဖြစ်၍ နေ့တွက်ရတိုင်း မိမိတို့အိမ်၌ အဖော်သဟဲ ညအိပ် ညနေ အစောင့်အရှောက် [illegible] မိမိမှာလည်း မအေ မရှိသဖြင့် မအေကဲ့သို့ အထူးချစ်ခင်နေရာ မကြာမီ အရီးလှမှာ တူမများနှင့် မတည့်၍ ဤမြို့သို့ ပြောင်းရွှေ့နေထိုင်ကာ အသက်မွေးနေသဖြင့် ကွဲကွာသွားရာမှ ယခု ဤမြို့တွင် မိမိသမီးကလေး ရှိသည်ဟု [illegible]၍ လိုက်လာရာမှ တွေ့ကြပြီး မမာနေစဉ် အရီးလှ ရှာဖွေကျွေးသမျှနှင့် နေထိုင်ရသော ဘဝမျိုး ဖြစ်နေလေ၏။

ဝင်းမေလည်း သက်မကို ပွင့်ပွင့်ကြီး ချလိုက်ပြီး အရီးလှဘက်သို့ မျက်နှာကို ဖြည်းလေးစွာ လှည့်လိုက်ရာ မျက်ရည်ရစ်ဝဲ ဝမ်းပန်းတသည်း မိမိ [illegible] ခုစိုက်ကြည့်နေသည်ကို တွေ့ရ၍ ဤမြေမဆည်နိုင်တော့ဘဲ ဆက်၍သာ



www.burmeseclassic.com

www.burmeseclassic.com



ငိုတော့၏။

'အရီးရယ်... ကျွန်မအကြောင်းက နည်းနည်းလေးမှ မကောင်းလွန်းလို့ပါ။ ဖုံးနေတာ မဟုတ်ပါဘူး။ စိတ်မချမ်းသာစရာကြီးမို့ ပြောလို့မထွက်နိုင်လို့ မပြောခဲ့တာပါ။ အရီးလည်း အသိ၊ မအေကလည်း မရှိ၊ ဖအေတစ်ခု သမီးတစ်ခု။ သိပ်သိပ်သည်းသည်း ပိပိရိရိ နေလာပြီး အရီး လက်ပံတန်းက ထွက်သွားပြီး ကျွန်မတို့ အိမ်ကို ဖေဖေ့မိတ်ဆွေတစ်ယောက် ရောက်လာပြီး သူ့သားကို ဒီမြို့က ကျောင်းမှာ ဘော်ဒါထားဖို့ စုံစမ်းဖို့တဲ့ ရောက်လာတယ်။ စုံစမ်းပြီးလို့ ပြန်သွားပြီး မကြာပါဘူး၊ သူ့သားကို ခေါ်လာပြီး ကျောင်းအပ်တယ်။ ဖေဖေကလည်း မင်း ကျောင်းမှာ ဘော်ဒါနေပေမယ့် ကိုယ့်မိဘအိမ်လိုပဲ အောက်မေ့၊ ကိစ္စရှိရင် ဝင်ထွက်၊ အားမနာနဲ့လို့ ပြောတယ်။ တနင်္ဂနွေနေ့တိုင်း အိမ်ကို တအောင့် တအောင့် လာတယ်။ ဒီလိုနဲ့ သင်္ကြန်ရာက တနင်္ဂနွေနေ့မှာ သူလာတော့ ဖေဖေက ခရီးထွက်နေတယ်။ ကျွန်မလည်း စကားပြောမယ့်လူ မရှိလို့ ခဏ စကားထိုင်ပြောပြီး ပြန်ပုံမပေါ်တာနဲ့ ကော်ဖီဖျော်ခိုင်းမလို့ အိမ်ထဲ ဝင်အလာမှာ သူက လိုက်လာပြီး အတင်း ချစ်စကား၊ ကြိုက်စကား ပြောတာပဲ။ ပြောရုံတွင် မကဘူး၊ အတင်းရော အားမမှုရော ဖြစ်လာပြီး အချစ်ခံပြတိုက်ယူတာပဲ။ ဒီတုန်းက ကျွန်မလည်းလေ ဒေါသလည်းထွက်၊ အရှက်လည်း ငဲ့ပြီး၊ မအော်ရဲ၊ မဟစ်ရဲ ခံပြင်းလွန်းလို့ အတင်းနှင်ချလိုက်တာပဲ။ ဖေဖေ ပြန်လာတော့ အသာ ဣန္ဒြေမပျက် နေလိုက်ရတယ်။ သူလည်း သုံးပတ်လောက် မလာပါဘူး။ ဖေဖေက ကိစ္စတစ်ခုရှိလို့ သူ့ကို ခေါ်ခိုင်းပြန်တော့ ဒီကတည်းက ဝင်ပြန် ထွက်ပြန်တယ်။ ဖေဖေ့အလစ်လည်း အတင်းတောင်းပန်တာနဲ့၊ ကြာတော့ ကျွန်မလည်း မထူးဘူးဆိုပြီး မေတ္တာ လက်ခံရတော့တာပဲ။ တိတ်တိတ်ပုန်း ဖေဖေ မသိအောင် နေရာက ဖေဖေက တစ်မြို့ကို ပြောင်းရပါရော။ ဒီအချိန်မှာ သူလည်း စာမေးပွဲဖြေပြီးလို့ ပြန်တော့မလို့။ တစ်ညတော့ ချိန်းတွေ့ကြပြီး သူက အင်မတန် ချစ်မြတ်နိုးလို့ မခွဲနိုင်တဲ့အကြောင်း၊ မပူဖို့အကြောင်း။ ကောလိပ်ဆက်နေရရင်လည်း မကြာမကြာ စာပေးမယ် လာမယ်နဲ့ ပြောတာပေါ့လေ။ လူချင်းလည်း ဒီကတည်းက ခွဲကြတယ် ဆိုပါတော့။

"ကျွန်မတို့ ပြောင်းသွားပြီး မကြာခင်ပဲ အဲဒီမြို့မှာ ကျွန်မ ကိုယ်လက်မအီမသာ ဖြစ်လာတော့ စိတ်ပူပြီး သူ့ဆီ စာရေး၊ သူကလည်း ကောလိပ်မှာ လာခေါ်ပါဆိုလည်း ရက်ချိန်းသာပေးပြီး မလာဘူး။ ကျွန်မလည်း ကိစ္စများပြီဆိုပြီး ကြိတ်လို့သာ ငိုမိတာပဲ။ ဖေဖေ့လည်း မပြောဝံ့ဘူး။ ဖေဖေကလည်း





အဲဒီမြို့ရောက်တော့ အပေါင်းအသင်းတွေနဲ့ ပျက်စီးပြီး သောက်လိုက်တာ လွန်ရော။ နဂိုက ဒေါသကြီးကြီး၊ သောက်တော့ ပြောစရာမရှိဘူး။ ဒါနဲ့ အရီးရယ် တိုတိုပဲ ပြောကြပါစို့။ နှစ်လလောက်ကြာတော့ အိမ်က ထွက်ပြေးပြီး ဝစ်ကိုင်းက ဖွားသီလဆရာကြီးဆီမှာ ပုန်းနေရတယ်။ ဖေဖေ့ကိုလည်း စစ်ကိုင်းမှာလို့ အကြောင်းမကြားဝံ့ဘူး။ ဒေါသဖြစ်ပြီး လိုက်မရှာအောင် ယောကျ်ားနောက် လိုက်သွားသလို ရေးခဲ့ရတယ်။ စစ်ကိုင်းကနေပြီး ကျောင်းကို စာထည့်လည်း စာမေးပွဲပြီးလို့ ဘယ်လမ်း၊ ဘယ်ရက်မှ လာမယ်နဲ့ ရေးပြီး နောက်တော့ စာကို အရှင်းမပြန်ပါဘူး။ လိုက်ဖို့ရာကလည်း အခက်နဲ့၊ ဒုက္ခရောက်လိုက်တာ အရီးရယ်။ ဒါနဲ့ပဲ သမီးလေးကို မျက်နှာမြင်ခါနီးကျတော့ ဆရာကြီးက ငါလည်း နားမလည်ဘူး၊ ငါ့ညီမ အိမ်မှာ သွားမြင်ပါ ပြောတာနဲ့ သူ့ညီမအိမ် သွားရတယ်။ ဟိုကလည်း မုဆိုးမ၊ အနှိပ်သည်၊ ဆင်းရဲလိုက်တာ ချာလို့။ ကျွန်မပါလာတဲ့ ဟာလေးတွေ ထုခွဲပြီး စောင့်ရှောက်ခိုင်းရတယ်။ တစ်ခါတလေလည်း ဒီကလေးများ အဖတ်မတင်ရင် ကောင်းမှာပဲလို့ သူ့ကို ပြောမိတယ်။ သူကလည်း စောစောကသာ သူသိရင် ဖျက်ပေးပါရဲ့လို့ ပြောသပေါ့လေ။ ဘစ်နေ့တော့ ညနေမှောင်ခါနီးမှာ ကလေးကို မျက်နှာမြင်တာပါပဲ။ မိုးတွေကလည်း ရွာလိုက်တာ မပြောနဲ့တော့။ ဖွားတော့ကာ ကလေးက မလှုပ်ဘူး။ အသေလေးတဲ့။ အသေလေးပြောလို့ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်း၊ ကျွန်မဖြစ်နေလိုက်တာ။ နေ့ကူးအောင် မထားကောင်းဘူး ဆိုပြီး နေဝင်ရီတရောမှ ဒီအဘွားကြီးပဲ သွားမြှုပ်တယ်။ ကျွန်မလည်း ကျန်းမာအောင် မနည်း ကြိုးစားပြီး ဖေဖေ့ဆီ လက်ခံဖို့ လင်မရှိတော့လို့လို စာရေးတယ်။ တော်တော်နဲ့ စာမပြန်ဘူး။ နောက်မှ လာခဲ့ဆိုလို့ ငွေပို့လိုက်လို့ ပြန်ရတယ်။ အိမ်ကိုပြန်ရောက်တဲ့နေ့က ဖေဖေ မရှိဘူး။ ကိုမြတ်ထွန်း မင်္ဂလာဆောင် သုံးဆယ်ကို သွားနေတယ်လို့ ခိုင်းတဲ့လူတွေက ဆီးပြောတော့ ကျွန်မဆိုတာ ကြက်သေကြီး သေသွားတာပါပဲ။ ဩော်...ဖေဖေ၊ သမက် မင်္ဂလာဆောင်သွားတယ်။ ဘာမှမသိဘူးလို့ အောက်မေ့ပြီး ဒင်း...ဒါကြောင့် ငါ့ဆီ မလာတာ။ အင်မတန် ရက်စက်တဲ့ ယောကျ်ား၊ ယုတ်မာတဲ့ ယောကျ်ားနဲ့ စိတ်ဆိုးလိုက်၊ ဝမ်းနည်းလိုက်ပေါ့။ ဖေဖေ ပြန်လာတော့ တော်တော်နဲ့ စကားမပြောဘူး အရီးရဲ့။ စိတ်ကလည်း ဆေ တစ်နေ့မှ မကောင်းပါဘူး။ နှစ်တွေသာ ကုန်ရော၊ အဖြစ်ကြီးက အစွန်းဆင်ပြီးသား၊ မေ့လို့လည်း မရနိုင်ဘူး။ ဒီနောက် ဖေဖေက ဖြုန်းခနဲ ဆုံးပြန်ပါရော။ ရှိတာလေး ထုခွဲပြီး အသိတစ်ယောက်နဲ့ ဈေးထွက်။ နောက် ဆိုင်ပြုတ်၊ ဘာမှလဲ မလုပ်တတ်၊ စိတ်လေလေရှိတာနဲ့ စစ်ကိုင်းကို သွားတာ အရီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



'နို့ ဒီအမာလေးက နောက်တစ်ယောက်နဲ့ ရပြန်တာလား'ဟု အရီးလှက သိချင်ဇောနှင့် ကသောကမျော မေးလေ၏။

"မဟုတ်ဘူး အရီးလှရဲ့ မဟုတ်ဘူး။ စစ်ကိုင်းရောက်တော့ ဆရာကြီး ဆီမှာ ခဏနေတုန်း သူ့ညီမ ဟိုအဘွားကြီး တစ်နေ့ လာရော။ ကျွန်မ မြင် တယ်ဆိုရင်ပဲ ပြုံးတုံးပြုံးတဲ့နဲ့၊ ညည်း ငါ့ဆီ လိုက်လာသလား။ ဘယ်သူပြော သလဲ၊ ဘယ်က ကြားသလဲနဲ့ လုပ်ရော။ ဟင့်အင်း၊ ဘယ့်နှာပါလိမ့် ထူးဆန်း ပါတယ်လို့ အောက်မေ့ပြီး သူ့စကား သိချင်တာနဲ့။ ပြောပါ ကြီးတော် ကျွန်မ ကို မထိမ်ချန်ပါနဲ့ ပြောပါလို့ အောက်လိုက်တော့ အရီးလှရယ်၊ လား...လား... ကလေးက မသေဘူး၊ သူသေသွားမှာ မြုပ်မလို့ လုပ်တုန်း၊ အသက်ရှင်လာတော့ သူလည်း ကြံရာမရ ဖြစ်နေတုန်း မသာတစ်ခုကို လိုက်ပို့တဲ့ လူတွေထဲက အခု ကလေးမွေးတဲ့လူက ကလေးငိုသံကြားတယ်လို့ ကြည့်တော့ သူ့ကို တွေ့လို့ အကျိုးအကြောင်း မေးသတဲ့။ သူကလည်း ကျွန်မလည်း ဒီကလေးအဖေ မဖော်နိုင်တဲ့အတူ သူလည်း ငွေလေး ဘာလေး သုံးချင်တာနဲ့...တဲ့။ ဒီကလေး သေတယ်မှတ်လို့ ယူလာတာ မသေဘူး။ မအေလည်း ဆုံးပြီ၊ ဆွေမျိုးလည်း မရှိဘူး။ ကျုပ်ကို အသေရယ်လို့ မြုပ်ခိုင်းတာ။ ရှင်လည်း ကလေးရှူနေတာ ရှင့်ကပဲ။ ရှင်မွေးချင်ရင် ယူလို့ ပြောတော့ လူကြီးက ဝမ်းသာအားရ ပိုက်ဆံ လေး အနည်းအကျဉ်းပေးပြီး ယူသွားသတဲ့။ ကျွန်မလည်း ဖြစ်ရလေခြင်းလို့ နှမြောဝမ်းနည်းလိုက်တာ မပြောနဲ့တော့။ အမည် နေရပ် စုံစမ်းတော့ကာ အခု ဒီမြို့ကို ပြောင်းနေကြတဲ့အကြောင်း၊ သူ့ တစ်ခါသွားလို့ ငွေ ၂၅ ကျပ်ပေးပြီး နောက် ဘယ်တော့မှ မလာဖို့ ပြောတဲ့အကြောင်း၊ ကလေးကလည်း ကြီးလို့ ကျောင်းတောင် နေပြီ။ အမာလေးလို့ နာမည်ပေးသတဲ့...နဲ့ တသီတတန်းကြီး လျှောက်ပြောတာပဲ။ ကျွန်မလည်း စိတ်မကောင်းလွန်းလို့ နေ့ချင်းပဲ ပြန်လာ တာပဲ။ ဒီမိန်းမကြီးလည်း ဆုံးတယ် ကြားရတာပဲ။ ပြန်ရောက်လည်းလေ အခြေအနေ မရှိတော့ ဆေးလိပ် ဝင်လိပ်ရတယ်။ အို...ကလေးပဲ မြင်ယောင် ပြီး နေတာ။ ငါ့သမီးလေး ဘယ်လိုများနေမလဲ။ ဘယ်သူနဲ့ တူပါလိမ့်နဲ့။ မြင် ချင်လိုက်တာ။ မပြောနဲ့တော့ မြင်ချင်လိုက်တာ။ ကြာတော့ မမြင်ရ မနေနိုင်ကို ဖြစ်လာတော့ ဒီကို လာခဲ့တာပဲ။ ဒီမြို့ရောက်တော့ ကျောင်းလွှတ်ချိန်မို့ ကျောင်းရှာပြီး တန်းသွားတာ။ ဝင်လည်း မမေးရဲနဲ့၊ ကျောင်းရှေ့မှာ ရစ်စ ရစ်ဝဲ လုပ်နေတုန်း အရီးလှနဲ့ တွေ့တာပါပဲ"

မိမိမှာ ပြောလိုတာတွေ တသီတန်းကြီး လျှောက်ပြောနေ၍ အရီးလှ ကိုကား ဂရုမစိုက်မိ။ ပြောပြီးမှ အရီးလှကို ကြည့်မိရာ မျက်ရည်တွေ တွေတွေ





ကျနေသည်ကို တွေ့ရရာ မိမိပါ မချုပ်တည်းနိုင်တော့ဘဲ အားရပါးရငိုမိပြန် လေတော့သည်။

"အေးအေး၊ ကံတရားပဲ ထားတော့။ ညည်းတင်မှ မဟုတ်ဘဲ၊ ယုတ်မာ တဲ့ ယောကျ်ားတွေ အပုံကြီးပဲ။ ညည်းလို ခံရတာတွေလည်း အပုံကြီးပဲ။ ဒီလို လူမျိုးတွေ များလွန်းလို့ အခုကာလ သိပ်ကြောက်ရတာ။ ယောကျ်ား၊ ယောကျ်ား၊ သူတို့က အသာကြီးပဲ။ မအေ နှမတွေကို ရှောင်ကြသေးလို့သာ သူတို့ကိုမြင့်မြတ် တယ် ဆိုရသေးတာပါ။ တရားနဲ့ ဖြေပေတော့။ ညည်းက အမေပါလို့ ပြောဦး ကလေးမိဘက ရှိသေးတယ်။ ခက်သားလား၊ ပြီး ဟိုဟာက အုဲဆိုကတည်းက နေရတာ။ ညည်းက မွေးအမေ၊ ဟိုက ကျွေးအမေ ဖြစ်ပြီကပဲ။ မေ့လိုက်ပါ သမီးရယ်။ မတွေ့ပါနဲ့၊ မတွေ့ချင်ပါနဲ့တော့"

"ကျွန်မရော မေးသေးလား"

"မေးတယ်၊ မေးတယ်။ အဘွားနဲ့ ပါလာတဲ့ မိန်းမကြီးလေ။ အမာ လေးကို ကြည့်ပြီး ငိုနေတဲ့ မိန်းမကြီးကော မလာဘူးလားလို့ မေးတယ်။ ငါ သည်း သူ့မိဘကြားရင် ငါနဲ့တောင် တွေ့ခွင့်ပေးမယ် မဟုတ်လို့ အဲဒီမိန်းမ ကြီးက စိတ်နောက်နေတယ်။ အဘွားသမီးလို့ ပြောရသေးတယ်"

ဝင်းမေကား ဆင့်ကဲ ဆင့်ကဲ ရှိုက်ကာ 'ဒီလိုပြောမှ ကောင်းမယ် အရီး နဲ့'ဟု မချိတင်ကဲ ပြောရှာလေ၏။

ထိုနေ့ညကား အရီးလှလည်း အရီးလှအတွေးနှင့် ဝင်းမေလည်း ဝင်းမေ အတွေးနှင့် မအိပ်နိုင်ကြ။ နောက်ကြောင်းတွေ ပြန်ပြောင်းကာ ထင်ယောင် မြင်ယောင် ဆွေးပူနေသော ဝင်းမေအား 'အိပ်လေ၊ အိပ်ပါ သမီး' ဟူ၍မှ တစ်ပါး ဘာမျှ အားမပေးနိုင်။ သမီးကို ချစ်၍ မအေအဖြစ် မပြောနိုင်သော ဝင်းမေပြဿနာကို လူးရင်းလိမ့်ရင်း စဉ်းစားရင်း မော၍ နေလေ၏။

ဝင်းမေလည်း လူးရင်း လိမ့်ရင်း အားရအောင် ငိုရင်းက တစ်ဖက်မှ အိပ်ရာ ခြင်ထောင်ကို အသာမ၍ 'အရီးလှ၊ အရီးလှ'ဟု နှိုးလေရာ 'ဘာတုန်း ဝင်းမေ ဘာတုန်း'ဟု ပျာပျာသလဲ ထထိုင်၍ မေးရာ 'မနက်လေ မနက် ကျွန်မသမီးလေး မင်းသမီးလေးလို ဝတ်ထားတာ ကျွန်မ သွားကြည့်မယ်၊ ဘယ်အချိန်လဲ အရီးရဲ့၊ သူလေး ဘယ်လောက်လှလဲဆိုတာ သွားကြည့်မယ်၊ ဒီတစ်ခါပဲ အရီးရဲ့၊ ဒီတစ်ခါပဲ။ နောက်ကို ဘယ်တော့မှ မတွေ့ဘူး။ ကျွန်မ သိပ်ကြည့်ချင်တာပဲ။ အချိန်ကို ပြောပါ အရီးရယ်၊ ပြောပါ'ဟု လက်ကိုလှုပ် ၍ လှုပ်၍ အထပ်ထပ်မေးလေသဖြင့်...

မပြောချင် ပြောချင်နှင့် 'နေ့တစ်ချက်တီး'ဟု ပါးစပ်မှ မြည်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေ၏။

နေကား ချစ်ချစ်တောက်အောင် ပူပြင်းလှ၏။ အထက်ကပူ၊ အောက်က ပူ၍ တစ်ကိုယ်လုံး နေလှန်းထားသလို ပူပြင်းလှရာ အရှင်လတ်လတ် ဇရဲအိုးထဲ ဆင်းရသကဲ့သို့ မှတ်ထင်ကာ ခြေလှမ်းကို မြန်သထက်မြန်အောင် ကြိုးစား၍ ဘူတာရုံဘက်ဆီသို့ လှမ်းနေရလေ၏။ တစ်ချက် တစ်ချက် ဘူတာရုံဘက်ဆီမှ သဲ့သဲ့မျှ ကြားလိုက်သော စည်တော်သံကြီးမှာ နားမှဝင်၍ ဘဝင်ကို သွားရိုက်သဖြင့် ဝမ်းနည်းသလို၊ ငိုချင်သလို ကတုန်ကယင်ကြီး ဖြစ်စေလေ၏။ 'ငါ့သမီးလေး လှလိုက်မယ့်ဖြစ်ခြင်း၊ ချစ်စရာကောင်းလိုက်မယ့် ဖြစ်ခြင်း'ဟု ပါးစပ်မှ ရေရွတ်ကာ လျှောက်ခဲ့ရာ လျှောက်ရင်း လျှောက်ရင်း တုန်တုန်ယင်ယင်ကြီး ဖြစ်နေလေ၏။

ကြီးမားသော လူထုကြီးကား ဘူတာရုံဝင်းထဲ ဝင်းပြင်တွင် အအုပ်လိုက်၊ အစုလိုက် စုဝေး၍ နေကြလေ၏။ သပြေညို နှစ်ဖက်ထိုး၍ တဟီးဟီးထုရိုက်တီးခတ်နေသော စည်တော်သံမှာ နီးလေလေ၊ ရင်ခုန်လေ ရင်တုန်လေလေ...

ဟိုတစ်စု ဒီတစ်စု မဟုတ်ဘဲ အစုလိုက် အအုပ်လိုက် စုဝေးပြုံထပ်နေသဖြင့် သမီးကို ကျကျနန မြင်နိုင်မည့် နေရာကို ရှာရသော ဝင်းမေမှာ ဝိုင်းကြီးပတ်ပတ်ဖြစ်နေပြီး ချွေးသီးချွေးပေါက်ကြီးသာကျ၍ တစ်လက်မလေးမျှ အပေါက်အကြား မရှိသဖြင့် နေရာကား မရနိုင်။ နေကပူ၊ လူတွေက များ၍ ငြီးငေါ်နံလာပြီး နဂိုကတည်းက အားကမရှိသည့်ပြင် မိမိကိုယ်ပေါ်သို့ လူတစ်ကိုယ်လုံး တွဲလဲခိုထားသကဲ့သို့ လေးလံထိုင်းမှိုင်း ပင်ပန်းမောဟိုက်လှသဖြင့် အနီးရှိ သစ်ပင်ရိပ်အောက်တွင် ခေတ္တ ထိုင်လိုက်ရာတွင်...

'ဆိုက်ပြီဟေ့ ဆိုက်ပြီ'ဟု လူထုကြီး၏ ပါးစပ်ပေါက်များမှ ဝေါခနဲ တစ်ပြိုင်နက် ထွက်လာသော အသံကြောင့် အမောမှ မပြေနိုင်တော့ဘဲ မတွေ့လိုက်ရမှာ စိုးရိမ်လှ၍ ရှိသမျှ အားကလေးနှင့် တအားကုန် တိုးဝှေ့ရာ ပရိသတ်ကား မရွေ့။ မိမိမှာသာ ဟောဟဲ ဟောဟဲ ဖြစ်ကာ နေလေ၏။

နောက်ဆုံး၌ ကြံရာမရဖြစ်ကာ ပရိသတ်လည်း မမြင်နိုင်၊ အရှက်ကိုလည်း သတိမရနိုင်တော့ဘဲ သမီးသာ မြင်လိုလှသည့် ဇောက စောဆောကာ ခြေရင်းတွင် ထိုင်၍ အမောဖြေသော သစ်ပင်ခွကြားပေါ်သို့ မ,တင်ကာ သွားလေ၏။

မိမိ သမီးလေးမှာ စည်းပုံ၊ ထိုင်မသိမ်း၊ ထဘီလေးနှင့် လှရသည့်အထဲတွင် စိန်ရွှေအရောင်တွေက တစ်ကိုယ်လုံးကို မီးထိုး၍ ပြသယောင် တဖိတ်ဖိတ် တဝင်းဝင်း တောက်နေသဖြင့် နတ်သမီးကလေးကဲ့သို့ မှတ်ထင်မိလေ၏။





အဖေ၊ အမေ အခေါ်ခံသော လင်မယားနှစ်ဦးမှာလည်း ပုဆိုး တမမ၊ ပဝါတလွင့်လွင့်နှင့်။ သမီးကို မျှော်နေသော ဝင်းမေအား ရှက်ပါတယ်ဟဲ့ဟု သရော်သကဲ့သို့ ဖြစ်နေ၍ ဝင်းမေ၏ စိတ်တွင် ကြိတ်မနိုင် ခဲမရ။ သူ့ကိုယ်စားနေရာရကြလေခြင်းဟု မနည်းကြီး ဝမ်းနည်းမိလေ၏။ မိမိသမီးလေးအား ခပြုံး၍ ဖက်နမ်းချင်လောက်အောင် အားမလို အားမရ၊ ရင်တပြင်လုံး ချစ်စိတ်တွေ ပြည့်လျှမ်းကာ ရူမဝဖြစ်နေသဖြင့် တွဲဖြူမှ ကြွဆင်းလာသော ဝန်ကြီးချုပ်မင်းနှင့် ဝန်ကတော်တို့ကိုပင် မမြင်။ သမီး လက်မှ ပန်းစည်းကို ပြုံးကာ ရယ်ကာ ယူလိုက်မှ ဝန်ကြီးချုပ်ကို မြင်လိုက်ရာ အမယ်လေး ကိုမြတ်ထွန်း... ဘုရားရေ... သမီး... သမီးအဖေလေ။ အလိုလေး၊ အမယ်လေးလေး မကြည့်ပါကလား'ဟု အသည်းဆိုင် နှလုံးခိုင်မှ ဖြစ်ညှစ်မြည်တမ်းရင်း မျက်နှာကို လက်နှင့် အုပ်လိုက်ရာ မည်သို့ ဖြစ်သည်မသိ ...။

**ဝန်ကြီးချုပ်မင်း ကြိုဆိုပွဲတွင် ကြက်ပျံမကျ စည်ကားကြောင်း၊ အချို့မှာ နေရာမရ၍ သစ်ပင်ပေါ်က ကြည့်ရရာ အမည်မသိ အသက် ၃၀ ကျော်လောက်ရှိသော မိန်းမတစ်ယောက် သစ်ပင်ပေါ်မှ လိမ့်ကျ၍ အရိုက်ကို ခိုက်မိလေသလော မသိ။ ပွဲချင်းပြီး သေဆုံးနေလေ၍ အလောင်းကို ဆေးရုံသို့ ပို့လိုက်ရကြောင်း...**

ဟု ဝန်ကြီးချုပ်ကြိုဆိုပွဲ အခမ်းအနားသတင်း ဖော်ပြပါရှိသော သတင်းစာကို ဝန်ကြီးချုပ်မင်းနှင့် ဝန်ကတော်ပါ ပြုံးပြုံး ပြုံးပြုံးနှင့် ဖတ်နေကြလေသတည်း။

[ဂျာနယ်ကျော်၊ အတွဲ (၉)၊ အမှတ် (၉)၊ ၃၁-မေ-၁၉၄၁]

www.burmeseclassic.com

www.burmeseclassic.com

# မိခွေး...မိခွေး

ဆံပင်ကို ကျောပေါ်သို့ ဖြန့်၍ချလိုက်ပြီးလျှင် ဘီးနှင့် မဖြီးသေးဘဲ ဖွေးဖွေးကလေး လူးထားသည့် မျက်နှာကို မှန်နား တိုး၍ ကပ်လိုက်ခါ ဘယ်နေရာမှာ လိုသေးသည်ကို မျက်စိနှစ်လုံး ချာချာလည်လျက် ရှာလေသည်။ စိတ်တိုင်းမကျသေးသလို မျက်နှာကို မှန်ကြီးမှ ခွာလိုက်ပြီးနောက် ဘဲဥပုံ မှန်သေးကလေးကို အစ်ကလေးတစ်ခုထဲမှ ထုတ်၍ ယူလိုက်ပြန်သည်။

မှန်ကလေးကို မျက်နှာနှင့် အနီးဆုံး ကပ်လိုက်ပြီး စေ့စေ့စပ်စပ်ကြည့်ပြန်သည်။ သို့ မျက်နှာကို မှန်ကလေးနှင့် ကပ်လိုက် ခွာလိုက်၊ ခွာလိုက် ကပ်လိုက်လုပ်ပြီးတော့မှ နှုတ်ခမ်းဆိုးဆေးတောင့်ကလေးကို ယူကာ နှုတ်ခမ်းပေါ်တွင် တို့ပြီး လက်ညှိုးနှင့် ပွတ်ခါဆိုးလေသည်။ အရပ်အမောင်း ကိုယ်နေကိုယ်ဟန်မှာ မနိမ့်လွန်း၊ မမြင့်လွန်း၊ မဆူလွန်း၊ မကြုံလွန်းထဲက ဖြစ်သည်။ ဖြန့်၍ထားသော ဆံပင်များသည် ပေါင်လယ်ဆီတွင် ဝဲပုံ၍ နေလေသည်။

တို့ပတ်နှင့် မျက်နှာကို ဖုံဖုံပါအောင် အထပ်ထပ် တစ်ဖန်ရိုက်ပြီး မှန်ကြီးထဲတွင် မျက်နှာကို ကိုယ့်သဘောကျ အချိုးကျကျထားလျက် အားရအောင် ကြည့်နေရင်း လက်တစ်ဖက်ကလည်း မှန်ခုံပေါ်တွင် ဘီးကို လိုက်၍စမ်းနေလေသည်။ 'မမသန့်' ဟု နောက်မှ အော်ခေါ်လိုက်သံကြားမှ ဘီးကို စမ်းမိကာ လန့်လန့်ဖျပ်ဖျပ် နောက်သို့လှည့်ကြည့်လိုက်ရာ မိမိအိမ်တွင် လက်တိုလက်ရှည်

---

* ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစာစောင်၊ အတွဲ (၂)၊ အမှတ် (၁၀)၊ နိုဝင်ဘာ၊ ၁၉၅၀ တွင် "လက်သည်"အမည်ပြောင်း၍ ဖော်ပြထားသည်။





ခိုင်းစေသော မိခွေး အနားသို့ ရောက်နေသည်ကို တွေ့ရလေသည်။

"ဘာလဲဟဲ့၊ နင့်ဟာက အလန့်တကြား"

မိခွေးသည် ရုတ်တရက် မပြောသေးဘဲ လှလှပပ လိမ်းထားသည့် မျက်နှာကိုသာလျှင် စိုက်၍ ကြည့်နေလေသည်။ မိခွေးကား ရောင်ပွှရူးကလေးနှင့် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်သာ ရှိသေးသည်။ ဗိုက်ပူပူ၊ ပုအိုင့်အိုင့်၊ နှုတ်ခမ်းစူကလေးမို့ သူ့ရုပ်ရည်မှာ လူမြင်လျှင် ရယ်စရာသဖွယ်ပင် ဖြစ်ပေသည်။

စောင့်ဆိုင်းနေရန် သည်းမခံနိုင်တော့သကဲ့သို့ မိခွေး၏ အနားသို့ တိုး၍ သွားပြီး 'ဘာလဲလို့ မေးနေတာကို' ဟု ငေါက်လိုက်ကာ လက်ထဲမှ ဘီးနှင့် ထိပ်ကို တစ်ချက်ခေါက်လိုက်မှ စူနေသည့် နှုတ်ခမ်းကို မဲ့လိုက်ပြီးနောက်-

"မမကိုလေ... ဟိုဘက်အိမ်က ဟိုလူကြီးက...အဲဒီလူကြီးက"

ရှေ့သို့ မဆက်ဘဲ နှုတ်ခမ်းကို ပြန်၍ စူထားလိုက်သည်။

"လူကြီးက ဘာဖြစ်သလဲ၊ ပြောစမ်းပါဟဲ့"

'အဲဒီလူကြီးကလေ မမကို ဝမ်းဆွဲမ တဲ့'ဟု မပြောဝံ့သလိုလို၊ ပြောဝံ့သလိုလိုနှင့် ရူးရူးရဲရဲ ပြောလေရာ ခင်ခင်သန့်မှာ စိတ်ဆိုးရမည့် ကိစ္စကဲ့သို့ ဖရယ်နိုင်အားဘဲ 'ငါ့ကိုလား ဝမ်းဆွဲမလို့ ခေါ်တာ၊ ဘယ်အကောင်လဲ ဟင်'

သိချင်ဇောနှင့် ရောင်ပွှရူးကလေးကို လှမ်း၍ ဆုပ်ကာ ခေါင်းကို မော့မော့ ပင့်ကိုင်ထားလိုက်ပြီး 'နင်နဲ့ ဘယ်လိုတွေ့သလဲ ပြောစမ်း၊ ပြောစမ်း' ဟု စစ်ဆေးလေသည်။

ထိုသို့ လုပ်၍ထားသဖြင့် မိခွေးမှာ ကြောက်၍လာကာ ဘာပြောရမှန်းမသိတော့ဘဲ မျက်လုံးဝိုင်းလျက် နေလေသည်။

ထိုအတွင်း အသက် ၄၀ ခန့်ရှိ မိန်းမကြီးတစ်ယောက် အထဲသို့ ဝင်လာပြီးလျှင် မှန်ခုံဘေးရှိ တစ်ယောက်အိပ် သံခုတင်ပေါ်သို့ ကိုယ်ကိုပစ်လှဲလိုက်ကာ 'ဘာဖြစ်နေကြပြန်ပလဲ'ဟု ရီးနေသကဲ့သို့ အေးအေးဆေးဆေးပင် မေးနေလေသည်။

"ဘာဖြစ်ရမလဲ ဒေါ်လေးရဲ့၊ ဟိုဘက်အိမ်က အကောင်က ခင်ခင်သန့်ကို ဝမ်းဆွဲမလို့ ခေါ်တယ်လို့ လာတိုင်နေတယ်"

ဟဲ့ နေစမ်းပါဦး၊ ဘယ်အကောင်ကလဲ"

'မျက်မှန်ကပေါ့ ဒေါ်လေးရဲ့'ဟု ခင်ခင်သန့်က အော်၍ ပြောလေသည်။

'ဘာလို့ ဒီလိုခေါ်တာလဲ'ဟု ဒေါ်လေးက မိခွေးကို မေးလေသည်။

မျက်စိလေးလုံးစလုံးက မိခွေး ဘာပြောမည်ကို စိုက်၍ ကြည့်နေကြ၏ မိခွေးကလည်း မိမိမျက်စိနှစ်လုံးကို သူ့တစ်လုံးစီနှင့် ပြန်၍ ကြည့်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့အပြင် အပြောရ ကြပ်သကဲ့သို့ တံတွေးကို အတွင်မျိုနေတော့သည်။

'လွှတ်လိုက်စမ်း၊ ငါ့ဆီကို'ဟု ဒေါ်လေးက ပြောသဖြင့် ခင်ခင်သန့်လည်း ဆုပ်ထားသော ရောင်ပုဆိုးကလေးကို တွန်း၍ လွှတ်လိုက်လေသည်။

"ကဲ… ကဲ ဘွားဘွားကို ပြောစမ်း၊ ဘယ်မှာ တွေ့သလဲ"

"ခုနက မမက သရက်ခွံတွေ ပစ်လိုက်ဆိုလို့ ကျွန်မ သွားပစ်တယ်။ သွားပစ်တော့ အဲဒီ မျက်မှန်နဲ့ လူကြီးက ကျွန်မ ကုပ်ကို ဆွဲထားပြီး ဘာလို့ ဒီမှာ ပစ်သလဲလို့ မေးတယ်"

'မေးတော့ နင်က ဘယ့်နှယ် ပြောလိုက်သလဲ'ဟု ခင်ခင်သန့်က ဝင်၍ ထောက်လိုက်သည်။

'ကျွန်မက ကျွန်မပစ်တာ မဟုတ်ဘူး။ ကျွန်မတို့ မမက ပစ်ခိုင်းတာလို့ ပြောလိုက်တယ်'

မိချွေးသည် ဆက်၍ မပြောဘဲ ရပ်၍ ထားလေသည်။

"ပြောတော့၊ ပြောလေ'ဟု ဒေါ်လေးက ထောက်၍ ပေးပြန်သည်။

"ပြောတော့… ပြောတော့… သူက အဲဒီလူကြီးက…"

'ဘာ သူက ဒီလူကြီးက လုပ်နေတာလဲ'ဟု ခင်ခင်သန့်က စိတ်မရှည်နိုင်ဘဲ ဝေါက်လိုက်သည်။

'နေစမ်းပါဦး ခင်ခင်သန့်ရယ်။ ကောင်မလေးကလည်း မအူမလည် ခင်ခင်သန့်ကလည်း ဒေါသချည်းပဲ'ဟု ဒေါ်လေးက ဟန့်လိုက်ပြီး 'ပြောတော့ သူက ဘာပြန်ပြောသလဲ'ဟု မိချွေးအား လေအေးအေးနှင့် ထပ်မေးလိုက်သည်။

မိချွေးလည်း တွေတွေကလေး လုပ်၍ နေပြီးမှ 'နင့်အစ်မ ဘယ်သူလဲလို့ မေးတယ်။ ကျွန်မက မမသန့်လို့ ပြောတော့ အဲဒီလူကြီးက နင့်အစ်မ ဝမ်းဆွဲကို ပြောလိုက်တဲ့၊ နောက်ကို ဒီလို မလုပ်ပါနဲ့ တဲ့။ အဲလို အဲလို ပြောတယ်"

သူပြောသည့် စကားကို သူ့ဟာသူ အတော်စဉ်းစားပြီး ပြောရသလို ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ် လုပ်၍ ပြောနေခြင်းကို ဒေါ်လေးမှာ ကျွန်ုမဆည်နိုင်ဘဲ အသံများပင် ထွက်အောင် ရယ်မောနေလေသည်။

သို့ ဒေါ်လေးလုပ်သူက ရယ်လေလေ၊ ခင်ခင်သန့်မှာ ဒေါပို၍ ပွလေလေ ဖြစ်ခါ…

'အမယ် ဒေါ်လေးကပါ သဘောကျနေသလား။ မျက်မှန်က လူပါးဝ လိုက်တာ။ ဒီမှာ ခင်ခင်သန့်၊ ခင်ခင်သန့်လို့ ဟိုးလေးတကျော် သိရဲ့သားနဲ့ လူကို ဝမ်းဆွဲတဲ့၊ သက်သက် ချိုးတာ၊ သက်သက် အရှက်ခွဲတာ၊ မခံဘူး





တွေ့ဦးမယ်၊ တွေ့ပြီး ခွေးပြောသလို ပြောပလိုက်မယ်။ သိရောပေါ့'ဟု ဘီးကလေးကို မြှောက်ကာ မြှောက်ကာ ဟစ်အော် ကြိမ်းဝါးလိုက်ရာ ဒေါ်လေးသည် ထပ်၍ပင် လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သည်။

"နေပါဦးဟဲ့၊ ဒီသူငယ်ကလေး မရိုင်းပါဘူး၊ လူကောင်းကလေးပါ။ မနေ့က စကားဖြူပန်းတွေ ခြံရှေ့မှာ ငါကောက်နေတုန်း သူကလည်း ထွက်လာနဲ့ ကူပြီးတောင် ကောက်ပေးသွားပါသေးတယ်။ ယဉ်ယဉ်ကျေးကျေးပါ။ ငါက မေးလို့ သူ သတင်းစာတိုက်မှာ သတင်းထောက် လုပ်ပါတယ် တဲ့၊ ဖော်ဖော်ရွေရွေ သိမ်သိမ်မွေ့မွေ့ရှိက ရှိပါဘိသနဲ့၊ ဒီကောင်မကလေး နားကြားလွဲရင် လွဲနေမှာပါ'ဟု ဖြေစကား ပြောလိုက်လေသည်။

"အင်းလေ သတင်းထောက်မို့လို့ပေါ့ ဒီလိုလွဲတာ။ ကောင်မကလေးက ဒီစကားကို ဘာလွဲစရာရှိသလဲ။ ဒီမှာ ခင်ခင်သန့်ဆိုတာ ဘယ်လိုအစားဆိုတာ တစ်ရပ်လုံး သိတယ်။ အိမ်နားကပ်ပြီးနေတဲ့ သတင်းထောက်က မသိဘူးလား။ တမင် ဒေါ်လေးရဲ့၊ တမင်ချိုးတာ"

ဆတ်ဆတ်တုန်လျက် ဒေါသထွက်နေခြင်းကို ပြေလည်ပပျောက်အောင် ဘောတ်နိုင်တော့သဖြင့် ဒေါ်လေးမှာ မိချွေးကိုပင် အထပ်ထပ် ချော့မော့မေးနေသတော့သည်။

ဟိုလိုမေး၊ သည်လိုမေး၊ ဘယ်လိုပင် မေးမေး၊ မိချွေးကလည်း 'ဟုတ် ဘယ် ဝမ်းဆွဲလို့ ခေါ်ပါတယ်၊ ဝမ်းဆွဲလို့ ခေါ်ပါတယ်'ဟု ချည်း ထပ်ကာ သပ်ကာ အဖြေပေးနေသဖြင့် ဒေါ်လေးပင် ဇဝေဇဝါ ဖြစ်မိပြီးလျှင် သတင်းထောက်ကို ဒေါသထွက်ချင်သလိုလို ဖြစ်လာလေသည်။

*

နေ့ညနေသည် မိုးသားမိုးတိမ်များ ကင်းစင်ပြီးလျှင် ကောင်းကင်တွင် တိမ်များ ယှက်သန်းလျက် ရောင်စုံ တောက်၍ နေလေရာ ယခုလို မိုးရာသီတွင် နေ့ညနေလောက် လှပသော ညနေခင်းကို မမြင်ကြရသေးပေ။ ညနေခင်းကလေးမှာ သာသာယာယာ လှလှပပ ဖြစ်နေသလို ခြံဝတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေသော ခင်ခင်သန့်သည်လည်း အစွမ်းကုန် မွမ်းမံပြုပြင်၍ ထားသဖြင့် အထူးပင် လှ၍ နေလေသည်။

ထိုညနေခင်းနှင့် ထိုမိန်းမပျို၏ အလှချင်း ပဏာရနေကြပုံ တစ်မှိုင်မှိုင် ရှုစားရင်း တဖြည်းဖြည်း လျှောက်လာနေသူမှာ သတင်းထောက် ကိုဦးပင် ဖြစ်လေသည်။

ကိုဦးသည် မိမိနေရပ်နှင့် သတင်းစာတိုက်မှာ အလွန်ဝေးလွန်းလှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် အိမ်သို့ မပြန်ဘဲ တိုက်ပိတ်သည့် ရက်များမှ အိမ်သို့ ပြန်တတ်လေသည်။ ထိုနေ့ကား သတင်းစားတိုက် ပိတ်ထားသဖြင့် အလုပ်အားလပ်သောကြောင့် တိုက်သို့ မသွားဘဲ ဥယျာဉ်တွေထဲတွင် လျှောက်လည်ပြီး အချိန်ဖြုန်းကာ ညနေစောင်းမှ အိမ်သို့ ပြန်လာခြင်း ဖြစ်လေသည်။ ခင်ခင်သန့်လည်း ယနေ့ တနင်္ဂနွေနေ့ ဖြစ်ခြင်းကြောင့် မုချ အိမ်သို့ ပြန်လာမည်ကို အတတ်သိ၍ အိမ်ဝတွင် ထွက်၍ အပြန်ကို စောင့်နေသူ ဖြစ်လေသည်။

၎င်းတို့မှာ အလွန်ကျယ်ဝန်းသော ဥယျာဉ်ခြံကြီးထဲတွင် တစ်အိမ်စီ နေကြသူများ ဖြစ်လေသည်။ လူသွားလမ်းကား ထိုဥယျာဉ်ကြီးများအားတွင် ပေပေရေရေ ကျိုးကျိုးပဲ့ပဲ့ ကျဉ်းကျဉ်းမြောင်းမြောင်းကလေး ဖြစ်လေသည်။ ကိုဦးသည် ခြံဝတွင် တွေ့ရသော ပန်းချီကားကို ကြည့်ရင်း လာနေသဖြင့် တစ်ခါတစ်ရံ ချိုင့်များ၊ ဖွက်များကိုပင် သတိမရဘဲ ချော်၍ နင်းမိလေသည်။

ခြံဝသို့ ရောက်လာသော်လည်း ခင်ခင်သန့်က လမ်းဖယ်၍ မပေးဘဲ အဝတွင် ရပ်နေသဖြင့် ခင်ခင်သန့် ဖယ်ပေးလို ဖယ်ပေးငြားဟု ကိုဦးက အရှိန်သတ်ကာ ရပ်တန့်လိုက်သော်လည်း ခင်ခင်သန့်ကား လမ်းဖယ်၍ မပေးဘဲ မျက်နှာတင်းတင်းနှင့် 'သတင်းထောက် ကိုဦးဟာ ရှင်ပဲနော်'ဟု သိလျက်ကနှင့် ရွဲ့လိုက်လေသည်။

ခင်ခင်သန့်ကို ခြေဆုံးခေါင်းဆုံး အပြန်အလှန် ကြည့်လိုက်ပြီးမှ ကိုဦးက 'ဟုတ်ပါတယ်'ဟု ခပ်ဖြည်းဖြည်းပင် ဖြေလေသည်။

"ရှင်... ကျွန်မကိုရော သိရဲ့လား"

မိမိအိမ်အားက အိမ်က မိန်းမပျိုမှန်းကိုကား သိ၏။ ဤကဲ့သို့ နီးနီးကပ်ကပ် တစ်ခါဖူးမှ မကြည့်ခဲ့ရသဖြင့် ဤမျှ လှပမှန်းကို မသိခဲ့ရသည့်အတွက် အဖြေကို ရုတ်တရက် မပေးသေးဘဲ စေ့စေ့စပ်စပ် အားရအောင် ကြည့်ပြီးမှ...

"ကျွန်တော် သိပါတယ်"

"ဘယ်လို သိတာလဲ"

ကိုဦးတွင် ဖြေဖို့ရာ ခွကျ၍ နေလေသည်။ ဘယ်လိုအဓိပ္ပာယ်နဲ့ မေးလိုက်တာပါလိမ့်ဟု နားမလည်နိုင်အောင် ဖြစ်သွားပြီးလျှင် 'ခင်ဗျား ဘယ်လို မေးတာလဲ'ဟု ပြန်၍ မေးလိုက်လေသည်။

"ဘယ်လို မေးရမလဲ၊ ရှင် ကျွန်မကို သိတယ်လည်း ပြောတယ်။ ဘယ်လို သိတာလဲ ဆိုတာတော့ ရှင် မပြောနိုင်ဘူး။ ရှင် ကျွန်မ ဘယ်သူ ဘယ်ဝါ ဆိုတာ စောစောက သိရင် ရှင့်ကို ဘယ်လိုမှ မေးဖို့ မရှိဘူး။ အခု ရှင်က ကျွန်မကို အများသိသလို မသိဘဲ ဝမ်းဆွဲလို့ ရှင်သိနေလို့ ရှင် ဘာသိ





တာလဲလို့ မေးရတာပေါ့"

ထိုအချိန်တွင် ကိုဦးတွင် ပို၍ နားမလည်နိုင်အောင် ဖြစ်ကာ မျက်မှောင်များကြုတ်လိုက်လျက်--

"ခင်ဗျားကို ဝမ်းဆွဲလို့ ကျွန်တော် မသိရပါကလား ခင်ဗျာ"

ခင်ခင်သန့်သည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ 'ရှင် မသိရင် ဘာပြုလို့ ကျွန်မကို ဝမ်းဆွဲလို့ ခေါ်ရသလဲ၊ ပြောစမ်းပါဦး။ ရှင် ဘယ်လိုလူလဲ' နှင့် ကက်ကက်လန် ရန်တွေ့လိုက်လေသည်။

သတင်းထောက် ကိုဦးတွင်ပင် မဟုတ်၊ ပိန္နဲပင်ကွယ်တွင် ချောင်း၍ နားထောင်နေသော ဒေါ်လေးပင် ပြုံးနေလေသည်။

ကိုဦးကား မိမိ ပြုံးလိုက်သည်ကို အားနာသွားပြီးမှ 'နေပါဦးခင်ဗျာ၊ ရှင်းပါဦး၊ ကျွန်တော်က ခင်ဗျားကို ဝမ်းဆွဲလို့ ဘယ်တုန်းကမှ မခေါ်ရ၊ မပြောရပါကလား'ဟု ခပ်လေးလေးနှင့် မျက်နှာကိုလည်း ခပ်တည်တည်ပြန်၍ ထားပြီး ပြောလိုက်သည်။

"နို့ ရှင် မနက်က ကျွန်မ အိမ်က ကောင်မလေးကို ဘယ်လို ပြောလိုက်သလဲ"

ကိုဦးသည် ဤတွင်မှ သဘောပေါက်၍ သွားတော့ကာ အောင့်လိုသော်လည်း မအောင့်နိုင်ဘဲ သွားများပင် ပေါ်အောင် ပြုံးမိလေသည်။

"ရှင့်ကို ရယ်စရာ ပြောနေတယ်မှတ်လို့ ရယ်နေတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဝမ်းဆွဲလို့ မပြောလိုက်ပါဘူး။ သူက ဒီလမ်းမှာ သရက်ခွံတွေ ထွက်ပစ်လို့ ကျွန်တော်ကလည်း အထွက်နဲ့ တွေ့တော့ နင် ဘာလို့ ဒီလမ်းပေါ် ပစ်ရသလဲလို့ ငေါက်လိုက်တာ။ ကျွန်မ ပစ်တာ မဟုတ်ဘူး။ ကျွန်မတို့ မမက ဒီမှာ ပစ်လိုက်ဆိုလို့ လာပစ်တာ ပြောလို့။ ဒါဖြင့် နင့်အမ လက်သည်ကို ပြောလိုက်။ ဒီလို မလုပ်ပါနဲ့လို့၊ ဒီလို ပြောတာပါ"

ကိုဦး ရယ်၍ နေလေသည်။ ကိုဦး ရယ်သကဲ့သို့ ဒေါ်လေးမှာလည်း အသံမထွက်အောင် ကြိတ်၍ ရယ်နေလေသည်။

ခင်ခင်သန့်ကား ပြေလည်၍ မသွားဘဲ ရက်ရက်နှင့် ပို၍ပင် စိတ်ဆိုးပြန်ကာ 'ရှင်က ဘာကိစ္စ လက်သည်လို့ ပြောရတာလဲ' ဟု ခပ်ငေါက်ငေါက် မေးလိုက်လေသည်။

ခင်ခင်သန့်၏ မျက်နှာကလေးမှာ တစ်မိနစ်ထက် တစ်မိနစ် နီမြန်းသည်ထက် နီမြန်းနေသည်ကို ကိုဦး တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... လက်သည်လို့ ပြောရတာ လူသွားလမ်းမပေါ် ပစ်ခိုင်းတာ နည်းလမ်းမကျလို့ လက်သည်လို့ ပြောလိုက်တာပါ"

"အံမယ်၊ ရှင်ခင်းထားတဲ့ လမ်းမို့လို့လား။ ရှင့်အပူ ပါရအောင် ရှင့်အိတ်ထဲက ပိုက်ဆံနဲ့ တံမြက်လှည်းကုလားတွေ ငှားခိုင်းနေရလို့လား။ လမ်းရှုပ်ရင် မြူနီစီပယ်က လုပ်လိမ့်မယ်။ လက်သည်လို့ ရှင်ပြောဖို့ အလုပ်လား"

"ကျွန်တော် ပြောဖို့ အလုပ်ဖြစ်လို့ ကျွန်တော် ပြောရတာပါပဲ။ ကျွန်တော်တင် မဟုတ်ပါဘူး။ လူတိုင်း လူတိုင်းပဲ ပြောနိုင်ပါတယ်။ ငွေပေးရလို့လား ဆိုတာလည်း ကျွန်တော်တင် မဟုတ်ပါဘူး၊ လူတိုင်း လူတိုင်းပဲ ပေးနေကြရတာပဲ။ လက်သည်လို့ ပြောရတာက ခင်ဗျားတို့လို မိန်းမတွေက ဒီလို လမ်းမှာ ထွက်ပြီး အမှိုက်မရှုပ်ကြဘူးဆိုရင် အမှိုက်လှည်းကုလားတွေကို အမြောက်အမြား ပိုက်ဆံပေးနေကြရဖို့ မရှိဘူး မဟုတ်လား။ အခုလို မြူနီစီပယ်အခွန်အခ နင့်နေတာ အကြောင်းရင်း လက်သည်ကိုရှာတော့ အိမ်က အမှိုက် လမ်းမ ထုတ်ပြီး ရှုပ်နေကြတဲ့ ခင်ဗျားတို့တစ်တွေကြောင့်ပဲလို့ ဆိုရမှာပဲ။ သန့်သန့်ပြန့်ပြန့်ဖြစ်ဖို့ တံမြက်စီးကိုင်ရတဲ့ အလုပ်က ခင်ဗျားတို့အလုပ်။ ကျွန်တော်တို့ ယောကျာ်းတွေ အလုပ်မဟုတ်ပါဘူး။ ခင်ဗျားတို့က လုပ်ရမှာကို ခင်ဗျားတို့က ရှုပ်နေကြတော့ ဒီမြို့ရွာဟာ သန့်ရှင်းနိုင်ပါဦးမလား။ ဒီတော့ ခင်ဗျားတို့ လက်သည်ပဲ"

'မြို့ရွာသန့်ရှင်းရေးဟာ ဘာဆိုင်လို့ ကျွန်မ လက်သည်ဖြစ်ရမှာလဲ။ ကျွန်မနဲ့ မဆိုင်ဘူး'ဟု ခင်ခင်သန့်က ခါခါကြီး ပြောလိုက်လေသည်။

"ယုံပါတယ်၊ ခင်ဗျားနဲ့ မဆိုင်ဘူး၊ ခင်ဗျားအလုပ် မဟုတ်ဘူးလို့ ခင်ဗျား ထင်လို့ ခင်ဗျား ဒီလို လုပ်ရက်တာပေါ့။ ခင်ဗျား ပြည်ပဲ၊ ခင်ဗျား မြို့ပဲရယ်လို့ ခင်ဗျား ပိုင်ပိုင်ဆိုင်ဆိုင် ယူဆထားရင် ခင်ဗျားတင် မဟုတ်ဘူး၊ ခင်ဗျားတို့လို မိန်းမတွေ အားလုံး အားလုံးက ယူဆကြရင် ကုလားတွေ အများကြီးထားဖို့ မလိုပါဘူး။ အခွန်အခလည်း ဒီလောက်များဖို့ မရှိဘူး။ သည့်ပြင်နိုင်ငံတွေမှာ မိန်းမတွေ သန့်လွန်လွန်းလို့ အမှိုက်ဆိုတာ အိမ်မှာရော၊ လမ်းမမှာရော တွေ့ချင်လို့မှ မတွေ့ရဘူး။ တွေ့ချင်ရင် အမှိုက်တောင်း၊ အမှိုက်ကျင်းကို ရှာကြည့်မှ အမှိုက်ကို မြင်ရပါလိမ့်မယ်။ ဒီလို လမ်းမမှာ အမှိုက်ထွက်ပစ်ကြတာ ရှိကို မရှိကြပါဘူး။ ဒါကြောင့် ခင်ဗျား ရုပ်ကလေးကို လှရမှန်းသိသလို၊ ခင်ဗျားနာမည်ကလေး သန့်သလို၊ ခင်ဗျားအပြုအမူကလေးတွေလည်း သန့်ဖို့ ကျွန်တော်က ပြောလိုက်ရတာပါ"

"ရှင် ပြောချင်ရာ ပြောနေ၊ ရုပ်နဲ့ နာမည်ကို ခိုက်ပြောစရာ မလိုဘူး"





'စိတ်ဆိုးသွားသလား၊ ကျွန်တော်ပြောတာ'ဟု စောစောက ဆေးဆေး လေးလေး ပြောသည်ထက် ယခု ပို၍ ဆေးလေးသောအသံဖြင့် မေးလေသည်။

ခင်ခင်သန့်က မျက်စောင်းကလေးထိုးလျက် 'လူကိုက'ဟု ရေရွတ်လိုက်ပြီး ချာခနဲလှည့်ကာ အိမ်ဘက်ဆီသို့ သုတ်သုတ်လျှောက်သွားလေတော့သည်။

ထိုအခါမှ ကိုဦးမှာ လမ်းပေါက်ပွင့်သွားသဖြင့် မိမိအိမ်ဘက်ဆီသို့ ကွေ့၍ လျှောက်သွားလေသည်။ တစ်ဦးတစ်ယောက်က ကိုဦးကိုတွေ့လျှင် 'ကိုဦး ဘာများ သဘောကျလာပါလိမ့်'ဟု မုချ အောက်မေ့ကြပေလိမ့်မည်။ ကိုဦး လွန်သွားမှ ဒေါ်လေးမှာ သစ်ပင်ကွယ်ရာက ထွက်လာရသဖြင့် ကိုဦး၏ မျက်နှာတစ်ပြင်လုံး ပြုံးချင်တိုင်း ပြုံးသွားသော အမူအရာကို မတွေ့လိုက်ရပေ။

ခင်ခင်သန့်မှာ အိမ်ဘေးတွင် မိခွေးကို လှည့်၍ ရှာနေလေသည်။ မိခွေးသည် ရေတွင်းဘေးတွင် ဆောင့်ကြောင့်ထိုင်လျက် ချေးတွန်းနေလေသည်။ မိမိဆီသို့ ခင်ခင်သန့် လျှောက်လာနေသည်ကို ကျောခိုင်း၍ နေသဖြင့် မမြင်ဘဲ ရှိလေသည်။ မိမိ၏ တင်ပါးကို ခြေထောက်နှင့် ကန်လိုက်သည့်အတွက် လှည့်၍ ကြည့်တော့မှ သူ၏ မမကို မြင်ရလေသည်။

"ခွေးမ ... ဟိုဘက်အိမ်က မျက်မှန်က ငါ့ကို ဘယ်လိုခေါ်တယ်"

'ဝမ်းဆွဲလို့ ခေါ်ပါတယ်'ဟု မိခွေးသည် ကြောက်ရွံ့ရွံ့နှင့် ဖြေလေသည်။ ဤအကြောင်း ထပ်၍ မေးနေပြန်ခြင်းကိုလည်း အံ့သြနေလေသည်။

"တင်ပါးကို ထပ်၍ တစ်ချက်ပေါက်လိုက်ပြီး 'လက်သည်လို့ ခေါ်သလား၊ ဝမ်းဆွဲလို့ ခေါ်သလား"

မိခွေးသည် ရုတ်တရက် အဖြေမပေးနိုင်၊ သူ့လုံချည်မှ တစက်စက်ကျနေသော ရေပေါက်ကိုသာ ကြည့်နေရှာသည်။ ခဏကလေးကြာမှ 'အတူတူပါပဲ'ဟု ခင်ခင်သန့် မျက်နှာကို မကြည့်ဘဲ ငုံ့လျက်ပင် မဝံ့တဝံ့ဖြေလေသည်။ ဒီစကားကို ဘာကြောင့် အရေးတကြီး လုပ်ပြီး မေးနေပါလိမ့်ဟု သူ ခေါင်းစား၍ မရနိုင်အောင် ဖြစ်နေလေသည်။

'ဘာ အတူတူပါပဲလဲ'ဟု ခင်ခင်သန့် အော်ဟောက်လိုက်ပြီးနောက် ဆင့်ကာ ဆင့်ကာ နှစ်ချက် သုံးချက် ဖနောင့်နှင့် ပေါက်လေသည်။

ဒေါ်လေးတွင် မချုပ်တည်းနိုင်ဘဲ အသံထွက်အောင် ရယ်မောပြီးလျှင် 'ဘယ်လို တူတာလဲ ရအောင်မေး...ရအောင်မေး'ဟု ပြောကာ ထပ်၍ တခစ်ခစ် ရယ်နေပြန်လေသည်။

"ပြောလေ၊ နင် မပြောဘူးလား၊ ဘယ်လိုတူတာလဲ၊ နင့်ကို ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



များ တူတယ်လို့ ပြောသလဲ ပြော"

မိခွေးသည် ထိုင်ရာမှ ထ၍ ရပ်လိုက်ပြီးလျှင် ဒေါ်လေးကို ကြည့်လိုက်၊ ခင်ခင်သန့်ကို ကြည့်လိုက်နှင့် လုပ်နေလေသည်။

ခင်ခင်သန့်က 'မေးနေတာ မပြောဘူးလား' ဟု ကန်မလို ဟန်ပြင်လိုက်မှ . . .

"ရွာထဲက လက်သည် ဒေါ်နှင်းဆီကြီးကို မမပဲ လာရင် မာလကာသီးတွေ ပေးလိုက်လို့ ပြောပြီးတော့"

မိခွေးလည်း ဆက်၍ မပြောတော့ဘဲ သူ့စကား၏ အဓိပ္ပာယ်ကို လူကြီးသိသလို မသိနိုင်တိုင်း ယခုလို အကန်အကျောက်ခံရခြင်းကြောင့် မျက်နှာအိုကလေးနှင့် နှုတ်ခမ်းကလေးစူမိလေရာ ဒေါ်လေးသာ ခင်ခင်သန့်ကို ဆွဲ၍ မထားမိလိုက်ပါက မုချ ယခုထက် ပို၍ နာနာကြီး အကန်ခံရပေမည်။ ဒေါ်လေးတွင် ရယ်ရလွန်းသဖြင့် မျက်ရည်များပင် ကျလေလျှင် လက်ကိုင်ပဝါဖြူကလေးကို ထုတ်၍ သုတ်ကာ ခင်ခင်သန့်ကို အိမ်ထဲသို့ ဆွဲခေါ်သွားလေသည်။

မိခွေးမှာ တစ်စက်တစ်စက်ကျနေသော ရေပေါက်ကလေးများကို တစ်စက် တစ်စက်ကျနေသော မျက်ရည်ပေါက်ကလေးများကြားမှ ကြည့်ရင်း မိမိမှန်သောစကားကို ပြောပါလျက်နှင့် မမသန့် မတရား နှိပ်စက်သွားခြင်းကို နာကြည်း ခံပြင်းခဲ့လေသတည်း။

[ဂျာနယ်ကျော်၊ အတွဲ(၁)၊ အမှတ်(၁၀)၊ ၂၀–အောက်တိုဘာ–၁၉၄၅]

## မိန်းမ ဝိဝိ

"စစ်အတောအတွင်းကြီးမှာတော့ ဖြစ်သလိုပဲ နေရမှာပဲကွယ်။ ဒါတွေကို ခုနေခါ တွေးပူလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

ဒေါ်နှင်းအေးလည်း လေးလေးနက်နက် စဉ်းစားလျက် ရှိ၏။

"သွားချင်လို့ သွားရတာ မဟုတ်တာလည်း မင်းအသိပဲ၊ မလုပ်လည်း တစ်ပြစ်၊ လုပ်လည်း တစ်ပြစ်နဲ့ ဒီတစ်ခါလောက် လူလုပ်ရတာ ကြပ်တာတွေ့ဖူးပါဘူး။ ကိုယ့်ဟာနဲ့ကိုယ် နေရတာပဲကွယ်။ မိုလ်တဲကြီးက အကျယ်ကြီးပဲ၊ သူတို့က အပေါ်မှာ နေတာပဲ။ ကိုယ်က အောက်မှာ နေပေါ့၊ တခြားစီပဲ"

"တခြားစီတော့ တခြားစီပဲ၊ ဒါပေမဲ့ လေကားက အတွင်းကဆိုတော့ တစ်အိမ်တည်းနေကြသလိုမို့ ကိုက်ပါ့မလား ဆိုတာသာ ပူတာပါ"

"ဒါကတော့ မနှင်းအေးရယ်၊ သူတို့လည်း မင်းထဲ စိုးထဲကပဲဟာ အောက်တန်းစားမှ မဟုတ်တာ၊ ပူမနေပါနဲ့၊ ဒီလိုပေါ့။ ဖြစ်သလိုပေါ့ကွယ်"

ဦးဘမောင်က မည်သို့ပင် မပူရန် ပြောပါသော်လည်း ဒေါ်နှင်းအေးမှာ ပြောင်းရွှေ့ရခါနီး၌ သောကမအေးဘဲ ဖြစ်၍ နေ၏။ မိမိတို့ မရောက်ဖူးသော မြို့တွင် မသိသောသူများနှင့် အတူစပ်၍ တစ်အိမ်တည်း နေရမည်ကို မိခင်ပွန်းက လွယ်လွယ်ကလေး သဘောထားနိုင်သော်လည်း မိမိတွင်မူ ဤဘဝလောက် အရေးကြီးသောကိစ္စ မရှိဟု ထင်မှတ်မိလေ၏။

ကိုယ့်ဘာသာ သပ်သပ် အိမ်တစ်ဆောင်ငှား၍ နေရန် စုံစမ်းပါသော်လည်း မိတ္ထီလာတွင် ဂျပန်ဝင်လာစက ဗုံးကြဲထားသဖြင့် အချို့မှာ မီးကုန်၍



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပိုအလွတ်တစ်လုံးမှ ငှား၍ မရခဲ့ပေ။ အရာရှိကြီးများအတွက် နေထိုင်ရန် ဗိုလ်တဲတစ်တဲသာ ကျန်ရှိလေရာ ထိုဗိုလ်တဲတွင်လည်း ယခုနေထိုင်လျက်ရှိသော ရာဇဝတ်ဝန်ထောက် ဦးအေးတို့နှင့် မိမိတို့ တွဲ၍ နေရတော့မည် ဖြစ်လေ၏။

ဦးအေးထံမှလည်း မိမိခင်ပွန်းထံသို့ အမြန်ပြောင်းရွှေ့လာရန်နှင့် ၎င်းတို့နှင့်ပင် အတူနေရန် စာတစ်စောင် ရေးပို့ထားလေ၏။

ဦးဘမောင်သည် ဦးအေးထံသို့ ယခုလကုန်အရောက် လာရောက်မည့်အကြောင်း ပြန်စာတစ်စောင် ရေးလျက်နေစဉ် ဒေါ်နှင်းအေးလည်း မသက်မသာ မျက်နှာထားနှင့် ဦးဘမောင်ရှေ့တွင် ထိုင်၍ နေ၏။

"ခုနေခါကွယ် လူချင်း အမျိုးမတော်ပေမဲ့ အလုပ်ချင်းက အမျိုးတော်နေတော့ ကျောချင်းကပ်ပြီး နေရတာလည်း တအားပဲကွယ်။ ကာလကြီးက ကောင်းတာ မဟုတ်ဘူး။ ကိုယ့်အလိုကျအတိုင်း ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး။ ဒီတော့ အခါကာလကို ကြည့်ပြီး သည်းခံကြရတော့မှာပဲ"

မိမိအား ဖျောင်းဖျောင်းဖျဖျ တရားချနေသော ခင်ပွန်းသည်ကို ကြည့်လျက် ဒေါ်နှင်းအေးလည်း အင်းမလှုပ်၊ အဲမလှုပ် နားထောင်နေလေ၏။

ထိုအတွင်း အသက် ၂၅ နှစ်ခန့်ရှိ သူငယ်တစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာရာ ဦးဘမောင်က လှမ်း၍ ပြုံးပြီး 'မောင်မောင်ရေ၊ မင်းမေမေ ပစ္စည်းတွေ ကူပြီး သိမ်းပေးကွယ်။ ဖေဖေတို့ တနင်္ဂနွေနေ့လောက် ရုံးကကား စီစဉ်ပေးမယ် ပြောတယ်၊ အဆင်သင့် လုပ်ထားမှပဲ"

'ဖေဖေတို့ ဟိုမှာ အိမ်ရပြီလား'ဟု မောင်မောင်က မေးရင်း မိဘနှစ်ဦးနားတွင် ဝင်၍ ထိုင်လိုက်လေ၏။

"အိမ်မရလို့ မင်းမေမေ စိတ်ညစ်နေတာပေါ့ သားရဲ့။ ဟိုမှာဝန်ထောက်ဦးအေးတို့နဲ့ အတူနေရလိမ့်မယ်"

"စိတ်မညစ်ပါနဲ့ မေမေရယ်၊ ကျွန်တော်တို့လည်း လူများတာမှ မဟုတ်ဘဲ၊ သားအဖသုံးယောက်နဲ့ အစေခံ လင်မယားနှစ်ယောက်ပဲဟာ၊ ဒီလိုပဲ ကြည့်နေရတာပေါ့"

ခင်ပွန်းသည်တွင်မက သားဖြစ်သူကပါ ဖျောင်းဖျနေခြင်းကို ဒေါ်နှင်းအေးလည်း ခေါင်းတဆတ်ဆတ် ညိတ်၍ နေလေ၏။

*

ဖုန်တထောင်းထောင်းထဲ၌ လူးလိမ့်၍ပြေးနေသော ကားကြီးပေါ်တွင် ဒေါ်နှင်းအေးသည် အဝတ်ကို ခေါင်းပေါင်းလျက် လိုက်ပါလာခဲ့လေ၏။





မြို့ထဲသို့ ကားဝင်လာခဲ့သည့်တိုင် နှာခေါင်းတွင် ပဝါဖြူနှင့် ပိတ်၍ထားသဖြင့် ဦးဘမောင်က သားလုပ်သူအား 'ဟော့ မင်းမေမေ အသက်ရှူခိုင်းပါဦးကွယ့်'ဟု ရယ်ရယ်မောမော ပြောရလေ၏။

မြို့ထဲတွင် ရုတ်တရက် မျက်စိလည်နေကြ၍ ဟိုဝင် သည်မေးနှင့် တစ်နာရီခန့်ကြာမှ ကန်ကြီးနားရှိ ဗိုလ်တဲဝင်းထဲသို့ ကားဝင်ခဲ့နိုင်လေ၏။

မိတ္ထီလာကန်တော်ကြီးကား ကြည့်လေတိုင်း မဆုံးနိုင်ဘဲ အမှိုက်သရိုက်ကင်းစင်၍ ရေတပြင်လုံး ဖွေးဖွေးကြည်လင်နေလေ၏။ ကန်မှ တသိမ့်သိမ့် တိုက်ခတ်လိုက်သော လေပြည်လေညင်းကလေး၏ အရသာကို သုံးဆောင်ခံစားလိုက်ရခြင်းကြောင့် တစ်လမ်းလုံး ဖုန်တထောင်းထောင်းနှင့် ငြီးငွေ့နံလာရခြင်းကို ဆေး၍ ယပ်ခပ်ပေးလိုက်သကဲ့သို့ အေးမြကြည်လင်သွားကြလေ၏။

အိမ်ပြင်ဘက်တွင် ကားထိုးဆိုက်လိုက်သော်လည်း တစ်ဦးတစ်ယောက်မျှ ရုတ်တရက် ထွက်မလာကြပေ။ ဟွန်းသံအတန်တန်ပေးမှ အပေါ်ထပ် ဆင်ဝင်တံခါးပေါက်တစ်ချပ် ပွင့်လာပြီး အသက် ၄၀ ခန့်ရှိ မိန်းမတစ်ယောက် ကိုယ်တစ်ပိုင်း ပေါ်ထွက်လာလေ၏။

အကျီကြယ်သီးများ ပြုတ်၍ ဆံပင်ဖိုးရိုးဖားရားနှင့် ထိုမိန်း၏အသွင်ကို ဒေါ်နှင်းအေးလည်း လှမ်း၍ အကဲခတ်လိုက်၏။ ပြတင်းပေါက်မှ ခေတ္တမျှ ငုံကြည့်နေပြီးမှ 'ဩော်... ဘယ်သူတွေလဲလို့ လက်စသတ်တော့ ကိုအေးပြောနေတဲ့ ဝန်ထောက်မင်းတို့ပါလား။ လာပါ...လာပါ။ ဟဲ့...မိစော၊ ဟုတ်ပေါင်၊ ဟဲ့...မိစမ်း... မိစမ်း တံခါးဖွင့်လိုက်စမ်းပါဟဲ့၊ အောက်က တံခါးတွေ ဖွင့်လိုက်ပါ ဆိုမှ။ ဒီကောင်မနှယ် ယောင်တိယောင်တောင်နဲ့ မြန်မြန်လုပ်၊ သည့်သည်တွေ ရောက်နေပြီ၊ မြန်မြန်ဟဲ့'ဟု ပြောလေ၏။

ထိုမိန်းမ၏ အသံမှာ တစ်ပြိုင်နက်တည်း စီစီညံသွားလေ၏။

ဦးဘမောင်၊ မောင်မောင်နှင့်တကွ အစေခံနှစ်ယောက်ပါ ကားကြီးပေါ်မှ ပစ္စည်းများကို မြေပေါ်သို့ ပုံချနေကြစဉ် ဒေါ်နှင်းအေးမှာ ပွင့်လာသော အောက်ထပ်တံခါးဝတွင် ရပ်လျက် အခန်း၏ အခြေအနေကို အကဲခတ်၍ နေလေ၏။

အခန်းကို ကြည့်နေစဉ်တွင် လှေကားမှ အပေါ်ထပ်က မိန်းမကြီးလည်း ဘျတ်ဖျတ်နှင့် ဆင်း၍ လာလေ၏။

"ဝန်ထောက်မင်းတို့ လာမယ်ဆိုတာနဲ့ ကျွန်မတို့ အောက်ထပ်ကို ရှင်းထားပါတယ်။ အကျယ်ကြီးပါပဲ၊ နေနိုင်ပါတယ်။ ဒီကတော့ ဝန်ထောက်မင်းနဲ့ ဘာတော်ပါသလဲ။ တစ်နေ့တစ်နေ့ မျှော်လိုက်ရတာ မပြောပါနဲ့တော့၊ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း လာခဲလိုက်တာ ဆိုပြီး မျှော်နေတာပါပဲ။ ဒီနေ့မနက်တောင် "ဒီနေ့များ ရောက်ကြမလား မသိဘူးကွယ့်'လို့ ပြောသွားသေးတယ်။ ညနေ ရုံးက ပြန်လာရင်တော့ ဝမ်းသာမှာပဲ"

ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ်နှင့် ကိုယ် အငြိမ်မနေ၊ လက် အငြိမ်မနေ တစ်ကိုယ်လုံး သွက်သွက်လှုပ်ခါ၍ ပြောနေပုံကို ဒေါ်နှင်းအေးတွင် နတ်ဝင်သည်နှင့် တွေ့နေရသကဲ့သို့ မှတ်ထင်နေမိလေ၏။

စကားအဆုံးသတ်၍ ရပ်တည်ရာ ရသွားပြီး ငြိမ်ငြိမ်သက်သက်ဖြစ်၍ သွားမှပင် ဒေါ်နှင်းအေးက 'ကျေးဇူးတင်ပါတယ်၊ ကျွန်မ ဦးဘမောင် ဇနီးပါပဲ။ တွေ့ရတာ ဝမ်းသာပါတယ်'ဟု တစ်လုံးချင်း ခပ်လေးလေး၊ ခပ်အေးအေးနှင့် သာယာသိမ်မွေ့စွာ ပြန်၍ ပြောလေ၏။

"ဒါကလေ၊ ဒါက အိပ်ခန်းလုပ်နိုင်တယ်။ ဒါက ဧည့်ခန်းနဲ့ ထမင်းစားခန်းရော လုပ်ပေါ့။ ဪ...မင်းကတော်က သနပ်ခါးလိမ်းခန်း မလိုပါဘူး။ သမီးပျိုမှ မရှိဘဲ၊ အိပ်ခန်းထဲပဲ လုပ်တာပေါ့။ ရေချိုးဖို့တော့ အောက်မှာ အခန်းမရှိဘူး။ နောက်ဖေးဘက်မှာပဲ ကာပြီး ချိုးပေါ့။ ထမင်းချက်တာတော့ ဟိုအစေခံတန်းလျားနားမှာ မီးဖိုရှိတယ်၊ အဲဒါ အတူတူချက်တာပေါ့"

အိမ်ထဲတွင် တောင်လျှောက် မြောက်လျှောက် ဒယိမ်းဒယိုင်နှင့် စာစာ စာစာလုပ်နေသည့်အတွက် အိမ်၏ အနေအထားကို ပစ္စည်းများ ချက်ချင်း သွင်းနိုင်ရန် မစီမံ မရာထားနိုင်ဘဲ စိတ်အနှောင့်အယှက်ဖြစ်လျက် 'ဟုတ်ကဲ့၊ ဟုတ်ကဲ့'ဟုသာ ခေါင်းတွင်တွင် လိုက်ညိတ်နေရလေ၏။

ပစ္စည်းများ အိမ်ထဲသို့ သယ်လာလျှင် ဟိုမှာ ထားပါလား၊ သည်မှာ ထားရင် မကောင်းဘူးလားနှင့် မုချပင် ဆရာလုပ်နေဦးမည့် ပုံပန်းပဲဟု အကဲခတ်မိပြီးနောက် ပစ္စည်းများကို နေရာချ၍ မရွှေ့ဘဲ တစ်နေရာတည်းတွင် စုပုံထားစေလေ၏။

ဦးဘမောင် ဝင်လာလျှင် လာချင်း ဒေါ်နှင်းအေးက 'ကိုဘမောင်၊ ဒါ ဦးအေး မင်းကတော်ပဲ'ဟု မိတ်ဆက်၍ ပေးလိုက်ကာ ဆင်ဝင်အောက်တွင် ခေါက်ကုလားထိုင်များကို ဖြန့်၍ ခင်းပေးလိုက်ပြီး နှစ်ယောက်သား စကားလက်ဆုံ ကျနေစေ၍ ၎င်းတွင်မူ အိပ်ရန် အခန်းကို ရှေးဦးစွာ တွင်တွင်ကြီး သုတ်ခြေတင်၍ ဆေးကြော ရှင်းလင်းသုတ်သင်နေလေ၏။

ဦးဘမောင်နှင့် စကားပြောနေရာမှ မိမိအား 'ကျွန်မတို့ လည်းထားပါတယ်၊ လည်ပြီးသားပါ'ဟု တစ်ချက်တစ်ချက် လှမ်း၍ ပြောသဖြင့် ဒေါ်နှင်းအေးလည်း အားနာသောအသွင်၊ ကျေးဇူးတင်သော အမူအရာမျက်နှာ





သားမျိုးပြလျက် 'ဟုတ်ကဲ့၊ ဟုတ်ကဲ့'ဟုပြန်ပြောရင်း ရှင်းမြဲ ရှင်း၍ နေလေ၏။

"မောင်နီ မင်းက အိုးတွေ ခွက်တွေ ထုတ်၊ ဆန်တို့ ဆီတို့ ငါးခြောက်ဘို့ကိုယူ၊ နောက်ဖေးက တန်းလျားမှာ ထမင်းသွားချက်တော့ တစ်ဖိုက ရေနွေးအိုးတည်ထားပါ"

"မြမေ ဟိုထောင့်မှာ စုထားတဲ့ အမှိုက်ပုံကြီးကို ကြုံးပြီး ဝင်းထဲရဲ့ ဟိုတစ်ဖက်မှာ သွားပစ်။ ပစ္စည်းတွေ စုပုံထားရတဲ့ နေရာက ရေဖတ် မတိုက်ရသေးဘူး။ ပြီးတော့ သံပုံးထဲက ရှိလက်စ ရေကလေးနဲ့ တိုက်လိုက်"

"မောင်မောင်ရေ၊ မင်းဖေဖေ ရေချိုးပြီး လဲဖို့ အဝတ်အစားတွေ ထုတ်ထား။ မင်းလည်း ခေါက်ခုတင်တွေ ဆင်ပြီးရင် ရေချိုးတော့"

တစ်ယောက်စီ တစ်ယောက်စီ လှမ်း၍ နှုတ်ကလည်း စီမံခန့်ခွဲလျက်၊ လက်ကလည်း ပန်းကန်သေတ္တာများကို ဖွင့်၍ ရှင်းလင်းနေပြီးလျှင် ခေါက်စားပွဲတွင် ညစာစားရန် ပြင်ဆင်ပြီးနောက် သားဖြစ်သူ ဆင်ထားသော ခုတင်ဆီသို့ သွား၍ အိပ်ရာများ ပြင်ဆင်နေလေ၏။

နှစ်နာရီ၊ သုံးနာရီအတွင်း အောက်ထပ်မှာ နေသားတကျ ဖြစ်သွားလေ၏။ ခရီးရောက်မဆိုက် ခေတ္တ တစ်နေ့တစ်ည နေနိုင်ထိုင်နိုင်ရန် အချိန်လု၍ အပြေးအလွှား စီမံခန့်ခွဲ ပြင်ဆင်လုပ်ကိုင်နေရသဖြင့် ဒေါ်နှင်းအေးတွင် ချွေးတလုံးလုံးနှင့် ဖြစ်၍ နေ၏။

အိပ်ရာများကို ခင်းကျင်းပြီးနောက် အပြင်ဘက်တွင် မိမိခင်ပွန်းနှင့် စကားလက်ဆုံကျတုန်းရှိသော ထိုမင်းကတော်အား 'တော်တော်လည်း စကားပြောနိုင်တဲ့ မိန်းမပဲ၊ နေစောင်းနေပြီ'ဟု စိတ်ထဲတွင် အောက်မေ့လျက် အပြင်သို့ ထွက်လာကာ ဇန်းငယ်ကလေးတစ်ချပ် ထုတ်၍ ဖန်ခွက်နှစ်လုံး ဆေးကြောပြီးလျှင် ဆီးဖျော်ရည်များ ဖျော်ထည့်လိုက်ပြီးနောက် ၎င်းတို့ စကားပြောနေရာသို့ မြမေအား သွား၍ ပို့ခိုင်းလိုက်လေ၏။

"ဪ... နေရာရှာလို့ ပြောင်းတုန်း ရွှေ့တုန်းမှာ ဒုက္ခများလိုက်တာ၊ ထမင်း ညစာ မချက်ပါနဲ့ဦး။ ဒီတစ်ည အိမ်ကပဲ ချက်ပါ့မယ် ဝန်ထောက်ခင်းရယ်"

'သောက်ပါ...သောက်ပါ၊ အင်မတန် ခံတွင်းရှင်းပါတယ်။ ထမင်းချက်နေပြီ ထင်ပါရဲ့။ မနှင်းအေးရေ...မနှင်းအေး၊ မင်းကတော်က ထမင်းမချက်ပါနဲ့တဲ့ကွယ်'ဟု ဦးဘမောင်က လှမ်း၍ ပြောလိုက်သော်လည်း...

'အို...နေပါစေ၊ ချက်ခိုင်းထားပါပြီ၊ နေပါစေ'ဟု ဒေါ်နှင်းအေး၏ အသံသာ ထွက်လာပြီးလျှင် လူကား ထွက်မလာသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



'ဝန်ထောက်မင်းက ရုံးပြန်နောက်ကျတယ်နော်'ဟု ဦးဘမောင်က မေးလိုက်ရာ...

'ဟုတ်ပါတယ်၊ တစ်ခါတလေလည်း ဂျပန်တွေနဲ့ မြင်းစီးသွားနေလို့ နောက်ကျတတ်ပါတယ်။ လာချိန်တန်ပါပြီ'ဟု ပြန်ပြောလေ၏။

"အင်း... မင်းကတော် ခုနက ပြောသလို ဆိုရင်တော့ အခုနေအခါ လူတွေလည်း အရင်လို မဟုတ်တော့ဘူး။ လောဘတိုက်နေကြပြီ၊ ဒီလောက်ပဲ စားကုန်သောက်ကုန် ဈေးကြီးသလား မင်းကတော်ရယ်"

"အဲဒါ ဈေးနှုန်းကန့်သတ်ထားလို့ ဝန်ထောက်မင်းရဲ့၊ လူတွေကလည်း ဂျပန်စစ်တပ်သာ ကန်ထရိုက်သွင်းချင်တာပဲ။ ကန့်သတ်တဲ့ဈေးနဲ့ မရောင်းပါဘူး။ ဝှက်ပြီး ရောင်းတော့ မတန်အတန် ပေးဝယ်ရတယ်။ ရတဲ့လခကလည်း ဆီတစ်ပုံးဖိုးတောင် မရှိတော့ အိတ်ထဲက စိုက်နေရတာပါပဲ။ တစ်လနဲ့တစ်လ ဟာ၊ ဟော... မင်းကတော်တောင် ရေချိုးပြီးပါရောလား၊ ဘယ်မှာ သွားချိုးလိုက်သလဲ၊ အပေါ်ထပ် တက်ချိုးရောပေါ့"

'နေပါစေ၊ မြမေနဲ့ ဆွဲခိုင်းပြီး ချိုးလိုက်ပါတယ်'ဟု ဒေါ်နှင်းအေးက ပြန်ပြောပြီး ဦးဘမောင်ဘက်သို့ လှည့်၍ 'ကဲ... ရှင် ရေသွားချိုးတော့လေ' ဟု ဆိုကာ ဦးဘမောင် အထတွင် ဦးဘမောင်၏ နေရာတွင် ဝင်၍ တစ်လှည့် ဧည့်ခံရလေ၏။

"အပေါ်ထပ်မှာ လူတော်တော်များပါသလား မင်းကတော်"

"မများပါဘူး၊ ကျွန်မတို့ သားအဖသုံးယောက်ရယ်၊ ခိုင်းတဲ့ ကောင်မလေးနှစ်ယောက်ရယ်၊ ဒါပါပဲ"

"ဩော်... သားသမီး ရှိတယ်နော်"

"သမီးပျိုကလေး ရှိပါတယ်၊ မင်းကတော်သားရော ကျောင်းမထားခဲ့ဘူးလား"

"ကောလိပ်တော့ ဖွင့်နေပါတယ်။ ဒါပေမဲ့ ဖအေက ကာလဆိုးကြီးထဲမှာ သားကို မထားခဲ့ချင်လို့ ခေါ်လာပါတယ်"

"ဒီလိုပါပဲ၊ မြမြလည်း မိန်းကလေးပဲ ဆိုပြီး ဆက်မထားပါဘူး။ ခေတ်က ပညာသင်ဖို့ မပြောနဲ့ နေဖို့ထိုင်ဖို့တောင် အတော်ဆိုးတဲ့ခေတ်၊ အလုပ်လုပ်ရတာလည်း မင်းကတော်ရဲ့ မာစတာချည်းပဲ။ အထက်က တစ်မျိုး၊ သခင်က တစ်မျိုး၊ ဓားပြက တစ်မျိုး၊ ဂျပန်က တစ်မျိုး၊ ဘယ်သူ့ ဘယ်သူ ရှိခိုးရမှန်းတောင် မသိဘူး။ ဝန်ထောက်ရယ်လို့သာ ဆိုတယ်၊ ဘာသြဇာမှ လည်း မရှိဘူး။ ဘာပါဝါမှလည်း မရှိပါဘူး။ အခိုင်းအစေ၊ အစေခံ၊ ပြာတာ





က စပြီး မနာခံချင်ဘူး။ ဘုရား မထူးချင်ဘူး။ ဒါကြောင့် ပြောလိုက်ရတယ်၊ ဘဲ့ မနေ့တစ်နေ့ကဖြစ်တဲ့ လက်သစ်ဝန်ထောက် မဟုတ်ဘူးနော်၊ တို့ကို ခင်းတုမင်းယောင်တွေလို မမှတ်နဲ့လို့ ပြောရတယ်။ ခရိုင်ဝန်ဆိုတာလည်း မင်းကတော်ကို ပြောရဦးမယ်၊ မနေ့တစ်နေ့ကမှ ခရိုင်ဝန်တက်လုပ်တာလား။ အလုပ်ကို ဘယ်လိုလုပ်ရမှန်း နည်းနည်းမှ နားမလည်ဘူး။ ကိုအေးတို့က ကူညီသင်ပေးနေရတယ်။ ခရိုင်ဝန်ကတော်ကို မင်းကတော်တွေ့ရပါလိမ့်မယ်။ ငါးစိမ်းသည်ပါပဲ။ အာပေါင်အာရင်းက သန်ပါဘိသနဲ့၊ မာနကြီးနေလိုက်တာ ဖက်စိကို မပွင့်ပါဘူး။ ဝတ်စားထားလိုက်တာကလည်း လုပ်သင့် လုပ်ထိုက် တာတွေ အကုန်လုပ်တော့တာပါပဲ။ ဥဩဖရားရော၊ ကျောက်နီရော၊ ကျောက် စိမ်းရော၊ ရွှေရော ပွတ်သီးနေတာပဲ မင်းကတော်ရဲ့။ ဒါကြောင့်မို့ မြမြကို ပြောရတယ်။ ငါသမီး စိန်တွေကို ချွတ်ထား။ မဝတ်နဲ့။ သူတို့လိုပဲ ဥဩဖရား ဆင်နေမယ်လို့ ပြောရတယ်။ အရပ်ကလည်း ကောင်းတဲ့ အရပ်မဟုတ်ဘူး။ ဈက်ခမ်းစပ်တွေနဲ့ ပြောရဆိုရ ဆက်သွယ်ရတာလည်း စိတ်ညစ်စရာကြီးပဲ မင်းကတော်ရဲ့။ တစ်နေ့ကလည်း ဈေးထဲမှာ မင်းမှန်း စိုးမှန်း မသိ ရိုင်းရိုင်း စိုင်းစိုင်းပြောလို့ ကျောင်းမှန်း ကန်မှန်း သိရအောင် နန်းမတော် မယ်နုလို မင်းကတော်အစားထဲက မထင်နဲ့လို့ ပြောခဲ့ရသေးတယ်။ မကောင်းဘူး မင်း ကတော်။ ရှေးကလို မဟုတ်ဘူး မင်းကတော်ရဲ့။ သုံးပန်လှ မင်းကတော်တွေနဲ့ ပေါင်းရ သင်းရတာ ဘယ်လိုများ ခွကျမှန်း မသိပါဘူး"

ဤကဲ့သို့ ကရားမှ ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြော၍ အဆုံး တွင် ဒေါ်နှင်းအေးက ဖန်ခွက်ကို လက်ညှိုးညွှန်ပြလိုက်ကာ 'သောက်လိုက်ပါ ဦး မင်းကတော်'ဟု ဆိုလေ၏။

အသက် ၅၀ ခန့်ရှိ ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ခန်းထဲသို့ ဝင်လာသည်ကို မြင်၍ သောက်နေသည့် ဖန်ခွက်ကို လက်ထဲက ချပြီး 'ကိုအေးရေ၊ ဝန်ထောက်မင်းတို့ ရောက်နေကြပြီ'ဟု လှမ်း၍ အော်လိုက် လေ၏။

"ဩော်... မျှော်လိုက်ရတာ မင်းကတော်၊ ဟဲ... ဟဲ ဝမ်းသာပါတယ်။ ဦးဘမောင်ရော ခင်ဗျာ့"

မျက်ထောက်ကြီးနီ၍ တစ်ခွန်းနှင့်တစ်ခွန်း လေမဆက်ဘဲ ခေါင်းကို ငုံ့ထိုးနောက်ငင် လုပ်ကာ အရက်သမား မျက်စိမျိုးနှင့် ကြည့်၍ ပြောနေခြင်း ကို ဒေါ်နှင်းအေးက 'ရေချိုးနေပါတယ်၊ ဝန်ထောက်မင်း ထိုင်ပါ၊ ထိုင်ပါ'ဟု ကုလားထိုင်ကို ထိုး၍ ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အို... ထိုင်ပါ... ထိုင်ပါ၊ ကျွန်တော် တစ်နေ့လုံး ထိုင်ရလို့ ညောင်းပါတယ်။ မလှမေ မင်းကတော်တို့ကို ဘာလေး ညာလေး ကျွေးပြီးပြီလား။ ထမင်းလည်း ကျွေးပါ၊ ထမင်းကျွေးဖို့ မင်း စီမံပါ။ မင်းကတော်၊ ကျွန်တော့် မိန်းမက စကားသာ ပြောတတ်တယ်၊ ညှော်သည် ညှော်ဝတ်တော့ နားမလည်ဘူးဗျာ"

'အို... ကိုအေးကလည်း ဘာတွေ လျှောက်ပြောနေပါလိမ့်မလဲ။ ဒီလိုပဲ မင်းကတော်၊ ဂျပန်တွေက အတင်းတိုက်လိုက်ပြန်ပြီ ထင်တယ်။ မသောက်ဘူးတော့ အူရိုင်းနေတယ်'ဟု ဒေါ်နှင်းအေးကို ပျာပျာသလဲ ပြောလိုက်ပြီးနောက် 'ကိုအေးကလည်း ညှော်သည်ရှိတယ်လေ'ဟု လင်အား စိုးရိမ်ကြောင့်ကြဟန်နှင့် ဒေါ်လှမေမှာ မျက်စိမျက်နှာပျက်၍ နေလေ၏။ မိမိအား အားနာနေကြောင်း သိရသဖြင့် ဒေါ်နှင်းအေးက 'ကိစ္စမရှိပါဘူး၊ တခြားလူတွေမှ မဟုတ်ဘဲ ကျွန်မ နားလည်ပါတယ် မင်းကတော်'ဟု များစွာ အရေးမကြီးလှသည့်ဟန်ဖြင့် ပြန်၍ ပြောလိုက်ရလေ၏။ ဤသို့ပင် ပြောလိုက်ရစေကာမူ ဦးအေးမှာ အရှိန်မရပ်နိုင်သေးဘဲ...

'အူရိုင်းတယ်၊ အမယ်...ဟေ့ ကျုပ်ကိုလား အူရိုင်းတယ် ပြောတာ၊ ကိုယ့်လင် တစ်သက်လုံး သောက်လာတာ အဆန်းလားကွ။ မင်းကတော် ကျွန်တော် အများကြီး အားနာပါတယ်။ ဒီမိန်းမ အရက်အများကြီး ခွဲတယ်။ မဟုတ်တာ အင်မတန် ပြောတယ်။ ကျွန်တော် အရက်သောက်ပေမယ့် သူ့လို မဟုတ်တာတော့ မပြောဘူး'ဟု အာလုပ်သံ၊ လျှာလုပ်သံကြီးနှင့် ယိုင်တိ ယိုင်တိုင် ဖြစ်နေပြန်ရာ ဒေါ်နှင်းအေးတွင် လင်မယားနှစ်ယောက် ဖြစ်နေပုံကို ကြည့်၍ နား မျက်စိ ရှက်လာသောကြောင့် 'ကိုဘမောင်၊ ကိုဘမောင်'ဟု လှမ်းခေါ်လိုက်ရလေ၏။

ဦးဘမောင် ထွက်၍ လာပြီး ဦးအေးအား လက်ဆွဲနှုတ်ဆက်ကာ လွတ်နေသော ကုလားထိုင်များကို ဝင်၍ ထိုင်ကြမှ မိန်းမသားနှစ်ဦးမှာ စိတ်သက်သာရာ ရ၍ သွားကြလေ၏။

*

ညစာ စားကြစဉ်တွင် ဦးဘမောင်က ဦးအေးသည် အရက်သောက်တတ်သော်လည်း စိတ်သဘောကောင်း၍ လူ့ဝတ္တရား အင်မတန် သိသူတစ်ယောက် ဖြစ်သည်ဟု ပြောပြနေလေ၏။

ဒေါ်နှင်းအေးသည် ဦးအေး၏ မိန်းမအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ ထင်မြင်ချက် ဝင်၍ မပေးဘဲ လင်ပြောသည့် စကားများကိုသာ အလိုက်





သင့် ပြောကြား နားထောင်ပြီး နေလေ၏။

ထိုအတွင်း လှေကားမှ 'ဘလပ်၊ ဘလပ်'နှင့် ဆင်းလာသော အသံကို ကြားကြ၍ အားလုံး လှမ်း၍ ကြည့်လိုက်ကြ၏။

အထဲမှ အတွင်းခံ ဇာဘော်လီကို လက်သုံးလုံးလောက် ဖော်ပြထားသည့် အင်္ကျီတို၊ ကိုယ်ကျပ်နှင့် ထဘီတိုတို ဝတ်ထားသော မိန်းကလေးတစ်ယောက်ကို မြင်ကြရလေ၏။ အသက်အရွယ်မှာ ၁၆ နှစ်၊ ၁၇ နှစ်ခန့်လောက် ရှိလေ၏။ ခေါင်းက ဆံပင်များမှာ အဖု အလိပ် အတွန့် အကောက်တွေဖြင့် အမောက်ကြီး လုပ်ထားသဖြင့် ရုတ်တရက်ကြည့်သော် ဆံပင်နှင့် မတူဘဲ ဦးထုပ်ကို ဆောင်းထားသည်နှင့် တူလေ၏။ မျက်နှာတစ်ပြင်လုံး ဖွေး၍ နှုတ်ခမ်းရဲရဲနှင့် မျက်ခုံးကို အလိုရှိသလို ခဲနှင့် ကောက်ကောက် ဆွဲထားလေ၏။

ထမင်းစားနေကြသည်ကို မြင်လျှက်နှင့် ကိုယ်ရှိန်မသတ်ဘဲ 'ဘလပ်၊ ဘလပ်'နှင့် ဆင်းခဲ့၍ အောက်ဆုံးအထစ်သို့ ရောက်သောအခါမှ 'အန်တီတို့ ထမင်းစားနေပြီကိုး'ဟု ဒေါ်နှင်းအေးအား လှမ်း၍ နှုတ်ဆက်လေ၏။

'ထမင်းစားပါဦးလား ကွယ်'ဟု ဒေါ်နှင်းအေးက လှမ်း၍ ပြောလိုက်ရာ ထမင်းဝိုင်းနားတွင် လာရပ်လျက် 'မြမြတို့ မိုးချုပ်မှ စားပါ့မယ်၊ အခုမှ လက်ဖက်ရည်သောက်ကြပါတယ်။ အန်တီတို့ အလကား ချက်စားတယ်။ မေမေက အပေါ်မှာ မေမေ့ကို တဖျစ်တောက်တောက်နဲ့ ပြောနေတယ်'

'ဝန်မလေးပါဘူး မြမြရယ်၊ ဒေါ်ဒေါ်တို့ အရန်သင့် ပါလာပါတယ်'ဟု ဒေါ်နှင်းအေးက ပြောရလေ၏။

"အန်တီတို့ လူသိပ်မများပါဘူး"

"အင်း...မြင်တဲ့အတိုင်းပဲ။ ဒေါ်ဒေါ်တို့ သားအမိ သားအဖသုံးယောက်ယ်၊ ခိုင်းတဲ့ လင်မယားရယ်၊ ဒါပါပဲ"

မြမြသည် မောင်မောင့်ကို မျက်ထောင့်ကလေးကပ်လျက် ကြည့်လိုက်လေ၏။ မောင်မောင်က ငုံ့၍ စားနေသဖြင့် မမြင်ပေ။ ဒေါ်နှင်းအေးက မြင်လေ၏။ ထမင်းစားပွဲနားတွင် လာရပ် စကားပြောနေခြင်းအတွက် သားဖြစ်သူအား ခက်လိမ့်မည်ကို တွေးမိလေ၏။ မောမောပန်းပန်းနှင့် ဝဝမြိန်မြိန်စားပါတော့ဟု ထမင်းကို ကပျာကယာ လက်စသတ်ကာ စားပွဲမှ ထ၍ မြမြအား ခန်းရှေ့သို့ ခေါ်ရလေ၏။

'အန်တီ၊ ကန်မှာ လေညင်းခံရအောင် လာပါ'ဟု မြမြသည် ပြောပြောဆို အပြင်သို့ ထွက်နှင့်သဖြင့် ဒေါ်နှင်းအေးလည်း ၎င်းနှင့်အတူ ကန်ပေါင်သို့ ထွက်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ရီတရော အချိန်ကလေး ဖြစ်လေရာ ပုပ္ပါးတောင်ရိုးတစ်ခွင်မှ မြူခိုးတွေ ညို့၍ နေလေ၏။ သပ္ပာယ်စွာ တည်ရှိသော ကန်လယ်မှ စေတီတော်ဆီသို့ လှေငယ်ကလေးတစ်စီး ဦးတိုက်လျော်ခတ်၍ နေ၏။ ဒေါ်နှင်းအေးသည် စေတီအား လည်းကောင်း၊ အဝှမ်းကျယ်သော ကန်ကြီးအား လည်းကောင်း၊ ခပ်လှမ်းလှမ်းမှ မြင့်မားထိုးထွက်နေသည့် တောင်ရိုး၊ တောင်စွယ်၊ တောင်တန်းကြီးအား လည်းကောင်း၊ ရပ်တန့်ကာ လှမ်းမျှော်ကြည့်ရင်း စိတ်နှလုံး မွေ့လျော်နေခြင်းကြောင့် စကားတစ်ခွန်းမှ မပြောနိုင်ဘဲ စူးစိုက်၍ ကြည့်နေမိလေ၏။

"ကန်ကြီးက သိပ်လမ်းလျှောက်လို့ ကောင်းတယ် အန်တီရဲ့၊ မြမြတို့တော့ ညနေတိုင်း လမ်းလျှောက်တာပဲ။ ဒီဘက်မှာ မြို့ထဲလောက် ဖုန်မထူဘူး အန်တီ"

"ဂျာဒူးကုလား ငှားလို့ရရဲ့လား မြမြ"

"မရပါဘူး၊ ရှိလား၊ မရှိဘူးလား မသိပါဘူး"

"နွားနို့ရော စစ်စစ်ရမှာပေါ့နော်"

"ရပါတယ်၊ မြတို့တော့ ဂျပန်ဆီက သကြားရမှ ကော်ဖီသောက်တာပဲ။ နို့ပဲ သောက်ကြတာပဲ"

"ဂျပန်တွေ အိမ်မှာ အရက်လာမသောက်ဘူးလား"

"တစ်ခါတလေ လာသောက်ပါတယ်၊ ဆူနေတာပဲ"

ဒေါ်နှင်းအေးသည် အရက်သမားနှင့် တွဲနေရမည်ကို စိတ်မသက်မသာဖြစ်၍ သွားလေ၏။ သားအမိ သားအဖ သုံးယောက်တို့၏ အကျင့် အမူအရာ စိတ်နေသဘောထားတို့ကို တွေးတောဆင်ခြင်၍ ကန်ပေါင်တွင် ငြိမ်သက်စွာ ရပ်လျက် နေမိလေ၏။

'ဟော...ကိုကိုနဲ့ ဦးတို့ လိုက်လာပြီ'ဟု မြမြက ပြောလိုက်လေ၏။

ဦးဘမောင်က ဒေါ်နှင်းအေးအား 'ကန်ကို သဘောမကျဘူးလား'ဟု မေးလိုက်သဖြင့် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

မောင်မောင်သည် မိဘများနားသို့ ကပ်မလာဘဲ ခပ်လှမ်းလှမ်း၌ ရပ်ကာ ရေကသိုင်း ရှု၍ နေ၏။

ထိုအခိုက် မြမြသည် ကန်စပ်သို့ ပြေးဆင်းသွားကာ ကျောက်စရစ်ခဲကလေးကို ကောက်၍ ကန်ပေါင်ပေါ်သို့ ပြေးတက်လာပြီးနောက် ရေလယ်သို့ လှမ်း၍ ပစ်လိုက်၊ ပြေးဆင်းကာ ကောက်လိုက်၊ ပစ်လိုက်နှင့် လုပ်၍ နေ၏။





ငြိမ်ငြိမ်သက်သက် အများနည်းတူ ရပ်၍ မနေနိုင်ဘဲ မောင်မောင် ခပ်လှမ်းလှမ်းမှ နေခြင်းကို မရိုးမရွ ဖြစ်ဘိသကဲ့သို့ မမြင် မြင်အောင် လှုပ်လှုပ်ရှားရှားဖြင့် ဣန္ဒြေ ဣန္ဒြာမဲ့၍ နေခြင်းကို မြမြအား သမီးချင်း စာနာကာ သနား၍ သွားလေ၏။

မိမိတွင် သားယောကျာ်းဖြစ်သော်လည်း အစစ အရာရာ စနစ်တကျ ညည်းကမ်းညွှန်ပြ၍၊ ပိပိပြားပြား သေသေဝပ်ဝပ် ဖြစ်စေခဲ့၍ ယခုလို သမီးအရွယ် မိန်းကလေးတစ်ဦး၏ ချို့ယွင်းချက်များကို တွေ့မြင်ရသောအခါ၌ကား မိမိသားနှင့် စာနာ နှိုင်းယှဉ်ကာ မိန်းကလေးအတွက် သနားသွားခြင်းပင် ဖြစ်လေ၏။

ခရီးရောက်မဆိုက် ည၌ အိပ်မပျော်၍ ယနေ့ တွေ့သမျှ၊ မြင်သမျှတို့ကို မှတ်တမ်းတင်ပြီး ၎င်းတို့ သားအမိ သားအဖအတွက် ဒေါ်နှင်းအေးလည်း စိတ်မောမိလေ၏။

နံနက်တွင် ခင်မွန်းသည်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပြီး၍ ရုံးဘက်သွားမှပင် နံနက်စာ စား၍ အကြမ်း ရှင်းလင်း သုတ်သင်ထားသော အိမ်ကို အချောပြင်ပြန်လေ၏။ ပင့်ကူမျှင်၊ ကျပ်ခိုး၊ တံစိုးတစိမှ မကျန်အောင် အမိုးအထပ်ကို သုတ်သင်ရှင်းလင်းလေ၏။ အတွင်းနံရံများကိုလည်း ရေဖတ်နှင့် အထပ်ထပ် တိုက်၍ ချေးချွတ်ပစ်လေသည်။ တံခါးပေါင်၊ တံခါးရွက်၊ ဟိုထောင့် ဒီထောင့်၊ နောက်ဖေးခန်းမှ မချန် တစ်အိမ်လုံး နှံ့နှံ့စပ်စပ် အားရအောင် ဆေးကြော သုတ်သင်ပစ်ပြီးနောက် ပါလာသော စားပွဲ၊ ကုလားထိုင်ကလေးများကို ဖုန်သုတ်ကာ အရောင်တင်လိုက်လေ၏။

ဧည့်ခန်း၊ ထမင်းစားခန်း၊ ရုံးခန်းတို့ကို နေရာတကျ မွမ်းမံပြင်ဆင်ပြီးနောက် ပန်းချီကားကို ဧည့်ခန်းတွင် ချိတ်ရန် မောင်နီအား လက်သမားကိရိယာသေတ္တာကို ယူခဲ့ရန် ပြော၍ မောင်မောင်ကို ကားများ ထုတ်ပေးလေ၏။ မောင်မောင်သည် ကားများကို ကိုင်လျက် နံရံအနီး ကုလားထိုင်ပေါ်တွင် ရပ်ကာ စောင့်၍ နေလေ၏။

တအောင့်လောက်ကြာမှ မောင်နီက 'သေတ္တာ ပါမလာဘူး မမ၊ ကျန်ခဲ့ပါတယ်'ဟု လာပြောသဖြင့် 'မင်းတို့ ဂရုမစိုက်ဘူး။ အိမ်ပြောင်း အိမ်ရွှေ့မှာ ဒါအမြဲယူရမှန်း သိရက်နှင့် ပေါ့ဆတယ်'ဟု မြည်တွန်တောက်တီးနေရင်းက သံ ဘယ်နေရာတွင် ပါလာနိုင်သေးသည်ကို စဉ်းစား၍ နေလေ၏။

အခန်းထဲသို့ ဝင်သွားပြီး အံဆွဲ ဆွဲလိုက်၊ သေတ္တာဖွင့်လိုက်နှင့် မကြာမီ ဒေါ်နှင်းအေး လက်ထဲတွင် သံ လေးငါးချောင်း ဆုပ်၍ ထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'တူမရှိတာ ခက်တယ်၊ ဒီပြင်ဟာနဲ့ ရိုက်ရင် ကောက်ကွေးသွားမှာ စိုးရတယ်၊ မြမေ အပေါ်သွားစမ်း၊ တူကလေး...'ဆိုပြီးမှ သတိတစ်ဖန်ရသလို ဖြင့် 'နေ...နေ ငါသွားမယ်'ဟု ပြောကာ ဒေါ်နှင်းအေးသည် ကိုယ်တိုင်ပင် အပေါ်ထပ်သို့ တက်၍ သွားလေ၏။

လှေကားထိပ်တွင် တံခါးပေါက်ပွင့်နေသဖြင့် ဆင်ဝင်ဧည့်ခန်းကို မြင် လိုက်ရသောအခါတွင် ဒေါ်နှင်းအေးလည်း နှစ်မိနှစ်ခန့် ငြိမ်သက်ရပ်တန့်၍ သွားလေ၏။

ဧည့်ခန်းတွင် သစ်သားလက်ရမ်း ကြိမ်ထိုးကုလားထိုင်လေးလုံးဝိုင်း၍ ချထား၏။ အလယ်တွင် စားပွဲကလေးတစ်ခု ရှိလေ၏။ စားပွဲကို ခင်းထား သော စားပွဲခင်းမှာ မည်သည့်အရောင်အဆင်း ဖြစ်သည်ကို မခန့်မှန်းနိုင်အောင် ရှိချေ၏။ ယောကျ်ားဝတ် လုံချည်တစ်ကွင်းကို ကုလားထိုင်လက်ရမ်းပေါ်တွင် တင်၍ ထား၏။ ဆေးပြာ လက်တစ်လုံးထဲ၌ ဆေးလိပ်တိုပေါင်း မြောက်မြားစွာ မြုပ်၍နေသော ဆေးလိပ်ပြာပန်းကန်မှာ စားပွဲပေါ်တွင် အပေါ်လွင်ဆုံး ဖြစ်၏။ ဖုန်များကို ခြေဖဝါးနှင့် အထပ်ထပ် ပွတ်ထားသဖြင့် ကြမ်းပေါ်တွင် ဖုန်များ သိပ်လျက်နေရာ လျှာထိုးပျဉ်များပင် ရုတ်တရက် မမြင်ရပေ။ လက်ဖက်ရည် ကြမ်းအိုး၊ လက်ဖက်ရည် ပန်းကန်လုံးများမှာ စားပွဲနှင့် ထာဝစဉ် မခွဲသကဲ့ သို့ အချို့ပန်းကန်လုံးများမှာ လက်ဖက်ရည်ချိုးကပ်ကာ ဝါကြန့်၍ နေ၏။ စိုလိုက်ရ၊ ခြောက်လိုက်ရနှင့်ပင် စားပွဲ၌ အမြဲထာဝစဉ် နေရသည့် ပုံပန်းအသွင် ကို ဆောင်လျက် ရှိကြ၏။ ထိုအတွင်း လေတိုက်လိုက်သဖြင့် တမာရွက်ခြောက် တို့မှာ ကြမ်းပြင်ပေါ်တွင် အလိုက်သင့် လွင့်ကာ ရှရစ် ရှရစ် အသံထွက်လျက် ရှိ၏။ ပွတ်ခြင်း၊ တိုက်ခြင်း မရှိ၍ ဖုန်အလိမ်းလိမ်းနှင့် ညိုညစ်မည်းပေနေ သော စားပွဲ၊ ကုလားထိုင်များအနီး၌ အရောင်အဆင်းကင်းမဲ့သော အပ်ချုပ် စက်တစ်လုံး ရှိ၏။ စက်ပေါ်တွင် သရက်ထည် ထဘီဟောင်းများ ပုံ၍ တင် ထား၏။ ချည်စ၊ ထဘီစ၊ အထက်ဆင် အနက်ကိုက်စတို့မှာလည်း တမာရွက် ခြောက်များကဲ့သို့ ကြမ်းပေါ်တွင် ကစဉ့်ကရဲ လွင့်လျက်နေ၏။

ဒေါ်နှင်းအေးသည် တွေ၍ ရပ်နေရာမှ မည်သည့်အသံမျှ မကြားရ၍ အတွင်းသို့ နှစ်လှမ်း သုံးလှမ်း လျှောက်ဝင်လာခဲ့လေ၏။

အပေါ်တွင် အိပ်ခန်းနှစ်ခန်း ရှိ၏။ ဆင်ဝင်ဧည့်ခန်းနှင့် အိပ်ခန်းတို့ ကြားတွင် အဆောင်တစ်ခုရှိရာ ထိုအဆောင်တွင် ဘုရားစင်ကို တွေ့ရသဖြင့် ကြက်သီးမွေးညင်းများပင် ထ၍ သွား၏။





စားပွဲခုံကြီးပေါ်တွင် ကျောက်ဆင်းတုတစ်ဆူ တင်၍ ထားပြီး ဆင်းတု ...ရှေ့တွင် ဖန်ခွက်သုံးလုံး၊ ဟင်း အစအနနှင့် ဆွမ်းကပ်ထားသည့် ဆွမ်း ...ဘော်ပန်းကန်တစ်ချပ် တွေ့ရလေ၏။ ဆွမ်းတော်ပွဲကို ဘေးပြတင်းပေါက်မှ ...ကလေးတွေ တရုန်းရုန်း ဝင်၍ ထိုးနှိုက်စားနေကြသောကြောင့် ထမင်းလုံး ... စားပွဲပေါ်တွင် ဖွေးဖွေးလှုပ်၍ နေ၏။

မိန်းမလေးယောက်ရှိသော အိမ်၌ ဤမျှ စုပ်ပုံကြရမည်လားဟု ဘုရား ...င်ကို ကြည့်လိုက်ရာ ဒေါသများပင် ထွက်လာလေ၏။ လူတစ်ဦးတစ်ယောက် ... မနေသကဲ့သို့ တိတ်ဆိတ်လှခြင်းကြောင့် 'ဘယ်မှလဲ သွားကြတာ မတွေ့ ...ဘူး၊ အထဲမှာ ထင်ပါရဲ့'ဟု အောက်မေ့ပြီး ညာဘက်အခန်းဝသို့ ကိုယ်ကို ...န်း၍ ကြည့်လိုက်ရာ ကြမ်းပေါ်တွင် ဖျာတစ်ချပ်ခင်းလျက် ပိုးလိုးပက်လက် ...င်လျက်ရှိသော ဒေါ်လှမေကို တွေ့ရလေ၏။

အခန်းတွင်း၌ကား အပြင်ထက်ပင် ပို၍ ဆိုးလေ၏။ သံခုတင်နှစ်လုံး ...၍ ခင်းထားပြီးလျှင် ခုတင်ပေါ်တွင် ကျလျက်ရှိသော ခြင်ထောင်ကို ...ည့်ခြင်းအားဖြင့် ခြင်ထောင်ကို တင်သည့်ထုံးစံ မရှိခြင်းကို ချက်ချင်းသိနိုင် ...၏။ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တို့ကလည်း အိပ်ရန်ကို မဆို ...နှင့် မြင်ရုံနှင့် မသတိစရာ ဟောင်းနွမ်းညစ်ပေ လှပေ၏။

ခုတင်ခြေရင်းရှိ ဒေါက်နှင့် သံစ်သားတန်း စင်ကလေးပေါ်တွင် ရှပ် ...ဟောင်း၊ ယောကျ်ားလုံချည်၊ မိန်းမအင်္ကျီ၊ ဇာဘော်လီ၊ မျက်နှာသုတ် ...ဘိုကို တစ်ထပ်ပြီး တစ်ထပ်ပြု၍ စုပုံတင်ထားပုံတို့ကို ဒေါ်နှင်းအေးမှာ ...နှလုံး နာ၍ သွားလေ၏။ ဘယ်ဘက်အခန်းတံခါးမှာ စိ၍ ထားခြင်းကြောင့် ... မတွေ့နိုင်ဘဲ စိတ်သက်သာရာ ရသွားရလေ၏။

အသံပြုရ ကောင်း မကောင်း စဉ်းစားပြီးမှ စားသောက်ပြီးကြ၍ ကျော ...နေကြခြင်းကို မနှိုးလို၍ အောက်ထပ်သို့ ပြန်၍ ဆင်းခဲ့လေ၏။

ထိုနေ့ ထိုရက်မှစ၍ တစ်အိမ်တည်း အတူနေကြသော်လည်း ဒေါ်နှင်းအေး ...ငင်းတို့နှင့် စကြဝဠာတံတိုင်းခြား၍ နေလေ၏။ မိမိနှင့် အစစဆန့်ကျင် ...ကြီး ဖြစ်၍ နေသည်ကို တစ်နေ့ထက်တစ်နေ့ ပို၍ သိသာလာလေ၏။

သမီးလုပ်သူကိုမှ နည်းပေးညွှန်ပြ ဆိုဆုံးမရန် သိတတ်သူမဟုတ်၍ ...တို့၏ အစေခံတို့မှာကား ပြောဖွယ်ရာ မရှိ၊ အောက်မီးဖိုထဲတွင် ဗြောင်းဆန် ...နေကြ၏။

'အစ်မရဲ့ မီးဖိုပြင်ဘက်ရင်လည်း ထွက်ချက်မှပဲ။ ဖိုခွဲထားပေမဲ့ ဒီ ...သည့် လုပ်နေတုန်း ဖိုပေါ်တင်ထားတဲ့ ယောက်မယူသွားလိုက်၊ ဇွန်းယူ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်နဲ့ ယူကိုင်ပြီး ကိုင်တဲ့ နေရာမှာလည်း မထားဘူး၊ မီးဖိုထဲလည်း ဘယ်တော့မှ မလှည်းကြဘူး။ ကျွန်တော်ပဲ ဒိုင်ခံလှည်းရတာပဲ။ ဘယ်လို ညစ်ပတ်မှန်း မသိဘူး'ဟု မောင်နီ ခဏခဏ ညည်းလှ၍ တစ်နေ့တွင် မီးဖို သို့ ခေါက်တုံ့ခေါက်ပြန် ကင်းထောက်၍ ကြည့်လေ၏။

ဆီပုလင်း၊ နနွင်းမှုန့်ဘူး၊ ငရုတ်ဆုံ၊ ဓား၊ စဉ်းတီတုံးတို့ကို ဟင်းအိုးဖို ပေါ် ရောက်သည့်တိုင်အောင် မသိမ်းဘဲ မီးဖိုထဲတွင် ပြန့်ကျဲထားကြလေ၏။

ထမင်းချက်သည့် ကလေးမကလေးမှာ ဟင်းအိုးမီးဖိုပေါ် တင်ထားခဲ့ ပြီး ခြံထဲသို့ ဆင်းလိုက်၊ အပေါ်သို့ တက်လိုက် လုပ်နေသဖြင့် မျက်စိအောက် တွင် အမြင်မတော် ဖြစ်နေရာ...

'မောင်နီရယ် ဟင်းအိုး တူးနေပြီ၊ ချပေးလိုက်စမ်းပါ။ မြင်ပြင်းကတ် လှတယ်'ဟု ပြောလိုက်ရသောအခါ 'ဒီလိုပဲ အမေရဲ့၊ နေ့တိုင်း နေ့တိုင်း သူတို့အလုပ်ကိုပါ အမြင်မတော်တိုင်း ကျွန်တော်က ကြည့်ပြီး လျှောက်လုပ် ပေးနေရတာပဲ၊ ကျွန်တော်လည်း စိတ်ညစ်ပြီ' စသည်ဖြင့် တတွတ်တွတ် ညည်းညူနေခြင်းကို 'ခဏကွယ် ခဏပါ၊ သည်းခံပါ'ဟု ဖျောင့်ဖျပေးရလေ၏။

နံနက်ခင်း၊ ညနေခင်း၌တွင် မဟုတ်ဘဲ တစ်နေ့ခင် လုံ့လိုလိုပင် အောက်ထပ်သို့ ဆင်း၍ သားအမိနှစ်ယောက် လာလည်နေကြခြင်းကြောင့် အိမ်မှုကိစ္စများကို မလုပ်နိုင်အောင် ဧည့်ခံ၍ နေရသဖြင့် ဒင်းတို့ပဲ အားရှိ ကောဟု အောင့်အည်းသည်းခံ၍ အလိုက်အထိုက် လုပ်နေရလေ၏။

အရည်မရ အဖတ်မရ အကျိုးမဲ့ အချည်းနှီး စကားများသာလျှင် အဖ တလဲလဲ ကြားနာ၍ နေရသဖြင့် ဒေါ်နှင်းအေးသည် အလွန်အမင်း စက်ဆုပ်လှ လျက်နှင့်ပင် ဟန်လုပ်နေရလေ၏။

'ကိုအေး သောက်လိုက်တာ ဆိုတာ မင်းကတော်တို့ အမြင်ပဲ၊ မလင် ဘူး။ စိတ်ညစ်လွန်းလို့ ကျွန်မဖြင့် ဘာမှ မလုပ်ချင်ဘူး။ မင်းကတော်တို့ တော့ အေးချမ်းတယ်၊ လင်ကောင်းရတယ်၊ ကုသိုလ်ကောင်းတယ်' စသည် ဖြင့် အိမ်ထောင်ကို ဇရပ်သဖွယ် လုပ်နေခြင်းကို လင် အရက်သောက်လို့ လွှဲချကာ ကိုယ့်အပြစ်ကို ဖုံးခါ ဖိခါ ပြောလေသေး၏။

ငင်းတို့ သားအမိကား ဧည့်သည်သာလျှင် မျှော်၍ နေကြ၏။ လာ သမျှ ဧည့်သည် မင်းကတော်များနှင့် အပေါ်ထပ်တွင် ပူအိုက်သည် အကြောင်းပြကာ အောက်ထပ်၌ တရုန်းရုန်း၊ တအုန်းအုန်း လာလုပ်နေခြင်း ကြောင့် မျက်စိရှုပ်လှ၍ အိမ်ပြောင်းပြေးချင်သော စိတ်များပင် အခါခါပေါ် မိလေ၏။





ငင်းတို့နှင့် ရောနှောကာ ဝိုင်းထိုင်၍ စကားမပြောလျှင်လည်း မကောင်း၊ ပြောရမည့် စကားများမှာလည်း မိမိ တစ်သက်လုံးက မပြောခဲ့သည့် အတင်း အဖျင်းတို့ကြောင့် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်၍သာ နေရလေ၏။

ယောက်ျား၊ မိဘ၊ လင်သား၊ အပေါင်းအသင်း၊ အရပ်သတင်း၊ အတင်းတို့ကို ဝိုင်းဖွဲ့၍ ပြောလိုက်ကြရာ နေကုန်မှပင် ထကြလေ၏။ ငင်းတို့ ကဲ့သို့ တနေကုန် ထိုင်မနေနိုင်၍ အိမ်၏ လုပ်ငန်းဆောင်တာတို့ကို ထ၍ လုပ်ကိုင်နေမှပင် နားချမ်းသာရာရလေ၏။ ဤသို့ နေ့စဉ် နေ့တိုင်း စိတ်မချမ်း သာစရာ တွေ့ကြုံနေရသည့် ကြားထဲမှပင် စိတ်ချမ်းသာစရာ အိမ်၏သုခကို လင်နှင့် သားအား တစ်နေ့မပျက် ပေးနိုင်အောင် ပေးလျက်ရှိလေ၏။

ယခုလို ကိုယ့်အိမ်ကိုယ့်အိုးနှင့် မလွတ်မလပ် စိတ်ကျဉ်းကျပ်နေရသည့် အထဲ၌ ဒေါ်နှင်းအေးတွင် စိတ်နှလုံး နောက်ကျိစရာ အမှုတစ်ခု ကြုံတွေ့လာ လေ၏။ မိမိ၏သားနှင့် မြမြတို့မှာ တစ်နေ့ထက်တစ်နေ့ ရင်းနှီးသည်ထက် ရင်းနှီး၍ လမ်းလျှောက်အတူ၊ သွားအတူ၊ စားအတူ ဖြစ်နေပုံကို စိတ်မချမ်း သာလျက်နှင့် ဘာမှ မဖြစ်ဘိသကဲ့သို့ ဟန်ဆောင်၍ နေရခြင်းကြောင့် ဖြစ် လေ၏။

ကလေးတို့ဘာဝ ရှေ့နောက် ဘာမှ မစဉ်းစားဘဲ လျှပ်ပေါ် ပေါ်ကြော့ အစားမျိုးနှင့် မိမိသား ဖြစ်ပျက်သွားမည်ကို စိတ်ထဲတွင် မချိတင်ကဲ ဖြစ်၍ နေ၏။ နေ့ရှိသမျှ ဤပြဿနာကို ပြေပျောက်ဖို့ရန်သာအကြံထုတ် ဉာဏ်ထုတ် လွန်း၍ စိတ်ရှုပ်၍ နေ၏။

နေ့နှင့်အမျှ သားစိတ်ကြောင့် မသက်မသာ စိတ်ညစ်၍ နေခဲ့ရာ သနေ့တွင်မှ သား၏ ပြဿနာအတွက် သက်သာရာ ရရှိနိုင်မည့် လမ်းတစ် ချက်ကို တွေးမြင်လေ၏။ ထိုအကြံအတိုင်း မြမေအား ခေါ်ကာ တစ်စုံတစ်ရာ အားတိုးမှာကြား ပြောဆိုထားလိုက်လေ၏။

မိမိအကြံမှာ တစ်ရက်၊ နှစ်ရက်သော် ဘာမျှ မထိရောက်သေးသော် လည်း လေး၊ ငါး၊ ရက် ကြာသောအခါ၌ ထိရောက်လာခြင်းကို တွေ့ရလေ၏။

'အိပ်ရာကို မတင်ဘူး မေမေရဲ့၊ ဘာဖြစ်လို့ မတင်ပါလိမ့်လို့ အံ့သြ ပြီး ကျွန်တော့်ဟာ ကျွန်တော် တင်ရတယ်။ ကျွန်တော် အိပ်ရာပြင်မှပဲ၊ မပြင် ရင် ဘယ်တော့မှ မပြင်ပေးဘူး။ အခု ဘာဖြစ်နေသလဲ မသိဘူး' စသည်ဖြင့် နှုတ်သံ ညံသံကလေးများ ကြားစ ပြုလာရလေ၏။

'ကြည့်ပါဦး မေမေရဲ့၊ ကျွန်တော့် အခန်းကလေးထဲ မေမေ ကြည့်ပါ ဦး၊ အကျႌဟောင်း လုံချည်ဟောင်းတွေကို မေမေရယ် ထိုးထားလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာနောက်မှာ ကျွန်တော် သွားတွေ့တယ်။ ကောင်းသေးရဲ့လား မမေရဲ့’ ဟု ဒေါသအမျက်ထွက်၍ အော်ကြီး ဟစ်ကျယ် ပြူးတူးပြဲတဲနှင့် လုပ်လာသည့်အခါ၌ မြမေအား မြည်တွန်ကြိမ်းမောင်း၍ မိမိကိုယ်တိုင် သား၏အခန်းထဲ ဝင်ပြီး ရှင်းလင်းပေးလိုက်ခြင်းဖြင့် သားအား ကျေနပ်သွားစေလေ၏။

ရက်သတ္တ တစ်ပတ်၊ နှစ်ပတ်အတွင်း၌ ဤအမှု မပေါ်ပေါက်ဘဲ အေးသလိုလို ရှိသွားစေပြန်ပြီး နောက်တစ်နေ့တွင် မောင်မောင် မြို့ထဲမှ ပြန်ရောက်လာပြီး၊ ညနေအေးတွင် မြမြတို့ ပျော်ပွဲစား ထွက်လိမ့်မည်ကို သိသည်နှင့် မောင်မောင် လိုက်မသွားနိုင်ရန် ဒေါ်နှင်းအေးသည် မောင်မောင်အား ခေါ်ကာ ဈေးဘက်သို့ ထွက်၍ သွားပြီးလျှင် နေစောင်းမှ အိမ်သို့ ပြန်ခဲ့ကြလေ၏။

ဒေါ်နှင်းအေးသည် မိမိ၏ အခန်းထဲသို့ ဝင်၍ အဝတ်များ လဲနေရာ တစ်ဖက်ခန်းမှ ဗလောင်ဆန်နေသည့် အသံများ ကြားရပြီးလျှင် မိမိအခန်းထဲသို့ ရှူးရှူးရှဲရှဲနှင့် မောင်မောင် ဝင်ရောက်လာသည်ကို တွေ့ရလေ၏။

“မမေ…မမေ့ကို တိုင်ရမလားလို့ အစ္ဆဲ့တိုက်နေသလား မသိဘူး။ ကျွန်တော့် အင်္ကျီဟောင်းတွေ မလျှော် မဖွပ်ဘဲ အကုန်စုပြီး သေတ္တာထဲ ထိုးထားပြန်ပြီ။ ချဉ်စော်နံနေတာပဲ။ တစ်ထည်ဆို တစ်ထည်မှ လျှော်ပြီးသား မရှိဘူး မမေရဲ့။ အခန်းထဲမှာလည်း သဲတရှုပ်ရှုပ်နဲ့ ဖြစ်ချင်သလို ဖြစ်နေတာပဲ”

“နေထိုင်မကောင်းလို့များ မလုပ်တာလားဟယ်”

“အဝတ်ဟောင်းကို တစ်ထည်က နှစ်ထည်ထားရင် ကျွန်တော် မပြောပါဘူး။ အခု လေး ငါး ဆယ်ထည် စုထပ်ထားတာ၊ တမင်လုပ်တာပေါ့ မမေရဲ့။ ဘယ်မိန်းမ ဒီလို လုပ်ထားမလဲ၊ ဒါ တမင်တကာ လုပ်ထားတာမှ တမင်အစ္ဆဲ့တိုက်တာ။ မမေ လာကြည့်ပါ။ အိပ်ရာဆိုတာ နံနေပြီ၊ ဘယ်တုန်းက များ သုံး၊ လေးရက် မလဲဘဲ သူ နေရဖူးသလဲ။ ဒီနေ့မှ သေသေချာချာကြည့်မိတယ်။ ဟောင်းလှပြီ၊ နံစော်နေပြီ။ သူ ဘာလုပ်နေတာလဲ၊ ကျွန်တော် ပြောရလိမ့်မယ်”

‘မဟုတ်တာ ဘယ့်နှယ် မင်း ပြောရမှာလဲ၊ ဒါ မင်းပြောရမယ့်ကိစ္စ မဟုတ်ပါဘူး၊ မမေ မေးရ ပြောရမှာပါ။ နောက် ဒါမျိုး မဖြစ်စေရဘူး လာလာ၊ မမေ မန်ကျည်းသီးထောင်း စားချင်လို့ လာစမ်း၊ လာစမ်း’ ဟု မောင်မောင်အား အိမ်ဘေးသို့ ဆွဲ၍ ခေါ်သွားလေ၏။

မောင်မောင်သည် မိမိ စိတ်ဆိုးနေပြီ အထင်ရှိ၍ မိမိအား စိတ်ဆိုးပြေသွားရန် မိခင်က ခိုင်းသည်ဟု အထင်ရှိကာ စိတ်မဆိုးကြောင်း မိခင်အား ပြလို၍ ရယ်ရယ်မောမော လုပ်လျက် သစ်ပင်ပေါ်သို့ တက်သွားလေ၏။





မန်ကျည်းပင်ကြီးမှာ အိမ်နှင့် ကပ်လျက် ပေါက်နေသည့် ရေမအပင်ကြီး ဖြစ်လေ၏။ ဒေါ်နှင်းအေးသည် မန်ကျည်းပင်မှ မန်ကျည်းသီးကို မကြည့်ဘဲ တစ်ကိုင်းမှ တစ်ကိုင်း တက်၍ သွားသော သားအားသာလျှင် အောက်က စိုက်ကြည့်နေလေ၏။

လက်လှမ်းထားသော အကိုင်းမှ မန်ကျည်းသီးကို ရုတ်တရက် မခူးသေးဘဲ အပင်နှင့် ကပ်လျက် အပေါ်ထပ်အခန်းသို့ မျက်စိရောက်နေကြောင်းကို ဒေါ်နှင်းအေးလည်း သားအား စူးစိုက်၍ ကြည့်နေလေ၏။

အခန်းကို စူးစူးစိုက်စိုက် ကြည့်နေသည့် မောင်မောင်ကို ‘ဟဲ့…ဘာများ မြင်ရလို့လဲကွယ့်၊ ရှု့မဲ့နေလိုက်တာ။ ခူးမှာ ခူးစမ်းပါကွယ်’ ဟု အောက်က အသံပေးလိုက်လေ၏။

မောင်မောင်သည် မိခင်၏ အသံကြားမှ မန်ကျည်းသီးများကို လှမ်းဆွတ်ကာ ခါးပိုက်ထောင်ထဲသို့ ထည့်လေ၏။

အခန်းကိုသာလျှင် သမင်လည်ပြန် လှည့်ကြည့် လှည့်ကြည့်လုပ်၍ ခူးနေသည်ကို ဒေါ်နှင်းအေးလည်း ကျေနပ်စွာ ကြည့်၍ နေ၏။

‘တော်လောက်ရောပေါ့ကွယ်’ ဟု လှမ်း၍ အော်ပြောလိုက်မှပင် မောင်မောင်သည် အောက်သို့ ဆင်းလာခဲ့လေ၏။

“ဘာတွေ မြင်ရလို့လဲ သားရဲ့၊ မျက်မှောင်ကြုတ်ကြည့်နေလိုက်တာ၊ သူတို့ မရှိကြဘူး။ အပြင်ထွက်သွားကြတယ်”

‘ဘယ်သူနေတဲ့ အခန်းလည်း မသိပါဘူး မမေရယ်။ ဖြစ်နေလိုက်တာ’ ဟု ပြောပြီး မိခင်အား မဲ့ရွဲ့၍ ကြက်သီး ထပြလိုက်လေ၏။

“ဒီဘက်က မြမြနေတဲ့ အခန်းလေ။ ဘာဖြစ်လို့လဲ၊ ဘာတွေ့ခဲ့ရလို့လဲကွ”

“ဟာ ထဘီတွေ ထဘီတွေ ကွင်းလုံးချွတ် ပုံထားလိုက်တာ မမြင်ဝံ့ရှုဝံ့ပါပဲ။ ကြမ်းပြင်မှာ သနပ်ခါးစက်တွေကလည်း ဖွေးဖွေးလှုပ်နေတာပဲ။ ခြင်ထောင်ကြီးကလည်း လေနဲ့ လွင့်နေလိုက်တာ မည်းညစ်နေတာပဲ။ ပင့်ကူအိမ်တွေကလည်း ပွလို့။ ဖုန်တွေ အမှိုက်သရိုက်တွေနဲ့ တစ်ခန်းလုံး ပွေရှုပ်ပြီး ကျွမ်းသဒါလန်နေတာပဲ”

“ဟုတ်လား၊ သြော်…အေးအေး၊ အဲဒီလို မိန်းမနဲ့များ မင်း ရရင်ခက်မယ်။ ခဏတဖြုတ် ရုပ်တာတောင် မင်း မနေတတ်တဲ့အကောင်၊ မင်းယူတဲ့မိန်းမ၊ မင်းနဲ့ကို နှစ်ပြန်လောက် သန့်မှ ကိုက်တော့မှာပဲ’ ဟု ရယ်မောကာ မောင်မောင်၏ နားထဲသို့ ထိုစကားများ ပစ်သွင်းလိုက်ပြီးလျှင် ထိုနေ့ညနေ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဒေါ်နှင်းအေးကိုယ်တိုင်ပင် မောင်မောင်၏ အခန်းကို အထူးစပါယ်ရှယ် ခင်းကျင်းပြင်ဆင်ပေးလိုက်လေ၏။

မောင်မောင်လည်း မိမိ၏ သားနားသပ်ရပ် သန့်ရှင်းလှသည့် အခန်းကို ရေချိုးရာမှအပြန် တွေ့ရရာ မိခင်အား ကျေးဇူးတင်လှ၍ မိခင်ပြောသည့် စကားများကို နားမှ မထွက်နိုင် ဖြစ်၍ သွားလေ၏။

ထိုနေ့မှစ၍ ရန်ကုန်သို့ ပြန်မပြောင်းမချင်း ဒေါ်နှင်းအေးသည် မြမြနှင့် မောင်မောင် အတွဲနည်း၍ မောင်မောင် ရှောင်ဖယ်နေပုံကို မြမြနှင့် နှစ်ယောက်သား ကြိတ်၍ ပြုံးနေကြလေတော့၏။

[ဂျာနယ်ကျော်၊ အတွဲ (၄)၊ အမှတ်(၅)၊ ၂၅-မေ-၁၉၄၆ နှင့်
အတွဲ (၄)၊ အမှတ်(၆)၊ ၁-ဇွန်-၁၉၄၆]

# သည်မိုး

လေသည်လည်း တိုး၍ တိုး၍သာ တိုက်၏။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အပြင်းအထန် တိုက်လိုက်ပြီးနောက် မိုးသက် မိုးစက်ပါ လေထဲတွင် ရောနှောပါလာလေ၏။

ညအချိန်ဖြစ်၍ အမှောင်ဓာတ် အုပ်ဆိုင်း ဖုံးလွှမ်းထားမှုကြောင့် အမှုန့် အမှတ်မဲ့သော် ဘာကိုမျှ မြင်နိုင်မည် မဟုတ်သော်လည်း တစ်ချက် တစ်ချက် မှိတ်တုတ် မှိတ်တုတ် တောက်နေသည့် မီးရောင်ကလေး ထွက်လာ၍သာ လူနေ တဲကလေးဖြစ်မှန်း သိနိုင်တော့၏။

ထိုအတွင်း ဝင်းခနဲ ဝင်းခနဲ လျှပ်စစ်လက်လိုက်ပြီးလျှင် နားကွဲမတတ် ထစ်ချုန်းလိုက်သည့် မိုးကြိုးသံကြီး ပဲ့တင်ရိုက်ဟီးသွားလျက် မိုးကောင်းကင်မှ မိုးရေများ တဝေါဝေါ သွန်ချလိုက်လေ၏။

မိုးနှင့်အတူ လိုက်၍ မွှေ့ထိုးတိုက်ခတ်နေသည့် လေအရှိန်သည် မေှး မှိန်အားနည်းလှသည့် ရေနံချေးမီး အုန်းမှုတ်ခွက်ကလေးကို မှိတ်တုတ် မှိတ်တုတ် တောက်နေရာ ဘဝမှ လုံးဝ မှောင်အတိ ကျသွားအောင် ပတ်ချာလည် လှည့် တိုက် ငြိမ်းသတ်နေသဖြင့် နှင်းဥမှာ မီးမငြိမ်းအောင် အမျိုးမျိုးကွယ်ကာ၍ နေရရှာ၏။

ရေနံဆီပုံးအဖုံး သွပ်ပြားအပုံကလေးကို မိမိလက်နှစ်ဖက်နှင့် မြဲမြဲဆုပ် ကိုင်ကာ ငြိမ်းလုငြိမ်းလု ဖြစ်နေသည့် မီးခွက်ကလေးကို ဟိုဘက်လှည့်ကာ၊ ဒီဘက်လှည့်ကာနှင့် မီးတောက် မသေအောင် ကာပေးနေလေ၏။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

လှူလုံးနှင့် ကွယ်လိုက်၊ သွပ်ပြားနှင့် ကာလိုက် လုပ်နေသော်လည်း မိမိတို့ နေရသည့် တဲကလေးမှာ ဝါးလုံး လေးငါးတိုင်နှင့် ကဲလား မရှိ၊ ကွက်တိ ကွက်ကြား သက်ငယ်မိုး၊ သက်ငယ်ကာထားသည့် တဲကလေးဖြစ်ရကား လေပြင်းသဖြင့် နှဲ့ယိုင်၍ ကျိုးကျိုးချွတ်ချွတ် အသံပင် ထွက်လာနေသည့်အတွက် မီးသေရုံတွင် မကဘဲ တဲလုံးပါ ကျွတ်ထွက်သွားကာ အတွင်းရှိ မိမိတို့ သားအမိပါ မိုးရေထဲတွင် မျောသွားရတော့မည်ကဲ့သို့ ထင်ရလေ၏။

မိုးနှင့် လေတို့၏ အအေးဓာတ်ကား ထဘီရင်ရှားနှင့် မီးကို ဆောင့်ကြောင့်ထိုင် ကာနေရသော မိမိအားပင် ခိုက်ခိုက်တုန်နေအောင် ချမ်းအေးလှသဖြင့် တဲထောင့်တွင် ခွေလဲနေသည့် ဒုက္ခိတ ဂိလာန အမေအိုအား သနားလှ၍ 'အမေရေ၊ ထဘီကို လုံလုံခြုံထား'ဟု ဟစ်အော်လိုက်လေ၏။ ဤအသံမှာ နှစ်ကြိမ်ဆင့်၍ ပစ်လိုက်သည့် မိုးကြိုးသံကြားတွင် သဲ့သဲ့လေးမျှသာ ကြားနိုင်လေ၏။

တအုန်းအုန်း ရွာချနေသည့် မိုးလည်း ပိုမို သည်းထန်လာသည်ထက် သည်းထန်လာလေ၏။ လေသည် တိုးဝှေ့၍ ပြင်းထန်သထက် ပြင်းထန်တိုက်ခတ်လိုက်လေ၏။

နှင်းဥသည် ငုတ်တုတ်ထိုင်ကာ နေရာမှ ငိုင်ကျသွားလေ၏။ ဘာကိုမျှ မမြင်ရတော့ပေ။ မိုးသံ လေသံ တအုန်းအုန်း တဖြုန်းဖြုန်း ရောပြွန်းသောအသံထုကြီးသာ ကြားရ၍ မှောင်ကြီးထဲတွင် အာ.စိုက်ကြည့်သော်လည်း မည်သည့် သဏ္ဍာန်မျှ မမြင်ရချေ။

လောကဓာတ် ပတ်ဝန်းကျင်ကို တစ်ကွက်မျှ မမြင်ရနိုင်သော်လည်း ၎င်း၏ ဘဝကိုကား မှောင်ထဲတွင် ဖောက်ထွင်းမြင်လျက် နေ၏။ စောစောက မီးရောင်ကလေးသာရှိလျှင် မြေပြင်တွင် မိုးရေတွေ တသွင်သွင်စီးကျနေသကဲ့သို့ သူ့ပါးပြင်တွင် ဖြိုင်ဖြိုင်စီးဆင်းနေသည့် မျက်ရည်များကို မြင်နိုင်ရာ၏။

ညနေက ကောက်စိုက်အပြန် လယ်ကန်သင်းတွေ ဖြတ်ကျော်၍ လယ်နှင့် တစ်ခေါ်လောက်တွင် ရှိသည့် သပြေပင် ရွာကလေးကို သုတ်ခြေတင်သွားခဲ့၏။ ကောက်စိုက်မ ဘုတိုက 'ရွာမှာ အဝတ်တွေ ဝေနေတယ် ကြားတယ်။ ညည်းတို့မှာ လဲစရာမှ မရှိတာ သွားတောင်းပါလားအေ့။ အင်္ဂလိပ် ပြန်လာလို့ သူကြီးတွေကို အဝတ်တွေ ဝေရအောင် ပို့လိုက်တယ် ဆိုလား။ သေသေချာချာတော့ မသိဘူး။ သွားတောင်းရင် ရတယ် ပြောတယ်။ ငါ့ထဘီပေါက်က လှည့်ဝတ်လို့ မရအောင် ဖြစ်နေလို့ မသွားဝံ့ဘူး။ ညည်းသွားရင် ရှိခိုးပါရဲ့ နှင်းဥရယ်။ ငါ့ဖို့ပါ တောင်းခဲ့ပါ…'ဟု သတင်းပေးလိုက်၍ ရလိုရငြား ဝမ်းသာအားရ





နှင့် ကတိုက်ကရိုက် သုတ်ခြေတင်ခဲ့လေ၏။ နေကလေး ညိုလာ၍ ရွာမြောက်ဖျားကွင်းသို့ ပြန်ရမည့်အတွက် မှောင်မည်စိုးသဖြင့် သုတ်ခြေတင် လျှောက်နေရာမှ ဒုန်းစိုင်းပြေးလေ၏။

ရေဝင်နေသည့် ထဘီကြမ်းမှာ လှတစ်ယောက် ကုန်းပိုး ပြေးရသကဲ့သို့ လေးလံလှ၍ ပြေးရင်းပင် မောဟိုက်နေလေ၏။ ရွာစပ်သို့ ရောက်လျှင် အပေါ်အင်္ကျီမပါဘဲ ထဘီရင်ရှားနှင့် ဖြစ်နေ၍ ရွာသို့ ဝင်ရန် ရှက်မိလေ၏။

ဖခင်ရှိစဉ်တုန်းက ချောင်လည်ခဲ့၍ အဝတ်ထည်လဲ ထားနိုင်ကာ ဝတ်စားနေလာသည့်အတွက် ယခုသော် ကိုယ်တစ်ပိုင်း ဖော်ထားရခြင်းကြောင့် ဓမိရွာပင် မိမိ မဝင်ရဲအောင် လိပ်ပြာလှန့်၍ နေ၏။ ယောက်ျားဖော်၊ မိန်းမဖော် သူငယ်ချင်းများလည်း ရှိ၏။ ယခုတစ်ခေါက် အင်္ကျီလေ မှ ဝတ်မလာနိုင်ရပါလားဟု ဝမ်းနည်းသွားမိ၏။ ဂျပန်တစ်ခေတ်လုံး ရွာထဲသို့လာလျှင်ဝတ်ခဲ့၍ တဲပြန်ရောက်လျှင် ချွတ်ထားရသည့် ဖျင်ကြမ်းအင်္ကျီမှာလည်း ပြဲရာဖာတ်ရာက အစိတ်စိတ် အမွှာမွှာ ကွဲသွားပြီ. လက်နီးဘဝသို့ ရောက်၍ နေသဖြင့် မဝတ်ခဲ့ရတော့ချေ။

နှင်း ဥသည် ဆောင်ယာ သည့် ခမောက်ကို မျက်နှာပေါ်သို့ ခပ်ငိုက်ငိုက် ဆွဲချပြီ.နောက် အုတ်လမ်းမ သာလျှင် ငုံ့စိုက်ကြည့်ပြီး ရွာထဲသို့လျှောက်ဘခဲ့၏။ ရှင်လောင်းလှည့်စဉ် ဟစ်ခါတုန်းက မော်လမြိုင် ရှေ့ထို ဖိနပ်ကလေစီး၍ ဤအုတ်လမ်းမပေါ်၌ လျှောက်ခဲ့ရဖူးသည်တို့ကို ပြန်၍ သတိရလာလေ၏။ ယခုဘဝနှင့် ယခင်ဘဝကို အနေအထိုင် အဝတ်အစား အမျိုးမျိုးတို့နှင့် ချိန်ဆို၍ လျှောက်လာနေရာမှ 'နှင်းဥ…နှင်းဥ'ဟု ဟစ်ခေါ်သံကြားသဖြင့် ကိုယ်ရှိန်သတ်ကာ နောက်သို့ လှည့်ပြန်လှည့်ကြည့်လိုက်၏။

လက်ကိုင်ပဝါပြာကလေးကို ခေါင်းစည်းထားလျက် လက်နှစ်ဖက်ကဒုဆိုးအောက်နားစကို လှန်ကိုင်ကာ ဈေးဆိုင်အိမ်ကလေးရှေ့တွင် ဖွက်ရှောင်ရင်း တုံးတွေကို ခနော်ခနဲ့ ကျော်နင်း၍ ပြေးလာသောသူကို တွေ့ရလေ၏။

နှင်းဥကား မည်သူမည်ဝါ မမှတ်မိပေ။

"တူပါတယ်လို့ အတင်းခေါ်နေတယ် နှင်းဥရယ်။ အခု ဘယ်လဲ"

"သြော်…ကိုညို လူထွက်လာပြီလား"

"အေး…ခဏ ထွက်လာတာ၊ ဆရာတော်က အခု တစ်ဝါ ပြန်ဆိုဦးမယ်ဆိုလို့ မြို့ပြန်ရဦးမယ်။ အခု ဘယ်လဲ၊ ဘယ်နေသလဲ"

နှင်းဥသည် မေးခွန်းနှစ်ခွန်းစလုံးပင် တစ်ခုမှ မဖြေချင်ပေ။ ကိုညိုရှင်ပြုပြီး ငါးနှစ်လောက် ကွဲသွားကြ၍ ယခု မိမိဘဝပြောင်းသွားပုံကို နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းမှ မသိသချင်ပေ။

"ပြောပါဦးဟ၊ ဘယ်လဲ၊ နင့်ကြည့်ရတာ စိတ်မကောင်းလိုက်တာ။ တစ်နေ့ကမှ ရွာရောက်လို့ နင်တို့အကြောင်း သိရတယ်။ ခု ဘယ်ကိုလဲ"

"ဩော်...ဟိုနားတင်"

"ဘယ်သူ့အိမ်လဲ လာလေ သွားမယ်"

"ဟို..."

"အင်း..."

"ဟိုလေ သူကြီးအိမ်"

"သူကြီးအိမ် ဘာလုပ်တုန်းဟ"

ကိုညိုက ရှေးကကဲ့သို့ မိမိအား ရင်းရင်းနှီးနှီး ချစ်ခင်လျက် ရှိသေးသည်ကို တွေ့ရ၍ မျက်ရည်မကျမိအောင် မနည်းပင် ချုပ်တည်းထားရလေ၏။

"သူ့အိမ်ကြီး ဘာလုပ်သွားရမှာတုန်း နှင်းဥရဲ့"

"ကိုညို မကြားဘူးလား။ အဝတ် ဝေနေတယ်လို့ ဘုတိုကောက်စိုက်ရင်း ပြောလိုက်လို့။ အခု လာပြီး တောင်းမလို့"

"တောင်းမလို့။ နှင်းဥ နင် တောင်းမလို့လား။ အလကားပေးတာ မဟုတ်ဘူးဟ။ အစိုးရက အလကားဝေတာ မဟုတ်ဘူး။ ပိုက်ဆံနဲ့ ဝယ်ရတာ။ အဲဒါ လူစေ့ တက်စေ့ အကုန်ရတာ မဟုတ်ဘူး။ ရချင်တဲ့လူမှ ရတာ။ ရွာထဲက လူတွေတောင် အကုန်မရပါဘူး။ နင့်နှယ် မသိရအောင် ဘယ်နေလို့လဲ နှင်းဥရယ်၊ ဟို မြောက်ဖျားမှာလား"

နှင်းဥသည် တွေတွေလေး နားထောင်နေရာမှ ခေါင်းညိတ်ပြလိုက်၏။

မောကြီးပန်းကြီး ပြေးလာခဲ့ရ၍ ကြားရသည့် စကားကြောင့် ဆို့သွားသဖြင့် စကားနှင့်ပင် မဖြေလိုက်နိုင်ပေ။

"သန်ဘက်ခါ ငါ သရက်တောကျောင်းတိုက်ကို ပြန်မယ်။ မြို့ရောက်တော့ ဈေးကြီးမှာ အင်္ကျီတစ်ထည်၊ လုံချည်တစ်ထည် ငါ ဝယ်ပြီး လူကြုံပေးလိုက်မယ်။ ဆက်ဆက်ပေးလိုက်မယ်။ မြို့မှာ အခု အထည်တွေ အားကြီးပဲ၊ ရောက်လာကုန်ပြီ။ မျှော်သာနေနော်"

"နေပါစေ ကိုညိုရယ်"

"ဘယ်က နေပါစေလဲ။ နင့်ဖို့ အဝတ် ဝယ်မလာမိတာ ခုဖြင့် နင့် တွေ့ရတာ နည်းနည်းမှ စိတ်မကောင်းဘူး။ ဒီလောက်ဖြစ်နေမှန်း သိရရင် ငါ





ဝယ်ခဲ့မှာပဲ။ ကဲလေ မိုးချုပ်လိမ့်မယ်၊ ပြန်တော့။ မနက်ကို ငါ အစောကြီး လာမယ်. စောင့်နေနော်။ ဘယ်မှ မသွားနဲ့"

နှင်းဥသည် အသံမထွက်အောင် ကြိတ်၍ ရှိုက်ကာ ရှိုက်ကာ အားရအောင် ငိုပြီးလျှင် မိခင်ရှိရာသို့ မှောင်ထဲတွင် စမ်း၍ သွားလေ၏။ မိခင်ကို စမ်းမိသောအခါ စိုရွှဲနေသည့် လုံချည်စကို ကိုင်မိသဖြင့် စိတ်ထဲတွင် မချိမဆန့် ဖြစ်ဖြစ်နှင့် 'အမေ အမေ'ဟု နား နားသို့ ကပ်ခါ ခေါ်လိုက်၏။

"နှင်းဥ နှင်းဥ၊ အမယ်လေး၊ အသက်ရှူလို့လည်း မရဘူး။ မျက်စိတွေလည်း ပြာလို့။ ငါ မမြင်ရတော့ဘူး"

"မီးငြိမ်းသွားလို့ မှောင်နေတာ အမေရဲ့။ ပန်းနာဆိုတာ အေးရင် ဒီလိုပဲ မောတာပဲ အမေ။ မီး လုပ်နေရတာနဲ့ အမေ့ စိုကုန်မှန်တောင် မသိဘူး'

"ဟို တဲမှာ မီးသွားကူးစမ်း".

"အမေ့ မိုးတွေ ရွာနေတယ်။ လမ်းမှာ ငြိမ်းသွားမှာပေါ့"

"ဟင်း ဟင်း ချမ်းလိုက်တာ"

"လုံချည်ချင်း လဲဝတ်ရအောင် အမေ၊ ချွတ် မှန်း..."

"နင်ကရော"

"အို...အမေ့လုံချည် ဝတ်ပါ့မယ်။ ကျွန်မ ကိစ္စ မရှိဘူး"

နှင်းဥသည် မတ်တတ်ရပ်၍ လုံချည်ကို ချွတ်ချယူလိုက်လေသည်။

မိမိ၏ ကိုယ်တုံးလုံးကိုယ်ကို မှောင်ထဲတွင် မမြင်ရ၍သာ ရဲရဲတင်းတင်း လဲဖယ်ပေးလေ၏။ မိမိ၏ စိုထိုင်းထိုင်း လုံချည်ကို မိခင်အား ဝတ်ပေးလိုက်ပြီး မိခင်ကိုယ်မှ လုံချည်ကို ဆွဲခွာလာရာ လုံချည်မှာ အပေါ်ပိုင်းသာ မိုးရေများ ရွှဲနေ၍ အောက်ပိုင်းက မစိုသဖြင့် ဆွဲချွတ်မယူတော့ဘဲ မစိုသည့်ဘက်နှင့် ရွှေ့၍ ခြေထောက်ကို ထွေးပေးထားပြီး မိမိမူကား ကိုယ်တုံးလုံးနှင့်ပင် မိခင်အား ဖက်ထားလေသည်။

အေးလွန်းလွန်း၍ နှင်းဥ၏ အမေလည်း ရောဂါဖောက်၍ မောနေလေ၏။ နှင်းဥသည် ဘာမှ မကြံနိုင်။ ၎င်း၏ ကိုယ်ငွေ့နှင့်သာ မိခင်အား အပူငွေ့ပေးရလေ၏။ 'သည်မိုး မတိတ်ရင် အမေ ခက်လိမ့်မယ်'ဟု တွေးမိပြီး ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍ 'တိတ်ပါတော့ မိုးရယ်'ဟု အကြိမ်ကြိမ် ဆုတောင်းလျက် ရှိနေ၏။

မိုးလည်း သည်းရာမှ စဲ၍ လာသော်လည်း လေကား တသိမ့်သိမ့် ဘိုက်လျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



'အမေ အမေ'ဟု ထပ် ထပ် ခေါ်ပါသော်လည်း စကားပြန်မရ။ နှင်းဥကား အားငယ်သွားသည်။ တစ်ညလုံး နွေးနွေး မထွေးရဘဲ အစို အအေးကြီးနှင့် ထားလျှင်၊ မိုးလင်းမှ ခံပါ့မလားဟု ကြီးစွာသော ကြောင့်ကြ ပူပန်ခြင်းဖြစ်လေ၏။ အမေ့အား လိုက်လိုက်လှဲလှဲ သနားလှသဖြင့် ဘယ်လိုများ နွေးအောင် လုပ်ရပါ့မလဲဟု အကြံအဖန် ထုတ်ကြည့်မိရာ ညနေက ရွာသို့ သွားစဉ်တဲနှင့် မနီးမဝေးတွင် ရှိသည့် စပါးကျီကြီးကို မြင်လိုက်လေ၏။

ထိုကျီကြီး အမိုးအောက် လူလျှောက်ရန် ဆင့်ခင်းရိုက်ထားသည့် သစ်သားပျဉ်ပြားပေါ်တွင် ဂုန်အိတ်တွေ ဆင့်ထပ်ထားသည်ကို ပြေးမြင်လေ၏။ ကျီနားက ဖြတ်လျှောက်သွားစဉ်သော်လည်းကောင်း၊ ဖြတ်ပြန်လာစဉ်သော်လည်းကောင်း လူရိပ်လူခြေတစ်ဦး မှ မတွေ့ခဲ့ရသဖြင့် မိုးတိတ်လျှင် ထိုဂုန်အိတ်ထပ်မှ ဂုန်အိတ် သုံးလေးလုံး သွားယူမည်။ မိုးလင်းမှ သွားပြန်ထားမည်ဟု မိုးအတိတ်သာ စောင့်လင့်နေလေတော့၏။

အနီးအနား တဲများတွင်လည်း မိမိတို့ကဲ့သို့ ဆင်းရဲသူတစ်စုများ သာဖြစ်ကြ၍ ရှိစုမဲ့စုကလေးတို့နှင့် စကွေ့နေကြမည်ဖြစ်၍ ငှားရရင် လုံလုံလောက်လောက် ပေးနိုင်စရာ မရှိကြပေ။ ဂုံအိတ်ကိုသာ ထွေ့ချင်သလို ထွေးပေးလိုက်ရလျှင် လုံလုံလဲလဲ နွေးနိုင်မည်။ အပြန်မှ အသိတဲကို ဝင်ပြီး၊ မီးခြစ်ငှားခဲ့ပြီး ရေနွေးကြိုတိုက်မည် စသည်ဖြင့် တွက်ကိန် ချနေရင်းပင် မိုးလည်းစဲရာမှ တိတ်သွားလေ၏။

အမေ အမေ၊ ခဏ နေဦး။ မီးထွန်းသွားဦးမယ်' လူမမာမှာ မောဟိုက်နေ၍ ဘာမျှ ပြန်မပြောနိုင်ချေ။

နှင်းဥလည်း မတ်တတ် ထရပ်လိုက်ရာ တစ်ကိုယ်လုံး ဟာသွားလေ၏။ ဟာလာဟင်းလင်း ဖြစ်သွားမှသာ အဝတ်မရှိမှန်း သတိရ၍ ကပျာကယာ သူ့အမေခြေထောက်တွင် ထွေးထားသည့် လုံချည်ကို ကောက်စွပ်လျက် တံခါးသို့ စမ်းထွက်ခဲ့လေ၏။

မိုးသားတွေ ပျောက်သွား၍ တစ်ခြမ်း လကလေးသည် ကောင်းကင်တွင် ရေးရေးထင်လျက် ပေါ်လာရာ သွားလိုရာ လမ်းကို စိတ်နှင့် မမှန်းရဘဲ သဲသဲကွဲကွဲ မြင်ရလေ၏။

သွက်သွက် လျှောက်လာခဲ့သဖြင့် ကျီကြီးနားသို့ ခဏနှင့် ရောက်လာခဲ့၏။ မိခင်ဇောကြောင့် ကြောက်ရမှန်းမသိ။ တဲက ထွက်ခဲ့သော်လည်း ရေးရေး လင်းလျက်ရှိသော လရောင်အောက်တွင် မှုန်မှုန်မည်းမည်း တိတ်ဆိတ်ခြောက်သွေ့လျက် ရှိသော ကျီကြီးကို မျှော်ကြည့်လိုက်ပြီး ကြက်သီးဖျန်း





သွားလေ၏။

ညမှောင်တွင် အဆောက်အအုံကြီးလျှင် တစ်မျိုးပင် ကြောက်စရာသဏ္ဌာန်ဆောင်သဖြင့် အနားသို့ ရုတ်တရက် ချဉ်းကပ်ရန် နှင်းဥ၌ ခဲယဉ်းနေပြန်၏။

ကြောက်စိတ်ကြောင့် နောက်ပြန်ဆုတ်လိုသည့် စိတ်ကို အားပေးလိုက်သေး၏။ 'ငါ ဒီအတိုင်းပြန်ရင် အမေ မုချ သေလိမ့်မယ်'ဟု တွက်၍ စိတ်အားတင်းပြီး ကျီဆီသို့ ကပ်လျှောက်လာခဲ့၏။

စောစောက ချမ်းသလောက် ဇောချွေးတွေ ထွက်လျက်နေ၏။ ကျီဝင်းသဲသို့ ဝင်ရန် လျှောက်လာရာ ခြံစည်းရိုးတံခါး ပိတ်ထားသည်ကို တွေ့ရ၍ အကြံခက်သွားလေ၏။ ညနေက လူရိပ်လူယောင် မမြင်ရဘဲ ယခု ဘယ်သူလာ၍ တံခါးပိတ်သလဲဟု စဉ်းစားရင်း တွန်းကြည့်ရာ တံခါးသည် ကျွီခနဲ မြည်၍ ပွင့်သွား၏။

သွားရင်း လာရင်း တစ်ယောက်ယောက် စီသွားတာပဲဟု ယုံကြည်ကာ မရဲတရဲ လှမ်းဝင်လာခဲ့၏။ တိုဇော့ တိုက်ခတ်သည် လေအဟုန်ကြောင့် ကျီဝင်းရှိ ကုက္ကိုပင်၊ အုန်းပင်တို့မှ တရှဲရှဲ ထွက်သံကို သဘက် သရဲများ ထွက်နေလေမလားဟု ခေါင်းနားပန်းကြီးသွားလေ၏။ သစ်ပင်ကိုင်းများ လှုပ်လှုပ်ရှားရှား မြင်တိုင်း စိတ်ချောက်ချားသွား၏။ စိတ်ချောက်ချားလွန်း၍ မည်းမည်းသဲသဲကွဲကွဲ မမြင်ရခင် အောက်မေ့ပြီး တကျောလုံး စိမ့်သွားလေ၏။ အချိန်မှာ လူကြီးခေါင်းချချိန် ၁၁–နာရီခန့်ဖြစ်၏။ ရွာထဲမှ ခွေးများသည် ဆူညံငင်ငင် အူလိုက်ကြလျက် နှင်းဥလုပ်ရန် အလုပ်ကို ဝိုင်းဝန်း ဖျက်ဆီးပေးကြ၏။

လှည့်၍လည်း ပြန်ချင်၏။ ယူလည်း ယူချင်၏။ စိတ်နှစ်စိတ် လုံးဆွဲနေရာ ယူလိုခြင်း ဇွဲ၏ ထက်သန်ပြင်းပြမှုက နှင်းဥအား ဂုန်အိတ်ထပ်နားသို့ အနိုင်ဆွဲခေါ်သွားလေ၏။

နှင်းဥသည် တစ်ခြမ်း လကလေး၏ အကူအညီဖြင့် ဂုန်အိတ်ထပ်ထဲမှ ဂုန်အိတ်လေးလုံး ဆွဲထုတ်လိပ်လေ၏။ ဖြည်းဖြည်းဆေးဆေး မလိပ်ဘဲ ရှောင်လျှင်မြန်မြန်ကြီး လိပ်ပြီးနောက် ဆင့်ခင်းရိုက်ထားသည့် ပျဉ်ပေါ်မှ မြေသို့ ခုန်ချလိုက်၏။

ပျဉ်ခင်းပေါ်တွင် ကျိုန်ရုံနှင့် မှိုထောင်ထားသည့် သွပ်ပြားချပ်မှာ နှင်းဥ ခုန်လိုက်သည့် အရှိန်ဖြင့် မြေပေါ်ရှိ တုံးတို၊ တုံးစများပေါ်သို့ ဖြန်းခနဲ ထောက်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

နှင်းဥလည်း မြေပြိုသည်ထင်သည့် ယုန်ကဲ့သို့ တအား ကြုံးပြေးလေ၏။ သရဲပဲ၊ သရဲလိုက်ပြီဟု အောက်မေ့၍ ပြေးချင်သလောက် ပြေးလို့မရဘဲ ခြေဆွဲနေ၍ ဖင့်လေးနေ၏။ နောက်မှနေ၍ ခေါက်တုံ့ကျနေသည့် ဆံပင်ကို လှမ်းဆောင့်ဆွဲလိုက်သဖြင့် ဓက်ကြိုးတပ်လိုက်သည့် မြင်းပမာ တုံ့ရပ်သွားရ၏။

ကိုယ်ခန္ဓာအတွင်းမှ သွေးကြောများ ရပ်ဆိုင်းသွားဘိသည့်အလား အသက်ရှူရန်ပင် မတတ်နိုင်ပေ။ ဂုန်အိတ်တွေ လွှတ်ချပြီး မျက်စိကို စုံမှိတ်ထားလိုက်၏။

မိမိ နားမလည်သည့် ဘာသာစကားနှင့် ဆံပင်ကို လှမ်းဆွဲထားသူက ဟစ်အော်လိုက်ပြီး ဆွဲလှည့်လိုက်မှ ရုတ်တရက် မျက်စိဖွင့်ကြည့်ပြီး အံကိုက်၍ အလွှတ်ရုန်းတော့၏။

မုတ်ဆိတ်ဖွားဖွားနှင့် ခေါ်တောကုလားကြီးကို သူ့ရဲသဘက်ထက်ပင် နှင်းဥ ကြောက်အားပိုလေ၏။

ကုလားကြီးလည်း နှင်းဥ မရုန်းနိုင်အောင် လှမ်း၍ ဖက်လိုက်၏။ မဖက်မိခင်ပင် နှင်းဥသည် အရေးထဲ၌ ရင်ရှားထားသည့် ထဘီခ ပြုတ်ကျွတ်သွားမည် စိုးလှ၍ ဆောင့်ကြောင့် ထိုင်ချလိုက်၏။ နောက်ထပ် ခေါ်တောတစ်ယောက် အမြန်ရောက်လာပြီး သူတို့ချင်းချင်း ညာသံပေ ကာ နှင်းဥအား ဖမ်းချုပ်၍ သောင်ရေအိုးစင် ပန်းအိုးစင် ကစားသကဲ့သို့ မွေ့သွားကြရာ နှင်းဥလည်း ရုန်းလွန့်ရင်း ဆောင့်ကြောင့်ကလေး ပါသွားတော့၏။

ရှက်လည်း ရှက်လှ၏။ ကြောက်လည်း ကြောက်လှ၏။ ဘာလုပ်ရမည်မှ သတိမရတော့ဘဲ ကုလားတွေ လွှတ်အောင် လက်များကို ကုန်းကိုက်ရာ နာလွန်းမက နာမှ ကိုရွှေခေါ်တောများသည် စပါ.ပုတ်ကြီးနား၌ ချကြ၏။

နှင်းဥသည် ပြေး၍ မလွတ်နိုင်မှန်းသိ၍ 'ကယ်ကြပါဦး'ဟု အသံကုန်ကုန်း၍ ဟစ်လေ၏။

ခေါ်တောကုလား၏ လက်ဖဝါးကြမ်းကြမ်းကြီးက ပါးစပ်ကို ဆီးပိတ်ထားလိုက်၍ အသံအပြင် မရောက်ပေ။

ကုလားလက်ကို ဖယ်ရင်း ရုန်းရင်း မျက်စိများ ပြာလာပြီးနောက် မဟာပထဝီမြေကြီးလည်း အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားသလို ထင်လိုက်ရပြီးလျှင် မူးသွားရာမှ မေ့သွားလေ၏။

သတိပြန်ရသောအခါ နှင်းဥသည် သွပ်ပေါ်သို့ တဖြန်းဖြန်း ပက်ဖျန်းနေသော မိုးသံကို ရှေးဦးစွာ ကြားရလေ၏။





ငှင်း၏ အရောင်မရှိသော မျက်လုံးစုံနှင့် ဟိုဟိုဒီဒီ ပြူးကျယ်စွာ ဖွင့်ကြည့်လိုက်၏။

လက်ဆွဲမှန်အိမ်မီးမှာ ခြေရင်းဘက်တွင် လင်းနေသည်။ တခေါ်ခေါ် အိပ်မောကျနေသည့် ဘေးက ကုလားကြီးကို သွားမြင်ရာ စိတ်ရော ကိုယ်ပါ ...ကြည်း နာကျင်သွားလေ၏။

ကုလားမနိုးအောင် ဖြည်းဖြည်းထပြီး အပေါက်တံခါးကို ဖွင့်လေ၏။ ...ကုလားများ နိုးဦးမလားဟု စိတ်ပူမိသော်လည်း လှည့်၍ မကြည့်ပေ။ တုံးလုံး ...လဲအိပ်နေသည့် ခေါ်တောကုလားကို သချိုင်းက ပုပ်ပွနေသည့် လူသေကောင် ...ကြီးကဲ့သို့ ကြည့်ရမှာ စက်ဆုပ်ရွံရှာလွန်းလှမိခြင်းကြောင့် တစ်ကြိမ်တစ်ခါ ... ပြန်လှည့်မကြည့်ဘဲ တံခါးဖွင့်ပြီး ပြေးလေ၏။

မိုးရေထဲတွင် အမေရှိရာ တဲသို့ ဦးတည်ပြီး ပြေးနေလေ၏။ ပြေးနေရင်း ...အော်ငိုကြွေးလိုက်ချင်သည့် စိတ်ကို ချုပ်တည်းထားလေ၏။

မိုးတိမ်မို လိပ်များ ဖုံ အုပ်သွား၍ တစ်ခြမ်းလကလေး ကွယ်နေသဖြင့် ...ဘဲသို့ စမ်း၍ ဝင်ခဲ့ရ၏။ ရွဲရွဲစိုနေသော ကိုယ်က ရေများကို လက်နှင့်သုတ် ...ပြီ မိခင်နားသို့ တွားသွားကာ 'အမေ အမေ'ဟု ကတုန်ကရင် ခေါ်လိုက်၏။

မိုးသံနှင့် ဘာသံမှ ပြန်မကြားရပေ။

မိခင်၏ လက်ကို ဆွဲလှုပ်ကြည့်ရာ သစ်ချောင်းကြီးကဲ့သို့ တောင့်တောင့် ...ကြီး ကိုင်လိုက်ရသဖြင့် 'အမယ်လေး' ဟု ကျယ်လောင်စွာ ဟစ်အော် ...ကာ သူ့အမေ ကိုယ်ပေါ်သို့ ငှင်းကိုယ်ကို မှောက်ချလိုက်၏။

မိုးသံ လေသံနှင့် နှင်းဥ ငိုလိုက်သည့်အသံ ရောပြွမ်းထွက်လာသံမှာ ...ကောင်းဆိုဝါများ၏ အသံကဲ့သို့ အလားတူ မခြားပင် ဖြစ်လေ၏။

နှင်းဥလည်း အားရအောင် ငိုကြွေးနေရာမှ ရုတ်တရက် တိတ်၍သွား... မိခင်၏ ခေါင်းကို ထူမလိုက်၏။ ကျောက်တုံးကို မရသကဲ့သို့ လေးနေ၍ ...ကို ပြန်ချကာ မှောင်ထဲတွင် မျက်နှာကို စမ်း၍ကြည့်ပြန်၏။ ထို့နောက် ...နှင်း ပါးချင်း အပ်လိုက်ကာ မိခင်အား မိမိ၏ စောစောက အဖြစ်စုံကို ...နေလေ၏။

တစ်ဖန် ဟစ်ငိုပြန်၏။ တစ်ဖန် တိတ်သွားပြန်၏။ ပြန်၍ ထပ်ငိုပြန် ...နောက် ငြိမ်သက်၍ သွားပြန်၏။

နံနက်တွင် မည်သူ့မျက်နှာတွေနှင့်မျှ မျက်နှာချင်း မဆိုင်ရဲ၍ မဆိုင် ...ချင်၊ အဘူးသဖြင့် ကိုညိုနှင့်လည်း မျက်နှာချင်းမဆိုင်ဝံ့၍ မျက်နှာချင်းမဆိုင် ...ချင်၊ မိမိကိုယ်ကို မနက်အထိ ဤမြေပေါ်မှာ မထားမှ နံနက်တွင် မည်သူနှင့်မျှ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတော့မည် မဟုတ်ပါလား...ဟု တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် စဉ်းစားကြည့်နေပြီးလျှင် ကပျာကယာ မိခင်အား အကြိမ်ကြိမ် နမ်းရှုပ်၍ လေးလေးကန်ကန်နှင့် တဲဝသို့ ထွက်သွားလေ၏။

တစ်ချက်တစ်ချက်တွင် လျှပ်စစ်ပြက်၍ တဝင်းဝင်း လက်လိုက်တိုင်း လက်လိုက်တိုင်း မိုးရေထဲတွင် ဒယိမ်းဒယိုင် လျှောက်သွားနေသော နှင်းဥကို ကောင်းစွာ မြင်နိုင်၏။ သူသည် ချောင်းဘက်သို့ လျှောက်၍ နေလေ၏။

ထိုသို့ လျှောက်သွားနေရင်း ဘာစိတ်ကူးရသွားသည် မသိ။ ဘုတ်ိုတို့ တဲအိုကလေးရှေ့တွင် ခေတ္တရပ်ကာ သူ့ကိုယ်မှ ထဘီကို ချွတ်၍ ခေါက်ပြီး တဲဝ၌ စွန့်ထားခဲ့ပြီးနောက် ချောင်းဘက်သို့ ဒုန်းစိုင်း ပြေးသွားပြီးလျှင် တံတားလေးပေါ်မှ ချောင်းထဲသို့ ခုန်ချလိုက်လေ၏။

မိုးကြီးလည်း သည်းထန်စွာ ရွာချနေ၏။ သပြေပင်ရွာ တစ်ရွာလုံး အိပ်မောကျနေကြ၏။ အဝတ်ရှားပါးမှုဒုက္ခကြောင့် လူဖြစ်ရှုံး၍ လူတစ်ကိုယ်လုံး ရေထဲသို့ပစ်လိုက်ရသည့် နှင်းဥ၏ဖြစ်အင်ကို သနားချစ်ခင်သည့် မိတ်ဆွေကိုညိုလည်း မသိ။ အသိအကျွမ်း ရွာသူရွာသားတွေလည်း မသိကြ။ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်နေသူတို့လည်း သိကြမည် မဟုတ်။

ချောင်းထဲတွင် နစ်၍ သွားသည့် နှင်းဥအား မိုးကြီးလည်း သည်းထန်စွာ သွန်ကူနစ်ပေးလိုက်၏။

အရဏ်တက် မိုးမလင်းခင် တအုန်းအုန်း ရွာချနေသည့် “သည်မိုး”မှာ လူတန်းစေ့စေ့ လူလိုနေရ၍ လူ့အခွင့်အရေးကို တင်းပြည့် ကျပ်ပြည့် ရရှိသည့် သူတို့အတွက်သော်ကား တစ်မိုက်ထူထူ မွေ့ရာပေါ်ဝယ် ကိုယ်ကို နစ်၍ ဂွမ်းစောင်၊ သက္ကလပ်စောင်၊ ကတ္တီပါစောင်၊ ခြုံစောင် အမျိုးမျိုးတို့နှင့် အထပ်ထပ် ခြုံလွှမ်း၍ ကွေးအိပ်နေရသည်မှာ အလွန်တရာမှ “ဇိမ်” ရှိလှပါပေ၏။

[ဂျာနယ်ကျော်၊ အတွဲ(၅)၊ အမှတ်(၁)၊ ၂၀-ဇူလိုင်-၁၉၄၆]

# မိန်းမဝတ္ထု

[၁]

ဒေဝင်ရိုတရော မီးရထားသံလမ်းဘက်က ဖြတ်တိုက်လာသော လေသည် မှန်ပြတင်းမှ ဝင်လာ၍ ခန်းဆီးအပြာမှာ လေထဲတွင် သံတိုင်နှင့် ရိုက်ခတ်လျက် ဘလပ် ဘလပ် လွင့်နေ၏။

ခုတင်ဘေးရှိ မှန်ခုံပေါ်မှ ပစ္စည်းများကို အားလုံ့ အောက်ချကာ မှန်ခုံကို စားပွဲခုံလုပ်၍ စာရေးနေပေ၏။

ကျွန်မမှာ စိတ်ကူးရလျှင် ချက်ချင်း လက်ငင်း လုပ်တတ်၏။ နေရာမရွေး၊ အချိန်မရွေး လုပ်လို့ ဖြစ်၏။ စိတ်ကူးရလျှင် ဆိုသည်မှာ အခြားမဟုတ်၊ စာရေးဖို့ စိတ်ကူးရလျှင် ရသည့်အချက်ကို ချက်ချင်း ထိုင်ရေးလိုက်ချင်သည်။ မနက်က ရှမဝတိုက်သို့ ရောက်သွားသည်။ ဦးကျော်နှင့် ငွေဥဒေါင်းကို တွေ့ခဲ့၏။ ကျွန်မ ရေးသားနေသော “မိန်းမ” ဝတ္ထုကြီးကို စာအုပ်ရိုက်ရန် စကားပေးမိ၏။ ငွေဥဒေါင်းက ‘ကျွန်တော်တို့ တိုက်ကို ပေးပါ၊ သည်စာအုပ် ကျွန်တော်တို့ ရိုက်ပါရစေ’ဟု တောင်း၏။

‘စာအုပ်အရွယ် ဘယ်လောက်ရှိမလဲ’ဟုလည်း မေး၏။ ကျွန်မက စာမျက်နှာ ၄၀၀ ကျော် မကဘူး ထင်တယ်။ အဖိုးနှုန်း ၅ ကျပ်၊ အုပ်ရေ ၅,၁၀၀ ရိုက်မယ်’ဟု ပြောလိုက်၏။ ‘သူလိုသူ’စာအုပ်ထုတ်စဉ်က ပထမတွဲနှင့် ဒုတိယတွဲကို ၈,၅၀၀ ရိုက်ခဲ့ရ၍ ဤစာအုပ်ကို ၅,၀၀၀ ရိုက်မည်ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်က နားထောင်နေသည်။ ငွေဥဒေါင်းက စာအုပ်နှင့် ပတ်သက်၍ အချက်နှစ်ချက် ပြောလိုက်သည်။

"ကျွန်တော်တို့ ရိုက်ရမယ် ဆိုရင်လည်း ရိုက်မယ်။ ဒါမှ မဟုတ်လို့ ဒေါ်မမလေး ကိုယ်တိုင် ထုတ်မယ်ဆိုရင်လည်း ပြောပါ"

အမှန်မှာ ဤစာအုပ်ကို ကျွန်မကိုယ်တိုင် ပုံနှိပ်ထုတ်ချင်သည်။ "မိန်းမ" ကို စရေးသည့်နှစ်မှာ ၁၉၄၇ ခုနှစ်က ဖြစ်၏။ ဂျာနယ်ကျော်တွင် "မိန်းမ" ကို အခါခါ ကြော်ငြာခဲ့ဖူး၏။ မိန်းမအကြောင်းကို မိန်းမအသံ၊ မိန်းမသဘော နှင့် မိန်းမတစ်ယောက်က ရေးပြချင်သည့် ဆန္ဒကြောင့် ဤမည်သော မိန်းမ ဝတ္ထုကြီးကို ရေးခဲ့ပေ၏။

စ ရေးစက စိတ်ပါလက်ပါ နေ့စဉ်ရက်ဆက် ရေးမိသေး၏။ ထို့နောက် မရေးဖြစ်ဘဲ ပစ်ထားပြန်၏။ စ ရေးစဉ်က နေ့စဉ် ရက်ဆက် စိတ်ပါလက်ပါ ရေးပေသော်လည်း ဤစာအုပ်ကို အမြန်ဆုံး ရေးဖို့ရာ စိတ်မကူး။ ဤစာအုပ်ကို အကြာဆုံး ရေးမယ်ဟု စိတ်ကူးထား၏။ ထို့ကြောင့် ပစ်ထားရာက စိတ်ကူးရလျှင် ကောက်ရေးပြန်၏။

ဝတ္ထုထဲတွင် ကလေးမလေးအရွယ်၊ အပျိုဖျန်း၊ အပျိုကြီး၊ အအို၊ တစ်ခုလပ်၊ မုဆိုးမ ဇာတ်လိုက်နှင့် ဇာတ်ရံများ ထည့်ထား၏။ "မိန်းမ"ဝတ္ထုကြီးကို ကောက်ကိုင်ဖတ်မိသည့် မိန်းမတိုင်း ဘယ်အရွယ်၊ ဘယ်အတန်းစား၊ ဘယ်မိန်းမမျိုးနှင့်မှ မလွတ်အောင် စေ့စေ့စပ်စပ် အပတ်တကုတ် ကြိုးစားအား ထုတ်ပြီး ရေးခဲ့၏။ "မိန်းမ"ကို ရည်ရွယ်ချက်နှင့် ရေးခဲ့၏။

မိန်းမဖြစ်လျှင် မိန်းမ ပီသဖို့ရာ အဓိကအချက် ထားသည်။

မိန်းမနှင့် ပတ်သက်တာ မှန်သမျှ မိန်းမကိစ္စ ရှိရှိသမျှ တတ်နိုင်သလောက် မကျန်ရစ်အောင် ဇာတ်လမ်းဖွဲ့၍ ဖော်ပြပြီး မိန်းမစိတ်၏ ထူးဆန်းထွေပြား ပျော့ညက်ထက်မြက်သည့် သဘောတွေကိုလည်း ကလေးမကလေးက အမယ်ကြီးတွေပါမကျန် မိန်းမအမျိုးမျိုးနှင့် တွေ့ဆုံလေ့လာလျက် ရသမျှ အချက်တိုင်း စာအုပ်ထဲသို့ ထည့်သွင်းရေးသားလာခဲ့၏။

မိန်းမအကြောင်းကို လေ့လာဖန် များလွန်း၍ ကြီးကြီးငယ်ငယ် မိန်းမ တစ်ယောက်ယောက်နဲ့ မျက်နှာချင်းဆိုင်မိရင် စာအုပ်ထဲသို့ ထည့်လိုက်ရမည့် အချက်ကို ဒက်ခနဲ မြင်တတ်မိလေ၏။

မိန်းမတွေ ဆုံမိရာ၊ စုဝေးရာ မျက်နှာမြင်နေသည့် အိမ်တစ်အိမ်သို့ သွားရောက်ကာ ဤစာအုပ်ကို မီးနေခန်းနှင့် ပြ၍ အခန်း (၁) ဖွင့်ရေးလိုက်သည်။ အမိဝမ်းက ကျွတ်၍ 'မိန်းကလေး'ဟု ဝမ်းဆွဲက အော်လိုက်လျှင် မီးနေခန်းထဲ





တွင် မိန်းမတွေ တစ်ယောက်စီ ဝိုင်းပြီး 'မိန်းကလေး'ဆိုရင် ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ တစ်ယောက်တစ်မျိုး ပြောတတ်ပုံ၊ တစ်ယောက်တစ်ခွန်း ပြောကြဆိုကြပုံ။

အညစ်အကြေး ဆေးကြောသုတ်သင်ရန် ရေချိုးပေးတာနှင့် အနီးထွေးတာနှင့် တစ်ချက်တည်း 'လက်ဆန့်မှ၊ ခြေဆန့်မှ၊ ခေါင်းဝိုင်းမှ၊ နှာခေါင်း ပေါ်မှ၊ နဖူး မမောက်မှ၊ နားရွက်ကားမှ' ဟူ၍ ရေချိုးနည်း၊ အနီးထွေးနည်း၊ ပြုပြင်နည်းတွေ အထူးတလည် ကိစ္စများလာပုံ။

မွေးခါစ နီတာရဲကလေးမှ ကျောင်းသို့ အပ်နှံသည့် ကလေးမ အရွယ် ကလေးရောက်သည်အထိ မိန်းမဘဝ၏ အစကို သတိချပ်စရာ၊ မှတ်သားစရာ၊ နှလုံးသွင်းမိ ဆင်ခြင်မိအောင် အတွေးအခေါ်တွေနှင့် ထည့်၍ ကြိုးစား ဖော်ပြ ရေးထား၏။

ကျောင်းသူကလေးက အပျိုပေါက်ကလေး ဖြစ်လာသည့်အခါ ဤစာအုပ် ကို ဆက်မရေးဘဲ ပစ်ထားလိုက်၏။

ခေတ်မှာ တစ်ခေတ်နှင့်တစ်ခေတ် မတူဘဲ တိုးတက် ဆန်းသစ်ပြောင်းလဲ တတ်သည့်သဘော ရှိပေ၏။ အခြေအနေအလိုက်၊ ခေတ်အလိုက် ပြောင်းလဲ တိုးတက် ဆန်းသစ်သည့် ရာဇဝင်နောက်သို့ လိုက်ရေးရမည် ဖြစ်၏။

ခေတ်ပြောင်းသည့်နောက်သို့ လိုက်ရမည့် မိန်းကလေးတို့၏ စိတ်နေ၊ ထားအမူအရာ၊ အလှအပ၊ အတုအပ၊ ကျန်းမာရေး၊ ပညာရေး၊ ပေါင်းသင်း ဆက်ဆံရေးများကို ခေတ်နှင့် သင့်လျော်သော တိုးတက်ပြောင်းလဲဆန်းသစ်ရ သည့် သဘောများဖြင့် စိစစ်၍ ဆက်လက်ရေးပြန်လေ၏။

ဤအတိုင်း ဆက်ရေးလိုက်၊ ပစ်ထားလိုက်နှင့် တစ်နှစ်က တစ်နှစ် သုံးလေးနှစ် ရှိနေပြီ။ ဝတ္ထုက ရေ့ရင်း ရေးရင်း ကျယ်ဝန်းလာ၍ အဆုံးမသတ် နိုင်ဘဲ ဖြစ်နေလေ၏။

ဝတ္ထုထဲတွင် ထည့်လိုသည့် အခန်းများကို ကိုယ်တွေ့ မတွေ့ကြုံဖူး သည့် အချက်မျိုး ဖြစ်ချေက သေချာ မှန်ကန်စေရန် မျက်မြင်ဒိဋ္ဌ တိတိကျကျ သိနိုင်အောင် စပ်ဆိုင်သည့်ဘက်သို့ ခြေဦးလှည့်၍ ကိုယ်တိုင် ကိုယ်ရောက် အခေါက်ခေါက် အခါခါ တီးခေါက် အောက်အစ် မေးမြန်း ဆွေးနွေးလေ့လာ ပြီးမှ စိတ်တိုင်းကျ ရေးနိုင်တော့ပေ၏။

မိန်းမ ဘဝနှင့် ယောကျ်ားစိတ် ပေါက်နေသည့် ယောက်ျားရှာက ရှာထားသော မိန်းမတစ်ယောက်အကြောင်း ထည့်စရာရှိ၍ မိန်းမ၏ မိန်းမ အဖြစ် အရောက်ခံနိုင် အခေါ်ခံနိုင်သည့် စိတ်ဓာတ်၊ မိန်းမချင်း ညားကာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအနေ နေတတ်နိုင်သည့် သည်မိန်းမမျိုး ဘာကြောင့် သည်လောက်တောင် ချို့တဲ့ ယွင်းပျက် တိမ်းစောင်းရသည့် အချက်များကို ဖော်ပြချင်၏။ ဇာတ်မြစ်ရာဇဝင် လိုက်ကာ စာအုပ်ထဲတွင် အကြောင်းစုံ ဖော်ပြရေးသားနိုင်ရန် ရက်လ အတန်ဆိုင်းနေရ၏။

မိန်းမ၏ မိန်းမ ဖြစ်နေသူနှင့် သွား၍ တွေ့တွေ့ချင်း သူ့တစ်ကိုယ်လုံး သိမ်းကြုံး၍ ကြည့်မိ၏။ သူ့အသက်မှာ သုံးဆယ်ကျော်ကျော်ခန့်ရှိပြီ။ သူနှင့် ပေါင်းဖက်နေသော မိန်းမ(ယောကျ်ားရာ) ကား သူ့ကို မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်းလုပ်ကျွေး၍ ရွှေတွဲလဲနှင့် နေရပေ၏။ သူ့ရုပ်ရည်မှာ သူလိုငါလိုရုပ်မျိုးနဲ့မှ မတူသည့် ရုပ်မျိုး။

မျက်စိသည် မျက်စိနှင့် မတူဘဲ မျက်စိကိုက တန်ခိုးမရှိ။ အရောင်မရှိ၊ အားမရှိ။

ပါးစပ်ပင်လည်း ပါးစပ်တစ်မျိုး၊ အာစေးထည့်ထားသလို အမြဲမြှုထား ပိတ်ထားသည့် ပါးစပ်မျိုး။

အမူအရာ အသံဟန်ပန်တွေမှာ ထူးထူးခြားခြား မသာမယာနှင့် လေးလံ တွဲ့ထိုင်းပြီး ကြက်သရေမရှိသော အသေကောင်တစ်မျိုး ဖြစ်နေ၏။

မိန်းမထဲတွင် နောက်ပိတ်ဆုံးက ထားဖို့ရန်ပင် နေရာမတွေ့မိသည့် ဒီမိန်းမနှင့် နီးနီးကပ်ကပ် မျက်မှန်းတန်းအောင် မိတ်ဆွေဖွဲ့ကြည့်ရာ သူက ဖယ်တယ်တယ်နှင့် အကပ်မခံ၊ အပေါင်းမခံ ဖြစ်နေ၍ သူမ၏ ကာမပိုင်ခေါ် ရမလား မပြောတတ်သော ယောကျ်ားရာမနှင့် တစ်ဖက်လှည့်၍ သူ့ဘဝကို များများသိအောင် စူးစမ်းပြီးမှ ရေးသားရ၏။

ကျွန်မ ရေးပြချင်သည့် အချက်အလက် စုံစုံလင်လင်နှင့် "မိန်းမ" ကား ခရီးအတော်ပေါက်ခဲ့ပြီ။

ခရီးတော်တော်ရောက်လာ၍ ဇာတ်လမ်းမှာ အဆုံးသတ်နှင့် မဝေးတော့။ သို့သော် နောက်ဆုံး ဇာတ်သိမ်းခန်းတွင် မိန်းမတွေ ဖွဲ့ကြီးသည့်၊ သည်းခံသည့်၊ သူမတူအောင် မေတ္တာစိတ်ဓာတ် ကြီးမားသည့် အချက်အလက်ကို စာဖတ်သူတို့အား လေးလေးနက်နက် ဖော်ပြချင်သည့် ဆန္ဒကြောင့် ဆုံးဖို့ရန် ဆိုင်းထားပြီး စိတ်ဓာတ်ရင့်သန်သည့် မိန်းမများ၏ အကြောင်းရင်း ဇာစ်မြစ်ကို နှိုက်ချွတ် ရှာဖွေကာ ကျေနပ်လောက်သည့် အချက်များရမှ အဆုံးသတ်မည်ဟု ပစ်ထားခဲ့သည်။





(၂)

ရွှေမဝမှ အပြန် အလုပ်တိုက်သို့ ရောက်လျှင် "ဒါဂျီလင်"မှ စာတစ်စောင်ရသည်။

သားနှစ်ယောက် ကျောင်းပြန်ပို့ရန် ကိစ္စအတွက် ပို့မည် မပို့မည် မြန်မြန်ဆုံးဖြတ်၍ စာပြန်ရန် ကျောင်းက သတိပေးသောစာ ဖြစ်၏။ ဆုံးဖြတ်ရမည် အချိန်မှာ ကပ်နေ၏။ ယခုနှစ် ဒါဂျီလင်သို့ ပြန်ပို့လျှင် သူတို့နှစ်ယောက်အတွက် တစ်နှစ်စာ လေးငါးခြောက်ထောင် ကုန်ဦးမည်။ ပိုက်ဆံအကုန်အကျများမည်ဖြစ်၍ သူတို့အား ရန်ကုန်ကျောင်း၌ နေကြရန်ပြောသည့်အခါ 'ရန်ကုန်ကျောင်းမှာ မနေချင်ဘူး မေမေ၊ ဒါဂျီလင်ကျောင်းမှာပဲ နေမယ်။ ကျောင်းသားတွေအားလုံး ပြန်ကြတယ် မေမေရယ်။ ကျွန်တော်တို့ကော မပြန်ရဘူးလား။ ပြန်မယ်မေမေ ပြန်ပါရစေ' ဟု သနားစရာ ပြောကြ၏။ တောင်းတောင်းပန်ပန် ပြောကြ၏။

သူတို့ကိုလည်း ကျွန်မက မသွားကြရန် အတန်တန် ပြန်တောင်းပန်သည်။ မောင်ချစ်ရှိန်မှာ မိုးဟိန်းနှင့် မတူဘဲ ကျောင်းမပြန်ဖို့ ပြောသည့်ညက အိပ်ရာတဲတွင် တော်တော်နှင့် မအိပ်ဘဲ တရှုံ့ရှုံ့ ငိုကြွေးနေ၏။

အငိုတိတ်အောင် ချော့မော့၍ ပြောသော်လည်း မတိတ်၊ အငိုတိတ်အောင် ချော့မော့၍ သိပ်သော်လည်း မအိပ်၊ ချော့နေသည့် ကြားထဲက 'ကျောင်းပြန်ချင်တယ် မေမေ'ဟု တရှိုက်ရှိုက် ငိုရင်းမှ ဒါပဲ ပြောသည်။

ချော့ရသည်က အပိုပင်၊ ချော့ခါမှ မတိတ်တော့ဘဲ ညည့်နက်သည့်အထိမှ ငိုကြွေးနေ၍ အတော်ပဲ စိတ်ညစ်မိပေ၏။ မရပ်မနား ရှိုက်ရှိုက်ပြီး ငိုနေသည့်ကြောင့် 'ဘယ်နည်းနဲ့ ပြန်ပို့ရမလဲ'ဟု အကြံအဖန် ထုတ်ကြည့်နေမိ၏။

သူတို့ ပြန်ပို့လိုက်လျှင် ငွေကုန်လိမ့်ဦးမည်။ ငွေမြန်မြန် ဘယ်ကရမလဲဟု တွေးရတာကြောင့် စိတ်မောသွား၏။ ညည့်နက်သည်ထက် ညည့်နက်လာ၍ 'ကဲ...ကဲ... အိပ်... အိပ်။ မေမေ ကြိုးစားပြီး မင်းတို့ကို ကျောင်းပြန်ပို့ပါမယ်'ဟု ပြောလိုက်မှပင် ရှိုက်သံ ရပ်စဲကာ အငိုတိတ်ပြီး အိပ်ပေတော့သည်။

သူတို့ကား ကျောင်းပြန်ရမယ်ဟု တစ်ထစ်ချ မှတ်ထားကြသည်။

ကျောင်းက စာမှာလည်း နေရာပေးဖို့အတွက် ပြန် မပြန် အမြန်စာပြန်ဖို့ ရှိနေသည်။ ကျောင်းပြန်ပို့နိုင်အောင် နောက်ဆုံး အကြံရသည်မှာ 'မိန်းမ'အမြန်ရိုက်ပြီး ဤစာအုပ်က ရမည့်ငွေနှင့် ကျောင်းပို့မယ်'ဟု ပိုင်းဖြတ်လိုက်ကာ သူတို့နှစ်ယောက် ပြန်လာမည်ဟု ကျောင်းသို့ ပြန်စာရေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



[၃]

အလင်စလို ပြီးချင်သည့်စိတ်နှင့် တစ်ခါမှ မရေးဘူးခဲ့သော ဝတ္ထုကို ယနေ့ည အပြီးရေးရန် အိမ်ပြန်ရောက်ကတည်းက မှန်ခုံ၌ မထဘဲ ထိုင်၍ ရေးနေ၏။

"မေမေ ထမင်း မစားသေးဘူးလား'ဟု မိုးဟိန်းက လာမေး၏။

"စားကြ စားကြ၊ မေမေ့ မစောင့်နဲ့၊ မေမေ ဝတ္ထုရေးနေလို့ မစားသေးဘူး'ဟု ပြန်ပြောလိုက်ပါလျက် ပြန်ဆင်းမသွားဘဲ လှေကားထိပ်တွင် ရပ်စောင့်နေ၏။

"သွားလေ… စားချေကြကွယ်'ဟု နောက်တစ်ကြိမ် လှည့်ပြောမှ 'မေမေ ရေးတာ ဘာလဲ'ဟု မေး၏။

"ဝတ္ထုကွ ဝတ္ထု"

"အဲဒီဝတ္ထု မိုးဟိန်း သိပါတယ်"

"ထမင်းစားမှာ သွားစားစမ်းပါ မိုးဟိန်းရာ… သွား… သွား"

သူနှင့် စကားမပြောအား၍ စကားကြော မရှည်နိုင်အောင် နှင်လွှတ်လိုက်ရသည်။

စိတ်ကူးရသည့် အချက်တွေ မလွှတ်အောင် စိတ်ပါလက်သွက်ရေးနေ၍ ဉာဉ့်သည် ကြားရမှပင် ရထားဝင်လာမှန်း သိပေ၏။ ဘောက်ထော်နောက်ဆုံးရထားမှာ ည ၈ နာရီ ဖြစ်၍ သူတို့ အိပ်ရန် အချိန်ကျသဖြင့် စာရေးနေရာကပင် အပေါ် တက်ခဲ့ကြရန် အော်ခေါ်လိုက်သည်။

ညီအစ်ကိုနှစ်ယောက်သည် အောက်ထပ်တွင် ဒေါင်းတောက်အောင် ဆော့နေရာမှ အပေါ်ထပ်သို့ ပြိုင်တူ ပြေးတက်လာကြ၏။

'မင်းတို့ အဝတ်လဲကြ၊ အိပ်တော့'ဟု ကျွန်မက စာရေးရင်း လှမ်းပြောလိုက်၏။ သူတို့နှစ်ယောက်လည်း ညအိပ်အဝတ်များ လဲကာ ခုတင်ပေါ်သို့ တက်ကြသည်။

မောင်ချစ်ရှိန်က 'မေမေ မအိပ်သေးဘူးလား'ဟု မေးလျှင် မိုးဟိန်းက 'မေမေ ဝတ္ထုရေးနေတယ်၊ စကား သွားမပြောနဲ့'ဟု သူ့ခုတင်က လှမ်းပြောလိုက်သည်။

'မေမေရေးတာ ဝတ္ထုလား'ဟု မောင်ချစ်ရှိန်က ထပ်မေးပြန်လျှင် 'ဟုတ်တယ်၊ မေမေက ဝတ္ထုရေးနေတယ်။ မေမေရေးတဲ့ ဝတ္ထုကို မိုးဟိန်း သိတယ်'ဟု မိုးဟိန်းက လှမ်းအော်ပြောနေသည်။

"ဘာဝတ္ထုလဲ၊ မင်း သိရင် ပြောစမ်းကွာ"

"ဆဒ္ဒန်ဆင်မင်း ဝတ္ထု"





"မဟုတ်ဘူးကွ"

"ဟုတ်တယ်… ဟုတ်တယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး မဟုတ်လား မေမေ"

ကျွန်မအား စာရေး၍ မဖြစ်နိုင်အောင် တစ်ခုတင်နှင့် တစ်ခုတင် ယှမ်း၍ တစ်ယောက်တစ်ခွန်း ဆူဆူညံညံ ငြင်းခုံနေကြသည်။

ကျွန်မလည်း စာရေးရာမှ ထကာ မောင်ချစ်ရှိန်ခုတင်ပေါ်တွင် သွားထိုင်လိုက်၏။

"မင်းက ဘာကြောင့် မေးသလဲ၊ မိုးဟိန်းကကော ဘာကြောင့် ဆဒ္ဒန်ဆင်မင်းလို့ ပြောသလဲ။ တစ်ယောက်စီ ပြောကြစမ်း"

မောင်ချစ်ရှိန်က ရုတ်တရက် မပြောဘဲ ခေါင်းအုံးနှင့် မျက်နှာကို ဖိကာ ပြုံးနေသည်။

မိုးဟိန်းမှုကား လှဲနေရာက ငေါက်ခနဲ ထိုင်လိုက်ပြီး 'မိုးဟိန်းကို ကြီးကြီးခင်က ဆဒ္ဒန်ဆင်မင်းအကြောင်း ပြောပြတယ်။ အဲဒါ "ဝတ္ထု"တဲ့။ မေမေလည်း ဆဒ္ဒန်ဆင်မင်းရေးတာပဲ မဟုတ်လား'ဟု စဉ်းစဉ်းစားစား မျက်နှာထားနှင့် မေး၍ ကျွန်မမှာ ရယ်နေရ၏။

'မောင်ချစ်ရှိန်ကကော ပြောစမ်း'ဟု အတင်းမေးမှ ""ကွီ" ဝတ္ထုကို ဆရာမကြိုက်တယ်လို့ မေမေ ပြောတယ် မဟုတ်လား။ အခု မေမေရေးတာ ဆဒ္ဒန်ဆင်မင်း မဟုတ်ဘူး… ကွီ ရေးတာပဲ မဟုတ်လား'

သူတို့နှစ်ယောက်အား "ဝတ္ထု" စကားလုံး၏ အဓိပ္ပာယ်ကို နားလည်အောင် ရှင်းပြရပေမည်။

သူ့အဖေ ရေးခဲ့သည့် ဝတ္ထုစာအုပ်များ၊ ကျွန်မရေးသည့် ဝတ္ထုစာအုပ်များနှင့် အခြားအင်္ဂလိပ်ဝတ္ထုစာအုပ်များကို ဗီရိုထဲမှ ထုတ်၍ ဝတ္ထုအဓိပ္ပာယ် နားလည်သွားအောင် ရှင်းပြောပြသည်။

'ဝတ္ထုဆိုတာ ဒါကိုပြောတာ၊ စာရေးဆရာက ဝတ္ထုကို ပုံပြောသလို ရေးတာ၊ ရေးပြီးရင် စာစီရတယ်။ စီတာကို စက်ကရိုက်တော့ စာအုပ်ဖြစ်လာတယ်'ဟု နားမဝေးအောင် ရှင်းပြလိုက်သည်။

'ဝတ္ထုစာအုပ်ရောင်းတော့ ပိုက်ဆံရတာပေါ့'ဟု ပြောလိုက်လျှင် 'အခု ရေးတာ မေမေ ပိုက်ဆံတွေ ရမယ်လား'။ 'ပိုက်ဆံရရင် စတူဒီဘေကာ ဝယ်မလား'နှင့် ဝိုင်းမေးနေကြ၏။

"မင်းတို့ ကျောင်းပြန်ချင်တယ်ဆိုလို့ မေမေ ဝတ္ထု ထိုင်ရေးနေရတာ။ ကျောင်းပြန်ရင် ပိုက်ဆံတွေ အများကြီး ပေးရမယ်၊ ဒါကြောင့် မေမေက ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး စာအုပ်ရိုက်ရောင်းရမယ်။ ဟောဒီလို စာအုပ်ဖြစ်လာရင် လူတွေက ဝယ်ဖတ်ကြတော့ ပိုက်ဆံတွေ ရမယ်။ အဲဒီပိုက်ဆံတွေကို ဒါဂျီလင်ကို ပို့ပေးရမယ်။ မင်းတို့ ကြိုးစားပြီး ပညာတတ်အောင် စာသင်ကြ၊ အင်္ဂလိပ်စာတင် မဟုတ်ဘူး။ နောက် မင်းတို့ မြန်မာစာလည်း သင်ရမယ်။ မင်းတို့ ကြီးလို့ စာတတ်တော့ ဝတ္ထုတွေ ရေးပြီး ပိုက်ဆံအများကြီး ရှာနိုင်မယ်၊ အခု ဖေဖေ မရှိတော့ မင်းတို့ကို မေမေတစ်ယောက်တည်း ပိုက်ဆံရှာပြီး ကျောင်းထားရတယ်"

"မိုးဟိန်းလည်း မေမေ့ကို ပိုက်ဆံရှာပေးမှာပေါ့"

"အေး . . . မင်းတို့ ကြီးလို့ ပညာတတ်ရင် မေမေ့ကို တစ်ခါပြန်ရှာပေးနိုင်တာပေါ့။ အခု မင်းတို့က ငယ်သေးတော့ ပညာမတတ်သေးတော့ မေမေ့ကို တစ်ပြားမှ ပြန်ရှာမပေးနိုင်သေးဘူး ဟုတ်လား"

"မေမေ့ကို မိုးဟိန်း ရှာပေးနိုင်ပါတယ်"

"ဘယ်တော့လဲကွယ့်"

မိုးဟိန်းမှာ အဖြေမပေးဘဲ တွေ၍ သွားသည်။ ကျွန်မက ရယ်မောကာ နှစ်ယောက်စလုံးအား အိပ်ဖို့ ပြောပြီးနောက် ခြင်ထောင်ချပေးလိုက်သည်။

[၄]

ညက နှစ်နာရီထိုးသည့်တိုင် မဆုံးရသေးသော "မိန်းမ"စာရွက်ထပ်ကြီးကို ဗီရိုပေါ်သို့ တင်ထားခဲ့ပြီး အလုပ်တိုက်သို့ စောစော ထွက်လာသည်။

အလုပ်တိုက်တွင် ဝတ္ထုအဆုံးသတ်ရေးမည် စိတ်ကူးသော်လည်း စာရေးဆရာအသင်းကိစ္စများ လုပ်နေရ၍ မအားသဖြင့် ညနေ ပြန်မှ ရေးမည် မှန်းထား၏။

"မိန်းမ" ဝတ္ထုရိုက်လျှင် ကုန်ကျမည့် စရိတ်ကို ပင်လုံ ဒေါ်နုရင်က ကူညီပါရစေ မှာထားဖူးသဖြင့် ဒီဝတ္ထု ရေးပြီးလျှင် သူနှင့် တွေ့၍ အမြန်ဆုံး ရိုက်ရန် ဆုံးဖြတ်လိုက်၏။ မိုးဟိန်းတို့ ကျောင်းပြန်လျှင် ကုန်ကျမည့် စရိတ်များကို စာရင်းတွက်ကြည့်သည်။ လိုအပ်သည့် ပစ္စည်းများ ဝယ်ရန်ပါ စာရင်းလုပ်ရသည်။ သူတို့ အလိုဆန္ဒအတိုင်း ကျောင်းပြန်ဖို့ရန် သေချာ၍ သွားပေပြီ။

ညနေစောင်း လေတဟူးဟူးတိုက်နေသော ကားထဲတွင် ကားနောက်သို့ ခေါင်းမှီထားပြီး ဝတ္ထုဆုံးရန် အချက်တွေကို စဉ်းစားပြီး အိမ်သို့ ပြန်လာသည်။





မီးရောင်တွေထဲသို့ ကားဝင်သွားလျှင် လင်းသွားသည်သာ သတိထားမိ၏။ မှောင်မှောင်ထဲ ရောက်သွား၍ မှောင်သွားပြန်လျှင်လည်း မှောင်နေမှန်းသာ သတိရမိ၏။ လင်းလိုက် မှောင်လိုက် ဖြစ်ပုံမှတစ်ပါး သည့်အပြင် ပတ်ဝန်းကျင်ကို လုံးလုံး သတိမပြုမိဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တစ်လမ်းလုံး ဝတ္ထုဆုံးရန် အချက်သာ တွေးလာခဲ့၏။

အိမ်ပေါက်ဝသို့ ကားဆိုက်လျှင် အိမ်မှာ တိတ်ဆိတ်၍ နေ၏။

အိမ်တွင် ထမင်းချက်သည့် ကိုတင်က အိမ်တံခါးဖွင့်ပေး၏။ 'ကလေးတွေကော . . .'ဟု မေးကြည့်ရာ အိမ်ပေါ်မှာ ဆိုလိုက်၍ အပေါ်ထပ်သို့ တက်ခဲ့၏၊ ကျွန်မ တက်လာသံကြားလျှင် သူတို့နှစ်ယောက် အခန်းထဲမှ ပြေးထွက်လာကြ၏။

ရွှင်နေသည့် မျက်နှာနှင့် 'မေမေ မိုးဟိန်းတို့ ပိုက်ဆံရှာထားတယ်။ မေမေ့ကို ပိုက်ဆံပေးချင်လို့ ပိုက်ဆံရှာထားတယ်'ဟု ပြောရင်း ခုန်ပေါက်ကာ အနုပါ ရ ပြေးလွှားဆီးကြိုကြကာ ကျွန်မအား ငွေ ၆ ကျပ် ၄ ပဲ (ခြောက်ကျပ်လေးပဲ တိတိ) ပေးကြ၏။

"ဘယ်ကရတဲ့ ပိုက်ဆံလဲ ပြောစမ်း၊ ကောက်ရသလား၊ ဘယ်ကရသလဲ"

"နေ့လယ်က သတင်းစာတွေ ကုလားကြီး တစ်ယောက်ကို ရောင်းလိုက်တယ်။ မေမေ့ကို မိုးဟိန်းတို့ ပိုက်ဆံရှာပေးတယ်နော်"

"မင်းတို့ သတင်းစာတွေ ရောင်းပစ်လိုက်တယ်လား၊ မင်းတို့ကို ဘယ်သူက ရောင်းခိုင်းသလဲ။ မင်းတို့ ဘယ်မှာများ သတင်းစားရောင်းတာ တွေ့ဖူးလာကြသလဲ၊ ပြောစမ်း ပြောစမ်း"

သတင်းစာများကို ကျွန်မ ဘယ်တော့မှ ရောင်းပစ်လေ့ မရှိ၍ ထူးထူးဆန်းဆန်း ရောင်းလား၊ ပြုလား လုပ်တတ်ပုံကို နည်းနည်းမှ သဘောမကျဘဲ သူတို့အား မျက်နှာထား တင်းတင်းနှင့် ခပ်မာမာ မေးလိုက်၏။

ကျွန်မ စိတ်ဆိုးသွားမှန်းသိလျှင် မောင်ချစ်ရှိန့်မှာ မျက်နှာပျက်ကာ ခေါင်းမဖော်တော့ပေ။ မိုးဟိန်းကား ရဲရဲတင်းတင်းဖြင့်ပင် 'အိမ်ရှေ့အိမ်က အသားကလေး အမေကြီးလေ သတင်းစာတွေ ရောင်းတာ ပိုက်ဆံရတယ်။ မိုးဟိန်းတို့လည်း ကုလားလာတာမြင်လို့ သတင်းစာတွေ ပြပြီး ဝယ်မလားမေးတော့ သူက ဝယ်ပြီး ပိုက်ဆံပေးသွားတယ်။ အောက်က ပုလင်းတွေလည်း ရောင်းလိုက်တယ်။ ပြီးတော့ မီးဖိုထဲက . . .'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ဆုံးအောင် နားမထောင်နိုင်ဘဲ သူတို့ကို တွန်းဖယ်၍ အခန်းထဲသို့ ပြေးဝင်ရာ မျက်စိထဲတွင် မိုက်သွားလေတော့၏။

သတင်းစာတွေ ထပ်တင်ထားသော စာအုပ်ဗီရိုလေးပေါ်တွင် မနက်က တင်ထားခဲ့သည့် "မိန်းမ" ဝတ္ထု စက္ကူပုံအထပ်ကြီးကို မတွေ့ရတော့ပေ။

"ဒီပေါ်က စက္ကူထပ်ကြီးပါ မင်းတို့ ပေးလိုက်သလား'ဟု မေးသည့်အခါ နှစ်ယောက်စလုံး ခေါင်းညိတ်ပြကြသည်။

သူတို့နှစ်ယောက် ပိုက်ဆံအရှာကောင်းသောကြောင့် ဝတ္ထုကြီးမရှိတော့သဖြင့် နောက်ဆုံးတွင် ကြံရာမရ "မိန်းမ" ဝတ္ထုတောင်းသည့် ရှုမဝအား "မိန်းမ"ဝတ္ထုအစား ပိတ်ထားသည့် ပုံနှိပ်တိုက်ကြီးတစ်တိုက်လုံး ထိုးရောင်းရပြီး ရသည့်ငွေနှင့် သူတို့အား ကျောင်းသို့ ပြန်ပို့လိုက်ရလေတော့သတည်း။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ (၄)၊ အမှတ် (၄၈)။ မေ၊ ၁၉၅၁]

# တာရိဗ္ဗ မဋ္ဌာင်

[၁]

"ဖြစ်မှဖြစ်ရလေဗျာ။ အမှုက ဘယ့်နှယ်တုန်း"

ဦးပေါက်သည် ဟားတိုက်၍သာ အားရပါးရကြီး အော်ရယ်လိုက်ချင်ဆော့သည်။ သို့သော် ပေတစ်ရာလမ်းမ၌ ဖြစ်၍ မျိုသိပ်ကာ ပြုံးနေလေသည်။

ဦးပေါက်၏ အပြုံးမှာ ချိုသာကြည်မြစွာ ပြုံးနေပုံမျိုး မဟုတ်။ ပြုံးနေသည့် ကြားထဲက မဲ့လည်း မဲ့ထားသည်။ အမဲ့ထဲကမှ ကျော်မောင်ကို ပြုံးကာကြည့်နေသည်။ ကျော်မောင်သည် ဦးပေါက်အိမ်သို့ ထွက်ခဲ့ရာ လမ်းတွင် ဦးပေါက်နှင့် ဆုံမိ၍ အမှုအကြောင်းကို ကရုဏာသက်စွာ သတင်းမေးလိုက်ခြင်း ဖြစ်သည်။

မိမိအား ပြုံးကြည့်နေစရာအကြောင်း မရှိသဖြင့် ဦးပေါက်ကို စိုက်ကြည့်ရင်း ကျော်မောင်မှာ အံ့အားသင့်သွားသည်။

'ဖြစ်မှ ဖြစ်ရလေဗျာ။ အမှု ဘယ့်နှယ်တုန်း'ဟု တစ်ခါတုန်းကလည်း ဦးပေါက်ကို သည်အမှုမျိုးနှင့်ပင် သတင်းမေးခဲ့ဖူးပုံကို သွားအမှတ်ရလိုက်သည်။

ထိုစဉ်က ဦးပေါက်၏ မျက်နှာကြီးမှာ အုံ့မှိုင်းသွားကာ သက်ပြင်းကြီးချလျက် ခေါင်းကိုသာ ယမ်းပြရှာပုံကို ယခုထက်တိုင် မြင်ယောင်နေသေးသည်။

မပြောချင်အောင် ငေးငေးငိုင်ငိုင် ဖြစ်နေ၍ ကျော်မောင်သည် အလိုက်သိစွာ တိတ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှက်တာပါပဲကွာ"

ဦးပေါက်ထံမှ နောက်ဆုံး ကြားရသော စကားကို ယခုတိုင် နားထဲ၌ နင့်နင့်သီးသီး ကြားယောင်လာသေးသည်။

အမှုဖြစ်ပုံချင်းလည်း တူနေသည်။

သတင်း မေးမြန်းရပုံလည်း တူသည်။

သို့သော် ဦးပေါက်၏ အမှုအရာကို ကြည့်ကာ ကျော်မောင်မှာ မစဉ်းစားတတ်လောက်အောင် မတွေးတောတတ်လောက်အောင် ဖြစ်သွားလေတော့သတည်း။

[၂]

ကျော်မောင်သည် ဦးပေါက်ကို အကျွမ်းတဝင်ကြီး ခင်မင်ခဲ့သည်မှာ ကြာမြင့်လေပြီ။ ဦးပေါက်နှင့် ရွာနီးချင်း ဖြစ်ခဲ့ကြသည်။ ဦးပေါက်ထက် စောကာ ကျော်မောင်က မြို့သို့ အရင်ရောက်နှင့်နေသည်။ မြို့ပေါ်တွင် အစိုးရ စပါးဒိုင်တစ်ခု၌ ပေါင်တိုက်စာရေး အလုပ်လုပ်ကာ တောသို့ စပါးခြင် ဆင်းတိုင်း ဦးပေါက်အိမ်တွင် တည်းအိမ်၊ စားအိမ်အဖြစ် ရင်းရင်းချာချာ ဖြစ်ခဲ့သည်။

ဦးပေါက်သည် အေးအေးလူလူ နေဟတ်လေသည်။ အမှုအရာဆိုလျှင်လည်း မထုံတက်သေးနှင့် ဖြည်းဖြည်းလေးလေးကြီး ဖြစ်သည်။ ခေါင်းကိုပြောင်နေအောင် ရိတ်လျက် ဖန်ခေါင်းတုံးကို ဖြူဖြူစင်စင် ဖွပ်ထားသည့် သဘက်ပိုင်းကလေးနှင့် ထာဝစဉ် ပတ်ထားသည်။ အပေါ်အင်္ကျီဝတ်ခဲ၏။ ဦးပေါက်ကို ဘယ်အချိန်တွေ့တွေ့ ပိတ်ရှပ်အဖြူ၊ ကြူထရံကွက် လုံချည်အနီ တိုတို၊ တဘက်ခေါင်းပတ်နှင့် တွေ့ရတတ်သည်။

တောင့်တင်း တုတ်ခိုင် ဆူဖြိုးသော ကိုယ်လုံး ရှိလေသည်။ အသားကညိုကာ ပြောင်လက်နေသည်။ သူ၏ သွယ်ကော့လျက်ရှိသော နှုတ်ခမ်းမွေးပါးပါးနှင့် မျက်လုံးပြူးပြူးကို မျက်နှာပေါ်၌ ထူးထူးခြားခြား အရင်မြင်နိုင်သည်။ မှတ်မှတ်ရရ သူ့မျက်နှာ ကွက်ခနဲ ပေါ်လာရအောင် မျက်နှာထားချိုလှသည်။

တောတွင် ပူပူဆူဆူဖြစ်နေသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် မြို့ကို ပြောင်းပြေးလာခဲ့သည်။

'တောမှာ စပါးပေါ်တဲ့ အချိန်ဆိုရင် ကြောက်ရတယ်ကွ။ အစိုးရတာတွေ ဆင်းလာပြီး တစ်ဖက်နဲ့တစ်ဖက် ပစ်ကြ၊ ခတ်ကြ၊ မီးရှို့ကြနဲ့ ထိတ်ထိတ်လန့်လန့် နေရတယ်ကွာ။ အစိုးရနဲ့ နီးနီးကပ်ကပ်မြို့ ပြောင့်နေရ မကောင်းဘူးလား'ဟု ကျော်မောင်အား တိုင်ပင်လေသည်။





ကျော်မောင်က တောက အခြေကို ဖျက်ကာ မြို့တက်နေမည်ကို သဘောမကျလှချေ။ သို့သော် ဦးပေါက်က 'အစိုးရနဲ့ နီးနီးကပ်ကပ် မြို့တက်နေချင်တယ်'ဟု နားပူနားဆာ ပြောလွန်းလှသဖြင့် မြို့ပေါ်၌ ရောင်းမည့် ကွက်လပ်မြေလွတ် တစ်နေရာကို ရှာဖွေပေးလိုက်ရသည်။

ဦးပေါက်သည် တောက အိမ်ကို ဖျက်ကာ မြို့ပြောင်းဆောက်လေသည်။ မြို့ပိုင်၊ မြို့အုပ်၊ ရုံး၊ ဂတ်၊ ပုလိပ်၊ စစ်တပ်၊ အရိပ်ကို ခိုလှုံပါမှ အသက်၊ ဥစ္စာ၊ သည်းစိမ်၊ အိုးအိမ် တည်မြဲမည်ဟု စိတ်ချ လက်ချ အပ်နှင်း ပြောင်းရွှေ့လာလေသည်။

ဦးပေါက်အိမ်၌ သူ့ဇနီး ဒေါ်ခမှ လွဲ၍ သားသမီး အခြွေအရံတစ်ယောက်မှ မရှိပေ။ မြို့ပေါ်တွင် တက်နေသော်လည်း သူ့အိမ်မှာ တောကအိမ်အတိုင်းပင် ဖြစ်နေသည်။

အိမ်ကို ပျဉ်ထောင် သွပ်မိုးသော မွန်အိမ်ပုံ ဆောက်ထားသည်။ အိမ်မတံခါးအပြင် ဖိနပ်ချွတ်၌ သံတိုင်များ ကာစိုက်လျက် သံတိုင် တံခါးတပ်ထားသည်။

အိမ်ရှေ့မျက်နှာစာ သံတိုင်အတွင်း ခြေရင်းဘက်၌ ထင်းပေါက်ခြမ်းများ ပုံထားလေသည်။ ရေလဲလုံချည်၊ လုံချည်ဟောင်းများကို သံတိုင်တွင် လျှော့လျှော့အိုက်အိုက် ချည်ထားသည့် ကြိုးတန်း၌ အစဉ်သဖြင့် တင်ထားသည်။ အိမ်ထဲ၌ အိမ်ထောင်ပရိဘောဂဆို၍ ဘယ်လိုပစ္စည်းမျိုးမှ မရှိပေ။ အိမ်ရှေ့ဆောင်မှ အိမ်နောက်ဖေး တိုးလျှိုပေါက်အထိ ကြမ်းပြင်၌ တင်နေသည့် ခြေရာကွက်များမှ တစ်ပါး ဟင်းလင်းကြီး ရှင်းနေသည်။

အိမ်ပြင် ခြံစည်းရိုးပတ်လည်၌ ရာဝင်အိုးကြီးများကို မိုးရေလှောင်ကာ မြေကြီးထဲ၌ တစ်ဝက်မြှုပ်ထားသည်။ အိမ်ရှေ့အတက်အဆင်း လှေကားဘေးတွင် ရေချိုးရန် ရေအိုးကြီးတစ်အိုး ချထားလျက် ရေအိုးနား၌ တုံးဇတွခင်းထားသည်။

တောက လူတွေသာ အဝင်အထွက်များသော အိမ်ဖြစ်သည်။ တောဈိုက်၊ တောမလေ့၊ တောနေ၊ တောထိုင်အတိုင်း မြို့ပေါ်တွင် နေထိုင်လေသည်။

ဒေါ်ခမှာ နေထွက်က နေဝင် လက်ဖက်ရည်ကြမ်းအိုးကို မပြတ်အောင် ဆောင့်ထည့်ပေးရသည်။ ဒန်ကွမ်းအစ်ထဲတွင် ကွမ်းသီး၊ ကွမ်းရွက် မလျော့အောင် ဂရုစိုက်ရသည်။ တောက လှေသမ္ဗန်ဆိုက်လျှင် ဧည့်သည်များကို အချိန်ရှိရှိ မရှိရှိ ထမင်းမစားကြရသေးက ရှိတာနှင့် ချက်ပြုတ် ကျွေးမွေးသည်။ တောတွင် နေကြတုန်းက မြို့လာရင် တည်းဖို့၊ စားဖို့ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်ကြောင်းကို နားလည်ကြသည့်အတိုင်း လာသမျှ တောပရိသတ်ကို ဖော်ဖော်ရွေရွေ ပြုစုသည်။ အားလပ်လျှင် ဆေးတောင်း ရေ့ချကာ ဧည့်သည်များအတွက် တည်ရအောင် ပြောင်းဖူးလိပ်ကြီးများကို တောင်ဆုပ်လောက် ထိုင်လိပ်နေသည်။

မြို့ပေါ်၌ အမှုကိစ္စ၊ အမတော်ကြေးကိစ္စ၊ အရောင်းအဝယ်ကိစ္စ၊ ကိစ္စအမျိုးမျိုးနှင့် ဦးပေါက်အိမ်၌ တောအုပ် ကျနေသည့်အခါ အိမ်နီးပါးချင်း မြို့နေမြို့ထိုင်များက တစေ့တစောင်း အကဲခတ်ရလောက်အောင် လူဝင်လူထွက်များနေလေသည်။

[၃]

အိမ်ရှေ့တိုက်ခံအိမ်မှ သစ်သားတန်းဖြင့် ခုံးလုပ်ထားသော ပေါင်းကူးမှာ တိုက်ပန်းတို့ဖြင့် ပြည့်ဖုံးနေသည်။

ထုံ ဖြူသုတ်ထားသည့် လေ့ကားအုတ်ပေါင်နှစ်ဖက်တွင် အနီမှိုအမြင့်စီတန်းချထား သော ပန်းအိုးထဲမှ ဂန္ဓမာပန်းများသည် ဖြူဖြူဝါဝါ ငွားငွားစွင့်စွင့် ပွင့်နေကြသည်။

ခြံမှာ သိပ်မကျယ်လှ၊ တိုက်ရှေ့က မြေကွက်ကလေးကို အကန့်အကန့်များ လုပ်လျက် ရာသီပန်းများ စိုက်ပျိုးထားသည်။ သံဆူးကြိုးကာထားသည့် ခြံတိုင်အတွင်း၌ ခေါင်ရန်းပင်များ တညီတညာ ပေါက်နေကြသည်။

အိမ်ရှေ့ မျက်နှာစာတွင် ဆင်ဝင်ထုတ်၍ ထားသည်။ အိမ်မိုးကို ဆေးနီသုတ်ထားသဖြင့် ကြည့်၍ ကောင်းသည်။ အပေါ်ထပ် ပျဉ်ထောင်တွင် ရေနံရောင် ခပ်ညိုညိုဖြစ်လျက် အောက်ထပ်တိုက်ခံတွင် ဆေးအဖြူသုတ်ထားလေရာ လမ်းထဲတွင် ထင်းထင်းကြီး ပေါ်နေသည်။

အငြိမ်းစား ဝန်ထောက်မင်းနှင့် မင်းကတော်ကြီးမှာ မိမိတို့ တိုက်ရှေ့က မြေကွက်လပ်ကို ဝယ်မည်တကဲကဲ ချိန်နေရာမှ လက်လွတ်သွား၍ တဖျစ်တောက်တောက် ဖြစ်နေကြသည်။ 'တောက လူတဲ့'ဟု ဝယ်သူကို သတင်းကြားကတည်းကပင် မလိုမုန်းထား ဖြစ်နေလိုက်ကြသည်။

ပင်စင်ယူပြီး အေးအေးလူလူ လယ်များကို သီးစားချကာ ငွေတိုးချေးစားနေသော ခေါင်းပုံဖြတ်လုပ်ငန်းမှာ ယခုခေတ်တွင် ရှေးတုန်းကလို မဟန်တော့သဖြင့် တစ်ဖက်တစ်လမ်း ဝင်ငွေရအောင် ဖဲဝိုင်းထောင်ထားသည်။

နေ့လယ် မွန်းတည့်အချိန်၌ ခေတ်ဆန်ဆန် ဝတ်ထားသော မိန်းမတစ်ဦးသည် ခြံထဲသို့ ဝင်သွားကာ 'အန်တီ၊ အန်တီ'ဟု အပေါ်သို့ မော့လျက် လှမ်းခေါ်နေလေသည်။





ဆင်ဝင်ပြတင်းမှ မင်းကတော် ပေါ်လာကာ အောက်သို့ငုံ့ကြည့်ပြီး 'မင်းကတော်ပါလား'ဟု အော်၍ နှုတ်ဆက်လိုက်သည်။ 'လာမယ်၊ လာမယ်။ မင်းကတော်'ဟု ဆက်အော်ပြောလေသည်။

ပြောရင်း ဆိုရင်းပင် မင်းကတော်ကြီးသည် အပေါ်ထပ်မှ ဆင်းလာလေသည်။

'မောင်နီရေ၊ ဟဲ့ မယ်သက်'ဟု ပါးစပ်က မင်းသံ စိုးသံဖြင့် ခေါ်ရင်း သူကိုယ်တိုင်ပင် ဘီလပ် သံဆွဲတံခါး သော့ခတ်ကာ ဆွဲဖွင့်ပေးလေသည်။

အမွေးစုတ်ဖွားနှင့် သဘော်ခွေးဖြူနှစ်ကောင်က အပေါက်မှ ဝင်လာသည့် ဧည့်သည်အား ဆီးကြိုခုန်ဖက်၊ ခုန်တက် လုပ်နေကြရာ 'ဂျက်...နော်ဂျက်ကီ၊ ဟဲ့ နေစမ်းပါဦး'ဟု ဧည့်သည်၏ မာန်မဲနေသံများမှာ တိုက်ပေါက်ဝတွင် ဆူညံသွားလေသည်။

အိမ်ထဲတွင်ကား သစ်သားလက်ရန်း ကြမ်းကုလားထိုင်များ ဝိုင်းကာ အလယ်၌ စားပွဲဝိုင်းရှိသည်။ ခုံအောက်၌ အပွင့်ရိုက် ဖယောင်းပုဆိုးပြခင်းထားသည်။ ထိုနေရာမှ လိုက်ကာ ကာထားသော နောက်တွင် ထမင်းစားရန် စားပွဲ၊ ကုလားထိုင်များ ချထားသည်။ အောက်ထပ်တွင် ခင်းကျင်းပြင်ဆင်ထားသည့် ရေဒီယိုခုံ၊ စာရေးစားပွဲ၊ ဗီရို စသည့် အိမ်ထောင် ပရိဘောဂတို့ကား ပြောင်လက်နေကြသည်။

ဧည့်သည်မှာ အိမ်ထဲသို့ လျှောက်လာရင်း လိုက်ကာ နောက်သို့ ကဲကြည့်လိုက်သည်။

'မလာကြသေးဘူး၊ မင်းကတော်လေးရဲ့။ ထိုင်ပါဦး'ဟု မင်းကတော်ကြီးက ဧည့်ခန်း၌ အရင် ထိုင်ခိုင်းလေသည်။

"နေ့လယ်ကြောင်တောင်ကြီး အန်တီကလည်း သော့ခတ်ထားလိုက်တာ၊ ကြောက်သလား အန်တီရဲ့".

"မကြောက်လို့ မဖြစ်ဘူး၊ မင်းကတော်လေးရေ၊ ဟောဟိုမှာ ကြည့်စမ်းပါဦး"

မင်းကတော်လေးမှာ မင်းကတော်ကြီး မေးထိုးပြရာသို့ လှည့်ကြည့်လိုက်သည်။

သူတို့ ထိုင်နေကြသော ဧည့်ခန်းမှ ဦးပေါက်တစ်အိမ်လုံးကို အထင်းသား မြင်ကြရသည်။ သံတိုင်များအတွင်း၌ ကြမ်းပေါ်တွင် ဝိုင်းဖွဲ့ထိုင်နေကြသော တောသိုက်ကို တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောအောက်က ဘာမှမရှိဘဲ ကြမ်းပေါ်မှာ ပိုးလိုးပက်လက်လှဲလျက် နေသူတွေလည်း ရှိသည်။ ခေါင်းချင်းဆိုင်ကာ ဒူးထောင်၊ တင်ပျဉ်ခွေလျက် အကြမ်းသောက်၊ ကွမ်းစား၊ ဝိုင်းဖွဲ့ပြီး စကားထိုင်ပြောနေကြသူများလည်း ရှိ၏။ တောသားတွေမှာ အချို့လည်း ခေါင်းတုံးနှင့်၊ အချို့လည်း ဆံပင်ရှိသည်။ ခေါင်းတုံးသမားက ဟောင်းနွမ်းညစ်ထွေးသော တဘက်ကြီးပေါင်းထားသည်။ ရောင်ထုံးနှင့် လူကလည်း နှစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်သော နေလျက်၍ ဖျော့နေသည့် ပဝါနွမ်းနွမ်းရဲရဲကို ဖြစ်ကတတ်ဆန်း ပတ်ပေါင်းထားသည်။

သူတို့မှာ တောမှာနေသလို ကိုယ်တုံးလုံးတော့ မဟုတ်ကြ။ သူတို့ ကိုယ်ပေါ်၌ အင်္ကျီဝတ်ထားသည်။ အင်္ကျီမှာ မဲနယ်ရည်နှင့် ဘယ်တော့မှ မထိမတွေ့၊ မီးပူနှင့်လည်း တစ်ခါတစ်ရံမှ မတိုက်ဘဲ ရေနှင့်ပင် ဖွပ်ညစ်ကာခြောက်ရသော ဖျဉ်ကြမ်းအင်္ကျီများကို ဝတ်ထားကြသည်။ ခါးပေါ်က ပုဆိုးဆိုတာလည်း ညစ်ညစ်ထေးထေး၊ အရောင်အဆင်း မထွက်။ အသီးသီး ဝတ်စားလိုက်ကြပုံမှာ ပြောင်ပြောင်သစ်သစ် တစ်ယောက်တလေမှ ကြည့်၍ မမြင်ချေ။

သူတို့ ပုံပန်းသဏ္ဌာန်များမှာ မင်းကတော်များ မျက်စိဖြင့် မဟုတ်ကာမှ လွှဲရော၊ လူကောင်းတွေမှ ဟုတ်ရဲ့လားဟု ထင်မြင်နိုင်သည်။

မင်းကတော်လေးသည် မျက်မှောင်ကုတ်ကာ အကဲခတ်ကြည့်သလို အတန်ကြာအောင် စိုက်ကြည့်နေလေသည်။

"ဘယ့်နယ်ဟာတွေလည်း မသိပါဘူး၊ မင်းကတော်ရယ်၊ တောကဟာတွေက အခု မြို့မှာ သိပ်များနေတယ်။ သူတို့ရုပ်တွေ ကြည့်စမ်းပါဦး။ စားစရာ မရှိရင် လုမယ့် သတ်မယ့် ရုပ်တွေပဲ။ ဒီလမ်းထဲမှာ ဒီအိမ်ဆောက်ပြီး ဒီလူတွေ ရောက်လာကတည်းက တံခါးကို သော့ အမြဲစောင့်ပိတ်နေရတယ်"

"ဒီအိမ်ကလူတွေ ဘာလုပ်သလဲ အန်တီ"

မင်းကတော်လေးသည် သက်မကင်း ကြည့်နေရင်းမှ လှည့်မေးလိုက်သည်။

"ဘာလုပ်ကြမှန်း မသိဘူး။ မောင်နီ ကြားတာတော့ တောမှာ ထနေတဲ့ ဟာတွေနဲ့ အဆက်ရှိသတဲ့။ မြို့မစီးဘဲ အိမ်ကြီးအိမ်ကောင်းတွေ အရှင်းစီးမှာ ကြောက်ရတယ်"

ကြားရတာ မသက်သာ၍ မင်းကတော်လေးမှာ ထိုင်နေရင်း အိမ်ကို လှမ်းပူလိုက်သည်။ မြို့ပိုင်မင်းမှာ ရုံးတက်နေသည်။ အိမ်တွင် ကလေးများနှင့် အစေခံများ ထားပစ်ခဲ့၍ စိတ်မချသလို ဖြစ်လာသည်။

"တောမှာ နေရတာ မကောင်းပါဘူး အန်တီရယ်။ ခုနေတော့ ရန်ကုန်မြို့မှာ နေရတာပဲ အကောင်းဆုံးပဲ။ မြို့ပိုင်မင်းကို အလုပ်ထွက်ခိုင်းပြီး ရန်ကုန်သာ ပြောင်းနေချင်တာပဲ"

မင်းကတော်လေးသည် ဘေးကင်းရာ လောကနိဗ္ဗာန်ဖြစ်နေသော မြို့ ရန်ကုန်ကို တမ်းတလိုက်လေသည်။ အိမ်ရှေ့အိမ်က ဦးပေါက်တို့မှာ တောမြို့ပေါ် ဘာကြောင့် ပြောင်းလဲပုံကိုတော့ အမှန်တကယ် မသိကြ။ ဦးပေါက်အိမ်ကို ကြည့်ကာ လန့်ဖျပ်ပြီး ရန်ကုန်သာ ရွှေ့နေချင်စိတ် ပေါ်ပေါက်လာသည်။

မင်းကတော်၊ စိုးကတော်၊ အထက်တန်းစား၊ လူ့ဂုဏ်တန်တို့ကား ဆင်းရဲ နွံချာမှုတို့ကို မြင်ဖူးကြပါ၏။ ဆင်းရဲ ဝတ်မွတ်ခြင်းကြောင့် အသွေးအသား ကင်းမဲ့ကာ ဖျော့တော့တော့၊ ဝါကျင်ကျင်၊ ကြုံလှီလှီ လူမျိုးတွေသာ မြို့ပေါ်တွင် တွေ့နေကျ၊ မြင်နေကျ ဖြစ်လေသည်။ ထိုပုံသဏ္ဌာန်များသည် သားအန္တရာယ် မပေးနိုင်။ မိမိတို့နှင့် ယှဉ်ကာ မော်ကြည့်ဝံ့သော လူစားမျိုး မဟုတ်။ မြင်လျှင် ခေါင်းချ၍သော် လည်းကောင်း၊ ဒူးတုတ် ငုံ့လျှိုးလို့သော် လည်းကောင်း၊ သို့မဟုတ် ဝေးဝေးသို့ပင် ဖယ်ရှောင်ပေးလို့သော် လည်းကောင်း ရန်မရှိ၊ အဆိပ်မရှိဘဲ စိတ်ချရလေသည်။

ဆင်းရဲခြင်းကြောင့် ပင်ပန်းကြီးစွာ အလုပ်ကြမ်း လုပ်ကြရသဖြင့် ကြမ်းတမ်းတုတ်ခိုင် မဲသဲကာ အရုပ်ဆိုး အကျည်းတန်သော ရုပ်ဆင်းသဏ္ဌာန်မှာ လူအထက်တန်းစား လူ့ဂုဏ်တန်များအဖို့ ထိတ်လန့်စရာ ဖြစ်နေသည်။

ဖဲကစားရန် အိမ်မှထွက်လာသော မင်းကတော်မှာ တောသားများ၏ ရုပ်လက္ခဏာကို ဝေဖန်ကြည့်ရှုရင်း ကစားရန် စိတ်မပါတော့ဘဲ ကြောက်ရွံ့ရွံ့ ဖြစ်လာသည်။

"အန်တီရယ်၊ ဒီနေ့ လာကြပါဦးမလား။ မလာရင်လည်း ပြန်ချင်တယ်"

အိမ်ရှေ့အိမ်ကို လှမ်းကြည့်နေသော မင်းကတော်ကြီးလည်း ဖျတ်ခနဲ လှည့်ကြည့်ကာ 'နေပါဦး မင်းကတော်၊ ဘယ့်နယ် မဟုတ်တာ လာကြမှာပေါ့။ သော ဟိုမှာ ဘိုကတော်'ဟု ပြောပြောဆိုဆို တံခါးထဖွင့်ပေး ရပြန်သည်။

ဝိုင်းဖြစ်အောင် တစ်နာရီလောက် ထိုင်စောင့်ကြရသည်။ တစ်ယောက်ပြီးတစ်ယောက် လူစုံစုံ ရောက်လာကြသည်။ မင်းကတော်၊ စိုးကတော်၊ ဟုပ်ကတော်များအပြင် ဆန်စက်သူဌေး၊ စိန်ဘာဘူများပင် ပါဝင်သော ဝိုင်းကြီး ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



ဖဲဝိုင်း မစခင်က လူစောင့်ရင်း တောအခြေအနေ၊ မြို့အခြေအနေတွေကို ဘိုင်းပြည်ကြီး ပျက်တော့မလောက် ကြားသမျှ၊ သိသမျှ အထိတ်တလန့် စု ပြောနေကြသေးသည်။ အနူထူးသဖြင့် ဦးပေါက်အိမ်ကို မဏ္ဍိုင်ထားကာ ခေတ် မကောင်းကြောင်း၊ ခေတ်ပျက်ကြောင်း၊ တရားမဲ့ကြောင်းကို ဖွဲ့နွဲ့ညည်းညူ နေကြလေသည်။

သို့သော် ခဏလောက်သာ ရင်ထဲ၌ ထိတ်လိုက်ကြသည်။ ဖဲဝိုင်စတာ နှင့် တစ်ချက်တည်း ရင်ထဲတွင် ပေါ့သွားကြကာ ခေတ်ပျက်ကြီးကို မေ့လျက် ဟေးလားဝါးလား ဆူညံကာ ကစားနေကြသည်။

[၄]

နေ၏ အလင်းရောင်သည် လုံးလုံးလျားလျား ရုပ်သိမ်း၍ သွားသည့်အခါ တိုက်ခံအိမ်ကြီးမှ ထွန်းညှိထားသော ဓာတ်မီးရောင်တို့ကား ထိန်လင်းတောက်ပ လျက် ရှိသည်။

ရေဒီယိုပင် လာလေပြီ။ တိုက်ခံအိမ်တွင်းမှ ဖွင့်လိုက်သော တေးသံ သည် ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်၍ လာသည်။

တောကလူများမှာ အသံကြားရာသို့ လှမ်းကြည့်ကြလေသည်။ တချို့ လည်း ဖိနပ်ချွတ် သံတိုင်နားသို့ သွားရပ်ကာ အာရုံစိုက်ပြီး နားထောင်နေကြ သည်။

နေ့တိုင်းပင် တောကလူများသည် မြေကြီးပေါက်ကြရ၏။ နေပူမိုးရွာ မရှောင် ကျွဲနွားနှင့် ဖက်လျက် ဗွက်ထဲ၌ ရုန်းကြရသည်။ တစ်နေ့တာ လုပ်ငန်း ပြီးသွားကြလျှင် ဘာကြောင့် ပြီးခဲ့ကြသည်ကို ဘယ်သူမှ မသုံးသပ်ကြ။ သူတို့ အဖို့ စားပြီး၊ လုပ်ကိုင်ပြီးလျှင် အိပ်ဖို့ပင် ဖြစ်သည်။

လူ့ရယ်လို့ ဖြစ်လာရသော်လည်း နေ့စဉ် မြင်တွေ့နေရသည့် တော သဘာဝထက် ထူးထူးဆန်းဆန်း ကြားမြင် သိရှိရသည် မရှိ။ ကိစ္စရှိ၍ မြို့ကို ရောက်မှပင် မတွေ့ဖူးတာ တွေ့ရသည်။ မကြားဖူးတာ ကြားကြရသည်။

ဖဲဝိုင်းကား သိမ်းလေပြီ။ ဧည့်သည်တို့သည် ပြန်ကြရန် အိမ်ပေါက် ဝသို့ ထွက်လာကြသည်။ အိမ်ပေါက်ဝက မထွက်ခင် မျက်နှာချင်းဆိုင်အိမ်မှ မျက်စိကျွတ်မတတ် ရပ်ကြည့်နေကြသော တောသားအချို့အား သက်ာမကင်း ပြန်ကြည့်ကြသည်။

မင်းကတော်တွေအား လာရောက် ကြိုဆိုကြသော အရာရှိတစ်စုသည် သူတို့အချင်းချင်း တီးတိုးပြောလျက် အိမ်ရှေ့အိမ်ကို အရာရှိပီပီ စူးစမ်းတွေး တော၍ အရိပ်အကဲခတ် ကြည့်ကြသည်။





"လူတွေ စုနေတာကတော့ စဉ်းစားစရာပဲ" တိုက်ပိုင်ကြီးက လေးလေး နက်နက် တွေးခေါ်ကြည့်သည့် မျက်နှာထား အမူအရာနှင့် ပြောဆိုသည်။

'တရုန်းရုန်းနဲ့ ဘယ်တော့မှ လူမစဲဘူးရှင့်'ဟု မင်းကတော်ကြီးက ဝင်၍ ပြောသည်။

'သတိ ဝီရိယနဲ့ နေပေါ့ဗျာ။ ကာလကြီးက မကောင်းဘူး။ ဒါပေမဲ့ ... ပ်တို့ ရှိသားပဲ။ ကြောက်စရာ မရှိပါဘူး"

[၅]

ဦးပေါက်၏ မြို့ဆက်ဆံရေးကား ပြောပလောက်အောင် မရှိပေ။ ခေါင်းရင်းအိမ်၊ ခြေရင်းအိမ်တို့ပင် ရောက်ဖူး ပေါက်ဖူးအောင် သိကျွမ်းခင်မင်ခြင်း မရှိသေးပေ။

အသိအကျွမ်း မိတ်ဖွဲ့၍ ဦးပေါက် သွားလို့ လည်လို့လည်း ဖြစ်မည် မဟုတ်။

ဧည့်ခန်းဆောင် ကုလားထိုင်တွင် စတိုင်ကျကျ ဝင်ထိုင်ကာ လာချ သော ကော်ဖီပန်းကန်ကို ယဉ်ယဉ်ကျေးကျေး တစ်ဝက်လောက် သောက်ပြ ... လည်း မသိတတ်။ စကားကို ဘယ်အချိုးမျိုးပြောကာ၊ ဟန်ဘယ်လိုထား ... အရိပ်အကဲ ဘယ်လိုနည်းနှင့် နားလည်ရမှာ မြို့ဆန်မှု၊ မြို့ယဉ်ကျေးမှု ဘယ်ဟာ ဘယ်ခင်မှန်း နားလည်မည်လည်း မဟုတ်ပေ။

ဧည့်သည်ရှိနေလျှင် ထမင်းစားဖို့ ရှိသော်လည်း ဧည့်သည်မပြန်သေး သဖြင့် မစားဘဲ နေရသည်။ ဘယ်လောက်ဆာနေနေ ဧည့်သည် မပြန်မချင်း အဆာခံပြီး အောင့်နေရသည်။ ဧည့်သည်ကို ထမင်းစားခေါ်ဖို့ရာ ခက်သည်။ ... မဟုတ် ပြောဖို့ရာ ရှိုင်းသည်။ ဧည့်သည်ဆိုတာ ထမင်းကျွေးချင်လျှင် ... တကာ သပ်သပ် ဖိတ်ကျွေးရသည်။ အလှုပြင် ကျွေးရသည်။ ဧည့်သည် ... လည်း အဝမစားရ။ ယဉ်ယဉ်ကျေးကျေး အလှသာ စားရသည်ဟူသော မြို့ ဆန်မှု၊ မြို့ယဉ်ကျေးမှု၊ မြို့စည်းကမ်းများကို ဦးပေါက်မှာ သိဖို့၊ တတ်ဖို့၊ ... သည်ဖို့ နေနေသာ ကြားတောင်မှ ကြားဖူးမည် မဟုတ်ချေ။

နောက်ဖေးဆောင်က ခုံဝိုင်းကလေးကို အိမ်ရှေ့သို့ လိမ့်ထုတ်လာလျက် ... ခင်းပွဲများ ပြင်ချပြီး 'ထမင်းစားပါဦး၊ လာပါဗျ'ဟု ဝမ်းသာအားရ ခေါ် ... ရှိတာနှင့် ကျွေးနေလျှင် ဟန်ပန်လုပ်မနေဘဲ ခေါ်တာနှင့် လက်ဆေးပြီး ... စားတတ်ကြသော တောလေ့၊ တောစရိုက်၊ တောကျသော ဦးပေါက်ကား ... နှင့် အသိအကျွမ်း မဖွဲ့ချင်ဘဲ အိမ်ထဲတွင်ပင် မိုထိုးချင်ထိုး၊ ဆေးချက်လျှင် ... ကာ ခပ်အေးအေးဆေးဆေး နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



{၆}

"သောက်ပါဦးကွ၊ ကျော်မောင်ရ။ ဒီတစ်ချီ စိတ်တိုင်းကျပဲကွာ"

ကျော်မောင်မှာ ဦးပေါက် တိုက်တွန်းလှ၍ တစ်ခွက်ပြီးတစ်ခွက် မော့ချနေရသော်လည်း ဦးပေါက် ပြောသလောက် မထိ၍ မသောက်ချင်လှဘဲ အားနာပါးနာ မော့ချနေရသည်။

"ဘယ့်နှယ်လဲဟေ့ ကျော်မောင် ပြင်းရဲ့လားကွ"

ကျော်မောင်သည် ဦးပေါက်ကို ပြုံးပြုံးကြီး ကြည့်ကာ ခေါင်းခါပြလိုက်၏။

"မဟုတ်တာကွာ၊ ပြင်းပါသကော။ ရှိကြည့်ပါလား၊ တောက် မတောက်"

ကျော်မောင်သည် အရက်ကြိုက်၏။ အရက်ကို မသောက်ဘဲ တစ်နေ့တလေမှ မနေနိုင်။ ကျော်မောင် အရက်ကြိုက်တတ်မှန်း သိ၍ ဦးပေါက်က ကျော်မောင်အား ခေါ်ကာ လက်စွမ်းပြနေလေသည်။

ဖိုပေါ်တွင် ပေါင်းအိုးကြီးများ၊ အိုးကြီး အိုးငယ် ဆင့်တင်လျက် ဦးပေါက်မှာ ချွေးတလုံးလုံးနှင့် ဆေးချက်နေလေသည်။

သူ့ဆေး၏ အာနိသင်မှာ အစာကြေ၏။ ရင်ချောင်၏။ ဖဖပါးရောဂါ ကင်းနိုင်၏။ ဆေး၏ အရသာမှာ ပူပူခါးခါးဖြစ်လျက် အနံ့မှာ စိမ်ထားပြီးမှ အချဉ်ပေါက်လာလျှင် အရည်ကို ပြန်ပေါင်းပြီး အဆီကို ယူရသော ပေါင်းဆေး၊ ချက်ဆေး ဖြစ်သည်။ ဆေးနံ့နှင့် အရောင်မှာ အရက်နံ့ အရောင်အတိုင်း ထွက်ကာ အရသာမှာလည်း အရက်အရသာနှင့် မတိမ်းမယိမ်း ဖြစ်ပေ၏။

ကျော်မောင်မှာ ရှောက်သီး၊ ဂျင်း၊ ဖာတိပ္ပိုလ်၊ သစ်မြစ်၊ သစ်ဥတွေဖြင့် မျက်စိအောက်တွင် ပေါင်းချက်နေပုံကို မြင်ရ၍ ဦးပေါက်၏ အာယုဒီဃ သက်စောင့်ဆေးကို အရက်နဲ့တန်းတူ အထင်မကြီးနိုင်ဘဲ အရက်လောက် သတ္တိတန်ခိုး မရှိဘူး ထင်သည်။

"မင်း အရက်ကို ဖြတ်ပါကွာ။ ဒါသာ စွဲသောက်ပါ။ ဒါက ဥပဒ်မဖြစ်တဲ့အပြင် ကျန်းမာရေးကောင်းတယ်ကွ"

ဦးပေါက်သည် အရက်သမားကို သူ့ဆေးနှင့်ဖြတ်လျှင် ဖြတ်ရမယ်ဟု တစ်ထစ်ချ ယုံကြည်နေသည်။ ပေါင်းချောင်အိုးထဲမှ ဦးရည်ကို ခပ်ကာတစ်ခွက်ပြီးတစ်ခွက် တိုက်နေလေသည်။

နောက်နောက်က လေသင်တုန်း ဖြတ်သွားစဉ်က ဘုန်းကြီးတစ်ပါးထံမှ ဆေးနည်းရကာ သည်ဆေးနှင့် ပျောက်ကင်းချမ်းသာခဲ့သည်။ ဆေးကို မပြတ်အောင် ချက်ကာ အိုးနှင့် တည်သောက်လေသည်။ ရင်းနှီးသောမိတ်ဆွေ သင်္ဂဟ ဝေဒနာသည်များအား သူ့ဆေးကို ဒါနပြုတတ်လေသည်။





ကျော်မောင်သည် ဆေးသောက်ရင်း မြည်းရန် ကြော်ထားသည့် ကြွက်သားကြော်များကို အားရပါးရ ဝါးစားကာ ဆေးကိုတော့ အာသာပြေလောက်သဘောထားကာ သောက်ရသည်။

စပါးသိမ်းရန် တောမဆင်းရလျှင် မြည်းရန် ကျော်မောင် နေ့တိုင်း ...ာက်လေသည်။ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်္ဂရတ်ကျမ်းများကို နားထောင် ...၍ ခြေးနိုင်အောင် ဦးပေါက်က ပြောဟောပြသည်။ ဆေးချက်သည်နှင့် ကြုံ ...ှင်လည်း မမှုမချင်း တိုက်လွှတ်သည်။ ဖိုဆွဲနေခိုက် ကြုံလျှင်လည်း သူ့ ...ဘ်လုံးကလေးကို ကျော်မောင်အား ရေနှင့် စိမ်ကာ တိုက်လိုက်လေသည်။

ဦးပေါက် အိမ်၌ တောပရိသတ် ထူနေတုန်း ကျော်မောင် ရောက်လာ ...ာ ဝိုင်းကောင်းကာ စီစီညံညံ ရှိနေတတ်သည်။

ဝိုင်းထဲတွင် ကျော်မောင်က ဦးပေါက်အား လက်ကုတ်ပေးလိုက်လျှင် ...ဦးပေါက်သည် ကျမ်းကြီး ကျမ်းဂန်ထဲမှ စပ်မိသလို အစဖော်ကာ ဆွဲပေး ...ာက်သည်။

ပရိသတ်သည် အာပေါင်အာရင်း သန်သန်နှင့် အငြင်းအခုံ ပွားကုန်ကြသောအခါ ဦးပေါက်သည် ဘေးမှ ထိုင်လျက် အသာကြည့်ကာ ပြုံးနေတတ်သည်။

သည်ထက် ဝိုင်းပိုဆူစေချင်သေး၍ ကျော်မောင်က ဦးပေါက်အား ...ကြာ်တွင် လက်ကုတ်နေပြန်လျှင် ဦးပေါက်သည် ပြုံးနေရာမှ တစ်ခွန်းနှစ်ခွန်း ...င် ဝင် တို့ပေးသည်။

အသားများ နီတက်လာအောင်၊ နဖူးကြောကြီးများ ထောင်ထလာအောင် ...ဒေါ်ကြီးဟစ်ကျယ် ဖြစ်ကုန်ကြအောင် မထိတထိ ဆွပေးနေသည်။

သည်အထဲတွင် သူ မပါသလို ငြိမ်ချက်သားကောင်းလှကာ ကျော်မောင် ...ကို သူ့လက်ချက်မှန်း သိအောင် ပြုံး၍ ပြလျက် ဆိတ်ဆိတ် ငြိမ်နေတတ်သည်။

ကျော်မောင်မှာ ဦးပေါက်၏ အမူအရာတွေကို သဘောကျနေတော့သည်။ မိမိနှင့် သက်တူရွယ်တူ မဟုတ်သော်လည်း ဦးပေါက်ကို တမ်းတမ်းစွဲ ...ခင်နေသည်။ နေ့ရှိသရွေ့ အားလပ်တိုင်း ဦးပေါက်အိမ်၌ အချိန်ဖြုန်းလိုက်သည်။ တောဆင်းရမှပင် ဦးပေါက်အိမ်သို့ မရောက်ဘဲ နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[၇]

ကျော်မောင် တောသွားပြီး စပါးခြင်နေခိုက် ကြားလိုက်ရသော မကောင်းသတင်းမှာ ကျော်မောင့်အဖို့ ခံပြင်းဖွယ်ရာ ဖြစ်တော့သည်။ တံတား၌ ဆိုက်ကပ်ထားသည့် တုံကင်းပေါ်တွင် ထိုင်ကာ အလုပ်ထဲတွင် စိတ်ဝင်စား၍ မရအောင် ဖြစ်နေသည်။

ကူလီများသည် စပါးကျီထဲမှ စပါးများ ခြင်ကာ တုံကင်ထဲသို့ သယ်ယူနေကြသည်။ စပါးတောင်းကို ထမ်းကာ ကူလီများ ကုန်းပေါင်ပေါ်သို့ တက်လာကြသောအခါ ညွတ်၍ ညွတ်၍ သွားသော တံတားမှာ ကျွိ၊ ကျွိ ထွက်နေသည့် ကြိတ်သံ ပွတ်သံ၊ ထိုနောက် တုံကင်းဝမ် ထဲသို့ စပါးလောင်းထည့်လိုက်ကြသည့် အသံများကား အလုပ်ထဲတွင် စိတ်မရှိသော ကျော်မောင်အား မလုပ်ချင်အောင် နားကြား ပြင်းကပ်လာသည်။

ကျော်မောင်သည် တုံကင်းပေါ်မှ ဆင်းသွားကာ စပါးကျီရှေ့၌ ဂရိုကိုင်နေသော ကူလီခေါင်းကို သွား မေးပြန်သည်။

"ဒီသတင်းဟာ သေချာရဲ့လား။ ပြောတဲ့လူက ဘယ်သူလဲ"

ကျော်မောင်သည် မကျေမချမ်းဖြစ်ကာ ထပ်မေးလိုက်ပြန်သည်။

"ဟုတ်တယ် စာရေးကြီးရဲ့။ ဗြူးစခန်း က ကိုဘိုးဆိုင်တို့ ဘောက်တုနဲ့ ဈေးလာဝယ်ရင်း ပြောသွားတာပဲ။ ကိုဘိုးဆိုင်က သူ့ယောက်ဖပဲ ဟာ"

သည်တော့မှ ကျော်မောင်လည်း ဟုတ်ပါပြီဟု ငိုင်သွားလေသည်။

ဦးပေါက်အိမ်၌ လက်နက်တွေ ဝှက်ထားသည်ဟု သတင်းအရ ပုလိပ်များ တက်ရှာကြရာမှ စိမ်ရှည်အိုး မှာ မိသွား၍ အရက်ခိုးချက်မှုဖြင့် ဦးပေါက်အား ရုံးတင် တရားစွဲထားပြီ ဟုသော ကြားသိရသည့် သတင်းကား ယုံမှားသံသယ ဖြစ်စရာ မရှိတော့ဘဲ စိတ်ထဲတွင် အောင့်သက်သက်ကြီး ခံပြင်းနေလေသည်။

မြို့ပြောင်းချင်လှတာ အခုတော့ ဘယ့်နှယ်ရှိပါစဟု ကျော်မောင့်စိတ်ထဲ၌ တဖျစ်တောက်တောက် ရှိရင်း အမှုအခြေအနေကို သိချင်နေသည်။ မြို့သို့ ပြန်ချင်သော်လည်း စပါးခြင် မပြီးသေး၍ အောင့်အည်းနေရသည်။

ကျော်မောင်သည် စပါးများ ပေါင်တိုက်နေရာက သတိရလျှင် 'ဖြစ်မှ ဖြစ်ရလေ ဦးပေါက်ရယ်'ဟု တောက်ခေါက်ကာ ညည်းတွားနေလေသည်။

အညီရှိလျှင် ယင်အုံတတ်သည်။ အင်စပိတ်တော်မင်း၊ ပုလိပ်တော်မင်းများက အနည်းနည်းနဲ့ ချောက်လှန့် ဝိုင်းညှစ်နေကြတော့မှာကို တွေးမိနေသည်။





အရက်မဟုတ်ဘဲ ဆေးဖြစ်ကြောင်း၊ မည်မျှ အကုန်အကျခံကာ ထုချေ၊ ဆုချေ လိုင်စင်မရှိဘဲ ချက်ရသလားဟု အစိုးရ အပြစ်ဒဏ်သင့်ကာ ထောင်ဒဏ်များ ကျနေဦးမှာလားဟု စိတ်ပူနေသည်။

လက်နက် အရှာခံရသည်ထက် အရက်ခိုးချက်သလို စွပ်စွဲခံရပုံမျိုးမှာ ဘခ်သက်တွင် ခေါင်းမထောင်ဝံ့အောင် ရှက်သွားမှာကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်မိသည်။

ကျော်မောင် မြို့သို့ ရောက်လာသည့်အခါ၌ ထင်သည့်အတိုင်းပင် ဦးပေါက်မှာ အစိုးရ အပြစ်ဒဏ် မသင့်အောင် အစွမ်းကုန် ကြိုးစား ကာကွယ်နေရသည်။

'ရှက်တာပါပဲကွာ'ဟု ကျော်မောင်ကို ပြောသည်။ ဦးပေါက်အဖို့ ရှက်ထက် ဘယ်ဟာကမှ မကြီးကျယ်ချေ။ နောက်... နောက်က မှဲ့တစ်စက် မဖွန်းထင်ဘဲ မြို့တက်နေကာမှ လုလုကြီး အရှက်ကွဲနေပေသည်။

ရက်ရှည်လများ ဆွဲစစ်နေသော အမှုမှာ တော်တော်နှင့် မပြီးနိုင်ဘဲ ...သထက် ရှည်နေလေသည်။ ဓာတုဗေဒရုံးသို့ ဆေးရည်များကို ဓာတ်ခွဲ ...ည့်ရန် တင်ပို့ထားသေးသည်။ သည့်အမှုမျိုးမှာ ပိုက်ဆံကုန်သော အမှုမျိုး ...င်ခပသည်။

ဦးပေါက်သည် လက်ရှိအိမ်ကလေးကို ပေါင်နှံကာ အမှုဖြစ်နေရသည်။ ...ည်နေသဖြင့် မြန်မြန်လွတ်ရအောင် ဆိုင်ရာ ဆိုင်ရာတို့အား ငွေနှင့် ...ကန်တော့ရသည်မှာ စည်းစိမ်ပြုတ်သွားသည်အထိ ဖြစ်ရလေသည်။

အမှုပြီးသည့်နောက် ဦးပေါက်မှာ ပေါင်ထားသော အိမ်ကို တဖြည်း ...ည်း ပြန်မရွေးနိုင်တော့ဘဲ ငွေရှင်လက်သို့ ထိုးအပ်လိုက်ရလေသည်။

နောက်ဆုံး၌ မြို့စွန်မြို့ဖျား ကွင်းစပ်တွင် တဲသွားထိုးလျက် ဖြစ်သလို ...ကြရတော့သည်။

[၈]

...ခမှာ မုန့်ရောင်းရသည်။ ဦးပေါက်က ဒေါ်ခအား ဆန်ထောင်း၊ မုန့်ညှစ် ...ည်လုပ်ပေးသည်။ ဦးပေါက်သည် ရှက်လွန်လွန်းသဖြင့် လူတွေ့၊ သူတွေ့ ...မခံချင်ဘဲ တဲကုပ်အတွင်း၌ပင် အချိန်ကုန်လွန်သည်။

ကျော်မောင် တဲထဲသို့ ဝင်ထိုင်သည့်အခါ ယခင်ကလို စကားစမြည် ...ကာ ရယ်ရယ်မောမော နေချင်သည်။ သို့သော် ဦးပေါက်က ကျော...ရုပ် ...တတ်သဖြင့် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဘာမှ မတတ်နိုင်ဘဲ ရှိ ...သည်။

www.burmeseclassic.com



ကျော်မောင်က တစ်စုံတစ်ခု ပြောလိုက်သောအခါ၌ သူက ပြန်ဖြေချင်မှ ဖြေသည်။ 'နေပူလိုက်တာ'ဟု ကျော်မောင်က ပြောသောအခါ 'အင်း... တယ်ပူတယ်' စသည်ဖြင့် ပြန်ပြောသင့်ပေသည်။ သို့သော် ထိုသို့ မပြောဘဲ ငုတ်တုတ်ကြီးသာ နေလေသည်။

ကျော်မောင် မေးခွန်းထုတ်ခြင်းမှာ အနှောင့်အယှက်ပေးခြင်းပင် ဖြစ်နေလေသည်။ ကျော်မောင်က မေးခွန်တွေ တသီတတန်းကြီး မရမက မေးမြန်းနေသောအခါ၌ ဦးပေါက် အဖြေများမှာ တစ်ခွန်းထက် တစ်ခွန်း တိုတောင်းပြတ်တောက်နေလေသည်။

ဦးပေါက် စိတ်ထဲ၌ မည်မျှလောက် စက်ဆုပ်ထိခိုက်မနေရပုံကို မြင်ရတိုင်း ကျော်မောင်လည်း ထိခိုက်သွားရသည်။ ကျော်မောင်သည် ရှေ့ကြောင်း၊ နောက်ကြောင်းများကို မပြောမိရန် အထူးဆင်ခြင်သည်။ တစ်ခါတစ်ရံ ဦးပေါက်ကို စကားပင် မပြောမိဘဲ ဒေါ်ခနှင့်သာ ပြောဆိုပြီး ပြန်ထလာသည်။

ဒေါ်ခ မရှိခိုက် တစ်နေ့ ဦးပေါက်တဲသို့ ကျော်မောင် ရောက်သွားသည်။ ဦးပေါက်သည် နှုတ်လည်း မဆက်၊ တဲရှေ့က ကွင်းပြင်ဘက်သို့ ငေးမှိုင်နေသည်။

ကျော်မောင်သည် ငြိမ်ငြိမ်မနေနိုင်ဘဲ 'ပိုက်ဆံယုံစရာ ရှိရဲ့လား ဦးပေါက်'ဟု မေးလိုက်သည်။

ဦးပေါက်သည် အဖြေမပေးဘဲ တဲရှေ့က လယ်ခင်းများကိုသာ ငေးကြည့်နေသည်။ နေရောင်မှာ ရွှေခင်းတစ်မျိုး ဖြစ်နေလေသည်။ ကန်သင်းများဝိုင်းရံထားသော လယ်ကွက်ကလေးများမှာ မျက်စိကစ်ဆုံး တည်ရှိလေသည်။ နောက်ဖေးတန်းမှ လူများသည် ကန်သင်းပေါ်တွင် လျှောက်ကာ မြို့ဘက်သို့ သွားနေကြသည်။ အားလုံးပင် ဆိတ်ငြိမ်လျက် ရှိပေသည်။

"ငါ့မမေးနဲ့ ကျော်မောင်၊ မယ်ခ မေးကြည့်"

ထိုနေ့ကစ၍ ငွေရေး၊ ကြေးရေးနှင့် ပတ်သက်၍ ဦးပေါက်အား မမေးမမြန်းဝံ့ဘဲ တတ်နိုင်လျှင် ဒေါ်ခ လက်ထဲသို့ လေးငါးကျပ် သွားပေးလိုက်သည်။

ဦးပေါက်သည် ဒေါ်ခ ထည့်ကျွေးတာနှင့် စားသည်။ ဒေါ်ခ အလုပ်ကူညီလုပ်ပေးသည်။ ဘာလိုချင်တယ်၊ ဘာစားချင်တယ် တစ်ခွန်းမှ ပြောဖော်မရ။ ပိုက်ဆံ ရှိ မရှိ ဘယ်တော့မှလည်း မမေးတော့။ ဒေါ်ခ မုန့်ရောင်းထွက်သွားလျှင် တဲထဲတွင် ငုတ်တုတ်ကြီး ထိုင်ကျန်ရစ်ခဲ့သည်။





[၉]

မြို့နောက်ဖေး ဦးပေါက်တဲက အရက်ပုလင်းတွေ ဖမ်းသွားတယ်"

ဤသတင်းကား မြို့ပေါ်တွင် သူပြော ငါပြော ဖြစ်လောက်အောင် အရေးပါသော သတင်းမျိုး မဟုတ်တော့ပေ။ ပျဉ်ထောင်အိမ်နှင့် နေစဉ်တုန်းကလို သူသိ ငါသိ သိရန် သတင်းတန်ဖိုးလည်း မရှိချေ။

ဘိန်းစား ကစော်သမားပိုင်းရပ်ကွက်က ထွက်ပေါ်လာသော သာမြင်ဆောင်ည သတင်းသာ ဖြစ်သည်။

ကျော်မောင်မှာ ထိုသတင်းကို နားစွန် နားဖျား ကြားသိရ၍ စိတ်မကောင်းခြင်းဖြစ်ကာ သတင်းမေးရန် နေအိမ်မှ ထွက်ခဲ့သည်။

တောဘက်သို့ သွားနေရခြင်းကြောင့် ဦးပေါက်တဲသို့ မရောက်တာကြာ၍ နေပြီ။ ဒေါ်ခ မမာနေမှန်း၊ အိပ်ရာထဲက မထနိုင်မှန်း သိ၍ 'ဒေါ်ခ ပျောက်စေချင်လှသည်နှင့် အာယုဒီဃဆေးကို ပြန်ချက်ပြန်ပြီ ထင်တယ်'ဟု တောကလာ လမ်းလျှောက်လာရင်း နောက် နောက်က အဖြစ်အပျက်များ သတိပြန်ရမိတော့သည်။

လမ်းကွင် ဦးပေါက်နှင့် သွားဆုံမိကြသည်။ မြင်မြင်ချင်းပင် ကျော်မောင် 'ဖြစ်မှ ဖြစ်ရလေဗျာ၊ အမှု ဘယ့်နှယ်တုန်း'ဟု သတင်းမေးခြင်း ဖြစ်လေသည်။ မိမိအား ပြုံးကြည်နေသဖြင့် မစဉ်းစားတတ်လောက်အောင် ဖြစ်သွားသည်။

ကျော်မောင် အံ့အားသင့်သွားမှန်း သိ၍ ဦးပေါက်က မျက်နှာပိုးသတ်လိုက်သော်လည်း ပြောင်ချော်ချော် မျက်နှာပေးမှာ မရုပ်သိမ်းဘဲ ရှိသေးသည်။

"ခင်ဗျား ဆေးချက်ပြန်ပြီလား"

ဦးပေါက်ကို အကဲခတ်ရင်း ကျော်မောင်က အတတ်သိသလို မေးလိုက်သည်။

ဦးပေါက်၏ မျက်နှာတစ်ပြင်လုံး ပြုံးချင်တိုင်း ပြုံးသွားသော အမူအရာမြင်ရပြန်သည်မှ တစ်ပါး ဦးပေါက်ထံမှ အဖြေကို မကြားရ။

"ဒဏ်ရိုက်သလား၊ ဆောင်ခဲ့ပလား"

ကျော်မောင်က ထပ်မေးပြန်သည်။

ဦးပေါက်သည် သွယ်ကော့လျက်ရှိသော နှုတ်ခမ်းမွေးကို အထက်သို့ ကော့လျက် သွားများ ပွင့်လာကာ သူ၏ အရောင်တောက်သော မျက်လုံးပြူးဖြင့် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါက်၏ မထုံတက်သေး အမူအရာကို အားမလို အားမရကြီးဖြစ်ကာ 'ဘယ်လောက်တုန်း'ဟု ကျော်မောင်က ထပ်မေးပြန်သည်။

"သုံးဆယ်"

ဦးပေါက်၏ အသံမှာ အနည်းငယ် ကျယ်သည်။ သည်ငွေ ဆောင်ခဲ့ရသဖြင့် ဘယ်လောက်မှ အရေးမကြီးသလိုလည်း တွေ့ရသည်။

ကျော်မောင်မှာ မျက်နှာပျက်သွားလေသည်။ ဦးပေါက်တို့ လက်ထဲတွင် ငွေသုံးဆယ် ဝေ၍ ငါးကျပ် တစ်ဆယ်ပင် ကိုင်နိုင်မည် မဟုတ်သည့်အတွက် နားထဲတွင် နင့်ဆင်းသွားသည်။

သည်ငွေ ဘယ်က ရနိုင်သလဲ။ သူ့စိတ်သည် အမျိုးမျိုးတွေး၏။ ထင်မြင်ချက် အမျိုးမျိုးသည် ခေါင်းထဲသို့ ဝင်လာကြသည်။ ဦးပေါက်အား ဆက်၍ မေးရန် ရုတ်တရက် ခက်နေသည်။ သို့သော် နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ် မေးလိုက်မည်ဟု ဟန်ပြင်ကာ ဦးပေါက်အား မျက်မှောင်ကုတ် ကြည့်လိုက်သည်။

ကျော်မောင်မှ မမေးရခင် ဦးပေါက်က အရင်စပြောလိုက်သည်။

"ငါ့ဟာ ဆေးပုလင်း မဟုတ်ဘူးကွ၊ ကစော်ပုလင်းတွေ"

ကျော်မောင်သည် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြခြင်းမက အံ့သြသွားလေသည်။

"ဗျာ... ဦးပေါက်၊ ခင်ဗျား အရက်ချက်ရောင်းတယ်ဟား။ ဒါဖြင့် ခင်ဗျား..."

ကျော်မောင် ပါးစပ်မှ လွှတ်ခနဲ လျှောက်ပြောမိပြီးမှ ဦးပေါက်၏ မျက်နှာမှာ နှလုံးမသာဟန်အသွင် ပေါ်ပေါက်ကာ မခံချင်ခြင်း၊ စိတ်ဆောင်ထားခြင်းတို့ကိုလည်း ဖော်ပြနေသောကြောင့် ဆက်ပြောဖို့ပင် ခက်သွားသည်။

"ငါကလားကွာ ကျော်မောင် အရက်ချက်ရောင်းမှာ။ မင်းတို့အစိုးရ ပေးတဲ့ ကောင်းကျိုးပေါ့"

ဦးပေါက် ဆိုလိုချင်သည့် အဓိပ္ပာယ်ကို ရုတ်တရက် နားမလည်နိုင်မိပေ။ တစ်လုံးချင်း ဖြည်းဖြည်း လေးလေးကြီး ပြောပြနေသည်ကို မနည်းစောင့်ဆိုင်း နားစွင့်နေရသည်။

"အရင် ဖြစ်ပြီးခဲ့တဲ့ အမှုကြီးရဲ့ အမာရွတ်က ငါ့မှာ ခုထက်ထိ မပျောက်သေးဘူးကွ။ နောက်တုန်းက အရက်ခိုးချက်တယ်ဆိုတဲ့ နာမည်ပျက်ဟာလည်း ခုထက်ထိ ရှိတုန်းပဲကွ။ တစ်နေ့ တို့တဲကို ပုလိပ်တစ်ယောက် ပေါက်လာတယ်။ ဘယ်သူကများ လက်ထောက်ချလိုက်သလဲ၊ ညွှန်လိုက်သလဲ





မဆိုနိုင်ပါဘူး။ သူပြောတာလည်း နားထောင်စမ်းပါဦး။ ခင်ဗျား ကျုပ်ခိုင်းတာ လုပ်ရမယ်တဲ့၊ ပိုက်ဆံလည်း ရမယ် တဲ့၊ ခင်ဗျားလည်း ဘာမှ မဖြစ်စေရဘူးတဲ့"

"ဘာများလဲဗျာ"

ကျော်မောင်က ဖြတ်မေးလိုက်သည်။

"အေး ငါကလည်း ဘာများလဲဗျာလို့ မေးကြည့်တော့ ငါ့တဲမှာ ကစော်ပုလင်းတွေ လာထားပြီး အရက်ရှာတဲ့ အနေနဲ့ သူတို့က လာဖမ်းမတဲ့ကွ။ ပြီးတော့ဟော့ ရုံးတင်ပြီး တရားစွဲတဲ့အခါ အမှုစစ်တုန်း ရုံးဆင်း ရုံးတက် စရိတ် တစ်နေ့ သုံးကျပ် ငါ့ကို ပေးမတဲ့။ ငါက ချက်ပါတယ်လို့ ဝန်ခံလို့ ရုံးမင်းက ဒဏ်ချရင် သူတို့က ဒဏ်ငွေဆောင်ဖို့ ပေးမတဲ့"

ကျော်မောင်သည် များစွာ အံ့သြလျက် ရှိ၏။ 'ထူးဆန်းလှပါကလား' ဟု ပြောလေ၏။ ထိုအခါ ဦးပေါက်က...

"ငါလည်း ထူးဆန်းလှပါကလားလို့ အောက်မေ့ပြီး ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲလို့ မေးကြည့်ရတယ်၊ အဲဒီတော့..."

တစ်လုံးချင်း စောင့်နားထောင်နေရသည်ကို ကြာသည် ထင်၍ ကျော်မောင်က 'အဲဒီတော့'ဟု ထောက်ပေးလိုက်သည်။ ကျော်မောင်သည် လမ်းပေါ်တွင် ရပ်နေကြသည်ကို သတိပင် မရတော့ဘဲ သိချင်ကြားချင်သည့်ဇောသာ ကြီးမားနေပေသည်။

"ယစ်မျိုးအင်စပက်တော်က ငါ့လိုဟာမျိုးကို ရှာခိုင်းသတဲ့။ သူ့ကို အထက်က အမှုရှာမပေးနိုင်လို့ အလုပ်ပေါ့ဆတယ်။ အမှုမရှာနိုင်ဘူး ဆိုပြီး ထုချေလွှာတောင်းနေတော့ အလုပ်ပြုတ်မှာစိုးတာကြောင့် အမှုကို ရှာတင်ရ ယ်ဘင်ရသတဲ့ကွာ။ သူတို့ ဥပဒေက တစ်လကို အောက်တန်းလေးမှုလောက် အောင် ရှာရမတဲ့။ အဲဒီတော့ အမှုရှာဖို့ တောဆင်းဖို့ ဆိုတာလည်း ခုနေ အခါ ယစ်မျိုးအင်စပက်တော်မင်း တောဆင်းပြီး အမှုဖမ်းဖို့ နေနေသာသာ အပြင် တို့နေတဲ့ ကွင်းစပ်တောင် လျှောက်ဝံ့တာ မဟုတ်တော့ သူတို့မှာ ဥပဒေအတိုင်း အမှုကို အဲသလိုပဲ ဆင်တင်ရသတဲ့ ဟေ့"

ကျော်မောင်သည် စက်ဆုပ်ဖွယ်ရာများကို ကြားရခြင်းကြောင့် နှလုံး နာကာ ယစ်မျိုးပုလိပ်ကို ချဉ်ချဉ်ဖြင့် ဦးပေါက်ကို မဲလိုက်လေသည်။

"သူတို့က ဒဏ်ငွေမစိုက်ခင် ခင်ဗျား ထောင်ကျသွားတော့ ဘယ့်နှယ် လုပ်မလဲ။ ခင်ဗျားမို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ကိုယ်တိုင်ကိုယ်ရောက် လာပြောတာ။ ငါက မလုပ်နိုင်ဘူး ပြောရဲမလား။ သူတို့ကိုယ်တိုင် လာပြောရဲ့သားနဲ့ ငါက မလုပ်နိုင်ဘူး ငြင်းလိုက်ရင် ငါ့ကို အမှုရှာတော့ ဘယ့်နှယ်လုပ်ဦးမလဲ။ ငါက မြို့ထဲမှာ နေထွက်က နေဝင်၊ တစ်နေကုန် တစ်အိမ်ပြီးတစ်အိမ် ထင်းလျှောက်ခွဲနေရတယ်။ မယ်ခက အိပ်ရာက ထနိုင်တာ မဟုတ်ဘူး။ ဘိန်းပစ်ဖမ်း၊ ပုလင်း ထောင်ဖမ်းဖို့ အလွယ်ကလေးရယ်။ ပုလင်းသွားထောင်ပြီး ငါ့ကို တရားစွဲတော့ကော တို့လို ကုန်းကောက်စရာမရှိတဲ့ အကောင်မျိုးက ဘာနဲ့ တရား တွေ့မလဲ"

ဦးပေါက်သည် ရှေ့ဆက်ကာ မပြောတော့ဘဲ နာကြည်းသည့်အလျောက် ငြိမ်ငြိမ်သက်သက်ကြီး ဖြစ်သွားသည်။ ကျော်မောင်သည် ဦးပေါက်ကို တွေတွေဝေဝေကြီး စိုက်ကြည့်နေရင်း ရင်တွင်းဝယ် အောင့်သက်သက် ဖြစ်နေသည်။

ဦးပေါက်သည် သူ၏ နီရဲလာသော မျက်လုံးပြူးကြီးများကို ကျော်မောင့်အပေါ်တွင် စူးစိုက်နေလေသည်။ နကို ချိုသည့် သူ့မျက်နှာကို မဲမဲချင့်ချင့် ပြုံး၍ ထားသည်။ အိုမင်းမစွမ်းနှင့် ယိုယွင်းသော ကိုယ်ပေါ်၌ ကြမ်းတမ်းလှသည့် အဝတ်စုတ်မှာ ညစ်ပတ်ပေကျံနေသည်။ ဖြစ်ပျက်နေလိုက်သည့် ရုပ်မှာ ပစ္စည်းမဲ့ လူဆင်းရဲတစ်ယောက် မကတော့ဘဲ လမ်းပေါ်က သူတောင်းစား၊ ဘိန်းစားရုပ်ပေါက်နေလေသည်။

ရုံးမင်းသည် သည်လို ရုပ်ဆင်းသဏ္ဌာန်မျိုးကို ထူးထူးထွေထွေ စစ်စရာ၊ ကြောစရာ မလိုဘဲ လွယ်လင့်တကူဖြင့်ပင် ဒဏ်ငွေရိုက်လွှတ်လိုက်လေတော့ သတည်း။

ကျော်မောင်သည် မခံမရပ်နိုင်အောင် ဖြစ်မိသည်။ မကျေမနပ်လည်း ဖြစ်မိသည်။ သူသည် အမှန်အားဖြင့် ဘယ်အရာကို မကျေမနပ် ဖြစ်ရမှန်း မစဉ်းစားဘဲ မကျေမနပ်ဖြစ်ခြင်းကို သည်နည်းနှင့် ဖော်ပြလိုက်လေသည်။

"အေးဗျာ၊ နလိုတော့ ခွေးမသားတွေကို ငွေဆောင်ပေးတာပဲ ကျေးဇူး ထင်ရဦးမလိုပဲ။ ဒင်းတို့အိတ်ထဲက လေးငါးဆယ်တော့ ချောသွားမှာပေါ့"

ဦးပေါက်အား သူတတ်နိုင်သည့်နည်းနှင့် နှစ်သိမ့်လိုက်ကာ လမ်းထောင့်က ညစ်ပတ်သည့် ဆိုင်တစ်ဆိုင်ထဲသို့ ဆွဲခေါ်သွားလေသည်။

ဆိုင်မှာ လက်ဖက်ရည်ဆိုင် ဖြစ်သည်။ စားပွဲခုံများ၊ ခွေးချေးများမှာ ဖုတ်ချေးစွဲကာ ယောင်းနွမ်းပေမည်းနေသည်။ ဆိုင်တွင် လက်ဖက်ရည်အပြင် ခေါက်ဆွဲလည်း ရနိုင်သည်။

ချောင်ကျကျ နေရာကို ရွေးချယ်လျက် ထိုင်ကြကာ ကျော်မောင်သည် ခေါက်ဆွဲနှစ်ပန်းကန် မှာလိုက်သည်။





ခေါက်ဆွဲပန်းကန်များ ခုံပေါ်ရောက်လာသောအခါ ကျော်မောင်က စားပွဲခုံကို လက်ညှိုးနှင့် ခေါက်ကာ လက်တစ်ချောင်းထောင်လျက် 'ဟေ့ ပေါက်ဖော်'ဒါပဲ ပြောလိုက်သည်။

အရက်ပုလင်း လာချပေးသည်။ ခါတိုင်းဆိုလျှင် ကျော်မောင်သည် အရက်ကို ငုံ့ကာ သောက်စားပြီး ထသွားသည်။ အရက်ပုလင်းကို မြင်လိုက်လျှင်ပင် စိတ်ထဲ၌ တစ်မျိုးတမည် မရိုးမရွဖြစ်လာကာ တရုတ်ကို လှည့်ရှာလိုက်လေသည်။

"ဟေ့ ပေါက်ဖော်၊ မင်း ဒီအရက်ရောင်းတာ လိုင်စင် ခံရသလား"

တရုတ်မှာ ကျော်မောင့်အနားသို့ လာရပ်ကာ ဖောက်သည်ဖြစ်နေသော ကျော်မောင့်ကို ပြုံးကာ ကြည့်လျက်...

"ဘယ်ရှိမလဲ၊ မရှိဘူး"

ကျော်မောင်က အရက်ကို ငုံ့ချရင်း တရုတ်မျက်နှာကို မော့ကြည့်ကာ ထပ်မေးလိုက်ပြန်သည်။ ဦးပေါက်လည်း ခေါက်ဆွဲကိုသာ ငုံ့၍ စားနေသည်။

"မဖမ်းဘူးလား ပေါက်ဖော်ရ"

"ဘယ် ဖမ်းမလဲ ဆရာကြီး၊ မဖမ်းအောင် လုပ်ရတာပေါ့။ ဆိုင်က မြို့စွန်မြို့နားမှာ သိပ်ရောင်းရတာ မဟုတ်ဘူး။ ဆိုင်မှာ ဒါမရှိရင် ဒီပြင်ဟာတွေ မရောင်းရလို့ ထားရတာ။ ရောင်းမကောင်းဘူး။ အားကြီးရှုံးတယ်။ ခုနကပဲ ယစ်မျိုးအင်စပက်တော် လာတယ်။ ဒီလ ရောင်းမကောင်းဘူး၊ ငွေခြောက်ဆယ်ပဲ ယူပါလို့ တောင်းပန်ပြီး ပေးလိုက်ရတယ် ဆရာကြီး"

ကျော်မောင်နှင့် ဦးပေါက်သည် တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူ ကြည့်လိုက်မိသည်။ ထို့နောက် ပြိုင်တူလည်း အသံထွက်သွားကြလေသည်။

"ဟား...ဟား... ဟား...ဟား"

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၆)၊ အမှတ်(၆၁)၊ နှစ်၊ ၁၉၅၂]

www.burmeseclassic.com

www.burmeseclassic.com

# ခေမာရီ

[၁]

တော်သလင်းလကွယ်နေ့။

အရပ်လေးမျက်နှာစလုံး မှောင်အတိ ဖုံးကာ ဘယ်ကြည့်ကြည့် အလင်းရောင် ဟူ၍ မရှိ။ မိုးမှောင်ကြီးကျနေလေသည်။

ခင်မေသည် ခေါင်းအုံးအောက်က နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးကလေးကို ဆွဲယူကာ လက်ပတ်နာရီကို ထိုးကြည့်လိုက်၏။

၁၂ နာရီ ထိုးသွားပြီ။

ငေါက်ခနဲ အိပ်ရာမှ ထလိုက်ကာ ခြင်ထောင်ကို မလျက် အပြင်သို့ ထွက်ထိုင်လိုက်သည်။ တစ်ဖက်က ခြင်ထောင်ထဲတွင် အိပ်နေကြသော ကြီးတော်နှင့် မဦးတို့ အသံကို လှမ်း၍ နားစွင့်ကြည့်လိုက်၏။

အိပ်မောကျနေမှန်း စိတ်ချလက်ချရှိမှ ညဦးက အိပ်ရာထဲတွင် ဝှက်ထားသော လွယ်အိတ်ကို ကောက်ယူလွယ်လိုက်သည်။ အသံမကြားအောင် ခြေဖျားထောက်လျက် အခန်းပြင်ဘက်သို့ စမ်းထွက်လာခဲ့သည်။

မီးဖိုချောင်ဘက်သို့ ထွက်သော တံခါးမှ ဂျက်ကို ဖြည်းဖြည်းကလေး မ,ဖွင့်ကာ မီးဖိုချောင်ထဲသို့ ဝင်သွားလေ၏။ ခင်မေသည် မီးဖိုထဲတွင် တအောင့်တွေးပြီး စဉ်းစားနေသေးသည်။ အပြင်ရောက်ဖို့ တံခါးတစ်ထပ် ကျန်သေးသည်။

ညများ ချွတ်ဆိုလျှင် လန့်တတ် ကြောက်တတ်သည်။ အဖော်မပါလျှင် တစ်ယောက်တည်း မထဝံ့၊ ထချင်လျှင် မဦးကို နိုးရ၏။ ယခုတော့ ကြောက်ရမှန်း လန့်ရမှန်းပင် မသိတော့။





ခြေလှမ်း ခပ်သွက်သွက်ကလေး လှမ်းလျက် မီးဖိုထဲရှိ နောက်ဖေးတံခါးပေါက်ကို အသာသွားဖွင့်သည်။ အပြင်ဘက်တွင် ပိန်းမှောင်နေလေ၏။ နောက်ဖေးလှေကား သုံးလေးထစ်ကို အတော်ပင် စမ်းပြီး ဆင်းရ၏။

မှောင်လိုက်တာ မည်းလို့။

မြေကြီးပေါ်သို့ နင်းမိလျှင် လမ်းကိုလည်း မမြင်၊ ချုံကိုလည်း မမြင်၍ လက်နှိပ်ဓာတ်မီးထိုးလျက် လမ်းရှာကြည့်ရသည်။

ဓာတ်မီးထိုးရတာ တစ်ယောက်ယောက် မြင်သွားမှာလည်း စိုးရသည်။ မြေကြီးပေါ်၌ လမ်းအတိုင်း မှန်းလျှောက်သွားလေသည်။ ချုံပုတ်တွေထဲ ရောက်သွားလျှင် လမ်းမြင်အောင် မီးကို အသုံးပြုရပြန်သည်။

ခင်မေသည် မှောင်ကြီးမည်းကြီးထဲတွင် တောင်ကုန်းပေါ်သို့ မနည်းအားခဲ၍ တက်နေရလေ၏။

တောင်ပေါ်၌ တရုတ်စကားပင်များ ဖုံးအုပ်ထားသော အဆောက်အအုံလေး ရှိလေသည်။ အဆောက်အအုံလေးမှာ လူမနေသော ကမ္မဋ္ဌာန်း ဝါးကျောင်းဖြစ်၍ တံခါးပေါက်များ ဟာလာဟင်းလင်း ပွင့်နေပေသည်။

ခင်မေမှာ ခက်ခဲစွာပင် ကမ္မဋ္ဌာန်းကျောင်းကလေးရှိရာသို့ ရောက်လာနဲ့၏။

ကျောင်းလှေကားကို နင်းတက်လိုက်ကာ ခင်မေသည် ဖွတ်မိတ်ပြီးထွက်လာခဲ့သော ဇရပ်ကလေးရှိရာကို ပြန်လည် ကြည့်မိလေ၏။

ကျောင်းပေါ်တွင် တံခါးပေါက်တွေကို တစ်ပေါက်မကျန် အရင်လိုက်ပိတ်လေသည်။ တံခါးကို အလုံပိတ်ပြီးမှ မှောင်တဲတွင် ကျကျနန ထိုင်လိုက်သည်။ လွယ်အိတ်ထဲမှ ဖယောင်းတိုင်ထုပ်နှင့် မီးခြစ်ကို ထုတ်ယူသည်။ ဖယောင်းတိုင်ကို မီးညှိကာ ဖယောင်းစက်ချ၍ ကြမ်းပေါ်၌ စိုက်ချလိုက်သည်။

မီးထွန်းပြီးလျှင် လွယ်အိတ်ထဲမှ ပစ္စည်းတွေကို တစ်ခုစီဆွဲ၍ ထုတ်သည်။

ပထမ မှန်ကလေးတစ်ချပ် ထွက်လာသည်။ နောက် မောင်းချအား၊ နောက် ကတ်ကြေး။

မှန်ကလေးကို နံရံနှင့် ကပ်၍ ထောင်လိုက်ကာ မောင်းချအားကို ဖွင့်လေသည်။

မောင်းချအားမှာ မောင်းသန်၍ တော်တော်နှင့် ဖွင့်မရ။ ပါးစပ်နှင့်အားရှိပါးရှိ ကိုက်ဖွင့်မှ ပွင့်၍သွားသည်။

ဓားပွင့်လျှင် ဓားသွားကို လက်မနှင့် သပ်ကြည့်လိုက်သည်။

"ထက်လိုက်တာ မြနေတာပဲ၊ ထက်မှ...ထက်မှ"



www.burmeseclassic.com

www.burmeseclassic.com



မားသွားကို လက်မနှင့် စမ်းသပ်ရင်း စိတ်တိုင်းကျတော့မှ မားကို ချကာ ခေါင်းက ဆံထုံးကို ဖြေလေသည်။

"သူတို့ ဘယ်လိုပြောပြော နားမထောင်ဘူး။ မိနဲ့ ဖနဲ့ မနေရတဲ့ ဘဝ၊ ကုသိုလ်ဆိုးတဲ့ ဘဝ၊ အမေ မရှိရင် လောကမှာ နေဖို့ မကောင်းပါဘူး"

ခင်မေ၏ ဆံပင်များမှာ တင်ပါးဖုံးအောင် ရှည်လျားလေ၏။ ဆံပင်တွေကို လက်တစ်ဖက်နှင့် အပေါ် ပင့်တင် ဆုပ်ကိုင်ထားလျက် အရင်းမှ ဆံပင်အဖျားအထိ ရှေ့သို့ ခပ်ဖြည်းဖြည်းဆွဲပြီး သပ်ချနေသည့်အခိုက် ငေးငိုင်နေပြန်လေသည်။

[၂]

မိမိတစ်သက်တာတွင် မိခင်ဖြစ်သူအား ဓာတ်ပုံထဲ၌သာ တွေ့ဖူးလေသည်။

လူမှန်းသိသည့် အရွယ်လေးက ကွယ်လွန်သွား၍ အမေ မရှိဘဲ အဖေနှင့်ပင် ညီအစ်ကို မောင်နှမ မရှိ တစ်ကောင်ကြွက် နေထိုင်ခဲ့ရ၏။

'ငါ့သမီးကလေး မိတဆိုးကလေး'ဟု မိမိအပေါ်တွင် သက်ညှာထောက်ထားလျက် နောက်အိမ်ထောင် မပြုရှာသော ဖခင်။

သားအဖနှစ်ယောက် စည့်စည်းလုံးလုံးနှင့် နေခဲ့ထိုင်ခဲ့သော အချိန်တုန်းက အဖေ အလိုလိုက်ပုံ၊ ချစ်ခင်ပုံ၊ ယုယပုံတွေမှာ အမေ မရှိသည်အဖြစ်ကိုပင် မေ့၍ နေစေ၏။

ခင်မေသည် အမေ ဟူ၍ တွယ်စရာ ချစ်စရာ မရှိ၍ အဖေ့ကိုပင် အဖေလို၊ အမေလို ချစ်၏။ အရွယ်ကလေးရောက်၍ ကျောင်းထားစကဆိုလျှင် အဖေပါ ကျောင်းသို့ လိုက်နေရလေသည်။ မိမိအလစ် အဖေ အိမ်ပြန်သွားသည်ဆိုလျှင် စာသင်ခန်းထဲမှ ပြေးထွက်ကာ တကြော်ကြော် အော်ငိုခေါ်လျက် အဖေ့နောက်သို့ ကောက်ကောက်ပါအောင် ပြေးလိုက်တတ်၏။

ခင်မေ၏ ကစားဖော်မှာ အဖေ ဖြစ်သည်။ ထမင်းအိုး ဟင်းအိုးချက်တမ်းကစားလျှင် အိုးပုတ်ကလေးထဲတွင် သဲများထည့်ကာ အဖေနှင့် နှစ်ယောက်ချက်ကြသည်။

ထမင်းကျက်၍ သဲတွေကို ခွက်ကလေးထဲ ထည့်ကာ 'စားပါဦး အဖေ' ဟု အဖေ့ကို အတင်းစားခိုင်းလေသည်။

ခွက်ကို ပါးစပ်နားတွင် တေ့ယူပြီး ပါးစပ်ကို တပျတ်ပျတ် မြည်သံပြုလျက် အဖေက စားပြရလေသည်။





ခင်မေ၏ အဖေမှာ လျှောက်လွှာစာရေးကြီး ဖြစ်သည်။ ရုံးတက်လျှင် ခင်မေကို ကျောင်း၌ ဝင်ထားခဲ့ကာ ညနေ ရုံးဆင်းလျှင် ကျောင်း၌ ဝင်ကြိုခေါ်သည်။

အိမ်တွင် မိန်းမဖော် မရှိ။ ကုလားအဘိုးကြီး ဘူတားက ခင်မေတို့သားအဖနှစ်ယောက်အား ထမင်းကျွေးလေသည်။ ခင်မေနှင့် အဖေ့ကြားတွင် ကြားဝင်နိုင်သောသူမှာ ဘူတားပင် ဖြစ်သည်။

တော်တော်ကလေး ကြီးပြင်းလာလျှင် ခင်မေ့သည် ဘူတားကိုပင် စိမ်းချင်လာသည်။ သူ့အဖေနှင့်သူ နှစ်ယောက်တည်း။ သည်လိုသာ ရေတွက်ချင်သည်။

ခင်မေ ဆယ်နှစ်အရွယ်လောက်တွင် ဖခင် ကွယ်လွန်သွားပြန်၏။

အဖေ့ မသာချသည့်နေ့၌ပင် ခင်မေကို အဖေ့အစ်မ ကြီးတော်ကြီးက သူ့အိမ်သို့ ခေါ်ဆောင်သွားလေတော့၏။

'မိန်းကလေး ကျောင်းထားလို့ အပိုပါပဲ'ဟု ကြီးတော်ကြီးက ဆိုကာ အဖေဆုံးပြီးနောက် ခင်မေကို လေးတန်းနှင့် ကျောင်းနုတ်လိုက်လေသည်။

ကြီးတော်အိမ်တွင် ခင်မေသည် ခင်မေတစ်ယောက်တည်းသာ ဖြစ်နေသည်။ ကြီးတော်၏ သားကိုလည်း အစ်ကိုဟု ခင်မင်ခြင်း မရှိ။ စိမ်းနေ၏။ ကြီးတော်ကိုလည်း ခပ်ဝေးဝေးကသာ နေ၍ စကားပြောသည်။

'ဒီကောင်မလေးဟာ ဥတစ်လုံးလေး'ဟု ကြီးတော်က ဆိုမြည်ပြောလျှင် သည်စကားမှာ ခင်မေ့အကြိုက်ပင် ဖြစ်သည်။ အဖေမရှိတော့ တစ်ယောက်တည်းဟု အောက်မေ့ထားသည်။

ကြီးတော်ကြီးက ဘာဆင်ဆင်း ဘယ်ဟာဝယ်ပေးပေး ခင်မေသည် ခုံမက်မက် ဟက်ဟက်ပက်ပက်မရှိ၍ ကြီးတော်ကြီးက အခါတိုင်းပင် မေးကြည့်ရသည်။

"ကြိုက်ကဲ့လား"

ခင်မေသည် ခေါင်းကိုသာ ညိတ်လိုက်လေသည်။

အဖေဆုံးပြီး ငါးနှစ်လုံးလုံး ကြီးတော်အိမ်တွင် အချိန်ကုန်လွန်ရလေသည်။ ကြီးတော် သွားသွားချင်း၊ ကြီးတော် ထိုင်ထိုင်ချင်း ကြီးတော်နှင့်သာ ကပ်နေရသည်။

မန္တလေး ဘုရားဖူးသွားမယ်ဟု ကြီးတော်သည် ခင်မေကို မန္တလေးသို့ ခေါ်လာလေသည်။ ခင်မေသည် ဆယ့်ငါးနှစ်သမီး ရောက်မှ ခရီးသွားဖူးရသည်။ ခရီးထွက်လာရ၍ စိတ်ထဲ ပျော်လှတယ်လည်း မဟုတ်ဘဲ ပျံ့ပျံ့ပျူးပျူး ဖြစ်သလိုမျိုးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားကြတုန်း လမ်းတွင် လက်တိုလက်ရှည်ခိုင်းရန် မဦး ဆိုသည့် ကလေးမကလေးကိုပါ ကြီးတော်က ခေါ်လာလေသည်။ ခင်မေသည် မဦး အနားလာကပ်လျှင် တယ် မကြိုက်။ မဦး စကားပြောလျှင်လည်း စကားများရန် ကောဟု နားငြီးသည်။

မန္တလေး၌ မိုးလင်းလျှင် တဲအိမ်က ထွက်လာကြကာ တစ်နေ့လုံး သွားလာ လည်ပတ်ပြီးနောက် မိုးချုပ်မှ အိမ်ပြန်ရောက်ကြ၏။

မန္တလေးတစ်မြို့လုံး ဘယ်သွားသွား၊ ဘယ်ရောက်ရောက် ခင်မေ့မျက်စိထဲတွင် မြင်မြင်သမျှနှင့် စိမ်းနေ၏။ ဘယ်အရာမျိုးမှ ခင်မေ့ကို မဆွဲဆောင်နိုင်။ ဘယ်ဟာနှင့်မှ နီးကပ်ခြင်းလည်း မရှိ။ မြို့က မြို့တခြား၊ သူက သူတခြား။

တစ်ယောက်တည်း... တစ်ယောက်တည်းဆိုသော အသိထဲသို့ ဘယ်အရာဝတ္ထုမှ ဝင်လာမရော၊ ပေါင်းလို့ စပ်လို့မရ ဖြစ်နေလေ၏။

မန္တလေးတွင် တစ်ပတ်နေကြပြီးနောက် ကြီးတော်ကြီး မန္တလေးရောက်တုန်း စစ်ကိုင်းက သူ့ဇရပ်တွင် 'တစ်လ ကိုးသီတင်း ဥပုသ်သွားစောင့်ဦးမယ်' ဆိုကာ စစ်ကိုင်းဘက်သို့ ကူးလာခဲ့ကြလေသည်။

[၃]

ခင်မေသည် ပျော်သလိုလိုပင် ဖြစ်လာလေသည်။ စစ်ကိုင်း မဂ္ဂင်ချောင်ရှိ ကြီးတော်၏ ဇရပ်ကလေးကို ရောက်ကာမှ လူလည်း တစ်မျိုး၊ စိတ်လည်းတစ်မျိုး လန်းဆန်းလာသည်။

နေ့စဉ်နေ့တိုင်း ကြီးတော်က သီလယူသလို ခင်မေလည်း သီလခံသည်။ နေ့လယ်နေ့ခင်း ကြီးတော် တရေးတမော အိပ်နေလျှင် ဇရပ်ရှေ့ တံခါးပေါက်တွင် ထွက်ထိုင်ကာ ဇရပ်ရှေ့၌ ဥဒဟိုဖြတ်သန်းသွားနေကြသော သီလရှင်တွေကို ငေးမော၍ နေလေသည်။

ခင်မေမှာ သီလရှင်တွေကို မြင်စကပင် ခင်မင်သွားသည်။ တသီးတခြား ဖြစ်နေကြသော ဘဝကို သွား၍ မျက်စိကျနေသည်။

နံနက် ည ဘုရားဝတ်တက်ချိန်တို့၌ မဂ္ဂင်ချောင်တစ်ချောင်လုံး သီလရှင် အပါးငါးဆယ်ခန့် ဘုရားကျောင်းသို့ ဝယ်တက်ရန် စုရုံး၍ သွားကြသည်။

သီလရှင်အုပ်ကြီးလာလျှင် ခင်မေသည် ဇရပ်ပေါ်က ဆင်းကာ သီလရှင်တွေနှင့်အတူ ရောလိုက်သွားတတ်သည်။

ဘုရားကျောင်းထဲ၌ မယ်သီလရှင်များကြားထဲတွင် လူဝတ်ကြောင်နှင့် မိမိတစ်ယောက်တည်းသာ ရှိ၍ ထူးထူးခြားခြား ကြောင်ကြောင်ကျားကျား ဖြစ်နေသည်။





သီလရှင်တို့က ခင်မေကို စကားပြောကြလျှင် အဓိပ္ပာယ်တစ်မျိုးပေါ်နေသော မျက်နှာဖြင့် စိုက်ငေးကြည့်တတ်ကြ၍ ခင်မေမှာ ဘာ မလုံမှန်းမသိ၊ သူတို့ရှေ့တွင် အနေရ အထိုင်ရ တစ်မျိုးခက်သည်။

"မမြစာရီရေ ဆရာဘုရားဆီမှာ နေ့ဝါ တက်ပြီလား"

"တပည့်တော် ညဝါတောင် ဆိုနေပြီဘုရာ့"

သီလရှင် အချင်းချင်း စကားပြောပုံကို ခင်မေသည်ငေးလျက် နားထောင်နေသည်။ သီလရှင်တို့၏ လေယူလေသိမ်း လေသံကိုပင် နားထဲတွင် တစ်မျိုးဘစ်ဖုံ စွဲငြိနေ၏။

"လောကီ ကာမဂုဏ်အာရုံတွေ ထွေပြားတဲ့ လူ့ဘောင်ကြီးရဲ့ ဆင်းရဲခြင်းတရားကို ရှင်တော်ဘုရားက..."

သီလရှင် အဘွားအိုသည် သီလရှင်များကို တရားပေးရင်း ခင်မေကို တစ်ချက် လှမ်းကြည့်လိုက်သည်။ 'ဘယ်လို မြွက်တော်မူသလဲ ဆိုရင် အာရုံငါးပါး ကာမဂုဏ်တရား မှန်သမျှ ဒုက္ခကြီးပဲတဲ့။ နံ့သာလူးခြင်း၊ ပန်းပန်ခြင်း၊ အဖြူအနီ အကြောင်အကျားတွေနဲ့ ခန္ဓာကိုယ် အပုပ်ကောင်ကြီးကို ဖုံးလွှမ်းမွမ်းမံနေရခြင်းဟာ ဗျာပါဒ ဝိတက် ဒုက္ခတရား မဟုတ်လား'

ခင်မေသည် ခေါင်းကို အောက်ချလျက် သူ့ကိုယ်သူ စိုက်ကြည့်မိ၏။

သီလရှင်တို့ ဝတ်ဆင်ထားသော မြေနီဆိုး အရောင်ဝါဝါ အဝတ်ကို ဆင်တူမို့လား မသိ၊ ကြည့်၍ ကောင်းလှသည်ဟု တွေးမိသည်။ နေ့စဉ်နေ့တိုင်း ဒီအဝတ်၊ ဒီအဝတ်သာ ဝတ်ကြပုံကို အမြင်ရ နှစ်သက်နေမိသည်။

ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် ကိုယ်နှင့် ရွယ်တူတန်းတူ သီလရှင်ကလေးများကို ကြည့်ကောင်းကောင်းဖြင့် တတန်းတန်း လိုက်ကြည့်တတ်လေ၏။

မဂ္ဂင်ချောင် ဇရပ်ရောက်၍ မကြာခင်ပင် ခင်မေသည် မယ်သီလရှင် ပြုချင်စိတ် ပေါက်လာလေသည်။ တစ်လျှောက်လုံး ကိုယ်ဘာသာကိုယ်နေခဲ့သည့် ခင်မေမှာ ကိုယ့်ဘာသာကိုယ် နေရသော ဘဝကို နှစ်သက်သည်။

စင်စစ် ခင်မေသည် သူ့စိတ်နှင့်သူ အပြီး သီလရှင် ဖြစ်ထားပြီးပြီ။ သီလရှင် ဖြစ်နေပြီးသော ခင်မေကို သီလရှင်နှင့် ကိုက်ညီအောင် လုပ်ဖို့ရာသာ အခါအခွင့်ကို စောင့်နေခဲ့ရသည်။

ယနေ့ညမှပင် ခင်မေ၏ အကြံအစည်များသည် ထမြောက်အောင်မြင်နေပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖတဆိုးလေးမို့ အစစ အရာရာ အလိုလိုက် ဆင်ပြင်ထားတာ။ ကောင်းပြ
သေးရဲ့လား။ မြင်ဝံ့ကြသေးရဲ့လား၊ ခေါင်းတုံးကြီးနဲ့ ကျုပ် မကြည့်ဝံ့ပါဘူ
တော်"

ကြီးတော်ကြီးမှာ ကရုဏာဒေါသောနှင့် ပါးစပ်က ပြော၍ အား
သဖြင့် ခုန်ကာပေါက်ကာ တတွတ်တွတ် အော်ဟစ်မြည်တမ်းနေလေရာ ခုန
ပေါက်သံတို့သည် ပျဉ်ထောင်ဇရပ်၌ တဒိန်းဒိန်း မြည်နေလေသည်။

ဆွမ်းခံချိန်ဖြစ်၍ ဇရပ်ရှေ့မှ ဆွမ်းခံရန် ကြွသွားတော်မူသော သံဃ
တော်များမှာ စိတ်မချမ်းသာတိုင်၊ အော်ကြီးဟစ်ကျယ် ဆူပွက်နေသော
ကြီးတော်၏ အသံကို ကြားကြရ၍ 'သီလရှင်ဝတ်တာ လူသေတာ ကျနေတာ
ဟု အောက်မေ့ မှတ်ထင်တော်မူကြ၏။

ခင်မေတစ်ယောက် သီလရှင်ဝတ်မလို့ ကမ္မဋ္ဌာန်းကျောင်းထဲမှာ ဆံ
တွေ ညှပ်ပြီး ခေါင်းရိတ်ထားတယ် ဆိုသော သတင်းမှာ ဇရပ်အဆောင်ဆော
သို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေ၏။

ခင်မေ နားစွင့်နေသော ခြေသံများသည် ကျောင်းအနီးသို့ ကပ်လ
ချေပြီ၊ ခင်မေသည် မထားတတ်အောင် ဖြစ်နေလေသည်။ ခေါင်းက ခေါ
တုံးနှင့် ကိုယ်က လူဝတ်ကြောင် အဝတ်ကြီးနဲ့။

ကျောင်းပေါ်သို့ ရှေ့ဆုံးက တက်ပြေးလာသော သီလရှင် မကုမ္မာ
ကို 'ဆရာလေး'ဟု ခင်မေက ဆီးခေါ်လိုက်သည်။

'ဟောဒီမှာ ဘုရား...'ဟု နောက်က လာနေကြသော သီလရှင်တ
ကို မကုမ္မာရီက ဝမ်းသာအားရ လှမ်းအော်ပြောလေသည်။ ခင်မေ့နားတ
သီလရှင်တွေ ဝိုင်းအုံနေကြလေသည်။

"ကောင်းပါတယ်၊ ဝမ်းသာပါတယ်...သီလရှင် အဝတ်နဲ့ ပျော်
နေပေါ့"

မိမိအား ဝိုင်းအုံ၍ တစ်ယောက်တစ်ခွန်း အားပေးပြောဆိုနေကြသော
သီလရှင်တို့အား ရှက်ကိုးရှက်ကန်းနှင့် ဘာမှ ပြန်မပြောနိုင်ဘဲ ပြုံးနေလေသ

ခေါင်းရိတ်ထားသည် ဆိုသော်လည်း ဆံပင်တွေ မပြောင်သေ
ကွက်တိကွက်ကျား ဖြစ်နေ၏။ အဝတ်ကလည်း မလဲရသေး။

"ဆရာလေးရယ်...အဝတ်တစ်စုံလောက် ကူညီပါ။ နောက် အစား
ကန်တော့ပါ့မယ်"

မကုမ္မာရီလည်း 'ရမယ်၊ ရမယ်'ဟု ပြောပြောဆိုဆို ကျောင်းပေ
ပြေးဆင်းသွားကာ သီလရှင်ဝတ်စုံကို သွားယူလာလေသည်။





"ရော့၊ ဒီခါးဝတ်ကို အရင်လဲ"

ခင်မေသည် မကုမ္မာရီလက်မှ ခါးဝတ်ဆိုသည်ကို လှမ်း၍ ယူသည်။
ဝတ်'ဆိုသည်မှာ အထက်ဆင်မရှိသော မြေနီဆိုးထားသည့် အရောင်ရင့်ရင့်
ထဘီ ဖြစ်သည်။

ခင်မေသည် ခါးထဲက ထဘီနှင့် ခါးဝတ်ကို လဲလိုက်လေသည်။
အပေါ်အင်္ကျီချွတ်ပြီး 'ဟောဒီ လက်ကြပ်နဲ့ လဲဝတ်'
အဝါမကျ အနီမကျ စပ်ခဲဆိုးထားသော ဘင်္ဂါလီလက်ကြပ်အင်္ကျီကို
လျှို၍ ဖွပ်ကာ ရှေ့က ပိတ်ကြယ်သီးကလေးများကို စေ့တပ်လိုက်သည်။
မကုမ္မာရီလည်း ထပ်ကိုင်ထားသော အဝတ်ကို လက်တစ်ဖက်စီ ခွဲ
၍ ကိုင်လိုက်ကာ ဟောဒါက 'ကိုက်'၊ ဟောဒါက 'ကိုယ်ရုံ'၊ ဒါက
ဘင်'ဟု ပြရင်း ကိုက်ကို အရင် ကမ်းပေးလိုက်သည်။

ကိုက်၊ ကိုယ်ရုံတို့သည် စပ်ခဲဆိုး ဘင်္ဂါလီ လက်ကြပ်အင်္ကျီနှင့်
တစ်ရောင်တည်း ဖြစ်ကြသည်။ လက်ကြပ်အင်္ကျီပေါ်မှ ထပ်၍ လက်
လျှိုဝတ်ရသည့် 'ကိုက်'၊ ကိုက်ကို လက်လျှို၍ ဖွပ်ချလိုက်လျှင် ကိုယ်
ကပ်နေလျက် ခြေသလုံး အလည်လောက်ရောက်အောင် ရှည်လေသည်။
ကိုယ်ကို ဖွပ်၍ ချပြီးနောက် 'ကိုယ်ရုံ' အဝတ်ကို ဖြန့်လိုက်လေကာ
ဘယ်ဘက်ပခုံးပေါ်၌ ချ၍ တစ်စက ညာဘက်လက်အောက်က လျှို
အစချင်းထပ်လျက် လက်ကန်တော့ထိုး လွှမ်းရုံလိုက်ရလေသည်။

ခင်မေသည် ကိုယ်ရုံကို ဝတ်ပြီးနောက် ခေါင်းတင် အဝတ်ကို ပိုက်
မိန်းမပီပီကလေး ဝါးကြမ်းပေါ်၌ ထိုင်၍နေသည်။

"သီလရှင်အဝတ်ကလေးနဲ့ ကြည့်ကောင်းလိုက်တာ၊ ခေါင်းပေါ်က
ကွက်ကျားလည်း လုပ်ကြပါဦး"

အနားရှိ သီလရှင်တို့က ပြောမှပင် မကုမ္မာရီလည်း သူ့ခေါင်းရိတ်
ခါးကို ပြန်ယူကာ ခင်မေ့ခေါင်းကို ရေဆွတ်လျက် ပြောင်ချောသွား
ထိုင်ရိတ်ပေးလေသည်။

ကျောင်းပေါ်သို့ အလျှိုအလျှို ရောက်လာကြသော သီလရှင်တွေမှာ
အဖြစ်ကို ကြည့်ကာ ဝိုင်း၍ ပီတိ ဖြစ်နေကြသည်။

"ပျော်ပျော်သာနေ...ကြားလား။ ဘုရားသမီးတော် ဖြစ်သွားပြီ။ ဘာမှ
မရှိတော့ဘူး။ ဆရာလေးတို့ ကြည့်၊ ဟိုက ဒီက လှူဒါန်းကြတာ၊ ဘာမှ
။ စာသင် စာကျက် တရားအားထုတ်နေရတာ သိပ် ပျော်စရာကောင်း
ကြီးတော်ကြီး စိတ်ဆိုးလည်း ခဏပေါ့။ စိတ်ပြေတော့ ထောက်ပံ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အားမငယ်ပါနဲ့၊ ဆရာတို့ ကျွေးထားမယ်"

ခင်မေသည် သဒ္ဓါဟုန်၊ ပီတိဟုန် ပြင်းပြစွာဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကာ နောင် ဝတ်ရေး စားရေးတွေကို တွေးဖို့နေနေသာသာ၊ ရှေ့လျှော ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်၊ တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် နေရတော့ မည်ဟု အားရနှစ်သိမ့် ကျေနပ်နေလေသည်။

ကြီးတော်ကြီးသည် ခင်မေအား စိတ်ဆိုးမာန်ဆိုးဖြင့် ထိုနေ့ပင် မဂ္ဂ ချောင်မှ မန္တလေးသို့ ကူးသွားလေ၏။ လက်ဝတ်လက်စားများကို သိမ်းသွာ ကာ ငွေကြေး တစ်ပြားမှ မပေးဘဲ ထားခဲ့လေ၏။

ခင်မေသည် မဂ္ဂင်ချောင်ဆရာကြီး၏ ညွှန်ကြားချက်အရ သင်္ကန် ဖိနပ် စသော အလှူဝတ္ထုတို့ကို ငွေချေးဝယ်ကာ ဘုန်းကြီးထံ၌ ဘွဲ့တောင်းသွာ ရလေ၏။

"နာမည် ဘယ်လိုခေါ်သလဲ"

"ခင်မေလို့ ခေါ်ပါတယ် ဘုရား"

"တနင်္လာ သမီးလား"

"မှန်ပါ"

"ဒါဖြင့် ဒီကနေ့ကစပြီး ခင်မေ အမည်ပျောက်ပြီး ခေမာရီ ဟူသေ အမည်သို့ ရောက်စေ"

[၅]

ပုညရှင်တောင်ပေါ်မှ ကြည့်လိုက်လျှင် စစ်ကိုင်းတစ်တောင်ရိုးလုံးကို မြင်ရ သည်။

တောင်ပူစာတောင်ထွတ်တို့တွင် စေတီကြီးငယ် အဆူဆူ၊ ထုံ တဖွေးဖွေး ဘယ်ကြည့်ကြည့် စေတီပုထိုး မလွတ်။

စေတီပုထိုး၊ တန်ဆောင်း၊ ပြသာဒ်၊ ကျောင်းဇရပ်တို့ ပြွတ်ခဲလျက် သော စစ်ကိုင်းတောင်ရိုးကြီး။

ပုညရှင်တောင်ကမ္ဘားခြဲ တရုတ်စကားပင်ကြီးများသည် တစ်ပင် တစ်ပင် ယှက်လျက် အရွတ်ဆို၍ မရှိ၊ အပွင့်တွေ အပြည့်နှင့် တပြေးတည် တသားတည်း ဖွေးဖွေးလှုပ်နေသော ပန်းကော်ဇောအခင်းကြီး ဖြစ်နေ၏

တောင်ပေါ်၌ အလေ့ကျ ပေါက်နေသော တောပန်း၊ တောင်ပန်းတို ရနံ့ကား မွှေးကြိုင်သင်းပျံ့၍ မဆုံး။ မိကျောင်းပန်း၊ တောင်ဇလပ်၊ ဂေါ်သ ခေါင်လေး၊ တောစပယ်၊ ခံပွင့်...ပန်းပေါင်းစုံ ကြိုင်သင်းနေ၏။





ခေမာရီသည် ပုညရှင်တောင်၏ သုံးထပ်ကန်တစ်ဖက် တောစပ်ကလေး အတွင် အပန်းဖြေ နားနေလေသည်။ တောင်ပေါ်သို့ အတူတက်လာသော ဖော် သီလရှင် မဝဏ္ဏမှာ တောစပ်ထဲတွင် ဟိုချုံ သည်ချုံဆွဲ၍ ပန်းများ ခူး ဆွတ်နေလေသည်။

တောင်ပေါ်၊ တောင်အောက်၊ ချောက်၊ မြောင်၊ ကမ်းပါးတို့ကို ငေး မောလျက် ခေမာရီသည် တောတောင်ရေမြေတို့ သယံဇာတဖြစ်သော သဘာဝ ကို နှစ်သက်ခင်မင်လျက် ကြည်နူးနေလေသည်။

သီလရှင်ဖြစ်မှ လူတွေ သူတွေနှင့်လည်း မပေါင်း မရောရ၊ လူသူနှင့် ကင်းဝေးနေရသော တစ်ယောက်တည်းဘဝကို နှစ်ခြိုက်ပျော်ပိုက်လေသည်။

သီလရှင်ဝတ်စ ကြီးတော်ကြီး စိတ်မပြေခင်က ချောင်ဆရာတော် ၏သီလစာရီက သူ့ဇရပ်တွင် ခေါ်ထားတာ ထောက်ပံ့ကျွေးမွေးထားလေ သည်။ လေးငါးလရှိတော့မှပင် ကြီးတော်ကြီးလည်း စိတ်ပြေ၍ တတ်အား သရွေ့ အစိတ်နှစ်ဆယ် ထောက်ပံ့နေသည်။

ခေမာရီ သီလရှင် ဖြစ်ဖြစ်ချင်း ချောင်ဆရာက ဆရာပြေ၏ ဝတ်ရွတ် စဉ် စာအုပ်ကလေးကို ပေးအပ်ကာ မင်္ဂလသုတ်ကို အရကျက်ခိုင်းသည်။

ပုညရှင်တောင်ပေါ်မှ အရုဏ်တက် တုံးခေါက်လျှင် အိပ်ရာထကာ ကျောင်း တက်ရသည်။ ဘုရားကျောင်းမှ အပြန် နံနက်စာ ချက်ပြုတ် သည်။ သီလရှင်ဘဝ နံနက်တစ်ထပ်၊ ရသရွေ့နှင့် တင်းတိမ်ရ၏။ ချောင် မှ ခူးသော သစ်ရွက်သစ်သီးဖြင့် တမည်ကောင်းလောက်ပင် သက်သတ်လွတ် စားကြသည်။

ပဲကြီးဟင်းချို၊ နှမ်းဖတ်ချဉ်သုပ်၊ ပဲစင်းငုံ အရည်သောက်၊ ရေတိသီး ကြော်၊ ပဲအမျိုးမျိုး ဟင်းသီးဟင်းရွက် လက်သုပ်အမျိုးမျိုး ဖြစ်သည်။

နံနက်စာ စားပြီး၍ မွန်းလွဲလျှင် ခေမာရီလည်း တစ်နေ့လုံး စာအုပ် မျက်နှာ မကွာ အပ်ထားလေသည်။ ညနေ ဘုရားဝတ်တက်ပြီးသောအခါ နေ့လယ်က ကျက်မှတ်ထားသောစာကို ဆရာအား အံပြရလေသည်။

သီလရှင်ဝတ်၍ ဆယ့်ငါးရက်ခန့်ရှိလျှင် ပရိတ်ကြီး ဆယ့်တစ်သုတ်လုံး ကျက်ရ၍ ဆရာက အံ့သြရသည်။

"စာကျက်တဲ့ အသံလည်း မကြားရ၊ စာအုပ်ကို ကြည့်ရုံ ကြည့်တာနဲ့ ဘွေကို အလွတ်ရသလား။ ဆရာတို့များ ငယ်ငယ်က တတွတ်တွတ် ဘာ အံ့ရတာ"

ပရိတ်ကြီးကုန်လျှင် ဆရာက သဒ္ဒါ အတက်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

သဒ္ဒါ မတက်ခင် သုတ်စဉ်ကို အရင်သင်ပေးလေသည်။ သုတ်စဉ်မှာ သန္ဓိ၊ နာမ်၊ ကာရက၊ သမာသ်၊ တဒ္ဓိတ်၊ အာချပ်၊ ကိတ်၊ ဥဏာဒ် ဟူ၍ ရှစ်ပိုင်း ရှိလေသည်။

သန္ဓိပိုင်းတွင် ပထမ၊ ဒုတိယ၊ ငါးပိုင်းအထိ ရှိလေသည်။ ပထမပိုင်းကို ရေးဦးစွာ ကျက်မှတ်ရ၏။ လူကျောင်းတွင် သင်ပုန်းကြီးသင်စဉ်က ကကြီး ခခွေး စသင်သလို သဒ္ဒါသင်လျှင် သဒ္ဒါ၏ နိဒါန်းသုတ်စင်ကို စသင်ရလေသည်။

ခေမာရီသည် နေ့ညမအား စာသင်ရင်း စာပေ ပရိယတ္တိသာလျှင် အဖော်ဖြစ်ကာ နေပေသည်။

သုတ်စဉ်များ ရပြီးနောက် သဒ္ဒါကြီးတွင် ပါဠိကိုမြင်လျှင် သန္ဓိပုဒ်၊ နာမ်ပုဒ်၊ ကာရကပုဒ် စသည်ဖြင့် သိနိုင်၏။ ကတ္တားဟော၊ ကံဟော၊ ဝိဘတ်ပစ္စည်း၊ ဓာတ်အရကို သိနိုင်သည်။ သုတ်ဝုတ္တိ၊ ဥဒါဟရဏ်၊ အနက်သမ္ဗန် တစ်သုတ်တယုဂ်၊ အာဂုံဆောင် ကျက်မှတ်ရလေသည်။

'မြန်မာစာပေမှာ စာပေကျမ်းဂန်ဆိုတာ ကျမ်းစာတွေ မတတ် မသိဘဲ စာပေဖြစ်တဲ့ သဒ္ဒါကြီးကို တတ်သိရတယ်။ သဒ္ဒါကြီးတတ်မှ စာတတ်တယ် ပထမငယ် အောင်အောင် ကြိုးစားရမနော်'ဟု ဆရာက ပြောထားသည့်အတွက် စာမေးပွဲ ဖြေဆိုနိုင်ရန် စာနင့်သာ အချိန်ကုန်နေရသည်။

တောပန်းတို့၏ ရနံ့မှာ သင်းပျံ့ပျံ့ ရှိလှသည်။ စိတ်ကြည်နူးလာအောင် ဆွဲဆောင်နိုင်စွမ်းရှိသော ရနံ့။ ခေမာရီသည် တောနံ့တောင်နံ့ကို ခံစား မေ့မေ့ လျော့လျော့ ဆူညံဆူညံကြား၍ လှည့်ကြည့်လိုက်သည်။

ဘုရားဖူးလာသူတို့အတွက် ဘယ်သူကများ လှူထားမှန်း မသိသော ကျောက်ပြင် အကြီး အငယ်၊ သနပ်ခါးတုံး၊ အမွှေးတုံး အစုံ၊ ဇရပ်တိုင်များတွင် မှန်တွေ ချိတ်လျက်ရှိသော သုံးထပ်ကန် ဇရပ်ထဲတွင် မိန်းမကြီး ငယ် တစ်စု စားကြ သောက်ကြ သနပ်ခါးလူးကြနှင့် ဆူညံနေကြသည်။

မိန်းမငယ်ငယ်နှင့် မိန်းမကြီးကြီးနှစ်ယောက်ကို ကြည့်၍ စိတ်ထဲတွင် သားအမိ တော်ကြည့်လိုက်ကာ ခေမာရီမှာ 'အမေ'ကို သွားတွေးကြည့်မိသည်။ အမေ့ကို ဒီလောက် တွေးမရဘဲ အဖေ့ကိုသာလျှင် အမှတ်ရလာတော့သည်။

ဖွေးညီစွာ မှုန်သထားသည့် မိန်းမပျိုယ်၏ အဆင်အပြင်၊ အဝတ်အစား ကို ငေး၍ ကြည့်ရှုရင်း မျက်ရည်လည်လာလေသည်။

"အမေများ… အဖေများရှိရင်…"

ခေမာရီသည် တောစပ်မှ ထလိုက်ကာ မဝဏ္ဏကို ဟစ်ခေါ်လျက်





တောင်ဖီလာချောင်သို့ ဆင်းသွားကြလေသည်။

တောင်ဖီလာချောင်မှ မှောင်မှပင် ဇရပ်သို့ ပြန်ရောက်ကြသည်။

ဘုရားကျောင်းဦး ကြေးစည်သံ တစ်စီစီ တဝီဝီ မြည်၍ နေသည်။

သီလရှင်များကား တစ်စုတရုံးကြီး ဘုရားကျောင်းသို့ ဝတ်ပြုရန် သွားကြလေသည်။ ကျောင်းထဲတွင် ငြိမ်သက်စွာ ဝင်ထိုင်ကြသော သီလရှင်များမှာ ပေါင်းငါးဆယ်ခန့် ရှိ၏။

လူစုံသည်နှင့် ဘုရား စဝတ်ပြုကြသည်။

မဂ္ဂင်ချောင်တွင် အသံအကောင်းဆုံး ဒေါ်သြဘာက ဘုရားကို ဦးချ ကျက် ရေးဦးစွာ သာသနာလျှောက်သည်။

**"မဟာသမတ၊ ခတ္တိယဟု၊ ဂေါတမအလောင်း၊ မင်းကောင်း၊ မင်းမြတ်၊ လောကနတ်ကို…"**

သာသနာလျှောက်သံမှာ အောင်မြင် ခန့်ညားကာ စည်၍ ချိုအေးလှသည်။

ဒေါ်သြဘာ ပြီးလျှင် ခေမာရီက ဘုရားပင့်ရလေသည်။ ဘုရားပင့်ပြီးမှ သီလရှင်အားလုံး သံပြိုင် သီလခံကာ ပရိတ်ရွတ် မေတ္တာပို့ကြသည်။

မေတ္တာပို့ပြီး၍ မပန္နာက အမျှဝေသည့်အခါ ဝိုင်း၍ သာဓု ခေါ်ကြသော သီလရှင်အသံတို့မှာ ကျောင်းတဲတွင် ဟိန်းနေသည်။

အပြင်ဘက်တွင် လရောင် မရှိ။ မည်းပြာသော မိုးကောင်းကင်တွင် ကြယ်တို့သည် မှိတ်တုံ၊ ပွင့်တုံ မှုန်မှုန်ပင် တောက်လင်းနေသည်။ မြသိန်းတန်တော်မှ ဆည်းလည်းသံမှာ လေထဲတွင် တတင်တင် မြည်နေပေသည်။

ဘုရားကျောင်းမှ သီလရှင်တစ်စုသည် အမှောင်ထဲတွင် စမ်းလျှောက်ကာ ညဝါဆိုရန် ဇရပ်သို့ ကူးလာကြသည်။

ဇရပ်ထဲတွင် မီးမထွန်းသပြင့် မှောင်နေသည်။ အမှောင်ထဲ၌ ဆရာထိုင်သော နေရာကို မှန်းဆ၍ ထိုင်နေကျ နေရာအတိုင်း ကိုယ်စီကိုယ်စီ ထိုင်ကြသည်။

**"မာတရံ၊ ပမုခံ၊ ကတွာ၊ တသ…"**

ဆရာသည် မှောင်ထဲမှ စ တိုင်ပေးလိုက်ရာ သီလရှင်တစ်ပါးက လိုက်ဆိုလေသည်။ အခြား သီလရှင်များမှာ စိတ်နှင့် လိုက်၍ မှတ်နေသည်။ ပိုဒ်စီ တစ်ပိုဒ်စီ နှုတ်တိုက် အလွတ်ချ၍ ရလောက်ပြီ ဆိုတော့မှ အားလုံး ပြိုင်ဆိုကြသည်။

ခေမာရီမှာ နေ့ဝါ တက်လိုက်၊ ညဝါ ဆိုလိုက်နှင့်ပင် ပထမငယ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြိုးစားနေရလေ၏။ ပထမငယ်အောင်ဖို့ရာကလည်း မလွယ်လှ။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ မာတိကာ၊ ဓာတုကထာ၊ ဇနက္ကဇာတ် အဋ္ဌကထာ၊ သိင်္ဂါလောဝါဒ သုတ်၊ ဓမ္မပဒ အဋ္ဌကထာ စသည်တို့ တက်ဆိုပြီးမှသာ စာမေးပွဲ ဝင်နိုင်သည်။

အစိုးရ ပထမပြန်စာမေးပွဲ နီးကပ်နေ၍ စာပြန် စာအံရသည်မှာ လည် ချောင်းကို ပွတက် လာမတတ်ပင် ဖြစ်သည်။

ခေမာရီသည် အင်းဝကျူးတို့နှင့် မန္တလေးသို့ စာမေးပွဲဖြေရန် လိုက် လာခဲ့သည်။ ကျူးတို့ပေါ်တွင် သီလရှင်များ ပြည့်ကျပ်နေ၏။ စာမေးပွဲဖြေမည့် နေရာကား မဟာမြတ်မုနိဘုရားကြီးအနီး ဆယ့်လေးခန်း မှန်စီတန်ဆောင်း ကြီး၌ ဖြစ်သည်။

ခေမာရီတို့လည်း ဘုရားအနီး ပန်းခုံးတိုက်၌ တည်းခိုကြသည်။ စစ်ကိုင်းမှ ယူဆောင်လာသော သရဖီ၊ ဖွန်ပန်းများကို ပန်းထိုး၊ ပန်းစေတီ သီကုံးကာ ဘုရားကြီးအား လှူဒါန်းရင်း စာမေးပွဲအောင်ရန် ဆုတောင်းရသည်။

စာမေးပွဲအောင်လျှင် ဆုလက်မှတ်နှင့် ငွေငါးဆယ်။

[၆]

ခေမာရီသည် ပဝါဖြူနှင့် ထုပ်ထားသော စာအိတ်ကို ခေါင်းတင်နှင့် ပတ်ပြီး ခေါင်းပေါ်၌ရွက်ကာ ဇောဓိချောင်ကုန်းပေါ်သို့ တနဲ့နဲ့ တက်သွားလေသည်။

မောလာကာ အသက်ရှူမဝသည်နှင့် ဆက်မသွားနိုင်တော့ပေ။ စိန်ပန်းပင် ကြီးအောက်၌ ဦးကြာဖူး ခုံမိနပ်ကို ဖင်ခုထိုင်ကာ နားနေလေသည်။ မျက်စိ ရှေ့၌ သီလရှင်တွေ တစ်ပါးပြီးတစ်ပါး သွားနေကြသည်။ သီလရှင်တွေ ဝင် သွားသော ခပ်လှမ်းလှမ်းက ဇရပ်ကို ငေးကြည့်နေလေ၏။

ဇရပ်အလယ်၌ စားပဲကုလားထိုင်နှင့် ထိုင်နေသည့် သရိုင်ဆရာကြီး စားပွဲခုံ၏ ရှေ့တူရူ လက်ဝဲဘက်၌ သီလရှင်များ ပြားပြားဝပ်ထိုင်ကာ စာလိုက် ကြသည်။ စားပွဲ၏ လက်ယာဘက် ပျဉ်ထောင်ကာထားသော အတွင်းခန်း တစ်ဖက်လှေကားမှ တက်၍ သံဃာတော်များက စာလိုက်ကြရလေသည်။

ခေမာရီသည် ပထမငယ်ကိုလည်း အောင်ပြီး၏။ ပထမလတ်ကိုလည်း အောင်ခဲ့၏။ ယခုအခါ အထက်တန်း ပထမကြီး စာမေးပွဲဖြေဆိုရန် သရိုင်ဆရာ ကြီးထံတွင် စာလိုက်နေရလေသည်။

ခေမာရီ၏ နေရေးထိုင်ရေးကား ရှေးက အတိုင်းပင် ဖြစ်၏။ ကြီးတော် ကြီး တစ်လနှစ်ဆယ် ထောက်ပံ့သမျှနှင့် ခြိုးခြိုးခြံခြံ စားဝတ် နေထိုင်၏။ ဇ ရပ်ရွာသို့လည်း တစ်ခေါက်မှ မပြန်၊ ကြီးတော်ကြီးသာလျှင် ချောင်သို့ တစ်





တစ်ခါလောက် လာတတ်လေသည်။

ချောင်၌ ပဲနှင့်၊ သစ်သီးသစ်ရွက်နှင့် ခါးဝတ်ပိတ်စုံ နှစ်စုံ၊ သုံးစုံလောက် ဖြင့် အသားကျနေလေပြီ။

စစ်ကိုင်းချောင်ထဲတွင် အောင်းနေသော ခေမာရီ၏ သက်တမ်းမှာ အနှစ်နှစ်ဆယ် ရှိလာချေပြီ။ နှစ်ကြာသော သီလရှင်၏ အခြေအနေသည် သီလရှင်ဖြစ်စေ ယခင် အချိုးအတိုင်းပင် ဘယ်လိုမှ ပြောင်းလဲသွားခြင်းမျိုး မရှိ။

သို့သော်...ယခု ခေမာရီသည် သီလရှင်ကလေး ခေမာရီ မဟုတ်တော့ ပေ။ အခုမှ သိသာစွာပင် တစ်မျိုး ပြောင်းလဲလာလေသည်။

စကားပြောလျှင် မောလာသည်။ အမြဲတမ်းလည်း ရင်တုန်တတ်သည်။

ချောင်ဆရာ ဒေါ်သီလစာရီ ကွယ်လွန်သွားမှ ဇရပ်တွင် စာချဆရာ ဖြစ်နေသည်။ သီလရှင်ကလေးများကို သဒ္ဒါ၊ သင်္ဂြိုဟ် စာချပေးနေသည့်အခါ 'အသက်ရှူရ ကျပ်လိုက်တာ'ဟု နှုတ်က ပြောရင်း လေကို ဝဝ ပင့်သွင်းပြီး ရှူတတ်နေရသည်။

လေတက်လာ၍ အေ့...အေ့ဟု အသံထွက်လာလျှင် ဇရပ် ခုနစ်ဆောင်၊ ရှစ်ဆောင်လောက်က ကြားနိုင်လောက်သည်။

အထူးသဖြင့် မျက်စိများလည်း သီဝေကာ မှုန်လာလေပြီ။ သီလရှင် ခေမာရီသည် ဝေဒနာရှင် ဒေါ်ခေမာရီအဖြစ် တစ်မျိုး ပြောင်းလဲနေချေပြီ။

သစ်ပင်အောက်၌ ခေမာရီသည် တဒိတ်ဒိတ် ခုန်နေသော ရင်ကို လက် နှင့်ဖိလျက် အမောသက်သာအောင် ငြိမ်ငြိမ်ကလေး နေရလေသည်။

“ပထမကြီးတော့ အောင်မှ ဖြစ်မယ်”

ခေမာရီသည် ကိုယ့်ကိုယ်ကို အားယူ၍ မတ်မတ်ရပ်လိုက်၏။ ကိုယ် က မတ်ရပ်လိုက်လျှင် ခြေထောက်အောက်က မြေကြီးမှာ ချာလပတ်လည်သွား လေသည်။ ခေါင်းပေါ်က စာအုပ်ကလေးမှာ မြေပေါ်သို့ ဖုတ်ခနဲ ကျသွားသည်။ ခေမာရီသည် ကပျာကယာ စိန်းပန်းပင်ကို လှမ်းမှီလိုက်ရလေသည်။

“အလို... မြတ်စွာဘုရား”

ခေမာရီသည် မူးနေပြီ။ မြေကြီးပေါ်သို့ အသာထိုင်ချလိုက်ကာ သစ်ပင် ပင်ကို မှီနေရသည်။ မျက်လုံးများ ပြာလျက် အားလုံး ယိမ်းထိုးနေသော မျက်စိကို မှိတ်ထားရလေသည်။

မူးလွန်းလို့ တင်ရဲ၊ ချွေးစေးများ ပြန်လာလေသည်။ တစ်ကိုယ်လုံး အေးစက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး...ဆရာလေး"

ခေမာရီသည် မျက်စိ မှေးဖွင့်လျက် မျက်မှောင်တွန့်ပြီး ကြည့်ရသည်။ ကြာကြာ ဖွင့်ဖို့ရန်ပင် မတတ်နိုင်တော့။

"ဆရာလေးမှူးသလား။ ဖြစ်မှ ဖြစ်ရလေ၊ တပည့်တော်ကို မှီ...မှီထား"

လူချင်း ထိထား၍ နွေးသော အသိကိုသာ သိသည်။ ဘယ်သူ ဘယ်ဝါ မှန်းပင် မသိ။

လူတစ်ကိုယ်လုံး အထက်သို့ မြောက်ပင့်တက်သွားပြီး အောက်သို့ အရှိန်နှင့် လိမ့်လျှောလာကာ မှောင်မှောင်ထဲ၌ ရပ်တည်ရာ မရနိုင်ဘဲ မောနေရသည်။

မောလွန်းသဖြင့် အင်အားကုန်ခမ်းကာ မလှုပ်နိုင်၊ မရှားနိုင်။ သီလရှင်ကို မှီနေရသည်။

"ဆရာလေးကို တပည့်တော် လိုက်ရှာလိုက်တာ၊ တွေ့ပေလို့ပဲ။ ဘယ့်နှယ် နေသေးသလဲ"

ခေမာရီသည် အားယူ၍ မျက်လုံးဖွင့်ကာ သီလရှင်ကို ကြည့်လေသည်။

"နည်းနည်း သက်သာပါသည်။

"ချောင်မှာ သင်္ဘောတစ်စောင် ရောက်လာလို့ ဆရာဘုရားက လိုက်ရှာပေးစမ်း ဆိုတာနဲ့ တပည့်တော် လိုက်ရှာတာ"

ပြောပြောဆိုဆို သီလရှင်က ဆုပ်ထားသော စာအိတ်အဝါကလေးကို ထိုးပြ၍ 'ဖောက်လိုက်ပါ'ဟု သဲ့သဲ့သာ ပြောနိုင်ရှာ၏။

**"အမေ သေပြီ"**

ကြီးတော်ကြီး သေဆုံး၍ ရိုက်လိုက်သော သံကြိုးစာ ဖြစ်လေသည်။ စာရွက်ထဲရှိ အင်္ဂလိပ်စာနှစ်လုံးမှာ ဝါး၍ ဝါး၍ သွားလျက် မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။

[၇]

မကေသီသည် အိတ်ထဲမှ ဆန်ကို လက်နှင့် ကော်လိုက်ကာ 'တပည့်တော်တို့ ရွှေဘိုမှာတော့ ဒါ အကောင်းဆုံးပဲ ဘုရာ့၊ ရွှေဝါ တောင်ထိပ်ပန်း' ဟု ပြောလိုက်သည်။

ခေမာရီမှာ မမြင်ဖူးသည့် ပစ္စည်းကို ငေးသလို ငေးငေးသာ ကြည့်နေသည်။

"ဒီအိတ်ကတော့ ပဲကြီးက နည်းနည်း၊ ကုလားပဲ၊ ပဲကျား။ ဒါတွေက





အရပ်က လှူလိုက်တာ၊ တပည့်တော် အရီးက ဆီ နှစ်ပိသာ လှူလိုက်တယ်။ အမေကတော့ ငွေ ၃၀ ကျပ် ပေးလိုက်တယ်"

မကေသီသည် အရပ်ပြန်၍ စုဆောင်းရခဲ့သမျှ ပစ္စည်းများ အထုပ်ထဲမှ ခွဲပြကာ အားရပါးရ ပြောနေလေသည်။

ခေမာရီလည်း ငေးကြည့်နေရင်းမှ မျက်နှာကလေး ညှိုးနေရှာသည်။

ကြီးတော်ကြီး ဆုံးပြီးမှ မည်သူမျှလည်း ထောက်ပံ့မည့်သူ မရှိ။ ချို့ချို့ ငဲ့ငဲ့ ရှိလှသည်။ အခြား သီလရှင်များကဲ့သို့ အလှူသွားခံရအောင် ပြန်စရာ အရပ်ရယ်၊ အိမ်ရယ်လည်း မရှိ။ ကိုယ့်အရပ် ကိုယ်ပြန်သွားကြသော သီလရှင်များမှာ ချောင်ပြန်လာလျှင် ဆန်၊ ဆီ၊ ပဲ။ အချို့က ကြက်သွန်၊ ငရုတ်သီးသည်ဖြင့် စုဆောင်းလာခဲ့ကြသည်။

ခေမာရီမှာ စားဖို့ ဝတ်ဖို့ ပူလာရသည်။ ဝါတွင်းဝါပ စာချနေ၍ တပည့်များက ဟင်းတစ်ခွက်တော့ ကမ်းကြ၏။ အထောက်အပံ့မရှိမှန်း သိကြ၍ ပဲတစ်ပြည်၊ ဆန်တစ်စိတ်၊ ဆီတစ်ပုလင်း သီလရှင်အချင်းချင်း စု၍ ပေးကြ ကမ်းကြသည်။

စားရေး ဝတ်ရေးအတွက် ခေါင်းတုံးပေါ် ထိပ်ကွက်ရသလိုပင် သူများ ပေးစာ ကမ်းစာကို မျှိမကျနိုင်။ ကြာတော့ ယူရမှာ အားနာလာသည်။ သီလရှင်များ အလှူခံရလာတိုင်း ပေးကြ ကမ်းကြသမျှနှင့် နေရသည်မှာလည်း ပေါ့လောက်၊ ပြတ်ပြတ်တော်တော် ရှိလှသည်။

ခေမာရီသည် ဝမ်းနည်းစွာဖြင့်ပင် 'ချောင်'နှင့် ခွာလိုက်ရသည်။ ကိုယ့်အရပ် ကိုယ့်အိမ်ဆို၍ ချောင်သာလျှင် ဖြစ်သည်။ နှစ်ပေါင်းများစွာ နေခဲ့သည့် ချောင်နှင့် ခွဲခွာရသည့်အတွက် ရှိုက်ပြီး ငိုမိလေသည်။

"ရန်ကုန်မှာ အထောက်အပံ့ မရှိဘဲ ကိုယ့်ဘာသာကိုယ် အလှူခံပြီး နေနိုင်ကြတဲ့ သီလရှင်တွေ ပြည့်လို့ပါ။ လိုက်မှာသာ လိုက်ခဲ့ပါ"

ရန်ကုန်မှ ဘုရားဖူးလာသော မသုခက အပြောကောင်းလွန်း၍ ဖြစ်နိုင်ရာ ဖြစ်တော့ဟု ပိုင်းဖြတ်ကာ သီးရှင် တပည့်များထံ၌ စရိတ်ငွေကလေး အလှူခံကာ တစ်ခါမှ မရောက်ဘူးသော ရန်ကုန်သို့ လိုက်သွားလေသည်။

ဘောင်ဒရီလမ်းရှိ ဦးပြားတောရတွင် မသုခနေသော ဇရပ်၌ မသုခနှင့် အတူနေလေသည်။

ရန်ကုန်သို့ ရောက်ခဲ့ရာ နေ့မှ စားမှုအတွက် ဘယ်လိုလုပ်ရမလဲဟု အဘော်ပဲ စိတ်ရှုပ်သည်။ ပါလာသည့် ပိုက်ဆံမှာလည်း မကြာခင် ကုန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မသုခ ဒီတစ်ခါ ဆန်ခံထွက်သွားရင်း တပည့်တော်လည်း လိုက်မယ်။ ဆွမ်းဆန်ခံတဲ့ ဗန်းငှားပေးပါ"

မသုခမှာ ခေမာရီအတွက် ဇရပ်တွေ ရှိရာသို့ သွားကာ ဗန်းလည်း၍ ငှားပေးလေသည်။ ဦးပြားတောရ၌ နေထိုင်ကြသော သီလရှင်များမှာ အများအားဖြင့် မြို့ဖိတ်၊ တောဖိတ် ဆန်အလှူခံထွက်ကြသည်။ ဗန်းရှင်များအားလုံး ထွက်ကြမည်ဖြစ်၍ ဘယ်ကမှ မငှားနိုင်ပေ။

"ဆရာလေးရယ်၊ တောဖိတ်၊ မြို့ဖိတ် မလိုက်ပါနဲ့။ အများနဲ့ဆိုတော့ အများသွားသလို သွားရမှာ။ ဆရာလေးက မာတာ မဟုတ်တော့ သွားနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ကြားဖိတ် ထွက်ပါ။ ကိုယ် နားချင်ရာနား၊ သွားချင်ရာ သွားရတယ် ဘုရာ့"

ဥပုသ်နေ့ လွန်မြောက်၍ ၁ ရက်နေ့တွင် နံနက်စောစောစီးစီး မသုခနှင့် ဆန်ခံထွက်ခဲ့ကြသည်။

ကျောက်ကာဗန်းကလေး ထဲ၌ ဗန်းခုံးငယ်ငယ်ကလေးတစ်ခု၊ ဒန်ချိုင့်ပုကလေးတစ်လုံး၊ ပိတ်အိတ်ကလေးတစ်အိတ် ထည့်ကာ ဗန်းကိုယ်စီရွက်လျက် ထွက်ခဲ့ကြသည်။

"လာဘ်ဦး မပယ်ရဘူး၊ လာဘ်ဦးပယ်ရင် လာဘ်တိတ်တတ်တယ်။ အဲဒီတော့ သေချာတဲ့အိမ်က စမှ ဖြစ်မယ်"

မသုခ၏ စကားများသည် ခေမာရီ၏ နားထဲတွင် ခါးသီး၍ သွားလေသည်။

မသုခသည် ဘောင်ဒရီ (ဓမ္မစေတီ) လမ်းထဲရှိ နှစ်ထပ်အိမ် ဝင်းခြံထဲသို့ ရှေ့က သွား၍ နောက်မှ ခပ်ဖြည်းဖြည်း လိုက်ဝင်ရသည်။ တိုက်ရှေ့တွင် ရပ်နေကြသည်။

သီလရှင်များကို မြင်၍ တိုက်ထဲမှ ကလေးမလေးတစ်ယောက်သည် လက်ဖက်ရည်ပန်းကန်လုံးနှင့် ဆန်ထည့်ကာ ထွက်လာလေသည်။ သီလရှင်နှစ်ယောက်အား လက်ဖက်ရည်ပန်းကန်တစ်လုံးစာကို တစ်ဝက်စီ ခွဲလောင်းလိုက်ကာ ပြန်ဝင်သွားလေ၏။

ဒေါ်သုခလည်း ဗန်းခုံကလေးထဲမှ ဆန်ကို ခေါင်းပေါ်က ဗန်းရှိ ဆန်အိတ်ထဲသို့ မှန်းလောင်းထည့်ရင်း 'ကန်တော့ပါသေးရဲ့ ပြောလွတ်မလားလို့ ပူလိုက်ရတာ၊ လာဘ်ဦးကောင်းတယ် ဆရာလေး'ဟု ခေမာရီ ကြားလောက်အောင် ဝမ်းသာအားရ တိုးတိုးပြောလိုက်သည်။

ခေမာရီမှာ ဗန်းခုံကလေးထဲမှ ဆန်ကို ကြည့်ကာ စိတ်ပျက်မိသည်။





တော်တော်ဝေးဝေး လျှောက်မိလျှင် တိုက်တစ်တိုက်သို့ ဝင်ပြန်လေသည်။ တိုက်ရှေ့၌ နှစ်ယောက်သား ရပ်နေကြသည်။ လူစ သူစ မမြင်။ တိုက်ကြီးမှာ တိတ်ဆိတ်နေလေသည်။

တိုက်ထဲမှ လူရိပ်လိုလို မြင်လိုက်လျှင် မသုခလည်း အသံကုန်ဟစ်၍ အော်လေသည်။

"ဒါနဆန်များ မေတ္တာရပ်ခံပါတယ်ရှင်..."

အသံကျယ်လွန်း၍ ခေမာရီမှာ လန့်သွားသည်။ တိုက်ထဲမှ မိန်းမကြီးတစ်ယောက် ပေါ်လာကာ အိမ်ပေါက်ဝသို့ပင် ထွက်မလာဘဲ 'မယ်သီလရှင်များကလည်း ဘာနေ့မှိုလို့ ဆွမ်းခံနေတာလဲ။ ကန်တော့ပါသေးရဲ့တော်'ဟု မြန်အော်လိုက်ကာ ကွယ်ပျောက်၍ သွားလေသည်။

"မိန်းမကြီးက ဘယ်နေ့မှ လောင်းတာမဟုတ်ဘူး။ ဒီလိုပဲ"

မသုခသည် နာကြည်းသည့်အသံဖြင့် ပြောရင်း ခပ်ဆောင့်ဆောင့်ကလေး ထွက်လာသည်။ အတော်သွားမိပြန်သောအခါ လမ်းကြမ်းတစ်ခုထဲသို့ ချိုးဝင်ကြသည်။ လမ်းထဲတွင် သစ်ပင်များ ထူထပ်လျက် အိမ်တစ်အိမ်မှ မမြင်ရချေ။ သစ်ပင်အုပ်များကျော်၍ သွားမှပင် အိမ်ကလေး တစ်အိမ်တွေ့ရသည်။

ထိုအိမ်မှာ မသုခ၏ပစ္စည်းလေးပါး ဒါယကာနှင့်တူလေသည်။ အိမ်ထဲ၌ လှိုင်နီနီ ဝင်ထိုင်ကာ ရေအိုးစင်က ရေခပ်၍ ခေမာရီအား ကမ်းပေးလေသည်။ ...မ်၍ မကြာခင်ပင် 'မစိန်ရေ'ဟု ပါးစပ်ကခေါ်ရင်း အိမ်ထဲသို့ ဝင်သွားလေသည်။ ပန်းကန်ပြားနှစ်ချပ် ကိုင်လျက် အိမ်ထဲမှ 'မစိန်'နှင့် ထွက်လာကြသည်။

ထောင်ထားသည့် သင်ဖြူးကို ဆွဲချ၍ ခင်းသည်။ ဗန်းနှင့်ရွက်လာသော ချိုင့်ကလေးကိုဖွင့်ကာ ပန်းကန်ထဲသို့ ထမင်းယူထည့်လျက် 'လာ ဆရာလေး၊ ...လိုက်တာအေးတယ်'ဟု ခေမာရီအား ထမင်းစား ခေါ်နေသည်။ နံနက်စာကို အိမ်၌ပင် ဇရပ်က ချက်ယူလာကြသော ငါးပိချက်၊ ဆူးပုတ်ရွက် တို့စရာနှင့် ...ိုက်ကြရသည်။ ထိုအိမ်က အထွက် မစိန်က နို့ဆီဘူးနှင့် ဆန်အပြည့် ...ယောက်တစ်လုံးစီ လောင်းလိုက်လေသည်။

အိမ်နောက်ဖေးရှိ စံပယ်ပင်တွေ အခင်းလုပ် စိုက်ထားသော လမ်း...င်အတိုင်း လျှောက်ခဲ့ကြသည်။ အခင်းစိုက်သော ခြံတွေကို တစ်ခြံပြီးတစ်ခြံ ...ဖြတ်ကာ သွားနေကြသည်။ တစ်အိမ်နှင့်တစ်အိမ် အတော်ပင်လှမ်းလေသည်။

ထိုလမ်းမြောင်မှ လွန်လျှင် လမ်းမသို့ ရောက်လာကြသည်။ လမ်းဘေး ...များကို တစ်အိမ်မကျန် ဝင်ရပ်ကြသည်။ အိမ်စေ့ ဆိုသလိုပင် မလွတ်



www.burmeseclassic.com

www.burmeseclassic.com


တမ်း ထွက်လောင်းကြသည်။

ကြွေခွက်နှင့် တစ်ဇွန်းစီ။

မသုခသည် ရှေ့က ပျာပျာ ပျာပျာနှင့် ခပ်သွက်သွက်လှမ်းလျက် 'မြန်မြန်လျှောက် ဆရာလေး၊ ရှေ့က အိမ်က ဘကြီးက သီတင်းတိုင်း တစ်ယောက် ငါးပြား လှူတယ်။ လာ... လာ မြန်မြန်လျှောက်'

အိမ်အတွင်းသို့ ဝင်သွားကြရာ ခွေးကြီးတစ်ကောင်က ဝုတ်...ဝုတ် ဟောင်လျက် ထွက်လာလေသည်။ ခေမာရီလည်း ကြောက်အား လန့်အားနှင့် ခြံပြင်ဘက်သို့ လှည့်ထွက်ပြေးလေသည်။ ခွေးမှာ ခေမာရီနောက်သို့ပင် လိုက်ဟောင်နေလေသည်။

ခေမာရီသည် ခြံအပြင် လမ်းမဘက်သို့ ပြန်ရောက်သောအခါ ဒူးများ တဆတ်ဆတ် တုန်နေသဖြင့် ခေါင်းပေါ်ကဗန်းကို ချလျက် မသုခအား ထိုင်စောင့်နေရသည်။

မသုခ ပြန်ထွက်လာလျှင် 'မသုခ ပြန်ကြပါစို့'ဟု ဆီး၍ ပြောလိုက်သည်။

"အခုမှတော့ ဘုရား နောက်ဆုတ်လို့ မဖြစ်ဘူး။ ရှေ့ဆက်သွားမှ ဖြစ်မယ်။ အသွားပူ၊ အပြန်ပူနဲ့ ညနေမှ အေးအေး ပြန်တာပေါ့။ မောရင် ဖြည်းဖြည်း နားလျှောက်ပါ"

ခေမာရီမှာ ဘယ်ရောက် ဘယ်ပေါက်နေမှန်း မသိ။ တစ်လမ်းကျော် တစ်လမ်းဖြတ် မသုခနောက် တကောက်ကောက် လိုက်နေရသည်။ တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် သွားကြရင်း မောပန်းလာ၍ သစ်ပင်တစ်ပင်အောက်တွင် ဘယ်လောက် လျှောက်ရဦးမလဲဟု ခရီးကို မှန်းဆကာ အတော်ကြီး မော...လေသည်။

'ဟေး...အရာ၊ ကြာဝတ် ကြာဝတ်' မသုခ ဘာပြောလိုက်ပါလိမ့်... လှည့်ကြည့်လိုက်ရာ မသုခက မေးထိုးပြသည်။

အင်္ကျီချွတ်နှင့် ကုလားကြီးတစ်ယောက် အိမ်ကလေးထဲမှ ပြေးထွက်လာပြီးလျှင် ဒိုတီထဲမှ လက်နှင့် နှိုက်၍ ဆန်တစ်ဆုပ်စီ ထည့်ပြီး ပြန်ဝင်သွားလေသည်။

ကုလားတဲ၊ ကုလားအိမ်များရှေ့တွင် ရပ်တိုင်းပင် မသုခသည် 'အရာ... ကြာဝတ်၊ ကြာဝတ်'ဟု ပါးစပ်က ခပ်ကျယ်ကျယ် အော်ပြောလေသည်။

ခေမာရီကား ခြေကို မသယ်ချင်အောင် ဖြစ်လာလေသည်။ ထိုင်နေ... လည်းမဖြစ်၊ ခြေထောက်များမှာ တရွတ်ဆွဲလျက် နေပြီ။ ချွေးဒီးဒီးကျအောင်





...လျှောက်ခဲ့ရသည်။ နောက်ဆုံး ဈေးကြီးသို့ ရောက်သွားလေသည်။

"ဆရာလေး ဒီနားမှာ ထိုင်စောင့်နေ၊ အခုပဲ လာမယ်"

မသုခသည် သူ့ဗန်းထဲမှ ဆန်များကို ခေမာရီဗန်းထဲသို့ ပြန်လောင်းထည့်...ကာ ဗန်းအလွတ် ရွက်လျက် လူကြွေကြားမှ ဈေးရုံထဲသို့ တိုးဝင်သွားလေသည်။

ခေမာရီသည် လူသွားလမ်းဘေး သမံတလင်းပေါ်၌ ထိုင်ကာ ရှေ့မှ ...တ်လျက် တိုးခွေ့သွားကြသော လူတွေကို ကြည့်ရင်း မျက်စိနောက်လာသည်။ ...တန်ကြာမှ မသုခ ပြန်ထွက်လာသည်။

မသုခ ဗန်းထဲ၌ ကြက်သွန်နီ သုံးဥ၊ ငရုတ်သီး တစ်ဆုပ်လောက်၊ ...ယောင်းတိုင် အနီ အဝါ သုံးတိုင်၊ ကွမ်းသီးစိတ် သုံးလေးခြမ်း၊ ကွမ်းရွက် ...င်ထပ်၊ အာပုံငါးခြောက် သုံးလေးကောင်၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက် စုံစီ...အောင် နည်းနည်းစီ ပါလာလေသည်။

"မနည်း တိုးခွေ့ပြီး အလှူခံရတာ ဘုရာ့"

ခေမာရီသည် ဗန်း ထဲမှ ပစ္စည်းများကိုလည်း မကြည့်လို။ လူတွေကို...ည်း မမြင်လို။ ဘယ်လိုဖြစ်နေမှန်း မသိ။ ငိုင်လျက်သာ နေမိလေသည်။

"ကဲ... လာ ဆရာလေး၊ ဟိုနားက ငါးခြောက်ဆိုင်မှာ ဆန်သွားခြင်...ယ်'ဟု မသုခ ခေါ်၍ ထလိုက်သွားရသည်။

ငါးခြောက်ဆိုင်ရှင် အဒေါ်ကြီးသည် ခေမာရီတို့ ဗန်းထဲမှ ဆန်များကို ...ည်တောင်းနှင့် ခြင်တွယ်နေသည်။

သူ့ပြည်တောင်းမှာ သီလရှင်များ ဆန်လာရောင်းလျှင် ဆန်ဆိုင်က ...ည်တောင်းထက် နို့ဆီဘူးတစ်ဝက် ပိုလုပ်ထားသော ပြည်တောင်းဖြစ်သည်။

"သုံးပြည်နဲ့ လေးလုံး ဆိုတော့"

အဒေါ်ကြီးသည် ဆက်၍ မပြောဘဲ စိတ်တွက် တွက်နေလေသည်။

"အဒေါ်ပြည်တောင်းက အသာကြီး လုပ်ထားတာ၊ နည်းနည်းပိုပေး ...အဒေါ်ရယ်'ဟု မသုခက ပြောလိုက်ရာ ခေမာရီမှာ သည်တော့မှပင် ဆန်...ရောင်းအဝယ် လုပ်နေမှန်းကို ရိပ်မိတော့သည်။

ခေမာရီသည် မျက်လုံးတွင် လည်လာသော မျက်ရည်စများကို ပါးပေါ် ...ဒ်းမကျရန် မျက်နှာကို မလှုပ် မခါဘဲ စိတ်ကို တင်းထားရသည်။

မိမိ၏ ဘဝကား တစ်ကိုယ်ချင်း တစ်ကောင်ကြွက် အားကိုးရာမဲ့ ...ခဲ့ပါတကား...။



www.burmeseclassic.com

www.burmeseclassic.com



[၈]

ဆွမ်းဆန်ခံ ပြန်ခဲ့သည့် နေ့ကပင် ဇရပ်တွင် ဗုန်းဗုန်းလဲလျက် လူမမာကြီး ဖြစ်နေခဲ့ရာ မင်းကတော်နှင့်သာ မတွေ့ခဲ့လျှင် ခေမာရီသည် လောကကို ရင်မဆိုင်ရဲသည့်အဖြစ်နှင့် တလက်စာတည်း ကိစ္စငြိမ်းသွားမည် ဖြစ်၏။

အိပ်ရာထဲတွင် ခေါင်းမထူနိုင်၍ ပက်လက်ကလေး နေခဲ့ရသည့် နေ့ရက်များကြောင့် ခေမာရီမှာ သီလရှင်ရုပ်နှင့် မတူတော့ချေ။

မြနီရောင် ခါးဝတ်ကို ဝတ်စားထားသော်လည်း လက်တစ်ဆစ်ခန့် ရှည်ထွက်နေသော ဆံပင်များသည် ဖန်ခေါင်းတုံးကို ဖုံး၍ ထားသည်။

တစ်နေ့သော်လည်း သက်သာနိုး၊ တစ်နေ့သော်လည်း ခေါင်းထူနိုင် နိုးနှင့် ဝေဒနာမှာ တစ်မျိုးပြီးတစ်မျိုး ထွေသာလာသည်။ ယခုတော့ ထွေနေ ရုံတင်မက သည်းတောင်လာသည်။ ဝေဒနာသာ အရေးကြီးသည်။ ဆံပင်ကို အရေးမကြီးနိုင်။

'မသုခရယ်။ တပည့်တော်သေရင် ရေချိုးတဲ့အခါ ဆံပင်ပါ ရိတ်လိုက် ပါနော်'ဟု မှာထားပြီးသား ဖြစ်သည်။

ဦးပြားတောရဇရပ်သို့ လင်နှင့် စိတ်ကောက်ကာ ဥပုသ်ရက်ရှည် လာ စောင့်နေသော ဝန်ထောက်ကတော် ဒေါ်ခင်ခင်သည် ခေမာရီအဖြစ်ကို သနား မိသည်။ မသုခ ဆန်ခံသွားလျှင် ဇရပ်တွင် တစ်ယောက်တည်း ကျန်ရစ်ရှာ သော လူမမာကို မျက်စိအောက်တွင် မနေသာတိုင်း ဖေးမ ပြုစုပေးလေသည်။

မင်းကတော်မှာ ဇရပ်တွင် တစ်လ ကိုးသီတင်း စိတ်ကောက်နေပြီး နောက် ဝန်ထောက်မင်းက လိုက်ခေါ်၍ အိမ်ပြန်သွားသည့်တိုင် ကရုဏာမကင်း သော ခေမာရီထံသို့ မကြာခဏ လာ၍ ကြည့်ရှာသည်။

ဆေးဝါးတွင်မက ခတ်စာကလေးများ ဝယ်ခြမ်းလာသည်။ တစ်ခါ တလေလည်း ငွေစကလေးများ ပေးကမ်း လှူဒါန်းသွားသည်။

လေမလျှောက်၍ ခြေထောက်တစ်ဖက်မှာ ကောင်းကောင်းပင် မသယ် တော့။ ခေမာရီသည် အိပ်ရာထဲတွင် မကြာခဏ ဆိုသလိုပင် ခြေထောက်ကို လှုပ်ရွေ့ကြည့်သည်။ ခြေထောက်ကို လှုပ်ကြည့်လျှင် မျက်ရည်များ လည်၏။ ကြက်သီးများ ထလာ၏။

"လူကျန်းမာလို့ ဒီခြေထောက်တွေ မသန်ရင်တော့ ဆွမ်းဆန်ခံ အခက်ပဲ မင်းကတော်ရယ်"

ခေမာရီသည် စိတ်တွင်းက သူများ မကြားအောင် သေလိုက်ပါတော့ ဟု နေ့တိုင်း ဆုတောင်းနေလေသည်။





ခြေထောက်လလောက် ရှိလာလေ၏။

လူက ထူနိုင် ထနိုင်လာသော်လည်း ခြေထောက်ကို ကြာကြာမထောက် နိုင်သေး။ အိပ်ရာမှ ထလျှောက်လျှင် မသုခ တွဲထူမှပင် လျှောက်နိုင်လေသည်။

မသုခသည် ဆွမ်းဆန်ခံ၍ ရသမျှကို ရောင်းကာ တတ်အားသရွေ့ ပြုစုရှာသည်။ မသုခ ပင်ပင်ပန်းပန်း ရှာဖွေပြုစု နေရတာကို မကြိုက်နိုင်ချေ။ သူများကို ဒုက္ခပေးနေသည့် ဘဝကို နေ့ရှိသရွေ့ စိတ်ပျက်လာသည်။

သည်ဘဝကို စိတ်ပျက်ရသည့်အထဲ ခေါင်းက ဆံပင်တွေကလည်း တစ်နေ့ထက်တစ်နေ့ ရှည်နေ၍ စိတ်ညစ်လာသဖြင့် မသုခကို ဓားနှင့်ကတ်ကြေး တောင်းရသည်။

"မာမှ တုံးလိုက်ပါ၊ ကောင်းကောင်း မမာသေးဘဲ ဘယ်ရိတ်လို့ ဖြစ် မလဲ။ မမာတုန်း မရိတ်ကောင်းဘူး"

ခေမာရီသည် မျက်မှောင်ကုတ်လျက် စိတ်အိုက်သွားလေသည်။ သို့သော် သက်ပြင်းချ၍ မျက်မှောင်ဖြေလိုက်ကာ ဆုပ်မိလုနီးနီး ရှိနေသော ဆံပင်ကို သာသာသပ်ရင်း ဆံတိုနှင့် စိတ်တစ်မျိုးပင် ပေါက်လာသည်။

စိတ်တစ်မျိုး နောက်နေသော ခေမာရီကို အကင်းပါးသော မင်းကတော် က အကဲခတ်မိသည်။

"ခင်တို့က သနားလို့ ပြောတယ် မှတ်ပါ ဆရာလေး။ ကျွန်မအဖို့ မှာ တစ်ယောက်အတွက် ဘာမှ ဝန်မလေးပါဘူး။ အဖော်တောင် ရပါသေးတယ်၊ ကိုယ်သာ ဆုံးဖြတ်ပါ"

မင်းကတော်မှာ အဖော်လိုနေပေသည်။ အိမ်တွင် မိန်းမကြီးကြီးတစ် ယောက် ကိုယ့်ထဲက ရှာထားဖို့ လိုနေသည်။ ဝန်ထောက်မင်းမှာ မိမိအပြင် "တိတ်တိတ်" ရှိသေး၍ ညအိပ်ညဉ့်နေ စကားပြောဖော် မိန်းမဖော်လည်း လို နေသည်။ အိမ်တွင် ခိုင်းစေထားသော ကလေးမကလေးများ ရှိ၍ အိမ်က အတွက် အလစ်မပေးရန် အိမ်ထဲ၌ မိန်းမကြီးကြီး အစောင့်တစ်ယောက် လည်း ဖြစ်မည်။ ဒီအပြင် ဖဲဝိုင်းတွင် လူမစုံ၍ တစ်အိမ်လိုလျှင် အိမ်ပြည့် အောင် တစ်အိမ်ဖြည့်မည့် အဖော်တောင် ဖြစ်နိုင်သေးသည်။

"စဉ်းစားမနေပါနဲ့တော့ ဆရာလေးရယ်၊ ဆရာလေးဘဝဟာ တစ် ယောက်တည်းရယ်။ ထောက်ပံ့မယ့် လူလည်း ရှိတာ မဟုတ်ဘူး။ ခြေထောက် က ကောင်းကောင်း မသန်တာကြီး၊ ဆွမ်းဆန်ခံနိုင်ဦးမလား။ သီလရှင်အဝတ် နဲ့လို့လည်း ငရဲမကြီးပါဘူး။ လူဝတ်နဲ့လည်း သီလရှိရင် ဖြစ်တာပါပဲ။ ကျွန်မအဖို့ ဘာမှ တာဝန်ကြီး တာ မဟုတ်ဘူး။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အေးအေးချမ်းချမ်း နေရမှာပါ။ လူ့ဝတ်လဲမယ် မဟုတ်လား…ဟင်”

မျက်လွှာကလေးများ စင်းစင်းကျနေသည့် မှေးနေသော ခေမာရီ၏ မျက်လုံးများသည် တစ်ဘဝသို့ လှမ်းမျှော်နေသည်။

အတန်ကြာတော့မှ ခေမာရီသည် မင်းကတော်အား ခေါင်းညိတ်ပြလိုက်သည့်အခါ၌ အသက်ပါ ပါသွားသလို ငြိမ်ကျသွားလေသည်။

“ဆံစုနဲ့ စုစည်း ပေါင်းထုံးရင် ဆံပင်တိုတွေ ဝင်ပါတယ်”

မင်းကတော်သည် အလိုက်မသိ အားတက်သရော ရွှန်းရွှန်းဝေဝေပြော နေလေသည်။ ခေမာရီသည် အသေလို ငြိမ်နေရာမှ ရှက်လည်း ရှက်လှစွာ ဝမ်းလည်း နည်းလှစွာဖြင့် ပြုံးလိုက်ရလေသည်။

[ကြွှေ့ဝင်ဂျာနယ်၊ မတ်၊ ၁၉၅၃]

# မုဆိုးမ

[၁]

…ဘဆွေ ဆုံးပြီဟု ကြားကြားချင်း ကျွန်မလည်း မဟာဆွေ့အိမ်သို့ ထွက်လာ …လေသည်။ ကျွန်မသည် ကျွန်မကဲ့သို့သော “မုဆိုးမ”တစ်ယောက်နှင့် မျက်နှာ …င်ဆိုင်ရဦးပေတော့မည်။

“မုဆိုးမဘဝကို မုဆိုးမများသာလျှင် အကြောင်း သိကြသည်”

မုဆိုးမလောကကြီး၏ မျက်မှောက် တွေ့ကြုံခံစားကြရမည့် အဖြစ်မျိုးစုံ …ကိုယ်တွေ့ မကြုံသူများအဖို့ ပြည့်စုံအောင် သိချင်မှ သိပေမည်။

မုဆိုးမဘဝ အားကိုးရာမဲ့ ဒုက္ခပဲဟု သည်မျှသာ သိမြင် ပြောဆိုကြ …သည်။

ကျွန်မ၏ မုဆိုးမဘဝ အစဦး၌ ကြားဖူးနားဝရှိသော ‘ဒုက္ခ’ဆိုမှန်း …ရုံသာ သိခဲ့သည်။ ဘယ်လို ဒုက္ခမျိုးမှန်း ကြိုတင်၍ တတ်အပ်သေချာသိပုံ …နည်းမျိုး မဟုတ်သေးပေ။

စာရေးဆရာကြီး မဟာဆွေ၏ ဇနီးသည် ယနေ့ မုဆိုးမ ဖြစ်ရချေပြီ။ …သည် မုဆိုးမဘဝ အားကိုးရာမဲ့ ဒုက္ခဟူ၍ အကြားအမြင် သိသာ သိပေ …ဦးမည်။ အတွေ့အကြုံ အသိမျိုးကိုကား ရှေ့လျှောက်၍မှ သိရပေတော့အံ့။

ကျွန်မသည် ရင်ထဲ၌ လေးလံလျက် ‘မဟာဆွေ’ဟု ဆိုင်းဘုတ်ချိတ်…သော အိမ်ပေါ်သို့ မော့၍ ကြည့်လိုက်သည်။

မဟာဆွေ၏ သမီးအငယ်မှာ ပြတင်း၌ ရပ်ငုံ့ကြည့်နေသော ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်တက်ခဲ့ရန် ခေါင်းကလေး ညွတ်ငြိမ့်၍ ဖိတ်ခေါ်သမှု ပြုနေသည်။

မဟာဆွေ၏ အိမ်သို့ ယနေ့မှ ရောက်ဖူးသော အသိနှင့် လှေကားထစ်ကို လှမ်းတက်လိုက်သည်။ အိမ်နီးနားချင်း ထင်ရသော သတင်းမေးလာကြသည့် မိန်းမနှစ်ဦးမှာ ကျွန်မ ရှေ့က တက်သွားကြသည်။

လှေကားထိပ်သို့ မရောက်မီ တဟူးဟူး တိုက်ခတ်နေသော လေပြင်းနှင့် အရင် တွေ့ရလေသည်။

မျက်နှာကို ဆီးဟပ်လိုက်၍ သိမ့်ခနဲ နောက်သို့ တွန့်သွားရင်း 'တယ်လေတိုက်တဲ့ အိမ်ပါလား'ဟု မဟာဆွေ၏ ခန္ဓာကိုယ်ကြီးနှင့် ဝေဒနာရပုံပါ ဖျက်ခနဲ ဆင်ခြင်မိသည်။

တိုက်အိမ်ကြီး၏ အိုခြင်း၊ ဟောင်းခြင်း၊ ကာလကြာမြင့်ခြင်း၊ အဆင်းသဏ္ဌာန်သည် အိမ်ရှင်မဲ့၍ ခြောက်သွေ့ ဆိတ်သုဉ်းသွားသော လတ်တလော သဘောကို ဖော်ပြနေပေသည်။

အိမ်ရှေ့ ဝရန်တာ တံခါးပေါက်ကြီးများမှ အိမ်ထဲသို့ ဝင်နေသော အလင်းရောင်သည့် တစ်စက်မှ တောက်ပခြင်း မရှိ။ ဖြူရုံပင် ဖြူလင်းနေလေသည်။

ပြောင်နေအောင် လှည်းကျင်းထား၍ ရှင်းလင်းစွာ ရှိသော လျှာထိုး ကြမ်းပြင်တွင် တောက်ပသော နေရောင်မရ၍ တပြေးတည်း မှိုင်းမှိုန်နေသည်။

တိုက်မိုးနှင့် နံရံတွင် အချို့နေရာများ၌ မူလအရောင်ပင် မပေါ်ဘဲ အကွက်လိုက် အကွက်လိုက် ထနေသော အကွက်ကြီးများမှာ ထင်းထင်းကြီး မည်းနေကြ၏။

အိမ်သည် ကျယ်ဝန်းပြီး လူနည်းနေသလိုပင်၊ အိမ်ခန်းထဲ၌ အိမ်ထောင်ပစ္စည်းဆို၍ လှေကားနားတွင် စာရေးစားပွဲခုံနှင့် ကုလားထိုင်သုံးလေးလုံးသာ ရှိသည်။ အိမ်ပြောင်းလာကာစ ဘာမှ နေရာမချရသေးသလို အိမ်ရှေ့မှ နောက်ဖေးထိ တိုးလျှိုပေါက် ဟောင်းလောင်းကြီး ရှင်းလင်းနေသဖြင့် အခန်းမှာ သူ့ အရှိအတိုင်းထက် ပိုကျယ်ဝန်းသလို ထင်မှတ်ရသည်။

အခန်းထိပ်၌ သင်ဖြူးချောသုံးချပ် ခင်းထားသည်။ ဖျာပေါ်တွင် မဟာဆွေ့ဇနီး သမီးအကြီးနှင့် ဗလစ ဒေါ်သန်းစိန်တို့ ထိုင်နေကြသည်။

စားပွဲနားရှိ ကုလားထိုင်များတွင် လူရွယ်နှစ်ယောက် ထိုင်နေလေသည်။

"အမယ်လေးနော်၊ ဂျာနယ်ကျော်မမလေး ဓာတ်တာနဲ့ မင်းဓာတ်တာနဲ့ အတူတူပဲကွယ်။ မင်းလိုပဲ တစ်ခုတည်း၊ တစ်လတည်း၊ တစ်နေ့တည်း အချိန် နာရီသာ ကွဲတယ်လို့ တပြောတည်းပြောတဲ့ လူကြီးရဲ့။ အခုတော့ မုဆိုးမဖြစ်ချင်းပါ တူပါပေါ့ကလား"





ကျွန်မကို မြင်မြင်ချင်း ဆီး၍ ပရိဒေဝတောက်လောင်သွားကာ ဟစ်အော်ကြွေးတမ်းတလိုက်ပြီးနောက် နဖူးနှင့် ကြမ်းနှင့် ထိအောင် ဝပ်လျက် ချုံးပွဲချ၍ ငိုကြွေးနေပေသည်။

တစ်ခါက စာရေးဆရာ အသင်းတိုက်တွင် မဟာဆွေသည် အစည်းအဝေးအပြီး ကျွန်မနှင့် မျက်နှာချင်းဆိုင် လာရပ်ကာ...

"ဒီမှာ မမလေး၊ ကျုပ်မိန်းမ ဓာတ်တာနဲ့ မမလေး ဓာတ်တာနဲ့ တစ်ပုံတည်းပဲ။ ခုရော၊ လရော၊ နေ့ရော အတူတူပဲ။ နာရီသာ လွဲကြတယ်"

ကျွန်မရှေ့တွင် ဆေးပြင်းလိပ်ညှပ်ထားသော လက်ကို ခါလျက် ပြုံးစိပြုံးစိနှင့် မျက်စိမှေးမှေး ပြောပုံကို သွား၍ မြင်ယောင်မိလိုက်၏။

"သူက ကျုပ်ထက် ဆယ့်ခြောက်နှစ်လောက် ငယ်တယ်၊ သိပ်ထက်တယ်။ ဒီဓာတ်တာမျိုးဟာ ဒီမှာ မမလေး ဒီလိုပဲ ဟဲ... ဟဲ"

မျက်မှန်တွင်းက မှေး၍နေသော မျက်လုံးအစုံနှင့် စူးရှစွာ ကျွန်မကို စိုက်ကြည့်ကာ သူ့အသံတွဲ့တွဲ့နှင့် သဲ့သဲ့ရယ်မောသော အသံသည်လည်း ပြန်၍ကြားမိယောင်ပင်။

သူမသည် ဝပ်ငိုနေရာမှ ထူမတ်လိုက်ကာ 'ဆေးရုံမှာတုန်းကလေ သတိလစ်ပြီး တုံးလုံးကြီး ဖြစ်နေပုံဟာ ဦးချစ်မောင်နဲ့ တူလိုက်တာ။ ကျွန်မ ဦးချစ်မောင်ကို သွားသတိရမိတယ်ရှင် အမယ်လေး ဦးချစ်မောင်လည်း ဆေးရုံမှာ သေရတယ်။ မဟာဆွေလည်း ဆေးရုံမှာ သေပြီ"

သူမသည် ဆုတ်နစ်သောနှလုံးနှင့် ဝမ်းပန်းတနည်း အော်ငိုပြန်သည်။

တစ်အိမ်လုံး ဆိတ်နေကြပေသည်။ အိပ်ခန်းဖွဲ့ကာ ထားသော အခန်းဝက်ရှိ အစိမ်းပွင့် ခန်းဆီးကလေးများသာ လေအလိုက် ယိမ်းလွင့်ကာ လှုပ်ရှားလျက် ရှိသည်။

မိခင်ကို အလယ်က ထား၍ ဘေးနှစ်ဖက်၌ ဒူးတုတ်ထိုင်ကာ တရှုံ့ရှုံ့ငိုနေကြသော သမီးကလေးတွေ။

သူတို့သည် အပျိုဖြန်း အရွယ်ကလေးများ ဖြစ်ကြသည်။ မျက်နှာကလေး ညှိုးဆီးရှုက်လောက်နှင့် မျက်ရည်ပြည့်နေသော မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ကျွန်မတို့ကို ကြည့်ငိုနေသည်။

ထိုအခိုက် ဆရာကြီး မဟာဆွေ၏ သမီးများထက် ငယ်သော ကျောင်းသူကလေးမလေး သုံးယောက် လှေကားမှ တက်လာကြသည်။

"ဂျမ်းဂျမ်းရေ... ဂျမ်းဂျမ်း ချစ်တဲ့ ဦးလေးကြီး မရှိတော့ဘူးကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းဂျမ်းရဲ့ မမတွေမှာလေ ဖေဖေ မရှိတော့ဘူး။ အဖေ မရှိတော့ဘူး”

သူမသည် ကြေကွဲစရာ ကောင်းလောက်အောင် မထိန်းနိုင် မသိမ်းနိုင်သောအသံနှင့် သန်းထန်စွာ ငိုကြွေးလျက် ရှိနေသည်။ သူမ၏ သမီးလေးနှစ်ယောက်သည် ဂျမ်းဂျမ်းတို့ရှေ့တွင် မျက်နှာကို ငုံ့ချထားကြာက ရှိုက်နေကြပေသည်။

ကျွန်မသည် အဖေ မရှိသော ကလေးမလေးများ၏ အဖြစ်ကို ဆင်ခြင်နှလုံးသွင်းနေစဉ် ဝေးလံစွာက လိမ့်လာကြသော လှိုင်းဂယက်တို့သည် ရင်ကိုလာ၍ ပုတ်ခတ်ရိုက်နေသလို ရှိသည်။

ဦးချစ်မောင် အလောင်းကို ဇရပ်ထဲ၌ ပြင်ဆင်ပြီးနောက် အိမ်ကကလေးများ ရောက်လာကြသည်။

ခင်လေးမြင့်မှာ ခြောက်နှစ်အရွယ်ရှိလျက် မောင်ချစ်ရင်နှင့် မိုးဟိန်းမှာ ငါးနှစ် လေးနှစ်သာ ရှိသေးသည်။

သူတို့သည် ဇရပ်သို့ ရောက်ရောက်ချင်း အလောင်းခုတင်ဘေးတွင်ကပ်လျက် သူတို့အဖေကို အထူးအဆန်း ကြည့်ကြသည်။

ကျွန်မမှာ အနားက ပရိသတ်ကို ရှိလို့ ရှိမှန်းပင် သတိမရဘဲ ကလေးသုံးယောက်နှင့် ခုတင်ပေါ်က အလောင်းကို စိမ်းစိမ်းကြီး ကြည့်နေမိသည်။

‘သွား မကိုင်နဲ့လေ၊ ဖေဖေ အိပ်နေတယ်’ဟု ခင်လေးမြင့်က ပြောကာ မောင်ချစ်ရင်၏ လက်ကို လှမ်းပုတ်လိုက်သည်။ မောင်ချစ်ရင်သည် အလောင်း ခြေနှစ်ချောင်းကို တွဲ၍ ချည်ထားသော ကြိုးကို အဆန်းတကြယ် လုပ်ကာ လက်နှင့်ဆွဲ၍ ကြည့်နေသည်။

မိုးဟိန်းမှာ ခေါင်းရင်းဘက်သို့ သွားကပ်လျက် မေးအောက်၌ ခုထား သည့် ခဲကို စမ်းကာ ‘ဖေဖေ ခဲကြီး...ခဲကြီး’ဟု အလောင်း၏ လက်မောင်းကို လှုပ်ကိုင် ပြောနေလေသည်။

ကျွန်မလည်း ကလေးသုံးယောက်နှင့် အလောင်းကို မမြင်ရအောင် မျက်စိကို ကြပ်ကြပ်မှိတ်လျက် အံကို ကြိတ်ထားမိသည်အထိ ရင်ထဲ နာကျင်သွားခဲ့သည်။

အဖေ မရှိတော့ဘူး...ဟူသော အတွေးသည် သူမကဲ့သို့ပင် ကျွန်မလည်း ခံစားခဲ့ရဖူးလေသည်။

အဖေ မရှိတော့ဘူး...ဟူသော အတွေးသည် သူမကဲ့သို့ပင် ကျွန်မလည်း ခံစားခဲ့ရဖူးလေသည်။

ကလေးမလေးနှစ်ယောက်ကို စိုက်ကြည့်နေမိသော ကျွန်မ၏ မျက်





နားကို လွှဲဖယ်လိုက်ကာ နောက်ဖေးဘက်ရှိ ကျွန်မနှင့် တည့်နေသော ပြတင်းပေါက်ကလေးမှ လှမ်းမျှော်၍ မြင်ရသော ဝေးဝေးက မိုးတိမ်ဆီသို့ ရွေ့သွားလိုက်သည်။

ခဲရောင် ထနေသော တိမ်တိုက်တို့သည် မိုးသက်လေနှင့် တလိပ်လိပ် ရွေ့နေပေသည်။

[၂]

“ဒီသမီးလေး နှစ်ယောက်နဲ့ ရှေ့လျှောက် ကျွန်မ ဘယ်လိုနေရမယ် မသိဘူး။ ဘယ်လိုလုကြီးမှန်း မသိဘူး ဒေါ်ဒေါ်ရဲ့။ ဦးကျော်ငြိမ်း မိန်းမ ဒေါ်နွဲ့နွဲ့က ခေါင်းပေါင်းပေးတယ်။ ခေါင်းပေါင်းရတော့လေ သူ့မှာရှိတဲ့ ခေါင်းပေါင်းကို ချက်ချင်း သူများ သွားပေးလိုက်တယ်။ အိမ်မှာ ဖျာသုံးချပ်ပဲ ရှိတယ်။ အဲဒါ ဖျာမရှိတဲ့လူကို ဖျာတစ်ချပ် ဆွဲပေးလိုက်လို့ နှစ်ချပ်ပဲ ရှိတော့သည်။ အဝတ်အစားလည်း အပိုရှိရင် ရှိသလို ပေးလိုက်တာပဲ။ ရေသောက်တဲ့ ဖန်ခွက်ကအစ အပိုနှစ်လုံးရှိရင် တစ်လုံး သူများပေးလိုက်တယ်။ ကျွန်မနဲ့ဆိုတာ ဒီအတွက် တကျက်ကျက်ပါပဲ။ ဘာပစ္စည်းမှ အိမ်မှာအပိုမထားဝံ့ဘူး။ ဘာပစ္စည်းမှ အိမ်မှာ မရှိတာဘဲ ကြည့်ပါတော့။ မနက် ဈေးသွားရင် နေ့တိုင်း ဝက်သားကို ဘယ်သား ဝယ်ချက်ရတယ်။ သူစားတာ နည်းနည်း၊ ဝရန်တာထွက်ပြီး ကျီးတွေကို ဝက်သားခေါ်ကျွေးတယ်၊ ကြမ်းပေါ်မလဲ ကြောင်တွေကို ဝက်သားတုံး တွေ ချကျွေးတယ်။ နေ့တိုင်း ဒီအိမ်မှာ ကျီးတွေက တရုန်းရုန်း ကြောင်တွေက တဝုန်းဝုန်း၊ သူ ဆေးရုံတက်ကတည်းက ကျီးတွေလည်း တစ်ကောင်မှမလာကြတော့ဘူး။ သူ့ကြောင်တွေလည်း တစ်နေ့လုံး ခွေနေ၊ သူ လည်း ဆေးရုံမှာ သေနေ”

အနားက တတွတ်တွတ် ပြောဆိုနေသော အသံများကို နားထဲ၌ ကြားလျက် မဟာဆွေ၏ သဏ္ဌာန်သည် တိမ်ကြားထဲမှ တရေးရေး ပေါ်နေလေသည်။

မဟာဆွေသည် တိုက်ရှေ့မှ ဖြတ်သွားရင်း ကျွန်မကို မြင်၍ ပြုံးနှုတ်ဆက်ကာ တိုက်ထဲသို့ ဝင်လာခဲ့သေးသည်။

စားပွဲတွင် ကျွန်မနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ကာ ‘မမလေး တွေ့ပြီး ပြောရဦးမယ်။ မကြာသေးဘူး၊ လူငယ်များကြီးပွားရေး အသင်းက ထမင်းပွဲမှာ ဆရာဝန်တွေနဲ့ ဆုံမိတယ်။ ဆာမောင်ကြီးရဲ့ သမက်လည်း ပါတယ်။ ...လေးအကြောင်း ပြောနေကြတယ်’



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဤတွင် ဖြတ်လိုက်သည်။ စားပွဲပေါ်က မီးခြစ်ကို လှမ်းကောက်ယူကာ ဆေးလိပ်မီးညှိလျက် မီးခြစ်ဆံမီးကို လှုပ်ကာ ငြိမ်းရင်း 'ပြောရဦးမယ်၊ ဟဲ...ဟဲ...'ဟု ဆိုကာ ဆေးလိပ်ကို ဖွာသောက်လေသည်။

ဆရာပြောမည့်စကားကို စောင့်ဆိုင်းနေရစဉ် ကျွန်မမှာ ဆရာ၏အမူအရာကို သေသေချာချာ ကြည့်နေမိသည်။ ပြည့်ဖြိုးနေသော မျက်နှာကြီးမှာ နီမြန်းနေကာ ခံတွင်းမှ ပုလင်းအနံ့လည်း သင်းနေလေသည်။ နောက်ဆုံ တွေ့ရသောမျက်နှာသည် ယခင့်ယခင်ကထက် မျက်နှာထား ချိုပေသည်။

'ဘာအကြောင်းများလဲ ဆရာ'ဟု ကျွန်မက စကားထောက်လိုက်သည်။

"ဂျာနယ်ကျော်မမလေးရဲ့ ဆေးပညာဆောင်းပါးတွေ ဖတ်ရတာဗျာ၊ ကျုပ်တို့ ဆရာဝန်တွေ ပေါ်ကုန်တာပဲ...တဲ့"

ကျွန်မအား ပြောပြီး သူ့ဟာသူ သဘောကျကာ ခပ်ညက်ညက်ကလေး ရယ်လေ၏။ ကျွန်မလည်း ပြုံးကာ မျက်မှောင်ကုတ်၍ 'ဆရာဝန်တွေကို ပုတ်ခတ်ချင်တဲ့သဘော မရေးဖူးပါဘူး ဆရာ။ ကျွန်မ အတွေ့အကြုံ ကျွန်မ အသိကို ရှင်းလင်းဖော်ပြပြီး ရေးပါတယ်။ ကျွန်မ ဆောင်းပါးတွေကို ဆရာကော ဘယ်လိုသဘောရပါသလဲ...'ဟု ပြောလိုက်မိခဲ့သည်။

"ကြိုက်တယ်။ ကျုပ်က ကြိုက်တယ်။ ဒီမှာ မမလေး မြန်မာဆေးကို ကျုပ် ဘယ်တော့မှ အထင်မသေးဘူး။ ကျုပ် သွေးဝမ်းသွားတုန်းက ဘာနဲ့ ပျောက်တယ် မှတ်သလဲ၊ ကြောင်ပန်းရွက်။ ကြောင်ပန်းရွက်ပြုတ်သောက်တာနဲ့ ပျောက်သွားတယ်...ဟဲ...ဟင်း"

ကျွန်မ ပြုံးနေသည်။

"ကျုပ် ဝေဒနာဖြစ်ရင် မြန်မာဆေးဝါးနဲ့ ကုချင်တဲ့ စိတ်အားသာ တယ်။ မြန်မာဆေးဟာ စွမ်းရင် ဆေးမီးတိုကလေးကအစ တကယ်စွမ်းတယ် နော်။ ကိုယ်တွေ့ ကိုယ်တွေ့"

စကားကို ခပ်လေးလေး ပြောဆိုပြီး ကုလားထိုင်နောက်သို့ မှီကာ ခေါင်းထဲ၌ ရီးတီးရိပ်တိပ် ဖြစ်သလို မျက်စိအနည်းငယ် စင်းလျက် ငြိမ်နေသည်။

"ကျွန်မလည်း အစက ဒီလောက် ထက်မြက်မှန်း မသိပါဘူး ဆရာ၊ အလကား အောက်မေ့တာပဲ။ နောက်မှ"

သူသည် ဆတ်ခနဲ ခေါင်းကို ရှေ့သို့ ဆန့်ထုတ်လိုက်ကာ စူးစမ်းသော မျက်နှာထားနှင့် 'နေပါဦး၊ သည်ပညာလိုက်စားတာ ကြာပြီလား'ဟု ဖြတ် လိုက်သည်။

"သိပ်မကြာသေးပါဘူး ဆရာ။ သူ ဆုံးပြီးမှ သည်ပညာနဲ့ နီးစပ်





ဘယ်။ သူ့ကို ဆေးရုံပို့တုန်းက သတိ အရှင်း မရဘူး ဆရာရဲ့။ လက်တွေ့က လှုပ်နေတာပဲ။ ဆရာဝန်တွေ ကြောရိုးဖောက်ကြည့်ကြတယ်"

"ကြောရိုး ဘာလုပ် ဖောက်တာတုန်း"

"ဦးနှောက်ထဲ သွေးရောက်သလား စမ်းတာ ဆိုလားပဲ၊ မသိပါဘူး ဆရာ။ ဒီလိုနဲ့သတိမေ့ပြီးနောက် မျက်လုံးဖွင့်ပြန်တော့ သေသာသွားရော ကားတစ်ခွန်းမှ မပြောနိုင်ဘူး။ မြန်မာမှာတော့ ဆရာ၊ ရောဂါကျွမ်းနေလို့ သေရမယ့်လူဖြစ်တောင် စကားပြောသွားနိုင်အောင် ညင်ညင်သာသာ အသက် ဆွက်တဲ့နည်း ရှိတယ်"

သူသည် ကုလားထိုင်နောက်သို့ ပြန်မမှီဘဲ စိတ်ပါဝင်စားဟန်ဖြင့် ကြက်နားထောင်နေလေသည်။

"ကိုချစ်မောင် အသေဆိုးသဗျာ။ သတိ လစ် လစ်ချင်း သတိရအောင် ဘယ်လိုလုပ်မလဲ"

"ရေနိုင်နိုင် လောင်းရမှာပေါ့ ဆရာ"

ကျွန်မက ခပ်လွယ်လွယ်ပင် ပြောလိုက်သည်။ ပြောပြီး ကျွန်မအဖြေကို ဘယ်လို သဘောထားသလဲဟု အကဲခတ် ကြည့်မိသည်။

"ဒါ မြန်မာနည်း။ ကြားဖူးတယ်၊ ကြားဖူးတယ် ရေဟာလည်း ဆေး တစ်ပါးပဲ။ ကျုပ်တော့ ရေကို တစ်နေ့ ဆယ့်ခြောက်ခါ ချိုးတာပဲ"

တဖြည်းဖြည်း ထန်ပြင်းလာသော မိုးသက်လေကလေးသည် ဦးနှောက် ထဲတွင် အုပ်ဆိုင်းထားသော "အတိတ်"ကို အချက်ကျ မွှေလှန်ပြပေးနေဘိ သကဲ့သို့ပင်။

[၃]

"ခုတော့ မရှိဘူး၊ သူနဲ့ယှဉ်တာ သဘောမတူလို့ တဆွေတမျိုးလုံးက ကျွန်မကို ပိုင်းပယ်ထားကြလို့ တစ်ကောင်ကြွက်ပါ။ အခုတော့ သူက ကျွန်မတို့ကို ပစ် သွားပါပြီရှင်"

သူမသည် လောလောဆယ် ချစ်လင်နှင့် ကွေကွင်းရသည့် ဒုက္ခဆင်းရဲ သော အဖန်တလဲလဲ ခံစားလျက် ရှိချေသည်။ သူမ၏ ဘဝကို ပူထူနေခိုက် ...သုံး သတိချပ်မိသေးဟန် မတူချေ။

မုဆိုးမ...။

ကျွန်မသည်လည်း ယခင်က လင်သေစတုန်းက သူမကဲ့သို့ပင်သွားပြီ... ...ပြီ...ဟု ဒီစိတ်သာ ထပ်မနား ဖြစ်နေလျက် မုဆိုးမဘဝနှင့် မချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



မိသေး။

တကယ့် မုဆိုးမဘဝနှင့် ရင်ဆိုင်ရသည့် နေ့ကား ကျွန်မ၏ ခင်ပွန်းသည် သေဆုံး၍ တစ်လပြည့်သော ကဆုန်လဆန်း ၂ ရက်နေ့၌ ဖြစ်လေ၏။

တစ်လပြည့်သောနေ့တွင် နံနက်စောစော သင်္ချိုင်းသို့ သွားလေသည်။ ထိုနေ့က ကျွန်မတစ်ယောက်တည်း မဟုတ်ဘဲ ဂုသို့ ဦးစောဦးလည်း ပါလာလေသည်။

ဂုပေါ်တွင် သူနှစ်သက်သော နှင်းဆီပန်းများကို တင်လျက် ဂုကို ဦးချလိုက်ကာ ဂုဘေး၌ တိတ်ဆိတ်စွာ ထိုင်နေမိ၏။ ဂုပေါ်သို့ ပန်းလာတင်သည်မှာ သူ့ကို သတိရသော်စိတ်၊ သတိရသော အထိမ်းအမှတ် အကျုံးဝင်ကာ နှင်းဆီပန်းလာတင်ခြင်းမှ အကြောင်းပြု၍ ဆိတ်ငြိမ်သော နေရာတွင် သတိရစရာတို့သည် တစ်ခုပြီး တစ်ခု တဖွားဖွား ပေါ်လာလေသည်။

သတိရစရာ အကြောင်း များထဲတွင် သူ့မိတ်ဆွေတစ်ဦးသည် အထင်ရှားဆုံး ဖြစ်သည်။ ဤမိတ်ဆွေကို သူသည် ဖွဲ့လမ်းလှသည်။

သူ့မိတ်ဆွေနှင့် သူနှင့် ဖက်လဲတကင်. ရင်းနှီးခင်မင်ကြပုံမျိုး.ကို တစ်ခါမှတော့ မတွေ့မမြင်ခဲ့ရ။

တစ်ယောက်နှင့်တစ်ယောက် တွေ့ကြလျှင် တစ်ခါတစ်ရံလည်း စကားမပြောကြဘဲ ငြိမ်နေကြကာ တစ်ခါတစ်ရံလည်း စကားလက်ဆုံကျနေကြကာ လူချင်းခွဲကြသည့်အခါ၊ သူ့မိတ်ဆွေ တပြန်သွားသည့်အခါ ကျန်ရစ်ခဲ့သော သူ့မျက်နှာသည် အထူးသဖြင့် ကြည်လင်လန်းဆန်းသည်။ မျက်လုံးများတွင် အကြည်ဓာတ်သန်းလျက် ဖိတ်လက်သော အရောင်ထွက်နေကာ စိတ်ချမ်းသာသည့် အသွင်ကို နူးညံ့ညင်သာစွာ တွေ့မြင်ရသည်။

အရေးအကြောင်းကြုံလျှင် ရင်းနှီးခင်မင်ကြသော လူပေါင်းအမြောက်အမြားထဲမှ သူသည် ဤမိတ်ဆွေကို လှစ်ခနဲ တတတ်သည်။

သူ့မိတ်ဆွေကို ဘယ်လိုမြတ်နိုးမှန်း မသိ။ မိတ်ဆွေရှေ့တွင် ဟက်ဟက်ပက်ပက် မလုပ်၊ မြှူလျက် ကွယ်ရာကြမှ ပါးစပ်ဖျားတွင် တသသရှိတတ်သော သူ့အကြောင်းကို ကျွန်မ ကောင်းကောင်းသိခဲ့သည်။

ကျွန်မမှာ ဂုနားကပ်၍ ငြိမ်ထိုင် စဉ်းစားနေရင်း သူ့အကြောင်းကို သူ့မိတ်ဆွေအား ပြောချင်သည်နှင့် သူ့မိတ်ဆွေထံသို့ သွားချင်စိတ် ပေါက်လာလေသည်။ သုသာန်မှ အိမ်သို့ မပြန်ဘဲ သူ့မိတ်ဆွေအိမ်သို့ တန်းသွားလေသည်။

အိမ်ရှေ့တွင် ကားထိုးဆိုက်ကာ ကားပေါ်မှ မဆင်းခင် ဧည့်ခန်းတွင် သူ့မိတ်ဆွေနှင့် ဇနီးကို တွေ့ရသည်။





ခါတိုင်း သူနှင့် ကျွန်မ သည်အိမ်သို့ လာကြလျှင် အိမ်ရှင်ဇနီးမောင်နှံတို့သည် အိမ်ဝက ဆီး၍ ပျူပျူငှာငှာ ဆီးကြိုသည်ချည်း ဖြစ်သည်။

ကျွန်မတို့ ကားပေါ်မှဆင်း၍ အိမ်ဝသို့ အရောက် သူ့မိတ်ဆွေ၏ ဇနီးသည် ကုလားထိုင်မှ ထ၍ ဖြုန်းခနဲ အခန်းထဲသို့ ဝင်သွားလေသည်။

ကျွန်မကို ကြည့်လည်း ကြည့်၍ ကျွန်မ မြင်ရအောင် မျက်နှာအိုအိုနှင့် မျက်နှာချင်း မဆိုင်ချင်သလိုလို လုပ်သွားပုံမှာ တဒင်္ဂ ဖျတ်ခနဲလောက်နှင့်ပင် သိသာလွန်းလှသည်။

သူ့မိတ်ဆွေသည် ခါတိုင်းလိုပင် ပျာပျာသလဲ အိမ်ပေါက်ဝသို့ လာကြိုလေသည်။

ကျွန်မမှာ ဘယ်လိုဖြစ်မှန်းပင် မသိ။ အံ့အားသင့်သွားကာ ကုလားထိုင်ပေါ်၌ ကယောင်ချောက်ချား ဝင်ထိုင်ချလိုက်သည်။ ခြေဖျားလက်ဖျားများမှာ အေးလိုလို အေးစက်လာလျက် ချက်ချင်း ရင်ထဲက နေမကောင်းဖြစ်လာလေသည်။

စကားကို ဟန်မပျက် ပြောဆိုနေရကား သေသူကိုလည်း လုံးလုံးသတိမရတော့ပေ။ ကျွန်မရှေ့၌ရှိသော သူ့မိတ်ဆွေကိုလည်း သုသာန်တုန်းကလို သံပွေ့ချင်စိတ်၊ မြင်ချင်စိတ်ဖြင့် ဟက်ဟက်ပက်ပက်မျိုးလည်း မရှိတော့ပေ။

"ဘာဖြစ်လို့များပါလိမ့်၊ နှုတ်တောင် မဆက်ဘူး၊ ထဝင်သွားတယ်"

အကြောင်းမသိတိုင်၊ ရင်ထဲတွင် လှုပ်ရှားလျက် သူ့ဇနီးဝင်သွားသော အခန်းပေါက်ကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်နေသည်။ ထွက်လာပြီး နှုတ်ဆက်ရန် စိတ်ထဲက တမျှော်တည်းမျှော်လျက်။

ကျွန်မခင်ပွန်း မမာနေခိုက် သူ့မိတ်ဆွေ၏ ဇနီးမှာ မျက်နှာမြင်နေ၍ တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြရဘဲ ရှိခဲ့သည်။ ကျွန်မခင်ပွန်း ဆုံး၍ တစ်လပြည့်သည့် သည်နေ့၊ သည်အိမ်လာခဲ့မှသာ ဇနီး၏ မျက်နှာကို မြင်ရခြင်း ဖြစ်သည်။ မြင်မြင်ချင်း အခန်းထဲသို့ ဝင်သွားပုံကို နားမလည်နိုင်ဘဲ ထွက်လာနိုးနိုး၊ သတင်းမေးနိုး မျှော်ကိုးယောင်မိဖြစ်နေခြင်း ဖြစ်လေသည်။

သူ၏မိတ်ဆွေမှာ ခါတိုင်းလိုပင် ခင်မင် ဖော်ရွေလျက် စကားပြောဆိုနေပေသည်။ သူ့မျက်နှာ၌ ဣန္ဒြေမပျက် ရှိသော်လည်း ကျွန်မပေါ်၌ အားနာခြင်း ဖုံးဖိထားသည့် အသွင်မှာ တစ်ချက်တစ်ချက် ပေါ်ထင်လာလေသည်။

ဤအိမ်အဝင် ၎င်း၏ ဇနီးနှင့် မတွေ့လိုက်ရဘူးဆိုလျှင် ကျွန်မက ခေါ်၍ မေးရပေလိမ့်မည်။ ယခုသော် ကျွန်မကို မြင်မှ သိသိသာသာကြီး ဆွသွားခြင်း ထင်ရှားလှသောကြောင့် ကျွန်မက ဧည့်သည်ဝတ်ကျေအောင် မေးဖို့ရန်ပင် အခြေအနေအရ ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မှာ အခန်းထဲသို့ ဝင်သွားခြင်းကိစ္စကို မသိချင်ယောင်ဆောင်မှ ဖြစ်ကြမည့် အခြေအနေသို့ ဆိုက်ရောက်နေကြသည်။

သူ့မိတ်ဆွေနှင့် ကိုစောဦးတို့ စကားပြောနေကြစဉ် အခန်းပေါက်သို့သာ မျက်စိရစ်ဝဲလျက် တစ်မျိုးတစ်မည်ကြီး ဖြစ်သထက် ဖြစ်လာကာ အမြန်ဆုံး ထပြန်ချင်လာလေသည်။

သူတို့စကားပြတ်အောင် စောင့်၍ ကျွန်မလည်း ထိုင်ရာမှ ထလိုက်ကာ နှုတ်ဆက်လျက် အိမ်ဝသို့ ထွက်လာခဲ့သည်။ အိမ်သို့အပြန် ကိုစောဦးကို အလုပ်တိုက်တွင် ဝင်ချထားခဲ့ကာ အိမ်လည်း မပြန်ချင်၍ ကံဘဲ့ ဒေါ်ဒေါ်အိမ်သို့ တန်းသွားလေသည်။

ဧည့်ခန်းထဲက ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ကိုယ်ကို ခပ်လျောလျော ထိုင်ချလျက် လက်နှစ်ဖက်ကို ရင်ပေါ်၌ ပတ္တာချိတ်ထားကာ ခေါင်းကို နောက်မှီတွင် မှေးလန်တင်၍ မျက်စိမှိတ်ထားလေသည်။

'လှိုင်...ဘာဖြစ်လာသလဲ။ လှိုင် နေမကောင်းဘူးလား'ဟု အခန်းထဲက ထွက်လာသော ဒေါ်ဒေါ်က ပျာပျာသလဲမေး၍ ကျွန်မ ခေါင်းသာရမ်းလိုက်လေသည်။

[၄]

ကျွန်မခင်ပွန်းရှိစဉ်က ကျွန်မကို ခင်မင်သော သူ့မိတ်ဆွေ၏ ဇနီးမျက်နှာအိုအိုကို မျက်စိထဲက ဖျောက်မရနိုင်ကာ မစဉ်းစားတတ်သဖြင့် စိတ်မချမ်းမသာ ဖြစ်နေတော့သည်။

"ဒေါ်ဒေါ် ကျွန်မရင်ထဲမှာ ဘယ်လိုများ ခံစားရမှန်း မသိပါဘူး။ ကျွန်မ သူတို့အိမ်ရောက်သွားတော့လေ"

"ဖြစ်သမျှအကြောင်းကို ဒေါ်ဒေါ်အား ဖွင့်ပြောပြလိုက်မှ ရင်ထဲတွင် အတန်ငယ် ပေါ့သွားသည်။

ဒေါ်ဒေါ်သည် ရင်ကို လက်နှင့် ဖိကာ မျက်ခုံးကို အထက်သို့ ပင့်၍ 'အောင်မယ်လေး၊ ဖြစ်မှ ဖြစ်ရလေ'ဟု ဆိုလေသည်။

ချက်ချင်းပင် မျက်ရည်များ စီးကျလာလျက် ကုလားထိုင်ပေါ်သို့ ခြေကို မတင်လိုက်ကာ ကြုံ့ကြုံ့ကလေး ခွေပြင်မှီထိုင်ပြီးနောက် ကျွန်မအား တစ်ခွန်းမှ ဆက်မပြောတော့ဘဲ နှုတ်ခမ်းကို စေ့၍ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျနေလေသည်။

ဒေါ်ဒေါ် စိတ်မချမ်းမသာ ဖြစ်နေပုံကို မြင်ရ၍ စိတ်ပြောင်းသွားကာ





ဒေါ်ဒေါ်ကို တစိမ့်စိမ့် ကြည့်မိသည်။ ဒေါ်ဒေါ်မှာ မျက်ရည်တွေ တတွေတွေစီးကျလျက် တငင်ငင် ရှိုက်နေသည်။

ကျွန်မနှင့် ဒေါ်ဒေါ်မှာ သွေးသား တစ်စက်မှ မတော်စပ်ဘဲနှင့် ခုလောက် ဝမ်းနည်းပန်းနည်း ဖြစ်နေပုံကို တွေ့ရ၍ ချစ်ခင်စိတ် ပိုတိုးသွားကာ မျက်ရည်များပင် လည်၍ လာသည်။

"ဒေါ်ဒေါ် မခံနိုင်ဘူး...ဒေါ်ဒေါ် ပြောဦးမယ်"

သူ့မိတ်ဆွေမှာ ဒေါ်ဒေါ်နှင့်လည်း ရင်းနှီးခင်မင်သူဖြစ်၍ ပြောမည်ဆိုသည်ကို စိတ်ထဲက သဘောမကျပေ။

'ပြောမနေပါနဲ့တော့ ဒေါ်ဒေါ်၊ ကျွန်မဖြစ်တာကို အံ့သြလွန်းလို့ ပြောပြတာပါ။ ကျွန်မဖြစ်ပုံက စိတ်ဆိုးတာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး။ တစ်ကိုယ်လုံး ထုံသွားတာပဲ။ အဲဒါ ဘာဖြစ်လို့လဲ ဒေါ်ဒေါ်ရယ်' ဒေါ်ဒေါ်သည် မပြောချင်သကဲ့သို့ တိုး၍သာ ရှိုက်နေပြီးမှ 'လှိုင့်ကို ဒေါ်ဒေါ် သနားလိုက်တာ'ဟု ပြောလိုက်သည်။

'ဘာဖြစ်လို့လဲ ဒေါ်ဒေါ်'ဟု ကျွန်မက ကောက်မေးလိုက်သည်။ ဒေါ်ဒေါ်သည် အဖြေမပေးဘဲ မျက်ရည်များ ထွန်းအိုင်ကာ ရှိုက်နေတော့သည်။

"မုဆိုးမဘဝဟာ ဒီလိုပဲ"

ကျွန်မတို့အနားတွင် လာထိုင်နေသော ဒေါ်ဒေါ်၏ အစ်မကြီးကြီးညွန့်က ဝင်ပြော၍ ကျွန်မမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"မုဆိုးမဖြစ်တာနဲ့ ဘာဆိုင်သလဲ ကြီးကြီးရယ်"

ကြီးကြီးညွန့်သည် ငြိမ်နေပြန်သည်။ ကျွန်မလည်း ဒေါ်ဒေါ်ကြည့်လိုက်၊ ကြီးကြီးညွန့် ကြည့်လိုက်နှင့် စိတ်ထဲတွင် မရှင်းမလင်း မချင့်မရဲနှင့် ဖြစ်နေသည်။

'တူမက မုဆိုးမဖြစ်တာ မနေ့တစ်နေ့က ရှိသေးတော့ မုဆိုးမအကြောင်း သေနဏ သိဦးမယ် မဟုတ်ဘူး။ ကြီးကြီးက ငယ်ငယ် တူမအရွယ်က မုဆိုးမဖြစ်လာတော့ မုဆိုးမအကြောင်းကို ကောင်းကောင်းသိခဲ့တယ်။

"အသက်ကြီးမှ မုဆိုးမဖြစ်ရတာက တော်သေးတယ်၊ အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရတာ အဆိုးဝါးဆုံးပဲ"

"အသက်ငယ်တော့ ဘယ်လိုဖြစ်မှာမို့လဲ ကြီးကြီးရယ်"

ကျွန်မမှာ အလန့်တကြားပင် ကျယ်ကျယ်ကြီး မေးမိသည်။ ကျွန်မကို ကြည့်နေသော ကြီးကြီးညွန့်၏ မျက်လုံးတွင် ကြည့်ရင်းကြည့်ရင်း မျက်ရည်များ ဝဲလာသလို မျက်ရည်ရောင် တောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တူမရယ်၊ သိမ်ငယ်တာပေါ့"

"သိမ်ငယ်တယ်…ဘယ်လို သိမ်ငယ်တာလဲ…ဟင်…ကြီးကြီး"

"လင်သေလို့ ပူဆွေးဒုက္ခရောက်တာ မဟုတ်သေးဘူး။ လင်မရှိဖြစ်နေတာလည်း ဒုက္ခရောက်ဦးမှာပဲ။ လင်ထပ်မယူမချင်း ဒါမှမဟုတ်ရင်လည်း အရွယ်မကုန်မချင်း မုဆိုးမ လုပ်နေရတာလောက် ဆိုးဝါးတာ မရှိပါဘူး။ အနေကျပ် အထိုင်ကျပ် လူတကာ ရှိုးမယ်၊ လက်ညှိုးထိုးမယ့်ဘဝ။ လူမလေးခွေးမခန့် ဘဝမို့ သိမ်ငယ်တာပေါ့"

ကျွန်မမှာ တော်တော်ကြီး နားကြားပြင်းကတ်သွားသည်။ လူမလေးခွေးမခန့်ဆိုသော စကားကို မသတိစရာ တစ်ခုခုနှင့် တို့ထိလိုက်ရသလို ထိတွေ့ ခံစားလိုက်ရသည်။

ဤက အစပျိုး၍ ကျွန်မသည် မုဆိုးမကြီးတစ်ဦး၏ ရှေ့မှောက်တွင် မုဆိုးမတရားကို စိတ်နှလုံး နောက်ကျိစရာ ကောင်းလောင်အောင် ထိုင်ကြားနာရလေတော့၏။

"ကြီးကြီးရဲ့ သူငယ်ချင်းတစ်ယောက်ဟာလည်း မုဆိုးမပဲ။ သိပ်သဘောကောင်းရှာတယ်။ သူ့လင်သေသွားတော့ သူ့လင်ရှိကတည်းက ခင်မင်နေတဲ့ ယောကျ်ားမိတ်ဆွေတစ်ယောက် သူ့အိမ် ဝင်လို့၊ ထွက်လို့ နေတယ်။ ဒီလူ ဝင်ထွက်ပုံက နေ့စဉ်နှင့်အမျှဆိုတော့ အရပ်က မြင်လာတယ်။ ဒီလူ့စိတ်ထဲမှာ ရှိုးချင်လည်း ရှိုးမယ်။ မရှိုးချင်လည်း မရှိုး ရှိမယ်။ ကြီးကြီးသူငယ်ချင်းကတော့ ရှိုးရှိုးခင်မင်တာပဲ။ သူ့ဆီ ဝင်ထွက် သွားလာနေတာကို အရပ်ကပြောကြတာ သူလည်း သိတယ်။ ဒါပေမဲ့ ဒီလူ လာနေတာကို မလာဖို့ရာလည်း သူ မပြောဘူး။ အရပ်က တောင်ထင် မြောက်ထင် မထင်အောင် သူလာရင် အတွေ့မခံဘဲ ရှောင်လည်း မနေဘူး။ ဒီလိုပဲ နေတာပဲ။ ဒီလိုနဲ့ အရပ်က သမုတ်ရုံတင် မဟုတ်ဘူး၊ အကျည်းတန်လောက်အောင် ပြောလာကြတော့ သူခမျာ ကြာတော့ မျက်နှာပူလာပြီး နောက်ဆုံး မယူချင်ဘဲနဲ့ ရက်ပြီး ယူလိုက်ရရှာတယ်"

ဤအဖြစ်ကို ကြားနာရသမျှ သုံးသပ်ဝေဖန်၍ နားထောင်နေကာ စိတ်ထဲရှိတာ ပြန်ပြောလိုက်မိ၏။

"လွတ်လပ်တဲ့ မိန်းမတစ်ဦးဆီကို ယောကျ်ားတစ်ယောက် ဝင်ထွက်သွားလာနေတာ၊ အရပ်က ပြောမယ်ဆိုတာ၊ ပြောမယ်ဆိုလည်း ပြောစရာပဲ။ ဒီလိုသမုတ်ကြလို့ ရက်ရတယ် ဆိုတာလည်း ရက်စရာပဲ။ ကိုယ်မဟုတ်ရင်ပြီးရောလို့ မိန်းမအနေနဲ့ သဘောထားလို့ မဖြစ်ဘူး။ ရက်ရမှာပဲ။ မလာပါနဲ့





…ပြောလို့ မထွက်လို့ မပိတ်ပင်ဘဲ နေတဲ့အတွက် သူ့အရှက်သူခွဲဖို့ပဲ။ ဒါပေမဲ့ မယူချင်ဘဲနဲ့ ယူလိုက်ရတယ် ဆိုတာတော့ ကျွန်မ အထင် မမှန်ဘူးထင်တယ်"

"ဘယ့်နှယ် မမှန်ရမှာလဲ၊ ကြီးကြီး အသိ။ ရှက်လို့ ယူရတာ အမှန်"

မယူချင်ဘဲနှင့် ယူရသည့် အဖြစ်မျိုးကို သူများဖြစ်တာလည်း မယုံနိုင်၊ ကိုယ်လည်း သည်အဖြစ်မျိုး မဖြစ်နိုင်၍…

"မယူချင်ဘဲနဲ့တော့ ဘယ်လိုပြောနေနေ၊ ပြောလို့ ရှက်ရင်သာ ရှက်ရမယ်။ ကိုယ်မယူချင်တာ ဘာဖြစ်လို့ ယူရမှာလဲ မဟုတ်တာ"

ကျွန်မမှာ ကိုယ့်စိတ်နှင့် မတွေ့တိုင်း ကိုယ့်ဘာသာကိုယ် ခေါင်းခါကာ အဆုံး အဖြတ် ပေးနေမိလေသည်။

"အလို…ယူလည်း မယူဘူး၊ ပိတ်လည်း မပိတ်ပင်ဘူးဆိုရင် သူများမျက်စိထဲမှာ ကြာတော့ ဒီမိန်းမဟာ အပေါစား ဖြစ်သွားမှာပေါ့။ မိန်းမဆိုတာ အရှက်နဲ့ လူလုပ်တာ၊ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး။ ရှက်လွန်းလို့ မျက်စိမှိတ်ပြီး ခွတ်ယူရတာ"

ကျွန်မလည်း 'သြော်…ဖြစ်မှ ဖြစ်ရလေ'ဟု စိတ်ထဲက ညည်းဆိုကာ နှလုံးမသာ ဖြစ်မိသည်။

နောက်တုန်းက မုဆိုးမတရားကို မိန်းမပိုင်းတွင် ကြားဖူးနားဝရှိခဲ့၏။ ယခုက ကိုယ်နှင့်မဆိုင်သလို သာမန်ကာလျှံကာ နားထောင်လိုက်သည်။ ယခုမှပင် ပြောသူကလည်း စိတ်ရှိလက်ရှိ အမြင်မပြတ် ပြောလျက်၊ နားထောင်သူကလည်း စိတ်ပါလက်ပါ ဖြစ်နေမှန်းကို အထူး သတိထားမိသည်။

"ငယ်ငယ်ရွယ်ရွယ်မှာ မုဆိုးမဖြစ်ရင် မိဘနှစ်ပါးရှိရင် တော်ပါရဲ့။ လင်အရိပ်က မိဘအရိပ်ကို ပြန်ခိုလှုံပြီး လင်ရှိတုန်းကလို အိမ်ထဲမှာပဲ နေရတယ်ဆိုရင်တော့ မိဘအရှိန်အဝါနဲ့ လူများ မစော်ကားနိုင်ဘူး။ အားကိုးရာမဲ့ တစ်ယောက်တည်း ကိုယ်ရှာမှ ကိုယ်စားရမယ့် ယောကျ်ားများလို အိမ်ပြင်ထွက်ရတဲ့ ဘဝမျိုး ရောက်ရင်တော့ နေရာတကာမှာ မတင့်တယ်လို့ ရင်လေးရောပဲ။ လင်မရှိတဲ့ မိန်းမရယ်လို့ ယောကျ်ားက ရှိသေမယ်မထင်နဲ့။ ယောကျ်ားမှုပြီးသား ဆိုပြီးတော့ အရိုအသေတန်တယ်။ စော်ကားချင်တယ်။ မလေးမခန့်ပြောချင် လုပ်ချင်တယ်။ ဒါကြောင့် လူမလေး ခွေးမခန့် ပုံနှိုင်းတာ"

မုဆိုးမဘဝ အရိုအသေတန်တယ်၊ သိမ်ငယ်တယ်ဆိုသော စကားကို ကြီးကြီးညွှန့် ထပ်ရှင်ပြောလိုက်မှပင် တဖြည်းဖြည်း သိမြင်ကာ အမိပ္ပာယ်ရှင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ငိုသော ဒေါ်ဒေါ်သည် မျက်ရည်ကို သုတ်လျက် 'ယောကျ်ားတွေနဲ့ ကင်းကင်းနေနိုင်မှ တော်ကာကျမယ့် ဘပေါ လှိုင်ရယ်'ဟု ဆိုကာ လေးလံစွာ ကုလားထိုင်မှ ထသွားကာ ခုတင်ပေါ်တွင် သွားလှဲလေသည်။

ကျွန်မလည်း နှုတ်ဆိတ်လျက် မုဆိုးမများနှင့် ကိုယ်နှင့် နှိုင်းကာ စဉ်းစားချင်တိုင်း စဉ်းစားနေမိသည်။

"လင်သေပြီး ဖီးကာလိမ်းကာ ဝတ်ကာစားကာ နေပြန်ရင်လည်း နောက်လင် လိုချင်တယ်လို့ ကဲ့ရဲ့ခံရဦးမယ်"

ကျွန်မမှာ စိုက်စဉ်းစားလျက် ရှိရာမှ ကြီးကြီးညွန့်မျက်နှာကို အံ့အားသင့်စွာ လှည့်ကြည့်လိုက်သည်။ ကြီးကြီးညွန့်သည် ခပ်မှုံမှုံ ပြန်၍ ပြုံးပြနေသည်။

ကြီးကြီးညွန့်မှာ အသက်ခြောက်ဆယ်ကျော်၍ နေပေပြီ။ အသက်ခြောက်ဆယ်နေသော ကြီးကြီးညွန့်ကို ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း ဖီးလိမ်းဝတ်စားထားတာသာ တွေ့ရမည်။ အချို့အပျိုလေး အရွယ်လေးများပင် လုချင်လျက်နှင့် ကိုယ့်ကိုယ်ကို ကြီးကြီးညွန့်လို ဖီးလိမ်းပြုပြင်နေတတ်ကြမည် မဟုတ်ပေ။

ခေါင်းကို သွားစရာ လာစရာရှိ၍ ဖီးထားသလို ကြော့နေအောင် ဖီးသင်ထားသည်။ ဥပုသ်စောင့်သည့် နေ့၌သာ မျက်နှာပြောင်နေလျက် မိုးလင်း၍ မျက်နှာသစ်ပြီးတာနှင့် သနပ်ခါးကို ပါးပေါ် အရင်တင်လိုက်သည်။ ဖုန်ညီနေအောင် မှုန်မှုန်လိမ်းခြယ်ကာ မျက်ခုံးမွေးကို တင်ထားသလို ဆွဲထားသည်။ ဆံစကို သွားပွတ်တံနှင့် သပ်တင်၍ မဟာနဖူး ဖော်ထားသည်။ ဖီးလိမ်းနေသည့်အခါ စိတ်ရှည်လက်ရှည်နှင့် သေသေသပ်သပ်ရှိလှ၍ မိန်းမချင်း နည်းယူ အတုခိုးစရာပင် ကောင်းအောင် မိန်းမ ပီသသည်။ သေချာသည်။ အင်္ကျီကို ခါါချ ခေါက်ရိုးမကြေအောင် ဝတ်ကာ လုံချည်ဆိုလျှင် သူ့မျက်စိထဲ နှစ်သက်သလို အရောင်မရွေးဘဲ အဆင်ပြေပြေ ယဉ်ယဉ်ကလေး ဝတ်ထားသည်။ ဖီးဖီးလိမ်းလိမ်း နေတတ်ထိုင်တတ်သည့် အကျင့်မှာ သေမှပင် ရပ်မည့် လက္ခဏာ ရှိသည်။

ကြီးကြီးညွန့်သည် ကျွန်မအရွယ် အသက်နှစ်ဆယ့်ရှစ်နှစ်တွင် မုဆိုးမဖြစ်ခဲ့သည်ဆို၍ အသက် ၂၈ နှစ်အရွယ်မှ ယခု အသက် ခြောက်ဆယ်ကျော်မရောက်ခင် ဘယ်နှစ်နှစ်ထိအောင် ဖီးကာလိမ်းကာ နေခဲ့၍ နောက်လင်လိုချင်တယ်လို့ အကဲ့ရဲ့ ခံခဲ့ရမလဲဟု နှစ်ပိုင်းကို ချင့်၍ မှန်း၍ တွေးဆကြည့်လိုက်မိသည်။

'ဒီလိုသာ ဖီးလို့ လိမ်းလို့ လင်လိုချင်တယ် အကဲ့ရဲ့ခံရမယ်ဆိုရင် အကြပ်သားပဲ'ဟု အောက်မေ့မိကာ နားမသက်သာ၊ စိတ်မသက်သာ ဖြစ်လာ





သည်။

"လင်မရှိလို့ ကိုယ်သာ မျက်နှာငယ်တယ်၊ သိမ်ငယ်တယ် မထင်နဲ့၊ သားသမီး ကျွန်ရစ်ရင်လည်း အဲဒီသားသမီးပါ လိုက်ပြီး ခိုက်တာ။ ဇနကမင်းကြည့်ပါလား၊ ကလေးချင်း ရန်ဖြစ်ရင် မုဆိုးမသားလို့ အဆိုခံရတယ်၊ အနှိမ်ခံရတယ်၊ သားသမီးပါ ခိုက်တာ"

ကျွန်မသည် တစ်ထိုင်တည်း မုဆိုးမအဖြစ်ကို တမြေ့မြေ့ ခံစားရလျက် နောက်ဖြစ်လာမည့် အနာဂတ်သွားရမည့် ခရီးကြီးသည် စိတ်ထဲတွင် အိုက်သွားအောင်ပင် ဖြောင့်ဖြောင့်ဖြူးဖြူး မရှိ၍ စိတ်မကောင်းစွာဖြင့် မုဆိုးမ သက်ပြင်းချခြင်း ချနေပေပြီ။

ကျွန်မ မျက်နှာမသာဖြစ်နေသလိုပင် ငယ်ရွယ်သော မုဆိုးမကလေး၏ ရေးကို ပြေးမြင်သည့်အနေနှင့် ကိုယ်ချင်းစာနာကာ မျက်နှာမသာပြောဆိုနေလေသည်။

"ကုန်ကုန်ပြောမယ် တူမရယ်။ စားတုံးရင်တောင် မုဆိုးမအိမ်က စားနေတာပဲလို့ စကားသုံးနှုန်းတာသာ ကြည့်တော့၊ မုဆိုးမဆိုရင် ပက်ပက်စက်စက် ပစ်ရအောင် ချိုးနှိမ် ပြောချင်ကြတာ"

ဒါလောက် သေးသိမ်ရသလားဟု မုဆိုးမဘဝကို တစိမ့်စိမ့် နာကြည်းခြင်းအား ခံနိုင်ခြင်းရှိအောင် နှုတ်ခမ်းကို ကိုက်ထားလျက် မသိချင် မကြားချင်လှလှဖြင့် စိတ်ပင်ပန်းလာတော့သည်။

ကြီးကြီးညွန့်၏ အတွေ့အကြုံများခဲ့သော ရင့်ကျက်နေသည့် မျက်နှာသည် တဖြည်းဖြည်း လျော့ပြေကာ ပြုံးချင်တိုင်း ပြုံးထားလျက်...

"ပွဲထဲက လူပြက်ပြောတာ သတိရတော့တယ်။ ငါတော့ ဟေ့ မုဆိုးမက ဆိပုလင်းဖြစ်ရမှာ အကြောက်ဆုံးပဲကွယ့် ဆိုတော့ တစ်ယောက်က ဘာဖြစ်လို့လဲကွလို့ ပြန်မေးတယ်။ သူ့အဖြေက မူးလွန်းလို့ကွာတဲ့။ မုဆိုးမ ပုလင်းဖြစ်တာနဲ့ ဘာဖြစ်လို့ မူးရမှာလဲကွလို့ ပြန်မေးတော့ ဟာကွာ ဟင်းသည် ဆီခတ်မယ်ကြံရင် ပုလင်းဝကို လက်နဲ့ပိတ်ပြီး ချာချာပတ်ချာ လှည့်ပြီး ဝေ့နေတာ မူးရော့ပေါ့ကွတဲ့။ ကြည့်စမ်း တူမ၊ လင်စုံ မယားဖက်က ပုလင်းဝ လက်ပိတ်ပြီး ဝေ့ခတ်တာ ရှိချင်လည်း ရှိမှာပဲ။ ဒါပေမဲ့ မုဆိုးမမှ ချိုးချိုးဖဲ့ဖဲ့ ပြောကောင်းတာကိုး"

မုဆိုးမဘဝ တင်စား၍ သရော်သောအဖြစ်ကို ယခင်ကသာ ကြားရလျှင် ကိုယ်နှင့် မဆိုင်သလို ရယ်မိကောင်း ရယ်မိပေမည်။ ကိုယ့်ကိုယ်ကို ပြန်ဖြစ်မှ မရယ်မပြုံးနိုင်ဘဲ သရော်ချက်သည် နားထဲတွင် ကန့်လန့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

ကြီးကြီးညွန့်သည် မုဆိုးမဘဝကို သည်မျှလောက်သာ အရိပ်အမြွက် လှျောက်ပြောပြကာ နေရာမှ ထသွားလေသည်။ အရိပ်ပြသွားသော ဘဝကို အကောင်ထင်အောင် တစ်ယောက်တည်း ထိုင်၍ တွေးတောနေလေသည်။

ယောကျ်ားဆုံးစ မုဆိုးမ ဘဝကို သာမန်လောက်သာ တွေးမိသည်။ ယနေ့ တစ်လပြည့်မှပင် အပျို၊ အအို၊ တစ်ခုလပ်၊ မုဆိုးမ စသည့် မိန်းမဘဝ တွင် ဘယ်အစိတ်အပိုင်းထဲ ရောက်နေမှန်း ထိထိရောက်ရောက် သုံးသပ်မိ သည်။

စိတ်ထဲတွင် ကိုယ့်ကိုယ်ကို မုဆိုးမဟု ခေါ်ကြည့်သည်။ စိတ်ထဲ၌ 'မုဆိုးမ'ဆိုရမှာကို မနှစ်သက်ချင်။

ကိုယ့်ကိုယ်ကို မုဆိုးမအဖြစ်နှင့် ကြီးကြီးညွန့် ပြောသော မုဆိုးမဘဝနှင့် ရောဘက်အပ်စပ်ပြီး ကြည့်လိုက်မိသည်။ 'မုဆိုးမ'ဟု မှတ်ပုံတင်၍ ဆန်းစစ် ကြည့်လိုက်သည့်အခါ...

လင်မရှိ၍ တင့်တယ်အောင် အိမ်ထဲတွင် မိဘအရိပ်ကို ဝင်ခိုလှုံစရာ လည်း မိဘမရှိ။ ကလေးသုံးယောက်နှင့် ညီအစ်ကို မောင်နှမများ၏ အရိပ်ထဲ သွားခိုလှုံကာ တင့်တယ်အောင် နေစရာလည်း မဖြစ်နိုင်ပေ။ သူများ အကဲရဲ့ မခံရအောင် ဖီးကာလိမ်းကာ မနေဘဲ နေသွားဖို့ရာ သည်အချက်လည်း ကိုယ် နှင့် မဖြစ်။ ယောကျ်ားများနှင့် ကင်းကင်းနေရအောင်လည်း လက်ရှိဆက်လုပ် နေသော လုပ်ငန်းတွင် ယောကျ်ားပရိသတ် လူပေါင်းငါးဆယ်လောက်ရှိက မိန်းမဆို၍ ကိုယ်တစ်ယောက်တည်း ဖြစ်လေ၏။ ယောကျ်ားမရှိ၍ အနေချို့ ငဲ့၊ အစားချို့ငဲ့၊ အဝတ်ချို့ငဲ့ မဖြစ်အောင် ကြောက်ကြောက်နှင့် အသုံးအ အနေအထိုင် အစစ ခြစ်ခြုပ်ပြီး နေရမည့် ကုပ်ကုပ်စ ဘမျိုးသို့လည်း မရော လို။

ကျွန်မသည် ကိုယ့်ဘဝကိုယ် ဆန်းစစ်လျက် ကြီးကြီးညွန့်ပြောသော မုဆိုးမဘဝမျိုးမှ လွတ်အောင် ရုန်းထွက်ကြည့်မိလေသည်။

လူမလေး ခွေးမခန့် သိမ်ငယ်သော မုဆိုးမဟု ဆိုကြသော ဘဝမျိုး ရောက်နေရသော မုဆိုးမတစ်ယောက် ဖြစ်လင့်ကစား...

"မုဆိုးမဟု မထေမဲ့မြင် မလေးမခန့် မရှိကြပါစေနဲ့၊ စော်ကားမော်ကား လည်း မခံရပါစေနဲ့ လူတကာ့မျက်စိမှာ မုဆိုးမအဖြစ် ထူးခြား မမြင်ကြ ဘဝလမ်းကြောင်းမှာ အတူသွားဖော်သွားဖက် ပြုတ်သွားလို့ တစ်ယောက်တည်း ဆက်သွားနေရတဲ့ မိန်းမတစ်ဦး၊ သူ့ဘာသာသူ နေရတဲ့ မိန်းမတစ်ဦး၊ လူ



www.burmeseclassic.com



က လူတစ်ယောက်လို မြင်ကြပါစေ။ သဘောထားကြပါစေ။ အဟော်ရှိရှိ မရှိရှိ ဒီမြေပေါ်မှာ မသေခင် နေသွားသမျှ ကာလပတ်လုံး အမျိုးသမီးများနဲ့လည်း ခင်မင်ပါရစေ။ အမျိုးသားများနဲ့လည်း ခင်မင်ပါရစေ"

ကြီးကြီးညွန့် ပြောသော မုဆိုးမဘဝမှ ရုန်းထွက်ကာ စိတ်ထဲ၌ ဆောင်ယမ်း ပန်ကြားနေမိသည်။

အချိန် အကြာရှည်ကြီး ကုလားထိုင်ပေါ်တွင် ထိုင်ကာ တွေးနေသော အတွေးများမှာ တစ်ခုက တစ်ခု ပန်းဖောက်သွားလေပြီး နောက်ဆုံး သတိထား မိသည်မှာ ခေါင်းထဲက အုံလာခြင်း ဖြစ်သည်။

[၅]

ကျွန်မရှေ့တွင် မဟာဆွေ့ဇနီးသည် ငိုကြွေးနေခြင်းကို သက်သာရာ ရစေတော့ ဟု ဘယ်လို ဖျောင်းဖျ နှစ်သိမ့်ရမှန်း အစရှာမရ၍ သူမကို မကြည့်ရက်ဘဲ သင်ဖြူးဖျာကို လက်နှင့် ပွတ်လျက် ငုံ့နေရသည်။

သူမမှာ အသည်းဆိုင်ကြား၌ မီးဖိုထားသလို ကျွမ်းလုခမန်းလောင်မြိုက် နေပေသည်။ ပရိဒေဝ မီးတောင့်မှာ ငြိမ်းအေးသည်မရှိ၊ လှူးလိမ့် ငိုကြွေး၍ နေသတည်း။

ကျွန်မမှာ သူကဲ့သို့ပင် ကွေကွင်းခဲ့ရသော ဒုက္ခနှင့် ကြုံခဲ့ရသော်လည်း သူမထက် သက်သာ၊ ခံသာခြင်း ရခဲ့ရသည်။ ကျွန်မ ခံသာရာ ရခဲ့နည်းတူ သူမ၏ အပူကို ခံသာ၊ သက်သာရာ ရစေသချင်မိသည်။

သည်အပူမျိုးမှာ သူများ တရားချ၍ မရ၊ ကိုယ့်တရားကိုယ်ရမှသာလျှင် ခံသာရာ ရပေ၏။

ကျွန်မခင်ပွန်း အသက်မထွက်ခင် အသက်ထွက်တော့မည့် အရိပ် လက္ခဏာများကို တစ်ခုစီ မျက်ဝါးထင်ထင် ရှုမြင်ခဲ့ရသဖြင့် ကျွန်မအဖို့တွင် ဆောင်ခြင်းကို ရပ်တည်ရာ ရစေခဲ့သည်။

"သေခါနီးနေပြီ...သေတော့မယ် ငါလည်း တစ်နေ့ ဒီလိုပဲ သေရမှာပါ လား"

သူ မသေခင် စိုက်ကြည့်လျက် ဤသို့ ထပ်တလဲလဲသွား နှလုံးသွင်း ခြင်း အသက်ထွက်တာနှင့် တစ်ချက်တည်း ကျွန်မ တစ်မျိုး ဖြစ်သွားသည်။ သိဉာဏ် သံဝေဂဖြင့် ထိတ်လန့်သွားခြင်းမှာ ရပ်ကို တစ်မျိုး ပြောင်းလဲ သည်။

ထိုစဉ်က ဒေါက်တာလုရွှေမှာ ကျွန်မကို ဆရာဝန်မျက်စိနှင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျက် 'ငိုင်မနေနဲ့လေ၊ ငိုလိုက်ပါ။ ဒီလို မြို့နေတာ ထိခိုက်လိမ့်မယ်။ ငိုလေ...ငိုပါ'ဟု အတင်း ငိုခိုင်းနေသည်။ ကျွန်မ မငို၍ ကျွန်မကို သူတို့ အိပ်ခန်းထဲ အတင်းခေါ်သွားပြီး အိပ်ရာပေါ်၌ လှဲခိုင်းသည်။

ဒေါက်တာလှရွှေ၏ ဇနီး မခင်ရီမှာ ကျွန်မကို မပူလောင်အောင် အားပေးရမည့်အစား စိုးရိမ်ခြင်းဖြင့် ငိုခိုင်းနေရသည်။ ကျွန်မ လှဲနေသော ခုတင်ဘေးတွင် ကပ်၍ လင်မယားနှစ်ယောက်စလုံး ဒူးထောက်လျက် ကျွန်မကို ယုယုယယ ကိုင်ထားကြကာ ငိုဖို့ရာ တဖွဖွ ပြောနေကြစဉ် ကျွန်မမှာ လင်မယားနှစ်ယောက်ကို စင်းစင်းကြည့်လျက် ငိုင်နေလေသည်။ သေကြေမှာပါကလား ဟူသော အသိတရား ယှဉ်တွဲလွှမ်းမိုး အုပ်စိုးနေသည့်အခိုက် မငိုနိုင်အောင် ဖြစ်ဖူးခဲ့သည်။

မဟာဆွေ၏ ဇနီးမှာ စိတ်ထဲက မချိတိုင်း ပါးစပ်က တတွတ်တွတ်တမ်းတ ပူဆွေးလျက်ရှိရာ ကျွန်မမှာ နှုတ်က သက်သာရာရအောင် မဖျောင်းဖျသော်လည်း စိတ်ထဲ၌ကား အတိုင်းမသိ သနားမိသည်။

မဟာဆွေ ကွယ်လွန်သွားပြီးနောက် သူမ၏ နေရေး၊ ထိုင်ရေးတွေ ဖြောင်းဖြောင့်ဖြူးဖြူးမှ ရှိပါ့မလားဟုလည်း ပူပင်မိသည်။

မုဆိုးမဘဝသည် မည်ကဲ့သို့ပင် စွမ်းအားတင် ဦးဆောင်နိုင်စေကာမူ လင်ရှိသော မိန်းမများလောက် ကြက်သရေ မရှိပေ။

ကြာမရှိသော ကန်၊ အလံမရှိသော ရထား၊ လင်မရှိသော မိန်းမ မတင့် တယ်ကြောင်း ဆိုရိုးစကား ရှိသည့်အတိုင်းပင်။

ဒေါက်တာလှရွှေ ကွယ်လွန်သွား၍ ရက်လည်ဆွမ်းကျွေးသည့် နေ့တုန်းက ကျွန်မလည်း မခင်ရီနားတွင် ထိုင်နေကာ ကြွရောက်လာကြသော ပရိသတ်ကို ငေးနေမိသည်။

သိကျွမ်းခင်မင်သော ပရိသတ်ထဲတွင် စုံတွဲလာကြသော မိန်းမများ၏ ရွှန်းနေသော ကြက်သရေကို တွေ့မြင်မိသည်။ ကန်ထဲတွင် ကြာများကို တွေ့ရသလို သူတို့ကို မြင်ရတာ မျက်စိထဲ၌ အေးချမ်းနေစဉ် တစ်ကိုယ်တည်း ကုပ်ကုပ် ကုပ်ကုပ်နှင့် တက်လာသော (ကိုဘဟိန်းဇနီး)မခင်ကြီးကို သွားမြင်လိုက်ရာ မျက်စိထဲ၌ ပျော့သွားသော အာရုံနှင့် သိသိသာသာ ထိတွေ့ခံစားခဲ့ရသည်။

'စိတ်ကို တင်းပါ ဖြစ်သမျှ အကြောင်းပဲ၊ စိတ်တင်းနိုင်ဖို့ အရေးကြီးပါတယ်' မဟာဆွေ၏ ဇနီး အငိုစဲသွားမှ ကျွန်မလည်း သူ့ကို စိတ်တင်းရန် သတိပေးရလေသည်။





မုဆိုးမဖြစ်ပြီဟု အားနွဲ့ မောပန်း နွမ်းလျသွားချေပါက ရှေ့လာမည့် လောကဓံ၏ ပုတ်ခတ်ချက်တွေကို ကြံ့ကြံ့မခံနိုင်မှာ စိုးရပေသည်။

အမှန်စင်စစ် ကိုယ့်ကိုယ်ကို အားကိုးရမည့် ဘဝသည် အားအရှိဆုံးပင် မဟုတ်ပါလော။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၇)၊ အမှတ်(၇၆)၊ စက်တင်ဘာ၊ ၁၉၅၃]

www.burmeseclassic.com

www.burmeseclassic.com

# ပျို့ကရဏာ

[၁]

ဘိုမသည် နာမည်ရင်း မဟုတ်။ သို့သော် အများခေါ်ကြသလို ဘိုမပဲ ခေါ်မှ ဖြစ်ပေမည်။

တစ်ဆယ့်ခြောက်နှစ်ရောက်မှ ဘိုမသည် ရည်းစားစာ ရေးရလေသည်။ လက်ရေးလှအောင် ဂရုစိုက်ပြီး တစ်လုံးချင်း ရေးနေရင်း ရှေ့က ဘာတွေ ရေးလာခဲ့မှန်းပင် လုံးစေ့ပတ်စေ့ အကုန်လုံး မမှတ်မိနိုင်။ ဝိုင်းဝိုင်းလှလှကလေး ရေးသွားရင်း စာထဲ၌ ထပ်ခါထပ်ခါ ရေးချရသော 'မောင်'မှာ သည်စာတွင် အသားပါဆုံး စကားလုံးမှန်း ရိပ်စားမိ၏။ ဘာတွေ ရေးနေနေ၊ သည့်ပြင်ဟာ တွေ မမှတ်မိချင်သာ ရှိရမည်။ သည်စာလုံးတော့ မှတ်မိသည်။ စာအဆုံးသတ် ရေးလိုက်ပြီးနောက် စာကို အစက ပြန်၍ အသံထွက်ဖတ်လေသည်။

နှမလေး ပြန်စာ သလိုက်ပါသည် မောင်။ နှမမျက်နှာ မမြင်ရရင် မောင့်မှာ နေထိသော ကြာကဲ့သို့ နွမ်းလျခွေရော်၊ အိပ်သော် မပျော်၊ စားသော် မဝင်၊ ဘဝင်လှိုက်ဆူ သည်းအူပြတ်မျှ နေမရ ထိုင်မရဖြစ်နေပြီလို့ မောင် ရေးလိုက်တာ နှမက ယုံရမှာလား မောင်ရယ်။

အိုင်တွေ့ရင် ခြေဆေးတတ်တဲ့ မောင်တို့ ယောကျာ်းများဟာ တစ်ချိုကွယ်ရင် တစ်မယ် မေ့တယ်ဆိုတဲ့ စကားရှိလို့ နောက်များ ဖောက်ပြားမှာကို ကြောက်အားပိုလှပါတယ် မောင်။ နှမကို ချစ်သလို မောင့်ကိုလည်း ပြန်ချစ်ပါ့မယ်။ 'မင်းမှာသစ္စာ လူမှာကတိ'ဆိုတဲ့





စကားအတိုင်း နောက်တော့သာ နှမအပေါ်မှာ မောင်က တတ်တွေ့တော် ပါနဲ့နော်။ ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်စမြဲမို့ နှမမှာတော့ ရှုံးရတဲ့ဘက်ကချည်းပါပဲ မောင်။ ဒါ့ကြောင့် နှမတို့မှာ အရှက်နဲ့ လူလုပ်တာပါ။ အသက်နဲ့ လူလုပ်တာ မဟုတ်ပါဘူး။ မောင်က ကြောရရုံ ကြံတာများလားဆိုရင် ရင်ကွဲဖို့ပဲ ရှိပါလိမ့်မယ်။ မျက်နှာမများဘဲ သက်ဆုံးတိုင် ရိုးမြေကျချစ်ဖို့ ယုံစားပြီး မောင့်ထံသို့ နှမ စာပြန်လိုက်ပါတယ်။

ချစ်နှမ

ဘိုမသည် စာကို တောက်လျှောက်ကြီး ဖတ်မသွားဘဲ ဘာဆိုလိုသည်ကိုလည်း အဓိပ္ပာယ် စဉ်းစားရင်း ခပ်ဖြည်းဖြည်း ဖတ်နေသည်။

စာထဲ၌ 'နွမ်းလျ ခွေရော်အိပ်သော် မပျော်၊ စားသော် မဝင်၊ ဘဝင်လှိုက်ဆူ"ဟူသော အပိုဒ်ကို ကျောင်းက ဖတ်စာထဲက လင်္ကာလိုပဲဟု တွေးသည်။ မောင်နှမ အသုံးအနှုန်း အဓိပ္ပာယ်မှာမူကား ရင်ထဲ၌ အနက်ထင်နေသည်။

ဆူးပေါ် ဖက်ကျ ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျ ဖက်ပေါက်၊ အိုင်တွေ့ရင် ခြေဆေး စသည့် စာသားများနှင့်လည်း အခုမှပဲ ဘိုမအဖို့ ဘာမှန်းညာမှန်း ရှင်းသွားလေတော့သည်။

'ရည်းစားထားတာနဲ့ သူတို့ ဖောက်ပြားမှာကို ကြောက်ရတာနဲ့ တစ်ချက်တည်းပဲ'ဟု စာဖတ်နေရင်း စိတ်ထဲကလည်း ဖြစ်သေး၏။

စာဖတ်၍ ဆုံးလျှင် ဘိုမသည် 'အောက်ကျနောက်ကျ ရှိလိုက်တာ အခိုရယ်'ဟု ညည်းတွားလိုက်လေသည်။

အခိုမှာ ဘိုမ စာဖတ်နေတာကို အရသာခံကာ ဖိမ်နှင့် နားသောတဆင်သွက် သူ့အတွေးနှင့်သူ ကျိတ်တွေးနေ၏။ တဖျဉ်းဖျဉ်းနှင့် ဖိန်းရှိန်းမြူးမူးစေသည့် အတွေးကို အာရုံပျက်သွားသည်။

"အောက်ကျ နောက်ကျရေးတာ ဘယ်ဟုတ်မလဲ။ မိန်းမက ရေးတော့ အသွားမျိုးအတိုင်း ပြန်ရေးရတဲ့ယ်၊ မှတ်ထား...ဒီတော့မှ..."

ကလေးမလေးတစ်ယောက်ကို ဆက်ပြောပြရန် လျှာမရဲသလို ခတ်ဟန် စပ်ဖြဲဖြဲ ဖြစ်နေသော အခို၏ မျက်နှာကို နားမလည်တလည်ကြည့်ဆဲ။ လက်ထဲမှ စာရွက်ကို အခိုက ဆွဲယူလိုက်လေသည်။

'နောက်တော့ ဘိုမ ရည်းစားထားတော့ သိမယ်လေ'ဟုလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေသေးသည်။

ဘိုမသည် မျက်နှာကို အတည်ကြည်ဆုံးထား၍ တင်းသော ဣန္ဒြေနှင့် 'ရှက်စရာကြီး မထားပေါင်ဘူး'ဟု ဆိုလိုက်သည်။

"မတွေ့သေးလို့ပါ"

စာရွက်ကို ခေါက်လျက် ချွေးခံအိတ်ထဲသို့ ခိုးကြောင်ခိုးဝှက် ထိုးထည့်နေပုံကို တစ်လှည့်၊ မျက်နှာကို တစ်လှည့် ကြည့်ကာ အားမကျမိသည့်အပြင် မခံချင်တင်တင်ပင် ဖြစ်လာလေသည်။

"အခို့မျက်လုံး ဒေါက်ထောက်ကြည့်လေ။ ဘိုမ အမေတို့ ကွယ်ရာမှာ ရည်းစားထားမလား၊ မထားဘူးလား"

ကိုယ့်ထက် အဆနှစ်ဆယ်လောက်ငယ်သော အပျိုပေါက်စမလေးအား လူကြီးတွေ ကွယ်ရာတွင် ရည်းစားထားပြခြင်းကို မလုံသလိုလို ရယ်ရွှမ်းပါရွှမ်းဖြင့် 'တကယ်နော်၊ ဒေါက်ထောက်ပြီး ကြည့်လိုက်ဦးမယ်'ဟူ၍ မျက်နှာ ခပ်လွှဲလွှဲ ပြန်ပြောရလေသည်။

'အံမယ်...တကယ်ပြော့တာပါ။ ကြည့်လေ'ဘိုမက မခံချင်သောအသံနှင့် ထပ်ပြောလိုက်သည်။ အခိုသည် ဘိုမ ခာတ်သိ၍ ဆွ မနေရဲဘဲ အဆင်မပြေ မဖြစ်ရအောင် လည်ပတ်စွာ စကားပြောင်းပစ်လိုက်၏။

"ဒေါ်လေးများသိရင် အခို့ကိုလေ ရှာပြန်လွှတ်မှာပဲ။ ဘယ်သူ့မှစာရေးခိုင်းတာ မပြောပါနဲ့နော်။ ဘိုမကိုလေ ယုံလို့ ချစ်လို့ အားကိုးပြီး အရဲစွန့်အသိပေးတာပါ။ အခို့ကို သနားရင် လုံပါ ဘိုမရယ် နော်"

ဘိုမသည် ခုလိုဆိုပြန်တော့လည်း ဘယ်လို ပြန်ပြောလိုက်ရမည်ပင်မသိပေ။ မခံချင်၍ မနှစ်မမြို့ ဖြစ်ချင်သလိုလိုရှိသော စိတ်ကလေးမှာ ရှိခိုးမတတ် မျက်နှာသေလေးနှင့် တောင်းတောင်းပန်ပန် လုပ်လိုက်ရုံဖြင့် အရည်ပျော်ကျသွားလေ၏။

"မပြောနဲ့ဆိုလည်း မပြောပါဘူး စိတ်ချပါ။ အခို့လူကြီးက သူ့မိန်းမနဲ့ ကွဲနေတယ် ဆိုတာကော ဟုတ်ရဲ့လား"

ဘိုမသည် စိတ်ပြေရာမှ အခို့အတွက် ကြားထဲက ဝင်၍ စိတ်ပူရပြန်ချေသည်။ ရည်းစားစာ ရေးပေးရင်း ယောကျ်ားဆိုတာ မယုံနိုင်စရာ နားလည်ရသည်တွင် အခို့လူက စိတ်မချနိုင်စရာ မယားကြီးနှင့် ကွဲနေသဖြင့် ဘိုမသည် သက်ပြင်းကလေး ချွေးခနဲ ချလေသည်။

"ကြာလှပါပြီ ကွဲနေကြတာ၊ သူ့မိန်းမက စိန်ဘာဘူတစ်ယောက်နဲ့ ဖြစ်တာမိလို့ မပေါင်းတာတဲ့။ အခို့ကို ကြိုက်နေတာ ကြာလှပြီ။ မစိန်နဲ့ စာ





ပေးခိုင်းတာ ဒါပါနဲ့ဆို ငါးစောင်တောင် ရှိပြီ။ အခုမှ အခိုက စာပြန်တာ"

စာငါးစောင်ဟု ကြားလိုက်ရလျှင် ဘိုမသည် အံ့ဩမိလေ၏။ မမေးဘဲ နေနိုင်အောင် သိချင်စိတ် ပြင်းပြလာ၏။

အရင်စာတွေ ဘိုမကလည်း တစ်ခါမှ မပြပါကလား။ ဘယ်တုန်းက ရတာလဲ။ အခို ဘယ်သူ့ကို ဖတ်ခိုင်းသလဲဟင်...မစိန်လား"

တောက်နေသော မီးတောက်ကို လေတိုက်လိုက်သလို အခို၏ မျက်နှာ၌ ထွက်နေသော အရောင်အဝါမှာ ချက်ချင်းပင် မှိန်မှိုင်းကျသွားကာ မျက်လွှာကလေးချလျက် ခပ်လေးလေး ပြောနေလေသည်။

"မစိန်လည်း စာမတတ်ပါဘူး။ ပထမဆုံးစာရတာက မနှစ်က သီတင်းကျွတ်လကပဲ။ စာလေးစောင်ကတော့ ဖတ်ပေးမယ့် လူကလည်း တစ်ယောက်မှ မရှိ။ ဘယ်သူ့မှလည်း မဖတ်ခိုင်းရဲတာနဲ့ စာထဲ ဘာပါမှန်းတောင် မသိလိုက်ရပါဘူး ဘိုမရယ်။ ဒီအတိုင်းပဲ ဆုတ်ပစ်လိုက်တယ်"

စာသာ မတတ်ပေမဲ့ ဆရာ လုပ်လိုက်တာဟု စောစောက ထင်ခဲ့သည်။ ရည်းစားစာကို အခို ကြောင်းချပေးသည့် စကားလုံးများအတိုင်း ဘိုမက တစ်လုံးမကျန် လိုက်ရေးပေးရသည်။ စာရေးနေစဉ် သူ့စာထဲက အပိုဒ်ကလေး ပြန်ဖတ်ပြစမ်းပါဦး၊ အဲဒီအပိုဒ်ကို ပြန်ကူးထည့်ရေးလိုက်ပါနှင့် ခိုင်းသေးသည်။ စာမတတ်လို့သာ စားများတတ်ရင် အခက်ဟု ဝမ်းထဲတွင် ကျိတ်ကဲ့ရဲ့မိသရွေ့ အကုန်လုံး ခွင့်လွှတ်လျက် စာမတတ်လို့ ခများစာလေးစောင်စလုံး ဆုတ်ပစ်လိုက်ရသည် ဆိုခြင်းကို သနားလိုက်သည့် ဖြစ်ခြင်း။

[၂]

အခို့ကို မြင်မြင်ချင်းကပင် ဘိုမ သနားခဲ့ရသည်။

အခိုသည် ကြမ်းပေါ်တွင် ကြုံ့ကြုံ့ကလေးထိုင်ကာ တောင်ကြည့်မြောက်ကြည့်နှင့် ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်နေလေသည်။

အခိုဝတ်လာသော သော့တဲဆိပ် ဖိတ်အင်္ကျီရင်ဖုံးရှိ လက်နပတ်ကြီး၊ သက်လျှောက်၊ ခါးဒေါက်၊ ကျောဒေါက်တို့မှာ ရေမလျှော်ရသေးသည့် အင်္ကျီတွင် မာတောင့်တောင့်ကြီးအတိုင်း အထင်းသားပေါ်နေသည်။

အနက်ခံ၌ အဖြူအစက်ပြောက်တွေ ပျက်တက်တက် ဖြစ်နေသော ငွေထုံချည်အဟောင်းကို ရှာပန်းနီအထက်ဆင် တပ်ဝတ်ထားလျက် ဆံပင်ကို နောက်တွဲ ထုံးထားသည်။ အသားမှာ မည်းတူး၍ မျက်နှာ ပြာတာဘာနှင့် အဆီပြန်နေလေသည်။ နှုတ်ခမ်းထူထူကို စုလျက်ထားရာ ဆေးလိပ်သောက်



www.burmeseclassic.com

www.burmeseclassic.com



လှသဖြင့် ဆေးချေးကျွတ်တက်အောင် မဲပြာနေပုံမျိုးတည်း။

တောက အမေ့ဘက်မှ တူမတစ်ယောက် ရောက်လာသည်။ အသံကြား၍ တစ်ယောက်ပြီးတစ်ယောက် အခို့နားသို့ ဆွေကြည့်မျိုးကြည့်ကြသည်။

ညီအစ်ကိုမောင်နှမထဲတွင် ဘိုမတစ်ယောက်သာ အခို့အား ကြည့်နေ နိုင်ကာ အစ်ကို၊ အစ်မ၊ ညီမများမှာ တစ်ချက်ကြည့်ပြီး အဖက်မလုပ်ချင်သလို ချာခနဲ လှည့်သွားကုန်ကြသည်။

"တောမှာ ဆင်းဆင်းရဲရဲနေရတယ် မဟုတ်လား။ ဒီမှာ နေခဲ့ပေါ့။ ဒီမယ်တော့ အိမ့်အလုပ်ကလွဲပြီး ပင်ပင်ပန်းပန်း လုပ်စရာ မရှိဘူး။ တောနေတော့ တောသူ၊ မြို့နေတော့ မြို့သူ ဖြစ်မှာပေါ့။ ဒီမှာ နေခဲ့၊ ဘယ့်နှယ်လဲ အခို"

ဘိုမသည် အခိုကို ကြည့်၍ လှောင်ချိုင့်ထဲ ဖမ်းပြီး ထည့်ထားသော ကျေးငှက်အရိုင်းကလေးတစ်ကောင်လို သနားလာလေသည်။ အခို၏ ပုံပန်းကို စိတ်ပျက်စွာလည်း စိုက်ငေးကြည့်နေသည်။

အခို၏ မျက်လုံးများသည် ကြောက်ရွံ့ရွံ့ဖြင့် ထွက်ပေါက်ရှာနေသလို လည်နေလေသည်။ ကျဉ်းကျပ်ခြင်းဖြင့် ကြုံ့နေသော တစ်ကိုယ်လုံး တဆိတ်ကလေးမှ မလှုပ်ဘဲ ကုပ်နေလေသည်။

အခိုမှာ နည်းနည်းမှ နေချင်ပုံ မရပေ။ စိတ်ညစ် စိတ်အိုက်ကာ မခွဲနိုင်သလို ရှိနေလေသည်။

မိမိရောက်နေသော ထည်ဝါသည့် ဧည့်ခန်း၌ ပိတ်ကျပ်နေသော အသုံးအဆောင် အိမ်ထောင်ပရိဘောဂတွေနှင့် လွတ်ကင်းရာဖြစ်မည့် မျှော်မဆုံး သည့် လယ်ကွက်ကြီးထဲသို့ ပြန်ပြေးကာ ဝဝကြီး အသက်သွားရှုလိုက်ချင် သည်။

"အင်းမလှုပ်၊ အဲမလှုပ်၊ ဘယ့်နှယ် ငုတ်တုတ်ကြီး လုပ်နေသလဲ။ မယ် မဟုတ်လား၊ ထားခဲ့လေ ကိုရင်ကြီး၊ ကိုရင်ကြီးပဲ ပြန်"

အမေ့နားတွင် ထိုင်နေသော အမေ၏ အစ်ကိုဝမ်းကွဲ ကိုရင်ကြီးသည် အခို့ကို 'ကိုင်း...နေခဲ့...'ဟု ခပ်မာမာပြောလိုက်ကာ နေရာမှ ချက်ချင်း ပြန်သွားလေသည်။

သူ့တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ အခိုသည် မျက်ရည်ပေါက် ကြီးများ တစ်ပေါက်ပေါက်ကျလျက် လှုပ်လည်း မလှုပ်၊ အသံလည်း မထွက် ပေ။

'ညည်း နောက်တော့ ပျော်လာမှာပေါ့အေ'ဟု အမေက နှစ်သိမ့်ကာ အနား၌ ရပ်ကြည့်နေသော ဘိုမကို 'ကဲ ခေါ်သွားပါကွယ်'ဟု ပြောလေသည်။





ဘိုမသည် ကြင်နာစွာ ကြည့်ရင်း အနားသို့ ဖြည်းဖြည်းလေး တိုးလာ လေသည်။ ကျောင်းလာအပ်ခဲ့ပြီး အမေက ပြန်သွား၍ ငိုနေသော ကျောင်းသူ ကလေးကို ချော့မော့မည့် ဟန်မျိုးဖြင့် အနားရောက်လာသည်။ တမင်တကာ ပြုံးရမည့် အပြုံးမျိုးကို လိုသလောက်ကလေး ပြုံးကာ 'လာ...လာ...အခို၊ အိမ်ထဲ သွားရအောင်'ဟု အချိုသာဆုံး ခေါ်ငင်လိုက်သည်။

အခိုသည် အိမ်ရောက်ပြီး တစ်နေ့ထက်တစ်နေ့ တသွေးတမွေးဖြစ် လာလေသည်။ ရောက်စကလိုလည်း မရိုင်းတော့ပေ။ တဖြည်းဖြည်း ယဉ်ကျေး လာသည်။

သူ၏ အရုပ်ဆိုးသော ရုပ်ကို သူများ အတုခိုးကာ ကြည့်ကောင်းအောင် လုပ်တတ်လာသည်။ ဖြီးလိမ်းပြီးရင် အမှတ်တမဲ့ မဟုတ်။ ဟန်လုပ်လိုက်သေး သည်။ ရောက်စနှင့် မတူ မယုံနိုင်အောင် ဖြစ်လာပုံကား တောသို့ မပြန်ချင်၊ တောကို ကြောက်နေခြင်းပင် ဖြစ်၏။

အိမ်၌ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သိမ်း၊ နေထွက်က နေဝင် အားလပ်အောင် တရစပ် တစ်ယောက်တည်း ကျုံးလုပ်ရလေသည်။ အလုပ် လုပ်နေတုန်း ဒီကြားထဲက အမေ့အဆူ မခံရအောင်၊ ခေါင်း မပွအောင်၊ အဝတ်မပေအောင် ကြပ်ကြပ် ဂရုစိုက်ရသည်။

ဘိုမမှလွဲ၍ ညီအစ်ကို မောင်နှမ တစ်သိုက်သည် အခို့ကို ဆွေမျိုးစပ် တယ်ဆိုရုံသာ အသိအမှတ်ပြုကာ ခပ်စိမ်းစိမ်းပင် ဆက်ဆံကြသည်။

အခို အိမ်ရောက်စက အမေ၏ ဆူပွက်သံသည် အချိန်ရှိသရွေ့ ညံစာ နေ၏။ နွားနောက်က နှင်တံနှင့် တစ်တို့တည်း တို့နေသလို နောက်ကနေ မီး ထိုးပြီး တတွတ်တွတ် တဖွဖွ အပ်ချမတ်ချ လက်ထပ်လိုက်သင်ပြနေလေသည်။

အခို လုပ်တာ နေရာမကျတိုင်း ဆူလို့ပွက်လို့ မာန်လို့ မဲလို့နှင့်ပင်။ အခိုသည် မတတ်ချင်လို့ မနေရဘဲ တဖြည်းဖြည်း တတ်လာရလေသည်။

"ဘယ်လိုဟာမမှန်း မသိပါဘူး။ မလှုပ်တလှုပ် မြုံစိစိနဲ့။ အုံ့ပုန်း"

အခို့ကို စိတ်ဆိုးတိုင်း ဒေါသအလျောက် အမေ၏ နှုတ်ဖျားမှ ထွက် နေကျစကား။

ဘိုမသည် အခို့အား 'အုံ့ပုန်း'ဟု အမေက ဘာ့အကြောင့် ပြောမှန်း ယခု၍ နားမလည်နိုင်။ အမေ အိမ်ရှေ့၌ ဆူနေခိုက် အခို့ကို နောက်ဖေးသို့ အသာဝင်ကြည့်သည့်အခါ အခိုသည် မီးဖိုတံခါးပေါက်တွင် မှီထိုင်ကာ ခေါင်းပြင်း ကိုလက်ကြားညှပ်၍ နှုတ်ခမ်းနှင့် တေ့လျက် မငိုမယို ငိုင်တွေနေသည် ကိုသာ တွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[၃]

ယခုတလော အမေ၏ ဆူပွက်သံသည် အိမ်တွင် ဆိတ်နေသည်။ အခိုသည် အမေ့အကြိုက်ချည်း လိုက်၍ အပြောအဆို မခံရအောင် ဂရုတစိုက် လုပ်နေသဖြင့် ဆူသံပွက်သံအစား အမေ၏ ချီးမွမ်းသံများ ကြိုင်လှိုင်လာ၏။

အခိုသည် ထမင်း ကျကျနန ချက်တတ်သွားပြီ။ ကပ်တလိပ်၊ ဘီးစတိတ်၊ စတူး၊ ရှီးစ်ပင် ဖွယ်ဖွယ်ရာရာ ချက်ပေးနိုင်သေးသည်။ အဝတ်လျှော်၊ မီးပူတိုက်အလုပ်ကို ပင်းမင်းဒိုဘီမသာအောင် ကျင်လည်သည်။

ဒီပစ္စည်းက နောက်ဖေးသုံး၊ ဒါကို အကြမ်း၊ ဒါက အနု၊ ဟိုဟာက ဧည့်ဆောင်အတွက် ဒီဘက်ကလည်း ကြေမွတ်နေ၏။

အိမ်၏ ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်ရှေ့က နောက်ဖေးအထိ သူချည်းသာပဲ သိမ်းနေကျ၊ ရှင်းနေကျ၊ ပြင်နေကျ။ လုပ်ရဖန် များလွန်း၍ ဘယ်ပစ္စည်း ဘယ်နေရာသိမ်း၍ ဘယ်လိုကိုင်ဖို့ သုံးဖို့ရန် မျက်စိတတ်လာကာ လုပ်သမျှ အပိုးသေ ကျန နေချေပြီ။

တစ်နေ့လုံး မနားတမ်း မမောမပန်း လုပ်ကိုင်ကာ ညအချိန် အားလပ်ခိုက် ရေဒီယိုသီချင်းသံတွေ ညံ့နေသော မီးတထိန်ထိန်အောက်၌ အိမ်ကြီး၏ တင့်တယ်သော ကြက်သရေ မင်္ဂလာအဖြာဖြာနှင့် တန်ဆာဆင်ထားသည့် အသုံးဆောင်အစုစုကို ငေးရှုစားကာ အထက်တန်း စည်းစိမ်ကို စုံရေ မက်ရေ သရေကျမိတော့သည်။

အခိုသည် တောကို လုံးလုံးကြီး မေ့ထားလိုက်ပြီ။ တတ်နိုင်လျှင် တောက လာနေတာကို သူများမပြောနှင့် ကိုယ့်ဟာကိုယ်ပင် ပြန်မမှတ်မိချင် တော့ပေ။

မင်းကတော်၊ စိုးကတော်၊ သူဌေးကတော်တွေ အဝင်အထွက် ရှုပ်လှသော ဤအိမ်ကြီး၌ သူတို့ကို မြင်ရတိုင်း နောက်တုန်းက စိတ်မကူးစဖူး အထူးထူး အဖုံဖုံ စိတ်ကူးယဉ်ကြည့်ရာ အပျက်အပျက်နှင့် ကတော်ဆယ်ပါး တစ်ပါးပါး ဖြစ်ရန်ပင် စိတ်ထဲ၌ မှန်းထားပြီးပြီ။

အခို၏ နားထဲတွင် ဥဿဖရား တစ်လုံးတည်းနားကပ် ဆင်ထားရာမှ ခုဆိုရင် လက်ထဲ၌ ကြဲဆစ် ကွင်းစွပ်လက်ကောက် တစ်ဖက်ငါးရံနှင့် ဖြစ်နေကာ လက်သူကြွယ်၌ စိန်ချယ်လက်စွပ်တစ်ကွင်း ဝတ်ပေးထားသည်။

အခိုသည် လက်ထဲက ရွှေလက်ကောက်များနှင့် စိန်လက်စွပ်ကို အမက်ဆုံး ဖြစ်သည်။

အလုပ် ဘယ်လောက် ပင်ပန်း ပင်ပန်း၊ သူ့လက်စွပ်နှင့် လက်ကောက်





...လေးတွေကို ကြည့်လိုက်ရရင် အမောကို ပြေသွားလေသည်။

အလုပ်လုပ်နေရင်း လက်ထဲ၌ လက်ကောက်တွေ တစ်ကွင်းနှင့်တစ်ကွင်း ...ချွချင်း ရိုက်သံသည် နားထဲ၌ စိန်လက်စွပ်မှ ဝင်းခနဲ ပြက်ခနဲ ရောင်စုံ ...ဖျပ် လက်ထွက်လာခြင်းကို ငေးငေးတက် နှစ်သက်လွန်း၍ တစ်ခါတစ်ရံ ...ကို တမင် တစ်လုပ်ပင် ခါလျက် မျက်စိအာရုံ ခံစားကြည့်ရ၏။

တောမှာနေတုန်းက ဦးဆင်၊ ဒေါ်ငွေး သရက်ထည် လုံချည်တစ်ထည် ...ဖို့အရေး နွေပေါက်အောင် စောင့်နေရသည်။

မြို့ရောက်မှ ကိုယ်ပေါ်တွင် ထိုဘရက်ကိုး၊ လစ်မနစ်၊ ဟောတစ်ဆင် ...တစ်ဆင် ထည်လဲဝတ်ရကာ အင်္ကျီကိုလည်း ဟာရှင်ကာစင်ပတေးမှ ... ပဒုမ္မာကို ဇာနုနုကလေးတပ်သည့် ပုံတော်ပုံက တစ်မျိုး၊ ဒါမှမဟုတ် ...သားပန်းထိုး၊ တစ်နေ့ကို တစ်ထည်ကျ အလျှံပယ် လဲဖယ်ဝတ်နေရ ...၊ ဘာလိုသေးသလဲ။

အတောင်စုံတော့ ပျံဖို့ပဲ ရှိတော့ကာ သူ့အသိုက်၊ သူ့ကြမ္မာ၊ သူ့ဖန်တီး ...အတွက် သူ့ထက် အသက်ကြီး၍ အရုပ်ဆိုးလှသော မယားကြီး ရှိဖူး ...ဘတိယတန်း အမိန့်တော်ရရှေ့နေ ဦးဘိုးဦးထံ မေတ္တာစာပြန်လိုက် ...ဖြင့် မင်းကတော်လောကကို တုပြိုင်တော့မည်။

[၄]

...င့် အခိုမှာ တစ်ခန်းတည်း နှစ်ယောက် အိပ်ကြရသည်။

ဘိုမသည် မအိပ်ခင် ကျောင်းစာများကို ကျက်မှတ်နေခိုက် မရှိးမရှ ...သည့် အခို့အမူအရာနှင့် စားပွဲခုံနား ရစ်သီရစ်သီ လာလုပ်နေပုံကို ...် မသိချင်ယောင်ဆောင်ကာ ဆွဲပြီး စာကျက်ချင် ကျက်နေတတ်သည်။

အခို ရည်စားမထားခင် ညများက ဘိုမထံ၌ ဘုရားရှိခိုး အမြဲတက် ... ဘိုမ ဘုရားရှိခိုး ချပေးတာကို လိုက်ကျက်မှတ်သည်။ ညများဆိုလျှင် ...အိပ်ခန်းမှာ ဘုရားသံ၊ တရားသံ တွတ်တွတ်ထိုးနေပေ၏။

အခန်းထဲ၌ ညတိုင်းကြားရမည့် ဘုရားရှိခိုးသံအစား အခို၏ ရည်းစား ...ကြောင်းနေသံ ထွက်သည်။

ဘိုမ စာကျက်ပြီးလျှင် မနက်က ဈေးကရခဲ့သော စာကို ညဘက်၌ ...း စာပြန်အရေးခိုင်းရသည်။ ညနေ ဘိုမ ကျောင်းက အပြန်၌ ဘိုမကို ...င့် ရလေသည်။

အခိုသည် ဘိုမကို အမျိုးမျိုး ချော့နေပေသည်။ လူတစ်ဖက်သားကို

www.burmeseclassic.com

www.burmeseclassic.com



သနားတတ်၊ အားနာတတ်လှသော ဘိုမမှာ အကူအညီတောင်းလျှင် တတ်နိုင်
က လုပ်ပေးရန် ဝါသနာကြီးသည်။

ဘိုမကို လက်ကိုင်ပဝါလှလှ၊ ဖဲပြားအပွင့်ရိုက် ရောင်စုံ၊ ရေမွှေး
ပေါင်ဒါတို့နှင့် အခိုက အမျိုးမျိုး လာဘ်ထိုးသေးသည်။

'ဒီလက်ကိုင်ပဝါက ဘယ်က ရလာတာလဲ'ဟု ဘိုမက မသင်္ကာသ
စစ်ဆေးသည်။ အခို ဈေးက ပြန်လာတိုင်း အမေ့ကို ဈေးဖိုးတွက်ပြရပြီး
တဲ့ ပိုက်ဆံကို ပြန်ပေးရစမြဲ ဖြစ်၍ အခို့လက်ထဲ၌ ပိုက်ဆံမရှိနိုင်ကြောင်း
အစင်းသိ။

'သူက အခို့ကို ပေးတဲ့ လက်ဆောင်ပါ။ အခို မကိုင်ပါဘူး။ ဘို
ကိုင်ပါ'ဟု အတင်းဖွတ်ပေးလေသည်။

'အခို့ကို ဟိုက ပေးတဲ့လက်ဆောင်၊ ဘာလုပ်ယူရမှာလဲ'ဟု ခါးသီး
ငြင်းလိုက်လေသည်။

လက်ကိုင်ပဝါ လက်မခံလျှင် ဘီးကလစ်တွင် ညှပ်တပ်ထားသော
လိပ်ပြာတောင်ဖဲပြား အပွင့်ကြီးကို ပေးပြန်လေသည်။

'ဒါက် သူက အမှုနိုင်လို့ ရတဲ့ပိုက်ဆံတွေ အခို သုံးဖို့ ပေးလို့ ဘို
ဖို့ ဈေးထဲက အခို ဝယ်လာတာ၊ ယူထားနော်'ဟု မငြင်းနိုင်တဲ့ နည်းကို ရှာ
ကာ လက်ဆောင်ပေးတတ်သည်။

"အခို ပိုက်ဆံယူတာ မရှက်ဘူးလား'ဟု ဘိုမက ငွေဖောနေသော
အခို့ကို မကောင်းထင်စိတ်နှင့် ပြောလေ၏။

"အခိုက မတောင်းပါဘူး၊ သူက အတင်းပေးတာ။ အခို့မှာ ရွှေနဲ့
နဲ့ဟာ သူ သိသားပဲ။ အထင်မသေးပါဘူး"

ဘိုမသည် လက်ပေါ် မေးထောက်လျက် အခိုအား ဘယ်လိုဟာပါလိမ့်
ဟူသော အကြည့်ဖြင့် စူးစမ်းကြည့်နေလေသည်။ ဘယ်လိုဟာမှန်း သိသလို
မသိသလိုလိုတော့ ရှိသည်။

ဘိုမသည် အခိုလာပေးနေသော လက်ဆောင်များကို မယူရင်လည်း
မကောင်းတတ်၍ ယူရကာ လက်ဆောင်ကြောင့် ထူးခြားခြင်းတော့ မပြလို

ဘိုမ၏ ဝေယျာဝစ္စကို ဘိုမ အကြိုက်၊ ဘိုမ အလိုကျ အားလုံးထဲ
အထူး ပိုဂရုစိုက် လုပ်ပေးလေသည်။ ညီအစ်ကို မောင်နှမထဲတွင် ဘိုမအား
ချည်း မျက်နှာလိုက်လွန်းသဖြင့် အခို့ကို အားလုံး မြင်ပြင်းကပ်နေကြပေသ

'ငါ မှန်းမှာ ကြောက်လိုက်တာ'ဟု ဘိုမသည် စိတ်ထဲက တွေးသ
မိသေးတော့၏။





တစ်နေ့သောညသည် ဘိုမသည် အခို့အား စာရေးပေးနေစဉ် တစ်ဖက်
က တယောသံသည် အခန်းထဲသို့ လွင့်ဝင်လာလေသည်။ ဘိုမသည်
ရေးရာမှ ရပ်ဆိုင်းလျက် တယောသံကို နားစိုက်လိုက်သည်။ ထိုနောက် 'ချွဲ
က်ဘာ'ဟု ဆိုကာ စာကို ဆက်ရေးလေသည်။

အခိုလည်း ဘိုမ၏ ငုံ့နေသော မျက်နှာကလေးကို ငေးစိုက်ကြည့်နေ
အွမြူးလာကာ ခိခနဲ ရယ်လိုက်သည်။

ရယ်သံကြား၍ ဘိုမသည် မျက်လုံးကြီးများ လှန်ကာ မော့၍ ကြည့်
သည်။

"အခု တယောထိုးတာ ဟိုဘက်အိမ်က ဦးကြီး ဦးတင်လေးရဲ့တူမောင်
င်တဲ့၊ ဒေးဒရဲက ဟိုက်စကူးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားလာနေ
အခု ကျောင်းက ပြောင်းလာပြီး ဦးကြီးတို့အိမ်က ကျောင်းတက်နေတယ်၊
ယ်တန်း"

ဘိုမသည် အခို၏ ပြောပုံဆိုပုံ မျက်နှာပေးကို သိပ်မကြိုက်ပေ။ ထို့
ကြောင့် 'မြင်သားပဲ'ဟု ရိုးဖြောင့်သောအသံဖြင့် တိုတိုပြောကာ စာရေးရန်
ခေါင်းပြန်ငုံ့လိုက်၏။

အခိုသည် ကြားရသော တယောသံနှင့် ပတ်သက်၍ ဘိုမအား စရန်
ာသေး၏။ ဘိုမကို ဘယ်တော့မှ ကျီစယ်၍ မရ၊ စ၍ မရ၊ သူ့အရိပ်
အကဲ ကြည့်ခဲ့ရားတတ်မှ နေရာကျမည်။ စိတ်အခန့်မသင့်လျှင် စာမရေး
နေမည်ကြောင့် ထိုအကြံကို လက်လွှတ်ကာ ရေးလက်စ စာကို ဆက်ရ
သည်။

"မောင်နဲ့ တွေ့ပြီးကတည်းက နှမမှာ ဒီစိတ်သာ"

ဘိုမသည် အံ့အားသင့်လွန်း၍ ပြောသည့်အတိုင်း လိုက်မရေးဘဲ အခို့
ာကို ဆတ်ခနဲ မော့ကြည့်ကာ...

"အခို့ဟာကလည်း အမျိုးမျိုးပဲ၊ မနေ့က စာကတော့ နှမတွေ့ဖို့ စိတ်
တယ်။ မလစ်သေးလို့ပါ။ ကြံပါဦးမယ် စောင့်ပါဦးတဲ့၊ ဒီနေ့စာကျတော့
တွေ့ပြီးကတည်းကနဲ့ ဘယ့်နှယ်ဟာတွေလဲ"

မျက်ဆန်ပြူးပြူး ဖြစ်သွားခြင်းကို မြန်မြန်ရုပ်သိမ်း၍ ခေါင်းရှုပ်သွား
င်၊ အခိုသည် ဟိုယောင် သည်ယောင် လုပ်ပြီးနောက် စုနေသော နှုတ်ခမ်း
ာင်းတင်းစုပြီး ပါးနှစ်ဖက်သာ ဖြူးဖြိုထားကာ ခေါင်းကို ညိတ်လည်
၏။ ရမ်းလည်း ရမ်းလိုက်၏။

"ဘာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဘိုမသည် မျက်မှောင်ကုတ်ကာ မေးတိုးမေးလိုက်ပြန်သည်။

"သူနဲ့ တွေ့ပြီးပြီ။ မနေ့က စာက သူ့စာတဲမှာ ခဏခဏချိန်းတ ပါတယ်မဟုတ်လား။ ဒီတော့ အဲဒါကို သတိရပြီး ပြန်ရေးလိုက်တာ။ အ ဟာကတော့ မနေ့ကစာ မတိုင်ခင် တွေ့ခဲ့ကြတာကို စိတ်ကူးပြီး တစ်ခါပြ ဖော်ချင်လို့"

အနိ စကားမဆုံးခင် ဘိုမသည် ဆုံးအောင် နားမထောင်ချင်ဟန် စိတ် မရှည်ဘဲ 'တကတဲ ရှုပ်လိုက်တာ'ဟု ဆိုလိုက်လေသည်။

"ခုတော့ အပေါက်ခံရသေးတာပေါ့လေ။ မကြုံဘူးတော့ ဘိုမ ဘယ် နားလည်ပါ့မလဲ။ ဒါမျိုးဆိုတာ တွေ့ဖူးကြုံဖူးမှလည်း ဟီး...ဟီး"

မပြောရဲ၊ ပြောရဲ၊ ဘိုမအား မကြည့်ဘဲ မကြည့်ရဲသလိုလို ပတ်ချွဲ ချွဲ အမူအရာနှင့် ပြောရင်း ခေါင်းကို ပုတိုဝင်ထားလျက် ထရိုက်လျှင် ခံလို ရမည်ဟန် ဘိုမကို မျက်လုံးတစ်လုံးတည်း ခိုးကြည့်နေကာ လက်နှင့် မျက် တစ်ခြမ်းကို ကွယ်အုပ်ထားလေ၏။

"တွေ့ဖူး၊ ကြုံဖူးတော့ ဘာဖြစ်သလဲ"

ဘိုမသည် ဣန္ဒြေတင်းတင်းနှင့် ပိုငေါက်လိုက်သည်။ မျက်နှာကို ဟ ဆောင် တင်းနည်းတင်းလျက် တမင် မာမာကြီး ပြောလေသည်။

"တွေ့ဖူး ကြုံဖူးတော့ ကိုယ်ချင်းစာတတ်တာပေါ့ ဘိုမရယ်"

"အံမယ် လာလာသေးတော့၊ ကြပ်ကြပ် ချိန်းတွေ့နေ၊ ယောကျ် ဆိုတာ မယုံရဘူးလို့ သူပဲ အရေးခိုင်းပြီးတော့...ဟင်း"

အနိသည် ကြောက်ချင်ယောင် ဆောင်နေရာမှ နဂိုအတိုင်း ပြန် လိုက်ကာ...

"မိန်းမဆိုတာ ဒီလိုပဲ ရေးရိုးရေးစဉ် ရေးရပါတယ်လို့ ပြောနေတာ ကြပ်ပါဘိတော့ ဘိုမရယ်၊ မယုံရရင် အတွေ့ခံပါ့မလား"

"တွေ့တော့ ဘာလုပ်သလဲ"

ဘိုမ စွပ်ခနဲ မေးလိုက်ပုံကို အနိ၏ စိတ်ထဲတွင် ထောင့်သွားလေ သည်။

အပျိုပဲ ဖြစ်နေပြီ၊ ခုထက်ထိ ကလေးစိတ်ကလည်း မကုန်သေးဘူ ဒါမျိုးဆိုတာ သိပ်သိချင်၊ သိပ်နားထောင်ချင်မျိုးရှိမှ မေးမှလည်း ကိုယ် ရှက်သလို ဘာလိုနဲ့ ပြောဖို့ ကောင်းတာ။ အခုတော့ ပုလိပ်စစ် စစ်နေတယ မေးပုံက ငေါက်ဆတ်ဆတ်နဲ့။

အနိသည် တွေးရင်း စိတ်ပေါက်ပေါက်နှင့် ရွဲ့လိုက်ရန် အူထဲက ယ





လာလေသည်။

[၅]

လန်ချားအမိုးကို လှမ်းကိုင်ထားသော ဘိုမသည် ကျောင်းဘက်သို့ ကြည့်နေလေသည်။ ညနေ ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းထဲမှ ကျောင်းသူများ ထွက်လာကြသည့်အထဲတွင် ပေါက်ပေါက်ကို လိုက်ရှာကြည့်နေလေသည်။

ငါးတန်းအခန်းပေါက်မှ ကျောင်းသူကလေးတစ်စု ထွက်လာကြရာ ပေါက်ပေါက်ကို မတွေ့၍ 'ပေါက်ပေါက်ကလည်း ကြာလိုက်တာ'ဟု စိတ်ထဲက ညည်းညူရင်း ညီမငယ် ထွက်လာမည့် အပေါက်ကို မျှော်ကြည့်နေပေသည်။

ထိုအခိုက် လန်ချားလှုပ်သွားအောင် ခပ်ရွယ်ရွယ် လူငယ်တစ်ယောက်သည် ဘိုင်စကယ်ကို ဘရိတ်အုပ်၍ ဘိုင်စကယ်ပေါ်မှ အမိုးကို ဖမ်းဆွဲကိုင်လိုက်သည်။

ဘိုမသည် အသံလာရာဘက်သို့ ချက်ချင်း လှည့်ကြည့်လိုက်၍ လန်ချားတစ်ဖက်ရှိ ဘိုင်စကယ်ပေါ်မှ လူငယ်နှင့် မျက်နှာချင်းဆိုင်မိကြသည်။

"မောင့်ကို ညာတယ်နော်၊ မောင်ဖြင့် ညက ဒုက္ခခံပြီး စောင့်နေလိုက် ဆင်းလာမလားလို့ သက်သက်နိပ်စက်တာလား"

ဘိုမသည် စကားဆုံးသွားသည်အထိ မျက်လုံးကြီး ပြူးကြည့်နေပြီး နောက် မျက်မှောင်ကုတ်လိုက်ကာ အံ့အားကြီး သင့်သွား၏။

လူငယ်မှာ တစ်ဖက်အိမ်မှ ဘကြီးဦးတင်လေးတူ 'မောင်မောင်'ဖြစ်၍ နှပြောစရာစကား ရှာမတွေ့သလောက် ကြက်သေသေနေလေသည်။

မီးဖိုထဲမှ အဖြေကို တောင်းခံ စောင့်လင့်နေသော မျက်နှာပေးမှာ ဘယ် အောင်များ ရင်နှီးစွာ ပြုံးထားခြင်းကို စိုက်ကြည့်နေ၍သာ အထင်အရှား ခြင်း ဖြစ်ပေ၏။

'အို...ဘာလာပြောတာလဲ'ဟု ပြန်ပြောရသေးစဉ် ပေါက်ပေါက်မှာ ရောက်လာ၍ ဖျတ်ခနဲ ပေါက်ပေါက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

မောင်မောင်လည်း လန်ချားအမိုးကို လွှတ်လိုက်ကာ ကပျာကသီ ဘိုင် ယ်ကို သုတ်သုတ်ကြီး နင်းထွက်သွားလေ၏။

"ဟဲ...ဟဲ...မမ နော်"

ပေါက်ပေါက်သည် လန်ချားပေါ် မတက်ခင် ပြောင်စပ်စပ် မဲ့ရွဲ့ပြော သဖြင့် 'တက်ပါ'ဟု ငေါက်လိုက်မှ လန်ချားပေါ်သို့ တက်ထိုင်၏။

ဘိုမသည် ပေါက်ပေါက်ဘေးတွင် တက်ထိုင်ရင်း မောင်မောင့်ကို ဒေါ



www.burmeseclassic.com

www.burmeseclassic.com

ဗွဗွဖြင့် 'လူပါးဝလိုက်တာ'ဟု ပါးစပ်က ထွက်သွားလေသည်။

ပေါက်ပေါက်သည် ဘိုမကို လှည့်ကြည့်လျက် မျက်နှာကြီး ရှစ်ခေါက်ချိုးဖြင့် 'ကိုယ့်ဘာသာကိုယ် ရည်းစားထားပြီး လူများကို လူပါးဝသလေး ဘာလေးနဲ့'ဟု ဆိုနေလေသည်။

လူချင်း ပူးထိမနေအောင် ဆောင့်အောင့် ခွာသွားလျက် နှုတ်ခမ်းစူထိုင်နေသည်။

တစ်ယောက်ကို ခံပြင်းနေရသည့်အထဲ တစ်ယောက်ကခံပြင်းစရာစွပ်စွဲနေပြန်ခြင်းကို မခံမရပ်နိုင် ဖြစ်လာကာ လန်ချားပေါ်ပင် သတိမထားတော့ဘဲ ခပ်ကျယ်ကျယ် အော်ပြောမိသည်။

"နင့်ပြောတာ မဟုတ်ဘူး ဟဲ့"

ပေါက်ပေါက်သည် မျက်စောင်းတစ်ချက်ထိုးလျက် 'အမေ့ကို တိုင်မယ်'ဟု မျက်နှာတစ်ဖက်လှည့်၍ ပြန်ပြောလေသည်။

ဘိုမနှင့် ပေါက်ပေါက်မှာ ၂ နှစ်ကြီး ၂ နှစ်ငယ် ဖြစ်သော်လည်း မတိမ်းမယိမ်း ရွယ်တူလိုပင် ထင်ရသည်။ တစ်ယောက်နှင့် တစ်ယောက် အလိုမကျလျှင် ရန်ဖြစ်နေကြသော်လည်း ရန်ဖြစ်ရာ မဟုတ်တာကို ရန်ဖြစ်ချင်ရမလားဟု လမ်းတစ်လျှောက်လုံး ဘိုမက စိတ်ဆိုးလာလေသည်။

အိမ်ရှေ့ရောက်လျှင် ဘိုမသည် လန်ချားပေါ်မှ ဦးအောင် အရင်ဆင်းလိုက်ကာ ကျောင်းရှေ့၌ ဖြစ်လာသည့်ကိစ္စကို အနို့ကို ပြောပြချင်ဇောဖြင့် အိမ်ထဲသို့ ခပ်သွက်သွက် လှမ်းဝင်လာလေသည်။

ပခုံးမှ လွယ်အိတ်ကို ထမင်းစားခန်း စားပွဲခုံပေါ်တွင် ဖြုတ်တင်ခဲ့လျက် နောက်ဖေးသို့ တန်းဝင်သွားသည်။

နောက်ဖေးမီးဖိုထဲတွင် အနို့ကို မတွေ့၍ စေ့ထားသော နောက်ဖေးတံခါးကို သွားတွန်းလိုက်ကာ အပြင်ဘက်သို့ ကုန်းကြည့်လိုက်သည်။

လား...လား...ကပျာကယာ ခေါင်းကို နောက်ပြန်ရုပ်လိုက်ရကာ မမြင်ရအောင် တံခါးရွက်ကို ပြန်ဆွဲစေ့လိုက်ရ၏။

အနို့သည် နောက်ဖေးလမ်းဘက် ထွက်၍ ငါးကြော်နေလျက် အနားတွင် ဘိုင်စကယ်ကို မှီရပ်နေသော မောင်မောင်နှင့် စကားကောင်းနေကြသည်။

'လက်စသတ်တော့ ဒီလိုကိုး'ဟု အဓိပ္ပာယ် သိသွားသော ဘိုမသည် မျက်စိထဲတွင် မီးဝင်းဝင်းတောက်သွားကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာလေသည်။

ဒေါသကြောင့် ဘာလုပ်ရကောင်းမှန်းပင် မတွေးတတ်အောင် ပူထူလာ





လေသည်။ ယမ်းပုံမီးကျ ကွဲပေါက်သွားသော ဒေါသကို ချုပ်တီး၍ ရနိုင်အောင် ဖြစ်လာသည်။ သို့သော် ထိုဒေါသကို ပြန်၍ အနိုင်နိုင် ချုပ်တီးလိုက်ကာ သူ့အကြံနှင့်သူ နောက်ဖေးမှ အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။

စားပွဲပေါ်က လွယ်အိတ်ကို ကောက်လွယ်ပြီး အိမ်ပေါ်တက်ရန် လှေကားထစ်ကို တစ်ထစ်ကျော် လှမ်းပြေးတက်နေလေသည်။

လှေကားထိပ်၌ အမေနှင့် သွားဆုံ၍ အသာ ကိုယ်ရှိန်သပ်လိုက်ကာ ပေါက်ပေါက်များ တိုင်သေးသလားဟု မျက်နှာကဲ ခတ်ဆဲ 'စာမေးပွဲ ဖြေနိုင်ရဲ့လား'ဟု မေးလိုက်သော အမေ၏ မေးခွန်းကို 'ဖြေနိုင်ပါတယ် အမေ'ဟု ဆိုကာ ကြာကြာမဆိုင်းဘဲ အိပ်ခန်းထဲသို့ တန်းဝင်ခဲ့လေ၏။

ဘိုမသည် အခန်းတံခါးကို ချက်ထိုးပိတ်လိုက်ကာ လွယ်အိတ်ကို ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

မျက်မှောင်ကြီး ကြုတ်၍ ဟိုဟိုဒီဒီ ကြည့်ပြီးလျှင် အနို့၏ ခုတင်ခြေရင်းဘက် မို့ရာကို လှန်လိုက်ကာ သော့တွဲကို ကောက်လျက် အနို့၏ သေတ္တာကို သွားဖွင့်လေသည်။

သေတ္တာထဲတွင် ဖြောင်းဆန်အောင် မွှေနှောက်ကြည့်ပြီးနောက် ထဘီပုံအောက်မှ အဝတ်ထုပ်ကို အပြင်သို့ ထုတ်လိုက်လေသည်။ အနို့သည် ရည်းစားစာများကို သည်အထုပ်ထဲ၌ ဖွက်ထားခြင်းကို သိသဖြင့် အဝတ်ထုပ်ကို ဖြေကာ အထဲက စာတွေကို လျှောက်ရှာ လှန်လှောကြည့်လေသည်။

အမိန့်တော်ရ ဦးဘိုးဦးထံမှ စာများကိုသာ တွေ့ရပြီး ဘာမှ ထူးထူးခြားခြားမတွေ့ရ၍ စာတွေကို ပြန်ထည့်ထုပ်လျက် သေတ္တာထဲမှ ပစ္စည်းတွေကို အကုန်လုံး အောက်သို့ ချကာ ကြည့်ပြန်လေသည်။

သေတ္တာထဲမှ ပစ္စည်းများ အားလုံး ကုန်သွားလျှင် သေတ္တာ၌ ခင်းထားသော စက္ကူမှာ ဖုမို့နေ၍ စက္ကူကို ဆွဲလှပ်ကြည့်လိုက်သည့်အခါ စာရွက်ပန်းရောင် ခေါက်ကလေးတွေ တစ်ထပ်ကြီး ပေါ်လာလေသည်။

ဘိုမသည် ဒေါသမွှန်နေ၍ အချိုးကျအောင် ခေါက်ထားသော စာခေါက်ကို ရုတ်တရက် ဖြေမရနိုင်ဘဲ ကြန့်ကြာနေကာ မနည်းကြိုးစားပြီး ဖြေဖွင့်ကြည့်သည်။

ဘိုမသည် ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်၏။ အံကိုလည်း ကြိတ်၏။ တစ်စောင်ပြီး တစ်စောင်လည်း ယူဖြေဖွင့်ဖတ်ကြည့်နေ၏။ မောင်မောင်၏ စာများကို အနို့သည် ဘိုမ လာမပြရဲဘဲ သေတ္တာထဲတွင် အလုံအခြုံသိမ်းသ်က ဘိုမအား မလိမ့်တပတ်နှင့် အမိန့်တော်ရထံသို့ ရေးခိုင်းသလိုလိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လည်း မောင်မောင့်ထံသို့ပါ ရောပြန်ခိုင်းပုံတွေကို မောင်မောင့်စာများ ဖတ်ရမှသာ ရှင်းသွားတော့သည်။

မောင်မောင့်ကို အခိုက ဘယ်ပုံပြောမည် မသိ၊ မောင်မောင့်ထံမှ လက်ဆောင်များသာမက ဘိုမ တောင်းသည့် ငွေကိုပါ မရ ရအောင် ခဲခဲယဉ်းယဉ်း ရှာပေးလိုက်ရကြောင်းကိုပင် ဖတ်ရ၏။

တစ်ချက်ခုတ် နှစ်ချက်ပြတ် မိမိကို အသုံးချခြင်းဖြင့် ယခုတလော အခို၏ လက်ထဲ၌ ငွေစ ရွှင်နေပုံမှာ စာဖတ်ရမှပင် အမှန်ပေါ်ပေတော့၏။

မောင်မောင်၏ လက်ဆောင်တွေကို မောင်မောင် မြင်အောင် အသုံးပြုဖို့ မလိမ့်တပတ် လှည့်ဖြားခဲ့သော အခိုအား ပြေးပြီး ဓားနှင့် နုပ်နုပ်စင်းလိုက်ချင်အောင် ဒေါသ ထောင်းခနဲ ထလာသည်။

'တွေ့ဖို့ရာ ကြံပါဦးမယ်၊ မချောင်သေးလို့ပါ'ဟု မိမိအား ရေးခိုင်း၍ ရေးပေးလိုက်ရသော စာများမှာ မောင်မောင့်အတွက် ဖြစ်မှန်း မရိပ်မိခဲ့။ ကျောင်းရှေ့တွင် သူ့ရည်းစားလို ပိုင်ပိုင်နိုင်နိုင် ပြောနေပုံလောက် ရှက်စရာကောင်းတာလည်း မရှိ။ သည်ကိစ္စတွင် မိမိသာ အလှည့်ခံရသည် မဟုတ်ဘဲ မောင်မောင်ပါ အနှပ်ခံရသည်။

သည်တရားကို ဘယ်လိုစီရင်ရပါ့မလဲ။

ဘိုမသည် သက်ပြင်းကြီးချလျက် စာများကို နေရာမပျက် ပြန်ထားကာ အဝတ်တွေ ထည့်ပစ်လိုက်ပြီး သေတ္တာကို ဆောင့်ပိတ်ချလိုက်သည်။

[၆]

ကျောင်းက ပြန်လာသည့် ညနေစောင်းမှ ညအချိန်အထိ ဘိုမသည် အခန်းထဲက မထွက်ဘဲ ခေါင်းကိုက်လို့ဟု အကြောင်းပြကာ အိပ်ရာမှ မထဘဲ ရှိလေ၏။

ဘိုမကို ထမင်းစားလာခေါ်သော ပေါက်ပေါက်သည် 'ထပါ မမရယ်၊ အမေ့ကို မတိုင်ပါဘူး'ဟု ချော့လာချေ၏။ ဘိုမလည်း စိတ်ပေါက်ပေါက်နှင့် အော်ငေါက် လွှတ်လိုက်လေသည်။

အမေက ဆေးလာတိုက်ခြင်းကို မသောက်ချင် သောက်ချင် ထသောက်လိုက်ရသည်။ သည်ကိစ္စကို အမေ့အား ပြောရကောင်း မကောင်း စဉ်းစားကြည့်သေး၏။ အမေ့ကို မပြောခင် အကြောင်းစုံ သိရအောင် မိုးချုပ်ရန်သာ အလိုရှိနေလေ၏။

အခိုသည် အလုပ်များ ပြီးစီးပြီးနောက် အိမ်ပေါ်သို့ မတက်ရဲဘဲ ဘိုမနားသို့ မလာဝံ့အောင် ဖြစ်နေလေသည်။ မောင်မောင်က ကျောင်းရှေ့တွင်





တွေ့ခဲ့ကြောင်း လာပြောပြောချင်း မီးကျတော့မှာပဲဟု အောက်မေ့တာ တိုယ့်အပြစ်နှင့်ကိုယ် နေမထိ ထိုင်မထိ ဖြစ်နေလေသည်။ အလုပ်ကို ဖြောင့်အောင် မလုပ်နိုင်တော့ဘဲ ရင်ထဲက တဒိတ်ဒိတ် ခုန်နေသည်။ ဘိုမ ကျောင်းက ပြန်လာကတည်းက အခန်းထဲမှ မထွက်လာ၍ သာပြီး အနေရ အထိုင်ရ ကျပ်နေတော့၏။

အခိုသည် အိပ်ချိန်ကျမှပင် မရဲတရဲနှင့် အခန်းထဲသို့ ဝင်လာခဲ့သည်။ အခို့ကို တစ်ချိန်လုံး စောင့်နေသော ဘိုမသည် အခိုဝင်လာတာ မြင်သည်နှင့် ခုတင်ပေါ်မှ ငေါက်ခနဲ ထလိုက်ကာ အခန်းတံခါးကို ပြေးပိတ်လျက် အခို နှင့် မျက်နှာချင်းဆိုင် လာရပ်သည်။

"ကဲ...မှန်မှန် ပြောမလား၊ မပြောဘူးလား။ ဒါပဲ သိချင်တယ်"

'ဘာများလဲ ဘိုမရယ်'ဟု မသိချင်ယောင်ဆောင်ထားသော မျက်နှာနှင့် ပြောပင် ပြောငြား မျက်နှာတော်တော်ပျက်နေသည်။

"ဘာများလဲလို့များ မေးရသေးသလား၊ ဘိုမနဲ့ ပတ်သက်ပြီး မဟုတ်ဘာတွေ လုပ်နေတာ ကိုယ့်ဟာကိုယ် မသိဘူးလား"

'ဘာလုပ်လို့လဲ'ဟု အခိုက မျက်မှောင်ကုတ်ကာ အခိုင်အမာ ပြန်ပြောမှုကို မချုပ်တည်းနိုင်အောင် ဒေါသ ထွက်လာလေသည်။

"ဘာလုပ်လို့လဲ ဟုတ်လား၊ ဘာလုပ်တယ်ဆိုတာ အမေ့ကို ပြောပြလိုက်ဦးမယ်"

ဘိုမသည် ဒေါနှင့် မောနှင့် အခန်းဝသို့ လျှောက်သွားကာ တံခါးချက်ကို ချရန် လှမ်းအဆွဲ၊ ဘိုမအနားသို့ အခိုပြေးလာကာ ဒူးထောက်လျက် ဘိုမ၏ ခြေထောက်ကို ဖက်ပြီးလျှင် 'ဘိုမရယ် ရှိခိုးပါရဲ့၊ ပြောဆို ပြောပါ့မယ်'ဟု သိတ်ထိတ်ပျာပျာ တောင်းပန်နေလေသည်။

ဘိုမသည် တံခါးချက်ကို မဖွင့်သေးဘဲ ကိုယ်ကို ပြန်လှည့်ကာ အခိုအား စားတော့ ဝါးတော့မလောက် ကြည့်လျက် 'ကဲ ပြော၊ အကုန်ပြော'ဟု ခပ်အုပ်အုပ် ပြောလိုက်လေသည်။

အခိုသည် ကြမ်းပြင်သို့ ခေါင်းစိုက်နေကာ တစ်ခွန်းမပြော တုဏှိဘောလုပ်နေခြင်းကို 'မေးတာ ပြောလေ'ဟု ထပ်ပြောလိုက်သော အသံမှာ ကျယ်လွန်း၍ အပြင်ဘက်က ကြားမှာကို တုန်သွားလေသည်။

"ပြောမယ် ပြောပါ့မယ် ဘို...မရယ် ပြောရင် ဒေါ်လေးကို တိုင်မှာလား...ဟင်"

"မှန်တာပြော၊ ဘာမှ ဖုံးမထားဘဲ ဖြစ်တဲ့အတိုင်း အကုန်လုံးပြော၊



www.burmeseclassic.com

www.burmeseclassic.com



မပြောရင် ခုတိုင်လိုက်မယ်"

ဘိုမရှေ့တွင် အခို စိတ်အိုက်နေပုံမှာ အကြပ်အတည်းကျ၍ ထွက်ပေါက်ရှာမတွေ့သလို မျက်လုံးကြီး လည်နေကာ အိမ်ရောက်စက ဖြစ်နေပုံအတိုင်း တစ်ပုံတည်း ပြန်မြင်ရသည်။

အကြောင်းမှန် မပြောသေးခင် မိမိအား မော့၍ အသနားခံသလို ကြည့်ရှုနေပုံများလည်း တစ်ယောက်နှင့်တစ်ယောက် တွေ့ကြစဉ်က ကြည့်ပုံနှပုံမျိုးအတိုင်း ပြန်တွေ့ရသည်။

ခိုကိုးရာမဲ့ တစ်ကောင်ကြွက် အားကိုးကြည့်၊ အသနားခံကြည့် အကြည့်မျိုးကို ကြင်နာသွားခဲ့မိဖူးသော မေတ္တာဓာတ်ခံသည် ဒေါသဖြစ်နေသည့် ကြားထဲမှာပင် ပေါ်လာချင်သေးသည်။

ဘိုမ၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးများသည် နောက်ထပ်ထွက်စရာ ဒေါသများ ကုန်ခန်းသွားသကဲ့သို့ သိသိသာသာကြီး ပျော့မေ့သွားကာ လောကကြီးတွင် အဆိုးဆုံး၊ မသတီစရာ အကောင်းဆုံး၊ အညစ်ညမ်းဆုံးကို လှလှကြီး တွေ့ကြုံရမှန်း တနန့်နန့် ခံစားလျက် ရှိနေ၏။

"ဘိုမရယ် အခို မှားပါတယ်၊ ဘိုမကို ဒီလိုလုပ်တာ ခွင့်လွှတ်ပါ။ အခို့မှာ အခက်တွေ့တာနဲ့ ကြံရာမရ လုပ်မိပါတယ်"

'ဘာအခက်တွေ့လို့ ဒါမျိုးလုပ်ရတာလဲ'ဟု မေးလိုက်ချင်သော်လည်း စက်ဆုပ်အားကြီးခြင်းကြောင့် စိတ်ကုန်ကာ မျက်မှောင်တွန့်လျက် ရွံရှာစွာ စိုက်ကြည့်နေလေသည်။

အခိုသည် အမှန်အတိုင်း ဖွင့်ပြောဝန်ခံတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ကာ ဣန္ဒြေရရနှင့် မျက်ရည်များကိုလည်း ထိန်းရင်း အသံမပျက် ကြိုးစားပြီး ပြောပြလေသည်။

"အခိုလေ ဒီအိမ်မှာ လာနေတာ အခိုင်းအစေထင်မှာ ကြောက်လွန်းလို့ ဒေါ်လေးတူမ ဆိုတာလည်း မယုံမှာ စိုးလွန်းလို့ အိမ်မှာ အခိုသော့ကိုင်၊ အခို့ လက်ခြေကြီးပဲဆိုတာ ယုံအောင် ပြောမိတာနဲ့ အခို့ဆီမှာ သူက ငွေချေးတယ်။ အခိုလည်း အကြံရ ကြပ်နေတုန်း တစ်နေ့ မောင်မောင်က ဈေးမှာ လိုက်ပြီး ဘိုမကို စာပေး ပေးဖို့ တောင်းပန်တယ်။ အခိုလည်း အကြံရပြီး သူ့ဆီက စာယူလာခဲ့တယ်။ ဘိုမကို မောင်မောင်ဆီပါ စာရေးခိုင်းပြီး စာပြန်ပေးလိုက်တယ်။ နောက် မောင်မောင်ဆီက ဘိုမအယူနဲ့ ငွေတစ်ရာ တောင်းပြီး ဟိုကို ပေးလိုက်ရတယ်"

ဘိုမသည် ကြားရချက် ဆိုးဝါးလှ၍ ခွန်အားကုန်ကာ ယိမ်းယိုင်လာ





သော့မောလက် ဖြစ်လာခြင်းကြောင့် တံခါးနားမှ အနိုင်နိုင် လှမ်းလာကာ ခုတင်ပေါ်သို့ ပစ်ထိုင်ချလိုက်သည်။

ဒါကြောင့် အမေက အုံ့ပုန်းလို့ ပြောတာကိုးဟု အဓိပ္ပာယ်အနက်ထင်လာလျက် လူကဲခတ်ကောင်းသော မိခင်၏ အသိဉာဏ်ကို လေးစားမိချေ၏။

အခိုသည် ရှေ့လျှောက် မဆက်တော့ဘဲ ငုံ့ကာ မျက်ရည်တစ်ပေါက်ပေါက် ကျနေလေသည်။ အမှန်ပြောရမည်ဆို၍ အမှန်တွေ ရဲရဲကြီး ဖွင့်ပြောခြင်းဖြင့် အပြစ်မှ ချမ်းသာပေးရန် တိုးလျှိုးဝန်ချ တောင်းပန်ပြန်လေသည်။

"ဘိုမရယ် ချမ်းသာပေးပါနော်။ ဘိုမသာ ဒေါ်လေးကို တိုင်ရင် အခို့လက်ထဲက လက်ဝတ်လက်စားတွေ ချွတ်ယူပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တောပြန်လွှတ်မှာ။ ဒီတော့ သူကလည်း အခို့ကို ယူမှာ မဟုတ်ဘူး"

"လက်ဝတ်လက်စား မရှိရင် ယူမှာ မဟုတ်ဘူး'ဟု ပြောပုံမှာ ရုတ်ဘရက်သော် နားဝင်ဆိုးလှ၏။ သို့သော် မိမိအနေနှင့် မဟုတ်ဘဲ အခို့အနေနှင့် သုံးသပ်ကြည့်မိလေသည်။

အိုင်စီအက် ဘိလပ်ပြန်ကို သမီးရှင်တွေက ငွေနှင့် ပေါက်ဝယ်ကြသောခေတ်၌ အမိန့်တော်ရကတော် ဖြစ်ဖို့အရေး လက်ဝတ်လက်စားရှိဖို့လိုမှန်း သူလည်းပဲ သဘောပေါက်နေမှကိုးဟု ဝမ်းနည်းသွားမိသည်။

ဘိုမသည် သုံးသပ်စဉ်းစားရင်း နာကြည်းလာလေသည်။

ဘိုမ နာကြည်းလာသည့် အချက်မှာ တစ်ပတ်ရိုက် ခံရသည်ကိုလည်း မဟုတ်။ လမ်းလယ်ခေါင်မှာ အရှက်ကွဲ ခံခဲ့ရသည်ကိုလည်း မဟုတ်။ ဆန်းပြား ညစ်ပတ်စွာ စိတ်ကူးတတ်စေအောင် ဆွဲဆောင်ဖျက်ဆီးစေသော အခြေအနေကို အင်မတန်မှ နာကြည်းရွံခါးသွားလေ၏။

အခို့လက်က လက်ဝတ်လက်စားများသည် ဘိုမမျက်စိထဲတွင် ကျောက်ခဲမြင်ရတာကမှ ကြည့်ရဦးမည်။ စိန်တွေ ရွှေတွေ မြင်ရတာ မသတီစရာကြီးဖြစ်လာလျက် ကြည့်ရကပ်လာမိသည်။

ဘိုမသည် အခို့ကို တစ်လှည့်၊ လက်ဝတ်လက်စားများကို တစ်လှည့် ကြည့်ရင်း ကြည့်ရင်း အတိုင်းထက်အလွန် စိတ်ဆင်းရဲလာလေ၏။

ဘိုမ ဆိတ်ငြိမ်နေ၍ အခိုလည်း ငြိမ်ငုံ့နေရာက ခေါင်းကို တဖြည်းဖြည်းဆောင်ကာ မရဲတရဲ မော့ကြည့်လိုက်လေသည်။ မျက်နှာချင်းဆိုင်ရန် ဝန်လေးသဖြင့် ဘိုမသည် ဆတ်ခနဲ မျက်နှာတစ်ဖက် လှည့်နေလိုက်သည်။

အခိုလည်း နေရာမှ မထဘဲ ထိုင်လျက်က ဘိုမအနားသို့ တရွေ့ရွေ့သာရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဘိုမရယ် အခို့ကို ချမ်းသာပေးပါနော်၊ မတိုင်ပါနဲ့။ အခို့မှာလေ အခု ကိုယ်ဝန်များ ရှိနေလားလည်း မသိဘူး"

"အနား မလာနဲ့တော့၊ သွား သွား အနားမလာနဲ့'ဟု ပြန်ဆိုရင်း ဘိုမသည် ခုတင်ပေါ်သို့ ပစ်လှဲလိုက်ကာ စောင်ကို ဆွဲ၍ ခေါင်းမြီးအရ ခြုံထားလိုက်သည်။

အခိုထံမှ အသံမကြားရတော့ပေ။ အခန်းမှာ တိတ်ဆိတ်၍ သွားလေ၏။

ဘိုမသည် အိပ်ရာထဲတွင် ငြိမ်နေသော်လည်း ရင်ထဲ၌ မောနေလေသည်။ ဖြစ်ရလေခြင်း ဟူသော ယူကျုံးမရ စိတ်တွေက ရင်ထဲတွင် ဆို့နေသည်။ တိတ်ဆိတ်နေသည့်အတွင်း ဓာတ်မီးခလုတ် အခို ထပိတ်လိုက်သော အသံမှာ ကျယ်လောင်စွာ မြည်သွား၍ လန့်သွားသည်။

ဘိုမမှာ စောင်ခြုံထဲ၌ မွန်းနေကာ တုန်လှုပ်ချောက်ချားစွာနှင့်ပင် အသက်ကို မှျင်းရှူနေရလေသည်။ ချွေးဒီးဒီးကျလာမှပင် စောင်ခြုံလှပ်၍ အသက်ကို အားရပါးရ သက်ပြင်းချ ရှူလိုက်ပြီး အခို၏ အသံကို နားစွင့်ကြည့်သည်။

အခိုမှာ အိပ်မပျော်ဘဲ လူးလိမ့်လျက် ရှိနေကာ ခပ်ပြင်းပြင်းရှူနေသော အသက်ရှူသံကို အတိုင်းသား ကြားနေရသည်။

ဘိုမသည် အမေ့ တိုင်သင့်၊ မတိုင်သင့် ဆုံးဖြတ်၍ မရနိုင်အောင် ဖြစ်နေသည်။ တိုင်လိုက်ချေက အခိုပြောသလို အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် အိမ်က ဆင်းရမှာ အမှန်။ ဆင်းသွားလျှင် ဟိုက ယူချင်မှ ယူမည်။ မယူရင်လည်း အခက်။

ဘိုမ အခံရ အခက်ဆုံးမှာ အမေ့အား တိုင်သည်ဖြစ်စေ၊ မတိုင်သည်ဖြစ်စေ မိမိပေါ်တွင် မောင်မောင်က သူ့ရည်းစားပဲဟု ထင်မှတ်တာကိုတော့ အခံရ အခက်ဆုံး ဖြစ်သည်။

အခို ရှုပ်ပုံကို အမေ့ကို မပြောဘဲ အခို့အတွက် ငဲ့ ငဲ့ရစေဦး၊ မောင်မောင်ကိုတော့ ဒီဇာတ်ထုပ် ဖွင့်ရှင်းပြောလိုက်ချင်သည်။ ဒါပေမဲ့ မလွယ်လှ၊ ကိုယ့်သားချင်း မကောင်းကြောင်း ဖွင့်အံပြဖို့ရာလည်း မကောင်းလှ၊ ရှက်ဖို့ကောင်းသည်။

ဘိုမသည် ရင်ထဲ၌ ခုန်လွန်း၍ ခေါင်းအုံးနှင့် ဖိထားသည်။ တစ်ဖက် ခုတင်ဆီက ရှိုက်သံကြားရသောအခါ ဘိုမသည် နုံး၍ သွားတော့သည်။ အမှန်တော့ စိတ်မချမ်းသာလွန်း၍ ပျော့ကျသွားကာ တဖြည်းဖြည်း မှိန်းလျက် နောက်ဆုံး အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။





[၇]

ယ်နှစ်ခွန်း ခေါ်နေသည် မသိ၊ 'ဘိုမ ဘိုမ' မရပ်မနား ခေါ်နေသော အမေ့ သံကို ကြားမိ၍ ဆတ်ခနဲ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

ညဥ့်ဦးပိုင်းက မှောင်ထားသော အခန်းမှာ လင်းထိန်၍ နေလေသည်။ ခန်းထဲတွင် အမေသာမဟုတ်။ အဖေရော၊ အစ်ကိုရော၊ မမရော၊ ပေါက်ပေါက် က ပြွတ်ဝင်လာကြပုံပါ ပေါင်းမြင်လိုက်ရ၍ အထိတ်တလန့် ငေါက်ခနဲထလိုက် ခို့ခုတင်ကို လှမ်းကြည့်လျက် ဟိုက်ခနဲ ဖြစ်သွားတော့သည်။

"အခို... အခို မရှိဘူး"

အားလုံးသိအောင် ပြောလိုက်သော အမေ့အသံ တုန်တုန်ကို ကြားလိုက် င် ကျောထဲမှ စိမ့်သွားလေသည်။

"မီးကြီးက လင်းနေပြီး အခန်းတံခါး ပွင့်နေတော့ ဘိုမ သိပ်များ မကောင်း ဖြစ်နေသလားလို့ ဝင်ကြည့်တာ ဘိုမသာ အိပ်နေတယ် သူ့ တွေ့ဘူး၊ ဒါနဲ့ အောက်ဆင်းရအောင်လည်း လေကာတံခါးက သော့က ငါ့ ခန်းထဲမှာပါလို့ အောက်မေ့ရင်း သွားကြည့်ပြန်တော့ တံခါးသော့က ပိတ် တဲ့ အတိုင်းပဲ၊ ဒါနဲ့ ဘယ့်နှယ်လဲလို့ ခေါင်းကြီးသွားပြီး သေသေချာချာ ကြည့်တော့မှ လားလား လသာခန်းတံခါးကြီး ပွင့်နေတယ်။ အဲဒီပေါ် ခုန်ချတာ ဖြစ်ရမှာပဲ"

အမေသည် အသက်ကို မရှူဘဲ ကတိုက်ကရိုက် ဒရောသောပါးကြီး ပြနေပါလျက် ဖြန်းခနဲ တရေးနိုး ထကြားကြရသော သူများမှာ သိချင်၊ ချင်ဇော အပြတ်မခံနိုင်ကာ မဆိုင်းနိုင်သလောက် အရှေးတကြီးစိုက် နား ောင်နေကြသည်။

ဘိုမသည် ညနေက အတိုင်းပင် ရင်ထဲတွင် တဒိန်းဒိန်း ဖြစ်လာပြန် သည်။

မျက်စိထဲတွင် အမိန့်တော်ရ အိမ်ဆီသို့ ပြေးနေသော အခို့ကို မြင် ောင်လိုက်မိသည်။ အမေ့တိုင်မှာ ကြောက်လွန်းလို့ ဦးအောင် အရင်ပြေးတာ ဒက်ခနဲ တွေးသနားမိသည်။

"ဟောဟိုမှာ တံခါးကြီးက ပွင့်လို့"

အမေသည် ပြောစရာကုန်မှ အခန်းဝသို့ အဆောတလျင် ထွက်ရပ် လသာဆောင်ကို လက်ညှိုးထိုး၍ ပြနေ၏။

အခန်းဝသို့ အားလုံး ပြုံထွက်ကြပြန်ကာ တံခါးဆီသို့ လှမ်းကြည့်ကြ ည်၊ အဖေနှင့် အစ်ကိုလည်း လသာဆောင်သို့ ထွက်ကာ သွားကြည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

"ဒါကြောင့် အုံ့ပုန်းပါလို့ ပြောတာ။ အိမ်က ပြေးစရာအကြောင်း ဘာမှ မရှိဘူး။ ဒီလောက် အမြင့်ကြီးက ခုန်ချရဲတာ လင့်နောက်လိုက်လို့သာ ဖြစ်ရမယ်"

ဘိုမသည် ငြိမ်၍ အမေ့မျက်နှာကို စိုက်ကြည့်၏။ အဖေနှင့် မောင်နှမ တစ်စုသည် အမေ့ကို မကြည့်၊ တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ် ကြည့်လိုက်ကြသည်။ အမေ၏ မျက်လုံးများသည် ဝင်းတောက်လာသည်။

"ဘိုမ တစ်ခန်းတည်းနေတာ မသိဘူးလား"

ဘိုမ၏ မျက်နှာမှာ ဖြတ်ခနဲ ဖျော့သွားလေသည်။ အသိကို ပြောရကောင်း မကောင်း ချီတုံချတုံ ဖြစ်နေဆဲ...

"သိတယ်လား၊ သိရင် ပြောစမ်း၊ သူ့မှာ ရည်းစားရှိသလား"

မျက်နှာထားကြီးနှင့် မေးနေသော အမေ့ကို ရွံ့ရွံ့ဖြင့် 'ရှိတယ် အမေ' ဟု ပြောလိုက်ရသည်။

အဖေက စ၍ အားလုံး ဘိုမကို ပြူးကြည့်ကြသည်။ မျက်လုံးတွေ အရောင်ပြောင်းနေလျက် ထူးဆန်းသော ကြည့်ခြင်းမျိုးဖြင့် ဝိုင်းကြည့်နေကြ၏။

"သိလျက်နဲ့ ဘာဖြစ်လို့ ငါ့ကို မပြောဘဲ ဖုံးထားရသလဲဟင်၊ ဘယ်သူလဲ ပြောစမ်း"

အမေ၏ ဒေါသကို သိ၍ ပြောရမှာပင် လန့်လန့်ဖြစ်လာလေသည်။

"လင်နောက်လိုက်မှာတော့ ဘိုမ မသိဘူး၊ သူ့ရည်းစားတော့ သူပြောလို့ သိတယ်၊ ဟို ဈေးပိုင်းက အမိန့်တော်ရ ဦးဘိုးဦး"

"ကြည့်စမ်းပါဦးတော်"

အမေ၏ အသံမှာ နားထဲတွင် စူးသွားလေသည်။

စာရေးခိုင်းလို့ သိရတယ်ဟု ထည့်မပြော ပြောလိုက်ရလျှင် မိုးမီးလောင်လိမ့်မည်။ ဘိုမသည် သည်အကြောင်းကို အမေတို့ သိဖို့ရာ ဘယ်သူ ဘယ်ဝါလောက်ပဲ ပြောမည်ဟု ပိုင်းဖြတ်လိုက်သည်။

"ကြည့်စမ်းပါဦးတော်...ဖဲသမား၊ အရက်သမား၊ ဒီလိုလူမျိုး သူမက်ထား အုံ့ပါရဲ့။ သူ့လက်ဝတ်လက်စားမြင်လို့ သူ့ကို ဟိုက အမဲဖမ်းတာ။ အမေလေး မယားကြီးနဲ့ဟာ လင်ရှားသလား။ မဖြစ်ချေဘူး၊ ဒင်းဆီပါသွားတဲ့ လက်ဝတ်လက်စားတွေ အခု အမီ လိုက်ယူမှ လာ...လာ ဖအေကြီး"

ဘိုမ ရင်ထဲတွင် ဟာသွားပြန်သည်။ လက်ဝတ်လက်စားစကား မကြားချင်ကာမှ ထပ်ကြားရပြန်သည်။ လက်ဝတ်လက်စား ဖြုတ်မှာကြောက်၍





...ကာမှ လက်ဝတ်လက်စား လိုက်ဖြုတ်ယူချင် ကြပြန်သည်။

"မဟုတ်တာ ဘာလုပ်ယူတော့မလဲ။ နေပစေ သွားပစေ။ ဒီပြင် ဘာ...တွေ ပါသွားသေးသလဲ၊ ကြည့်ကြဦး"

အဖေ ဝင်ပြောလိုက်မှပင် ဘိုမသည် လက်ဝတ်လက်စားအတွက် စိတ်...က်သာရာ အတန်ငယ် ရသွားလေသည်။

အခန်းထဲသို့ အားလုံး ပြန်ဝင်လာကြသည်။ အမေက အခို့သေတ္တာ၏ ...တ္တာကို သွားဆွဲလိုက်ရာ သော့မပိတ်၍ အလွယ်တကူ ဖွင့်နိုင်လေသည်။

ဘိုမမှာ အမေ သေတ္တာကိုင်လိုက်မှ စာပန်းရောင်တွေကို သွားသတိရ...ာ့သည်။ ဘုရား၊ ဘုရား တလျက် ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာကာ မျက်...တွေ ပြာလာလေသည်။

'သေတ္တာကို ပြောင်လို့ အကုန်ယူသွားတယ်။ ဟောင်းလောင်းကြီး ...မှ မရှိဘူး' ဟု ပြောရင်း သေတ္တာခင်းထားသော စက္ကူကို ဆွဲလှပ်လိုက်...ည်။ ဘိုမမှာ ဟိုက်ခနဲ ဖြစ်သွား၏။

'အံမယ်...ဒီမှာလည်း စာတွေပါလား'ဆိုလိုက်၍ သေတ္တာနားသို့ ...လုံး ပြုံရောက်သွားကြပြန်သည်။ သေတ္တာနားသို့ ဘိုမ မသွားဘဲ ငါတော့ ...က်ပဲဟု တွေးတောကာ ယူကျုံးမရ ဖြစ်ခြင်းဖြင့် ခေါင်းကို ငုံ့နေလေ၏။

စာရွက်ပန်းရောင်ခေါက်ကို အမေက ဖြန့်ဖတ်ကြည့်လေသည်။ အမေ...ည် စာဖတ်နေရာမှ မျက်လုံးကြီးများလှန်ကာ ဘိုမအား စက်ဆုပ်စွာ စိန်းစိန်း ...း ကြည့်လိုက်သည်။

"လပ်စသတ်တော့ တစ်ကျိတ်တည်း၊ တစ်ကြံတည်းကိုး။ ဒါကြောင့် ...ဘူ အလိုပါ မြှုနေတာ။ ဒီမလေ မရှေ့ဘိုမကလည်း ရည်းစားနဲ့"

အမေသည် လက်ထဲကစာကို အဖေ့လက်သို့ ကမ်းပေးခဲ့ကာ ဘိုမ ...ဘည့်တည့်သို့ ရောက်လာ၏။ ငုံ့ထားသော မျက်နှာလေးကို လက်ဖြင့် ...ပင့်လျက် ဒေါသကြောင့် ရင်ထဲတွင် ဆို့နေကာ စကားလုံးများ ထွက် ...ာပေ။

ဘိုမမှာ မော့နေရစဉ် မျက်လုံး ပိတ်ထားလေသည်။ မျက်လုံးမှိတ်ထား ...ည်ကြားထဲတွင် ချမ်းသာပေးပါ ဘိုမရယ်ဟု အသနားခံနေသော အခို့၏ ...နှာကို မြင်လာသည်။

ပေါက်ပေါက်သည် မမကို လက်ကုပ်လျက် 'ဟိုဘက်အိမ်က အကောင် ... ကြားလောက်ရဲ့ အနားသို့ ကပ်ပြောလေသည်။

မမက ပေါက်ပေါက်ကို တတောင်နှင့် ပြန်တွက်ကာ သေတ္တာယံက



www.burmeseclassic.com

www.burmeseclassic.com


စာတွေနှင့် ဘိုမကိုသာ ငိုင်ကြည့်နေလေသည်။

'အမေ့သမီး ကြည့်စမ်းပါဦးဗျာ။ ဒီကောင့်ဆီမှာ ပိုက်ဆံတောင်းတယ်' ဟု ပြောလိုက်သော အစ်ကို၏ အသံကို ကြားရမှ စာတွေကို အစ်ကိုပါ ယူ ဖတ်နေမှန်း သိကာ ရှက်လွန်လွန်း၍ မျက်လုံး မဖွင့်ရဲပေ။

"ပိုက်ဆံ တောင်းတယ်လား…ဟဲ့ အရှက်မရှိဘူးလားဟင်။ မရှက်ဘူးလား"

မေးကို ကိုင်ပင့်ထားသော အမေသည် ခပ်ကြမ်းကြမ်း ခါလှုပ်ကာ စစ်မေးနေသည်။

ဘိုမသည် အားလုံးကိုပင် ဖွင့်ပြောလိုက်ချင်သည်။ သပွတ်အူထက် ရှုပ်နေသောအဖြစ်ကို ဖွင့်ပြောသဖြင့် ယုံပါက တော်သေး၏။ မယုံက ပလီချောက်ချက်နိုင်ရမလားဟု ထပ်လောင်းရှုတ်ချ ပြောဆိုမှာကိုလည်း တစ်စက်မှ မခံချင်။ ကိုယ့်ဘက်ကလည်း အပြစ်မကင်း စာရေးပေးမိသည်။ ရှင်းပြေလို့ ယုံပြန်လျှင် အမေ့ကို ဘယ်သူမှ တားရမှာ မဟုတ်ဘဲ အနို့နောက်သို့ ဥတွင်းချင်း လိုက်ကာ လက်ဝတ်လက်စားသွားဖြုတ်မှဖြင့် ကိုယ်ဝန်ရှိနေသော အနိုကို ဟိုလူကြီးက မပေါင်းမှာလည်း စိုးရ…။

ဘိုမသည် အသက်ရှူကျပ်ကာ နှုတ်ခမ်းကို တင်းတင်းကြီးစေ့လျက် အဖက်ဖက်မှ ခက်နေသည်။ စိတ်အိုက်အိုက်ဖြင့် 'ကျွန်မ ရည်းစားမထားဘူး' ဟုသာ ပြန်အဖြေပေးလိုက်သည်။

အမေသည် သူ့လက်ကို လွှတ်လိုက်တာ 'ဘာ ဘာပြောတယ်' ဟု ပြောရင်း ဒေါသအဟုန်ဖြင့် ရှေ့သို့ မဆက်နိုင်ဘဲ ပြူးစိုက်ကြည့်နေ၏။ အမေ၏ မျက်လုံးဒဏ်ကို မခံနိုင်ခြင်းကြောင့် မျက်နှာလွှဲလိုက်ရသည်။

အနိုခံရမည့် ဒေါသဒဏ်ကို အနို့အစား မိမိက စင်းခံနေရရာ အကြောင်းမှန် ပြောချင်သည့် အာသာဆန္ဒကို အတင်းချုပ်တည်းရသည်။ အနို့အတွက် ချက်ချင်းပြော၍ မဖြစ်၊ နောက် အေးအေးမှ ပြောလို့ဖြစ်မည်။

ဘိုမသည် ဖွင့်မပြောရန် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးနောက် စိတ်တင်းလျက် အမေ့ကို ပြန်စိုက်ကြည့်ကာ 'ကျွန်မ ရည်းစားမထားဘူး၊ ရည်းစား မထားတာ အမှန်ပဲ။ ကျွန်မ မသိဘူး' ဟု ဖြောင့်ဖြောင့်ကြီး ပြန်ပြောလိုက်သည်။

"ရည်းစားမထားလို့ ဒီစာတွေက ဘယ်သူ့နာမည်နဲ့ စာလဲဟင်၊ ရည်းစားမဟုတ်လို့ အနို့စာလို့ ပြောချင်သေးသလား ဟင်"

မိမိအား နှင့်နှင့်သီးသီး မပြောစဖူးသော မိခင်အား ဝမ်းနည်းစွာ ကြည့်လိုက်ကာ နာကြည်းခြင်းဖြင့် မျက်ရည်ပေါက်ကြီးများ စီးကျလာလေသည်။

"ဒီစာ ကျွန်မစာ မဟုတ်ဘူး"

ဒေါသကို မချုပ်တည်းနိုင်သော အမေသည် ဘိုမကို လက်နှင့် တအား လှမ်းချလိုက်ရာ အဖေက ဝင်ဆွဲ၍သာ အသားကို မထိဘဲ နေလေသည်။

လက်နှင့် ရွယ်ရုံဖြင့်ပင် ဘိုမမှာ ဆတ်ဆတ်ခါအောင် နာသွားလေသည်။ ငိုက်ကြီးတငင် အသံထွက် ငိုလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ခုတင်ဆီသို့ ပြေးသွားလေသည်။ ခုတင်ပေါ်တွင် လှဲမှောက်လိုက်ကာ ကျုံ့ကျုံ့ပေါ်အောင် ငိုကြွေးနေပေတော့သည်။

[၈]

ညက တစ်ညပတ်လုံး ဝမ်းနည်းပန်းနည်း ငိုကြွေးနေခြင်းကြောင့် လင်းအားကြီးသောက်မှ အိပ်ပျော်သွား၍ မျက်လုံးဖွင့်ဖွင့်ချင်း တော်တော်ကြီး နေမြင့်နေသည်ကို တွေ့ရသည်။

ဘိုမသည် နိုးလာတာနှင့် ညကအကြောင်းကို ပြန်စဉ်းစားမိလေသည်။

အမေတို့ကို အေးအေးဆေးဆေး အကြောင်းစုံ ရှင်းပြောပြဖို့ရန် အစီအစဉ် စဉ်းစားနေလေသည်။ စိတ်ဆိုးမပြေဘဲ အနို့ဆီက ပစ္စည်းတွေ ပြန်တောင်းလို့ မရရင် ပစ္စည်းတွေ ခိုးသွားတယ်လို့ ဂတ်သွားတိုင်မှာလည်း တစ်ဖက်က တွေးပူစိုးရိမ်လာမိပြန်သည်။

ဒီနေ့ ပြောရကောင်းမလား၊ သုံးလေးရက်ကြာလို့ ဒေါသပြေမှ ပြောရကောင်းမလား စဉ်းစားနေရင်းက ချက်ချင်းပဲ ဒီနေ့ပဲ ပြောချင်သည့် စိတ်တစ်မျိုး ပေါက်လာပြန်သည်။

ဘယ့်နှယ်ရှိရှိ ပြောပြမယ်၊ ညက သူ့အတွက် ငဲ့ပြီး မပြောဘဲ နေရတာ၊ သူကမှ ကိုယ့်မငဲ့ဘဲဟာ အမေ့ကို ဘယ်လောက် ရှက်စရာကောင်းသလဲ။

ဘိုမသည် ကိုယ်ပေါ်မှစောင်ကို ဖယ်ကာ ဒေါသနှင့် မောနှင့် အိပ်ရာမှ ထလိုက်ပြီးနောက် မျက်နှာသုတ်ပဝါကို ဆွဲကိုင်လျက် အခန်းထဲမှ ထွက်လာခဲ့သည်။

အခန်းတံခါးနားအရောက် အခန်းဝသို့ ပေါက်ပေါက် ရောက်လာလေ၏၊ ပေါက်ပေါက်မှာ အခန်းထဲသို့ မဝင်ဘဲ အခန်းဝ၌ ရပ်စောင့်နေသည်။

"အနို အပေါ်က ခုန်ချတာ ဘယ်ထိသွားသလဲ မသိဘူး မမ အောက်မှာလေ သွေးကွက်ကြီး ကျန်ရစ်ခဲ့တယ်။ အင်္ကျီတစ်ထည်လည်း သွေးတွေ



www.burmeseclassic.com

www.burmeseclassic.com

စွန်းလို့ ခြံတံခါးနားမှာ ကျနေတယ်"

သွေးကွက်ကြီးဟု ကြားလိုက်ရ၍ စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ အိပ်ရာထ တင်းထားသောစိတ်သည် ကြင်နာသောစိတ်ကို အလျှော့ပေးရမလို ဖြစ်လာလေသည်။ အမေ့ကို တိုင်ချင်သောစိတ်များ တဖြည်းဖြည်း လွင့်ပါး ပျောက်ပျက်ကုန်အောင် သူ့စိတ်သူ မနိုင်တော့ပေ။

"အဖေတို့ အမေတို့ အောက်မှာလား"

သူ့အသံမှာ ပျော့နေခြင်းဖြင့် တုန်နေကာ အဆုံးသတ် တိမ်သွားလေသည်။

"စောစောက အမေ မမ နိုးပြီလားလို့ လာကြည့်သေးတယ်။ မနိုးတာနဲ့ ပြန်ဆင်းသွားတယ်။ အခု အောက်မှာ မမအကြောင်းကို အဖေနဲ့ ပြောနေကြတယ်"

ဘိုမသည် အခန်းပြင်သို့ မထွက်သေးဘဲ ဆုတ်ဆိုင်းလျက်နေကာ 'ဘာတွေ ပြောနေကြသလဲ'ဟု ပေါက်ပေါက်ကို မေးမြန်းကြည့်သည်။

'မနက်စာ အစောကြီးပဲ၊ ဟိုဘက်အိမ်က ဘကြီး ဦးတင်လေးနဲ့ မမ 'လူ'ကိုလေ အမေက အခေါ်ခိုင်းပြီး သူတို့လာကြတော့..."

ဘိုမသည် ချက်ချင်း မျက်နှာပျက်သွားကာ...

"ခေါ်ပြောတယ် ဟုတ်လား။ ဘာတွေ ခေါ်ပြောသလဲ ဟင်'ဟု ထိတ်ထိတ်ပျာပျာ မေးရင်း ခေါင်းနပန်းကြီးလာသည်။

ပေါက်ပေါက်သည် ရုတ်တရက် ပြန်မပြောချေ။ သူ့အတွေးနှင့်သူ ပြုံးစိပြုံးစိဖြစ်နေသော မျက်နှာကို ပြန်၍ အပိုးသေစေပြီ....

"မပူပါနဲ့တော့ မမရယ်၊ အမေက မင်းတို့ချစ်ခြင်း မခွဲဘူးတဲ့၊ ငယ်ကြသေးတယ်၊ ပညာကို ကြိုးစားသင်ပါတဲ့၊ တစ်နေ့ အရွယ်ရောက်လာကြလို့ ပညာတတ်လာရင် ပေးစားမယ်တဲ့၊ ဒီကြားထဲ မိသား ဘသားပီပီ နေပါတဲ့"

ဘိုမသည် မှုးနောက်ခမန်း ဖြစ်လာကာ ဆုံးအောင် ဆက်နားထောင်ဖို့ပင် မတတ်နိုင်တော့။ ခုတင်ဆီသို့ လှည့်သွားကာ ခေါင်းအုံးပေါ်၌ မျက်နှာကို မှောက်လျက် ရှိုက်လိုက်လေသည်။

ဖော်ပြခြင်းငှာ မတတ်နိုင်သော စိတ်မချမ်းမသာ ဖြစ်နေကာ ငြိမ်နေလေသည်။

မျက်လုံးကလေးပြူး၍ ကြောင်ရပ်နေသော ပေါက်ပေါက်သည် အခန်းထဲသို့ ဖြည်းဖြည်းကလေး လှမ်းဝင်လာသည်။ ဘိုမဘေးတွင် အသာရပ်လျက် တိတ်နေပြီးမှ ဘိုမကို ညင်ညင်သာသာလေး ချော့ပြောရှာသည်။





"ဘာဖြစ်လို့ ငိုရတာလဲ မမရယ်။ အမေက တစ်နေ့ကျ ပေးစားမှာပဲဟာ"

"သွားစမ်းဟယ်...သွားစမ်း"

အကောင်းချော့တာကို အကောင်းမထင်ရ ကောင်းလားဟု ပေါက်ပေါက်သည် မကျေမချမ်း ဖြစ်မိကာ နှုတ်ခမ်းကလေးမဲ့၍ အခန်းထဲမှ ခပ်ပြင်းပြင်း ဆောင့်နင်းထွက်သွားလေ၏။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၇)၊ အမှတ်(၇၈)။ နိုဝင်ဘာ၊ ၁၉၅၃]

www.burmeseclassic.com

# ကာဖီ

ဒေါ်လုံမကြီးသည် ရင်ကို ထုလေ၏။

ရင်ကို ထုရင်း 'ကိုဘိုးချက်ရေ...အေ ကိုဘိုးချက်ရဲ့'ဟု စိတ်ရှိလက်ရှိ ကုန်းအော်ပစ်လိုက်၏။

ဒေါ်လုံမကြီး၏ အသံကို ကြားကြားသမျှသော အနီးအနားရှိ အိမ်နီး နားချင်းများသည် ဦးချက်ကြီး သေပါပကောဟု ချက်ချင်း သိကြရသည်။

နေဝင်ဖျိုးဖျအချိန်၌ ရုတ်တရက်ကြီး ဖုံးလွှမ်းသွားသော ငိုကြွေးသံ သည် တစ်ရပ်လုံး ချောက်ချားထူပူသွားစေ၏။ လမ်းထောင့်က တိုက်အိမ်ကြီး ၏ အပေါ်ထပ်မှ ပြတင်းတံခါးပွင့်လာကာ တံခါးပေါက်၌ မိန်းမသုံးယောက် ခေါင်းပြူလျက် ဒေါ်လုံမကြီး၏ တဲပုတ်ကလေးကို ငုံ့ကြည့်လိုက်ကြသည်။

ဒေါ်လုံမကြီးသည် တဲကပြင်တွင် လမ်းဘက်သို့ ကျောခိုင်းထိုင်လျက် ရင်ကိုထုကာ ထုကာဖြင့် ငယ်သံပါအောင် ကျူးအော်ခေါ်လိုက်ပြီးနောက် တံခါးပန်းကို နဖူးနှင့် ထိလုအောင် ကုန်းလျက် လက်နှစ်ဖက်ဖြင့် အားရှိပါး ဆုပ်ကိုင်ထားပြီး 'အမယ်လေး၊ ကျုပ်ကို တော် ပစ်သွားတာ၊ ကျုပ် ဘယ်သူ နေရမှာလဲ ကိုဘိုးချက်ရဲ့'ဟု နာကျင်အက်ကွဲသော အသံကြီးဖြင့် အော်နိုင်သ ညှစ်အော်ပြောလေ၏။

ဒေါ်လုံမကြီးသည် ခင်ပွန်းသည် အသက်ပျောက်စ မဖြေဆည်နိုင်အော ဖြစ်သွားလေသည်။ ရင်ထဲရှိတာတွေ ပါးစပ်က ထုတ်လိုက်ရမှ ဖြစ်နိုင်မည် အခြေအနေသို့လည်း ရောက်ရှိနေသည်။ မထိန်းနိုင် မသိမ်းနိုင် အသံကုန်အော် ဟစ်လျက် မြန်မြန်ကြီးပြောကာ ပြောသံထဲတွင် အူလန်အသည်းလန် ငိုသံကြီး





ချာနှောနေ၍ မသာအိမ်ဆီသို့ ထွက်ကြည့်သူတို့၏ နားထဲတွင် ပြင်းပြသွားလျက် ရင်ထဲ၌ မြည်ဟီးသွားကြလေ၏။ တိုက်အိမ်ကြီးအပေါ်ထပ်မှ မိန်းမသုံးဦးတို့ အနက် ခပ်ရွယ်ရွယ် မိန်းကလေးမှာ ရင်ထဲက နောက်လာသည်။

တဲပေါ်၌ လမ်းဘက်သို့ ခေါင်းပြုလျက် အသက်ပျောက်သွားသော ဦးချက်ကြီး၏ ကိုယ်ခန္ဓာကြီးမှာ သေခါနီးမှ ဝမ်းဗိုက်က ပို၍ ရောင်ဖောင်း သည့်အတွက် လှမ်းလှမ်းက ကြည့်လျှင် တောင်ပို့ကဲ့သို့ မြင့်မို့နေသော ဗိုက် ကြီးသည် အောက်တစ်ပိုင်းကို ကွယ်နေ၏။ သေသူကား မချိမဆံ့ နာကျင်သော မျက်နှာဖြင့် တွန့်ရှုံ့နေ၏။ ဝေဒနာ ခံစားနေရတုန်းကဲ့သို့ ပါးစပ်တစ်ဝက် ဟနေ၏။

ကြွင်းကျန်ရစ်ခဲ့သော ရုပ်ကလာပ်သည် အိုသော ရုပ်လည်း ပေါ်၏။ နာသောရုပ်လည်း ပြ၏။ နှလုံးအခုန် ရပ်စဲကြောင်းမှာ အထင်အရှားဆုံး ဖြစ် သေ၏။

အထူးသဖြင့် ခြေနှင့်လက်သည် လူ့လက်လူ့ခြေများနှင့် မတူဘဲ ဆင့် သက် ဆင့်ခြေကဲ့သို့ ခုံးခုံးကြီး တင်းပြောင် တုတ်ဖောင်းလျက် မဲသဲနေလေ ၏။ အင်္ကျီဝတ်ခဲ့သော ဦးချက်ကြီးသည် သေရာတွင်လည်း အင်္ကျီကို ဝတ် ထားချေ။ အပြင်သွားရင် ဝတ်ရန်ထားသော ဖျင်အင်္ကျီလက်တိုတစ်ထည်မှာ ဖောရောင်လာမှ စွပ်လို့သွတ်လို့ မရသဖြင့် ခြေရင်းဘက် တဲထရံ၌ ချိတ်လျက် အတိုင်းပင် ရှိနေသည်။

အင်္ကျီပေါ်၌ ထုံးခြောက်ရောင် ပဝါဟောင်းတစ်ပိုင် တင်ချိတ်ထားလေ သည်။ ပဝါလေးမှာ နွမ်းနယ် မည်းညစ်နေလေပြီ။ သွားစရာ လာစရာရှိလျှင် ခေါင်းတွင် ပတ်ရစ်ကာ လူတဲသူထဲ ဝင်ရသော ပစ္စည်းမို့ ဦးချက်ကြီး အသုံး အဆောင်ထဲ၌ လူရာဝင်သော ပစ္စည်းတစ်ခု ဖြစ်သည်။ ဟောင်းနွမ်း ညစ်ပေ နေသော ပဝါကလေးသည် တဲထရံ၌ တွဲလောင်းကျနေကာ သူ့ကို စွန့်ပစ်ခဲ့ခြင်း ကို မချိတရိဖြစ်ကာ နွမ်းရိကျေပျော့နေပေ၏။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး အင်္ကျီဝတ်ခြင်း နည်းခဲ့၍ အလောင်း ၏ ဝမ်း၊ ရင်ရှိ အသားအရေသည် ကျွဲအရေကဲ့သို့ နတ်ကြုတ် ကြမ်းထူ၍ နေပေ၏။ အိုမင်းမစွမ်းရှိကာမှ ဂိုဒေါင်တစ်ခု၌ ညစောင့်ဒရဝမ် လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းရသောကြောင့် ညအိပ်ပျက်ဖန် များထားခြင်းကို ဖော်ပြ သော မျက်လုံးအစုံကား အသက်ပျောက်တာနှင့် ဟောက်ချိုင့်ဝင်သွားကြလေပြီ။

အလောင်းဘေး၌ တဲထရံဖြင့် မှီထောင်ထားသော တောင်ဝှေးတစ် ချောင်းနှင့် ညအခါ ဂိုဒေါင်ပတ်ပတ်လည် လျှောက်လှည့်ကြည့်ရှု၍ သူဌေးက



www.burmeseclassic.com

www.burmeseclassic.com

ပေးအပ်ထားသော လက်ဆွဲမီးအိမ်ကလေးတစ်လုံး ရှိသည်။

တောင်ဝှေးနှင့် လက်ဆွဲမီးအိမ်တို့လည်း 'ကျုပ်ကို ပစ်သွားတော့ ဘယ်သူနဲ့ နေရမှာလဲတော့'ဟု အော်ဟစ်ငိုယိုနေရှာသော ဒေါ်လုံမကြီးနှင့် အတူ လိုက်၍ မျက်ရည်တတောက်တောက် ကျနေကြဘိသကဲ့သို့ပင် ...။

ဒေါ်လုံမကြီးသည် တဲခါးပန်းမှ ခေါင်းကို ထုထောင်လျက် ကိုယ်ကြီးကို နောက်သို့ ကော့လန်ကာ 'အသေဆိုးလေခြင်း...အေ... ကိုဘို့ချက်ရဲ့' ဟု ထပ်၍ ဟစ်ကြွေးမြည်တမ်းလိုက်စဉ် ဖုတ်ဖုတ် ဖုတ်ဖုတ်ဖြင့် ဒုန်းချပြေးလာကြသော ခြေသံများကို ကြားမိ၍ တဲခါးပန်းပေါ်သို့ ပြန်ကိုင်းကျတော့မည့် ကိုယ်ကြီးကို ထိန်းလျက် ခေါင်းကို လိမ်၍ ကြည့်လေ၏။

တဲဝင်းထဲသို့ ဆံပင် ဖိုးရိုးဖားရားဖြင့် မိန်းမနှစ်ယောက် ကဆုန်ချပြေးလာနေကြ၏။ တဲပေါ်သို့ မရောက်ခင်ပင် 'အဘရေ...အဘရဲ့'ဟု ပြိုင်တူ သံကုန် အော်ဟစ်ခေါ်ကြကာ ပြေးတက်လာကြ၏။

အော်ဟစ်လာကြသော အသံများသည် မီးလောင်ရာ လေပင့်ပေးလိုက်သလို ဒေါ်လုံမကြီး၏ မီးအုံးထားသော အသည်းနှလုံးကို တဟုန်းဟုန်း ထလောင်တောက်သွားစေအောင် အားကောင်းလာကာ သူတို့နှင့် အတူတူရော၍ အားရပါးရ လွှတ်အော် ငိုပစ်လိုက်နိုင်လေ၏။

အလောင်းကို ဝိုင်းအုံလျက် ကြွက်ကြွက်ညံ အော်ငိုလိုက်ကြသော မိန်းမသုံးယောက်အသံကား ကျန်ရစ်သူများ အဖို့ နောက်ဆုံးပြုခြင်း မျိုး မီးကုန် ယမ်းကုန် ဟစ်ငိုနေကြ၍ ဆူညံမစဲနိုင်အောင် ရှိနေပေ၏။ ဦးချက်ကြီး မမာ နေစဉ်က သမီးများမှာ အဘနားတွင် ကိုယ်ဖိရင်ဖိ လာရောက်ကာလည်း မ... နနိုင်ကြ။ ကိုယ့်သားသမီး ကိုယ့်အိမ်ထောင်အတွက် တစ်နေ့ရှာမှ တစ်နေ့ အနိုင်နိုင် စားကြရသူတွေမို့ အဘအတွက် မမာနေတုန်း ဓာတ်စာ ဆေးဝါး ကလေးသော်မှ တစ်ကျပ်တစ်ပြား မထောက်ပံ့နိုင်ကြပေ။ နောက်ပိတ်ဆုံး သေသွားကာမှသာ ပြေးလာကြကာ တတ်အားရှိသ၍ ခွန်အားရှိသလောက် ကျုံးအော် ငိုကြရလေ၏။

တဲရှေ့ရှိ တမာပင်ကြီးထက်၌ အိပ်တန်းတက်ရန် ကျေးငှက်ကလေးများ ပျံသန်းလာကြရာ ညနေတိုင်း တမာပင်ပေါ်၌ ဟိုခုန် သည်ကူးဖြင့် ဆူဆူညံညံ ပြုတတ်ကြသော ကျေးငှက်အုပ်သည် မသာအိမ်မှ ငိုသံများကို ထိတ်လန့်တကြား ရှိကြကာ ဆိတ်ငြိမ်စွာ ဝပ်တွားနားနေကြလေ၏။ ရွက်ရော်ကလေးများလည်း သစ်ကိုင်းထက်မှ ဖြည်းညင်းစွာ သက်ဆင်းနေကာ လေထဲတွင် တဝေ့ဝေ့ လွင့်လျက် ရှိနေကြသည်။





တဲထဲ၌ တော်တော်နှင့် ဆူညံမစဲနိုင်အောင် ဖြစ်သွားပြီးနောက် ငိုသံများသည် တိတ်သွားကြလေသည်။

ဒေါ်လုံမကြီးသည် သမီးကြီး မကြိုင်နှင့် သမီးငယ် မမြိုင်တို့ကဲ့သို့ အော်ပြိုင်တည်း ကျောက်ရုပ်လို တစ်ခဏ ငြိမ်သက်သွားသည့် အတောအတွင်း ရင်ထဲတွင် မျိုသိပ် ဖုံးဖိထားလို့ မရနိုင်သော အလုံးကို မသက်သာလွန်း၍ အန်ထုတ်ပစ်လိုက်ချင်လာသည်။ ထို့ကြောင့် မကြိုင်နှင့် မမြိုင်ဘက်သို့ လှည့်ကာ မျက်နှာမထား တတ်ထားတတ်နှင့် ငိုမဲ့မဲ့ ဖွင့်အန်ပြောပြလိုက်၏။

"မနက်က ညည်းတို့အဘက ငါ့ကို 'လုံမ...ငါ ကာဖီရည်လေးသောက်ချင်လိုက်တာဟယ်'လို့ တငင်ငင်ပြောနေတာနဲ့ 'ပိုက်ဆံမရှိရတဲ့အထဲ သေခါနီးမှ တစ်မျိုးပြီးတစ်မျိုး ငမ်းနေရသလားဟဲ့'လို့ စိတ်ပေါက်ပေါက်နဲ့ အော်လိုက် ငေါက်လိုက်မိတယ်အေ"

မကြိုင်နှင့် မမြိုင်သည် အလောင်းနားတွင် မျက်နှာ ဘယ်လိုထားရမှန်း မသိကြ၍ မြန်မြန်ခေါင်းကို ငုံ့ချလိုက်ကြကာ မျက်နှာကို ကွယ်ဝှက်ထားလိုက်ကြ၏။

ဒေါ်လုံမသည် အလောင်းကြီးကို ပြန်လှည့်ကြည့်ကာ လက်များကို တင်းကျစ်ပါအောင် ဆုပ်လျက် ကြိတ်မနိုင် ခဲမရဖြင့် 'ပိုက်ဆံတစ်ပြားမှ မရှိ၍ တော်သောက်ချင်လှတဲ့ ကာဖီရည်ကို ဝယ်မတိုက်တာပါတော့။ ကျုပ်ကို တစ်သက်လုံး စိတ်မကောင်းအောင် လုပ်သွားတာလားဟင်'ဟု အော်ကြီးဟစ်ကျယ် ပြောလိုက်လေ၏။ မကြိုင်တို့လည်း ရင်ထဲ၌ နင့်သွားကြကာ မျက်ရည်တွေက တပေါက်ပေါက် ကျလာကြသည်။

"အမယ်လေး သေခါနီး သောက်ချင်လှတဲ့ ကာဖီရည်ကလေးမှ မသောက်သွားရရှာဘူး။ အသေဆိုးလှချည်ရဲ့ အရပ်ကတို့ရဲ့"

ဒေါ်လုံမသည် ရင်နာနာနှင့် ခုနစ်သံတက်၍ ဟစ်အော်ငိုပြောလိုက်လေ၏။

ကြားရသူတိုင်း မည်ကဲ့သို့ နေကြမည်မသိ။ ဒေါ်လုံမသည် သူ့အသံ သူပြန်ကြားကာ ပြောရင်း၊ ငိုရင်း မတ်တတ် အရပ်ကို အာရုံရောက်သွား ...ကာ် ပစ်အားကိုးလိုက်မိ၏။

မကြိုင်နှင့် မမြိုင်သည် ငုံ့နေရာမှ တိုက်နောက်ဖေး တဲခါးပေါက်က ချောင်းကြည့်နေသော သူများကို လှမ်းမော့ကြည့်လိုက်ကြသည်။ လူတွေကြည့်နေခြင်းကို မြင်ကာမှ ပိုငိုချင်လာကာ တရှုပ်ရှုပ် ငိုကြပြန်လေသည်။

မကြိုင်သည် ငိုနေခိုက် လျှင်သောမျက်စိဖြင့် အမေ့ကို ကပျာကယာ



www.burmeseclassic.com

www.burmeseclassic.com



လက်တို့ပြလိုက်ကာ 'အဘရေ၊ အဘ သမီးတွေကို ထ ကြည့်ပါဦးလား၊ အဘရဲ့'ဟု ယူကျုံးမရဖြစ်စွာ ရင်ကွဲမတတ်အောင် ငိုလိုက်ပြန်သည်။

တကယ်တော့လည်း ထကြည့်စေသချင်လှသည့် စိတ်က တော်တော်၊ ပါးစပ်များတွင် ကပျာကယာ ရှာရသော စကားဖြင့် လှုလာ၍ ငိုလိုက်ချင်တာကြောင့် ငိုရရှာတာသာ ဖြစ်သည်။

တိုက်အိမ်ပေါ်မှ ဆင်းကာ တဲ၏ခြံရှေ့သို့ ရောက်လာသော သားသားနားနား ဝတ်စားထားသည့် မိန်းမကို မြင်မြင်ချင်း ဒေါ်လုံမကြီးသည် လျှင်မြန်သောအဟုန်ဖြင့် တဲအောက်သို့ ရောက်အောင် ဆင်းကာ ပြေး၍ ခရီးဦးကြိုပြုလေသည်။

"သမီးကြီးရယ်၊ အမေကြီးတော့ မုဆိုးမ ဖြစ်ပါပြီ။ အမေ့ဒုက္ခကို မြင်ဝံ့သေးရဲ့လား၊ ကယ်ကြပါဦး သမီးတို့ရဲ့"

အင်မတန်ကို ခယ ဝပ်တွား တိုးလျှိုး အောက်ကြို့နိုင်သော အသံလေးတုန်တုန်ဖြင့် တဲဝက ဆီးငိုရင်း ခရီးဦးကြိုဆိုလိုက်ပေသည်။ သတင်းမေးလာသော မိန်းမမှာ တဲနားသို့ မရောက်သေးခင် ရပ်လျက် မျက်နှာမကောင်းစွာ ဒေါ်လုံမကြီးကို စိုက်ကြည့်နေလေသည်။

"အစ်မကြီးရေ အဘ မရှိတော့ဘူး အစ်မကြီးရဲ့ အစ်မကြီး သကြားပေးတာ ကျေးဇူးတင်လိုက်တာဆို အဘရဲ့။ အစ်မကြီးကို ထ ပြောပါဦးလား အဘရဲ့"

မမြိုင်မှာ နဂိုက ဘယ်လောက်ပင် အ အး သည်နေရာမှာ သူ့ကို မသင်မကြားရဘဲ အရိပ်အကဲလောက်ဖြင့် နားလည် ပါးလည် ရှိကာ သွက်လက်လာသည်။

'အစ်မကြီးရယ် အပေါ်တက်ပါ တက်ပါ' ဟု တောင်းတောင်းပန်ပန် ပြောရခါကြသော်လည်း သတင်းမေးလာသော မိန်းမသည် တဲပေါ်သို့ တက်ထိုင်ရန် ခဲယဉ်းနေ၏။ ဦးချက်ကြီး အလောင်းကြီးနှင့် သမီးနှစ်ယောက် ထိုင်နေခြင်းဖြင့်ပင် တဲပုတ်ကလေးမှာ နေရာပြည့်သလောက် ရှိနေရာ တဲပေါ်သို့ မတက်လိုဘဲ တဲကပြင်တွင် ခြေတွဲလောင်းချလိုက်ကာ ကိုယ်စောင်း ဝင်ထိုင်လိုက်သည်။ ညအိပ်ရာဝင် မျက်စိတဲ မြင်နေမည်စိုး၍ အလောင်းကြီးကို စိုက်ပြီး မကြည့်ရဲဘဲ တစ်ချက်သာ လှမ်းကြည့်ရုံပင် ကြည့်လိုက်၏။ ထိုနောက် မျက်နှာမကောင်းလှဘဲ ငြိမ်သက်စွာ ရှိနေပုံကို ပြသော မချမ်းမသာ ဟန်အမူအရာများသည် ဒေါ်လုံမတို့အား နှစ်သိမ့်နေသကဲ့သို့ ရင်ထဲ၌ ခံသာရသလောက် ရသွားကြသည်။





"ခံလိုက်ရတာနော်၊ မမာတာ သုံးလလောက် ရှိမလား၊ 'ခင်'တို့လည်း ...းဘာနဲ့ တစ်ခေါက်မှ သတင်းမေးတောင် မရောက်နိုင်ဘူး"

ဦးချက်ကြီး မသေခင်က တစ်ခေါက်မှ မရောက်လာနိုင်ခြင်းအတွက် ...အား ခွင့်လွှတ်စေချင်သော သဘောနှင့် အပြောမျိုး လုံးလုံး မဟုတ်စေကာမူ ...ကျေ တန်းကျေ ကြည့်ကောင်းအောင် ပြောနေစေကာမူ တိုက်နှင့် တဲနှင့် ...နေပါလျက် မမာတုန်းက တစ်ခေါက်တလေ လာမေးဖော် စမ်းဖော် မရ ...ကို ဒေါ်လုံမကြီး၏ စိတ်ထဲ၌ မည်သို့မျှ မဖြစ်၊ ဘယ်လိုမှ မအောက်မေ့ ...ကို ကျမ်းကျိန်၍ပင် ပြောရဲပါသည်။ တိုက်ပေါ်ကလူများ မကျန်းမမာ ...ှင်သော ကိုယ်က အချိန်မရွေး သွားနိုပ်နင်းပေးရသည်။ ပစ္စည်းရှင်များက ...မင်မင် အနှိပ်ခံကြကာ တိုက်ထဲသို့ ဝင်နိုင်ခွင့် ထွက်နိုင်ခွင့် ရှိခြင်းက ...ဲ့ကျေးဇူး မဟုတ်ဘူ ဟု အောက်မေ့ရသေးသည်။

ဒေါ်လုံမကြီးသည် နံနက်စာ ချက်ပြုတ်စားသောက်ပြီးတာနှင့် တစ်ည ...အိပ်ပျက်ခဲ့၍ တခေါခေါ ဟောက်အိပ်နေရစ်ခဲ့သော ဦးချက်ကြီးနှင့်တဲကို ...ာ အရပ်ထဲ၌ တစ်အိမ်တက်ဆင်း မလျှောက်သွားနေရလေသည်။

နှုတ်ချိုသျှိုတစ်ပါး၊ လူ့အောက်ကျလို့ လူပိမသေပါဘူးဟု ပါးစပ်ကလေး...င့် လုရည်တတ်များကို ပြားပြားဝပ် ခယနိုင်မှုကြောင့် လူချမ်းသာပိုင်း ...ဒေါ်လုံမကြီးကို မသိသူ မရှိသလောက်၊ အနှိပ်မခံဘူးသော အိမ်လည်း မရှိ ...ာက် ဖြစ်လေ၏။ သို့သော် ဘယ်၌ ဘယ်မျှဖြင့် နှိပ်စားသော အနှိပ် ...တော့ မဟုတ်ပေ။

'နေမကောင်းဘူးလား သမီးကြီး၊ မသော့င်းဘူးလား သမီးကြီး၊ လာ ... အမေ ဇက်ချိုးပေးမယ်၊ အပူလည်း ထုတ်ပေးပါ့မယ်'ဟု တတ်သလောက် ...သလောက် နှင်းနှိပ်ပေးတတ်၏။

နှိပ်ပေးနေရင်း အညောင်းပြေ အကြောလျှော့သူတို့ မပျင်းကြအောင် ...င်းထွက်သွားနေသော အိမ်များ၏ သတင်းမျိုးစုံကို မြိန်မြိန်ရှက်ရှက်ကြီး ...က်သည်ချကာ ဖျော်ဖြေရလေသည်။ လက်က မရပ်မနား နှိပ်ပေးနေသလို ...ပါကလည်း ပါးလျားသော နှုတ်ခမ်းကလေးကို စုလျက် မျက်ခုံးချီကာ ...ီးကာဖြင့် မဆုံးနိုင်အောင် မမောမပန်း ပြောနိုပ်ပေးလေ၏။

အနှိပ်အနင်း မခံလိုကြလျှင်လည်း သနပ်ခါး တစ်ကျောက်ပြင်ဖြစ်စေ ...င်းအစမ္ဘ သွေးပေးသွားတတ်သည်။ အိမ်ကြီးရှင်များ၏ အလိုက်သိတတ် ...ကိုလက်ရှည် ဖင်ပေါ့လွန်းသဖြင့် အိုကြီး အိုမ အရွယ်နှင့် မလိုက်အောင် ...ဘော်ပေါ့ပါးပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့အားဖြင့် တစ်နေ့ကုန် တစ်နေခမ်း တစ်အိမ်တက်ဆင်း လျှော့ သွားရလျက် ဟိုတိုက်က၊ သည်အိမ်က ပေးလိုက်ကမ်းလိုက်ကြသော တစ်ကျ ငါးမူး ငွေကို ခါးထဲ လိမ်ကာ ညနေစောင်းမှ အိမ်ပြန်လာရစမြဲ ဖြစ်သည်

ဒေါ်လုံမကြီး၏ နှုတ်ဖျားက ချိုချို ချိုချို ပြောတတ်ခြင်းကို နား သာ ချိုကြသော်လည်း ရင်တဲကတော့ မချိုကြပေ။ စကားပြောလျှင် သူ့ကို သူ့ အမေ ... အမေဟု ထည့်ပြောတတ်၍ အုထဲက မဟုတ်သော်ငြားလည် အမေ...အမေဟု ပါးစပ်ဖျားကတော့ ခေါ်ကြ၏။

'အမေ့ကို အားလည်း နာပါရဲ့၊ ကလေး အနီးလေးတွေ လျှော်ပေး ပါ အမေရယ်' ပြောက 'အားမနာပါနဲ့ သမီးကြီးရဲ့၊ ခိုင်းစရာရှိရင် ခေါ် ခိုင်း၊ အမေက ဘာမှ အလုပ်မရှိတာ သမီးလည်း အသိ။ ဒိပြင်ကော ဘာလျှော ရဦးမလဲ ပေးသမီး'ဟု လိုတာထက် ပိုအောင်ကို ရွှန်းရွှန်းဝေဝေ ပြောတ ဆိုတတ်၏။

လုကုံတဲအပိုင်းမှ ကိုယ့်သမီးအရွယ်၊ ကိုယ့်သားအရွယ်၊ ကိုယ့် အရွယ်ကလေး ဖြစ်ပေစေ နှိမ့်ချ ဆက်ဆံဖို့ရန် ဦးမလေးပေ။ ဝေတ်ပြတ်လှ ၍ အရွယ်နှင့် မလိုက်အောင် မရှက်မကြောက် အောက်ကျို့ရလွန်းသည့်အတွ သည်စိတ်မျိုးမှာ အသားသေနေပြီးသား၊ ဦးကျိုးနေပြီးသား ဖြစ်၏။

ဦးချက်ကြီး မမာနေတုန်းက ခြေဦးပင် မလှည့်ကြဘဲ ငိုသကြ သတင်းမေးလာသော တိုက်ပေါ်က လူမျိုးအား ဒေါ်လုံမကြီးက ခွင့်မလွှတ် စရာ အကြောင်းမရှိ။ ခွင့်မလွှတ်နိုင်သည့် လူတန်းစားချင်းလည်း မဟုတ် စိန်တွေ ရွှေတွေ သီးနေသော လူချမ်းသာမတစ်ဦး တဲကုပ်ကလေးပေါ်ရောက် သဖြင့် မင်္ဂလာအခါကြီး၌ပင် မင်္ဂလာရှိသယောင်ယောင်။

"ဘယ်လာနိုင်ပါ့မလဲ သမီးကြီးရယ်၊ သမီးကြီးမှာ ဝေယျာဝစ္စ အများသား၊ အမေသိပါတယ်၊ ခုလို လာတာပဲ တအားပါပဲ သမီးရဲ့။ အ အားကိုးစရာဟာ သမီးတို့ပါပဲ။ ဘယ်သူရှိလို့တုန်း၊ သူကတော့ အမေ့ကို သွားပြီပေါ့။ အမေတော့ ရေ့လျှောက် ဒုက္ခကြီး ရောက်ပါပြီ သမီးရယ်"

ဒေါ်လုံမကြီးသည် ပါးပေါ်သို့ အသွယ်သွယ် ယိုစီးကျလာသော မျက်ရည်များကို အင်္ကျီလက်ဖျားကလေးဆွဲလျက် ပွတ်သုတ်ကာ ခေါင်းမော ဘဲ တရှုပ်ရှုပ် ငိုပြောနေလေ၏။

ပြောင်း ငိုရင်း အလွန့်အလွန်လည်း ဝမ်းနည်းလာလေ၏။ ဦးချက်ကြီး သုံးလလောက် မမာနေသည့်အခိုက် ဒရဝမ်အလုပ် မလုပ်နိုင်သဖြင့် သူ့ငွေ ချက်ချင်း လူစားသွင်းပစ်လိုက်ရာ သုံးလအတွင်း ဘယ်ကမှလည်း ဝင်ငွေ





ကျပ် ငါးမူး ရဖို့အရေး တစ်အိမ်တက်ဆင်း သွားခဲဖို့ရန်လည်း လူမမာနှင့် ခဲ့ဖို့ရန် လူစွဲမရှိ၍ လာဘ်ပိတ်ခြင်းအတွက် လူမမာနှင့်လည်း တစ်ရန်၊ သမီးများ ပေးကမ်းထောက်ပံ့နိုင်သော ငွေကလည်းမဖြစ်လောက်၊ လူမမာ က် အစိုးရ၏ အခမဲ့မြန်မာဆေးပေးရုံက ဆရာ့ဆီမှာ ဆေးသွားတောင်းရတာ ကြီး။ ကုန်ကြောင်း လျှောက်ရလွန်းလို့ ဒူးတွေတောင် ဆာနေပြီ။

အိုကြီးအိုမ ဒုက္ခရောက်လှသဖြင့် ဦးချက်ကြီး မသေမီက သေနိုင်ခဲ့လှ အောက်မေ့မိကာ သေပြန်တော့လည်း မသာချစရာ စရိတ်အတွက် တကြီး လိုလာပြန်သည်။

ဒေါ်လုံမကြီးသည် အသက် ၆၀ ကျော်ပြီမို့ သဲချိုင်းကို မျက်စောင်း သားပြီး ဖြစ်၍ မသာတွေ ပို့ခဲ့ရပေါင်းလည်း အခေါက်ပေါင်း မရေမတွက် အောင်ပင် ရှိခဲ့ပြီဖြစ်၍ သေသောသူကတော့ သေပြီ။ သူကတော့ ဝဋ်ကျွတ်သွား ငါမှာသာ ရှေ့လျှောက်၍ မသေမချင်း ရောက်ရဦးမယ့် ဒုက္ခတွေအတွက် ခံရသေးတာပါကလားဟု ဘဝကို အကွင်းသားမြင်နေရသဖြင့် တုန်လှုပ် လှဲ့စွာ ဝမ်းနည်းပက်လက် ဖြစ်နေလေ၏။

ဒေါ်လုံမကြီးသည် ပင်ပန်းကြီးစွာ ရှိုက်ငင်မနေ၏။ ရင်ထဲမှ ရှိုက်သံတို့ ဆင့်ကဲဆင့်ကဲ ထွက်ကန်နေကာ လူတွင်မက တဲပုတ်ကလေးပါ သိမ့် အောင် ရှိုက်နေလေသကဲ့သို့ မှတ်ထင်ရလေသည်။

သတင်းလာမေးသော ' ခင်'မှာ ကိုယ်ကို တုန်ကာ သည်းထန်စွာ ငင်နေသော ဒေါ်လုံမကြီးကို မြင်ရတာ ရင်ထဲက မသက်သာလွန်း၍ စိတ် နောက်ကျိလာသည်။ ဆရာဝန်က မိမိကို နလုံးရောဂါ ရှိတယ်ဟု ရောဂါ ဘပ်ပေးထားတာကြောင့် နလုံးမချမ်းသာစရာများကို မသိချင်၊ မကြား မို့ ရှောင်နိုင် ရှားနိုင်မှ တော်တော့မည်။

"သားတွေ သမီးတွေ ရှိသေးသားပဲ၊ ဘာ အားငယ်စရာ ရှိသလဲ"

ဒေါ်လုံမကြီးသည် မိမိကို အားပေးစကား ပြောကြားလိုက်သော မျက်နှာကို ရှိုက်ဖိုရင်း တွေငိုင် ကြည့်လိုက်မိသည်။ သူပြောသလို သမီးများ ရှိသားပဲဟု အားကိုးဖို့ရန်မှာ ကိုယ့်ဝမ်းနာ ကိုယ်သာသိလေ၏။

ဦးချက်ကြီးရှိစဉ်က ဒရဝမ် အလုပ်ကလေးဖြင့် ရသည့်လစာငွေကလေး သားသမီးများက သူတို့မှာ မလောက်ငနိုင်တိုင်း လာနိူက်ကြသေးသည်။ လုံမကြီး၏ သားကြီး 'ကိုသာဆိုင်'မှာ လက်သမားလုပ်လျက် သားငယ် ဘက' ကားဝပ်ရှော့ရုံတစ်ရုံတွင် တစ်နေ့တစ်ကျပ်၊ နှစ်ကျပ်ဖြင့် ကားပြင် မက်ကဲနစ်၏ ထောက်တိုမယ်ရ ခိုင်းစေရာအလုပ်ကို သင်လျက် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သမီးနှစ်ယောက်စလုံး အိမ်ထောင်သည်များဖြစ်ကြလျက် မကြိုင်ထ
ကလေးငါးယောက်နှင့် မုဆိုးမဖြစ်ကာ နောက်ထပ် ကလေးသုံး ယောက်အ
မုဆိုးဖိုတစ်ယောက်နှင့် အကြောင်းပါကြ၏။ ကလေးသုံးယောက် အ
မြူနီစပယ် လမ်းပြင်အလုပ်သမား ယူမိ၍ရသည့် လစာကလေးနှင့် ကလေ
တစ်အုပ်ကြီးကို ဝအောင်မကျွေးနိုင်ကြပေ။ တစ်ဖက်တစ်လမ်း က ဝင်ငွေရအော
မနက်တိုင်း အရပ်ထဲလည်ပြီး ပဲပြုတ်ရောင်းထွက်ရသေးသည်။

မမြိုင်မှာ မကြိုင်ထက် ကျပ်တည်းသေး၏။ ကလေးနှစ်ယောက်
လင်က မယားငယ် ယူသွား၏။ မတ်တတ်ပြေး နို့စို့ရွယ် လူမမယ်ကလေ
ကလေးတွေမျက်နှာဖြင့် ယောက္ခမအိမ်တွင်ပင် ကပ်ရပ် မှီခိုနေရလေသည်
နုံလွန်း အလွန်း၍ ယောက္ခမ မကြည်ဖြူသည့်တစ်နေ့ ကိုယ့်ဆီသာ လာ
ဦးမည့် သမီးဖြစ်သည်။

ဒေါ်လုံးသည် အရပ်ကို ကပ်မှီကာ တစ်ဖက်တစ်လမ်း အားကိုးအားထ
ပြုနေရသူမို့ သူ့စိတ်ရင်းအတိုင်းပင် 'ဘယ်သူရှိလို့တုန်း၊ သမီးတို့သာ အားကိုး
ရှိပါတယ်'ဟု ဖွင့်ဟ ပြောလိုက်ခြင်း ဖြစ်သည်။

'အမေရယ် ဘာအားငယ်စရာ ရှိသလဲ၊ ခင်တို့ ရှိသားပဲ'ဟု သနားကြ
စွာ အားပေးစကားမျိုး အကယ်၍များ ကြားလိုက်ရမည် ဆိုပါက ခုလို ချိ
မျိုး၌ မစားရ ဝခမန်း တအားရှိသွားမှာ မုချ ဖြစ်ပေသည်။

သတင်းမေးလာသော မိန်းမမှာ သူ့ဘက်က သည်စကားမျိုး
အားဖြင့် သက်သာဖွယ်ရာ နှစ်သိမ့်လိုက်ဖို့ရန် စိတ်ထဲကကို မပါသောကြော
မတတ်နိုင်ပေ။

မကြိုင်နှင့် မမြိုင်သည် တဲရှေ့သို့ လျှောက်လာကြသော ယော
နှမ်ယောက်ကို လှမ်းမြင် မြင်ချင်း 'အစ်ကိုတို့ရေ၊ အဘမရှိတော့ဘူး အစ်ကို
ရဲ့'ဟု ဆီး၍ လှမ်းအော် ငိုပြောလိုက်ကြသည်။

သားတွေမြင်လျှင် အလိပ်လိပ် တက်လာသော အလုံးကြီးကို လက်
ဖိလျက် 'သားရေ၊ အမေ့ဒုက္ခကို ကြည့်ကြပါဦးလားကွယ်'ဟူ၍ ဆောက်
ရာမရ ဝမ်းနည်းပန်းနည်း သမီးများနှင့် အတူတူ ရောအော်ငိုလေသည်။

ကိုသာဆိုင်သည် အလောင်းဘေး၌ နှာရည်များ ထွက်လျက် မသာ
ရှိသော မျက်နှာဖြင့် တဲအဖီကို မှီထိုင်လိုက်၏။ ဦးချက်ကြီး ထားပစ်ခဲ့
တောင်ဝှေးနှင့် လက်ဆွဲမီးအိမ်ကလေးကို ငိုင်ငေးကြည့်နေလေ၏။ ဒေါ်
ကြီး၏ ငိုသံကို တဒိတ်ဒိတ် ခံစားနားထောင်ရင်း သားအကြီးဖြစ်၍
တာဝန်ကျကာ မသာကိစ္စ အစီအစဉ်များကို စဉ်းစားနေလေ၏။ သံဖြူဆို





အောက်လင်းဓာတ်မီးနှစ်လုံး သွားငှားရမည်။ တဲရှေ့၌ ကုလားဖျင်းထိုးဖို့ရာ
အတွက် ဝါးနှင့် ကျူဖျာများကို စဉ်းစားလိုက်ရာ မီးရထားသံလမ်းအောက်ရှိ
ဘုန်းကြီးကျောင်းကို အမိုး မိုးပေးစဉ်က ကျောင်းအောက်၌ ပုံထားသော ဝါး
နှင့် ကျူဖျာများကို မြင်ခဲ့၍ ဘုန်းကြီးဆီက ခဏသွားငှားရန် အကြံပေါ်လာ
သည်။ ခေါင်းအတွက်ကလည်း ကြိုတင်မှာထားဖို့ အရေးကြီးသည်။ ခေါင်းကို
ပါကြီးကြီး မှာရမည် ဖြစ်သဖြင့် အကုန်သက်သာအောင် အကူငွေကြည့်ပြီး
ကိုယ်တိုင် ပျဉ်ဝယ်စပ်ရကောင်းမလား။

အရပ်လူကြီး ဦးအောင်ဘတို့ကို အကြောင်းကြားကာ ဖဲဝိုင်းကောင်း
လုစဉ်းမှ။ ဝိုင်းကောင်းလို့ တွက်ကိန်းကိုက်ခဲ့ရင် မသာကို ၃ ရက်က ၅
ရက် တိုးထားလိုက်မည်။ အကောက်မှ စရိတ်ကျေအောင် ရပါ့မလားဟု
ထင့်ထင့် ပူပန်နေမိသည်။ တလောက ဆိုက်ကားသမား လှထွန်းသေတုန်း
မသာစရိတ် ကျေရုံအပြင် သုံးလေးဆယ် မြတ်လိုက်သည်ကို သတိရ၍
စိတ် နည်းနည်းလျော့လာသည်။ ဖဲဒိုင်ခံဖို့ကို အဓိက လုပ်ရပေမည်။

ကိုဘဇံမှာ မျက်မှောင်ကုတ်ထားသော အလောင်းကြီးကို စိုက်ကြည့်
သည်။ နေ့လယ်က ဝေဒနာကို မရှုမလှခံရင်း နောက်ဆုံး ဒေါသကြီးစွာ
အင် မကျန်တော့သည်အထိ ရန်ကန်ညည်းတွားနေသော ပုံသဏ္ဌာန်ကြီး
မြင်ယောင်မိကာ တောင့်တောင့်ကြီး ဆန့်နေသော အလောင်းအား
ဘအတွက် သေတာပဲ ကောင်းပါတယ်ဗျာ'ဟု စိတ်ထဲက ပြောကြား ဖြေ
ည့်နေလေ၏။

အပြင်ဘက်တွင် အနည်းငယ် မှောင်၍ပင် လာသည်။ ပြာနှမ်းနှမ်း
ရောင်တို့သည် တွားလာကာ လူသေကို လွှမ်းဝန်းလျက် ချောက်ချား လှပ
ရာ ဖြတ်သန်းကျရောက်လာချေပြီ။

ထိုအခိုက် ရုတ်တရက် စိန်နှင့်မြရောင်များ တဝင့်ဝင့် တောက်လက်
သဖြင့် ဆည်းဆာမှောင်သည် လွင့်စင်သွားလေ၏။ မျက်ရည်စက်လက်နှင့်
သော မကြိုင်နှင့် မမြိုင်တို့သည် ရင်တခုန်ခုန်ဖြင့် စိန်ရောင်မြရောင်များ
ပေါ်ရာဆီသို့ တအား စိုက်ကြည့်ကြ၏။

သတင်းမေးလာသော တိုက်ကြီးပေါ်က 'ခင်' သည် ခါးကို ဆန့်လျက်
နှင့် မြ နှစ်ပါးသွားလက်ကောက် ဝတ်ထားသည့် ညာဘက်လက်ဖြင့်
အင်္ကျီအိတ်ကို နှိုက်နေလေ၏။ လက်ချောင်းများမှာ အိတ်ထဲက တော်
နှင့် ထွက်မလာကြ။ သေချာစွာ အိတ်တွင်း၌ စမ်းနှိုက်နေရခြင်းကြောင့်
ဆန့်ထားရသော ခါးသည် ဘယ်ဘက်သို့ တဖြည်းဖြည်းကိုင်းကျလာ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

မကြိုင်နှင့် မမြိုင်တို့မှာ မျက်တောင်ကို မခတ်နိုင်ကြဘဲ အိတ်ထဲမှ ထွက်လာမည့်လက်ကို မျှော်ခဲကြည့်နေစဉ် တလက်လက် တောက်ပနေကုန် သော စိန်ရောင် မြရောင်တို့မှာ တစ်ချက်တစ်ချက် မျက်စိကျိန်းသွားလေသည်။

ဒေါ်လုံမကြီး မျက်နှာ၌ မျက်ရည်တို့သည် မှုန်ရီသီဝေနေသော မျက်လုံး တို့မှ ပါးရေ ပါးတွန့်ကြောင်းများအလိုက် စီးဆင်းကျလာလေသည်။ ဆင်းရဲ ဒုက္ခ ကြုံခဲ့ရပေါင်း များပြီမို့ ညှိုးရော် ရိစားထားသော မျက်နှာလည်း အိတ် နှိုက်နေသော သူကို အသနားခံထားခြင်းဖြင့် တစ်မုဟုတ်ချင်း ဆီးရွက်လော် ငယ်သွားလေသည်။ အိတ်ထဲမှ တော်တော်နှင့် ထွက်မလာသေးသော လက်ကို ခပ်စမ်းစမ်း မျှော်မှန်း ကြည့်ရှုနေလျက် အားကိုးထင်မှန်းလိုက်သည့် တွေးလုံး ထင်လုံးများဖြင့် အားတက်သရော မြူးလာသောအသိကို ခံစားရသေး၏။

လက်ညှိုး လက်မ နှစ်ချောင်းဖြင့် ချေးခံအိတ်ထဲမှ ညှပ်ကိုင် နှိုက်ထုတ် ယူလိုက်သော ငွေစက္ကူသုံးရွက်သည် အပြင်သို့ တစ်ကြိမ်တည်း ထွက်မလာ ကြဘဲ တစ်ရွက်စီ တစ်ကြိမ်စီ ပေါင်ပေါ်သို့ ထွက်ကျလာကြ၏။ ပေါင်ပေါ်မှ ငွေစက္ကူများ သုံးရွက်စေ့သွားသောအခါ လျင်မြန်စွာ စုထပ်ယူလျက် ဒေါ်လုံမ ကြီးကို 'ဘကြီး ချက်ကြီးအတွက် ကူပါတယ်'ဟု ညင်သာပျော့ပျောင်းသော အသံလေဖြင့် ပြောကာ မသာကူငွေ သုံးကျပ်ကို ကမ်းပေးနေလေ၏။

တစ်ချိန်လုံး ရင်ခေါင်းတက်၍ ပြည့်သိပ် ရှုလှုပ်နေကြသည့် တွေးလုံး ထင်လုံးတို့သည် မတင်မကျနှင့် ရင်ထဲ၌ နင်သွားလေ၏။ ဤသို့သော အသက်အရွယ်နှင့် ကိုယ့်အိမ်မှာ လက်တို လက်ရှည် ကူဖော် လောင်ဖက် လုပ် ကိုင်ပေးဖော်ရတာတွေ တောက်ထားကြကာ မသာအတွက် သူတို့အခြေအနေ ကူငွေ ၁၀ ကျပ်လား၊ ၂၀ ကျပ်လား ဟူသော တွေးလုံး ထင်လုံးတို့သည် ရှ နေသဖြင့် ဒေါ်လုံမကြီးမှာ ကိုယ့်အခြေအနေကို ကိုယ်မေ့နေခဲ့၏။

မိမိအား ကမ်းပေးနေသော ငွေ ၃ ကျပ်ကို လှမ်းယူလိုက်ရမှာလော စိတ်ဆင်းရဲတာ မရှိ။ အကူငွေ ပေးကမ်းနေတာ ငြင်းပယ်လို့လည်း မဖြစ်နိုင် မျက်နှာငယ်လှသည့် ကိုယ့်ဘဝကို ရှက်ရှက်နှင့် မလှမ်းနိုင် လှမ်းနိုင် လှမ်း ရကာ 'အရပ်ကောင်းတော့ အလောင်းလှပါတယ် သမီးကြီးရယ်'ဟု ခေါင်း မဖော်နိုင်ဘဲ ကူတဲ့သူ ကျေနပ်အောင် အောင့်သက်သက် ပြန်ပြောလိုက်ရလေ၏။

"ကဲ...အားလုံးပဲ 'ခင်' ပြန်လိုက်ဦးမယ် နော်"ဟု ပြောပြောဆို နှုတ်ဆက် ထသွားသည်နှင့် တစ်ပြိုင်နက် ဒေါ်လုံမကြီးသည် အလောင်းကြ ကို လက်ထဲက ကျပ်တန်သုံးရွက် ထောင်ပြလျက် 'အေ ကိုဘိုးချက်ရဲ့ ကာ ညီ သောက်လိုက်ချင်တယ်ဆို။ ကာဖီလေး ထသောက်လိုက်ပါဦးလားဟု ကျွဆင်လိုက်ရာ ဦးချက်ကြီးမှာ ငွေစက္ကူ ကျပ်တန်သုံးရွက်ကို မမြင်နိုင်သည့် နိုင်အောင် ပါးစပ်ကိုမူ တစ်ဝက်ဖွင့်မြဲ ဟဖွင့်ထားလေ၏။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၈)၊ အမှတ်(၈၇)၊ ဩဂုတ်လ၊ ၁၉၅၄]

www.burmeseclassic.com



# မြက်ကလေးတစ်ပင်

[၁]

မင်းကတော် ခင်မမသည် ခေါင်းတုံးမကလေးကို နှာခေါင်းရှုံ့၍ ကြည့်၏။ ငွေငါးဆယ် များနေသလားဟု စိတ်ထဲက တွက်ချက်လျက် နမြောသလိုလို တွန့်နေလေသည်။

နမြောမည်ဆိုလည်း နမြောပေမည်။ ဆယ်တန် ငါးချပ်သည် ပိုကာဝိုင်း၌ တစ်နေကုန် တစ်နေ့ခန်း ခါးချည့်အောင် ထိုင်ရိုက်ရသော ငွေဖြစ်သည်။

ဖဲဝိုင်း၌ တစ်နေ့ခင်းလုံး ရှုံးနေသည်။ ပါလာသော ငွေ ၁၀၀ ကျပ် ကုန်၍ အတွင်းဝန်ကတော် တစ်ဦးထံက ၃၀ ကျပ် လှည့်ရသေးသည်။ ရှေ့ ၃၀ ကျပ် လှည့်ပြီး ဆက်ရိုက်နေစဉ် မင်းကတော်များရှေ့တွင် ဣန္ဒြေမပျက် အောင် ဟန်ဆောင်ပြီး ရိုက်နေရ၏။ လက်ကိုင်အိတ်ထဲ ရာတန် ထည့်ယူခဲ့ရ မလားဟု နောင်တရလို့မဆုံး၊ ဘယ်သူမှ မသိကြ၍သာ။ သူ့ကိုယ်သူလည်း ဆဲမိ သေးသည်။

ဒေါသကြောင့် လက်ထိပ်က ချဖဲကို မမြင်ဘဲ လျှမ်းနေသည်။ ရင်ထဲ ကလည်း တလှပ်လှပ်ဖြစ်ကာ မွန်နေ၏။ အသက်ရှူရပင် ကျပ်လာ၏။

ကံကောင်း ထောက်မ၍ နေစောင်းတော့မှ တဖြည်းဖြည်း ငွေ ၁၀၀ ကျပ် အရင်း ပြန်ပေါ်လာကာ ငွေ ၃၀ ကျပ် အကြွေးကို ဆပ်နိုင်လိုက်ရုံမက ငွေ ၅၀ ကျပ် အမြတ်ထွက်လျက် အနိုင်နှင့် ပြီးလိုက်ရ၏။

ခင်မမသည် ဖဲဝိုင်းအပြီး မြေကြီးကို ခြေမနင်းဘဲ ဝဲပျံသွားလျှင် ရတော့မလောက် ပေါ့ပါးသွားသည်။ ရွှင်မြူးနေ၍ ရယ်သည့်အသံမှာ နဂိုအသံ မဟုတ်ဘဲ အူထဲက အသံထွက်လာသည်။

"ခင်တော့ အိမ်ရောက်ရင် အိပ်ရာထဲ ခွေရတော့မယ် အောက်မေ့တယ်။ သော်ပါသေးရဲ့"

ပွင့်လင်းစွာ အားရပါးရကြီး ရယ်မော ပြောလိုက်သည်။

"ခင်တော့ ပွတာပဲ။ ကိုယ်တော့ မီးယပ်ချမ်းထနေပြီ"

မင်းကတော်၊ စိုးကတော်၊ သူဌေးကတော်တို့၏ ရယ်မောသံများ သည်စည်ကားကား ထွက်ပေါ်နေစဉ် မီးကို ရေနှင့် ဖျန်းသကဲ့သို့ ရုတ်တရက် ငြိမ်သွားကြ၏။ ဖဲဝိုင်းလုပ်နေသော ထမင်းစားခန်းထဲသို့ ခပ်ဝဝ မိန်းမကြီး တစ်ယောက် ဝင်လာသည်။ သနပ်ခါးဘဲကျားနှင့် အသားမည်းမည်း ဝဝတုတ် တုတ်ကြီး၊ ဗိုက်ကြီးမှာ ရှေ့သို့ တစ်တောင်လောက် ချွန်းနေသည်။ သုံးပေ လောက်မြင့်သော ခေါင်းတုံးပြောင်ကလေးနှင့် ကလေးမ ပိန်ပိန်သေးသေး ကလေးသည် မိန်းမဝဝကြီး၏ ပေါင်တစ်ဖက်က ထဘီစကို ဆွဲကိုင်လျက် ကပ်ပါလာလေသည်။

မင်းကတော်များမှာ မိန်းမကြီး၏ ပေါင်လုံးကွယ်နေ၍ တွယ်ကပ်ပါ လာသော ခေါင်းတုံးမကလေးကိုယ်ကလေးတစ်ခြမ်းကိုသာ မြင်ကြရသည်။

အသားညိုညို၊ မျက်လုံးပြူးပြူး၊ အရိုးပဒေသာ ကိုယ်လုံးကလေးပေါ် ၌ ပိတ်ရှင်မီး၊ ရေမလျှော်ရသေးသော အသစ်စက်စက်သည် အဆမတန် ရှောင်နေကာ ရှင်မီးကြိုမှာ လက်မောင်းအရိုးပေါ် ကျနေ၏။ ခါးက ထဘီ သည် တဘီဆင်နှင့် မတူ။ အသားရှိနေသော အဝတ်ပိုင်း အဟောင်းစတစ်ခု ကို ကွင်းချုပ် ဝတ်ပတ်ထားကာ အဆင်လည်း မရှိ၊ အရောင်လည်း မရှိ၊ မည်း မည်းနေသဖြင့် အထက်က ရှင်မီးနှင့်တော့ အရောင်ကွဲခြားနေသည်။

တစ်ကိုယ်လုံး မျက်လုံ သာလျှင် ပေါ်လေ၏။ ပါးနီ နှုတ်ခမ်းနီဆိုး ထားကာ ဆံပင်များ ဖွာလန်တွန့်ကောက်ထားသော မင်းကတော်တွေကို ခပ်ရိုင်း ရိုင်း ပြူးစိုက်ကြည့်နေ၏။

'ဒီဟာမကလေးလား'ဟု ခင်မမ ဘေးတွင် ရပ်နေသော အရေးပိုင် ကတော်က မျက်မှောင်ကြုတ်၍ မေးလိုက်လျှင် မိန်းမဝဝကြီးသည် ရှားရောင် နေကြက်နေသော သွားများကို ဖော်ကာ မျက်နှာချို အရင်သွေးပြီးမှ–

"မမဖို့ ပြောထားတဲ့ ကလေးမက တစ်အိမ်က ဦးသွားလို့ မရလိုက် ဘူး။ ဒီဟာမကလေးကတော့ မမ လိုချင်လည်း ယူရအောင် ဆွဲလာခဲ့တာပါ"

'လိုချင်ပါဘူးတော်'ဟု အရေးပိုင်ကတော်က ခေါင်းခါလျက် မဲ့ပြော လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုံးမကလေးသည် သူ့အား ငိုင်းကြည့်နေကြသော မျက်လုံးများကို မခံရပ်နိုင်၍ ထဘီစကို မြဲမြဲဆုပ်လျက် တင်ပါးကြီးနောက်တွင် မျက်နှာအပ်ကာ ကွယ်ဖွက်ထားလိုက်သည်။

'ဒီ လက်မလောက်ကလေး ဘာလုပ်ရမလဲ'ဟု အတွင်းဝန်ကတော်က ဆိုလိုက်ရာ 'ကြီးလာအောင် အနှံ့အတာခံပြီး မွေးထားရဦးမယ့် တာဝန်က မသေးဘူး'ဟု သစ်စက်သူဌေးကတော်လေးက ထောက်ခံလိုက်သည်။

သူတို့အထဲတွင် ဆံပင်ဖြူနေသော လွှတ်တော်ရှေ့နေကတော်ကြီးသည် တစ်ယောက်တစ်ခွန်း ထင်မြင်ချက်ပေးနေကြသည့် အထဲ၌ ဝင်မပါဘဲ ငြိမ်နေလျက် ရှေ့နောက် မြော်မြင် တွေးတော စဉ်းစားနေသော အမူအရာများကို ရုပ်သိမ်း၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီးနောက် ကုလားထိုင်နောက်မှီနှင့် ကျောကို ပြန်ကပ်လိုက်ကာ...

"ဒီလို အပိုင်ရတာမျိုးက ရှားတယ်နော်။ လခနဲ့ ခိုင်းရတာက မပိုင်ဝက်မွေးတွေ။ ဒါမျိုးကမှ တစ်သက်လုံး ခိုင်းဖို့ ပိုင်တာ။ ငယ်လည်း ခဏပေါ့။ စောင့်ရလှ တစ်နှစ် နှစ်နှစ်ပါ။ ရှစ်နှစ် ကိုးနှစ်လောက် ဖြစ်လာရင် ပန်းကန်ဆေး၊ သနပ်ခါးသွေး၊ အဝတ်ဖွပ်၊ ကြမ်းတိုက်ရရောပေါ့။ အန်တီက ကလေးမြေးငယ် မရှိလို့။ ရှိရင် သူတို့နဲ့ အဖော်ရအောင် ခေါ်ထားလိုက်မှာပဲ"

ခင်မမသည် ဖျတ်ခနဲ အိမ်က မိုက်ကယ်နှင့် လီလီကို သတိရလိုက်သည်။ မိုက်ကယ်မှာ ရှစ်နှစ်သားလေး ဖြစ်သည်။ လီလီက ဆယ်နှစ်သမီး ဖြစ်သည်။ ကလေးတွေမှာ အိမ်၌ ထမင်းချက်သော အမယ်ကြီးကို မခင်ကြပေ။ ဆယ့်လေးငါးနှစ် ခပ်ရွယ်ရွယ်ကလေးမများကို လခနှင့် ငှားထားပေါင်းလည်း များလှပြီ။ ကလေးတွေက ဆိုးလွန်းသောကြောင့် ဒဏ်မခံနိုင်ကြဘဲ တစ်လ နှစ်လနှင့် ထွက်သွားကြသည်။ ဒီဟာမကလေးဆိုလျှင် အပိုင်လည်းရ ဒုံးပေးကတ်သတ် ခိုင်းချင်တိုင်း ခိုင်းသွားနိုင်မည်။

"ဘယ်လောက်လဲ"

ခင်မမသည် ဈေးထဲ၌ ဘဲကောင်ကို ဝယ်သည့်အခါ ရင်အုံနှင့် ပေါင်တံတို့တွင် အသား များ မများတို့ ဖိကြည့်သလို တင်ပါးနောက်က ကိုယ်တစ်ခြမ်း ထွက်ပြူလာသော ခေါင်းတုံး မကလေး၏ လက်မောင်းနှင့် ပေါင်တံကို မျက်စိကစားရင်း မေးကြည့်လိုက်၏။

"၅၀ ကျပ်ပါရှင်"

မိန်းမဝဝကြီးသည် အားတက်ကာ ထုတ်ပြရအောင် လက်တစ်ဖက်





နောက်ပြန်ပစ်လျက် တင်ပါးနောက်၌ ပုနေသော ခေါင်းတုံးမကလေး၏ ကုတ်ကို ဆုပ်ကာ ကိုယ်ရှေ့သို့ ဆွဲထုတ်လိုက်လေ၏။

ခေါင်းတုံးမကလေးသည် ရှန်းရင်း လိမ်ရင်း ပါလာကာ ချွန်းထွက်နေသော ဗိုက်ကြီးကို ကပ်ဖဲ့ ရပ်ဖဲ့ဖြင့်ပင် အတင်း ကပ်မှီနေပြီးနောက် မည်သူ့မျှ မကြည့်တော့ဘဲ မျက်နှာကို မဲ့ထားသည်။

မိန်းမဝဝကြီး၏ ဗိုက်ကို မှီရပ်တွယ်ကပ်နေသော ရုပ်ပျက်ဆင်းပျက် 'ပစ္စည်း'ကို ဝိုင်းကြည့်ကြရင်း အားလုံးလိုပင် စိတ်ပျက်ကြသည်။ ငွေ ၅၀ ကျပ် နှင့် တန်မတန် တွက်ချက်လျက် တွန့်နေသော ခင်မမပင် နှာခေါင်းရှုံ့၍ နေလေသည်။

"ဖအေ မအေလည်း မရှိပါဘူး၊ ဆွေမျိုးလည်း မရှိပါဘူး။ မုဒုံဘက်ကပါ၊ မွေးခါစက သနားလို့ ယူပြီး မွေးထားတဲ့ အဘိုးကြီးကလည်း သေသွားပြီး အမယ်ကြီးက မမာလို့ မမွေးနိုင်တာကြောင့် အိမ်ကောင်း ရာကောင်း ပို့ခိုင်းတာပါ"

လူကုန်ကူးနေသော မိန်းမကြီးသည် ခေါ်ထားသည့် ဈေးနှင့် တည့်အောင် ပစ္စည်းကို တွန်းထည့်နေရလေ၏။

ခင်မမသည် အိတ်ထဲက ငွေနှင့်သာဆိုလျှင် သည်လို ပိန်ပိန်ခြောက်ခြောက် သုံးပေလောက်ဟာကလေးမျိုးကို စိတ်ဝင်စားချင်မှ ဝင်စားမည်။ သို့သော် အရှုံးထဲမှ အမြတ်ပြန်ထွက်ထားသော ငွေ ၅၀ ကျပ်နှင့် ဖလှယ်နိုင်သော်လည်း အလကားရသော ငွေ ၅၀ ကျပ်မှာ ငွေ ၅၀ ကျပ်ပင် ဖြစ်၍ လဲယူရန် အောင့်သက်သက် ဖြစ်နေသည်။

"မလျှော့ဘူးလားရှင်၊ ၃၀ ကျပ်လောက်နဲ့ မရဘူးလား"

ခင်မမသည် မိန်းမကြီးကို ပြောပြီး အိမ်ရှင် အရေးပိုင်ကတော်ကို ဆစ်ပေးရန် မျက်လုံးဖြင့် စစ်ကူ လှမ်းတောင်းလိုက်သည်။ အရေးပိုင်ကတော်ကား မိန်းမဝဝကြီးထက် အရည်အချင်း တစ်ပန်းသာပြီးသားဖြစ်၍ သွယ်ဝိုက်သော စည်းနှင့် ဖိနှိပ် နှင်းဆစ်ပေးလိုက်သည်။

"ခင့်နှယ် ဘာလုပ်ဖို့များ လိုချင်ရတာလဲ။ လက်မလောက်ဟာကို ခိုင်းရ၊ မစေရ၊ ဒုက္ခ သုက္ခခံလို့ မွေးရမှာ။ ကိုယ်သာဆိုရင် အလကား မွေးပါဆိုတောင် မယူဘူး။ ညည်းကလည်း ၃၀ ကျပ်ပေးရင် ဈေးကိုင်မနေနဲ့။ ဒေါ်ဒေါ်၊ ညည်းဟာမလေးကို ဘယ်သူကမှ ယူမှာ မဟုတ်ဘူး သိရဲ့လား"

၁၀ ကျပ်လောက်ရလျှင် ပေးခဲ့မယ်ဟု မှန်းခဲ့သော မိန်းမကြီးသည် အပြစ်ခံရတော့မည့် တရားခံလောက်နီးနီး ကြောက်ရွံ့ရှိသေလှသော ဟန်ပေး



www.burmeseclassic.com

www.burmeseclassic.com



လျက် မျက်နှာထားကြီးနှင့် ပြောလိုက်သော အရေးပိုင်ကတော်အား ရှိခိုးဦးတင် ပြန်ပြောလိုက်သည်။

"မကိုင်ဝံ့ပါဘူး မမရယ်၊ ပေးတဲ့အတိုင်း တိုးမပြောပါဘူး။ ကျွန်မက ကြားထဲကပါ ဟိုအမယ်ကြီး တစ်ဖက်သားလည်း ဆေးဖိုး ဝါးဖိုးလေးပဲရရ၊ သက်သက် ဆောင်ရွက်ပေးချင်လို့ ဆွဲလာတာပါ။ မမက ဒီလောက်နဲ့ တော်ဆိုမှ တိုးမပြောရဲပါဘူး"

ခေါင်းတုံးမကလေးသည် မဲ့နေရာမှ စားပွဲခုံပေါ်သို့ ဘယ်က ပေါ်လာမှန်းမသိ ခုန်တက်လိုက်သော ကြောင်နက်ကလေးကို ငေးစိုက်ကြည့်နေကာ ဘာတွေကို ပြောဆိုနေကြမှန်း မသိတော့ပေ။

ကြောင်နက်ကလေးသည် စားပွဲပေါ်တွင် ခွေလျက် လည်ပင်းယား၍ လက်ကလေးတစ်ဖက်နှင့် ကုတ်နေသည်။ ဒါကို စိုက်ကြည့်နေလေသည်။

အရေးပိုင်ကတော်သည် ကြောင်နက်ကလေးကို ပွေ့ချီယူလိုက်ကာ ရင်ခွင်တွင် ထွေးပိုက်ထားလိုက်သည်။ ကြောင်နက်ကလေး အရေးပိုင်ကတော် ရင်ခွင်ထဲ ရောက်သွားမှ မျက်စိလွှဲသွားကာ ခင်မမအား တစ်လှည့်၊ မိန်းမဝဝကြီး လှမ်းယူလိုက်သော ငွေစက္ကူကို တစ်လှည့် ကြည့်နေပြန်၏။

"ခင်ပြန်တော့မယ်၊ ကလပ်ကို ကားလွှတ်ရဦးမှာ။ အားလုံးပဲ ပြန်မယ်နော်"

ခင်မမသည် အခန်းထဲမှ ရှေ့က ထွက်ခဲ့သည်။ ခင်မမနောက်မှ မိန်းမဝဝကြီးသည် ခေါင်းတုံးမကလေးလက်ကို ဆွဲလျက် လိုက်ခဲ့ကာ ကြောင်နက်ကလေး ပွေ့လာသော အရေးပိုင်ကတော်နှင့် အခြားကတော်များက နောက်ဆုံးက ထွက်လိုက်လာကြ၏။

အိမ်ရှေ့ ဆင်ဝင်အောက်ရှိ ကားထဲသို့ မဝင်ခင် ခင်မမသည် ခေါင်းတုံးကလေးကို အရင်တင်ပေးရန် မိန်းမကြီးကို မျက်ရိပ်ပြလိုက်သည်။

"တက်၊ ကားပေါ်တက်၊ ကားကြီးစီးပြီး ဟိုဈေးမှာ မုန့်သွားဝယ်ပေးမှာ၊ တက်လေ"

ကားကြီးထဲ မဝင်ဝံ့သဖြင့် မျက်လုံးများ ပြူးကာ အသံမထွက်ဘဲ ရုတ်တရက် အကြောက်အကန် ရုန်းရင်း မိန်းမကြီး၏ ပေါင်တံအား တအားဖက်ထားပုံကို ဝိုင်းကြည့်ကြလျက် ဝါးခနဲ ရယ်ကြလေသည်။

မိန်းမကြီးက ပခုံးကလေးနှစ်ဖက်ကနေ၍ လက်နှင့် ဆုပ်မလိုက်ပြီးလျှင် ကားထဲသို့ ထိုးသွင်းထည့်လိုက်ကာ ဂျိုင်းခနဲ တံခါးကြီး ပိတ်ပစ်လိုက်မှ ဝါးခနဲ ငိုသံထွက်လာသည်။





ခင်မမသည် ပြုံး၍ ရှေ့မှ ဒရိုင်ဘာဘေးတွင် ဝင်ထိုင်လိုက်ကာ ကားတံခါးကို ပိတ်လျက် ကားမထွက်ခင် အားလုံး လက်ပြ၍ ရွှင်ရွှင်ပြုံးပြုံး နှုတ်ဆက်ခဲ့သည်။

[၂]

"နင့်နာမည် ဘယ်သူလဲ ပြောစမ်း"

ခင်မမသည် အိပ်ခန်းထဲ၌ အဝတ်အစားများ လဲဖယ်ကာ အညောင်းဆန့်ရန် ခုတင်ပေါ်သို့ ပစ်လှဲလိုက်ပြီးလျှင် အပြင်ခန်းတွင် တရှုပ်ရှုပ်ငိုနေသော ကလေးမလေးကို အခန်းတံသို့ ခေါ်သွင်းလျက် စစ်ဆေးကြည့်၏။

"ပြောလေ၊ မေးနေတာ"

'ငါ ဘယ်ရောက်လာပါလိမ့်'ဟု အသိဉာဏ်ဖြင့် မစဉ်းစားနိုင်သေးဘဲ မှန်ကားကြီးထဲ ထည့်ကာ တံခါးအလုံပိတ် မောင်းလာ၍ သေလုမြောပါးကြောက်လန့်သွားသည့် အရှိန်မှာ ကောင်းကောင်း မပြေတတ်သေးသဖြင့် ချက်တရက် အဖြေမပေးနိုင်ဘဲ ရှိုက်ငိုနေလေ၏။

"ဒီနှား တိုးခဲ့စမ်း"

အမိန့်ပေးသော အသံသည် ထန်ပြင်းလှသဖြင့် တစ်ကိုယ်လုံး တုန်သွားကာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခုတင်းနားသို့ တိုးကပ်လာသည်။

"မေးတာ ပြောလေ၊ နာမည်မေးတာ ပြော၊ နာမည် ဘယ်သူလဲ"

"ညှပ်စိ"

"ဘာ"

"ညှပ်စိ"

ကလေးမကလေးက နောက်တစ်ကြိမ် ထပ်ပြောမှ နားထဲတွင် သဲကွဲလျက် ခင်မမသည် 'ညှပ်စိ အမယ်လေးဟဲ့'ဟု အလန့်တကြားပင် အော်လိုက်ကာ မျက်နှာကြီး ရှုံ့နေ၏။

မွေးနေ့ပါတီက ပြန်လာကြသော မိုက်ကယ်နှင့် လီလီတို့သည် အခန်းထဲသို့ ပြေးဝင်လာကြသည်။

'မာမီ မာမီ'ဟု အော်ခေါ်လာသော အသံများကား ဆူညံသွားသည်။ မိုက်ကယ်သည် ဖိနပ်မချွတ်ဘဲ ခုတင်ပေါ်သို့ ခုန်တက်လာ၍ ခင်မမက ထွေးဖက်ဆွဲလိုက်သည်။

လီလီသည် ခုတင်တိုင်ကို ကိုင်ကာ 'ညှပ်စိ'အား ခြေဆုံး ခေါင်းဖျားအထိ ဆန်းဆန်း ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လီလီ၏ ခေါင်းပေါ်၌ ခွေလိမ်နေသော ဆံပင်နှင့် နှုတ်ခမ်းနီ ပါးနီ ခြယ်ဆိုးထားသော မျက်နှာကို ပြုံးစိုက်ကြည့်နေသဖြင့် မနစ်မြို့သလို နှုတ်ခမ်း စူပြလိုက်ကာ 'မာမီ၊ သူက ဘယ်သူလဲ'ဟု မေးလိုက်သည်။

မိုက်ကယ်သည် ခင်မမ ကျောကို ပိုးစီးထားလိုက်ကာ လည်ပင်းအစ် လောက်အောင် ဖက်ထားသပြင့် လက်ကို ပြုတ်အောင် ကြိုးစား၍ မနည်းဖြုတ် နေရင်း 'သမီးတို့ ခိုင်းဖို့ ခေါ်လာတာ'ဟု ဆိုလိုက်၏။

မိုက်ကယ်သည် ညှပ်စိအား ကြည့်လျက် မျက်နှာမဲ့ရှုံ့၍ 'သားသား ခိုင်းဖို့ကော မခေါ်ခဲ့ဖူးလား'ဟု ခင်မမ၏ ကျောကို လက်သီးဆုပ်နှင့် တဖုန်း ဖုန်း ထုပြောလေ၏။

'အတူတူပေါ့ သားရယ်၊ အတူတူ ခိုင်းကြပေါ့'ဟု အထုခံရင်း ချော့ ပြောရသည်။

"မာမီ သူက ဘယ်ကလဲ"

လီလီသည် အထပ်လိုက် အထပ်လိုက် ကြွဖောင်းကားနေသော ဂါဝန် အောက်ပိုင်းကို ပင့်လှန်၍ ခုတင်ပေါ်၌ ထိုင်ချကာ ခြေထောက်ကလေးများ လှုပ်ရမ်းလျက် စိတ်ဝင်စားစွာ စစ်ဆေးနေ၏။

"ဘယ်ကမှန်း ဘယ်သိမလဲ၊ ဟဲ့ နင် ဘယ်မှာ မွေးသလဲ"

ခင်မမ မေးနေလည်း မေးမေးပင်၊ ညှပ်စိမှာ မေးတာကို နားလည်သလို ရှိသော်လည်း ဘယ်မှာမွေးမှန်း မသိသဖြင့် ကြောင်တောင်ကြီးပင် ကြည့်နေ၏။

"နင့်ကိုမွေးတဲ့နေရာ နင် မသိဘူးလား"

ညှပ်စိသည် ခင်မမအား ကြည့်၍ ခေါင်းကို ခါလိုက်သည်။ လီလီနှင့် မိုက်ကယ်လည်း ပြိုင်တူရယ်လိုက်ကြသည်။ ညှပ်စိသည် မျက်နှာညိုသွားကာ မိုက်ကယ်အား မျက်စောင်းထိုး၍ ကြည့်လျှင် မိုက်ကယ်၏ မျက်နှာပေါက်ဆိုးဆိုး နှင့် လက်သီးကို မြင်လိုက်ရ၍ ချာခနဲ မျက်လုံးကို ရုပ်သိမ်းလိုက်သည်။

"မာမီ သူ့အဖေ အမေကော မရှိဘူးလား၊ ဘယ်မှာလဲဟင်"

ခင်မမသည် လီလီ၏ ဂါဝန်နောက်ကျောမှ ကြယ်စိများကို လှမ်းဖြုတ် ပေးနေရာမှ 'နင့်အဖေ အမေ မေးနေတယ် ပြောလေ'ဟု ငေါက်ပြောလိုက် သည်။

ညှပ်စိသည် မိုက်ကယ်ကို မကြည့်တော့ဘဲ လီလီနှင့် ခင်မမကိုသာ တစ်လှည့်စီ ကြည့်လျက် နေ၏။

"မေးတာ ပြောလေ"

လီလီက အော်ငေါက်လိုက်သည်။ ညှပ်စိသည် လီလီကို မျက်စောင်း





ထိုးလျက် ဆီမန်း မန်းသလို နှုတ်ခမ်းများ လှုပ်နေ၏။ မိုက်ကယ်နှင့် လီလီ သည် ညှပ်စိပုံပန်းကို ကြည့်လျက် စိတ်ဆိုးနေမှန်း သိကြသဖြင့် ပို၍ စိတ်ဝင် စားကာ 'မာမီ မေးတာ မပြောဘူး'ဟု ပြိုင်တူ တိုင်တန်းကြသည်။

ခင်မမသည် ခုတင်ပေါ်မှ ထ၍ လီလီ၏ ဂါဝန်ကို အထက်သို့ လှန် ချွတ်ယူလျက် ညှပ်စိဘက်သို့ လှည့်ကာ 'မေးတာပြော'ဟု အော်လိုက်၏။

ညှပ်စိသည် မျက်နှာပုပ်ပုပ်ဖြင့် မည်သူ့ကိုမျှ မကြည့်ဘဲ ကြမ်းကို စိုက်ကြည့်ကာ မဖြေဘဲ နေ၏။

ခင်မမသည် 'အာဂ လာတဲ့ ကောင်မလေးပါလား'ဟု ထောင်းခနဲ ဖြစ်သွားကာ ညှပ်စိရှေ့၌ ခါးထောက်၍ ကြည့်၏။

"ညှပ်စိ"

"ဘာတုန်း"

ဖြန်း. . .

ပထမဆုံးအကြိမ် ခင်မမ၏ လက်ဝါးအသံ ဖြစ်၏။

ညှပ်စိ၏ နားမည်ကို ကြား၍ လီလီသည် တခစ်ခစ် ရယ်နေသည်။ မိုက်ကယ်လည်း လိုက်ရယ်သည်။ ဖြန်းခနဲ အသံထွက်လျှင် အရယ်ရပ်ကြကာ ခင်မမအား စိုက်ကြည့်နေကြပြန်၏။

ညှပ်စိသည် အသံထွက်အောင် အော်ငိုလိုက်သည်။

ဖြန်း. . .ဖြန်း. . .ဖြန်း

ဤအကြိမ်တွင် သုံးချက်ဖြစ်သွားသည်။ ထိုသုံးချက်သည် ညှပ်စိအား နောက်ထပ် အသံမထွက်ဝံ့တော့ပေ။

"တိတ် ကောင်းကောင်းပြော။ နင့်အဖေ အမေ ဘယ်သူလဲ"

ညှပ်စိသည် ရှိုက်လျက် 'မသိဘူး'ဟု ဆိုလေသည်။

လီလီသည် သဘောခွေ့၍ တခစ်ခစ် ရယ်ပြန်လေသည်။ ညှပ်စိအိမ် ရောက်လာတာ ပျော်သလိုလို ဖြစ်ကြသည်။ အဖေ အမေ မသိဘူးဆိုသော အဖြေမှာ လီလီနှင့် မိုက်ကယ်အဖို့ ရယ်စရာကောင်းလှ၍ အားရပါးရ ရယ် ကြကာ. . .

'မာမီ အရူးမလေးနော်။ သူ့အဖေ အမေ သူ မသိဘူး။ အရူးမလေး' ဟု ပြောကြ၏။

"နောက်တစ်ခါ မေးလို့များ မဖြေဘဲ ပေကပ်နေရင် ဟောဒီမှာ ကြည့် ထား"

ခင်မမသည် သူ၏ မိုဖောင်း တုတ်ခိုင်သော လက်ဝါးကို ထောင်ပြ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ညွပ်စိသည် မျက်လုံးကလေး ပေကလပ်ဖြင့် ကြည့်လျက် ရှိုက်နေလေ
သည်။

ညွပ်စိသည် သူ၏ ဇာတိကို ပြောပြတတ်ဖို့ နေနေသာသာ၊ သူ့မိဘ
များကိုပင် မည်သူမည်ဝါ မသိရှိ အမှန် ဖြစ်၏။ သိချင်စိတ်လည်း မဖြစ်
ပေ။ လူမှန်းသိတတ်စက အဘိုးကြီးတစ်ယောက်နှင့် တူတူနေဖူးခဲ့သည့် အ
ကိုလည်း ပြန်လည်၍ သတိရချင်သည့်အခါမှ ရလေသည်။ အဘိုးကြီးရုပ်
လည်း ကောင်းကောင်းပင် မမှတ်မိတော့။ ဇဝေဇဝါပင် မှတ်မိသည်။ ထို့နောက်
အမယ်ကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ကို သိသည်။ အမယ်ကြီး
မှာ ဝါးခြမ်းများနှင့် အရိုးထအောင် နေ့တိုင်း ရိုက်တတ်သည်။ မိန်းမကြီး
ခေါင်းကို တွေ့ကရာနှင့် ကောက်ခေါက်တတ်လျက် အရိုးထင်အောင် အရိုက်
ခံခဲ့ရချေ။ နောက်ဆုံး မိန်းမကြီးနှင့် နေခဲ့ရသည်ကိုသာ ကောင်းကောင်း မှတ်မိ
တော့သည်။

ထိုမိန်းမကြီးသည် မိမိအား ၆ လလောက် မွေးထားပြီး ၃၀ ကျပ်နှ
ထည့်လိုက်ပုံကို ဂဃနဏ မသိလိုက်။ မိမိကို ခေါ်သွားသည်။ ငွေစက္ကူယူလို
သည်။ ကားထဲထည့်လိုက်သည်။ ဒါလောက်သိသော အသိကလေးသည်လည်း
နောင် ကာလကြာမြင့်ခဲ့လျှင် သိချင်မှ သိတော့မည်။

ညွပ်စိမှာ မိုက်ကယ်နှင့် လီလီကို မုန်းသွားလေသည်။ ခင်မမ
ကြောက်သွားသည်။

ထို့ကြောင့် မည်သူနှင့်မျှ မျက်နှာချင်း မဆိုင်လိုတော့ဘဲ အိပ်ခန်းတွင်
ရှိ ခုတင်၊ မှန်တင်ခုံ၊ အဝတ်ဗီရို၊ ပန်ကာ စသည့် အရာဝတ္ထုပစ္စည်းများ
ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်နေလျက် တစ်ချက်တစ်ချက်သာ ရှိုက်
နေ၏။

"လီလီ သူ့ကို ဒေါ်ဒေါ်ရင်ဆီ ခေါ်သွား၊ မီးဖိုထဲမှာ ထားလိုက်
ပက်ဂီကော ပက်ဂီ"

မိုက်ကယ်သည် ခုတင်ပေါ်မှ ခုန်ချလိုက်ကာ အခန်းဝသို့ ပြေးသွား
လျက် 'ပက်ဂီ'ဟု သံကုန်ဟစ်၍ ခေါ်လေ၏။

အမွေးစုတ်ဖွားဖြင့် ပုပုလုံးလုံး ခွေးကလေးသည် အခန်းထဲသို့ ပြေးဝင်
လာသည်။ မိုက်ကယ်သည် ကုတ်က ညှစ်၍ မယူလိုက်ပြီးနောက် ခုတင်ပေါ်
သို့ လှမ်းပစ်တင်လိုက်သည်။

"ဟဲ့... ဟဲ့...သေတော့မှာပဲ"

ခင်မမမှာ မျက်လုံးမျက်ဆံပြူးကာ ခွေးကလေးကို မွေ့ရာပေါ်မှ သွား





ကောက်ယူ၍ အောက်သို့ချလျက် 'ပက်ဂီဖို့ နို့ထမင်း ကျွေးပေးဖို့ ဒေါ်ဒေါ်ရင်
ကို ပြောလိုက်နော်'ဟု မှာလိုက်သည်။

လီလီသည် ညွပ်စိအား 'လာခဲ့'ဟု ဆိုကာ ရှေ့က အရင်ထွက်သွား
လေသည်။ ညွပ်စိသည် ခွေးကလေးကို မျက်စိကျနေကာ နှစ်သက်စွာဖြင့်
ကြည့်ကြည့် လှည့်ကြည့်နှင့် လိုက်သွားလေ၏။

ဒေါ်ဒေါ်ရင်သည် ခင်မမတို့ ပြန်ရောက်၍ တံခါးဖွင့်ပေးကတည်းက
ညွပ်စိကို မျက်စိမွေး စူးသွားလေ၏။ လီလီနှင့် ညွပ်စိတို့ မီးဖိုထဲသို့ ဝင်လာ
ကြလျှင် 'ဒီလက်တောက်လောက်ဟာလေးများ ဘာဖြစ်လို့ ခေါ်လာရမှန်း
မသိပါဘူးတော်'ဟု ဆီး၍ ဟောက်လိုက်သည်။

ညွပ်စိသည် လူဖြစ်ကတည်းက ဘယ်သူ့မျက်နှာသာပေးမှ မခံရဘူး
ပေ။ မျက်စောင်းဒဏ်ကို ယဉ်ပါးနေကာ ခံနိုင်ရည်ရှိပြီးသား ဖြစ်သည်။ မီးဖို
ရှိ ဆင်းပုံအနားတွင် ထိုင်ချကာ ဒေါ်ဒေါ်ရင်ကိုသာ ငေးကြည့်နေလေ၏။
ဒေါ်ဒေါ်ရင်မှာ လက်မအားအောင် အလုပ်များနေသည်။ ညစာအတွက် မီ
အောင် ကမန်းကတန်း လုပ်ကိုင်နေရသည်။

မီးဖိုပေါ်မှ ဟင်းအိုးနံ့သည် ညွပ်စိအား ဒုက္ခပေးနေသည်။ ညွပ်စိသည်
ဟင်းနံ့ဖြင့် သွားရည်ယိုနေကာ ပါးစပ်တပြင်ပြင် လုပ်လျက် ဝတ်မွတ်ဆာ
လောင်နေပေ၏။

ခင်မမသည် အလှပြင်ကာ သပြီးသွားပြီ။ မောင်တော်လာချိန် နီးပြီမို့
တော့မည်။ လီလီနှင့် မိုက်ကယ်တို့ကိုလည်း ရေမိုးချိုးပေးထားပြီးပြီ။
ပြန်လာလျှင် တစ်အိမ်လုံး ရှင်းနေမှ လှနေမှ ကြိုက်သည်။ ထို့ကြောင့်
ပြင်ပြီး အမြင်မတော်တာကလေးတွေကို လျှောက်သိမ်းနေရသည်။

အပြင်ဘက်တွင် မှောင်ကျ၍ လာချေပြီ။ အိမ်နီးတစ်ဝိုက် ခြံများမှ
ထွန်းထားသော မီးလက်လက်ကို လှမ်းမြင်ရသည်။ ခင်မမသည် ပြတင်းပေါက်
၌ ရပ်ကာ လမ်းဘက်သို့ မျှော်လေ၏။ ထိုညမှာ လကင်းမဲ့သောည ဖြစ်သည်။
သော် ကြယ်ပွင့်များကာ ပြာမှိုင်းနက်မှောင်သော ကောင်းကင်တစ်ခွင်လုံး
လက် လက်လက်နှင့် တဖျပ်ဖျပ် တောက်နေကြသည်။

"လုပ်ပါဦး မင်းကြီးကတော်ရဲ့"

မီးဖိုထဲမှ ပြေးထွက်လာသော ဒေါ်ဒေါ်ရင်သည် ခင်မမအနီးသို့
ကပ်ခင် အဝေးကြီးက အော်ပြောရင်း ပြေးထွက်လာသည်။

ခင်မမလည်း တဒိတ်ဒိတ်ခုန်သွားသော ရင်ဖြင့် ဒေါ်ဒေါ်ရင်ဘက်
ကြည့်လိုက်ကာ 'အို ဘာဖြစ်တာလဲ'ဟု မေးလျက် ခေါင်းကို ကြီးသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟိုကောင်မလေး...ရယ်၊ ခေါ်လို့ မရဘူး တက်နေတယ်"

ခင်မမသည် မီးဖိုထဲသို့ ဝင်ပြေးသွားလေသည်။ လီလီနှင့် မိုက်ကယ်တို့လည်း အနောက်မှ ပြေးလိုက်လာကြသည်။ ညှပ်စိမှာ ထင်းပုံကို အားပြုမှီကာ မျက်လုံးများ ပြူးထွက်အောင် ကျပ်နေလျက် ရင်ထဲမှ အင့် အင့်ဟု မချိမဆန့် အသံထွက်နေ၏။

"ဘယ်လိုဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ခင်မမမှာ ဘာလုပ်ပေးရမှန်း မသိအောင် စိတ်ရှုပ်သွားသည်။ အနာအဆာနှင့် ဟာကို အခေါ်မှားလာပြီဟု စိတ်ပျက်မိကာ ဖြစ်နိုင်လျှင် ယခုပင် ပြန်ပို့လိုက်ချင်တော့သည်။

ခင်မမသည် တောက်ခေါက်လျက် ခေါင်းကို စုံကုတ်ကာ 'ဘယ်လိုလုပ်ရမှာလဲ'ဟု ဒေါ်ဒေါ်ခင်ဘက်သို့ လှည့်မေးလိုက်သည်။

"ကျွန်မ ချက်နေတာ အားကနေပြီး ဆာတယ်၊ ထမင်းပေးစားပါဆို တပူပူတောင်းနေလို့ မနက်က ကျန်တဲ့ ထမင်းကြမ်းတွေ ဇလုံထဲထည့်ပြီး ငါးပိကြော်တွေ ပုံပေးလိုက်တယ်။ တစ်ဇလုံလုံး ပြောင်နေအောင် စားပြီး အခုလို ခေါ်မရ၊ ပြုမရ အင့်...အင့်နဲ့ ဖြစ်နေတာပဲ"

ခင်မမသည် ခါးထောက်၍ တွေကြည့်နေရာမှ ဒေါ်ဒေါ်ခင်ကို တစ်လှည့်၊ ညှပ်စိကို တစ်လှည့်၊ ဒေါသအရောင် ထွက်လာသော မျက်လုံးဖြင့် စိမ်းစိမ်းကြည့်လိုက်ကာ ညှပ်စိနားသို့ သွားပြီး ခြေထောက်နှင့် ကျောက်၍ ခေါ်လိုက်၏။

"ညှပ်စိ"

မချိမဆန့် ဝေဒနာ ခံစားနေရသော ညှပ်စိသည် မထူးနိုင်ဘဲ အင့် အင့်ဟုသာ အော်မြည်နေ၏။

"ရှင့်နယ်ရှင် ဇလုံထဲ ထမင်းတွေ ဘယ်လောက်များ ထည့်ပေးလိုက်သလဲ။ တက်နေတာ မဟုတ်ဘူးရှင့်၊ စားပိုးနင့်နေတာ သိရဲ့လား"

မျက်နှာထားဆိုးဆိုးဖြင့် အော်ငေါက် ကြိမ်းပြောလိုက်ခြင်းကြောင့် ဒေါ်ဒေါ်ခင်မှာ နေစရာမရှိအောင် ဖြစ်သွားကာ 'မင်းကြီးကတော်ရယ် အားတယ်လို့ ကျွေးမိတာပါ'ဟု တုန်တုန်ယင်ယင် တောင်းပန်ရင်း 'အငတ်မလေးသေတာ အေးတယ်'ဟု စိတ်ထဲက ကျိန်ဆဲလိုက်သည်။

"သူ့ပါးစပ်ထဲ လက်ညှိုးထိုးသွင်းပြီး နှိုက်အန်မှ ဖြစ်မှာ"

လီလီနှင့် မိုက်ကယ်သည် ဒေါ်ဒေါ်ခင်၏ လက်ကို မျက်တောင်မခတ်





ကြည့်နေကြသည်။ လက်ညှိုးတစ်ချောင်းတည်း ထုတ်၍ မျက်နှာနားကပ်သွားသော လက်မှာ ခြောက်လုံးပြူး သေနတ်ကို ချိန်လျက် အနားကပ်သွားသည့်နှယ်ကို ကလေးနှစ်ယောက်စလုံး ရင်ဖိုနေကြသည်။

ဒေါ်ဒေါ်ခင်မှာ နောက်ဖေးအိုးကို သွန်ဆေးပေးဖို့ရန် ဝန်မလေးသော်လည်း ညှပ်စိပါးစပ်ထဲ လက်ထိုးနှိုက်ရန် နှလုံးနာမိသည်။

"ဟ...ဟဆို...ဟ"

လက်တစ်ဖက်က ညှပ်စိပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းကာ တစ်ဖက်က လက်ညှိုးချိန်လျက် အတင်းဟာခိုင်း၏။ ညှပ်စိသည် ရှေ့တိုး နောက်ငင် လှုပ်နေလျက် မှုးလာ၍ ပါးစပ်ကို ဟာပေးလိုက်သည်။

အာခေါင်ထဲတွင် ကလိလျက် ထိုးနှိုက်ပေးနေစဉ် ညှပ်စိ၏ အသံသည် ခင်မမနှင့် ကလေးများ၏ အသည်းခိုက်အောင် ယားကျိသွားလေ၏။

ညှပ်စိ၏ ခေါင်းသည် ဒေါ်ဒေါ်ခင် လက်ထဲ၌ ဆန့်ငင်ဆန့်ငင် လှုန့်နေလျက် ချွေးသီးချွေးပေါက်များ ကျလာကာ ဖွက်ခနဲ ထိုးအန်လိုက်သည်။ ဒေါ်ဒေါ်ခင်မှာ အန်ဖတ်တွေ စင်လာ၍ နောက်သို့ ခုန်လိုက်ကာ 'မိုင်းတာလေး'ဟု အသံထွက်သွားလေ၏။

ညှပ်စိမှာ ဆာသလောက် စားရသည်နှင့်မျှ မကာမိချေ။ သူ့အား တစ်ယောက်တစ်ခွန်း ဝိုင်း၍ ကျိန်ဆဲ ဆူပွက်နေကြသော အသံများမှာ နားကို အုနေတော့သည်။

[၃]

ညှပ်စိ၏ တစ်ကိုယ်လုံးတွင် သုံးလမျှသော အချိန်အတောအတွင်း အမှတ်အမျိုးမျိုး ထင်ခဲ့၏။ ဖနောင့်ရာ၊ လက်ရာ၊ လက်ဝါးရာ၊ သနပ်ခါးတုံး၊ တံမြက်စည်း အမျိုးပေါင်း စုံလင်လှပေသည်။ ၎င်းတို့အနက် မိုက်ကယ်၏ ပန်းကန်နှင့် ခုတ်ထားသော လက်ချက်မှာ နဖူးတွင် လက်တစ်ဆစ်ခန့် အမာရွတ် ထင်နေသည်။ လီလီ ဆိတ်ထားသော လက်သည်းရာတို့ကား တစ်ကိုယ်လုံး အနှံ့အပြား ဖြစ်သည်။

လီလီတို့ ဆော့ကစားနေကြလျှင် ညှပ်စိမှာ ဝင်ပါချင်၊ ဆော့ချင်လာသည်။ ခင်မမ ခိုင်းထားသည့် တောက်တိုမယ်ရ အလုပ်ကို ထားပစ်ခဲ့ကာ ဝင်ပါ ဆော့နေသဖြင့် ခင်မမ ရိုက်ပေါင်းလည်း ဖန်တရာတေနေပြီ။ မောင်နှမနှစ်ယောက် သင့်မြတ်နေကြလျှင် ညှပ်စိသည် အနားသို့ပင် မသီဝံ့ပေ။ အနားကပ်သွားလျှင် ထိုးရိုက် ဆိတ်လွတ်လိုက်ကြသည်။ မောင်နှမနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကာစာ ရင်း ရန်ဖြစ်၍ ကွဲသွား မှ တစ်ဖက်ဖက်မှ အစားဝင်ကစားခွင့်ရတော့၏။ ထို့ကြောင့် သူကစားချင်လျှင် မောင်နှမ ရန်ဖြစ်အောင် စောင့်နေရသည်။ ရန်မဖြစ်နိုင်ကြသေးလျှင် ရန်ဖြစ်အောင် လုပ်ပေးချင်သော စိတ်သည် ပေါ်လာလေသည်။ ညှပ်စိ၏ အသိဉာဏ်များကား ခင်မမပင် ဩချရလောက်အောင် တိုးတက်လာခဲ့၏။ နို့ဆီဘူးကို ခိုးလျက်ရမှန်း သိတတ်လာ၏။ မုန့်သေတ္တာခိုးစားရမှန်းလည်း နားလည်နေ၏။ နောက်ဆုံး ပက်ဂီ၏ ခွက်ထဲမှ ကော်ဖီရည်ပင် လစ်လျှင် ယူသောက်လိုက်တော့သည်။

ညှပ်စိ၏ အလုပ်ကား နံနက် အိပ်ရာထ အဝတ်စိတ်ကလေးတစ်ခုဖြင့် သူ့အရပ်နှင့် မီသည့် နေရာတိုင်းကို ဖုန်သုတ်ရ၏။ ဇလုံကလေးထဲတွင် ရေထည့်ကာ အဝတ်ပိုင်းစနှင့် ကြမ်းကို တစ်ချောင်းစီ၊ တစ်ချောင်းစီ တိုက်ပွတ်ရ၏။ ပြီးလျှင် သနပ်ခါးတုံးကို ကိုင်ရတော့ကာ တော်တော့ဟု မပြောမချင်း သွေးနေရ၏။ သူနှင့်ဆိုင်သော အလုပ်မှာ ဖုန်သုတ်နေစဉ် 'ညှပ်စိ ဖိနပ်ပေး' ဟု လီလီနှင့် မိုက်ကယ်တို့ ကျောင်းသွားခါနီး တစ်ယောက်စီ ခေါ်ခိုင်းသမျှများကို ထလုပ်ပေးနေရ၏။ ဖိနပ်စီးပေးနေစဉ် 'ညှပ်စိ ညှပ်စိ'ဟု ခင်မမ တကြော်ကြော် အော်ခေါ်နေခြင်းကို ရှေ့မှောက်သို့ အရောက် ပြေးသွားမှ သက်သာရာရမည် ဖြစ်တော့သဖြင့် ဖိနပ်ကို အပြီး စီးမပေး၍ ပိတ်ကန်ခြင်းကို ခံလိုက်ကာ ခေါ်သံကြားရာသို့ ထပြေးသွားရသည်။

'ခေါ်နေတာ မကြားဘူးလား'ဟု ဆီးငေါက်၍ 'ကိုကို့ ဖိနပ်ကြိုးချည်နေလို့ပါ'ဟု လျှောက်လဲချက် ပေးသည့်တိုင် 'နောက်ကို ငါခေါ်ရင် ချက်ချင်းလာခဲ့ မှတ်ထား'ဟု ပြောကာ မှတ်မိအောင် ဗိုက်ကြောကို လိမ်ဆွဲထားသဖြင့် 'မှတ်မိပါပြီ၊ မှတ်မိပါပြီ' ဟု လက်မလွှတ်မချင်း တွန့်လိမ့် ကွေးကောက်လျက်နေတော့၏။

ညှပ်စိသည် သူ့ဦးနှောက်ထဲ၌ စွဲစွဲမြဲမြဲ မှတ်သားထားလိုက်သော အချက်ကား အိမ်ရှိ လူကြီး ကလေး အားလုံးထဲတွင် ဘယ်သူက နာနာရိုက်သည်၊ ရိုက်ရာတွင် ဘယ်သူ့လက်က ပြင်းသည်၊ ပျော့သည်များကို အသည်းစွဲအောင် ခွဲခြား မှတ်သားသောအချက် ဖြစ်၏။

ရောက်စတွင် အိမ်ရှေ့မှ နောက်ဖေးသို့ လူကြီးက တစ်ခုခု ယူစရာ စေလွှတ်လိုက်လျှင် နောက်ဖေးမရောက်ခင် လီလီတို့ လမ်းက ကြားဖြတ်ခိုင်းသမျှ အလုပ်ကို သွားလုပ်ပေးနေ၏။ မလုပ်ဘဲ ဆင်ခြေပေးနေလျှင် ရိုက်တတ်သည်ကို သိ၍ အနာမခံချင်သဖြင့် လုပ်ပေးပြီးမှ ခိုင်းသော အလုပ်ကို သွားလုပ်ရာ ကြာနေ၍ အသေအလဲ အချခံရပြန်၏။ ထိုအမှတ်သညာကို ရပြီး





သည့်နောက်ပိုင်း၌ အသေအလဲ အချခံရမည့်သူက ခိုင်းလျှင် ကြားက ဘယ်သူ ခိုင်းခိုင်း အသေအလဲ အချမခံရအောင် မလုပ်ပေးဘဲနေကာ မလုပ်ပေးသဖြင့် တစ်ယောက်တစ်ချက် ပုတ်ကြ ရိုက်ကြသည်ကို သက်သက်သာသာ ထား၍ သွားလေ၏။

ညှပ်စိမှာ တစ်နေရာရာတွင် ကြာကြာ ထိုင်နေရသည်ဟု မရှိပေ။ အိမ်ထဲတွင် ဟိုက ညှပ်စိ၊ သည်က ညှပ်စိဖြင့် တစ်ခေါ်တည်းခေါ်၊ တစ်ခိုင်းတည်း ခိုင်းနေကြ၍ တောက်တောက် တောက်တောက် လျှောက်သွားနေရသည်။ နက်စောစော မီးဖိုချောင်ထဲတွင် သံပန်းကန်ပြားနှင့် ထမင်းချက် မိန်းမကြီး သော ထမင်းကြမ်း ဆီဆမ်းစားသည့်အချိန်၊ မနက်စာ၊ ညစာ ထမင်းစားသည့်အချိန်၊ ထိုအချိန်မျိုးလောက်သာ စိတ်အေးလက်အေး စိတ်ချ လက်ချ ကောင်းကောင်း ထိုင်ရသော အချိန်မျိုး ဖြစ်နေ၏။

တစ်နေ့လုံး မောဟိုက်နွမ်းနယ်လှသဖြင့် ခြေကုန်လက်ပန်း ကျသွားသော အချိန်သည် မီးထွန်းချိန်ဖြစ်သည်။ ညှပ်စိသည် ညမီးထွန်းတာနှင့် ငိုက်လာ၍ အရိုက်ခံရတော့သည်။ အလုပ်ပေးထား၍ ထိုင်လုပ်နေလျှင်လည်း နေ၏။ မြင်သူတိုင်း၏ အရိုက်ခံရသည်။ ဟိုနား သည်နား ခိုင်း၍ လျှောက်လျှင်လည်း မတ်တတ်ငိုက် လျှောက်သွားတတ်သဖြင့် တွေ့သူတိုင်းက ပစ်လိုက်သည်။ လီလီနှင့် မိုက်ကယ်တို့ မအိပ်ခင် မအိပ်ရပေ။ တစ်ယောက် ထိုင်ကုတ်ပေးရလေသည်။ ကုတ်နေတုန်း ငိုက်မိလျှင် ထနှိပ်စက်ကြပြန်သည်။

ညှပ်စိဆိုလျှင် တစ်အိမ်လုံး ရိုက်ချင်လွန်း၍ လက်ယားနေကြသည်။ စိ၏ အပြစ်အနာအဆာ ပြောရမည်ဆိုလျှင် မရေမတွက်နိုင်အောင် များပြား၍ မမောမချင်း ပြောလို့ အလွန်ကောင်းသည်။

လီလီက ရှင်းထားတာ ဖွမိလျှင် ညှပ်စိကို လွှဲချလိုက်သည်။ ဒေါ်ဒေါင်းကာ ပန်းကန်ခွဲမိလျှင် ညှပ်စိကို လွှဲချလိုက်သည်။ ရေဒီယိုကို ခလုတ်လှဲ ပြီး မိုက်ကယ်သည် ညှပ်စိကို လွှဲချလိုက်သည်။ နောက်ဆုံး ခင်မမသည် တော် အချိန်နှင့် ပြန်မရောက်၍ မျက်နှာပုတ်သိုးသိုးနေကာ မောင်က ည်လွန်၊ အမူးလွန်ရာမှ ပြန်လာပြီး အမျိုးမျိုး ချော့မော့လျက် မျက်နှာ ကြည်သာလာလျှင် စောစောက မျက်နှာပုတ်သိုးသည်ပင် မောင့်ကြောင့် တ်ဘဲ ညှပ်စိကြောင့်ဟု လွှဲပုံချတတ်သော အခြေအနေသို့ ရောက်မသိ က်လာကြလေသည်။

'ဒီကောင်မလေး ခင့်ကို သိပ်စိတ်ဆင်းရဲအောင် လုပ်တာပဲ။ ခင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မောလှပြီ မောင်ရယ်။ မောင့်ကို စိတ်ဆိုးလို့ မဟုတ်ပါဘူး။ ခင် စိတ်ညစ်လို့ ပါ'ဟု ဆိုလိုက်သည်နှင့် အပြစ်ရှိသော မောင်သည် 'ခင်က အမောမခံပါနဲ့ စိတ်ညစ်မခံပါနဲ့လို့ မောင် ပြောပြောနေတာ။ နေမကောင်းဖြစ်သွားရင် ဘယ် နှယ်လုပ်မလဲ'ဟု စိုးရိမ်ကြီး ယုယနှစ်သိမ့်၍ သန်းခေါင်သန်းလွဲ အိပ်ပျော် သော ညုပ်စိအား နှိုးကာ ပျာပျာသလဲ ချက်ချင်း အရေးယူပြုလိုက်သည်။

သည်အခါမျိုးတွင် ညုပ်စိသည် မူးမူးရူးရူးရိုက်နေသော ဝန်မင်း ရှေ့မှောက်၌ တရေးနိုး ကျောကော့နေတော့၏။

[၄]

ညုပ်စိသည် အိမ်တွင် မရှိလျှင် မဖြစ်သော ပစ္စည်းတစ်ခုကဲ့သို့ အဘက်ဘက် အသုံးဝင်လာသည်။ စက္ကူစုတ်များကို ပစ်ထည့်ရာ အမှိုက်ခြင်းတောင်းက လေး ကဲ့သို့ အားလုံး၏ အပြစ်များကို စုပုံချပစ်စရာ အသုံးချနိုင်လာကြသည်။

လူသာလျှင် ညုပ်စိဖြစ်လျက် အိမ်ထဲ၌ သူများ မထမ်းနိုင်သော တာဝန်တွေကို သူတစ်ဦးတည်း ခေါင်းနှင့် ရွက်ထမ်းထား၏။

မင်းကတော်များ အိမ်အလည်လာလျှင် ညုပ်စိမှာ အရေးပါသော ... ညုပ်စိဖြစ်၏။ ညုပ်စိအကြောင်းကို မင်းကတော်များ မပျင်းအောင် တခမ်းတနား ကြီး ပြောပြ ညည်းခံနိုင်သည်။

"ဗီဇကို ဖျောက်လို့မရဘူး။ ဘယ်လိုရိုက်ရိုက်၊ ဘယ်လောက် တော ... သူ့အကျင့်ဆိုးတွေကို မဖျောက်ဘူး။ ခင့်မှာသာ မောပြီး ရင်တွေ ဘာ ... တုန်လာတာပဲ၊ လက်အဲ့သာ သေပါရော။ သူ့မှာတော့ သည်းခြေမရှိတဲ့အကောင် ပဲ။ မင်းကတော်ပဲ စဉ်းစားကြည့်တော့။ ပစ်လိုက်ရမှာလည်း အခက်၊ ... ရမှာလည်း အခက်၊ အကုသိုလ်ဖြစ်လိုက်တာလေ။ တစ်ခါ တစ်ခါ ... ဒီကောင်မလေး မွေးမိတာ မြွေပွေးခါးပိုက် ပိုက်ထားရတာပဲလို့ အောက်မေ့ တယ်"

'ခင်မို့လို့ ဒီလက်တောက်လောက်ဟာကလေး မွေးဖို့ စိတ်ရှည်ပါ တယ်'ဟု နားထောင်နေသော မင်းကတော်က ချီးကျူးလိုက်သည်။

ညုပ်စိသည် အလိုရှိလျှင် ခိုင်းရအောင် ဧည့်သည်များအပါး၌ ဒူး ... ထိုင်နေရသဖြင့် သူ့အကြောင်းကို သူ နားထောင်နေရသည်။

သူ့အကြောင်းကို ကြားရတိုင်း အကောင်းတစ်ခုမျှ မပါချေ။ တ ... တစ်ရံ သူ့အကြောင်း မကောင်းပြောနေခြင်းကို နားထောင်ရင်း အိပ်ချင် ... သည်။ တစ်ခါတလေလည်း သူ့အကြောင်းကို သူ မကြားမိဘဲ လိပ်ပြာ ...

... လေးများ၊ ငှက်ကလေးများ သို့မဟုတ် ရေဒီယိုထဲမှ သီချင်းစကားလုံးများ သည် ခေါင်းထဲသို့ တောင်က ရောက်လာ၊ မြောက်က ဝင်လာဖြင့် ထွေးလုံး ... ဖြစ်နေတတ်သည်။

လီလီဝတ်သော ဂါဝန် အစုတ်အပြတ်ကလေးများကို ဝတ်ကြည့်ချင် သော စိတ်ဝင်လျှင် ထိုနေ့အဖို့တွင် ဂါဝန်အင်္ကျီစုတ်ကလေးများကို ကိုင်တကြည့် ကြည့်ဖြင့် လူလစ်လျှင် မှန်ရှေ့၌ ကိုယ်နှင့် ကပျာကယာကပ်ကြည့်ကာ အားရ ... နပ်သွားမိတော့သည်။

ခင်မမသည် ညုပ်စိအား ရှင်မီးအင်္ကျီ၊ ဟာလိုင်းပေါက် သရက်ထည် ... နှင့် လုံချည်တစ်ထည် ပေးထား၏။ ခေါင်းတုံးနှင့် ဆံတိုသည် အစေခံမ ... လေး၏ အင်္ဂါတစ်ရပ်ဖြစ်၏။ ခေါင်းတုံးဆံတို၊ သရက်ထည်တလိုင်းပေါက်၊ ... ဆင်မရှိ ထဘီတိုနံ့နံ့သည် အစေခံ၏ လက္ခဏာနှင့် ညီညွှတ်ပေသည်။

လီလီနှင့် မိုက်ကယ်တို့ စားတာ သောက်တာ၊ ထို့ပြင် ဝတ်ပုံစားပုံ ... ညုပ်စိအဖို့ တစ်ယောင်ကနေ၍ နေ့စဉ် မြင်နေရသဖြင့် အားကျလာသည့် ... သည် ပေါ်လာမိသည်။ လီလီတို့ ကော်ဖီသောက်လည်း သောက်ချင်သည်။ ... ကလက်စားလည်း စားချင်လာသည်။ ဖဲကြိုးကလေးမြင်လျှင်လည်း ဆံပင် ... ချင်လာသည်။ စားချင်မှု၊ သောက်ချင်မှု လှချင်မှုကြောင့် မစားရ၍ ... ား၊ ခိုးသောက်၊ ခိုးလှမိရာ တစ်ကိုယ်လုံး အပိန်းအဖု ထအောင် အထု ... ကြိ အကန်အကျောက် ခံရရုံသာမက 'အကျင့်မကောင်းဘူး'ဟု မှတ်ပုံတင် ... သားရ၏။

ဒေါ်ဒေါင်းရင်က 'နင် ဒီအိမ်မှာ ပျော်ရဲ့လား'ဟု တီးတိုးမေး၏။ ညုပ်စိသည် 'သိပ်ပျော်တာပဲ'ဟု ဖြေရင်း ညည်းခန်းမှ ရေဒီယိုသီချင်းသံတွင် ... ကျသွားမိ၏။

တစ်ခါတွင်လည်း ညုပ်စိသည် အချိန်မဟုတ်သော ညနေစောင်းတွင် ... ဘူး အထင်နှင့် ရေဒီယိုခလုတ်ကို ဖွင့်လှည့်မိ၏။ 'ဖျန်း'ခနဲအသံနှင့် ... လက်တစ်ဖက်သည် အရှိန်ပြင်းစွာ ပါးပေါ်သို့ ကျလာကာ ဖွဲ့စားလျှင် ... သာလုမတတ် ရဲရဲနီသွားလေသည်။

ညုပ်စိသည် ထိုဒဏ်ရာမျိုးကို အမှတ်မရနိုင်၊ 'မြန်မာနိုင်ငံတော် အသံ ... ဌာနမှ ၃၁ ဒသမ ၄၄၊ လှိုင်းလတ် ၃၁၄ မီတာများမှ'ဟူ၍ ရေဒီယိုအသံ ... လိုက်ရလျှင် မျက်ရည်တိတ်လျက် မီးထိသော ဖယောင်းကဲ့သို့ အရည် ... သွားလေ၏။

'ဂွတ်မောနင်း မာမီ၊ ဂွတ်နိုက် ဒယ်ဒီ' စသည်အားဖြင့် အိပ်ရာထ၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဝင် အင်္ကျီလိပ်စကားသံကိုသာ အလွန်တရာ နားငြီးမိသည်။

ညှပ်စိနှင့် သွေးလို သားလို ချစ်ခင်သော အဖော်ကား၊ ပက်ဂီဖြစ်သည်။ မိုက်ကယ်၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသော ပက်ဂီသည် ညှပ်စိပေါင်ပေါ်တွင် တက်ခွေထိုင်ကာ ငြိမ်ဝပ်လျက် ဒဏ်ရာ ခံစားနေတတ်၏။ ညှပ်စိ၏ လက်ကလေးဖြင့်သော်လည်းကောင်း၊ ပါးကလေးဖြင့်သော်လည်းကောင်း ပွတ်သပ် ယုယပေးခြင်းဖြင့် အနာသက်သာရာရမှုကို နားလည်ထားသော ပက်ဂီသည် မိုက်ကယ်လက်ချက်ဖြင့် နာကျင်တိုင်း ညှပ်စိဆီသို့ ပြေးလာတတ်သည်။

ညှပ်စိ ထမင်းစားနေခိုက် ပက်ဂီသည် မီးဖိုထဲသို့ ဝင်လာသည်။ ညှပ်စိအား ထမင်းကောင်းကောင်း စားခွင့်မပေးဘဲ ကုတ်ဖဲ့ဆွဲကိုက်ကစားနေ၏။

'ဖယ်လေ သွား။ နင် စားပြီးသားပဲ...သွား'ဟု ပြောကာ တွန်းဖယ် ၍ပစ်သည့်တိုင် ပက်ဂီသည် အနားမှ မခွာဘဲ ပွတ်သီးပွတ်သပ် လုပ်နေလေ၏။

"သူများထက် ကောင်းကောင်းစားရပြီးတော့ သူများစားရင် လာရှုပ်တာပဲ သွား"

ညှပ်စိသည် ရှုပ်ရမလားဟု စိတ်မရှည်ဖြစ်လာကာ နှုတ်က ရန်တွေ့ရင်း အတင်းတွန်းဖယ်ပစ်သည်။ ပက်ဂီသည် တွန်းဖယ်လိုက်သော နေရာ၌ ညှပ်စိနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေကာ လျှာတန်းလန်းဖြင့် ညှပ်စိ မျက်နှာကို အငူသား ကြည့်နေပေသည်။ ညှပ်စိသည် သံပန်းကန်ထဲမှ ထမင်းကို တစ်လုတ်ပြီး တစ်လုတ် ယူ၍ ပလုပ်ပလောင်း သွင်းစားနေရင်း ပက်ဂီ မျှော်ကြည့်နေပုံကြောင့် မျိုးမကျဖြစ်လာကာ နင်လာလေသည်။

ညှပ်စိသည် အပေါက်ဘက်သို့ လှည့်၍ တစ်ချက်ကြည့်လိုက်ပြီးနောက် သံပန်းကန်ထဲမှ ထမင်းကို ဆုပ်၍ ပက်ဂီရှေ့၌ ပုံချပေးလိုက်ကာ 'ရော့...မြန်မြန်စား'ဟု ဆိုလိုက်သည်။

မီးဖိုထဲသို့ ခြေဖျားထောက်၍ ဝင်လာသော လီလီသည် ခြေဖျားထောက်၍ ပြေးထွက်သွားသည်။ တစ်ဖန် ခြေဖျားထောက်၍ ပြန်ဝင်လာခဲ့ရာ သူ့နောက် ခင်မမလည်း ဖြေဖျားထောက်လျက် ပါလာလေသည်။

ခင်မမသည် မည်သို့ လုပ်လိုက်မှန်း သူ့ဟာသူ နောက်မှ သိ၏။ ညှပ်စိသည် ကျောမှ ကန်လိုက်သည့် ဖနောင့်ဒဏ်ဖြင့် ထမင်းသံပန်းကန်ပြားပေါ်သို့ မှောက်လျက်ကျသွားရာ နားသယ်မှ သွေးများ ဝေါက်တောက်ပန်းထွက်လာလေသည်။

"သပေါက်မလေး၊ ကြည့်စမ်း...ငါးပိတွေ၊ ရေတတ်သီးတွေနဲ့ နယ်ထားတဲ့ ထမင်းကို ပက်ဂီကို ချကျွေးတယ်။ ဒါကြောင့် ပက်ဂီဟာ ဝမ်းပျက်နေတာ





ဆောက်တစ်ခါ နင်စားတဲ့အစာကို ကျွေးဦးမလားဟဲ့၊ ကျွေးဦးမလား"

ညှပ်စိသည် ဆက်လက်၍ အရှည်ကြီး ဆဲဆိုစစ်မေးနေမှာကို နားဆောင်လိုပေ။ သည်လိုကျွေးလျှင် ဘာဖြစ်မည်ကို ကြိုတင်တွက်ထားပြီးသာ ဖြစ်သည်။ သူ၏ ဘဝပြဿနာကို တပ်အပ်မသိရသော်လည်း ညှပ်စိသည် ပက်ဂီ၏ ဘဝကို ရိပ်စားမိလိုက်သည်။

ရရှိလိုက်သော ဒဏ်ရာ ဒဏ်ချက်များသည် ခါတိုင်းဆို ဒီနေရာရိုက်၊ ဒီနေရာကျ ပျောက်သော်လည်း ယနေ့မှ အနာက နာကြည်းသည်ထက် စိတ်က နာကြည်းချက်ကို ဖျောက်ဖျက်၍ မရနိုင်အောင် ဖြစ်နေသည်။

ညှပ်စိသည် ပက်ဂီကို ကြည့်မရအောင် ဖြစ်သွားလေသည်။ ပက်ဂီနှင့် ဆိုတု ပလူးနေချင်သောစိတ်များ ကုန်ခန်းသွားသည်။ ပက်ဂီကို မြင်လျှင် အဝေးက ရှောင်ချင်လေသည်။

ပက်ဂီအား ယုယုယယ ပိုက်ထွေးလျက် ခင်မမ သန်းရှာပေးနေပုံကို တံခါးဆောင်မှ လှမ်းကြည့်နေကာ သူ့ရင်မှာ ခုန်နေ၏။ အသက်ရှုလည်း မမှန်တော့ပေ။

[၅]

"ဘာရဲ့လာ ငါပြောတာ၊ ငါပြန်လာရင် အကုန်လုံး ပြီးပစေ။ ပက်ဂီကိုလည်း ချေးပေးလိုက်၊ နင့် နားသယ်က အနာ နှင့်သိပ်ထား၊ အိမ်ရှေ့တံခါးလည်း ...သား"

ညှပ်စိသည် ညှိုးငယ်စွာဖြင့် ခင်မမ၏ မျက်နှာကို ဝမ်းနည်းပက်လက် ...နေ၏။ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသို့ သားအမိ သားအဖ လေး...က် ဘုရားဖူးသွားကြသည်။ တနင်္ဂနွေနေ့တိုင်းပင် ညှပ်စိသည် ပက်ဂီနှင့် ...သပ်စွာ အားရပါးရ မြူးထူးခုန်ပေါက် ကစားမြဲ ဖြစ်သည်။ ယခုတစ်ကြိမ် ...နှင့် နေရစ်ခဲ့ရန် ဝမ်းမသာနိုင်ဘဲ ခေါ်သွားစေချင်သော စိတ်ဖြင့် ကျန် ...ဘာ ဝမ်းနည်းသွား၏။

ခင်မမသည် အားလုံး ကားပေါ်ရောက်ကုန်သည့်တိုင် အိမ်ဝ၌ ဒေါ်ဒေါ်င် ...နဲ့ ညှပ်စိတို့အား မှာစရာရှိတာတွေ ကရားမှ ရေသွန်သလို တတွတ်တွတ် ...ပြောပြီးမှ ကားပေါ်တက်ကာ ထွက်သွားကြလေသည်။

ကားမထွက်ခင် ကားထဲမှ မိုက်ကယ်က လက်သီးပြသွားပုံ၊ လီလီက ...တ် ပြောင်ပြသွားပုံများသည့်ခါတိုင်း ရယ်၍ ငေးကြည့်နေရစ်ခဲ့မြဲ ဖြစ် ...သည်။ ယခုမူ မကြည့်မသာ မျက်မှောင်ကြုတ်၍ ရှုကြည့်နေရစ်ခဲ့၏



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ညုပ်စိ၊ အပြင်က အလုပ်တွေ အကုန်ပြီးအောင် လုပ်ထားနော်။ ငါ သွားချက်ရမယ်။ ခွေးနဲ့ ကမြင်းမနေနဲ့၊ ကြားရဲ့လား ကောင်မ"

ဒေါ်ဒေါင်းရင်၏ အမိန့်သံသည် ညုပ်စိနားထဲသို့ တစ်လုံးမှ မဝင်ပေ။ အိမ်၏ အရှေ့တောင်ဘက်ဆီက သဲ့သဲ့မျှ ကြားလိုက်သော ဆိုင်းသံ၊ ဗုံသံကို သာ နားစိုက်လိုက်သည်။

ဒေါ်ဒေါင်းရင် မီးဖိုချောင်ထဲ ရောက်သွားလျှင် ညုပ်စိသည် စိတ်ထား သော တံခါးကို အသာတွန်း၍ ခြံထဲသို့ ပြေးဆင်းလာသည်။ ခြံထောင့် တရာ လမ်းမကြီးဘက်က ဆိုင်းသံကို နားစွင့်ကာ ခြံဝင်းထဲမှ ခြံတခါး ပြေးဖွင့်ပြီးနောက် ခြံရှေ့က ရပ်၍ လမ်းမကြီးဘက်သို့ မျှော်ကြည့်လေသည်။

ဆိုင်းသံမှာ နီးနီးကပ်ကပ် မကြားရသေးဘဲ အဝေးကသာ လာနေသော သည်။ ညုပ်စိသည် အားမလို အားမရဖြင့် အသံလာရာဆီသို့ လှမ်းမျှော်ရင်း ခြံရှေ့ရှိ ညာဘက် လမ်းချိုးကလေးအတိုင်း လမ်းမကြီးဘက်သို့ တစ်လှမ်း တစ်လှမ်း တိုးသွားနေ၏။

ဆိုင်းသံမှာ တိုးကပ်လာသဖြင့် လမ်းမကြီးပေါ်သို့ သွားရပ် ကြည့်ချင်လာပြန်ကာ ရှေ့တို့ မသွားမီ အမှတ်မထင် နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။ ပက်ဂီသည် ညုပ်စိနောက်မှ ယက်ကြုပ် ပြေးလိုက် လာလေသည်။ ညုပ်စိသည် လမ်းပေါ်၌ ကုံ့ရပ်လိုက်ကာ အံကို ကြိတ်လျက် ပက်ဂီ အနားရောက်အောင် စောင့်နေ၏။

"သွားလေ... သွား...ပြန်၊ နင် ငါ့နောက် မလိုက်ခဲ့နဲ့။ ပြောတာ မရဘူးလား"

ညုပ်စိသည် ပက်ဂီကို အိမ်သို့ ပြန်ရန် မောင်းလွှတ်နေသည်။ လမ်း ကြီးပေါ်က ဆိုင်းသံ ဗုံသံများလည်း ကပ်လာ၍ လွှတ်သွားမှာ စိုးသဖြင့် ဘယ်လို လုပ်ရမှန်း မသိအောင် ဖြစ်ကာ ကြံရာမရ အနားရှိ အုတ်နီခဲကြီး ကုန်းကောက်လိုက်၏။

"သွားနော်...သွား ဆိုသွား။ ငါ ပေါက်လိုက်မယ်"

ပက်ဂီသည် အုတ်နီခဲရွယ်ထားသော ညုပ်စိကို ကြည့်ကာ ရဲရဲတင်းတင်း ပင် တိုးကပ်လာနေသည်။

ညုပ်စိသည် သူ၏ မျက်လုံးများကို မှိတ်လျက် အုတ်နီခဲကို ရွယ်၍ တအားမြှောက်လိုက်ရာ အရှိန်လွန်ပြီး နားသယ်က အနာနှင့် တိုက်မိသွား သည်။

တစ်သက်တွင် မမေ့နိုင်လောက်အောင် စူးရှနာကျင်သော ဝေဒနာ





ခံစားလိုက်ရသည်။

ညုပ်စိသည် နာလွန်း၍ မျက်ရည်များ လည်လာကာ အုတ်နီခဲကြီးကို လက်က မချဘဲ ပက်ဂီကို နာခေါင်းရှုံ့၍ ကြည့်လိုက်၏။

ပက်ဂီသည် နောက်နောင်က ပလူးနေကျ မျက်နှာချိုးအတိုင်း လျှာ ကလေးတစ်လစ်ဖြင့် မော့ကြည့်လျက် ခေါင်းနှင့် ခြေထောက်ကို ဝင်ခွေ့လေသည်။

ညုပ်စိသည် ငုံ့၍ ကြည့်ရင်း အုတ်နီခဲနှင့် ထုလိုက်လျှင် ပက်ဂီနာကျင် သွားမည့် ဝေဒနာကို သနားသွားမိသည်။

ဘာစိတ် ဘာလက် ပေါက်သွားသည် မသိ။ ပက်ဂီအား ထုရန် ရွယ် ထားသော အုတ်နီခဲကြီးကို လမ်းပေါ်သို့ ဖုန်းခနဲမြည်အောင် လွှဲပစ်ချလိုက်သည်။

ပက်ဂီသည် ဂုတ် ဂုတ်နှင့် ဟောင်ကာ ဖုန်းခနဲအသံကို ကြောက်အား လန့်အားဖြင့် ပြန်လှည့် ပြေးသွားလေသည်။

ညုပ်စိသည် ပက်ဂီကို ကြည့်မနေတော့ဘဲ လမ်းမကြီးဘက်သို့ ပြေး လာခဲ့သည်။ ကုလားဘိုင်စကုတ် လှည့်သော မော်တော်ကား၏ နောက်ပိုင် သံသီကလေး မိလိုက်၍ ကားဘေး၌ ချိတ်ထားသော အရုပ်ကားများကို ကောင်းစွာ မမြင်လိုက်ရချေ။

ညုပ်စိသည် ကားနောက်မြီးကို ငေး၍ ကြည့်နေ၏။ နံနက်စောစော ကမ်းယားကန်ဘောင်ထက်မှ မြင့်တက်နေသော နေလုံးသည် သူ၏ ရောင်ခြည် ဖြန့်လျက် ဖျော့ဖျော့ကလေး အလင်းရောင် လက်နေ၏။

ပြာလင်းသော ကောင်းကင်ကြီးသည် အမိုးကဲ့သို့ အရိပ်ပေးကာ အမိ ကောက်၌ လေသည် တညင်းညင်း ပျံ့နေသည်။

ညုပ်စိသည်ကား ကွယ်သွားလျှင် မျက်စိနှင့် တည့်ရာ နေလုံးကြီးကို ကြည့်လျက် အားသစ်အင်သစ်များ ပြည့်တင်းလာသည်။

တအုံ တန္ဒွေးနွေးဖြင့် နွမ်းနယ်ကာ ပန်းနေခဲ့သော အသည်းနှလုံးကို ရှင်းသည် တဖြူးဖြူး အေးမြ အားဖြည့်ပေးသည်။

ညုပ်စိသည် သဘာဝ၏ ယုယပိုက်ထွေးမှုဖြင့် ကြည်လင်လန်းဆန်း လာလေသည်။ လမ်းပေါ်၌ တောင်မြောက်လေးပါးကို လှည့်ငေးကြည့်နေကာ ပြန်ရန် မေ့သွားလေသည်။

ဤအိမ်သို့ရောက်မှ အိမ်ပြင်ဘက် လမ်းမကြီးပေါ်သို့ မတ်တတ်ထွက် သည့် ရှေ့ဦးစွာ အကြိမ်ဖြစ်သဖြင့် တောင်ဘက်မှ လမ်းမကြီးကိုလည်း တစ်ဆုံး မျှော်ကြည့်လိုက်၏။ မြောက်ဘက်က လမ်းမကြီးကိုလည်း မျက်စိ ဆုံး မျှော်ကြည့်လိုက်၏။ လမ်းပေါ်၌ လူသွားလူလာပါးနေသည့် တောင်



www.burmeseclassic.com

www.burmeseclassic.com

ဘက်၌ သာယာလှပသော ခြံကလေးတွေနှင့် အိမ်ကလေးတွေ ရှိကြသည်။ မြောက်ဘက်၌ တဲကုတ်ကုတ်ကလေးတွေ၊ တဲတွင်းမှ ကလေးငိုသံ၊ သူသည် ဝိုးတိုးဝါးတားပေါ်လာသော အတွေးအစဖြင့် ငယ်ငယ်က နေခဲ့သော တဲကလေး လိုလို ထင်ယောင်ထင်မှား အောက်မေ့နေသည်။

လမ်းဘေးရှိ သစ်ပင်ကြီးငယ်တို့ကား ကြည်ရွှင်သော အရောင်အဆင် ဖြင့် လန်းစွင့်နေကြ၏။ လေညင်းထဲတွင် သစ်ရွက်တို့သည် ဝေ့လည်ဝင်းလက် လျက် ပြုံးပြက်ထင်အောင် တောက်ပကြသည်။

သူ့ရင်ထဲတွင် သူမသိနိုင်သော လွတ်လပ်ရေး၏ အရသာကို ပတ်ဝန်း ကျင်က သူသိအောင် ဖန်တီးပေးထား၏။

ဘယ်ကြည့်ကြည့် ရေနှင့် အသစ်ဆေးထားသကဲ့သို့ ဖြူလင်းသည် စိမ်းစိုသည်။ ဝင်းတောက်နေသည်။ ကျယ်ပြန့်၍ မျက်စိတဆုံး ရှိကြသော လမ်းကြီးတွေကို သူသည် မျက်စိအာရုံဖြင့် လိုက်၍ ကျယ်ကျယ်ပြန့်ပြန့် ခံ အောင် မျှော်ငေးကြည့်နေလေသည်။

"ညှပ်စိရေ ... ညှပ်စိ"

ရုတ်တရက် နားကို မီးပူနှင့် ကပ်လိုက်သကဲ့သို့ ပူသွားကာ၊ ထိုနေရာ ထူသွားကာ အိမ်ဘက်သို့ လှည့်မျှော်ကြည့်လိုက်သည်။

ဒေါ်ဒေါင်းရင်သည် ခြံဝတံခါးမှ မဟုတ်ဘဲ အိမ်ဝတံခါးက ခေါ်နေ မှန်း သူ သိလေသည်။

ညှပ်စိသည် အိမ်ကိုလည်း လှမ်းကြည့်၏။ လမ်းကိုလည်း လှည့်ကြည့် ၏။ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အိမ်ဘက်ပြန်လျှင် မုချ အရိုက်အနှက် ခံရတော့မည်။ စောစောစီးစီး အသားနာမှာကို မခံချင်ပေ။ စောစောစီးစီးလည်း မငိုချင်ပေ။ တစာစာ ခေါ်သံသည် အိမ်ဝက မဟုတ်ဘဲ ခြံထဲက ထွက်လာ ပြန်သည်။ နောက်ဆုံး ခေါ်သံသည် ကပ်သည်ထက် ကပ်လာသလို ထင်ရသည်။

ညှပ်စိသည် သူ့ခေါင်းတုံးလေးကို လက်ဝါးနှင့် အုပ်၍ မကြံတတ် မစည်တတ် ဖြစ်နေကာ တစ်ခုတည်းသော အသိဖြင့် ဆုံးဖြတ်ချက် ချ၏။

ထိုအသိကား အတားအဆီးမရှိသောလေကို ရှူရှိုက်လျက် ပိတ်ဆို့ မထားသော ဖြောင့်တန်း ရှည်လျားနေသည့် မြေပေါ်လမ်းမကြီး၌ လွတ်လွတ် လပ်လပ် လျှောက်သွားလိုသော ဆန္ဒ၏ အသိဖြစ်သည်။

ညှပ်စိသည် ထိုလမ်းမကြီးအတိုင်း တအား ကြုံး၍ စွတ်ပြေးသွား လေသည်။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၈)၊ အမှတ်(၉၀)၊ နိုဝင်ဘာလ၊ ၁၉...]

# ကုသိုလ်ပေါ့ဟယ်

[၁]

မဦးသည် ရထားတွဲများတွင် ထိုင်စရာ ခုံတန်းအလွတ်နေရာကို လိုက် ရှာနေ၏။ ပခုံး၌ လွယ်ထားရသော လွယ်အိတ်ကြီးကို လက်နှင့် ပိုက်ဖက် လျက် တစ်ဖက်က ထဘီကို ပင့်၍ တိုတိုဆွဲလာကာ ခြေလှမ်းကြဲကြဲကြီး လျှောက်လေ၏။ မဦးနောက်မှ အထုပ်ကြီးတစ်ထုပ်နှင့် လက်ဆွဲခြင်းပိုက်ထား သော မီးရထားအလုပ်သမားမှာ မဦးကို အမီ သုတ်သုတ် လိုက်ရလေသည်။

မဦး၏ အရပ်မှာ ပု၍ ရထားတွဲနားကပ်ကာ နေရာလွတ်ကို လည်ဆန့် လျက် ခြေဖျားထောက်ကြည့်ရသည်။ တစ်တွဲလုံး လူတွေ ငါးပိငါးချဉ်သိပ်နေ ကြသည်။ နေရာလွတ်ကို မတွေ့ရချေ။ တွဲတစ်ခုနား ကပ်လျက် ခြေဖျားထောက် ကာ လည်တိုင်ဆန့်၍ ကြည့်စဉ် ခေါင်းနောက်က ဆံထုံးမှာ ပြုတ်ကျသွားပြန် သည်။

နောက်တွဲထုံးထားသည့် တစ်ပတ်လျှိုဆံထုံးမှ ဆံမြိတ်ရှည်သည် ခါး ဆီသို့ ကျလာသည်။ စိတ်တိုတိုဖြင့် ကြမ်းကြမ်းဆွဲရစ်ပတ်ပစ်လိုက်သည်။ အင်းအားကြီး၍ နားသယ်စပ်၌ ဆံအိုများ ကျွတ်ပြတ်ကုန်တော့မတတ် ဖြစ် သွားလေ၏။ တင်းပစေ၊ ပြတ်ပစေ ဘယ့်နှယ်ရှိရှိ ခဏခဏ ပြုတ်ရသလား ဟု ဆံပင်ကို မဲ၏။ ထိုင်စရာ နေရာကလည်း မရ၊ အခက်လိုက် စိုးရိမ် ရသော ဒေါနပန်းခက်ကြီးသည် မြေပေါ်သို့ ကျနေရစ်ခဲ့သည်။

မဦးသည် အပြေးအလွှား လျှောက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး၊ ပေါင်ဒါ မရှိသော ပြောင်တင်းနေသော မဦး၏ မျက်နှာပေါ်၌ ချွေးပေါက်များ အသီးလိုက် ယိုစီးကျလာလေသည်။ နိုင်လွန်အပြာလက်ပြတ်အကျီချိုင်းနား၌ ကွက်စိုနေသော ချွေးတို့သည် ဖောင်တိန်ချိတ်ထားသော ရင်ဘတ်နားဆီသို့ ပြန့်သည်။

နိုင်လွန်လက်ပြတ်အကျီတွင် ဆီးဖြူသီးလုံးလောက်ရှိမည့် နိုင်လွန်သော လုံးကြယ်စိ ကြေးနီရောင်တပ်ထားသည်။ ကြယ်စိမှာ အလုံးကြီးပေသည့် အလွန်ပေါ့၏။ ခါးပေါ်တွင် ဘဲရုပ်ကလေးတွေ ပြောက်ထားသော နက်ပြာခံ တူတယ်ထဘီ ဝတ်ထားလေသည်။ စိတ်ရှိသလောက် အပြေးအလွှား လျှောက်နေရင်းမှ ဖိနပ်အသစ်စက်စက်က ဖိနပ်ပေါက်လာပြန်ရာ ဖိနပ်ကိုလည်း ဒေါပွ၏။

မဦးသည် နောက်ဆုံးတွဲမှ ပြန်လှည့်လာခဲ့သည်။ ပထမတန်း တွဲသစ်များ လွန်ခဲ့ပြီး တွဲဟောင်းတစ်ခုကို ဖြတ်ကျော်သွားစဉ် 'ဟောဟိုမယ်... ဟို အဒေါ်ကြီးဘေးနား ပြောထိုင်ပါလား'ဟု မီးရထား အလုပ်သမားက လှမ်းပြော လိုက်ရာ ပြန်လှည့်လာခဲ့သည်။

တွဲနားသို့ ကပ်မိလျက် ခြေဖျားထောက်ကာ အလုပ်သမားပြသော နေရာကို လှမ်းကြည့်လိုက်သည်။ အသက် ၅၀ ခန့် ခပ်ပိန်ပိန်ကုလားဆင် မိန်းမကြီးသည် နှစ်ယောက်ထိုင်ခုံတန်းတစ်ခု၌ တစ်ဦးတည်း ထိုင်နေကာ သူ့ဘေး၌ ဖာကြီးတစ်လုံး ချထားသည်။

မဦးမှာ တွဲပေါ်သို့ တိုးဝှေ့လျက် တက်ရလေ၏။

ဖာကြီးကို ဘေးတွင် ချလျက် ထိုင်နေသော အဒေါ်ကြီးသည် ဖာဘေး၌ လာရပ်သော မဦးကို မျက်ခုံးပင့်၍ ကြည့်လိုက်ကာ တစ်ဖက်သို့ ချာခနဲ မျက်နှာလှည့်သွားလေသည်။

'အဒေါ်ရယ်၊ အဒေါ့်ဖာကြီး တဆိတ်လောက် အောက်ချမထားနိုင်ဘူး လား၊ ကျွန်မ နေရာမရလို့ ထိုင်ပါရစေ"

မမြင်ချင်ယောင် ဆောင်နေသော အဒေါ်ကြီးသည် မကြားချင်ယောင် ဆောင်နေ၍လည်း မဖြစ်၊ စိတ်ပေါက်လာသည်။ သည်နေရာရအောင် ဒုက္ခခံပြီး ဘူတာရုံ လာဆင်းအိပ်ရလျက် တွဲထိုးထိုးချင်း ဦးအောင် လုတက်ယူထိုင်ထား ရသောနေရာ ဖြစ်သည်။ လမ်းတွင် တစ်ညအိပ် သွားရမည်ဖြစ်၍ ပျဉ်းမနား ကျလျှင် ဖာချပြီး ကွေးအိပ်ရမည်။

"ဒီဖာ အောက်ချလို့ မဖြစ်ဘူးအေ့။ ဖာထဲမှာ ငွေထည်ပစ္စည်းတွေ ပါ တယ်။ ဒီပြင်နေရာ မရှိဘူးလား"





မဦးသည် ပစ္စည်းများကို တန်းပေါ်သို့ တင်နိုင်းကာ အဒေါ်ကြီး၏ အမူအရာကို ကြည့်လျက် နေရာမပေးချင်မှန်း သိလေသည်။ မပေးချင်သည့် နေရာကို ရအောင် ရှိခိုးဦးတင် စကားပြောရလေ၏။

"နေရာ မရလို့ပါ အဒေါ်ရယ်၊ အောက်မချချင်ရင်လည်း အပေါ်မှာ တင်ပေးပါ့မယ်။ ကျွန်မက ပျဉ်းမနား ဆင်းမှာပါ။ ထိုင်စရာကလေးတော့ ပေးပါ အဒေါ်ရယ်"

ထိုင်ခုံနှင့် မျက်နှာချင်းဆိုင် ခုံတန်း၌ လင်မယားနှစ်ယောက် ထိုင်နေကြသည်။ ဖာကြီးကို ထိုင်ခုံအောက်သို့ ချလိုက်လျှင် ခြေမချသာအောင် အနေကြပ်စရာရှိ၍ ယောကျ်ားကြီးက ဖာကြီးကို စင်ပေါ်တင်ရန် ဝင်ပြောလေသည်။

"ကျုပ် တင်ပေးပါမယ်ဗျာ၊ အပေါ်မှာ တင်ထားရင် ရပါတယ်။ ခရီးသွားချင်းချင်း ချောင်ချောင်ချိချိပေါ့ဗျာ"

ပျဉ်းမနား ဆင်းမည်ဆို၍ အဒေါ်ကြီး၏ ရင်ထဲ၌ အတန်ငယ် ပေါ့ပါးသွား သည်။ နေရာယူစဉ်ကတည်း က မန္တလေးလိုက်မည့် ခရီးသည် မထိုင်နိုင်အောင် ပျဉ်းမနားဆင်းမည့် ခရီးသည်မျိုးတော့ အနားမှာ အကာအကွယ်ရှိဖို့ လိုချင်နေသည်။ သို့မှသာ ပျဉ်းမနားရောက်လျှင် နေရာလွတ်ကို ခြေကွေးလျက် အိပ်နိုင်မည်။

စိတ်ထဲ၌ သက်သာရာရလျက် ခရီးသွားချင်းမို့ မပေးချင် ပေးချင်ပေး သော မျက်နှာမျိုးဖြင့် 'ရွှေ့လေ'ဟု ပြောကာ...'ခရီးသွားရတာ ဒုက္ခပါပဲ'ဟု ညည်းတွားနေလေသည်။

ဖာကြီး စင်ပေါ်သို့ ရောက်သွားလျှင် မဦးသည် အစွန်ဘက်၌ ထိုင် လျက် လွယ်အိတ်ကြီးကို ပေါင်ပေါ်တွင် ပိုက်ထားလေသည်။ မဦး ရှေ့၌ ထိုင် နေသော မိန်းမကြီးမှာ အသက် ၄၀ ခန့် အသားအရေ ကြမ်းကြမ်း၊ မည်း မည်း၊ ခပ်ဝဝ အထက်အညာသူရုပ်မျိုး ဖြစ်သည်။ ပင်နီအကျီဝတ်ထားသည်။ ဘေးက ယောကျ်ားကြီးမှာ ခေါင်းတုံးနှင့် ညိုညိုတုတ်တုတ်၊ အသံသြဇာနှင့် ပြည့်စုံလေသည်။ သက္ကလပ်အကျီအနက်ပေါ်၌ ငွေနာရီကြိုး တွဲလောင်းချိတ် ထား၏။

မဦးမှာ ထိုင်ခုံနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အသက် ဘယ် လောက် ရှိရမှန်း မသိအောင် လူတွေ ပြည့်ကျပ်လျက် တစ်ယောက်တစ်ပေါက်နှင့် ညည်းနေကြသည်။ ပလက်ဖောင်းအမြင့်၌ ချိတ်ထားသော နာရီကို လှမ်းကြည့် လိုက်ရာ ရထားထွက်ရန် ငါးမိနစ်သာ လိုတော့သည်။

"ဟော့ သတင်းစာ လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးက သတင်းစာကို လှမ်းခေါ်လိုက်သည်။ မိန်းမကြီးသည် ပင်နီအိတ်ထဲ၌ ပိုက်ဆံအကြွေ နှိုက်ယူရင်း 'ဟံသာဝတီ ယူတော်'ဟု ပြောနေသည်။

"ခုနေခါ အတိုက်အခံ သတင်းစာ ဖတ်ချင်တာကွ၊ ဟံသာဝတီ မပေးနဲ့၊ ထွန်းနေ့စဉ် ပေးဟ"

မဦးသည် အတိုက်အခံ သတင်းစာဖတ်ချင်သော ထိုလူကြီး၏ မျက်နှာကို စိတ်ဝင်စားစွာ ကြည့်နေသည်။ သည်လူကြီးကို မြင်ဖူးပါတယ်။ ဘယ်မှာပါလိမ့်ဟု တွေးနေကာ သတိရလာသဖြင့် 'ဦးက အထက်က တရားဟောဆရာ ဓမ္မကထိက ဦးရွှေဝါ မဟုတ်လား'ဟု မေးလိုက်ရာ မိန်းမကြီးက ပြုံးလျက် ဟုတ်ကြောင်း ခေါင်းညိတ်ပြနေသည်။

"ကျွန်မက တူပါတယ်လို့ ကြည့်နေတာ၊ တစ်နှစ်က ညောင်လေးပင်သွားတုန်းက ဓမ္မာရုံထဲမှာ ဦး ဟောတဲ့တရား နာဖူးပါတယ်။ အခု ရန်ကုန် အလည်လာကြကာလား"

မဦး၏ အသံမှာ အားတက်သရော ရွှင်လွှင်နေလျက် စီညံသွားလေသည်။ မဦးမှာ စကားပြောလျှင် မျက်နှာရွှင်ချိုကာ နှာသံပါပါ ဆူဆူညံညံ ပြောတတ်၏။

"ရန်ကုန် အလည်ပဲဆိုပါတော့ တူမက ပျဉ်းမနားမှာ နေသလား"

ဦးရွှေဝါသည် မျက်မှန်အိတ်ကို ဖွင့်၍ ထုတ်ယူကာ မျက်မှန်တပ်ရင်း မေးနေသည်။

"ဟုတ်ပါတယ် ပျဉ်းမနားသူပါပဲ။ ဈေးထဲမှာ အထည်ဆိုင်ထွက်တယ်။ အထည်သည် မဦး ဆိုရင် လူတိုင်း သိကြပါတယ်။ ပျဉ်းမနားရောက်တဲ့အခါ ဝင်ပါ"

ရထားထွက်၍ မဦးသည် ပလက်ဖောင်းပေါ်၌ လူစီတန်းကြီးကို လှမ်းကြည့်နေလေသည်။

"အထည်ဈေးတွေ တက်တယ်ဆို"

မဦး ဘေး၌ ထိုင်နေသော အဒေါ်ကြီးက မေးလိုက်၍ မဦးမှာ ရင်ထဲ၌ နင့်သွားကာ စိတ်ပျက်လက်ပျက် ဖြစ်စွာဖြင့် 'တက်တာမှ မပြောပါနဲ့တော့ အဒေါ်ရယ်'ဟု ညည်းချလိုက်သည်။

မဦးမှာ နှုတ်ဆိတ်သွား၏။ ရင်ထဲတွင် မတင်မကျ ဖြစ်နေသော အလုံးကြီးမှာ ခုထက်ထိ မတင်မကျကြီး ဖြစ်နေတုန်းပင်။

ရန်ကုန်ရောက်သည့်ညက အထည်လိုင်စင်များ ထွက်နေ၍ အထည်တွေ ဈေးတက်ကုန်ကြောင်း သိသိချင်း စိတ်ရှုပ်သွားသည်။ ဈေးတက်၍





သောကလူတွေ မဝယ်နိုင်လျှင် တပုံ့ပုံ့နှင့် ငွေအိပ်နေမှာ စိုးရလေသည်။

မဦးသည် ငွေကြေးချောင်လည်သော ဈေးသည် မဟုတ်ပေ။ အဟောင်းပေးအသစ်ယူဖြင့် ငွေလုံးမပျောက်အောင် ဂရုစိုက် စုဆောင်းရသည်။ အထည်ဆိုင်မှရသည့် အမြတ်အစွန်းမှာ သားအမိသုံးယောက်စားသောက်ရုံသာ ဖြစ်သည်။ အမေ မုဆိုးမနှင့် ညီမ အပျိုဖျန်းကလေးမှာ အရောင်းအဝယ်ဘက်က နားလည်၊ အေးတိအေးစက်နှင့် နုံကြ အကြံလွန်း၍ မဦးသာ လည်လည်ပတ်ပတ် ဦးဆောင်ရောင်းဝယ် လုပ်ကိုင်နေရသည်။

အဖေမရှိမှ အတော်လည်း စီးပွားပျက်၏။ ကျန်ရစ်ခဲ့သည့်အတွင်းရှိသည်များကို ထုခွဲပြီး တတိတိ စားသုံးလာခဲ့ကြစဉ် လက်ဖွာ၊ လက်လွယ်လွန်းသော အမေနှင့် ရန်တကျက်ကျက် ဖြစ်ကြသည်။

မဦး၏ အမေမှာ လက်ထဲရှိ ရှိသလို သုံးပစ်လိုက်တတ်သော အမေမျိုး၏။ စိတ်ညစ်တတ်ခြင်း မရှိ၊ ပူပင်သောက ကင်းဝေးအောင် သူ့တရားနှင့်သူ နေသည်။ သူ၏ 'နောက်မှ ရောက်ရားပဲ' ဟူသော လက်ကိုင်တရားသည် သူ့အဖို့ အေးစေသလောက် မဦးအဖို့ ပူရပါဘိ။

အမေက 'နောက်မှ ရောက်ရားပဲ'ဆိုလေ ပြောလေတိုင်း မဦးသည် အမေကို ခံ၍ ကက်ကက်လန်အောင် ရန်ခတွေ့တတ်သဖြင့် သားအမိချင်း မျက်နှာကြော မတည့်ကြပေ။

မဦးက ရှိပစ္စည်း မကုန်မီ ဈေးရောင်းရန်ပြောရာ အမေက ဟိုနှယ်သည်နှယ် ပြောပြီး ဖျက်တတ်သည်။ ဆေးလိပ်ခုံထောင်ရအောင် ပြောကြည့်သည်၊ 'ကရိကထများလှတယ်၊ တာဝန်ကြီးလှတယ် အေရယ်'ဟု သဘောမတူ ငြင်းဆန်နေသည်။ နေ့ပြန်ပေး ငွေတိုးချစားလျက် အိမ်ထဲတွင် အေးအေးဆက်သာ နေချင်သော အမေကြောင့် ငွေတိုးကိုက်ဖို့ နေနေသာသာ ငွေရင်းပါ ပါးပါးလျက် အဆုံးနှင့် စခန်းသိမ်းလိုက်ရလေသည်။ ငွေရင်းမရှိမှ မဦး အတိုးနှင့် ငွေချေးမတည်ကာ ဈေးထဲတွင် အထည်ဆိုင်ထွက်ဖြစ်တော့သည်။

ရန်ကုန်နှင့် ပျဉ်းမနားမှာ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်နေလေသည်။ တစ်လတစ်ခါက် အထည်ဝယ်ရောက်သည်။ ရထားလမ်း မကြာခဏ ပျက်နေသဖြင့် အမေက စိတ်မချ၍ လူကြုံပါးပြီး မှာရောင်းနေရသည်။ ရန်ကုန်မရောက်တာ လသလောက် ရှိနေကာ ရထားလမ်း သာလာမှ မြို့ကြိုက် တောကြိုက် အထည်များ အထည်ကြမ်းများ ရွေးချယ်ဝယ်ရန် ကိုယ်တိုင် ထွက်လာခဲ့သည်။ မနေသာ၍သာ ရန်ကုန်သို့ လာခဲ့ရသည်။ ရန်ကုန်စရိတ်တော့ ကြောက်၏။ အထည်



www.burmeseclassic.com

www.burmeseclassic.com



များ ဝယ်နေစဉ် ရန်ကုန်မြို့၌ ခြစ်ခြုတ်ချွေတာ သုံးစွဲသည်ပင် ကုန်ကျငွေမှာ အိမ်စရိတ် တစ်လစာလောက်နီးနီး ချောသွားတတ်သည်။

ခရီးရောက်မဆိုက် အထည်တွေ ဈေးတက်ကြောင်း ကြားကြားချင်း ဈေးတက်၍ အရောင်းအဝယ် ထိခိုက်လျှင် အနေကြပ် အစားကြပ် ဖြစ်ရဦးမည့် အပေါက်ကို စိတ်ရှုပ်သွားကာ ရောက်သည့်ညက တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်နေလေသည်။

နံနက်အစောကြီးထလျက် သိမ်ကြီးဈေးသို့ စိတ်လေးလေးနှင့် ထွက်ခဲ့လေ၏။ လွယ်အိတ်ကို လွယ်ကာ ထီး ချိုင်းကြား ညှပ်လျက် ရေကျော်တည်းအိမ်မှ သိမ်ကြီးဈေးသို့ ကုန်းကြောင်းလျှောက်သွား၏။ ဘတ်စကားခ ၁၅ ပြား ပေးရမှာ နမြောသည်။ ဈေးထဲ၌ တလည်လည် လျှောက်ဝယ်နေတုန်း ရေငတ်လျှင် ရှာလပတ်ရည့်ဖိုး မှာ ဆယ့်ငါးပြားနှင့်ပင် မလောက်။

နှစ်ဆယ့်ခြောက်လမ်းထဲရောက်လျှင် သိမ်ကြီးဈေး (ဘီ) ရုံထဲသို့ ချိုးဝင်ခဲ့သည်။ ဈေးရုံထဲ၌ အချို့အထည်ဆိုင်များမှာ သော့ခလောက်ချိတ်လျက် မဖွင့်ကြသေးချေ။ မဦးသည် ဝင်ပေါက်ဝမှ မျက်စိတဆုံး လှမ်းမျှော်ကြည့်လိုက်သည်။ ဈေးရုံအလယ် မမြင့်ကြည်ဆိုင်၌ အထည်ဗီရိုဖွင့်လျက် ခင်းကျင်းပြင်ဆင်နေကြသော မမြင့်ကြည်နှင့် စိန်စိန်ကို တွေ့၍ ဝမ်းသာအားရ ခပ်သွက်သွက် လှမ်းသွားလေသည်။

စိန်စိန်သည် ဗီရိုထဲမှ အထည်အုပ်များကို ထုတ်ယူကာ ဆိုင်ပေါ်၌ စီနေလေသည်။ မမြင့်ကြည်မှာ ညောင်ရေအိုးကို ပန်းထိုးလျက် မတ်တတ်ရပ် ရှိခိုးကာ ဈေးရောင်းကောင်းရန် ဆုတောင်းနေ၏။

အထည်အုပ်မျိုးစုံ၏ အသွေးအဆင်းကို အဝေးကပင် လှမ်းမြင်သဖြင့် ရင်ထဲတွင် ထိတ်ဖိုလျက် အသက်ရှူမှားလာသည်။

"မလာတာ ကြာပါပကော၊ အပျိုကြီး စွဲသွားပြီလားလို့ မမြင့်နဲ့တော ပြောနေရသေးတယ်။ ဘယ်တုန်းက ရောက်သလဲ၊ ဝလာတယ်နော်"

ပါးချိုင့်ကလေးနှင့် ပြုံး၍ ဆီးပြောလိုက်သော စိန်စိန်ကို မော့ကြည့်ကာ မျက်ခုံးများတွန့်လျက် စိမြည်သော နှာသံဖြင့် ပြန်ပြောသည်။

"မစွဲသေးပါဘူး စိန်စိန်ရယ်၊ မလာဆို ရထားလမ်းတွေက ခဏခဏ ပျက်နေတော့ အမေတို့က စိတ်မချလို့ မလွှတ်တာနဲ့ လူကြုံနဲ့ မှာနေရတာ အခုတောင် ဖွတ်ထွက်လာခဲ့ရတာ။ အထည်ဈေးတွေ တက်နေတယ်ဆို"

မဦးသည် ပြောပြီး ဆိုင်ပေါ်သို့ တင်ပလ္လင် ထက်ထိုင်လိုက်သည်။ မမြင့်ကြည်သည် ရောင်းကောင်းရန် ဆုတောင်း ရှိခိုးပြီးသွား၍ မဦး၏





ကို ဝမ်းသာအားရ ကုန်းပုတ်လျက် 'ပျောက်နေလိုက်တာ ဘာများဖြစ်နေသလဲ'ဟု ဆိုကာ လူချင်း ပူးကပ် ထိုင်ချလိုက်၏။

မဦးမှာ အထည်အုပ်ပုံပေါ်သို့ လက်တင်လိုက်ကာ ပြုံးနေလေ၏။

ဆိုင်ပေါ်၌ မိန်းမဝတ်ချည်ထည်အုပ် အဆင်မျိုးစုံ ရှိသည်။ တစ်လနှင့် တစ်လ မတူ၊ ဆန်းလည်း ဆန်းနိုင်ပါပေ၏။ အပွင့်၊ အခက်၊ အပြောက် အစင်း။ အဆင်တစ်မျိုးလျှင် အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အညို အရောင် မျိုးစီ ဖြစ်၏။

"ဈေးတက်တာတော့ မပြောနဲ့တော့ မဦးလာတုန်းက ယူသွားတဲ့ ဂျပန် ပုလဲပြောက်ဟာ တစ်ကိုက်မှ တစ်ကျပ်တစ်ပဲ မဟုတ်လား။ အခု ဂျပန်တစ်ကိုက် နှစ်ကျပ်ခွဲ၊ မနေ့က သုံးကျပ်တောင် တက်သွားတယ်။ ဘယ်လောက် တက်ဦးမယ် မသိဘူး"

"ဘုရားရေ..."

မဦးမှာ ဘုရားတပြီး ပါးစပ်ဟောင်းလောင်းဖြင့် မမြင့်ကြည်အား ငေးငိုင်းလျက် ကြည့်နေလေသည်။ မမြင့်ကြည်နှင့် စိန်စိန်မှာ မဦး၏ ငိုင်သွားသော ပါးစပ်ဟောင်းလောင်း မျက်နှာကို ကြည့်လျက် ရယ်မောနေကြ၏။

"ဟိုလတုန်းက ဟန်ဂေရီအသားဟာ တစ်ကိုက် တစ်ကျပ် ခုနစ်ဆယ့်ငါးပြား မဟုတ်လား၊ အခု တစ်ကိုက် လေးကျပ်။ တရုတ်ထည် တစ်ကိုက် သုံးကျပ် ပြားငါးဆယ်ဟာလည်း အခု အဆင်လိုက်ပြီး တစ်ကိုက် ငါးကျပ်။ ဂျာမနီက အရင် တစ်ကိုက် နှစ်ကျပ် ပြားအစိတ်၊ အခု တစ်ကိုက် လေးကျပ် ငါးဆယ်။ လိုချင်သလောက်တောင် မရဘူး။ အထည်လိုင်စင်က နည်းနည်းပါး ထုတ်ပေးတော့ ဈေးတွေ အရမ်းထိုးတက်သွားတာပဲ။ လိုင်စင်ဈေးဟာ အခု ၁၀၀ ဈေးဆိုလားပဲ၊ ဒီတော့ မတက် ဘယ့်နှယ်ရှိပါ့မလဲ"

မဦးသည် မျက်နှာညှိုးငယ်စွာဖြင့် ခင်းပုံထားသော အထည်ပုံကြီးကို ငေးမောကြည့်နေ၏။

ဂျပန်ပြည်မှ လာသော ပုလဲပြောက် ဂျပန်အထည်ပုံမှာ မဦး၏ မျက်လုံးထဲတွင် တသွေးတမွေးဖြစ်လျက် ဝင့်မော်လို့ ကြော့နေကြသည်။ ဖေါ်စကလို ဆင်းခံများ မဟုတ်ကြတော့။ သူတို့ အမျိုးအစားထဲတွင် နီညိုအဆင်သာ မျက်နှာရှိလျက် ဒီပြင် အဆင်များမှာ သိမ်ငယ်နေကာ တစ်ကိုက်လျှင် တစ်ပဲ တစ်မူး ကျန်ရန် အာပေါက်အောင် ပြောရောင်းခဲ့ရ၏။ အခုတော့ ပန်းကြီး ခက်ကြီး ဖြစ်နေကြလေသည်။

"ဒါက ပက်ကင်အသစ်နော် ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ဂေရီက အနနောက်ဆုံး ရောက်တာလေ"

စိန်စိန်သည် ဟန်ဂေရီအုပ်ကို ယူလိုက်ကာ အစကို ဆွဲလျက် မတ်တတ်ရပ်ကာ ဖြန့်ပြလိုက်သည်။

အသွေးကျသော မရမ်းသွေးကလေးကို အဖြူများ ငုံစပ်လျက် ပန်းပွင့်ဆုပ်များ ပွင့်လန်းထားသော အဆင်ဖြစ်သည်။ တစ်ဖက်သား မျက်စိကျစရာ ဝယ်ချင်အောင် ဆွဲငင်နိုင်သော အဆင်အသွေးဖြစ်၏။ အစိမ်းရောင်မှာ အနက်သွေး ငုံဖော်ထားသော အပွင့်အဆုပ်ဖြစ်ရာ မျက်စိထဲ အေးမြသွားသည်။ နီညိုရောင်ကလည်း ဝယ်သူကို အမိဖမ်းထားနိုင်ကောင်း၏။ ခရမ်းရောင်သွေးကလေးဖြင့် ဖြတ်တောက် ဝတ်လိုက်ချင်သည်။

"အဆင်တွေကတော့ ဆန်းပါရဲ့ စုံပါရဲ့ စိန်စိန်ရယ်၊ တစ်ကိုက်လေးငါးကျပ်ဆိုရင် တောဘက်က မဝယ်နိုင်ဘူး။ မြို့ပေါ် လပေးရောင်းတာလည်း ကြွေးတောင်းရတာ သိပ်ခက်တာပဲ။ ဈေးနည်းမယ့် ဂျပန်ထည် တရုတ်ထည်ယူသွားရ ကောင်းမလား မသိဘူး။ ဈေးတွေကလည်း ကြီးလိုက်တာ၊ မလျှော့တော့ဘူးလား"

မမြင့်ကြည်သည် ပြုံးရယ်လျက် မဦး၏ လက်မောင်းကို ကိုင်လှုပ်ကာ 'ကောင်းမလား မသိဘူး လုပ်မနေနဲ့။ ဖြတ်ရင်လည်းဖြတ်၊ ယူရင်လည်း ယူသွား၊ ဈေးက တစ်နေ့ရွှေ ဘစ်နေ့ငွေနဲ့ မှန်တာ မဟုတ်ဘူး။ ဈေးမတင်ပါဘူး၊ ဖောက်သည်ဈေး အတိုင်းပါပဲ'ဟု သာယာချေင်စွာ ရှင်းပြောနေ၏။

ဂျပန်၊ တရုတ်၊ ဂျာမနီ၊ ဟန်ဂေရီ၊ အင်္ဂလန် စသော တိုင်းကြီးငါးတိုင်းမှ အထည်အလိပ်တို့သည် ဆိုင်ခုံပေါ်၌ အချင်းချင်း သူ့ထက်သူ မင်းမူ၍နေကြကုန်၏။ အင်္ဂလန်ထည်မှာ အသားကောင်းလျှင် ဈေးကြီးသည်။ ဈေးကြီးလွန်း၍ အကိုင်အတွယ်သာ နာနာခံရကာ ကိုင်ပြီး လွှတ်ချခံ၍ နွမ်းနယ်ဖော့ဖတ်နေရှာလေသည်။ ဂျပန်အတွဲမှာ ကိုက်တောင်နှင့် ခပ်သွက်သွက် စခန်းသွားရကာ ကြည်နေလေသည်။ တရုတ်နှင့် ဟန်ဂေရီတို့ကား အသစ်ကလေးတွေဖြစ်၍ အင်္ဂလန်၊ ဂျာမနီ အလိပ်တွေနှင့် ရင်ပေါင်တန်းနေလျက် ဆန်းသစ်မျက်နှာ ပွင့်လန်းလျက် ရှိနေကြ၏။

"ဒီလောက် ဈေးတက်နေတော့ ကျွန်မတို့လို တစ်ဆင့်ယူရောင်းရတဲ့ ဈေးသည်တွေ ဘယ်လိုလုပ် ရောင်းရမှန်းတောင် မသိပါဘူး။ ဆိုင်မှာလည်း အထည်လက်ကျန် သိပ်မရှိဘူး။ ဟိုတစ်ခါက တစ်ကိုက် ခြောက်ကျပ်နဲ့ ယူသွားတဲ့ အင်္ဂလန် 'တူတယ်'တွေသာ ဆိုင်ပေါ် ပုံကျန်နေလို့ ငွေအိပ်နေတယ်၊ ဈေးကြီးတော့ တောက မနှုတ်ဘူး မမြင့်ကြည်ရဲ့။ မြို့ပဲ အားထား





ာင်းရတာ"

စိန်စိန်သည် ဆိုင်ရှေ့၌ ဖြတ်သွားသော ကုလားလေးကို 'လက်ဖက်ည်ကောင်းကောင်း ယူခဲ့ပေ့'ဟု လှမ်းမှာလိုက်သည်။ မမြင့်ကြည်က ဆေးင်မီးညှိလျက် မီးစွဲအောင် အရင်စလို ဖွာရှိုက်ကာ 'အဲဒီ တူတယ်တွေလေ၊ ဘစ်ကိုက် ကိုးကျပ် တစ်ဆယ်တောင် ဖြစ်နေပြီ မဦးရဲ့'ဟု သတင်းပေးက်သည်။

ဆိုင်၌ လက်ကျန်ဖြစ်နေသော တူတယ်အုပ်တွေ တစ်ဆယ်ဈေးတက်သည် ဆို၍ လက်ကျန်အုပ်မှ ကိုက်ပေါင်းကို စိတ်တွက် တွက်လျက်ာ်ထုတ်ကြည့်သည်။ နှစ်ရာဖိုးလောက် အမြတ်ရှိနေ၏။

ဝမ်းသာလုံးသည် ရင်ညွန့်သို့ တက်ဆောင့်လိုက်ကာ ပွတာပဲဟု ပြောာ့မတတ် ဖြစ်သွားပြီးမှ တစ်ကိုက် တစ်ဆယ်နှင့် ဘယ်သူမှ မဝယ်မှာ သတိရ၍ ဝမ်းသာစရာမှာ ဝမ်းနည်းစရာ ကောင်းသွားပြန်သည်။

"တူတယ်တွေ လက်ကျန် တော်တော်ရှိနေတယ် စိန်စိန်ရဲ့။ ဟိုမှာ ဆယ်နဲ့ ရောင်းလို့တော့ ထွက်မှာ မဟုတ်ပါဘူး"

မဦး၏ အသံမှာ ခြုံးသံပါအောင် ဝမ်းနည်းစွာ ညည်းပြောသောအသံ၊ စ်ထူးအကျိုးကို သည်ပိုးရှက်ဆောင်တတ်သူ မမြင့်ကြည်မှာ ဈေးသည် ပျောက်သွားလျက် မဦးမှာ အမေကို လုပ်ကျွေးနေသူ တစ်ယောက်အနေ အကူအညီ ပေးချင်လာ၏။

"မရောင်းရဘူးထင်ရင် ဒီကို ပို့လိုက်လေ၊ ဒီမှာတော့ မြို့ထဲ လပေးာင်းတဲ့သူတွေ ရှိတယ်။ ရောင်းခိုင်းပေးမယ် ပို့လိုက် ပို့လိုက်"

မဦးမှာ အသက်ရှူဖြောင့်လျက် ရင်ချောင်သွားကာ လက်ဖက်ရည်ကြိုက် အထည်လိပ်များမှ အတွဲများကို တစ်ဆင်ပြီးတစ်ဆင် ဖြတ်စေ၏။ ဂျပန်ည်မှာ ဈေးနည်း၍ ဂျပန်ကို ဖိပြီး များများ ဖြတ်ခိုင်းလိုက်သည်။

[၂]

းမှ ထိုင်နေသော အဒေါ်ကြီးက အထည်တွေ ဈေးတက်တယ်ဆိုဟု မေးမှာ မဦးအား အခံရခက်အောင် ဆွပေးလိုက်သလို ဖြစ်နေသည်။

မဦးမှာ သိမ်ကြီးဈေးထဲတွင် အထည်ဖြတ်ခဲ့ပုံတွေကို မျက်စိထဲ မြင်င်လာသည်။

အထည်များ ဖြတ်ယူပြီး သုံးလေးရက်အကြာ အစိုးရက အထည်လိုင်စင် နောက်ထပ် တိုးမြှင့်ပေးလိုက်ပြန်ရာ ဂျပန်ထည်များမှာ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com


လက်ငင်း ဈေးခုန်ဆင်းကျသွားတော့သဖြင့် ပျဉ်းမနား မရောက်ခင် ပက်လ
လန်ခဲ့ရသည်။ အထည်တွေ မရောင်းရသေးခင် လက်ထဲ၌ အရှုံးပေါ်နေသဖြ
အကြပ်ရိုက်ကာ အောင့်ဆက်သက်နှင့် အတော် အခံရခက်၏။

"အဒေါ်ခါးထဲက ဂျပန်ထည်ဟာ လိုင်စင်ဖွင့်ထားတုန်းက ဝယ်ထာ
တစ်ထည်စာမှ နှစ်ကျပ်လောက် ကျတာ။ အခုများ တစ်ထည်စာ လေးငါးကျ
လောက် ကျနေတယ်ဆို"

မဦးသည် အဒေါ်ကြီးအား စကားရှည်လိုက်တာဟု စိတ်ထဲ၌ ငြ
၏။ ဒီအကြောင်းကို စပ်လို့မှ မပြောချင်သဖြင့် 'ဟုတ်တယ် အဒေါ်'ဟု
တိုတို စကားဆက်ပြတ်အောင် ဖြတ်လိုက်သည်။

"အတိုက်အခံ အင်အားကတော့ တစ်နေ့တခြား တက်လာပုံပဲ၊ နိုင်
ရေးသမားလုပ်ရတာ မျက်နှာပြောင်နိုင်မှ ဖြစ်တာ။ ဟိုကွေ့ရောက် ဟိုတ
နဲ့ လော်၊ ဒီကွေ့ရောက် ဒီတက်နဲ့ လော်လိုက်။ အရောင်ဆိုးလို့လည်း တ
လွယ်ကြတာပဲ"

ဦးရွှေဝါသည် သတင်းစာဖတ်ပြီး အာပေါင်အာရင်းသန်သန်ဖြင့်
စကား ပြောလိုက်ကာ ဟားတိုက်လျက် ရယ်နေလေ၏။ ဦးရွှေဝါ၏ ဇနီး
တစ်လုံးပြီးတစ်လုံး စိပ်နေသော လက်ထဲက ပုတီးကို ရပ်နားလျက် 'ဘယ်
တက်တက် တိုင်းပြည်ကြီး အေးချမ်းချင်တာပါပဲတော်'ဟု ဆိုလိုက်သည်။

ရထားစီးရမည့် ခရီးဖြစ်၍ အိမ်ကအထွက် သရဏဂုံတင်လာခဲ့
ဘေးရန်လွတ်ကင်းအောင် ပုတီးကို တွင်တွင်စိပ်နေရသဖြင့် ဘယ်ဘက်
အနိုင်ရ၍ ဘယ်သူတွေပဲ ဝန်ကြီးဖြစ်ဖြစ်၊ တိုင်းပြည်ကြီး အေးချမ်းဖို့
အာရုံထားနေလေ၏။

"ဟုတ်ပါတယ်၊ ပြည်တွင်း မငြိမ်းချမ်းသမျှ ကျွန်မတို့လို အငြိမ်မ
နိုင်ဘဲ ရှာဖွေရောင်းဝယ် စားနေရတဲ့ သူတွေဟာ သိပ် ကသီလင်တဖြစ်
တာပဲ"

မဦး ဘေးမှ အဒေါ်ကြီးက ဦးရွှေဝါဇနီးအား လှမ်းပြောနေ၍ 'အဒေါ်
က ဘာအရောင်းအဝယ် လုပ်သလဲ'ဟု မဦးက မေးကြည့်သည်။

"ငွေထည်ပစ္စည်း ရောင်းတာပဲ။ အဒေါ်က မန္တလေးမှာ ပန်းတိမ်ထော
ထားတယ်။ ယောကျ်ား မယားငယ် ယူသွားတော့ သားကလေးတစ်ယော
နဲ့ ကျန်ခဲ့ပြီး သူ့လက်ငုတ်လက်ရင်း အလုပ်ပဲ ဆက်လုပ်စားနေရတာပဲ။
အလုပ်မျိုးက သိတဲ့အတိုင်းပဲ၊ သိပ်မကိုက်ပါဘူး။ တွင်တွင်ကျယ်ကျ
ရောင်းရတာမျိုးလည်း မဟုတ်ပါဘူး။ တစ်မြို့က တစ်မြို့ ကူးပြီး လျှော






...င်းနိုင်မှ ကိုက်တာ။ ဒီကြားထဲ ရထားလမ်းပျက်လို့ ဖင့်နွှေးကြန့်ကြာနေရင်
...ာ့ အမြတ်ကလေးဟာ စားစရိတ် သောက်စရိတ်နဲ့ ချောသွားတာပဲ။ သွားရ
...ရတာလည်း သက်စွန့်ဆံဖျား တထိတ်ထိတ်"

အဒေါ်ကြီး၏ အသံမှာ ပျော့လျက် တိုးလွန်း၍ လေထဲတွင် လိုက်ဖမ်း
...ဆောင်ရသည်။ မျက်နှာမှာ ညှိုးနေ၏။ မျက်လုံးသည် အရောင်ကင်းမဲ့လျက်
...နေသည်။ မွဲခြောက်နေသော အသားအရေရှိလျက် မျက်တွင်းမှာ တစ်နိုက်
...ာက် ချိုင့်ဝင်လျက် ရှိသည်။

"သားကလေး ဘယ်အရွယ် ရှိပြီလဲ"

ဦးရွှေဝါဇနီးက လှမ်းမေးသည်။ ဦးရွှေဝါသည် မျက်မှန်ကို အိမ်ထဲ
...ည့်ပိတ်လိုက်ကာ ဆေးပြင်းလိပ်ခဲလျက် အဒေါ်ကြီးအား ကြည့်နေလေသည်။

"သိပ်မကြီးသေးပါဘူး၊ ကျောင်းသားပဲ ရှိပါသေးတယ်။ အတန်းပြ
...ာတွေက ပြုစောထိုးသင်တန်း ဆင်းနေရတော့ ကလေးတွေလည်း စာ
...ာင်းကောင်း မသင်ရပါဘူး။ ရှင်တို့ကော သားသမီး မရှိဘူးလား"

မဦးသည် ဦးရွှေဝါ၏ ဇနီးမျက်နှာကို ကြည့်လိုက်သည်။ ခေါင်းခါပြ
ပြုံးနေသော အပြုံးမှာ ထူးခြားနေသည်။

"သားသမီးတစ်ယောက်မှ မရှိဘူးဗျ၊ ညောင်လေးပင်ဘုတာကျမှ သာ
...ိရမှာ။ ဘုတာမှ ကျုပ်တို့ မွေးစားဖို့ ကလေးလာပေးလိမ့်မယ်။ နို့ဘူးတို့
...ိုတို့ အဆင်သင့် ဝယ်လာရတယ်။ ကျုပ်တို့ ပေးမယ့် ကလေးလေးဟာ
...ကလေးလား၊ ယောကျ်ားလေးလားတောင် မသိသေးဘူး"

"သြော်..."

အဒေါ်ကြီးမှာ အံ့သြနေသည်။

ဦးရွှေဝါသည် ရယ်နေလေသည်။ မဦးမှာ သည်အသက်အရွယ်ကြီး
...က်မှ ကလေးအငယ်အနှောင်းနဲ့ သူတို့မို့ ဒုက္ခခံချင်ပလေတယ်ဟု မှတ်
...င်နေသည်။

ရထားသည် ငမိုးရိပ်တံတားကို ဖြတ်ကျော်လာခဲ့သည်။ မဦးသည်
...ယ်ကွင်းများကို လွန်၍ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။ လွန်လာခဲ့
...ာ ရန်ကုန်ဆင်ခြေဖုံးမှာ တောအုပ်ကြီးကဲ့သို့ ဖြစ်နေကာ ရွှေတိဂုံစေတီကြီး
ပတ်ရံလျက် မှိုင်းညို့နေ၏။

တစ်ပတ်ကြာမျှ နေခဲ့သော ရန်ကုန်ကို တဝဲလည်လည် ထင်ယောင်
...ယောင်လာလျက် စမြုံ့ပြန် ကြည့်မိလေ၏။

ရောက်စက သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးတွင် ကျက်စားလာ ခြေသလုံး



www.burmeseclassic.com

www.burmeseclassic.com



တောင့်အောင် နေကုန်နေခမ်း လျှောက်ဝယ်ခြမ်းခဲ့ရပုံများ၊ ကြို့ရာထမင်းဆိုင် တွင်စားကာ ရေခဲရည်၊ ရှာလပတ်ရည်မှာ တစ်ခွက်ပြီးတစ်ခွက်။ လွယ်အိတ် လွယ်ကာ ထီးတစ်လက်နှင့် အနံ့အပြား ရောက်ခဲ့သော နေရာတွေ။

ရန်ကုန်ရောက်လျှင် အဖေကြီးနှင့် တွေ့စမြဲတည်း။ အဖေကြီးက သွားကန်တော့နေကျ၊ အဖေကြီးက သိကြားရုပ်ကလေးထုကာ လည်တွင် အဆောင်ဆွဲထားရန် ပြော၍ သိကြားရုပ်ကလေးထုကာ ရွှေကြိုးတ်နှင့် လည်ပင်း အမြဲဆွဲထားသည်။ စီးပွားလမ်းဖြောင့်မည်၊ ဘေးရန်ကင်းမည်ဟု အဖေကြီးက အမိန့်ရှိထားသည်။

အထည်တွေဝယ်ပြီး လက်ထဲတွင် အရှုံးပေါ်နေရာ စိတ်ညစ်ညစ်ဖြင့် အဖေကြီးကို သွားတွေ့သည်။ မဟာမြိုင်လမ်းရှိ အေဝမ်းခြံထဲသို့ ရောက်လျှင် အဖေကြီး အနိစ္စရောက်သွားကြောင်း၊ အသေထွက် ထွက်သွားကြောင်း အဖေ ကြီး၏ တပည့်တပန်းများက ဆီးပြောကြသည်။

"အမယ်လေး ဖြစ်မှဖြစ်ရလေ အဖေကြီးရယ်။ သမီး အလာနောက်ကျ လေခြင်း အဖေကြီးရဲ့"

အဖေကြီး တည်ထားခဲ့သော စေတီတွေကို အဖေကြီးအစား ဦးချ ကြိမ်ချလျက် မျက်ရည်စက်လက်ဖြင့် တရှိုက်ရှိုက် ငိုခဲ့ရသည်။ အဖေကြီးအ မှ ဓာတ်လုံးတစ်လုံးမှ မရလိုက်သည့်အတွက် မထိုက်လေခြင်းဟု အတော်ပင် ကျုံးမရ ဖြစ်ခဲ့ရသည်။

ရင်ထဲက ပူပူလောင်လောင်ဖြင့် မဟာမြိုင်လမ်းထိပ်ကအထွက် လမ်း တစ်ဖက်မှ ပုရောဟိတ်ဆရာကြီး ဆရာစန္ဒြဆိုင်းဘုတ်ကို ဆီးမြင်လိုက်သည်

မမယ့်၊ စမယ့်ပုဂ္ဂိုလ်တော့ မရှိဘူး။ ဗေဒင်မေးမှပဲဟု အကြံရကာ ဆရာစန္ဒြ ရှေ့မှောက်သို့ ငွေ ၁၀ ကျပ်နှင့် ရောက်သွားလေ၏။ လက္ခဏာ ရိုက်ပြီး အဟောကို စောင့်နေခိုက် ရင်ထဲ၌ ထိတ်နေလေ၏။ အကောင်းဟော မလား၊ အဆိုးဟောမလား မသိရ မကြားရခင် တထိတ်ထိတ်ရှိလှရင်း ပေါ် ဆရာ၏ ကြီးပွားချမ်းသာခြင်းကို သရေကျမိသည်။

"ဆရာ့တိုက်ကလေးက ကောင်းလိုက်တာနော်၊ ဘယ်တုန်းက ပြောင်း လာကြတာလဲ ဆရာ။ ဆရာက သိမ်ကြီးပွားနေတာပဲ။ မနှစ်က ဆရာဟော လိုက်တဲ့အတိုင်း အကြံအစည်တွေတော့ အောင်မြင်တန်သလောက် အောင်မြင် ပါရဲ့၊ ဒီနှစ်တော့ ဘာလုပ်လုပ် အလွဲလွဲ အချော်ချော်ကြီးပါပဲ ဆရာရယ် သေသေချာချာ ကြည့်ပေးပါ"

ဆရာစန္ဒြက သေသေချာချာ ကြည့်ရှုစစ်ဆေးပြီး ဟောလိုက်ရာတွင်





ပြောစရာ တက်စရာ တစ်ခုမှ မရှိ။ တစ်နှစ်လုံးလုံး အဘက်ဘက်က ညံ့နေဦးမည် ဆိုကြောင့် ရင်ထဲ၌ နုံးတုံး လေးတေးကြီးဖြင့် ရွှေတိဂုံဘုရားပေါ်သို့ ရောက်သွား လေသည်။ ဘုရားပေါ်တွင် ဂြိုဟ်ပြေန်ပြေ ပန်း ဆီမီးများကပ်လှူကာ ကျောက် စာကြီး မပြီးမှ ပြန်ဆင်းလာခဲ့၏။

ရုပ်ရှင်ရုံမှ အန်ထွက်လာသော လူအုပ်ကြီးကို ရုံဝမှ ငေးမော၍ ကြည့် နေသည်။ မိန်းမပရိသတ်ကို မျက်စိစူးမိသည်။ မျက်နှာများ နီရဲနေလျက် မျက် ရည်သုတ် ထွက်လာကြသော အမျိုးသမီးများကို မျက်ရည်လွယ်လိုက်ကြတာ ဟု ကဲ့ရဲ့လိုက်ကာ သူတို့အစား ရှက်ရှက်ဖြင့် ရုံထဲသို့ ဝင်သွားလေ၏။

ကားချိုး ကြည့်ပြီး ရုံမှ ထွက်လာသော မဦး၏ မျက်နှာမှာ မျက်ရည်စများ ပေလျက် လူမမြင်ရန် ပွတ်သုတ်ရခြင်းဖြင့် နီရဲနေသည်။

မဦးသည် ရန်ကုန်ကို စမြို့ပြန်လျက် ဆင်ခြင်တွေးတောကြည့်သည်။ ရန်ကုန်၌ စိတ်ညစ်ခဲ့ရ၏။ ပူဆွေးခဲ့ရ၏။ ရင်လေးခဲ့ရ၏။ မျက်ရည်ကျခဲ့ ရ၏။ ရင်လေးခဲ့ရာ၌ ပိုက်ဆံပေးပြီး ရင်လေးရတာလည်း ပါ၏။ မျက်ရည် ကျခဲ့ရာ၌ ပိုက်ဆံပေးပြီး မျက်ရည်ကျခဲ့ရတာလည်း ပါ၏။ ကုန်လိုက်သည့် ငွေဆံမှာ သောက်သောက်လဲပင်။ ပြန်စရိတ်ကို ခြစ်ခြုတ်ဖယ်ခဲ့ရသည်။

ရန်ကုန်အတွေးသည် တွေးရင်းတွေးရင်း မနှစ်မြို့စရာကောင်းလာသည်။ တစ်လုံးကို မေ့လိုက်ချင်သည်။ ထို့ကြောင့် ရန်ကုန်မှ ပျဉ်းမနားပြောင်းလိုက် သည်။ အမေနှင့် ညီမငယ်ဆီသို့ စိတ်ရောက်သွားသည်။ သူမရှိခိုက် အမေ ပျော့ကွက်နေခြင်းကို တစ်စက်ကလေးမှ စိတ်မချရ။ ဘယ်လောက်များ အကြွေး ကျမည်လဲ၊ ဘယ်လောက်များ လျှော့ချနေမလဲ။ ပျဉ်းမနားဘက် တွေးလည်း စိတ်သက်သာရာ မရနိုင်၊ တကြောင့်ကြကြ ပူပန်ရပြန်သည်။

ဈေးကြီး၍ ဝယ်သူမရှိသော 'တူတယ်' အုပ်တွေ စဉ်းစားမိမှ စိတ် အနည်းသက်သာသွားသည်။ ရန်ကုန်ပြန်ပို့လျှင် ငွေနှစ်ရာလောက် မြတ်နိုင် မည်။

မဦးဘေးမှ အဒေါ်ကြီးမှာ ငိုက်မျဉ်းနေသည်။ ဦးရွှေဝါသည် ငုတ်တုတ် ထိုင်လျက် အိပ်မောကျကာ ဟောက်နေလေသည်။ ဦးရွှေဝါဇနီးမှာ သတင်းစာ ဖတ်နေ၏။

မဦးသည် ငြိမ်သက်လျက် အာရုံပြောင်းကာ စာရင်းတွက်နေပြန်သည်။ ခရီးစရိတ်၊ ကုန်တင်ဖိုး၊ အရင်းငွေ၊ အရှုံး၊ ခေါင်းထဲတွင် ချာလပတ် လည်နေ၏။ ဆိုင်နီးချင်းများ မှာလိုက်သော ကုန်ပစ္စည်းများပါ ဝယ်ခဲ့၍ တွက် လုံးခြာလည်နေကာ ခေါင်းထဲ၌ အုံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထဲမှ စာရင်းစာအုပ်ကို ထုတ်ယူသည်။ ရင်ဘတ်၌ ချိတ် ထားသော ဖောင်တိန်ကို ဖြုတ်လျက် တေးမှတ်ထားသော စာရင်းများ စုပေါင်းကြည့်လိုက်သည်။ စားစရိတ်၊ လမ်းစရိတ်၊ တိုလီမိုလီ အသုံးစရိတ် ၈၀ ကျပ်လောက် ဂဏန်းပေါ်လျှင် စိတ်မချမ်းမသာ ဖြစ်စွာပြင့် ဘုရားဖူး တာ အမြတ်ပါပဲလေဟု ဖြေရလေသည်။ အသုံးစရိတ်ထဲတွင် အောင်ဆုပ ထီဆိုင်၌ ထိုးခဲ့သော ထီသုံးစောင်ဖိုး ပါလေသည်။ မပေါက်ဘူးလို့ ဘယ်သူ ပြောနိုင်ပါ့မလဲ။

ပဲခူးနှင့် ဒိုက်ဦး ဘူတာနှစ်ခု လွန်တော့မှ စိတ်ရှုပ်ရှုပ်ဖြင့် စာရင်း စာအုပ်ကို လွယ်အိတ်ထဲသို့ ထိုးသွတ်လိုက်သည်။

ပြွန်တန်ဆာသို့ မရောက်မီ ဦးရွှေဝါ တရေးနိုးသွားလေ၏။ လင်မယား နှစ်ယောက် ရှုပ်ယှက်ခတ်အောင် အလုပ်များနေကြသည်။ တန်းပေါ်၌ တင် ထားသော သားရေသေတ္တာကြီးကို ချကြလျက် သေတ္တာထဲမှ ကလေးအနှီး ဦးထုပ်၊ အင်္ကျီ၊ သွားရည်ခံ စသော ကလေးပစ္စည်းများ ထုတ်ယူကြသည် ဓာတ်ဘူး၊ နို့မှုန့်ဘူး၊ နို့ဘူးတို့မှာ ခြင်းတောင်းထဲမှ တစ်ခုပြီး တစ်ခု ခုန်ထွက် လာကြ၏။ ပြွန်တန်ဆာမှအထွက် နို့ဘူးဖျော်ကာ အနီးနှင့်ပတ်လျက် အရံသင့် လုပ်ထားလေသည်။

သျှောင်လေးပင်ဘူတာတွင် ဓမ္မကထိကအား ကြိုဆိုနေသော လူအုပ် ကြီးကို ရထားမဆိုက်မီ လှမ်းမြင်နိုင်သည်။ ဦးရွှေဝါ၏ ဇနီးက 'မိန်းကလေး ဖြစ်ပါစေတော်'ဟု တတွတ်တွတ် ပြောနေ၏။ 'သားရတနာ သမီးရတနာ တာ ရတနာတွေပဲကွ။ ဘဝက အကြောင်းရေစက်ပေါ့ကွယ်' ဦးရွှေဝါသည် ပီတိဖြစ်ကာ ဖင်ထိုင်မကျ ရှိနေလျက် တံခါးမှ ကိုယ်တစ်ပိုင်း ပြူထွက်ရှ ကြည့်နေသည်။

ရထား ဆိုက်လိုက်လျှင် မဦးနှင့် အဒေါ်ကြီးမှာ ဘုရား ဘုရား တ ကာ ရင်တဲ၌ တလှပ်လှပ် ဖြစ်သွားကြသည်။

လူအုပ်ထဲမှ မွေးခါစ ကလေးလေးကို အဝတ်ညစ်ဖြင့် ထုပ်ပိုက်ထာ သော မိန်းမတစ်ယောက်သည် ခုံဖိနပ် ရုပ်တိုက်လျက် တွဲနားသို့ ပြေးကပ်လာ လေ၏။ ပြေးလာရင်း 'ဆရာကြီးရေ မိန်းကလေး၊ မိန်းကလေး'ဟု ခုနစ်ဆ အော်ဟစ်လာသည်။

ဦးရွှေဝါ၏ ဇနီးသည် တွဲတံခါးပေါက်မှ လက်ထုတ်လျက် ကလေး လှမ်းယူလိုက်ကာ ပတ်လာသော အနီးကို ဖြုတ်ပစ်လိုက်သည်။ ကိုယ်တုံးလုံ နီတာထွေးကလေးမှာ တွဲထဲသို့ မရောက်သေးပေ။ လက်မောင်းပေါ်၌ မှော





ကလေး ဖြစ်နေကာ ယက်ကန်ယက်ကန် လုပ်နေသည်။ ဦးရွှေဝါက အင်္ကျီ နှင့် အနီးကို တစ်ခုစီ ကမ်းပေးသည်။ လူအုပ်ကြီး ရှေ့မှောက်၌ အဝတ် ဆာအသစ် ဆင်မြန်းပေးနေကာ အနီးသစ်ဖြင့် ပတ်ထွေးပြီးမှ တံခါးပေါက် တွဲထဲသို့ ရောက်လာလေသည်။

ဆူညံစွာ နှုတ်ဆက်စကား ပြောနေကြသော လူအုပ်ကြီးသည် မြေပေါ် ထိုင်ချလိုက်ကာ ဓမ္မကထိကအား ရှိခိုးဦးချကြ၏။

မဦးမှာ ဦးရွှေဝါဇနီး၏ ရင်ခွင်မှ ကလေးကလေးကို အထူးအဆန်း ကြည့်လျက် ရထားလမ်းကြောင်းက ကောက်ရတဲ့ ကလေးလေးဟု ဥဒါန်း ရင့်နေသည်။

"သူ့အမေက မီးမထွက်သေးလို့ ဘူတာ မလာနိုင်ဘူး။ ကလေးယူ တော့ ငိုကျွန်ရစ်ခဲ့တယ် ဆရာကြီးရဲ့"

မဦး ဘေးမှ အဒေါ်ကြီးမှာ မျက်ရည်လည်နေလေသည်။ ဦးရွှေဝါ၏ သည် ရွှေထုတ်ကောက်ရသူကဲ့သို့ အစွမ်းကုန် ရွှင်ပျလျက် ရှိနေသည်။

"တို့လက်ထဲမှာ ချမ်းချမ်းသာသာ နေရမယ်လို့ ပြောလိုက်ဟေ့၊ တို့ ဖြစ်သွားပြီ"

ဦးရွှေဝါက လှမ်းအော်မှာကြားနေသည်။ 'မအေက သားသမီးများပြီး ဆင်းရဲတာပဲ၊ ဒါကြောင့် ပေးတာ"

ဦးရွှေဝါဇနီးက ပြောပြသည်။ အဆင်သင့် ဖျော်ထားသော နို့ဘူးကို လေးပါးစပ်ထဲသို့ သွင်းပေးရာ ကလေးမှာ မစို့တတ်ဘဲ တအဲအဲ အော်နေ သည်။

ရထားထွက်၍ ဦးရွှေဝါသည် ကလေးကို လှမ်းယူကာ ပိုက်ပွေ့လျက် အုပ်ကြီးအား လက်ပြလိုက်သည်။ ဆူညံသွားသော အသံတို့မှာ ရထားနောက် တသဲ့သဲ့ ကျန်ရစ်ခဲ့လေသည်။ တွဲထဲမှ ခရီးသည်များမှာ တိတ်ဆိတ်သွား ကလေးဆီသို့ အာရုံ ရောက်နေကြ၏။

"တစ်ယောက်မှ မမွေးဖူးဘူးလား"

ကလေး ဝမ်းသွား၍ အနီးပြင်ထုပ်ပေးနေသော ဦးရွှေဝါဇနီးကို အဒေါ် က လှမ်းမေးလိုက်သည်။ အနီးကို နေရာကျအောင် မထုပ်တတ်သဖြင့် ထွေးလျက် ကလေးလက်နှစ်ဖက်မှာ ထွက်နေလေသည်။

"အဖတ် မတင်ဘူး၊ ပျက်တာ များပါတယ်"

မဦးမှာ စိတ်အိုက်နေ၏။ ကလေးအဖြစ် မြင်ရပုံ စိတ်အိုက်ရမက နောက်လာသည်။ ဘေးမှ ထိုင်ကြည့်ရင်း ပင်ပန်းနေကာ စိတ်ဘျဉ်းကျပ်



www.burmeseclassic.com

www.burmeseclassic.com

လျက် ကလေးငိုသံမှာ နားထဲတွင် စူးရှသွားသည်။

ဖြူးဘူတာ၌ ရထားဆိုက်လျှင် ဦးရွှေဝါမှာ အပြေးအလွှား ရေနွေးဆင်း၍ ဝယ်လေ၏။ လင်မယားနှစ်ယောက်မှာ ငြိမ်ငြိမ်နေရသည် မရှိ၊ တစ်လမ်းလုံး လှုပ်လှုပ်ရွရွနှင့် ကိစ္စများလာကြသည်။

"ကိုင်း ဘယ့်နှယ်ရှိစ၊ ဘူတာရုံထဲက ကြားခဲ့ရတယ်။ 'ရွာ' နားမှာ ရထားလမ်း ပျက်နေသတဲ့။ ဒီရထား တောင်ငူမှာ အိပ်ချင် အိပ်ရမတဲ့၊ မသေ ချာဘူး"

ရေနွေးယူပြီး ပြန်လာသော ဦးရွှေဝါက သတင်းပေး၍ ဒုက္ခပါပဲတော် ဟု အဒေါ်ကြီးက ညောင်နာနာ အသံလေးနှင့် ညည်းတွားလေသည်။ ပျဉ်း မနားရောက်လျှင် မဦး ဆင်းသွားက အသက်ရှူပေါက်ချောင်မည် ဟူသော အထင်မှာ တက်တက်စင် လွဲပါလေ၏။

မဦးမှာ ဒီသတင်း မဟုတ်ပါစေနဲ့ဟု ဆုတောင်းနေသည်။ အလိုလို စိတ်အိုက်ရသည့်အထဲ မိုင်းဖုံးကွဲသံ ကြားရသည်နှင့် မခြား တုန်လှုပ်ချောက် ချားသွား၏။ ရထားမှာ မထွက်နိုင်၍ ပိုမို၍ အသက်ရှူရ ကြပ်လာ၏။ နေမထိ ထိုင်မထိ ဘယ်လိုဖြစ်မှန်း မသိ။ ဖြူးဘူတာ၌ အချိန်အကြာကြီး ရပ် ထားလေ၏။ ခရီးသည်များမှာ ရုတ်ရုတ်ရက်ရက် ဖြစ်နေကြသည်။ အချို့က လည်း ဖြူးတွင် ရထား အိပ်မလို့ ပြောကြသည်။ တွဲထဲ၌ မသာယာသော မျက်နှာများ စုဝေးနေကြလျက် တောက်ခေါက်သံ၊ ပင့်သက်ချသံ၊ ညည်းညူ ညူသံများမှာ အတိုင်အဖောက်ညီညီ သူပြိုင်သူ ကူးစက်နေလေ၏။

ဘာအကြောင်းရှိ၍မှန်း မသိ၊ ရထားမှာ နေစောင်းမှ ဖြူးဘူတာမှ ထွက်လာခဲ့သည်။ တောင်ငူမရောက်ခင် မှောင်ကျလာ၏။ ရထားတွဲထဲ၌ မီး ပွင့်များ လင်းထိန်လာသည်။

ဦးရွှေဝါ၏ ဇနီးမှာ နို့ဘူးတစ်ဖက်၊ စိပ်ပုတီးတစ်ဖက်နှင့် စိတ်မအား ကိုယ်မအား ရှိလှသည်။ မှောင်ကြီးမည်းမည်းထဲ ခုတ်နေခြင်းကြောင့် အသည်း ထိတ်လျက် ပြင်ဘက်သို့ မကြည့်ရဲချေ။

ခုနေများ တစ်ခုခုဖြစ်လို့ ကစင့်ကရဲများ ဖြစ်ကုန်ရင်...

အဒေါ်ကြီးမှာ ဆက်လက်၍ မတွေးတော့ပဲ၊ ဒွေထည်များ ထည့်ထား သော ဖာကြီးအတွက် နောက်ဆံတင်းလှလေ၏။ အမှောင်ထုမှာ ခြောက်လှန့် ၍ နေသလိုပင်။ ကောင်းကင်ပေါ်၌ ကြယ်ရောင်လည်း မရှိ၊ အမှောင်တွင် တိုးဝင်နေသော လေစိမ်းသည် ကျောစိမ့်အောင် ချမ်းလေသည်။

မဦးမှာ ရထားစီးနေရသည် မထင်၊ ညအခါ မသာအိမ်၌ ထိုင်နေ





သကဲ့သို့ ခေါင်းနပန်းကြီးလျက် ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ...ဦးသည် လည်ပင်း၌ ဆွဲထားသော သိကြားရုပ်ကလေးကို အမေကြီး မေ့ကာ ...ဘုရားဂါထာကို အားငယ်စွာ ရွတ်လိုက်လာသည်။

ရထားသည် လျှင်မြန်စွာ ခုတ်မောင်းလျက် ရှိရာမှ ဖြည်းနှေးသွား ...၌ ဘာများဖြစ်လို့လဲဟု ခေါင်းထဲ သွေးရောက်သွားကာ မျက်လုံးတွေ ကြည့်မကောင်းအောင် ပြာသွားလေ၏။ အမြန်ခုတ်မောင်းနေသည့်အခါတွင် ...တွေးနှင့် ကြောက်နေသည်။ မှောင်မိုက်ထဲမှ လှမ်းပစ်လိုက်သော စက်သေနတ် ...သို့မဟုတ် မိုင်းဖုံးတစ်ခုမဟုတ် တစ်ခုဖြင့် ကိုယ့်ကိုယ်ကို ပင်ပန်းကြီးစွာ ...ချွေးပြန်အောင် နှိပ်စက်နေလေသည်။

ဦးရွှေဝါမှာ ဆေးပြင်းလိပ်ခဲလျက် တမေးမေး မေးနေစဉ် အုဝဲသံ ...ကြောင့် ချမ်းသာစွာ မမေးရ။ ကလေးပါးစပ်ထဲ ရေစက်ချပေးရန် ရေတောင်း ...၍ ရေဘူးထဲမှ ရေငှဲ့ပေးရပြန်သည်။ တစ်တွဲလုံး အသက်ပျောက်နေကြ ...ကဲ့သို့ ဆိတ်သုဉ်းနေသည်။ အုဝဲသံလေးသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်း ...သည်။

တောင်ငူဘူတာ၏ ထိန်လင်းသော မီးရောင်ကို လှမ်းမြင်ကြမှ တွဲထဲ ...၌ အသက်ဝင်ကာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ မဦးမှာ တောင်ငူဘူတာ ...ရောက်၍ သက်ပြင်းကြီး ချလိုက်လေသည်။ သက်ပြင်းချရာ၌ အစ အဆုံး ...သည်း မချနိုင်၊ တစ်ညလုံး ငုတ်တုတ်ထိုင်လျက် ဒုက္ခခံရဦးမှာကြောင့် ...ဝက်တစ်ပျက်သာ ချ၍ရသည်။

ဘူတာရုံကြီး၌ ရထားအတွက် စပယ်ရှယ် ချက်စောင့်နေကြသော ...ဆင်းသည်များ၏ အသံမှာ အုံးအုံးကျွက်ကျွက် ညံနေလေသည်။

BURMESE CLASSIC

"ဆိတ်သားရမယ်၊ ကြက်သား ရမယ်၊ ငါးဟင်း ရမယ်"

မဦးသည် ဆာဆာလောင်လောင် ရှိလာသည်။ ပျဉ်းမနားသို့ ညနေ ...ရောက်မည် အထင်နှင့် ပါသမျှ ဒွေကြွေတွေကို ဘူတာစဉ်တစ်လျှောက် လက် ...သည်၊ ဘီလပ်ရည် အလျှဉ်မပြတ် သောက်စားလာခဲ့၍ ချွေးခံအိတ်ထဲ၌ ...ဆံတစ်မတ်သာ ကျန်တော့သည်။ ပိုက်ဆံတစ်မတ်နှင့် ထမင်းဝယ်မစား ...ဆာလောင်သော ဝမ်းဗိုက်ထဲသို့ လက်ဖက်ရည်တစ်ခွက် လောင်းချလိုက် ...သည်။

အဒေါ်ကြီး အောက်ဆင်း ထမင်းစားခိုက် ခုံပေါ်၌ ခေတ္တခဏ ခြေ ...လှက် အညောင်းဖြေရတော့သည်။ ခြေထောက်များမှာ တောင့်တက်နှင့် ...မရအောင်ကွ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညအိပ်ဖို့တော့ ဒုက္ခပဲ၊ ငုတ်တုတ်လင်းကြရမှာပဲ။ လမ်းပန်းမသာဘဲနဲ့ ဇွတ်အတင်း ကြိုးဝါးပြီး ပြည်တော်သာနေကြတာ ရယ်ချင်သဗျာ"

ဦးရွှေဝါ၏ အသံမှာ တွဲထဲတွင် ဟိန်းသွားလေသည်။ ဦးရွှေဝါ ခုံတန်းနှင့် ယှဉ်၍ တစ်ဖက်ခုံတန်းထောင့်၌ ထိုင်နေသော လူတစ်ယောက်က ဦးရွှေဝါအား လှမ်းပြောလိုက်သည်။

"ရှေ့လျှောက် သည်ထက် သာပါလိမ့်မယ်ဗျာ။ ကျုပ်တို့ မြေဇာပင်တွေ ခံနိုင်ရင် ခံကြရော့"

"လမ်းပျက်တာ သာသောသူများတော့ သာကြသတဲ့"

မဦးသည် အသံလာရာနောက်သို့ လှည့်ကြည့်လိုက်သည်။ ဒန်ကိုင်းမျက်မှန်တပ်ထားသော ခပ်ဝဝ ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည်။

"ဟုတ် မဟုတ်တော့ ကျုပ်မသိဘူး ဒကာတို့။ ရန်ကုန်က ကျုပ်ဒကာတစ်ယောက်က ပြောတာတော့ မီးရထားလမ်းပျက်ရင် ကန်ထရိုက်တာတွေ တယ်နေရာကျ ဆိုပဲ။ ရထားလမ်းပျက်တဲ့ နေရာနဲ့ နီးတဲ့ ရွာတွေမှာလည်း ဇလီဖာတုံးကြီးတွေ ထင်းဆိုက်ပစ်ကြသတဲ့။ သူပုန်ဖျက်တာလည်း ရှိမပေါ့။ ရောင်တော်ပြန်နဲ့ ရောလွှတ်တာလည်း ရှိမှာပဲ။ တိုင်းပြည်ကြီးတော့ အခက်အခက်ပါ ဒကာရယ်။ ရောင်တော်ပြန်တွေ များသထက် များလာရင် ကြောက်စရာကောင်းသနော့။ ပြည်ပျက်မယ်"

"ဘယ်တော့များမှ တိုင်းပြည်ကြီး သာသာယာယာ ရှိပါ့မလဲနော်"

ဦးရွှေဝါ၏ ဇနီးက တမ်းတလိုက်သည်။

"သူပုန်တွေ တစ်ယောက်မကျန် အကုန်လုံး သေကုန်အောင် အမေရိကန်ဆီက အနုမြူဗုံး တောင်းယူကြဲပစ်နိုင်တယ်ဆိုရင်တော့ ရွှေပြည်တော်ကြီး သာယာတော်မူလာလိမ့်မပေါ့ အဒေါ်"

ပြောသူသည် ပြောပြီး တဟားဟား ရယ်မောနေ၏။ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောနေကြသည်။ မဦးမှာ နားမသက်သာ၊ စိတ်မသက်သာ ပိုဖြစ်လာသည်။

ယခင်က တိုင်းပြည်၏ သာယာမှုသည် ဈေးသည်တစ်ယောက်အဲနေနှင့် မဆိုင်သလို ဘာသိဘာသာ ဖြစ်နေခဲ့သည်။ ရထားလမ်းပျက်၍ တောင်ငူတွင် သောင်တင်လျက် ထမင်းငတ်တော့မှ သာယာရေးကို ပြင်းပြင်းပြပြ အလိုရှိရကောင်းမှန်း သိလာ၏။

တဖြည်းဖြည်း ညဉ့်နက်လာသည်။

ခြင်ကောင်များမှာ လက်နှင့် ဆုပ်ပက်လိုက်သကဲ့သို့ အုံမဲကိုက်ကြသည်။ မဦးမှာ ဒူးပေါ်၌ မျက်နှာကို မှောက်ထားရသည်။ မဦးဘေး၌ အဒေါ်ကြီးသည် အညာစောင်ကြီး ခေါင်းမြီးခြုံလျက် ငုတ်တုတ်ထိုင်ငိုက်နေ၏။

မခံမရပ်နိုင်အောင် ကျောထဲက အောင့်လာလေသည်။ ခြင်ကောင်များကို လက်မနား လက်မအား ရအောင် တဖတ်ဖတ်နှင့် ပုတ်မောင်းနေရလေ၏။ တဝီဝီ မြည်နေသော ခြင်သံများသည် စစ်အတွင်းက ကောင်းကင်တွင် ဝဲနေသော စစ်လေယာဉ်ပျံများကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ ခြေထောက်များမှာ ထုံကျင်စပြုကာ တောင့်တင်းကိုက်ခဲလာလေ၏။

"အမယ်လေးဗျာ၊ ကိုက်လိုက်တာ"

စင်ပေါ်တွင် တက်၍ အိပ်သော ခရီးသည် လူငယ်တစ်ဦး၏ အသံ။

"ပြည်တော်သာခေတ်ကြီးမှာ ကျိတ်ခံပေ့ ကျိတ်ခံ"

စင်အောက်မှ သူငယ်တစ်ယောက်က လှမ်းပြောလိုက်သည်။

မဦးမှာ သည်းမခံနိုင်လောက်အောင် ဖြစ်လာတော့သည်။ ခြင်ကောင်တွေကို မနိုင် နိုင်အောင် ဖြစ်နေသည်။ လူတစ်ကောင်လုံး ခြင်စာကျွေးထားသဖြင့် သေလိုက်ချင်လောက်အောင် စိတ်ညစ်ညူးလာ၏။ တစ်တွဲလုံးတွင် ဘာက်ဘာက်နှင့် ပုတ်သံ၊ ရိုက်သံများမှာ နားငြီးဖွယ်ရာ ကောင်းအောင် ဖြစ်နေသည်။ ကျောထဲက တောင့်လွန်း၍ လှဲလိုက်ချင်သည်။ ခဏလောက်ကလေးဖြစ်ဖြစ် လှဲစန့်လိုက်ချင်သည်။ ခဏလောက်များ လှဲစန့်လိုက်ရရင် . . . မဦးသည် စင်ပေါ်က ဆင်းကာ ပလက်ဖောင်းပေါ်၌ ပစ်လှဲစန့်လိုက်ချင်မိတော့သည်။

ဦးရွှေဝါ၏ ဇနီးမှာ ကလေးကို ရင်ခွင်ထဲပိုက်လျက် ဂွမ်းစောင်ကြီးကို ခြုံကာ မျက်နှာဖော်ထားလေသည်။ မှေးငိုက်နေသော မျက်နှာပေါ်၌ သွေးစုနေသော ခြင်တို့မှာ မမြင်ဝံ့၊ မကြည့်ဝံ့အောင် သီးခဲနေလေသည်။

ဘူတာရုံထဲ၌ အသွားအလာ နည်းပါးကာ တိတ်ဆိတ်နေသည်။ ပလက်ဖောင်းပေါ်၌ ဆင်းအိပ်နေသော သူတို့မှာ ကောက်ညှင်းထုပ်ကဲ့သို့ ခေါင်းကိုယ်လုံး စောင်နှင့် ထုပ်ကွေးထားကြလေ၏။ လေမှာ ငြိမ်နေကာ တစ်ချက် တစ်ချက်မှ တိုက်လာလေသည်။

"စက်သေနတ်တစ်လက်လောက် လိုချင်လိုက်တာကွာ"

စင်အောက်မှ သူငယ်က စင်ပေါ်သို့ လှမ်းပြောလိုက်သည်။

"ဘာလုပ်ဖို့လဲကွ"

"တွဲထဲမှာ လှောင်ပိတ်ပြီး ဒုက္ခခံစားနေရတဲ့ လူသားတွေကို အကုန်ဒုက္ခငြိမ်းသွားအောင် ပစ်သတ်လိုက်ချင်တယ်"

"ရဲဘော် အချိန်မနှောင်းမီ ပစ်လော့"







www.burmeseclassic.com

www.burmeseclassic.com

မဦးသည် သူတို့အချင်းချင်း ပြောရယ်နေကြသော အသံဖလံများကို နားစွင့်နေ၏။ မြို့ထဲမိနေသော ငါးများကို မြင်ယောင်လာသည်။ ဒီလို ဝဋ်ဒုက္ခမျိုးနဲ့စာရင် သေရတာက ကောင်းပါသေးတယ်ဟု ထင်မြင်မိသည်။ ဝမ်းထဲတွင် အစာမရှိ၍ ရင်တပူပူ အူတကြွတ်ကြွတ်နှင့် သည်ဒုက္ခကြီးကလည်း တစ်ဖက်။

ကလေးက ငိုပြန်ပါလေသည်။ စူးစူးဝါးဝါး ညစ်အော်ငိုလိုက်သည့် ဆင့်ကဲ ဆင့်ကဲ အော်ငိုနေသော အူဝဲသံ တစ်ဖတ်ဖတ်ရိုက်သံ၊ မဦးမှာ ရှူးချင်နှမ်းချင် ဖြစ်လာသည်။

ဦးရွှေဝါသည် အိပ်မှုန်စုံမွှားဖြင့် နို့ဘူးထဖျော်နေသည်။ ကလေးအမေမှာ မျက်လုံး မဖွင့်နိုင်ဘဲ အို အို၊ အင် အင် ဆိုကာ စောင်ခြုံထဲတွင် လှုပ်ချော့နေလေ၏။

"ကြည့်ပါဦးကွ၊ အနီးများ စိုနေသလား"

"မစိုပါဘူးတော်၊ ကြည့်ပြီးပါပြီ"

ဖျော်သောနို့မှာ တော်တော်နှင့် မအေးနိုင်၊ အငိုကလည်း ကျွက်ကျွက်ညံနေသည်။ အဒေါ်ကြီးသည် ခေါင်းမြီးခြုံကြီးကို လှပ်လိုက်ကာ မွှမ်းမောနေသော အသံဖြင့် 'ဗိုက်များ နာလို့လားရှင်'ဟု ပြောနေသည်။

"မပြောတတ်ပါဘူး၊ ဆာလို့ ထင်ပါရဲ့"

မဦးမှာ အရှင်လတ်လတ် ငရဲပြည် ရောက်နေသည်ဟု ထင်သည်။ စီလောင်စွာ အဆက်မပြတ် ငိုကြွေးနေသော အသံမှာ နားအူလှသည်။ နားအုံကွဲသွားမတတ် ဖြစ်နေ၏။ မဦးသည် ခေါင်းထောင်၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ကလေးကို တစ်ယောက်လက် တစ်ယောက်ပြောင်း ချော့နေကြကာ ဗျာများနေကြသည်။ ကလေးမှာ နို့လည်းမစို့၊ အလျှော့မပေးတမ်း အော်နေလေ၏။ မြင်ရတာ မသက်သာလွန်းသဖြင့် ဒူးပေါ်၌ မျက်နှာပြန်မှောက်ထားလိုက်သည်။

မဦး၏ လက်မှာ မမြောက်နိုင် မသယ်နိုင်လောက်အောင်ပင် သောင်းတွေ လေးလံလာသည်။ ကုတ်သွေးစုပ်နေကြသော ခြင်တွေကို မပုတ်နိုင်တော့ဘဲ ကိုက်ကြဟဲ့ဟု စင်းခံနေတော့ရာ မဦး၏ ခေါင်းမှာ ဒူးပေါ်၌ လူးနေလေသည်။

[၃]

မိုးလင်းလေပြီ။

မဦး၏ မျက်နှာသည် နာတာရှည်ဖြစ်နေသော လူမမာမျက်နှာနှင့်





...ဆေးရာတည်း တူလေ၏။ မျက်ခွံကြီး တွဲကျနေကာ မျက်လုံးမှာ မပွင့်တပွင့်၊ ...ပင်တို့သည် နဖူးပေါ် ပါးပေါ်တွင် ဖရိုဖရဲ တင်နေလေသည်။ အသားမှာ ...ဖျော့ဖျော့။ လက်မောင်းနှစ်ဖက်စလုံး ကွက်လပ်မရှိအောင် ခြင်ဘုများ ...ဆုံးလိုက် ပိန်းဖုနေသည်။ နှုတ်ခမ်းများမှာ ခြောက်သွေ့နေလျက် အက်ရာ ...င်းနေလေသည်။ မလှုပ်ချင် မရှားချင်၍ ထိုင်ခုံနောက်သို့ ခေါင်းမှီထားကာ ...က်တုံ့ခေါက်ပြန် အော်ဟစ်နေသော ကုလားကလေးကို တွေတွေကြီး ...ကြည့်နေလေသည်။

"ကော်ဖီ ရမယ်၊ လက်ဖက်ရည် မေယ်၊ မလိုင် ရမယ်"

မဦးသည် ငိုချင်လာသည်။ ရထားကလည်း တော်တော်နှင့် မထွက် ...ရင်ခေါင်းထဲ၌ ပူပြီးရင်း ပူရင်း လက်ဖက်ရည်တစ်ခွက်များ သောက်လိုက် ...င် တောင့်သွား မှာပဲဟု အောက်မေ့မိ၏။ အနားက အဒေါ်ကြီးက ကော်ဖီ ...နေရာ အာခေါင်ထဲတွင် ချွဲလာလေသည်။

"မသောက်ဘူလား တူမ"

မဦးသည် သေဟော့မယ့် မျက်နှာကလေးဖြင့် ခေါင်းကိုသာ ရမ်းပြ ...င်သည်။

ကော်ဖီနံ့သည် သင်းလာလေသည်။ မပွင့်တပွင့်ရှိသော မျက်လုံးသည် ...ာက်စိုက်ကျလျက် ကော်ဖီပန်းကန်ပေါ်၌ ဖုံးနေသော မလိုင်ဖတ်များကို ...က်လုံးဖြင့် လှမ်းလျက်နေသည်။

ဦးရွှေဝါသည် တွဲပေါ်သို့ တက်လာကာ ပြင်းထန်စွာ တောက်ခေါက် ...က်လျက် 'လမ်းက ပြင်တုန်းတဲ့ကွာ၊ တော်တော်နဲ့ မထွက်နိုင်သေးဘူးတဲ့' ...ဆိုသည်။

မဦးသည် လေးလံနေသော မျက်ခွံများကို ပင့်၍ ဦးရွှေဝါအား လှမ်း ...ည့်သည်။ ဦးရွှေဝါ၏ ရုပ်ပုံသဏ္ဌာန်ကို ပီသအောင် ဖမ်းမရအောင် ဝိုးတိုး ...ဘား မြင်သလိုလို။ ထိုနောက် မျက်ခွံသည် လေးကျလာကာ မျက်လုံး ပိတ် ...းလေသည်။

မူးလိုက်တာ...

မဦး၏ ရင်မှာ နိမ့်ချေ မြင့်ချေ ဖြစ်နေသည်။ လူသံ၊ သူသံ ကလေး ...တို့မှာ နားထဲတွင် မကြားတစ်ချက် ကြားတစ်ချက်။ အဖေကြီးနှင့် တွေ့ ...သလိုလို မမြင့်ကြည်ဆိုင်ပေါ် ရောက်နေသလိုလို ဆရာစန္ဒြ ရှေ့မှောက ...ိုလို...။

နံနက် ဆယ်နာရီခွဲမှ ရထားထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မဦးမှာ လေတဟူးဟူး တိုက်လာ၍ အနည်းငယ် နေသာရာ ထိုင်သ
ရာ ရှိကာ မျက်လုံးများ ဖွင့်လျက် ရထားအပြင်ဘက်သို့ လှမ်းကြည့်နေသည်

ရထားသည် လမ်းပြင်ထားသော နေရာသို့ ရောက်လာ၏။ ခရီးသ
တို့သည် တံခါးပေါက်မှ ခေါင်းထုတ်၍ ကြည့်နေကြသည်။ လမ်းဘေး၌
အုပ်ကို တွေ့ရသည်။ လမ်းပြင်သော လူများနှင့် တူသည်။ သူတို့၏ ပခုံး
၌ ဇလီဖားတုံးကြီးတွေကို ကိုယ်စီ ထမ်းထားကြသည်။ ဖြတ်ခုတ်သွားသေ
ရထားကို ညာသံပေးလျက် ဟေး ဝါး လုပ်ကာ လက်ပြ ကျန်ရစ်လေသည်

"ပြည်တော်သာသကွ..."

ညက စင်ပေါ်တက်အိပ်သော သူငယ်သည် ရထားပေါက်မှ ခေါ
ထုတ်လျက် သူတို့လူစု ကြားလောက်အောင် ပြန်အော်လိုက်သည်။

မဦးမှာ လေတိုက်လွန်း၍ မျက်လုံးစပ်နေသည်။ ခပ်မှေးမှေးပင်
ထားလျက် မြင်ရသော အရာဝတ္ထုများကို မှတ်ကာ ပျဉ်းမနားနှင့် မိုင်တွ
ကြည့်နေ၏။

ပျဉ်းမနားသို့ နေ့ ၁ ချက်ခွဲမှ ရောက်သည်။ ရထားမှာ မနားဘဲ ချ
ချင်း မန္တလေး ပြန်ထွက်မည်ဆို၍ ခရီးသည်များ အလုအယက် တိုးဝှေ့ဆ
နေကြသည်။

မဦးမှာ မတ်တတ်ရပ်လိုက်ရာ ကတုန်ကယင်ဖြစ်လျက် ယိမ်းယိုင်သွ
သည်။ တန်းပေါ်မှ အထုပ်ကြီးကို ဦးရွှေဝါက ဆွဲချပေးသည်။

"ဦးတို့ အဒေါ်တို့၊ ပျဉ်းမနား ရောက်ရင် ဝင်ပါနော်။ အဒေါ် ကျွ
သွားမယ်"

မီးရထားပေါ်မှ လေးကန်စွာ ဆင်းလာကာ လူအုပ်ကို တိုးဝှေ့လျ
ဘူတာရုံပြင်ဘက်သို့ ထွက်ရ၏။ အိမ်ရောက်ပြီဟူသော အသိမှာ လက်ဖက်ရေ
တစ်ခွက် သောက်လိုက်ရသကဲ့သို့ အားအင် ပြည့်တင်းသလို ရှိသည်။

မြင်းလှည်း ဘုံပြတ်ကလေးပေါ်၌ ပစ္စည်းများတင်ကာ ရေကန်
ဘက်သို့ မောင်းခိုင်း၏။ မြင်းလှည်းပေါ် ထိုင်မိမှ ပစ္စုပ္ပန်ဒေဝ ဖြစ်နေသေ
ကိုယ့်ရုပ်ကိုယ် သတိပြုမိသည်။

"အမေရေ မမ လာပြီ"

မဦး၏ ညီမလေး မသန်းက အိမ်ဝက ဟစ်အော်လိုက်သည်။ မဦး
'အမေ ဈေးမထွက်ဘူးလား'ဟု စိတ်ထဲ၌ ထောင့်သွား၏။ ခြေမသယ်နိုင်
လက်မသယ်နိုင်အောင် ဖြစ်လာသော အမှုအရာများဖြင့် အိမ်ပေါ် ဖိနပ်ချွ
သို့ တုန်တုန်ယင်ယင် ရောက်လာ၏။ ရထားဥသြသံကို သဲ့သဲ့ကြားလို





သည်။

"မနေ့က ရထားမလာလို့ တို့ စိတ်ပူလိုက်တာအေ။ တောင်ငူမှာ အိပ်
တယ်လို့ ကြားရမှ စိတ်အေးသွားတယ်တော့။ ဘူတာမှာ မန္တလေးက
တော့နဲ့ မတွေ့ခဲ့ဘူးလား"

မဦးက တံခါးမကို လှမ်းကိုင် အားပြုထားကာ 'ဟင့်အင်း၊ မတွေ့ဘူး'
ပေသဲ့သဲ့ ပြန်ပြောသည်။

"သူတို့ တစ်နေ့က ရောက်လာတယ်။ ဒီကနေ့မနက် အိမ်မှာ သူတို့
င်းကျွေးဖို့ ချက်ပြုတ်နေရတာနဲ့ ဆိုင်ကို ညည်းဒေါ်လေးရွှာက လာတာနဲ့
ခွက်ခိုင်းထားရတယ်"

မဦးသည် အိမ်ပေါ်သို့ လှမ်းတက်လိုက်၏။ 'မမ အတော်ပန်းလာတယ်
တယ်'ဟု မသန်းက ပြောကာ မဦးသည် နှာသံလေးပါပါဖြင့် 'မပြောပါနဲ့
အေ'ဟု ဆိုလိုက်သည်။

မဦး၏ အမေသည်ပင်ပန်းလာသော သမီးကြီးအား ရွှင်လန်းသွားစေ
ဖြင့် ခရီးရောက်မဆိုက် ဝမ်းသာအားရ ပြောပြလိုက်သည်။

"ညည်း 'တူတယ်' အုပ်တွေတော့ ငွေရင်းပေါ်ပြီ၊ အကုန်ထွက်သွား
တော့။ ဒေါ်ခတို့က သဘော်ကြီးပေါ်မှာ ရောင်းပေးမယ်ဆိုတာနဲ့ နည်းနည်း
လျှော့ပေးလိုက်လို့ အကုန်ယူသွားကြတယ်"

မဦးသည် သူ၏ ရင်ဘတ်ကို လက်နှင့် တအားပိတ်ရိုက်လိုက်ကာ
လုံးမျက်ဆန်ကြီး ပြူးကျယ်လျက် 'ဘုရားရေ'ဟု ကြုံးအော်လေသည်။

လက်မတင်လေး၊ သီသီကလေး ဘူတာရုံတွင် ကပ်လွဲသွားလေခြင်း...။

မနေ့ညနေက ပျဉ်းမနားသို့ ရောက်ရှိ ရောက်စဉ်အတိုင်း ရထား
ခဲ့လျှင် အလွဲကြီးလွဲမည် မဟုတ်၊ အထည်အုပ်တွေ အုပ်မိနိုင်သည်။
တော...

မဦးမှာ ရင်နာလှသည်။ ဘယ်သူ့ကို ခေါင်းတည်ပြီး နာလိုက်မှန်း
ကွဲကွဲပြားပြား မရှိ။

မွေးသမိခင်။ တံတားဖျက်သူ။ ကံထရိုက်တာ။ ဒေါ်ခ... ။

နတ်ဝင်သလို တုန်နေသော မဦး၏ ပုံပန်းကို ကြည့်ကာ မဦးရှေ့၌
ကြသော သားအမိနှစ်ယောက်မှာ ကြက်သေကြီး သေနေကြသည်။
သဖြင့် မဦး၏ မျက်လုံးမှာ ရဲရဲတောက်လာလေ၏။

"အမေတို့ လုပ်လိုက်မှဖြင့် ဒီလိုချည်းပဲ၊ နက်ဖြန် ရထားဆင်းပြီး ဒီ
ယ်လိပ်တွေကို လူကြုံနဲ့ မမြင့်ကြည်ဆိုင် ပို့ပေးရမှာ။ ဟိုမှာ တစ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးကျပ် တစ်ဆယ်ဈေး ပေါက်နေတယ် သိရဲ့လား အမေရဲ့ သိရဲ့လား။ နှစ်ရာမြတ်မှာ။ လူ လာအောင်မှ မစောင့်ဘူး။ ဒီလိုချည်းပဲ"

မဦး၏ ရင်ထဲ၌ ဆတ်ဆတ် ဆတ်ဆတ်ဖြစ်နေလေသည်။ နား သို့ တက်ဆောင့်နေသော သွေးမှာ တဒိန်းဒိန်းမြည်နေသည်။ ခေါင်းကြီး ပုတ်လောက် ကြီးလာ၏။ ကိုယ်လက်တို့သည် ယိမ်းခါနေလေသည်။

ညှိုးငယ်စွာဖြင့် အမေက ပြောသည်။

"မသိမှ မသိဘဲဟာ ကုသိုလ်ပေါ့ဟယ်"

မျက်လုံးထဲတွင် မီးဝင်းဝင်းတောက်သွားလျက် မဦးသည် မဟာ တော့ဘဲ ကြမ်းပေါ်သို့ ဝမ်းလျားထိုး လဲကျသွားလေသည်။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၉)၊ အမှတ်(၁၀၇)။ ဧပြီလ၊

# ဘဝအဖော်

[၁]

ကျွန်မ မျက်စိထဲ၌ ဆန်းနေလေသည်။

အသက်အားဖြင့် ၁၈ နှစ်ခန့်ရှိ လူပျိုပေါက် အရွယ်ကလေး ဖြစ်သည်။ နေရောင်ခြည်ထဲတွင် အင်္ကျီမပါဘဲ ဦးထုပ်ကလေး ဆောင်းကာ အိုးခွက်များ ကိုက်ချွတ်ဆေးနေလေသည်။ အိုးတိုက်ခွက်တိုက်အလုပ်ကို မိန်းကလေးတစ် ယောက်နှင့် မခြား ကျင်လည်စွာ တိုက်ချွတ်ဆေးကြောနေလေသည်။ အလုပ် ၌ စိတ်ဝင်စားနေပုံလည်း ပေါ်၏။ အိုးတိုက် ဖွဲပြာများကို ကျုံး၍ ရောမ န်အိုးကြီးတစ်လုံးကို နှံ့နှံ့စပ်စပ် ပွတ်တိုက်ပြီးသွားမှ အခြားအိုးအလတ်၊ အိုး ငယ် အရွယ် အစားစားကို တစ်အိုးပြီးတစ်အိုး ဆွဲ၍ ဖွဲပြာနှင့် ပွတ်တိုက် ပြန်လေသည်။

ကျွန်မမှာ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာ သူလုပ်ပုံကိုင်ပုံကို ကြ၍ ကြည့်နေ၏။ သူ လုပ်ကိုင်နေပုံမှာ အလွန် သေချာလှသည့်အတွက် စိတ်ဝင်စားရသည်။ နေရောင်ခြည်သည် သူ့ကျောကုန်းပေါ်သို့ ထိုးကျနေသည်။ သူ့ကိုယ်တွင် ရေချိုးထားသကဲ့သို့ ချွေးများ စို့ရွှဲလျက် ရှိ၏။ ကစားခုန်စား ၍ လိုက်စားသော လူငယ်လူရွယ်တစ်ယောက်ဟု ခန့်မှန်းရသည်။ ကိုယ် ကိုယ်ပေါက် တောင့်တင်းထွားကျိုင်းလျက် လှပသော ကိုယ်နေ အချိုးအစား ဖြစ်၏။

အိုးတွေ ခွက်တွေ တိုက်ချွတ်ဆေးကြောနေသော နေရာသည် အိမ်ရှေ့ ကနာစာတွင် ဖြစ်သည်။ လူသွားလမ်းနှင့် နီးကပ်နေသည်။ လမ်းပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



ရွယ်တူတန်းတူဖြစ်သော အပျိုလေးသုံးယောက်သည် ဈေးခြင်းတောင်း ကိုယ်စီ ဆွဲလျက် လျှောက်သွားကြသည်။

ခရမ်းရောင် နိုင်လွန်လက်ပြတ် ဝတ်ထားသော အပျိုမလေးက သူ့ကို လှည့်ကြည့်သွားလေသည်။ ထိုအချိန်၌ သူသည် ဒန်အိုးအဖုံးများကို တစ်ချပ်ပြီးတစ်ချပ် ဖွဲပြာမှုန့်နှင့် ပွတ်နေရင်းမှ လှမ်းကြည့်လိုက်သည်။ အပျိုမကလေးက ပြုံးစိစိကြည့်သွားသည်။ သူ့မျက်နှာတွင် ဘာမျှ ထူးခြား၍ မသွား။ ကျွန်တော် အိုးတိုက်၍ နေပါသည်ဟူသော ရိုးသားသော အသွင်မှတစ်ပါး ရှက်ပုံလည်း မရှိ။ ကျွန်မသာလျှင် ပကတိ မထူးခြားသော သူ့အမူအရာကို ကြည့်ကာ ရင်ထဲ၌ လှုပ်ရှားနေလေသည်။

ကျွန်မ သားသည် သူ့အရွယ်လောက်ပင် ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်လည်း ဆင်သည်။ သူ့နေရာတွင် ကျွန်မသားကို အစားထိုးကာ အိုးတိုက်ခွက်တိုက်နေပုံကို မြင်ယောင်ကြည့်နေမိသည်။

အစားထိုးကြည့်မှ ရုတ်တရက် ပြဿနာတစ်ခု ပေါ်လာသည်။ သူသာ ကျွန်မသားဖြစ်ခဲ့လျှင် အိုးတိုက်ခွက်တိုက် အလုပ်ကို ခိုင်းနိုင်ပါ့မလား။ ဤမေးခွန်းမှာ ချက်ချင်းပဲ အဖြေထွက်သည်။ ကျွန်မသားဆိုလျှင် ဘယ်နည်းနှင့်မျှ ဤအလုပ်ကို ခိုင်းစေလိမ့်မည် မဟုတ်။ လူပျိုပေါက်ကလေး ဖြစ်လျက် သူ့အမေက ဘယ့်နှယ်ကြောင့်များ အိုးတွေ ခွက်တွေ တိုက်ခိုင်းရသလဲ၊ သူတို့မိသားစုထဲတွင် သူသည် သားအကြီးဆုံး ဖြစ်သည်။ သမီး မိန်းကလေး မရှိ၍ သူ့အမေက သူ့ကို တစ်အိမ်ထောင်လုံး လုပ်ငန်းတာဝန်များ လုပ်ကိုင်ရန် လွှဲအပ်ထားသည့်အတိုင်း အပိုးကျိုးနေပါပေ၏။

သူသည် နံနက် ၃ နာရီ၌ ထရသည်။ မျက်နှာသစ်ရန်ပင် အချိန်မရဘဲ မီးဖိုထဲသို့ တန်းပြေးကာ ကပျာကယာ မီးမွှေးလေသည်။ မုန့်ဟင်းခါးဟင်းရည်အိုးကြီး တည်ရန် စိုင်းပြင်းရသည်။ ခွင်ပေါ်သို့ ဟင်းအိုးကြီးရောက်သွားပြီးသည်နှင့် ထမင်းလက်သုပ်အတွက် ထမင်းအိုးကြီး တစ်အိုးကို ဆန်ဆေး၍ တည်လိုက်ပြန်သည်။ ညဦးယံက ကြော်လှော်ထားသော ငရုတ်ဆီဆီချက်၊ ညက်ညက်ပါအောင် ထောင်းထားသော ပဲမှုန့်၊ ပုဇွန်ခြောက် စသည်တို့ကို ကြွေရည်သုတ် သံခွက်များထဲတွင် မောက်အောင် ထည့်ပြင်သည်။ ထမင်းအိုးကျသည်နှင့် အာလူး၊ ကြာဆန်၊ ပဲလိပ်၊ ဘဲဥ အစရှိသည်တို့ကို ဖိုပေါ်တင်ပြုတ်လိုက်ပြန်သည်။

သူ့ညီလေး မောင်အေးသည် အိပ်ရာမှ ထလာသည်။ မောင်အေးမှာ အသက်အားဖြင့် ၁၂ နှစ်ခန့်ပင် ရှိသည်။ ဝေလီဝေလင်းတွင် အစ်ကိုက ညီကို





...မော့ ပြောဆိုနေလေ၏။

"ညီလေး၊ ပန်းကန်တွေ တောင်းထဲ ထည့်တော့။ အိမ်ရှေ့မှာ တွန်း...ည်းပြင်ထားပြီ"

မီးဖိုထဲတွင် သမံတလင်းပေါ်၌ တဒေါက်ဒေါက် ပြေးနေသော သူ့...ပ်သံဖြင့် သူ့အမေ ဒေါ်ဥသည် နိုးသွားလေသည်။

"မောင်စိုးမြင့်ရေ သင်္ဘောသီး ခြစ်ပြီးပြီလား"

ဒေါ်ဥသည် ပြောပြောဆိုဆို အိပ်ရာမှ ထလာသည်။

'အားလုံး အဆင်သင့်ပါ အမေ'ဟုချိုအေးသံသာဖြင့် သူက ပြန်ပြော...ည်။

သူ့အမေနေရာတွင် အခြားမိခင်တစ်ဦးဆိုလျှင် သမီးမိန်းကလေးတစ်...ာက်လို အားကိုးရသည့် သားအတွက် ကျေနပ် ကြည်နူးသွားကြမည်သာ...၊ သူ့အမေနေရာတွင် ကျွန်မ နေကြည့်လိုက်သည်။ ကျွန်မမှာ သူ့အမေ...ရာတွင် နေကြည့်ဖို့ မဆိုထားဘိ။ သူ့အမေ နံဘေးက ယှဉ်ကြည့်ရမည်...လျှင်ပင် သူလုပ်ကိုင်နေပုံတွေကို ကြည့်ရင်း ကြည့်ရင်း ရင်ထဲ၌ အောင့်လာ...ာ ရှိသည်။

နံနက်မိုးသောက်စ လက်တွန်းလှည်းကြီးပေါ်တွင် အိုးခွက်ပစ္စည်းပစ္စယ... အကုန်တင်ကာ သားအမိသုံးယောက် အိမ်က ထွက်သွားကြသည်။ ပြည်...ကင်းဘုရားအနီးရှိ ကွက်လပ်၌ ထမင်းလက်သုပ်ဆိုင် ဖွင့်ခင်းကြသည်။ ...လပတ်အဖြူ ရွက်ထည်ရုံကြီးမိုးလျက် စားပွဲခုံများ၊ ခွေးခြေများ နေရာချကာ...ကျင်းပြင်ဆင်ကြသည်။ ခုံတန်းရှည်ကြီးပေါ်၌ လက်သုပ်ရောင်းရန်အတွက်...သည်မျိုးစုံတို့ကို ပတ္တလားစီချ ခင်းသည်။ ဆိုင်ရှေ့မှ ရပ်ကြည့်လိုက်လျှင် ...ခုံရှည်ပေါ်၌ ထမင်း၊ အားလူး၊ ကြာဆံ၊ သင်္ဘောသီး၊ ပဲလိပ်၊ ကျောက်ပွင့်၊ ...း စသော ပစ္စည်းအမည်များမှာ သီးခြားတစ်ခွက်စီ ထည့်ထားသည်။ ယင်...အောင် လက်နှိုက်သာရုံ ဖွင့်လျက် အဝတ်ဖြူစနှင့် ဖုံးအုပ်ထားသည်။ ...က်၊ ပဲမှုန့်၊ ပုဇွန်ခြောက်၊ ငရုတ်သီး၊ ငံပြာရည်၊ မန်ကျည်းရည် စသော...ည်များကို သံဇလုံ အဖြူခွက်ကလေးတွေနှင့် တန်းစီ၍ ချထားလေသည်။

သားအမိနှစ်ယောက် ဆိုင်ကို ခင်းကျင်း ပြင်ဆင်နေသည်။ သားအငယ်...င်အေးသည် မီးမွှေးနေသည်။ မောင်အေးသည် မီးမွှေးပြီး သူ့အလုပ်ကို...ခုပြီးတစ်ခု လုပ်ရန်အတွက် ဟန်ပြင်နေပြီ။ သူသည် ပန်းကန်ဆေးရမည်။ ...ပွဲချရမည်။ ပိုက်ဆံ သိမ်းရမည်။

'ဟော့ မောင်အေး၊ ရေနွေးကြမ်းဟော့' ဟု ဆိုလျှင် အဆင်သင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ရေနွေးအိုးကြီး တည်နေသည်။

နံနက်စောစော ၇ နာရီခန့်က ဒေါ်ဥ လက်သုပ်ဆိုင်သို့ ကျွန်မနှင့် မမပြုံးတို့ ရောက်သွားကြသည်။

သန့်သန့်ရှင်းရှင်း ခင်းကျင်းပြင်ဆင်ထားပုံကို တန်းတွေ့ရသည်။ စားပွဲ၊ ကုလားထိုင်တိုင်းတွင် လူတွေ ပြည့်ကျပ်နေလေ၏။ ရွက်ထည်ရုံကြီး မိုးလျက် စားပွဲကုလားထိုင်နှင့် ကျကျနန ထည်ထည်ဝါဝါ ရောင်းသော ထမင်း လက်သုပ်ဆိုင်ကို သည်တစ်ခါသာ တွေ့ဖူးသေး၏။ ထမင်းကို ဂရုတ်ဆီရော မဆိုးဘဲ အဖြူထည်ပြင်ကာ ဂရုတ်ဆီ ဆမ်းပေးလေသည်။ ဒေါ်ဥမှာ နှစ်ပေါင်း များစွာ ရောင်းခဲ့သဖြင့် လက်သားကျနေ၏။ ဘာထပ်ထည့်ပါဦးဟု မပြော အောင် တစ်ခါပြင်နှင့် လက်မှန်းကောင်းကာ အစပ်တည့်၏။ ပြည်မြို့တစ်မြို့ လုံး ဒေါ်ဥကို စွဲကြသည်။ နေထိုင်မကောင်း၍ ဒေါ်ဥဆိုင်မထွက်သော မနက် မိုးလင်း သူ့လက်သုပ်မစားရလျှင် မနေနိုင် မထိုင်နိုင် ဖြစ်သူတိုင်း ကသိကအောက် ဖြစ်ကြရသည်။ တစ်နေ့နံနက် ပျက်ကွက်သည့်အတွက် 'ခင်ဗျားကြီး သေများ နေသလား'ဟု မချင့်မရဲ ရန်တွေ့တတ်ကြသည်။

မောင်အေးသည် ခေါင်းတုံးဆံတောက်ကလေးနှင့် စွပ်ကျယ်လက်ပြတ် ဘောင်းဘီတို နက်ပြာကလေး ဝတ်ထားသည်။ တစ်ပန်းကန်ပြီး တစ်ပန်းကန် ပြေးချပေးရသည်။ ဟိုထောင့် သည်ထောင့်တို့မှ 'မောင်အေးရေ'ဟု အော်လိုက် လျှင် ပန်းကန်ဆေးနေရာမှ လက်ဖက်ရည်ကြမ်း ကရားအိုးထဲ ရေနွေးဖြည့် ပေးရသည်။ မုန့်ပွဲတစ်ပွဲကို အကြော်ပါလျှင် ဘယ်လောက်၊ အကြော်မပါလျှင် ဘယ်လောက် ဝိုင်းတစ်ဝိုင်းတွင် ပန်းကန်ချလိုက်တိုင်း စိတ်ထဲက တွက်ချက် ပြီးသား ဖြစ်အောင် လည်ပေသည်။

ဒေါ်ဥမှာ တစ်ချိန်လုံး မတ်တတ်ရပ်လျက် လက်မအားအောင် ပြင်ပေး သည်။ မုန့်ပြင်နေရင်း ဆိုင်ထဲ ဝင်လာသူတိုင်းနှင့် စကားပြောလိုက်သေး သည်။ ကျွန်မ ရှေ့၌ လာချလိုက်သော လက်သုပ်ပန်းကန်မှာ အဆင်သင့် ဖြစ် ခပ်စားနိုင်ရန် တစ်ခါတည်း နယ်ပေးလိုက်သည်။ ဟိုဟာ သည်ဟာ ထပ် တောင်းစရာ မလိုလောက်အောင်ပင် အစပ်တည့်နေသည်။ တစ်ဇွန်း နှစ်ဇွန်းနှင့် ပင် ပါးစပ်ထဲ၌ စွဲသွားသဖြင့် ဒါကြောင့်လည်း မနက်တိုင်း မစားရ မနေနိုင် ဖြစ်ကြမှာပဲဟု တွေးမိသည်။

လက်သုပ်မုန့်ဟင်းခါး ရောင်း၍ရသော ဒေါ်ဥ၏ ဝင်ငွေမှာ တစ်နေ့ ၅၀၀၊ ၆၀၀ ရသည်။ နံနက် ၆ နာရီမှ ၁၀ နာရီအထိသာ ဆိုင်ဖွင့်သည်။ တစ်နေ့လုံးများ ဆိုင်ထွက်နိုင်ခဲ့လျှင် ဝင်ငွေ ၁၀၀၀ ခန့် ရှိမည်ဟု အဆိုရှိသည်။





ပြည်မြို့သို့ ကျွန်မ နှစ်ခေါက်သုံးခေါက် ရောက်သွားသော်လည်း ဒေါ်ဥတို့ မိသားစုနှင့် အသိမိတ်ဆွေ မဖြစ်ခဲ့ချေ။ ယခုတစ်ခေါက်မှ မမပြုံးက ညဘက် ခေါ်သွား၍ ရောက်ဖူးရသည်။ သမံတလင်းခင်း၊ ပျဉ်ထောင်သွပ်မိုး၊ အိမ်သစ်ဖြင့် မိသားတစ်စု ထောင့်စွန်းခန်းကို ငှားနေကြသည်။ ဝင်ဝင်ချင်း အိမ်ရှေ့ဘုရားခန်းတွင် စားပွဲခုံနှစ်ခုံ နံရံနှင့် ကပ်ထားသည်။ စားပွဲပေါ်၌ စာအုပ် များ သပ်သပ်ရပ်ရပ်စီ၍ ထားသည်။ ထိုအခန်းနှင့် ကန့်လန့်ကာခြားလျက် ပေါလစ်ရောင်ပြောင်နေသော နှစ်ယောက်အိပ် ခုတင်ကြီး ခင်းထားသည်။ ခုတင်ပေါ်၌ မွေ့ရာခင်း၊ ခေါင်းအုံးစွပ်များမှာ ဗိုဟီချအတိုင်း ခေါက်ရိုးကျကျ နှင့် ဖြူဖွေးနေသည်။ ခုတင်နှင့် တစ်ဆက်တည်း ခြေရင်းဘက်တွင် ကွပ်ပျစ် တစ်ချပ် ခင်းထားသည်။ လူသွားလမ်းဘေးတွင် အဝတ်အစားသေတ္တာများ အောက်က ခုခု၍ အစီအရီ တင်ထားသည်။ သေတ္တာများပေါ်၌ ကြိုးတန်းတွေ့ သည်။ မျက်နှာသုပ်ပဝါ၊ ပုဆိုး၊ အင်္ကျီများကို ခေါက်တင်ထားပုံမှာ စနစ်ရှိ သော အိမ်ရှင်မကောင်းတစ်ယောက်၏ လက်ရာအတိုင်း ဖြစ်သည်။

ဤအခန်းကို ကျော်လျှင် မီးဖိုကို တွေ့ရသည်။ ဆေးရောင်စိမ်းသုတ် ထားသော သံဇကာ ကြောင်အိမ်ကြီးတစ်လုံးသည် နံရံ၌ ကပ်နေသည်။ ကြောင် အိမ်ပေါ်၌ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်၊ ဟောလစ် စသော ဘူးခွက်တို့ကို ကြည့်ခြင်းအားဖြင့် အလျှံပယ် စားနိုင်သောက်နိုင်ပုံပေါ်သည်။ မီးဖိုထဲ၌ ဆန် ကို အိတ်လိုက် ထောင်ထားသည်။ ဆီကို ပုံးလိုက် တွေ့ရသည်။ ဂရုတ်၊ ကြက်သွန်၊ အာလူး စသော စားသုံးကုန်များမှာ လက်လီဝယ်သုံး၍ မဖြစ်။ နေ့စဉ် လက်သုပ်ဆိုင်အတွက် အိမ့်အတွက် သုံးနေရသောကြောင့် အိတ်လိုက်၊ ပုံးလိုက်၊ ပိဿာလိုက် အတောင့်ဝယ်ထားရသော ပစ္စည်းတွေ ဖြစ်၏။

ဗီရိုထဲတွင် တိုက်ချောပန်းကန်များကို အထပ်လိုက် စီတင်ထားသည်။ မီးဖိုထဲ၌ ဘယ်ပစ္စည်း ကြည့်ကြည့်၊ ပြောင်ပြောင်ရောင်ရောင် ရှိသည်။ အိမ် ကြီး အိမ်ကောင်းများ၌ သုံးသော နိုင်ငံခြားလုပ် ခွက်ယောက်အသုံးအဆောင် များနှင့် မကင်းသည်ကို တွေ့ရှိရ၏။ သောက်ရေအိုးဖုံးပေါ်တွင် တင်ထားသော ကြေးဖလားမှာ အရောင်တပြောင်ပြောင် လက်နေလေသည်။

အိမ်ရှေ့မှ အိမ်နောက်ဖေးအထိ တစ်ခန်းလုံးတွင် ထူးခြားချက်တစ်ခု တွေ့ရသည်။ ၎င်းမှာ အိမ်ရှေ့ရှိ စာရေးစားပွဲခုံကလေး ကပ်ထားသော နံရံ တစ်ခုလုံး၌ မှန်ပေါင်သွင်း၍ ချိတ်ထားသော ကားချပ်များ ဖြစ်သည်။ ဒေါ်ဥ သားသုံးယောက် ရှိသည်။ သားသုံးယောက်စလုံး ကျောင်းတွင် အတန်း ခေါင်း၌ စာတော်ကာ ပထမ စွဲကြသည်။ စာမေးပွဲတိုင်း ပထမချည်းစွဲ၍ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ထူးဆောင်နှင့် အောင်ကြသော အောင်လက်မှတ်များကို နံရံ၌ တန်းစီ၍ ဆွဲချိတ်ထားလေသည်။ သားအကြီး မောင်စိုးမြင့်သည် ၁၀ တန်း ဖြေထားသည်။ သားအလတ် မောင်အေးသည် ၇ တန်းဖြေထားသည်။ အငယ်ဆုံး မောင်တင်ဝင်းမှာ ၄-၅ တန်း ရောက်နေလေပြီ။ သားတွေအတွက် စာမေးပွဲ မအောင်မှာကို လုံးဝ မပူရဘဲ ပထမ မစွဲကြမှာကိုသာ ပူရသည်။

"ဟောဒါက မောင်စိုးမြင့် ပထမစွဲခဲ့တဲ့ ဂုဏ်ထူးဆောင် အောင်လက်မှတ်ပဲ။ ဟောဒါက မောင်အေး ၄ တန်း၊ ၅ တန်း၊ ၆ တန်း၊ ၇ တန်းအထိ စာမေးပွဲတိုင်းမှာ ပထမချည်း စွဲလာတဲ့ အောင်လက်မှတ်တွေ"

ဒေါ်ဥသည် မှန်ပေါင်သွင်း ချိတ်ထားသော စာမေးပွဲအောင်လက်မှတ်များကို တစ်ခုပြီးတစ်ခု ကြည့်လျက် အေးတိအေးစက်ဟန်ဖြင့် မပွင့်တပွင့်ပြောပြနေသည်။

အစိုးရတန်းမြင့်ကျောင်းတွင် စာသင်နေကြသော ကျောင်းသားတွေဖြစ်လျက် မနက်တိုင်း လက်သုပ်ဆိုင် ထွက်ရောင်းကြကာ အတန်းတိုင်း ပထမစွဲအောင် စာကြိုးစားကြသော ကလေးတွေကို ချီးကျူးစရာကောင်းသည်။ နံနက် ၉ နာရီ ကျောင်းမတက်ခင် ဆိုင်အတွက် ဝေယျာဝစ္စ အကုန်လုံး တစ်ယောက်တစ်လက် သိမ်းကျုံး၍ လုပ်ကြရ၏။ ကျောင်းချိန်နီးမှ ကျောင်းပြေးတက်ကြ၏။ ညနေ ကျောင်းက ဆင်းလာပြန်လျှင် ရေတ်သီးထောင်းဆီကျက်ချက်နှင့် ဗာဟီရအလုပ် များလုသည်။ ညဦးနက် မိုးချုပ်မှ စာကျက်နိုင်ကြ၏။

သူတို့သည် အစိုးရတန်းမြင့်ကျောင်း၌လည်း နေကြသည်။ နေပုံထိုင်ပုံ ဝတ်ပုံစားပုံမှာလည်း အဆင့်အတန်း ရှိသည်။ ယခုကဲ့သို့သော အခြေအနေနှင့် လူပျိုကာလသားလေးတစ်ယောက် အိုးတိုက်ခွက်တိုက် အလုပ်တို့ဖြင့် အပိုးကျိုးနေခြင်းကို စိတ်ဝင်စားရင်း သူတို့ဘဝကို သူတို့ နားလည်ကြ၍သာဟု တွေးမိတော့သည်။

ကျွန်မက 'ဟေ့ မောင်စိုးမြင့်'ဟု လှမ်းခေါ်လိုက်သည်။ မောင်စိုးမြင့်သည် အိုးတွေ ခွက်တွေကို ရေလောင်း ဆေးကြောနေရာမှ 'ခင်ဗျာ'ဟု ထူးလိုက်ပြီး ပြုံးနေ၏။

"မင်းတို့အမေ ဘယ်အချိန် ပြန်မှာလဲကွ"

ကျွန်မနှင့် မမပြုံးကို ယနေ့နံနက် ဒေါ်ဥက ထမင်းစားဖိတ်ထားသည်။ ကျွန်မမှာ နေ့လယ် ၁၂ နာရီ ရထားနှင့် ရန်ကုန်ပြန်ရမည်ဖြစ်၍ ရထားနောက်ကျမှာ စိုးရိမ်နေသည်။ ဒေါ်ဥ ဆိုင်သိမ်း၍ ပြန်လာမှ ချက်ပြုတ်နေလျှင် မှီမှီပါ့မလားဟု စိတ်ပူသွားသည်။





"၁၀ နာရီလောက် ပြန်လာလိမ့်မယ် အန်တီ"

'မင်းမေမေ ပြန်လာမှ ထမင်းချက်မှာလား'ဟု ကျွန်မက မေးကြည့်လိုက်သည်။

"ဘယ်ဟုတ်မလဲ အန်တီ။ မနက်က ကျွန်တော်တို့အဖေ အစောကြီး ဈေးထွက်ဝယ်ပေးတယ်။ အားလုံး ကျွန်တော် ချက်ပြီးပါပြီ"

သူတို့တွင် အဖေရှိမှန်း မမပြုံး ပြော၍ သိသည်။ သူတို့အဖေနှင့် တွေ့ရသေးချေ။ ကောင်းကောင်း မကျန်းမာသဖြင့် အလုပ်မလုပ်နိုင်ရှာဘဲ တစ်အိမ်လုံးကို ထိန်းသိမ်းစောင့်ရှောက်ကာ မားမားမတ်မတ် ရပ်နိုင်ရုံ၊ ပါ့စပ်နှင့် စီမံရုံသာ အခြေအနေ ရှိသည်ဟု ဆိုသည်။ မောင်စိုးမြင့် ပြောမှ သူတို့အဖေ အခန်းကဏ္ဍသည် ခေါင်းထဲ ဝင်လာ၏။ အကယ်၍သာ သူတို့သည် အဖေမရှိဘဲ မုဆိုးမ သားသမီးဖြစ်ကြလျှင် အခုလောက် သေဝပ်အပိုးကျိုးကြမလားဟု တွေးစရာ ဖြစ်လာလေသည်။ သားယောကျ်ားလေးတွေလည်း ဖြစ်ပြန်၊ အစိုးရ တန်းမြင့်ကျောင်း၌လည်း နေပြန် ဘယ်လိုပင် အမေကို ကူမော်လောင်ဖက်ရသည် ထား ဦးတော့။ ယခုလို အိုးတိုက်၊ အိမ်သိမ်း၊ ထမင်းချက်၊ အဝတ်လျှော် စသော အိမ်ထောင့်တာဝန်တွေကို နေ့စဉ်နှင့်အမျှ အပိုးသေသေနှင့် သိမ်းကျုံးလုပ်ကိုင်ပေးလိမ့်မည်မထင်။ အဖေဟူသော ရှိသေကြောက်ရွံ့မည့်သူတစ်ဦး မားမားမတ်မတ် ရှိနေခြင်းကြောင့်ပင် သူတို့ကို အပိုးကျိုးအောင် ဖန်တီးပေးသကဲ့သို့ ဖြစ်နေသည်။ သူလုပ်ကိုင်နေပုံကို အကဲခတ်ရင်းသည့်စနစ်ကို အမေက ပေးသလား၊ အဖေက ပေးသလား တွေးစရာရှိနေသည်။ သူ့အဖေနှင့် မမြင်ဘူးခင် ပုံဖမ်း၍ ကြည့်မိသည်။ မနက် အိမ်ရှင်မ ဆိုင်ထွက်နေစဉ် အိမ်အတွက် ဟင်းလျာချက်ရန် ဈေးထွက်ဝယ်သည် ဆိုသည်နှင့်ပင် ဘယ်လိုပုဂ္ဂိုလ်မှန်း အကဲခတ်နိုင်သည်။ သူ့အဖေသည် အလုပ်အကိုင် မလုပ်နိုင်သည့် အချိန်ကာလအတွင်း၌ အိမ်ကို တစ်ဖက်ကြည့်ကာ သားတွေကို ဆုံးမလျက် 'မင်းအမေ ဆိုင်ထွက်ဈေးရောင်းနေရတာ မင်းတို့ ပညာတတ်ဖို့အတွက်'ဟု သိစေ နားလည်စေအောင် ခေါင်းတဲသို့ ရိုက်သွင်းပေးနေသော အဖေတစ်ဦး ဖြစ်ရမည်ဟု တွေးထင်ကြည့်မိသည်။

မောင်စိုးမြင့်သည် နံနက် ဝေလီဝေလင်း၌ ဆိုင်ခင်းပေးပြီး ပြန်လာကာ ထမင်းချက်ရလေသည်။ အဖေ ဈေးကဝယ်လာသော ဟင်းလျာများကို အဖေနှင့် ဘာနှင့် ချက်ရန် ခိုင်းစေသည့်အတိုင်း ချက်ပြီး သွားချေပြီ။ ထမင်းချက်ပြီးသွား၍ အိုးတွေ ခွက်တွေကို အိမ်ရှေ့ထွက် တိုက်ချွတ်ဆေးနေခြင်းဖြစ်သည်။ သည့်နောက် အဝတ်လျှော်၊ အိမ်သိမ်း စသော သူ့အလုပ်တွေ တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိပေဦးမည်။

သူ့အဖေအကြောင်း စဉ်းစားနေခိုက် သူ့အဖေ အပြင်က ပြန်လာသည်။ အသားညိုညို၊ ပိန်ပိန်ပါးပါး အသက် ၅၀ ခန့် ရှိမည်။ အညောင်းမိထား သော မကျန်းမာသည့် ရုပ်မျိုးလည်း ပေါ်သည်။ အထူးသဖြင့် မျက်လုံးများ သည် ထက်မြက်လျက် ဩဇာတိက္ကမနှင့် ပြည့်စုံသော မျက်လုံးများ ဖြစ်သည်။ ကျွန်မကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက်လျက် သားဘက်သို့ လှမ်းကြည့်လိုက်သည်။

"ပြီးပြီလားဟေ့...မောင်စိုးမြင့်၊ ပြီးရင် ထမင်းပွဲ ပြင်ရအောင်"

သူသည် ပြောပြောဆိုဆိုနှင့်ပင် မီးဖိုထဲသို့ တန်းဝင်သွားလေသည်။

ထိုအချိန်၌ သားအမိနှစ်ယောက်သည် လက်တွန်းလှည်းကြီး တွန်းကာ ဈေးမှ ဆိုင်သိမ်းပြန်လာကြသည်။ အိမ်ရှေ့၌ လှည်းဆိုက်သည့်အခါ မောင်စိုး မြင့်သည် ပြေးထွက်သွားသည်။ လှည်းပေါ်မှ ပစ္စည်းများကို သယ်ချကြသည်။ မောင်အေးသည် သူနိုင်သလောက် ထမ်းရွက်လျက် တစ်ခေါက်ပြီး တစ်ခေါက် မီးဖိုထဲသို့ ပို့ပေးနေလေသည်။

ဒေါ်ဥသည် မောမောပန်းပန်းဖြင့် ကျွန်မနားတွင် ထိုင်ချလိုက်သည်။ ပန်းနွမ်းသည့်ကဲ့သို့ အသက်ရှူသံတွင် ရွှဲသံပါနေသည်။ သူ့ခင်ပွန်းလို သွက်လက် ဖျတ်လတ်သော အမူအရာမရှိဘဲ ခပ်အေးအေးနှင့် ရိုးသားသော အသွင်ဆောင် နေသည်။ ကျွန်မက ပြုံး၍ ပြောလိုက်သည်။

"ကျွန်မ ရောက် က ပြန်လာပြီ. မောမောနဲ့ ဒီပက်လက်ကုလားထိုင်မှာ ထိုင်နေတယ်။ မောင်စိုး မြင့် အိမ်စာ လုပ်နေတာကို ကြည့်ပြီး စိတ်ထဲမှာ တစ်မျိုး ကြီးပဲ"

ဒေါ်ဥသည် မျက်လုံးကိုပင့်ကာ ဖြည်းဖြည်း မှ လှမ်း ကြည့်လိုက်သည်။

"သူ့အဖေကလည်း မမာ၊ ကျွန်မကလည်း မာတာ မဟုတ်ဘူး။ လက် သုပ်ရောင်းတဲ့ အလုပ်ဟာ သိပ်အညှော်မိတာ၊ ပင်လည်း ပင်ပန်းတယ်။ သူ့ ကိုသာ ဒီလို ခိုင်းမလာရင် မိဘနှစ်ယောက်စလုံး မမာနေပုံနဲ့တော့ အခ ပေါ့။ သူတို့ အကူအညီရလို့သာ ကျွန်မ ထွက်ရောင်းနိုင်တာပေါ့။ ကျွန်မ ပင်ပင်ပန်းပန်း လုပ်ရသမျှ သူတို့ ပညာသင်နိုင်ကြဖို့ အတွက်ပါပဲ"

ကျွန်မက 'လိမ္မာကြပါတယ်လေ'ဟု ပြောလိုက်သည်။ ဒေါ်ဥသည် ပြုံးလိုက်လေသည်။ သူ့အပြုံးသည် မပွင့်တပွင့် ပြုံးဟန်ဖြစ်သည်။ အပြုံးနော ၌ ပုန်းကွယ်နေသော အားရကျေနပ်ခြင်းသည် ထွက်ပြူနေသည်။

"သူတို့ကျောင်းက ဆရာ၊ ဆရာမတွေဆိုရင် သူတို့အကြောင်း သိ သူတို့ကို သိပ်ချစ်ကြတာပဲ။ ဖအေကလည်း မျက်နှာသာကို တစ်ချက်မှ မ





...း အပိုးကျိုးအောင် ဖိခိုင်းပြီး ပညာတတ်ကြအောင်ပဲ စောင့်ကြည့်ဆောင် ...ပြနေတော့တာပဲ။ ဈေးထဲမှာ တချို့ဆိုင်လာစားတဲ့ လူတွေ သူတို့ကျောင်းနေ ...း မသိကြဘူး။ 'ခင်ဗျားကြီး သားလေးတွေကို ခိုင်းလိုက်တာဗျာ။ ကျောင်း ...ားဘာလေး အရွယ်ရှိတုန်း ထားပါဦး' လို့ ပြောကြတယ်။ ကျွန်မက ဘာမှ ...ပြဘဲ အသာလေး နေလိုက်တယ်။ ကျောင်းချိန်နီးလာရင် ဆိုင်ကနေ ...ကျောင်းကို ပြေးတက်ကြတာပဲ"

ကျွန်မမှာ သူပြောသည်ကို နားထောင်ရင်း တစ်ဖက်၌ တွေးမိတွေးရာ ...နေမိသည်။ မျက်စိရှေ့ထဲတွင် ကျွန်မသားသမီး သုံးယောက်၏ မျက်နှာများ ...ည် ရစ်ဝဲနေလေသည်။ သူတို့အဖေ သေဆုံးပြီးသည့်နောက် အဆင့်အတန်း ...အောင်၊ လူ့အောက် သူ့အောက် မကျအောင် ဆိုတာတွေထက် ပိုလွန်ကဲ ...က် ဝတ်ချင်သလို ဝတ်၊ စားချင်သလို စားကြစေကာ အဘက်ဘက်က ...လေသေးမရှိအောင် အလိုလိုက်ခဲ့သည်။ အိမ်မှုကိစ္စ၌ အမေကိုယ်တိုင်က ...က်စည်းလှည်း ကြမ်းတိုက်ခဲ့သည်။ သားသမီးများကို တံမြက်စည်းတစ် ...င်းမှ မကိုင်ခိုင်းခဲ့ပုံတွေကို တရေးရေး တွေးမြင်နေမိလေသည်။

ဒေါ်ဥက ဆက်ပြောသည်။

"ဆွေမျိုးတွေ သဘောမကျတဲ့သူနဲ့ အိမ်ထောင်ကျလာခဲ့တော့ ကျွန်မ ...က ဆွေမျိုးတွေနဲ့ အတော်ဝေးနေတယ်။ ဒီကြားထဲ လက်သုပ်ကလည်း ...တော့ သူတို့တစ်တွေနဲ့သာ မတွေ့ချင်သေးတယ်"

ကျွန်မက အတွေးကိုရပ်ကာ 'လက်သုပ်ရောင်းတာ ဘာဖြစ်သလဲ။ ...စိတ်ထဲမှာ ဒီအလုပ်ဟာ သိမ်ငယ်တယ်လို့ နည်းနည်းမှ မထင်ဘူး။ ...သည် ကောင်းသားပဲ'ဟု နှစ်သိမ့်အားပေးလိုက်လေသည်။

တမင်စားပွဲပြင်ပြီး၍ ဒေါ်ဥခင်ပွန်းက ထမင်းစားရန် လာခေါ်သည်။ ...ဲ့ မြင့် ချက်ပြုတ်ထားသော ဟင်းခွက်များကို လှမ်းကြည့်လိုက်သည်။ ...ခွက်များ စုံလင်လျက် စားချင်သဖွယ်ပင် ဖြစ်သည်။ လက်သုပ်ပဝါ၊ ...ခွက်ကအစ သပ်သပ်ရပ်ရပ် ချထားသည်။ ထမင်းတစ်စားပွဲလုံး ဖြူဖြူ ...ဲ သန့်သန့်ရှင်းရှင်း ရှိလှသည်။ လက်သုပ်ရောင်း၍ ဝမ်းရေးအတွက် ...ခြေသိမ်း လုပ်ကိုင်နေကြစေကာမူ အနေအထိုင် အဆင့်အတန်း ...က်ကျနောက်ကျမဖြစ်အောင် ဆွဲထိန်းထားနိုင်သည်။ ကျွန်မ နံဘေး၌ ...တ်ပေးနေကြသော မောင်စိုးမြင့်နှင့် မောင်အေးတို့ကို ကြည့်ကာ ...သို့ ...ကလေးများနှင့်မခြား ချစ်ခင်ကြင်နာ၍ မဆုံးနိုင်အောင် ဖြစ်သည်။ ...ယဉ်ကျေးလျက် စည်းကမ်းကျနေသော အမူအရာကလေးတွေမှာ ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပေသည်။

ထမင်းစားပြီး ရထားသို့ ဆင်းခဲ့သည်။ ဘူတာရုံသို့ သားအဖနှစ်ယောက် လိုက်ပို့ကြသည်။ မောင်စိုးမြင့်က ရထားပေါ်တွင် ရှုသွားနိုင်ရန် ဒေါနပင် စည်းကို မောကြီးပန်းကြီး ပြေးဝယ်ပေးလိုက်သေးသည်။

[၂]

ပူပြင်းသော ရာသီဖြစ်သည်။ နေရောင်ကြဲကြဲထဲတွင် ရေတွင်း၌ ရေဆွဲနေသော ကလေးတစ်စုကို ရထားပေါ်မှ တွေ့မြင်ရသည်။ ဆင်းရဲသား ကျောမွဲကလေး တွေဖြစ်သည်။ တစ်နေ့လုပ်မှ တစ်နေ့စားရမည့် သွင်ဟန်လက္ခဏာလည်း ပေါ်၏။ ကျွန်မသည် ရထားပြင်ဘက်သို့ ငေးနေသည်။ ဖျတ်ခနဲ တွေ့လိုက် ရသော ဆင်းရဲသားကလေးများ၏ ဘဝ။ ပြည်မြို့၌ တွေ့ကြုံခဲ့ရသော မောင်စိုး မြင့်တို့၏ ဘဝနှင့် ကျွန်မ၏ သားသမီးသုံးယောက်၏ ဘဝပါမကျန် ဘဝ အထွေထွေကို နှိုင်းယှဉ်ခြားနား၍ တွေးတောစဉ်းစားလျက် နေလေတော့သည်။

သူများ သားသမီးများမြင်မှ ကိုယ့်သားသမီးအကြောင်းမှာ ပို၍ တွေး စရာ ဖြစ်လာသည်။ သူတို့ကို အေ၊ဘီ၊စီ သင်ကတည်းက ကျောင်းအိပ်ကျောင်း စား ပို့ခဲ့ရသည်။ အမေနှင့် ရင်အုပ်မကွာ ထိန်းသိမ်း သွန်သင်ခဲ့ရသည့်အခါ မျိုးဆို၍ ယခုအချိန်ထိအောင် မရှိဖူးသေးချေ။ သားနှစ်ယောက်က နိုင်ငံခြား ကျောင်းမှာ နေချင်ပါသည်ဆို၍ မတတ်နိုင် တတ်နိုင် ကြံဖန်ကြိုးပမ်း၍ ပို့ ရဖူးသည်။ လဆန်းတိုင်း ကျောင်းစရိတ်ငွေ ၇၀၀ ကျပ် ပို့နိုင်ရေးအတွက် ရဖန်ရ၊ ခေါင်းကိုက်ရပုံတွေကို ပြန်လည် တွေးကြည့်လိုက်မိသည်။ ကျွန်မ၏ မိုးလင်းက မိုးချုပ် မအားမလပ် နေရေးထိုင်ရေး ဝတ်ရေးစားရေးအတွက် ရှေးရှုလုံးပန်းရင်းဖြင့် အချိန်တွေ ကုန်ခဲ့ရသည်။ ကျွန်မသည့် မိခင်တစ်ယောက် နှင့် လုံးဝ မတူတော့ချေ။ ကျွန်မအပေါ်၌ သားသမီးများကလည်း မိခင်တစ် ယောက်ကဲ့သို့ အသိအမှတ် မထားကြတော့ပေ။ တစ်ချိန်ထက်တစ်ချိန် အရွယ် ရောက်လာကြရာတွင် ကျွန်မကို အဖေလိုလို၊ အမေလိုလို ကွဲကွဲပြားပြားမဟုတ် သည့် ဆက်ဆံနည်းမျိုးဖြင့် တစ်မျိုးတစ်မည်ကြီး ဆက်ဆံနေကြသည်။

ကျွန်မသည် ၁၃ နှစ်ပတ်လုံး ထမ်းရွက်လာခဲ့သည့် ဘဝခရီး၌ အခက် အခဲ အကျဉ်းအကျပ် အမျိုးမျိုး အဖုံဖုံ ရင်ဆိုင်ခဲ့ရသော်လည်း သူတို့ရှေ့ တစ်ချက်မျှ မျက်နှာပျက် မပြခဲ့ဖူးချေ။ ညည်းညည်းညူညူလည်း မလုပ် ဘူးချေ။ စီးပွားရေးဝင်ငွေ ဘယ်ရွေ့ဘယ်မျှ ဟူ၍လည်း ပြောမပြခဲ့ဖူးချေ။ သူတို့အား အနေအထိုင်၊ အပြောအဆို၊ အသွားအလာ စသည်တို့၌ လမ်းကြောင်း





ပြောဆိုပြုပြင် သွန်သင်ပေးနိုင်သော အခါအခွင့်လည်း မရခဲ့ချေ။

နံနက်လင်းလျှင် အလုပ်ထွက်သွားကာ နေဝင်မိုးချုပ်မှ ပြန်ရောက်ခဲ့ သည်။ အိမ်ပြန်ရောက်တော့လည်း အိမ်အလုပ်နှင့် တွေ့ရပြန်သည်။ အိမ်ကို အိမ်နှင့် တူအောင် ပြုပြင်မွမ်းမံရေးအတွက် အိမ်ဖော်များအား စနစ်တကျ နှင့် အနေ တဖွတ်ဖွတ် တဖွဖွ ပြောရဆိုရ လုပ်ကိုင်ပြရပြန်သည်။ နောက်တစ်နေ့ အတွက် စားရေးဝတ်ရေး အိမ်ကိစ္စအဝဝကို ယနေ့ညက ကြိုတင်၍ စီမံပြင်ဆင် သည်မှာ အလုပ်ကြီးတစ်လုပ် ဖြစ်နေပြန်သည်။ ကျွန်မမှာ အလုပ်က ပြန် လာကတည်းက မောလာလေပြီ။ အိမ်ရောက်ပြန်၍ အိမ်မှုကိစ္စအဝဝနှင့် ရင်ဆိုင် ရသည့်အခါတွင် စိတ်ကို ပန်းကျသွားသည်မှာ မပျော် မသယ်ချင်လောက် အောင် ဖြစ်သွားတတ်လေသည်။ မဂ္ဂဇင်း များ အတွက် ဝတ္ထုဆောင်းပါးရေးရန် အလုပ်ကလည်း ပါလာသေးရာ စိတ်မှာ အားလပ်ခွင့်ရသည်ဟူ၍ မရှိလှ ဘဲ ဘစ်ခါတစ်ရံမှ လုနှင့်မဟုဘဲ သံပတ်ပေးထားသော စက်နှင့်သာ တူနေတော့ သည်။

တစ်နေ့ကုန်၍ ပန်းကျသွားတော့သည့်အတိုင်း သားသမီးများကို မတော် ... လျော်တာ မြင်သည့် ကြာ သည့်တိုင်အောင် သူတို့ နားလည်ကြရန် ... ညည်ရှည်နှင့် ပြောဆိုသွန်သင် မနေနိုင်တော့ဘဲ ပြောချင်လျက်နှင့် စိတ်မော ... မပြောနိုင်ခဲ့သော အကြိမ်ပေါင်းကား မရေမတွက်နိုင် ... အောင် ကြုံတွေ့ သည်။

သူတို့မှာ လွတ်လပ်နေကြသည်။ သူတို့စိတ်နှင့် သူတို့ကိုယ် ဖြစ်နေကြ သည်။ ကျောင်းအိပ်ကျောင်းစားဘဝ အမေနှင့် ၁၀ နှစ်ခန့် ခွဲနေခဲ့ကြပြီး နောက် အမေနှင့် အတူတကွ နေကြရပြန်တော့လည်း မနက်တစ်ခါ ညတစ်ခါ တွေ့ရကာသာ မျက်နှာချင်းဆိုင်ရသော အမေကို နီးလျက်နှင့် ဝေးနေကြတော့သည်။

သူတို့အတွက် အစစ အရာရာ အကုန်လုံး အဆင်သင့် အရန်သင့်ရှိ အောင် စီစဉ်ပေးထားခြင်းဖြင့် အိမ်တာဝန်ဆို၍ ဘယ်နေရာ ဘယ်အကွက်ကမှ ... ပါဝင်စရာမရှိအောင် ဖြစ်နေသည်။ သူတို့ကို မျက်စိအောက်တွင် ထားကာ ... ကြည့်၊ စောင့်ခိုင်း၊ စောင့်ပြော စသော သွန်သင်နည်းပြရမည့် မိခင်ဝတ္တရား ... မပြည့်မဝ ဖြစ်နေရ၏။

ကျွန်မ၏ ဘဝကို ပြန်လည်သုံးသပ်၍ ကြည့်လိုက်ပြန်သည်။

ကျွန်မမှာ သားသမီးသုံးယောက်နှင့် အဖေလည်း မဟုတ်၊ အမေလည်း ... ၊ အိမ်ထောင်စုတစ်ခုတွင် ဟိုမရောက် သည်မရောက် ဖြစ်နေခြင်းအတွက် ... အကျယ် စိတ်ပျက်မိသည်။ မိခင်တစ်ဦး၌ ရှိရမည့် ဝတ္တရားတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ပျက်ကွက်နေသည်ကို ကျွန်မကိုယ်တိုင်လည်း ကျွန်မ သိမြင်သည်။ အမေနှင့် မတူ၍ အဖေတစ်ဦးအဖြစ်ဖြင့် အိမ်ကို လုံးလုံးလျားလျား မျက်နှာလွှဲရန် မဖြစ်နိုင်ပုံကိုလည်း တွေ့ရသည်။

နှစ်ရှည်ကြာသောင်းလာသည့်အခါ၌ သားသမီးများသည် ကျွန်မ၏ အများနည်းတူ မြင်လာကြလေသည်။ ဘာမဆို ကျွန်မ ဖန်တီးနိုင်သည်။ ယခု စွအဆုံး ကျွန်မ နေထိုင်မကောင်း ရှိသည့်အခါ၌ပင် 'ဆေးဆရာပဲ' ဟုသော အသိဖြင့် ကြည့်ရှုရန် မလိုသကဲ့သို့ ပူစရာ ပင်စရာ မဟုတ်သကဲ့သို့ ပြုမှန်းလည်း မသိ၊ အခန်းဝမှ လိုက်ကာကို အသာဖယ်၍ 'မေမေ နေကောင်းသွားပြီလား' ဟု သတင်းမေးကာ ထွက်သွားတတ်ကြသည်။

ကျွန်မမှာ သူတို့အကြောင်းတွေကို တွေးရင်း တွေးရင်း သားသမီး သုံးယောက်အနက် သမီးမိန်းကလေးအတွက် ပိုမို၍ စိတ်ပူပန်လာသည်။ လောက၌ အကောင်းနှင့် အဆိုးဟူ၍ ဒွန်တွဲလျက် ရှိနေလေရာ အဆိုး... ကွေ့ကြုံရသည့် အလှည့်၌ ခံနိုင်ရည် ရှိပါ့မလားဟု တွေးတောမိလာရသည်။ ယခုအချိန်ထိ လောကအကြောင်းကို ပြည့်စုံအောင် သူမသိသေးချေ။ အရွယ်လည်း ရောက်လာပေပြီ။ သူ့အရွယ်လောက်တုန်းက ကျွန်မ သိခဲ့သော လောကရေးရာများကို သုံးပုံ ပုံ၍မှ တစ်ပုံပင် သူ မသိသေးချေ။ မိန်းကလေး များ သိသင့် သိအပ် သိထိုက်သော လောကရေးရာများကား ကျယ်ဝန်းလှ သည်။ ရှေ့ဆောင်လမ်းပြ သွန်သင်သော သြဝါဒမျိုးကို တဖွဖွ ပြောဆို ဆိုနိုင်၊ သတိပေးနိုင်မှသာ တန်ကာကျသည်။ သူ့အပေါ်၌ ကျွန်မ ပျက်ကွက် ရသော ဝတ္တရားကား ပြောစရာ မရှိအောင် ချို့ယွင်းနေသည်ကို တွေးမိသည်။ လွတ်လပ်ခွင့် အများကြီးရှိသော သူ့ဘဝ၌ သူ့ကိုယ်သူ ထိန်းသိမ်းလျက် မပျက်မစီးအောင် နေသည်ကိုပင် ကျေးဇူးတင်ရသေးသည်။ အကွပ်မရှိသော ကြမ်း ပရမ်းပတာ ဆိုရိုးအတိုင်း သားနှစ်ယောက်ထက် အရွယ်ရောက်သော သမီးမိန်းကလေးက အထူးအရေးကြီးနေပေသည်။ ခေတ်ပညာတတ်ရုံ မပြီး၊ လိမ္မာယဉ်ကျေးရုံနှင့် မပြီး။ အိမ်ထောင်ဦးစီး အုပ်ထိန်းနိုင်ရုံနှင့် မပြီး ဆင်ခြင်တုံတရားနှင့် သတ္တိစွမ်းရည် ရှိမှသာလျှင် လူ့လောကအလယ်၌ ခေါင်လိုက်ကျကျ ပြားလိုက်ကျကျ မလဲမပြိုဘဲ မတ်မတ်ရပ်နိုင်စွမ်း ရှိပေ မည်။

ကျွန်မသည် သူတို့နှင့် ခွာ၍ သူတို့အကြောင်းကို စဉ်းစားနေ ရင်ထဲ၌ လှိုက်ဖိုလာတော့သည်။ ကျွန်မ အိမ်ပြင်သို့ ထွက်ရာနေ့ခိုက် အိမ် တွင် ကျွန်မကိုယ်စား စိတ်ချရသော တစ်ဦးတစ်ယောက်ရှိဖို့ လိုအပ်သည်။ ...တို့ကို မျက်ခြည်မပြတ် သင်ကြားပြောဆို ဆုံးမရန် လိုပေသည်။ စည်းစနစ်လည်း ကျအောင် နည်းပေးလမ်းပြ ဆိုဆုံးမရန် လိုပေသည်။ စည်းစနစ်လည်းကျအောင် နည်းပေးလမ်းပြ ဆိုဆုံးမနိုင်မည့်သူကို ရှာဖွေကြည့်မိသည်။ ဆွေထဲမျိုးထဲ၌ လည်း တစ်ယောက်မှ မရှိ။ မိတ်ထဲ ဆွေထဲ၌လည်း တစ်ယောက်မှ မရှိ။ သူတို့ ဝေယျာဝစ္စကို လုပ်ကိုင်ပေးကြရန် အိမ်ဖော်မိန်းကလေးများသာလျှင် သူတို့အပါး၌ ရှိနေကြ၏။

ကျွန်မမှာ အိမ်ပြင်မထွက်ဘဲ အိမ်ထဲတွင်ရှိနေကာ သူတို့ကို ရင်အုပ် မကွာ သွန်သင်ဆုံးမ နည်းပေးလမ်းပြ လုပ်လိုသော စိတ်မှာ ပြင်းထန်၍သာ လာလေသည်။ အရွယ်ရောက်စ ဖြစ်ကြ၍ သင်ပြထိန်းသိမ်းရန် အချိန်မီသေး သည်။ ဘဝအသိတရား၊ လောကရေးရာ အသိတရားများ ပေးလိုက်ဖို့ အချိန် ရှိသေးသည်။ ဤအခွင့်အရေးမျိုး ရအောင် ဘယ်ပုံကြံရမည်နည်းဟု ကြံဆ စဉ်းစားရင်း စိတ်ထဲ၌ မချင့်မရဲ ဖြစ်လာမိသည်။ ကိုယ်ခွဲမရှိသော ဘဝကို အခုတွေးလျက် စိတ်မချမ်းမသာ ဖြစ်လာပြန်သည်။

ဒေါ်ဥမိသားစုနှင့် ကျွန်မ မိသားစု ဘဝအခြေအနေကို နှိုင်းယှဉ်စဉ်းစား ကြည့်လိုက်သည်။ ဒေါ်ဥတို့ မိသားစုထက် ကျွန်မတို့မိသားစုက အဘက်ဘက် က ပြည့်စုံသည် ထားစေဦး၊ မိဘနှင့် သားသမီးတို့ အပြန်အလှန် ထားရှိရမည့် အချက်များကို နှိုင်းယှဉ်ကြည့်လျှင် ကျွန်မတို့မိသားစုမှာ သူတို့မိသားစုကဲ့သို့ မဟုတ်ဘဲ လျော့ပါးနေသော အချက်များကို တွေ့ရပေသည်။ အမှန်စင်စစ် ကျွန်မသည် အဖေတစ်ယောက်အနေနှင့် ရှေ့ကနေ၍ ဦးဆောင်ထမ်းရွက်သွား သလို အမေတစ်ယောက်အနေဖြင့်မှုကား နောက်ပိုင်းဟာ၍ နေသည်ကို တွေ့ရပေသည်။

ပြည်-ရန်ကုန် ဒီဇယ်ရထားသည် စက်ကုန်ဖွင့်လျက် မောင်းနေလေသည်။ သူတို့၏ အကြောင်း၊ သူတို့၏ အနာဂတ်ရှေ့ရေးတွေကို တွေးတောစဉ်းစား နေသော ကျွန်မသည် ဒီဇယ်ရထားနှင့်အတူ လိုက်ပြေးနေသောသူကဲ့သို့ပင် ပန်းမောဟိုက်၍ လာလေသည်။

ကျွန်မ၌ စုမိ ဆောင်းမိ ရှိမည်ဆိုလျှင် အချိန်ကိုပိုင်းကာ အိမ်ထဲတွင် သားသမီးများနှင့် ရင်အုပ်မကွာ အတူနေချင်သည်။ အေးအေးထိုင်စားနိုင်သာ အောင် စုမိ ဆောင်းမိသော ပစ္စည်းလည်း မရှိ၊ တစ်လနှင့် တစ်လ အပြေး အလွှား ရှာဖွေနေရသော ဘဝကို သားသမီးများအတွက် အသည်းနာမိသည်။ ကြမ်မှာ ဖန်လာပုံကား နောက်ပိုင်း၌ သူတို့အတွက် (ဝါ)သမီးပျိုမိန်းကလေး အတွက် စောင့်ရှောက်ကြည့်ရှုမည့် ကြီးတော်၊ ဒွေးလေး၊ ဘကြီး ဦးလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ တစ်ယောက်တလေမျှ အမြဲတစေ အိမ်၌ လာရောက်နေထိုင်ပေးနိုင်မည့် သူ မရှိသည့်အတွက် အကျပ်အတည်းတွေ့ကာ စိတ်အိုက်နေလေသည်။

ကျွန်မသည် အနာဂတ် ဘဝခရီးကို ခေါင်းနောက်အောင် တွေးနေသည်။ သက်ပြင်းသာ ချမိသည်။ သူတို့ရှေ့ရေးအတွက် ခုနေများ ကျွန်မ သေသွားလျှင် အခက်ဟု တွေးမိသည်။ စင်စစ် ကျွန်မဘဝမှာ ခုပုံအတိုင်းနေလျှင်လည်း အခက်၊ သေလျှင်လည်း အခက် ဖြစ်ချေသည်။ လောကကြောင်းအားဖြင့် ပြုပြင်နိုင်သော လမ်းတစ်သွယ်ကို အတောမသတ် စဉ်းစားတွေးတောရင်း ရန်ကုန်ဘူတာကြီးထဲသို့ ရထားဝင်သွားလေသည်။

[၃]

တနင်္ဂနွေနေ့ ဖြစ်လေ၏။

အိမ်တွင် ဧည့်သည်စိကာ လူရှင်းနေခိုက် ဧည့်ခန်းတွင် သားသမီးများနှင့် ထိုင်စကားပြောနေကြသည်။ ပြည်က ဒေါ်ဥတို့၏ မိသားစုပုံပြင်ဝတ္ထုကို တွေ့မြင်ခဲ့သည့်အတိုင်း ပြောပြမိလေသည်။ ပုံပြင်ထဲ၌ သမီးနှင့် ပတ်သက်လျက် နာယူမှတ်သားသင့်သော အချက်ရောက်လျှင် ကျွန်မ၏ ထင်မြင်ချက်များ၊ မှတ်ချက်များဖြင့် ဖြည့်စွက်၍ အကျယ်တဝင့် ပြောပြသည်။ ပြောနေရင်း သူ့အကဲကိုသည်း ခတ်ကြည့်သည်။ ယောက်ျားပျိုလေးတစ်ဦးက မိန်းကလေးနှင့်မခြား အိမ်ထောင်ထိန်းသိမ်းမှု အတတ်ပညာဘက်၍ လိမ္မာရေးခြားရှိ ကျွမ်းကျင်တတ်မြောက်နေဟန်ကို သရုပ်ပေါ်အောင် ဖိပြောလိုက်သည်။ သမီးမိန်းကလေးမှာ ထမင်းဟင်း ချက်ပြုတ်တတ်သည်၊ ကြမ်းတိုက်၊ အိမ်သိမ်း အဝတ်လျှော် စသော အလုပ်များကို နေ့စဉ် ဝတ္တရားအနေနှင့် မလုပ်ကိုင်သော်လည်း စိတ်ပါလျှင် ထလုပ်တတ်သဖြင့် အိမ်ထောင် ထိန်းသိမ်းမှု အတတ်ပညာ၌ လုံးလုံး မတတ်သိ မကျွမ်းကျင်ဟု မဆိုသာ။ သို့ရာတွင် နေ့စဉ် ဝေယျာဝစ္စအနေနှင့် အိမ်မှုကိစ္စကို မလုပ်ကိုင်သည့်တိုင်အောင် မိခင်၏ ဝေယျာဝစ္စ တာဝန်တစ်ရပ်အနေဖြင့် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်ပေးရန် အသိဉာဏ်ဆော ပေးနည်းမျိုး သွယ်ဝိုက်လမ်းခင်း ပြောပြသွားသည်။

သားများနှင့် သက်ဆိုင်နေသော အခန်းသို့ ရောက်လျှင် တစ်ဖက်တစ်လမ်းက မိဘကို ကူဖော်လောင်ဖက်ရလျက် တစ်ဖက်က ပညာကို ကြိုးစား သင်နေကြပုံကို လေးလေးနက်နက် အဓိပ္ပာယ်ပေါက်အောင် ပြောပြနေမိသည်။ သားအလတ်မှာ ဖျောင်းနေချင်စိတ် လုံးဝမရှိချေ။ လွန်ခဲ့သော ၂ နှစ်ခန့်က ပေတေကာ လွင့်လျက်နေသည်။ အလုပ်တစ်ဖက် အိမ်တစ်ဖက်နှင့် ဒုက္ခများ





သော အထဲမှ အချိန်တန် အိမ်ပြန်မလာ၍ ညဉ့်နက်သန်းခေါင်ကြီးတွင် သူသွားမည်ထင်ရာ နေရာအနှံ့အပြား မကြာခဏ လိုက်ရှာခဲ့ရခြင်းကြောင့် သူ့အတွက် အမျိုးမျိုး သောကရောက်ခဲ့ရသည်။ ယခုမှ ခြေငြိမ်သွားကာ စိတ်ငြိမ်စ ရှိသေးသည်။ မောင်စိုးမြင့်တို့၏ ဘဝကို သူတို့ကိုယ်တိုင် ကိုယ်တွေ့မျက်မြင် စဉ်းစားနိုင်လာလောက်အောင် စိတ်ပါလက်ပါ အားတိုက် ခွန်တိုက် ပြောပြမိသည်။

ဒေါ်ဥတို့ ဇာတ်လမ်းပုံပြင်တဲမှ အတုယူစရာ၊ အားကျစရာ၊ သတိထားစရာ ရစရာ ဖြစ်ကြစေအောင် ပြောပြရသည်မှာ အာခြောက်သွားတော့သည် အထိ ဖြစ်သည်။ သားအလတ်သည် စဉ်းစားတတ်သော သဘောရှိသည်။ သမီးမိန်းကလေးမှာ မှတ်သားတတ်သော သဘောရှိသည်။ သားအငယ်မှုကား ညည်းညည်းဝေးဝေးကြီး ပြောနေစရာမလို၊ အရိပ်ပြသည်နှင့် အကောင်ထင်ကာ ရည်နပ်ရည် ရှိလေသည်။

အကြီးနှစ်ယောက်သည် ဝတ္ထုပုံပြင်တစ်ခုကို နားထောင်နေရုံမျှသာဟု သဘောထားကြပုံရသည်။ အငယ်ဆုံးမှာ ဘယ်အဓိပ္ပာယ်နှင့် သည်လောက် စိတ်ရှည်လက်ရှည်နှင့် ပြောနေမှန်းကို ရိပ်မိဟန် ရသည်။

"မင်းတို့အတွက် မေမေတော့ ရင်လေးလှတယ်။ မင်းတို့မှာ ရှိတဲ့ချို့ယွင်းချက်တွေဟာ မင်းတို့အပြစ်လည်း လုံးလုံး မဟုတ်ဘူး။ မင်းတို့ငယ်စဉ် ကောင်ကျေးကတည်းက ခုချိန်ထိ မင်းတို့စိတ် မင်းတို့သဘောအတိုင်း လွှတ်ပေးထားရတဲ့အတွက် မင်းတို့ရဲ့ ချို့ယွင်းချက်ဟာ မေမေ့နေရာက မိခင်တစ်ယောက်ရဲ့ ပျက်ကွက်မှုကြောင့်သာ ဖြစ်တယ်။ ဒီအတိုင်းသာ မပြင်ကြဘူးဆိုရင် မင်းတို့ မေမေ မရှိရင် ခက်မှာပဲ"

သားအလတ်သည် မိခင်၏ လက်ရှိ အခက်အခဲများကို ခရေစေ့တွင်းကျ စားကြည့်ပုံ မပေါ်သော်လည်း သူ့စိတ်ထဲတွင် ကြိုတင် စဉ်းစားထားမိသော အချက်တစ်ခုကို ထုတ်ဖော်၍ ပြောလိုက်သည်။

"မခက်ပါဘူး၊ ခုနေ မေမေ သေသွားရင် မမနဲ့ မိုးဟိန်းကို ကုက္ကိုင်းက ဒေါ်ကြီးတို့ဆီ ပို့လိုက်မယ်။ ကျွန်တော်ကတော့ စာပုံနှိပ်တိုက်ကို ပြေးမှာပဲ။ ဒီတိုက်ကို ဘယ်သူမှ မထိရဘူး"

သူ့စကား မဆုံးခင် သမီးက ဝင်ပြောသည်။

"အောင်မယ်၊ ဒီတိုက်က မင်းချည်းပဲ မဆိုင်ဘူး။ တို့နာမည်နဲ့လည်း ဝယ်ထားပါတယ်"

"ပါမေ့စေလေ၊ ဘယ်သူပဲပါပါ ပုံနှိပ်တိုက်တော့ ကိုယ်သိမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ အလုပ်လုပ်ပြီး မမတို့ကို ကျောင်းဆက်ထားပေးမှာပေါ့"

သမီးသည် မျက်လုံးထောင့်ကပ်လျက် သူ့ကို လှမ်းကြည့်လိုက်ကာ မျက်နှာထားနှင့် ပြောလိုက်သည်။

"ဟင်း… ကျောင်းပဲ ဆက်ထားပေးမလား၊ ပုံနှိပ်တိုက်က ရှိတာတွေပဲ အကုန်လုံး ဖြုန်းပစ်လို့ ကုန်မလား"

သူတို့သည် အမေတစ်ယောက်လုံး ရှေ့ထားလျက် သေစကားပြောနေကြကာ အမွေဆိုင်နေကြသည်။ သေတာလောက်သာ သူတို့ သိကြသည်။ မသေဘဲနှင့် သူတို့တာဝန်ကြီးကို ထမ်းရွက်သွားရမည့် ရှေ့ဘဝခရီးအတွက် ဘယ်မျှ မလွယ်ကူကြောင်းကိုတော့ ထည့်၍မျှ စဉ်းစားပုံ မရကြချေ။ ကျွန်မသည် သူတို့အချင်းချင်း သေစကား၊ အမွေစကား ပြောဆိုနေခိုက် ဘဝသစ်ကို မျက်နှာမူလိုက်မိလေသည်။

မျက်နှာမူကြည့်မိသော ထိုဘဝသစ်ကား သေစကားပြောနေ၍ ဘဝတစ်ပါး ကူးပြောင်းသွားသော ဘဝသစ်မဟုတ်ဘဲ လက်ရှိဘဝကို တွန်းလှန်ပြောင်းလဲ၍ စိတ်ကူးထဲတွင် ဘဝသစ်တစ်ခု ထူထောင်ကြည့်လိုက်ခြင်း ဖြစ်သည်။

ထိုအချိန်၌ ကျွန်မ အတွေးထဲဝယ် ကျွန်မအား ဘဝခရီးတွင် တစ်ယောက်တည်း မနေပါရန် ဘဝအဖော်အဖြစ် လိုက်ပါရစေဟု တိုက်တွန်းတောင်းဆိုနေသော အကျဉ်းထောင်မှ လွတ်မြောက်လာသူတစ်ဦး၏ မျက်နှာသည် ဖျတ်ခနဲ ပေါ်နေလေသည်။ ကျွန်မပေါ်၌ ထားရှိသော ထိုသူ၏ မေတ္တာတရားသည် လူပျို အပျိုများ တစ်ဦးပေါ်တစ်ဦး ထားရှိကြသော မေတ္တာမျိုး မဟုတ်မှန်း အကဲခတ်မိသည်။ ကျွန်မဘဝခရီးအတွက် တစ်ဖက်တစ်လမ်းမှ နေ၍ ကူညီရိုင်းပင်းချင်သော စေတနာသည် ကွယ်လွန်သွားသော ကျွန်မ၏ ခင်ပွန်းကို ကြည်ညိုရင်းက ကျွန်မပေါ်၌ လေးစားခင်မင်ရင်းက အကြောင်းနှင့် ဆက်စပ်၍ ထွက်ပေါ်ပြင်းပြလာသော စေတနာလည်း မှန်ကန်ပေ၏။ သူသည် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ကြီးတစ်ဦးတစ်ယောက် မဟုတ်ချေ။ သည်းခံတတ်သော စိတ်နှလုံးနှင့် ရိုးဖြောင့်သော သူတစ်ဦးသာ ဖြစ်သည်။

မှဆိုးမဘဝနှင့် ကျင်လည်ခဲ့ရသော ခရီး၌ သားရေး၊ သမီးရေး၊ အိမ်တွင်းရေးတို့အပြင် ကိုယ်ရေးကိုယ်တာအဖို့ပါ တည်တံ့ခိုင်မာမှုရှိစေရန် ကျွန်မ၏ ယုံကြည်လေးစားမှု ရရှိသော ထိုသူအား ဘဝအဖော်အဖြစ် လက်ခံစဉ်းစား တွေးခေါ်ကြည့်လိုက်မိသည်။ သားရေး၊ သမီးရေး၊ ဘဝ၏ အနာဂတ်ရေး လူမှု ဆက်ဆံရေး၊ လူ့လောကအလယ်၌ တင့်တောင်းတင့်တယ်ဖြစ်ရေး စိတ်





ချမ်းသာမှု ကိုယ်ချမ်းသာမှုစသော ထောင့်အမျိုးမျိုးမှ ချိန်ထိုးတွက်ဆ၍လည်း ကြည့်နေမိလေသည်။

ကျွန်မ အိမ်ထောင်ပြုစဉ်က သွားလေသူ၏ ဘဝခရီးကြမ်းတစ်လျှောက်တွင် ကူဖော်လောင်ဖက်အဖြစ် လက်တွဲလိုက်ပါရန် စေတနာပြဌာန်း ဆုံးဖြတ်ချက် ချခဲ့သည့်နည်းတူ ယခု ထိုသူကလည်း သားကြီး၊ သမီးကြီးများနှင့် မုဆိုးမဘဝ တစ်ယောက်တည်း ဦးဆောင်သော ခရီးကြမ်းတစ်လျှောက်တွင် ကူဖော်လောင်ဖက်အဖြစ် စေတနာ ပြဌာန်းပုံချင်း ထပ်တူကျနေသည့်အတွက် သူ့စေတနာ သူ့မေတ္တာကို နှိုင်းဆချိန့်မှန်းနိုင်သည်။ ဤစေတနာမျိုး ဤမေတ္တာမျိုးသည် နောက်နောက်က ကျွန်မကိုယ်တိုင် ပေါ်ပေါက်ခဲ့ဖူးသော စေတနာမျိုး မေတ္တာမျိုးနှင့် ဘာမျှ မခြားသဖြင့် လေးစားအပ် စိတ်ချအပ်သော မေတ္တာစေတနာဟု အဆုံးအဖြတ် ပေးနိုင်သည်။

အဆုံးအဖြတ် ပေးနိုင်ငြားလည်း သူ့အကျိုး သူ့အတွက် ရှေးရှုထောက်ထားလျက် လွတ်လပ်သောသူဖြစ်သည့်အတိုင်း လွတ်လပ်သောသူ အချင်းချင်းသာ ပေါင်းသင်းချစ်ခင်ကြစေရန် တောင်းဆိုချက်ကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

အကြောင်းအမျိုးမျိုးပြ၍ အတန်တန် ငြင်းပယ်နေခဲ့လျက် နောက်မဆုတ်ခြင်းဖြင့် ရှေ့တိုး၍သာ ထင်ရှားဖော်ပြနေသည်။

ခုနေ ကျွန်မသေသွားလျှင် ဘာလုပ်မည်၊ ညာလုပ်မည် စသည်ဖြင့် အချင်းချင်း အပြန်ပြန် အလှန်လှန် ပြောဆိုနေကြသော သားသမီးများရှေ့၌ သူတို့က တစ်လမ်း စဉ်းစားနေချိန်တွင် ဘဝခရီးအတွက် ဘဝအဖော်နှင့် သွားသင့် မသွားသင့် တစ်ယောက်တည်း ကျိတ်၍ ကျွန်မက တစ်လမ်း စဉ်းစားလျက် နေမိလေသည်။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ်(၁၄၆)၊ ဇူလိုင်လ၊ ၁၉၅၆]

www.burmeseclassic.com

www.burmeseclassic.com

# အဝယ်နှင့် အလျော်

(၁)

မနွေးဝယ်သည် သင်္ဘောခ သုံးဆပေးလျက် မိလ္လာခန်းကြီးကို စီးမိလျက်သား ဖြစ်နေလေ၏။ သင်္ဘောဦးခန်းထဲ၌ မိလ္လာနံ့သည် လှိုက်နံ့နေသည်။ စူ့စူးဝါးဝါး ထောင်းမနေ ရလိုက်သော မစင်နံ့ကြောင့် အော်ဂလီဆန်သွားလေသည်။ သင်္ဘော ဦးခန်းထဲ၌ ခရီးသည် မည်သူမျှ မရှိကြ။ ချေးလက်လေးသစ်တက်နေသော စားပွဲခုံရှည်တစ်လုံးနှင့် တောင်တစ်လုံး မြောက်တစ်လုံး ရှိနေသော သစ်သား ကုလားထိုင်ဟောင်း သုံးလေးလုံးကို တွေ့ရသည်။

ဦးခန်းထဲရှိ အိမ်သာခန်းမှာ ပွင့်နေသည်။ အခန်းထဲ၌ မမြင်ဝံ့၊ မရှု ... အောင် မစင်များ ချိုးကပ်လျက် မည်းကျုံပေညစ်နေသော နောက်ဖေးအိုးကြီး ... မှာ ကြောက်ခမန်းလိလိပင်။ အိုးထဲ၌ရှိသော မစင်တို့သည် အလုံးအရင်းနှင့် ... ပိတ်ဆို့နေကာ ကြမ်းပေါ်၌လည်း ဖိတ်စင်အိုင်စီးလျက် ရှိကြသည်။

ခရီးသည်များ မျက်နှာသစ်ရန် ထားသော ကြွေခွက်သည် မိလ္လာ... အိုးကြီးနှင့် မခြား အသွင်ရော၊ အဆင်းရော နှင်လား ငါလား ဖြစ်နေလေ၏ ... နောက်ဖေးအိုးထဲ ပြည့်လျှံနေလျှင် သူ့ခွက်ထဲတွင် အသုံးပြုသွားလည်း ခွ... များခံနိုင်သော အသွင်အပြင် ရှိသည်။

နောက်ကျိသော မြစ်ရေများသည် မျက်နှာသစ်ခွက် ဘုံဘိုင်နှုတ်သီး... ခေါင်းမှ တစက်စက် ထွက်ကျနေသည်။ ခွက်ထဲ၌ ထမင်းစေ့၊ ဆေးပြင်းလိပ်... တို၊ သံပရာခွံများနှင့် အခြား မသတီစရာများပါ ရောထွေးလျက် ပိတ်ဆို့ ... ဟောင်နေပေသည်။

မနွေးဝယ်သည် နှာခေါင်းကို လက်ဝါးဖြင့် အုပ်ဖိလျက် နောက်အေ...





...း ဘံခါးကို တအား ဆွဲပိတ်လိုက်သည်။ သင်္ဘောဦးမှ ပိတ်ထားသော မှန် ...ခါးကို ဆွဲချသည်။ ကုလားထိုင်ကို လေတင်၍ ရွှေ့ဆွဲထိုင်လိုက်တော့မှ ...နံ့ နည်းနည်းသက်သာသွားလေသည်။

နေ့ချင်းပြန် သင်္ဘောဖြစ်၍ ကုန်တင်ကုန်ချများသဖြင့် သင်္ဘောထွက် ...ခ် အချိန်. အတော်စောင့်ရဦးမည်။

ဆိပ်ကမ်းသို့ သင်္ဘောကပ်ကပ်ချင်း လုတက်ကြသော ခရီးသည်တို့သည် ...င်းသွားသောခရီးသည်များ စွန့်ပစ်သွားသည့်အမှိုက်ထဲ ဖုတ်ထဲ၌ပင် တိုးဝှေ့၍ ...င်းကျင်းထိုင်ချ ကြလေသည်။ သင်္ဘောပေါ်၌ အမှိုက်တသောသော ဖုတ်တသော ...သောရှိသည့်အတွက် စိတ်မသန့်ခြင်း၊ မျက်စိရှုပ်ခြင်း မရှိကြ။ ညစ်ပတ်ခြင်းတွင် ...ရေထုကာ အစွမ်းကုန် ကျင့်သားရနေကြပေပြီ။

"သောကြာစာစောင် ပါတယ်၊ ဒီလ ရှုမဝ သွေးသောက်"

မဂ္ဂဇင်းစာအုပ်များ ပိုက်လျက် အခန်းထဲ ဝင်လာသော သူငယ်သည် ...ငြင်းပြစွာ လှိုက်နံ့နေသော မိလ္လာနံ့ကြောင့် ဆုံးအောင် မဆက်နိုင်ရှာ၊ ပါးစပ် ...ပိတ်သွားလေ၏။

"နံလိုက်တာဗျာ"

အခန်းထဲသို့ နှာခေါင်းပိတ် ဝင်လာခဲ့ကာ မနွေးဝယ်နားသို့ ရောက်မှ ...က်ပြင်းထုတ်၍ ပြောလိုက်သည်။

"ဒီသင်္ဘောမှာ ဂျာဒူး မပါဘူးလားကွယ်"

"ဂျာဒူး ရှိတာပေါ့ဗျ၊ အခုသင်္ဘောလိုက်တဲ့ ဂျာဒူးက အရင်ခေတ်က ... ကုလား မဟုတ်ဘူးဗျ။ မြန်မာ၊ လက်ပတ်နာရီနဲ့ ဥဿဖရားလက်စွပ်နဲ့ ...တ် သိပ်ကျတာ၊ အိမ်သာဆေးကြောတဲ့အလုပ်ကို သူဘယ်လုပ်ပါ့မလဲ။ ဒီ ...လုပ်ကို လခသာ နာမည်ခံယူတာ။ သင်္ဘောပေါ် တံမြက်စည်းလှည်းပြီး ...မ်သာဆေးတဲ့ ကြောတဲ့ အလုပ်ဟာ သူ့အလုပ် မဟုတ်ဘူးဗျ၊ လခယူဖို့ ... သူ့အလုပ်"

သူငယ်သည် သူပိုက်လာသော စာအုပ်များကို စားပွဲခုံပေါ်၌ ချကာ ...နံ့ထွက်နေသော အိမ်သာခန်းကို ကျောခိုင်းလျက် စွတ်တိုက်နေသောလေ ... မျက်နှာပြု၍ ပြောနေသည်။

"ဒီသင်္ဘောမျိုး နိုင်ငံခြားသားတွေများ တက်စီးရင် တို့မြန်မာကို ...ယ်လောက်များ အထင်သေးလိုက်မလဲကွယ်။ ရှုံစရာကြီး"

မနွေးဝယ်သည် ပြောပြီး နှလုံးနာနာဖြင့် မျက်နှာကို မဲ့ရှုံ့ထားလေသည်။

"မကြာသေးဘူးဗျ၊ မျက်နှာဖြူတစ်ယောက် ဝန်စည်စလွယ်တွေနဲ့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ် တက်လာတယ်။ အခန်းထဲရောက်ပြီး ငနဲထိုင်တောင် မထိုင်နိုင်ဘူး၊ နံလွန်းလို့ တစ်ခါတည်း ပြန်ဆင်းပြေးတာပဲ”

သူငယ်သည် ပြောပြီး တံခါးပေါက်မှ ပစ်ခနဲ တံတွေး ထွေးလိုက်သည်။ မန္တေးဝယ်မှာ အင်္ဂလိပ်ခေတ်က ရေဝတီ မီးသင်္ဘောနှင့် ပြည်တော်သာခေတ် ရေဝတီ မီးသင်္ဘောကို နှိုင်းယှဉ်ကာ ကြည့်လေသည်။ သန့်ရှင်းခြင်း စည်းကမ်းရှိခြင်းမှာ ခေတ်ချင်း မမီ၊ အရောင်အဆင်းချင်းလည်း မမီ။

“တို့ခေတ် တို့လက်ထက်မှာ မျက်နှာဖြူတွေ အုပ်စိုးသွားတဲ့ ခေတ်ထက် ပိုပြီး သန့်ရှင်းတယ်၊ ပိုပြီး စည်းကမ်းရှိတယ်မျှား ဖြစ်ရရင် ဘယ်လောက်များ ကောင်းမလဲ”ဟု တွေးတောကြည့်မိသည်။

ဖြစ်တောင့်ဖြစ်ခဲကြီးကို တွေးတောကြည့်သော စိတ်ကူးယဉ် အတွေးတို့သည် ကြာရှည် မစွဲမထင် အလွယ်တကူ ပျက်ပြယ်သွားလေသည်။

မဂ္ဂဇင်းစာအုပ်ပုံပေါ်မှ ကြိုက်ရာမဂ္ဂဇင်းစာအုပ်များကို ရွေးချယ်ယူကာ ပိုက်ဆံထုတ်ပေးလိုက်သည်။ သူငယ်လေးသည် စာအုပ်များ ယူပိုက်လျက် အခန်းအပြင်ဘက်သို့ ရောက်အောင် အပြေးထွက်ကာ အခန်းတံခါးကို ဂျိုင်းခနဲမြည်အောင် ဆောင့်ပိတ်သွားလေသည်။

ဘောင်းဘီပြာနှင့် အရပ်ခပ်ရှည်ရှည် သင်္ဘောလိုက် ရဲသားတစ်ယောက်သည် အခန်းတံခါးကို လှည့်ဖွင့်ကာ အခန်းထဲသို့ ခပ်တည်တည် ဝင်လာသည်။ မန္တေးဝယ်သည် ရဲသားကို တစ်ချက်ကြည့်လျက် ဆိပ်ကမ်းဘက်သို့ မျက်နှာလွှဲလိုက်သည်။ တံတားနားတွင် ငါးဖမ်းနေသော တံငါသမ္ဗန်ကလေးကို တွေ့ရသည်။ ရဲသားသည် နောက်ဖေး အိမ်သာခန်းတံခါးကို ဖွင့်ဝင်သွားလေသည်။ သင်္ဘောဦးဘက်မှ စွတ်တိုက်နေသော လေကြောင့် မိလ္လာ အနံ့အသက်များသည် အခန်းပြင်ဘက်သို့ လုံးထွက်သွားသည်။ သင်္ဘောဦးခန်းနှင့် နီးကပ်သောနေရာ၌ ခရီးသည် ဘုန်းကြီးတစ်ပါးနှင့် လူနှစ်ယောက်သည် ကပျာကယာ နှာခေါင်းပိတ်ကြလေ၏။

ပုပြင်းသော ကျနေသည် မြစ်တွင်းရှိ ရွှံ့နှစ်ရေကို ကျိုချက်နေပေသည်။ တံငါသည်သည် သမ္ဗန်ပဲ့ပိုင်း၌ ရပ်လျက် ရှည်လျားလှသော ကြိုးတွင် ငါးစာများ တစ်တန်းကြီး သီချည်ထားကာ မြစ်တဲသို့ ကြိုးစအဆုံး ပစ်ချလိုက်သည်။ ကြိုးစကို ခတ်တက်တိုင်၌ ချည်ထားကာ မြစ်ရေထဲသို့ ကြိုးစအဆုံး ပစ်ချလိုက်သည်။ ကြိုးစကို ခတ်တက်တိုင်၌ ချည်တားလိုက်ကာ ပဲ့ပိုင်း၌ သူ့ကျောဖြင်ကို နေလှန်းထိုင်လျက် ကြိုးတံစ်ချောင်းတွင် ငါးစာများ သီတပ်နေလေသည်။ သူ့ဘေးရှိ သံဇလုံထဲ၌ ငါးစင်ရိုင်းကလေး သုံးလေးကောင်သည် တဖတ်ဖတ်





ခုန်နေကြသည်။

ဘောတံတားပေါ်၌ ကုန်တင်ကုန်ချများ ရှုပ်ယှက်ခတ်နေ၏။

ရောမ ရေခဲတုံးကြီးများသည် တံတားလမ်း အလယ်လောက်က နေ၍ အရှိန်ဖြင့် ဆိပ်ခံတွဲပေါ်သို့ တစ်တုံးပြီးတစ်တုံး လျှောဆင်းနေကြသည်။ ကုန်းပေါ်မှ သင်္ဘောအလုပ်သမားများသည် ရေခဲတုံးကြီးများကို အောက်သို့မရောက်အောင် တွန်းချလိုက်ကြသည်။ တံတားအောက် ဆိပ်ခံတွဲမှ အလုပ်သမားတစ်စုက ဆီးဖမ်းယူကြသည်။ အောက်မရောက်ခင် မဖမ်းလိုက်မိလျှင် အရှိန်ဖြင့် လျှောဆင်းလာသော ရေခဲတုံးကြီးမှာ ဆိပ်ခံတွဲနှင့် ဆောင့်လျက် ထက်ပိုင်းကြီးသွားကာ လေးစိပ်လေးမွှာ ကွဲစဉ်ကုန်လေသည်။

တံတားတစ်ခုလုံး ရွံ့စိုနေသည်။ တံတားအဆင်းအတက် သွားသူလာသူတို့သည် လျှောဆင်းနေသော ရေခဲတုံးကြီးများကို ရှောင်ရှားဘေးကပ်လျက် သွားကြရသည်။

မန္တေးဝယ်မှာ မထွက်လာသေးသော ရဲသားကို သတိရကာ နှာခေါင်းသည်နေပြီ ထင်ပါရဲ့ဟု အံ့ဩသွားလေသည်။

သင်္ဘောနှင့် ကပ်လျက် သမ္ဗန်ကြီးပေါ်သို့ တစ်ခိုင်ပြီးတစ်ခိုင် သယ်နေသော ငှက်ပျောခိုင်များကား တစ်ခိုင်ပေါ် တစ်ခိုင်လုံ့လျက် သမ္ဗန်ပြည့်သည်အထိ မကုန်နိုင်သေးချေ။ သမ္ဗန်တစ်စီး ပြည့်မောက်သွားလျှင် နောက်တစ်စီးက လာကပ် တင်နေပြန်၏။

မန္တေးဝယ်မှာ သင်္ဘောထွက်ရန် အချိန်ကြာစွာ စောင့်နေရသဖြင့် ငြီးငွေ့လာသည်။ နံနက် ၁၁ နာရီလောက်က သင်္ဘောဆိပ်သို့ ဆင်းလာခဲ့သည်။ သင်္ဘောမဆိုက်သဖြင့် သုံးနာရီလောက် ထိုင်စောင့်ရသည်။ သင်္ဘောအနောက်ခေါက်ကျနေရာ အိမ်ပြန်သွားရန် စိတ်ကူးသေးသည်။

အိမ်ပြန်သွားလျှင် အသွားက ပြန်လွတ်ချင်မှ လွတ်မှာ စိုးရသည့်အတွက်ကြောင့် မပြန်ဝံ့ဘဲ တံတား၌ ဒုက္ခခံပြီး စောင့်နေရသည်။ နေ့လယ် ၂ နာရီခွဲမှ သင်္ဘောလာကပ်သည်။ သင်္ဘောမှာ ၃ နာရီခွဲအထိ ပြန်မထွက်သေးချေ။ အထွက် နောက်ကျနေသဖြင့် မန္တေးဝယ် သွားရမည့် မြို့သို့ ညဉ့်နက်မှ ရောက်ပေလိမ့်မည်။

မန္တေးဝယ်သည် ညဘက် အချိန်မတော်ကြီး သွားဆိုက်မှာ စိတ်ပူနေပေသည်။ ကိုယ့်မြို့ကိုယ့်ရွာ ဖြစ်ပေသည့် အချိန်မတော်ကြီး မတက်ဝံ့ ရှိသည်။ မြို့ရွာ မငြိမ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေခဲ့သည်မှာ ၈ နှစ်ခန့် ရှိတော့မည်။ ဒီအတောအတွင်း တစ်ခေါက်မှ ပြန်မရောက်ဘဲ မြို့နှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နေသည်။

လုသာမြို့နှင့် အဆက်ပြတ်နေလျက် လုပ်ငန်းမှာ အဆက်မပြတ်ချေ။ မနွေးဝယ်တို့၏ ဆန်စက်မှာ မနွေးဝယ် သွားမည့်မြို့နှင့် ဆယ့်ငါးမိုင်လောက် ဝေးသောရွာတွင် ရှိလေသည်။ မနွေးဝယ်မှာ ငယ်စဉ်ကပင် မိဘမရှိ။ အဘွားနှင့် ကြီးပြင်းရသည်။ အင်္ဂလိပ်ခေတ် ၁၀ တန်းအောင်ပြီး အဘွားက ကောလိပ်ကျောင်းသို့ ပို့လိုက်၍ ကောလိပ်တွင် အိုင်အေ အထက်တန်းအထိ နေခဲ့ပြီး စစ်ဖြစ်ခါနီး အဘွားက စိတ်မချ၍ ကျောင်းထွက်ရကာ ကိုယ့်မြို့ကိုယ့်ရွာ ပြန်နေရသည်။

မနွေးဝယ်တို့၏ ဆန်စက်တွင် အုပ်စီးနေသော ဦးနောင်မှာ ဆန်စက်ကြီးနှင့် ဖွားဖက်ဖြစ်၏။ အဘွားသည် စက်တည်ကတည်းက ဦးနောင်ကို လုံးလုံး လွှဲအပ်ထားသည်။ ဦးနောင် ပြီးလျှင် ကိစ္စအားလုံး ပြီးသည်။ တစ်နှစ်တွက် စက်က လည်၍ရသမျှ အခနှင့် လယ်ထွက်စပါးများ ကျိတ်သော ဆန်အရောင်းအဝယ်၊ စပါးအရောင်းအဝယ် လုပ်ငန်းတစ်ခုလုံး ဦးနောင် သဘောအတိုင်း မျက်နှာလွှဲထားလေသည်။

မြို့ရွာ မငြိမ်သက်၍ မြေးအဘွားနှစ်ယောက် ရန်ကုန်သို့ ရွှေ့ပြောင်းလာခဲ့ကြသည်။ ရန်ကုန်အနောက်ပိုင်း၌ တိုက်ခန်းကလေး ငှားနေကြလျက် စက်မှ ပို့သောငွေနှင့် မြေးအဘွားနှစ်ယောက် ခပ်ကျစ်ကျစ် သုံးစွဲနေထိုင်ကြသည်။ ဦးနောင်မှာ ရွာက ဆန်စက်မှ မနွေးဝယ်တို့ မြို့ပေါ်က အိမ်သို့ ရွှေ့နေလျက် ဆန်စက်သို့ နေ့စဉ် အလုပ်ဆင်းလေသည်။

မနွေးဝယ်မှာ အလုပ်အကိုင်မရှိဘဲ တိုက်ခန်းထဲတွင် အချိန်ကုန်နေရခြင်းအတွက် ငြီးငွေ့လှသည်။ အဘွားက ကျောင်းဆက်နေခွင့်လည်း မပြု။ အလုပ်လုပ်ရန်လည်း ခွင့်မပေး။ 'တို့မြေးအဘွားနှစ်ယောက်တည်းဟာ လောက်ငသားနဲ့၊ အေးအေးနေစမ်း'ဟု ဆိုသဖြင့် အလုပ်အကိုင် မရှိဘဲ အိမ်ထဲ၌ ပိန်လိမ်နေရလေသည်။

အဘွား၏ ညီမ အမေဖုံသည် မကြာသေးမီက အညာက ရောက်လာသည်။ ရှစ်နှစ်လုံးလုံး တံခါးချက်ချပိတ်ထားသော တိုက်ခန်းကလေးထဲမှ မနွေးဝယ်ကို တံခါးဖွင့်လွှတ်လိုက်သူကား အမေဖုံ ဖြစ်လေသည်။

ဆန်စက်မှ လစဉ်ပေးပို့နေသော ဦးနောင်၏ စာရင်းတွင် အက်စ်အေအမ်ဘီ ဆန်ဝန်ထောက်တစ်ရုံလုံးကို လဘ်ထိုးရသော ငွေစာရင်းများ အပြည့်ပါတတ်လေသည်။

မနွေးဝယ်မှာ ဆန်စက်စာရင်းရှင်းတမ်း ကြည့်ပြီး 'လွန်လွန်းတယ်'





ဟု ပြောလျက် မကြေမချမ်းနှင့် စာရင်းလက်ခံပိတ်ရသည်။ ဆန်စက်သို့ ကိုယ်တိုင်သွားကာ အုပ်ချုပ်စီမံ လုပ်ကိုင်ချင်သည်။ ဘယ်နည်းနှင့်မျှ အဘွားက ခွင့်မပြုချေ။

အမေဖုံ ရောက်လာတော့မှ အဘွားကို နှဲ့နိုင်သူ ပေါ်လာလေသည်။

"ဒီလောက် လာဘ်ထိုးနေရတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား အစ်မရယ်။ ကလေး အမြီးနှုတ် ခေါင်းနှုတ်နဲ့ အစ်မတို့ဟာ ဘယ်ကျန်တော့မလဲ။ အစ်မတို့မလည်း အကျိုးတွေ အကန်းတွေ ကျနေတာပဲ။ အဲသလို မျက်နှာလွှဲ ပစ်ထားကြ။ တစ်နေ့ ဆန်စက်မှာ ကိုနောင် မရှိရင် ဒီဆန်စက်ကြီး မီးသာ ... စ်လိုက်ကြပါတော့"

အဘွားသည် အမေဖုံစကားကို နားမဝင်၊ နားမကြားသလို လုပ်နေသည်။ မနွေးဝယ်သည် အမေဖုံကို နေ့ရှိသရွေ့ တို့ပေးနေသည်။

"အမေဖုံရယ် ပညာတွေလည်း သင်ထားတယ်၊ အသက်လည်း သုံးဆယ်ကျော်ပါပြီ။ အခုထက်ထိ ကိုယ့်ပစ္စည်းနဲ့ကိုယ် သူများ ရှာကျွေးတာ လက်ဖြန့်ခံစားနေရတယ်။ အဝယ်တော့ အိမ်ထဲမှာချည်း နေရတာ စိတ်ပျက်လှပါပြီ။ ဆန်ရုံးတစ်ရုံးလုံး လာဘ်ထိုးနေရတဲ့ ငွေတွေက နည်းသလား အမေရဲ့။ ကိုယ်တိုင်ကိုယ်ကျ သွားပြီး ကြည့်ရှုလုပ်ရင် အလုပ်လည်း နားလည်မယ်။ အကုန်လည်း သက်သာမယ်။ အခုဆိုရင် မြို့လည်း အေးချမ်းနေပါပြီ"

အဘွားမှာ ဦးနောင်၏ ဖြောင့်မတ်ခြင်းကို စိတ်တုံးတုံးချ ယုံကြည်ထားသည်။ လာဘ်ထိုးရသည့် ငွေများ စာရင်းထဲ လုံ့ပါလာသည့်အခါ၌ 'မောင်နောင်က စေးနည်းသူမို့လို့သာ ဒီလောက်ပေးရတာ'ဟု အပြစ်မမြင်၊ အပေးရနည်းသည်ဟု ကျေနပ်နေကျ ဖြစ်သည်။

အမေဖုံ နှဲ့ပါများတော့မှ 'အေးဟယ်၊ လာဘ်ထိုးရတာကလည်း ငွေကောင်မဟုတ်ဘူး၊ ကုတ်အင်္ကျီပေဘောင် ချုပ်ပေးရပါကလား'ဟု သံသယစကား ပြောဖော်ရလာလေသည်။

"အဝယ့်ကို စိတ်ချစမ်းပါ အဘွားရဲ့၊ အလုပ်နားလည်ချင်လို့ အဘဆီမှာ အလုပ်သင်ပါရစေ။ အဘမိန်းမနဲ့ မြို့က အိမ်မှာ နေမှာပေါ့။ စက်ကိုနေ့တိုင်း မသွားပါဘူး အဘွားရဲ့၊ ဆန်ရုံးနဲ့ ဆက်သွယ်တဲ့အလုပ်ကို အဝယ်လုပ်မယ်။ ဟိုမှာ အမြဲနေမှာမှ မဟုတ်တာ၊ သွားလိုက် ပြန်လိုက်ပေါ့။ အမြဲ ရောက်နေတုန်း သွားပါရစေ အဘွားရယ်"

အဘွားသည် မကြားချင်ယောင် ဆောင်နေလေ၏။ တစ်ခါနှစ်ခါ ပြောရုံဖြင့် မဖြုန်၊ အခါခါ ပြောကြရသည်။ အစိုးရဆန်များ ကြိတ်ပြီး၍ စက်



www.burmeseclassic.com

www.burmeseclassic.com



က စာရင်းလာတိုင်း အမေဖုံက ဘေးတီးနေရသည်။

အဘွားသည် မနွေးဝယ်ကို လွှတ်သင့် မလွှတ်သင့် ချိန်ဆ စဉ်းစားလာပေသည်။

မနွေးဝယ်မှာ အသက် ၃၅ နှစ် ရှိ၍ မငယ်မှန်းလည်း သိသည်။ အလုပ် နားလည်ချင်သည့်အတွက် ပိတ်ပင်ရန်လည်း မသင့်။ မနွေးဝယ်ကို လွှတ်ရန် စိတ်မချ ဖြစ်နေသည့်အချက်မှာ မနွေးဝယ်သည် စိတ်ထန်လွန်းသည်။ မဟုတ်မခံချင်သော သူ့စိတ်သဘောမျိုးနှင့် ကုန်သည်လုပ်ရန် မကိုက်သောကြောင့် လွှတ်ရန် ဖင့်နွှေးနေပြန်သည်။

"ကုန်သည်ဆိုတာ မျက်နှာချိုရတယ်တော့၊ လာဘ်မြင်ရတယ်၊ ပါးရနပ်ရတယ်။ သူများ ခြေဖဝါးအောက်က နှိမ့်ချပြီး စကားပြောရတယ်။ အဝယ်နဲ့ ဖြစ်မထင်ပါဘူး"

"မီးစင်ကြည့် ကရမှာပေါ့ အဘွားရဲ့၊ သူများ ခြေဖဝါးအောက်က စကားပြောဖို့ မလိုပါဘူး။ သူများခေါင်းပေါ်တက်ပြီးလည်း စကားပြောဖို့ မလိုပါဘူး။ တရားအတိုင်း လမ်းအတိုင်း မှန်မှန်ပေါ့"

အဘွားမှာ မနွေးဝယ်၏ လေသံကို မကြိုက်ချေ။ မနွေးဝယ် သွားရန် တော်တော်နှင့် ခွင့်မလွှတ်ဘဲ အင်းမလှုပ် အဲမလှုပ် ကြာရှည်လုပ်နေလေသည်။

အမေဖုံမှာ မနွေးဝယ် ပူဆာလွန်း၍ အခွင့်ပေါ်တိုင်း လွှတ်ဖို့ချည်း တွန်းနေရသည်။

"ဒီအရွယ် သင်နေဖို့ မလိုပါဘူး။ ပညာတွေ သင်ထားတာ ဘယ်မှာ အသုံးချမှာလဲ။ ခုကာလ ကုန်သည်ပိုင်းမှာ မိန်းမတွေ ဦးစီးလုပ်နေကြတာချည်းပဲ။ အစ်မမြေးကို လင်ပေးစားတာလည်း မဟုတ်ဘဲနဲ့။ အိမ်ခေါင်းထဲသွတ်ထားပြီး ဘာလုပ်ဦးမှာလဲ"

အဘွားသည် နားပူလာသည်။ ထမင်းကြမ်း ယပ်ခတ်စားချင်သည် အထိ အေးအေးနေချင်သူ ဖြစ်လေရာ နားပူခြင်းကို မခံနိုင်။

"သူကြိုက်တဲ့လင် သူယူပေါ့အေ၊ လင်ယူမှာ မကန့်ကွက်ပါဘူးတော်"

မနွေးဝယ်သည် ဒါဖြင့် လင်ယူတော့မည်ဟု ပြောလိုက်ချင်သည်။ အိမ်ထဲ သွတ်ထား၍ လင်ယူမှပဲ အပြင်ထွက်ရတော့မည်ဟု အောက်မေ့ရတော့သည်။

အမေဖုံသည် မနွေးဝယ်အား တိတ်တိတ်နေရန် လက်ကုတ်ရသည်။

"လင်တော့ယူ၊ အလုပ်တော့ မသင်နဲ့ ဆိုတာ မဟုတ်သေးပါဘူး အစ်မရဲ့။ သူလုပ်ချင်တာ၊ သူသင်ချင်တာ ကျွန်မရှိတုန်း သွားလုပ်ပါစေ၊ သင်





ပါစေ။ ကဲ... ပြောရတာ ရှည်လှတယ်၊ ကြာလှတယ်။ နောက်တစ်ပတ် သင်္ဘောနဲ့ လိုက်သာသွား၊ ကိုနောင့်ဆီကိုလည်း အကြောင်းကြားထားလိုက်ပါ"

အဘွားသည် မလွှတ်ချင်လှဘဲ နားပူလွန်း၍ ခွင့်ပြုရတော့သည်။ 'ဒီလောက်ဖြစ်လှတာ သွားလေ၊ ပိုပြီး ကောင်းမလား၊ ပိုပြီး ဆိုးလာမလား' ဟု မြည်တွန် ဆိုပြောနေသည်။

မနွေးဝယ်မှာ အမေဖုံ့ ကျေးဇူးကြောင့် အိမ်က ထွက်ခဲ့ရသည်။ စစ်ဖြစ်ခင် ကျောင်းပိတ်ကျောင်းပြန် သင်္ဘောဦးခန်း၌ အမြဲစီးနေကျဖြစ်သည်။ ဦးခန်း၏ သန့်ပြန့်လွတ်လပ်ခြင်းကို နှစ်ခြိုက်သူ ဖြစ်သည်။ အဖေ မပါ တစ်ယောက်တည်းဖြစ်၍ ဦးခန်းလက်မှတ် ယူလိုက်ရာ မိလ္လာခန်းကြီးထဲ စီးရန် လက်မှတ်ခံမိသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

မြစ်ထဲမှ တံငါသည်သည် ရေထဲချထားသော ကြိုးကို ပြန်ဆွဲယူနေသည်။ တစ်ကြိုးလုံး ငါးစင်ရိုင်းကလေး နှစ်ကောင်သာ ချိတ်မိသဖြင့် ပြင်းထန်စွာ တောက်ခေါက်လိုက်လေ၏။

သင်္ဘောထွက်ရန် လက်မှတ်စစ် ကလိုင်ခေါက်သံ ကြားရသည်။ ကလိုင်သံကြားရမှ အိမ်သာခန်းထဲမှ ရဲသားထွက်လာကာ အိမ်သာတံခါးကို ဖွင့်ထားခဲ့လျက် အပြင်သို့ ပြန်ထွက်သွားလေသည်။ မနွေးဝယ်သည် တံခါး ပိတ်ခဲ့၍ ရဲပုလိပ်အား စိန်းစိန်းခါးခါး ကြည့်လိုက်သည်။ တံခါးကို စိတ်လိုက် မာန်ပါ ထပိတ်လျက် ပျို့ချင် အန်ချင်လှလှ ဖြစ်လာလေသည်။

ညနေ သုံးနာရီထိုးမှ ဆိပ်ကမ်းမှ သင်္ဘောခွာသည်။ သင်္ဘောထွက်မှ လေထန်လာကာ အနံ့အသက်ကင်းသွားသည်။ သင်္ဘောဦးမှ တိုက်နေသော လေသည် ဘေးတစ်ဖက်သို့ လေကြောင်း ပြောင်းသွားသောကြောင့် လေတိုက်ရာဘက်၌ ရပ်လျက် စင်ရော်ငှက်ကလေးများကို ငေးမျှော်ကြည့်နေလေသည်။

တံခါးဖွင့်သံ ကြားရ၏။ ခပ်ရွယ်ရွယ် ရဲသားပုလိပ်တစ်ဦး ဝင်လာပြန်သည်။ ပခုံးတွင် သေနတ်ကို လွယ်ထားကာ ပုဆိုးတိုတို ဝတ်ထားသည်။ မနွေးဝယ်အား ခပ်စိုက်စိုက် ကြည့်သွားကာ အိမ်သာခန်းထဲသို့ ဝင်သွားလေ၏။

မနွေးဝယ်သည် မျက်လုံးကလေး ဖွေ့ကြည့်လျက် တံခါးဖွင့်လိုက်၍ ထွက်လာသော အနံ့ကြောင့် လက်ကိုင်ပဝါနှင့် နှာခေါင်းပိတ်လိုက်သည်။

ရဲသားသည် တံခါးပြန်မပိတ်ဘဲ ထွက်သွားပြန်သည်။ သူတို့ဝင်တိုင်း ထွက်တိုင်းသာ ဒီအနံ့တွေ ရှူပြီး တံခါးစောင့်ပိတ်နေရရင် အခက်ပါပဲဟု စိတ်သစ်လာလေ၏။ အသက်အောင့်လျက် အိမ်သာတံခါးကို သွားဆောင့်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လူဝင်လူထွက် တံခါးပေါက်ကို ဆွဲစေ့ခဲ့ကာ လေဝိုက်သော နေရာ ဆီသို့ ပြေးလွှား၍ အသက်ရှူထုတ်ရလေသည်။ ကုလားထိုင်ကို လေကြောင်း ဘက်သို့ ပြောင်းရွှေ့ထိုင်သည်။ မဂ္ဂဇင်းစာအုပ်ဖတ်နေစဉ် ရဲပုလိပ်များ တစ် ယောက်ပြီးတစ်ယောက် အိမ်သာ ဝင်ကြ ထွက်ကြသည်။ တံခါးပြန်ပိတ်မသွား လျှင် ထပြေးပိတ်ရ၏။

နေသည် ချိုဖျော့လျက် မှောင်ရိပ်သန်းလာသည်။ မီးပွင့်များ လင်းထိန် လာလေသည့် မီးရောင်အောက်သို့ ကုလားထိုင်ကို ရွှေ့ကာ မဆုံးသေးသော ဝတ္ထုကို ဆက်ဖတ်နေသည်။ ဝတ္ထုဆုံးမှ ထမင်းစားရန် သတိရကာ အပြင်ဘက် ထမင်းဆိုင်ရှိရာ ပဲ့ပိုင်းသို့ ထွက်လာခဲ့သည်။

"ဟင်းတွေ မရှိတော့ဘူး ကုန်ပြီ။ ဘဲဥဟင်းပဲ ရမယ်"

မနွေးဝယ်သည် ဦးခန်းသို့ ထမင်းပို့ရန် မှာခဲ့ကာ ပဲ့ပိုင်းလှေကားမှ အောက်ထပ်သို့ ဆင်းသွားလေသည်။ သန့်သန့်ရှင်းရှင်း စီးရအောင် ဦးခန်းစီး ကာမှ သင်္ဘောအောက်ထပ် အိမ်သာခန်း ဆင်းအသုံးပြုရလေသည်။

မနွေးဝယ် ထမင်းစားနေခိုက် ရဲပုလိပ်သားတစ်ယောက် အခန်းထဲသို့ ဝင်လာမည်ပြုရာ မနွေးဝယ်သည် မျက်မှောင်ကြုတ်လျက် 'ဒီမှာ ရှင့် ထမင်းစား နေပါသေးတယ်။ ဟိုတံခါးမဖွင့်ပါနဲ့ဦး'ဟု တောင်းပန်လိုက်မှ ရဲသားသည် ဝင်တော့မည့် ခြေလှမ်းကို ရုတ်လျက် ခပ်အန်းအန်း ပြန်လှည့်ထွက်သွားလေ သည်။

ထမင်းစားပြီး မကြာမီ အဝေးမှ မီးရောင်များ လင်းထိန်နေသော ဆိပ် ခံတံတားကြီးကို လှမ်းမြင်လိုက်ရသည်။ ရှစ်နှစ်မျှ ဝေးကွာနေခဲ့သော ကိုယ့်မြို့ကိုယ့် ရွာကို လှမ်းမျှော်ကြည့်နေရင်း ဦးနောင် ဆင်းကြိုပါ့မလားဟု စိတ်ပူလာသည်။

ဆိပ်ခံတံတားနား သင်္ဘောကပ်သွားမှ တံတားပေါ်၌ စောင့်ကြိုနေကြသော လူ အုပ်ထဲတွင် ဦးနောင်ကို မြင်ရသဖြင့် စိတ်အေးသွားကာ 'အဘရေ...'ဟု လှမ်း ခေါ်လိုက်လေ၏။

[၂]

မြို့ရောက်စ ဆန်စက်သို့ မသွားသေးဘဲ ဆွေမျိုးမိတ်သင်္ဂဟအိမ်များကို လိုက် နှုတ်ဆက်နေရင်း လေးငါးရက် အချိန်ကုန်သွားသည်။

ဦးနောင်မှာ မနွေးဝယ် ရောက်လာခြင်းအတွက် ကြိုက်လည်း ကြိုက်၏၊ မကြိုက်လည်း မကြိုက်။ အက်စ်အေအမ်ဘီရုံးတစ်ရုံးလုံး လာဘ်ထိုးနေရသည့် ကိစ္စများ မနွေးဝယ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်နိုင်၍ စာရင်းပြုရသော





သည့် ကိစ္စတစ်ရပ် ရှေ့လျှောက် သံသယ ကင်းရှင်းသွားနိုင်စရာ ရှိသည့် အတွက် ကြိုက်၏။ မကြိုက်ရခြင်းမှာ လုပ်ငန်းအတွက် မကြိုက်ရခြင်း ဖြစ် သည်။

"အဝယ် လာတာတော့ ကောင်းကောင်းပဲ။ အဘ ဒီမှာ လုပ်နေရတာ ရုံးက တစ်ဖက်၊ စက်က တစ်ဖက်နဲ့ အလုပ်မလည်နိုင်ဘူးကွယ့်။ စက်ကို အဘကြည့်မပေါ့။ ရုံးအလုပ်ကို အဝယ်က လုပ်ပါ။ အဘ ဆက်သွယ်သင်ပြ ပေးမယ်"

အဝယ်မှာ ငယ်စဉ်ကတည်းက ဦးနောင် လက်ပေါ်တွင် ကြီးကာ ဆိုးဆိုးလာသူ ဖြစ်သည်။ ဦးနောင်က လေအေးနှင့် ချော့ပြောနေစဉ် 'စက် လည်း အဝယ်လိုက်မှာပေါ့ အဘရဲ့'ဟု ဝင်အော်လိုက်သည်။

"နေ့တိုင်း မလိုက်နဲ့၊ တစ်ခါတလေသာ လိုက်။ ဘတ်စကားနဲ့ သွား တာ၊ ဖုန်တထောင်းထောင်းနဲ့၊ နေကလည်း ပူလိုက်ပါဘိသနဲ့ အဝယ်ရယ်။ ကော်ဖြန့်ကြရင် ရုံးသွားပြီး စာချုပ်ကြမယ်"

"အဘ ဆန်က တန်ချိန်ဘယ်လောက် ချုပ်မှာလဲ"

"ဒီတစ်ပတ်တော့ တန်ချိန် ၁၂၀၊ အိတ် ထောင့်နှစ်ရာ စာချုပ်ရမယ်။ အပတ် ရပ်ရှားအက်စ်အမ်အက်စ်ဆန် မချုပ်ဘူး။ ဂျပန်ဆန်ကြိတ်ရလိမ့်မယ်"

မနွေးဝယ်သည် ဂျပန်ဆန် ကြိတ်ပေးရမည်ဆို၍ ဆန်ကွဲအမှတ်ကို မေးကြည့်သည်။

"နှစ်ဆယ့်ငါးမှတ်၊ ဆယ့်ငါးမှတ် အစားစားပဲ။ သူတို့ကတော့ ဖြူနေ အောင် ကြိတ်ခိုင်းတာပဲ။ ကြည့်ရှုလုပ်ရတာပဲ အဝယ်။ ဝန်ထောက်နဲ့ စာချုပ် ရင် စက်ထဲကို သူတို့စာရေး လွှတ်ထားလိမ့်မယ်"

"ဆန်ရုံးဝန်ထောက်က ဘယ်လိုလူစားလဲ အဘ"

ဦးနောင်သည် ရုတ်တရက် မဖြေဘဲ ဆိုင်းငံ့စဉ်းစားနေသည်။ ဆန်ရုံး ဝန်ထောက်မှာ ပြောင်းလာတာ မကြာသေးဘဲ လူသစ်ဖြစ်နေသဖြင့် လူကဲခတ် ခက်နေသည်။

"ဝန်ထောက်ကအသစ် လူအေးပါပဲ"

နောက်တစ်နေ့ နံနက်တွင် မနွေးဝယ်သည် ဦးနောင်နှင့် ဆန်ရုံးလိုက် ရန် ဝတ်စားဖီးလိမ်းနေလေ၏။

ဦးနောင်သည် မနွေးဝယ် အဝတ်လဲနေသော အခန်းပြင်ဘက်မှ နေ၍ မနွေးဝယ်ကို လှမ်းသတိပေးလိုက်သည်။

"အဝယ်ရေ၊ ရန်ကုန်မှာ ဝတ်သလို သိပ်ပြောင်ပြောင်ရောင်ရောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မလာနဲ့ဟေ့"

'ဘာဖြစ်လို့တုန်း အဘရဲ့'ဟု မခွေးဝယ်က အခန်းထဲမှ ပြန်မေးသည်။

"ဒီရုံးသွားရင် သိပ်ကောင်းတာ ဝတ်လို့ မဖြစ်ဘူးဟေ့။ ဆန်စက်ပိုင်ရှင် ဆိုရင် သိပ်ညှဉ်းကြတာ။ အဝယ်တို့ ဝတ်ပုံစားပုံနဲ့ဆိုရင် ငါးကျပ် တစ် ဆယ်နဲ့ ပြီးတော့မှာ မဟုတ်ဘူး။ အဘတော့ ဆန်ရောင်းသွားရင် ဘယ်တော့ မဆို ချည်လုံချည်နွမ်းနွမ်းနဲ့ သွားရတယ်"

မခွေးဝယ်သည် ဦးနောင်၏ ပူပန်မှုကို သည်းသည်းဟု တွက်သည်။ အက်စ်အေအမ်ဘီ ဆန်ရုံးက တော်တော်၊ ဦးနောင်က သည်းသည်းဟု ထင် မြင်မိလေသည်။

'အကြောင်းသိရအောင် အဘရယ်၊ ပြောင်ပြောင်ဖိတ်ဖိတ်တွေ ဝတ်ခဲ့ မယ်'ဟု ဦးနောင်အား ရွဲ့တည့်တည့်ပြောလိုက်သည်။

"မဖြစ်ဘူး အဝယ်၊ တော်စွလျော်စွ ဝတ်ခဲ့၊ လက်ကောက်တွေ၊ ကြိုး တွေလည်း အားလုံး ဖြုတ်ခဲ့။ အထင်ကြီးပြီး သူတို့ လိုချင်သလောက် မရရင် အလုပ်မပြီးအောင် ညှဉ်းထားလိမ့်မယ်"

ဦးနောင်၏အသံမှာ စိုးရိမ်ခြင်း ပြင်းပြနေသည်။ မခွေးဝယ်မှာ ဝတ်ရန် ထုတ်ထားသော ဘန်ကောက်လုံချည်အသစ်ကို သေတ္တာထဲသို့ ပြန်ထည့်လိုက် သည်။ ထိုဘရက်ကိုး ချည်လုံချည်ကို ပြောင်းဝတ်လျက် 'အဘရေ ရွှေဇာလုံချည် ဝယ်ခဲ့မယ်'ဟု အော်ပြောနေ၏။

ဦးနောင်သည် ရွှေဇာလုံချည်ဆို၍ ခေါင်းနားပန်းကြီးသွားလေသည်။ နောက်ဖေးမှ ထွက်လာသော ဇနီးသည်အား 'အေး ထိုင်၊ နင့်တူမကို ဆန်ရုံး က လူတွေအကြောင်း ပြောမထားဘူးလား ဟ။ ဟိုမှာ ရွှေဇာလုံချည် ဝတ် မလို့တဲ့'ဟု ကတုန်ကယင် လှမ်းပြောနေလေသည်။

ဒေါ်အေးထိုင်သည် 'အမယ်လေး မယ်မင်းကြီးမလေး၊ ဘယ်ဖြစ်မ ဟု အသည်းဖိုသွားကာ အခန်းထဲသို့ ပြေးဝင်သွားသည်။ မခွေးဝယ်က ချည် လုံချည်ဝတ်ထားကြောင်း မပြောလိုက်ရန် လက်ပြလိုက်သည်။ ဒေါ်အေးထိုင် မှာ ရယ်နေလေသည်။

မခွေးဝယ်သည် နိုင်လွန်အင်္ကျီ အဖြူလက်ရှည်၊ ချည်လုံချည် အစ ရိုက်နှင့် ခပ်ရိုးရိုးပင် ဝတ်ဆင် ထွက်လာလေသည်။ ဦးနောင်မှာ မခွေးဝယ် အပြင်ထွက်လာမှ ရင်ထဲက အလုံးကြီးကျသွား၏။ ပြုံးရယ်ထွက်လာသော အဝယ်၏ မျက်နှာကို လှမ်းကြည့်လျက်...

"အဝယ်က ငယ်စိတ် မပျောက်သေးဘူးဟ'ဟု ပြောကာ ပြုံးနေသည်





"အဘကလည်း ဒီပုဆိုးကြီးနဲ့ မလိုက်ပါနဲ့"

"အမယ်လေး ကျောင်းအမ ဒါမှ ဒါမှ၊ တစ်ခါတလေ၊ အဘ အပေါ် အင်္ကျီတောင် မဝတ်ဘူး"

မခွေးဝယ်သည် အိမ်ကအထွက် ဦးနောင်၏ ပုံပန်းကို ကြည့်လျက် ...တ်ပျက်သွားလေသည်။ ရေလဲပိုင်းသာသာ အဆင်မရှိသော ပုဆိုးနွမ်းဖြင့် ...ထဲက ရှပ်အင်္ကျီမဝတ်ဘဲ စွပ်ကျယ်အင်္ကျီပေါ်တွင် ပင်နီအပေါ်အင်္ကျီကုပ်စုတ် ... ဝတ်ထားကာ ကြယ်စေ့ငါးလုံးစလုံး အစေ့တတ်ထားသည်။ အရပ်ပုပု၊ ...င်းတုံးပြောင်ပြောင်၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမွေး တုံးတိနှင့် ပုံပန်းမကျ ...သာ ရုပ်သွင်တွင် ဟောင်းနွမ်းသော အဝတ်အစားများဖြင့် အတော်အကြည့်ရ ...နေလေ၏။

ဦးနောင်၏ ဦးခေါင်းထက်ရှိ ဖော့ဦးထုပ်ကာကီပိတ်စသည် လန်နေ ...ာ အထဲက စက္ကူများ အတိုင်းသား ပေါ်နေသည်။ ခြေတွင် စီထားသော ...းစင်း အဝတ်ဖိနပ်တစ်ဖက်တွင် ပြူထွက်နေသော ခြေမထိပ်ပိုင်းကို မြင်ရ ...၊ သူ့လက်ထဲက သပြေမှည့်ရောင် တုတ်ကောက်ကြီးမှာ အသွေးအရောင် ...ပြောင်ပြောင်ဖြင့် ကြွားကြွားဝါဝါ ရှိလှကာ အဘနှင့် တခြားစီပဲဟု ထင်မိ ...သည်။

ဦးနောင်သည် တုတ်ကောက်ကြီးကို ဟန်လွဲထောက်လျက် ခပ်သုတ် ...တ် လျှောက်လေသည်။ အဝယ်မှာ ဘေးက ကပ်လျှောက်လာရင်း ပြောင်လက် ...သော တုတ်ကောက်ကြီးကို သဘောကျလာလေသည်။

ဆန်ရုံးထဲသို့ ဝင်သွားကြသောအခါ၌ စားပွဲခုံတွေတွင် အလုပ်လုပ်နေ ...သော စာရေးစာချီတစ်စုသည် ဦးနောင်နှင့် ပါလာသော မခွေးဝယ်ကို ပြူး ...က်ကြည့်နေကြသည်။ မခွေးဝယ်မှာ တရုတ်သွေးစပ်လျက် အရပ်ပြတ်ပြတ်၊ ...သားဖြူဖြူဖွေးဖွေး၊ မျက်လုံးမျက်ဖန် တော်တော်လှကာ ပါးရည်နပ်ရည်ဖြင့် ...တ်လတ်သွက်လက်သော ဂိုက်မျိုး ပေါ်လေသည်။

ဆန်ဝန်ထောက် စားပွဲရှေ့၌ မထိုင်ကြခင် ဦးနောင်က ဆန်ဝန်ထောက် ...း မခွေးဝယ်နှင့် မိတ်ဆက်ပေးသည်။

"ဦးတို့ သီဟဗလ ဆန်စက်ပိုင်ရှင်ပါပဲ၊ ဒီနှစ် ဒီမှာ အလုပ်ဆင်းလုပ်ဖို့ ...ပါတယ်"

အသက် ၄၀ ခန့်ရှိသော အသားညိုညို၊ ခေါင်းတုံးဆံတောက်နှင့် ဝဝ ...ိုင် ဆန်ဝန်ထောက်သည် လှလှချောချောကလေးကို မြင်၍ အမ်းသွားသည်။ ...ွေးဝယ်က ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဆန်ဝန်ထောက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်၏ ဝင်ထိုင်လိုက်သည်။ ဦးနောင်မှာ စားပွဲဘေးရှိ ကုလားထိုင်တွင် ထိုင်ကာ ဦးထုပ်ကို ရင်၌ ပိုက်ထားလေသည်။

"ရန်ကုန် ဘယ်လမ်းမှာ နေပါသလဲ"

ဝန်ထောက်၏ ဖော်ရွေသော မျက်နှာကို ကြည့်ရှုအကဲခတ်လျက် 'အနောက်ပိုင်း ၁၅ လမ်းမှာ နေပါတယ်ရှင်'ဟု ပြန်ကြားလိုက်သည်။

ဆန်ဝန်ထောက်မင်းသည် ဆန်စက်ဆင်း အလုပ်လုပ်မည့် မနွေးဝယ်၏ ရုပ်ရည် ရူပကာယကို ကြည့်လျက် ဆန်စက်လုပ်ဖို့ မကောင်းဘူး၊ ကျောင်းဆရာမ လုပ်ဖို့ ကောင်းတယ်ဟု စိတ်ထဲ၌ မှတ်ချက်ချနေသည်။

"ကျွန်တော့် အခက်အခဲက ဂိုထောင်နေရာပဲ ဦးရဲ့၊ ဝယ်ထားတဲ့ ဆန်တွေ ရောပေးနိုင်အောင် အတော်စီစဉ်ပေးနေရတယ်။ ဂိုထောင် မလုံလောက်လို့ နောက်တစ်လုံးဆောက်ဖို့ အထက်ကို စာတင်ထားတယ်။ ဦးတို့စက်က တန်ချိန် ဘယ်လောက် သွင်းမလဲ"

ဦးနောင်သည် ကိုယ်တိုင် မဖြေဘဲ မနွေးဝယ်ကို လှမ်းကြည့်လိုက်သည်။ မနွေးဝယ်က 'တန်ချိန် ၁၂၀ ရှိပါလိမ့်မယ်'ဟု ဝင်ဖြေလိုက်သည်။

"ဆန်တော့ အမှတ်ပြည့်အောင် ကြိတ်ပေးမှပဲ၊ နောက်မှ ပယ်ရင် မကောင်းဘူး။ အစိုးရ ပေးတဲ့ ဈေးက ဆန်ကုန်သည်တွေအဖို့ မဆိုးပါဘူး"

"ဒါကတော့ စိတ်ချပါ ဝန်ထောက်မင်း၊ ဆန်စက်အလုပ်က ဦးအလုပ် ပါပဲ။ ဂရုစိုက်ပြီး ဖြူအောင် ကြိတ်ပေးပါ့မယ်။ ရုံးနဲ့ ဆက်သွယ်ပြီး အရောင်း အဝယ် လုပ်မှာကတော့ ဒီက တူမကြီးက လုပ်မှာမို့ ဝန်ထောက်မင်းက အသိ အမှတ်ထားပါ ခင်ဗျာ"

"ကောင်းပါပြီ၊ အခက်အခဲရှိရင် ပြောပါ၊ ဒီနေ့ စာချုပ်မလား"

"ဟုတ်ကဲ့ ချုပ်ပါမယ်"

ကာကီဘောင်းဘီရှည်၊ ရုပ်လက်ရှည်အဖြူ ဝတ်ထားသော ကုလားတစ် ယောက်သည် ဝန်ထောက်အခန်းထဲသို့ ဝင်လာသည်။ သူ့လက်ထဲ၌ နမူနာ ဆန်ထုပ်များ ပါလာကာ မနွေးဝယ်အား စောင်းငဲ့ကြည့်လျက် ဆန်ထုပ်များကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ကိုင်း...ဦးတို့ စာသွားချုပ်လိုက်ပါဦးမယ် ခွင့်ပြုပါဦး"

ဦးနောင် ထ၍ မနွေးဝယ်လည်း လိုက်ထသည်။ ဝန်ထောက်အား နှုတ်ဆက်လျက် အခန်းထဲက ထွက်ခဲ့ကြသည်။





ဦးနောင်သည် စာချုပ်ရန်အတွက် စာချုပ်ကို လက်နှိပ်စက် ရိုက်ပေး သည့် စာရေးခုံသို့ တန်းသွားသည်။ လက်နှိပ်စက်ရိုက်စာရေးသည် လက်နှိပ် စက်ကို တဖျတ်ဖျတ် ရိုက်နေကာ အလုပ်များနေလေသည်။ စားပွဲဘေးတွင် ...ပ်နေ၏။

"ကိုင်း...မောင်ရင်၊ တန်ချိန် ၁၂၀၊ အိတ် ၁,၂၀၀ စာချုပ်ရိုက်ပေးပါ ဦးကွယ်"

လက်နှိပ်စက်ရိုက်နေသော စာရေးကလေးသည် ဦးနောင်အား မကြား ဟန်လို လုပ်နေသည်။ ရိုက်လက်စကို ဆက်လက်ရိုက်နေရင်း တစ်ချက်တစ်ချက် မနွေးဝယ်ကို လှမ်းကြည့်ရိုက်သည်။

မနွေးဝယ်သည် ပတ်ဝန်းကျင်ရှိ စာရေးစားပွဲများကို တစ်ခုံစီ လျှောက် ကြည့်နေသည်။ ရုံးခန်းထဲ၌ စပါးကုန်သည်၊ ဆန်ကုန်သည်များဖြင့် တရုန်း ရုန်း ဖြစ်နေကြသည်။

"အဲဒါက ဘယ်ကတုန်း"

စာရေးလေးသည် လက်နှိပ်စက်မှ စာရွက်ကို လှည့်ချွတ်ရင်း ဦးနောင် ကို မေးလိုက်သည်။ 'ဦးကြီးတို့ ဆန်စက်ပိုင်ပဲ'ဟု ဦးနောင်က မပြောချင်ပြော ချင်ဖြင့် ပြောသည်။

လက်နှိပ်စက်စာရေးသည် ထိုင်ခုံမှ ထသွားကာ နီးရာစားပွဲခုံက စာရေး တစ်ယောက်၏ နားနားသို့ ခပ်တိုးတိုး ကပ်ပြောလိုက်ပြီး ခုံပေါ်က စာရွက် တစ်ရွက် ဆွဲယူလာသည်။

လက်နှိပ်စက်စာရေး စာချုပ်ရိုက်ပေးနေစဉ် ပါးစပ်ပိုင်ယာလက်သတင်း သည် တစ်ခုံမှ တစ်ခုံသို့ ပျံ့နှံ့ကူးသွားကာ မနွေးဝယ်အား အမဲဖမ်းမည့် မျက်လုံး များဖြင့် စုံစုံညီညီ လှမ်းကြည့်နေကြသည်။

စာချုပ်စာရွက်ပေါ်၌ ရေစစ္စရီလုပ်ထားသော စက်နံပါတ်၊ စက်ပိုင်နာမည် တို့ကို ရိုက်ချလိုက်ပြီးနောက် ရှေ့ဆက် မရိုက်သေးဘဲ ထသွားလိုက်၊ ထိုင် လိုက်၊ မျက်နှာကို လက်ကိုင်ပဝါထုတ် သုတ်လိုက် လုပ်နေရင်း မနွေးဝယ်၏ လက်ကိုင်အိတ်ကြီးဆီသို့ မျက်လုံးစကြာဖြန့်နေသည်။

မနွေးဝယ်သည် ခပ်ပေါ့ပေါ့၊ ခပ်ဆိုင်းဆိုင်း အချိန်ဆွဲလုပ်နေသော စာရေး၏ အကဲကို ခတ်လျက် ဦးနောင်ကို မျက်လုံးပင့်၍ ကြည့်လိုက်သည်။

ဦးနောင်၏ လက်တစ်ဖက်သည် စားပွဲခုံအောက်သို့ ရောက်လာသည်။ မနွေးဝယ် မြင်လောက်အောင် လက်ငါးချောင်းကို စုလိုက် ချဲလိုက် လုပ်ပြ လေ၏။ မနွေးဝယ်သည် လက်ရိပ်လက်ကဲကို ကြည့်ရှုကာ ဦးနောင်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ပြန်မော့ကြည့်လိုက်သည်။ ဦးနောင်သည် သူ၏ ပြူးနေသောမျက်လုံး တစ်ဖက်ကို မသိမသာ မှိတ်လျက် ပွင့်နေသော မျက်လုံးဘက်က မျက်ခုံးကို ပင့်ချီကာ ဆတ်ခနဲ မေးထိုးပြသည်။

မနွေးဝယ်မှာ ငွေ ၅ ကျပ်ပေးရန် ရိပ်မိလေသည်။ မနွေးဝယ်သည် စားပွဲခုံအောက် လက်ရှိလျက် ဦးနောင် မြင်လောက်အောင် လက်နှစ်ချောင်း ပူပြလိုက်သည်။ ဦးနောင်၏ မျက်လုံးကြီးများသည် နှစ်ဖက်စလုံး မျက်ပေါ ကျဉ်းကျဉ်းကလေး မှေးသွားကြကာ မျက်နှာတစ်ပြင်လုံး ရှုံ့သွားလျက် ခေါင်း ခါလိုက်လေသည်။

'ငွေ ၂ ကျပ်နဲ့ ဘယ်ရမလဲ'ဟု ရှုံ့ပြသော မျက်ခွက်ကြီးကို ကြည့်ကာ မနွေးဝယ်မှာ ရယ်ချင်လှ၍ ဣန္ဒြေဆည်ထားရသည်။ လက်ကိုင်အိတ်ကို ဖွင့် လျက် ငွေ ၅ ကျပ် ထုတ်ယူကာ စာရေ ဘေးရှိ စာရွက်ထပ်တွေအောက်သို့ ထိုးသွင်းလိုက်သည်။ မျက်စိရှင်သော စာရေးကလေးသည် ငါးကျပ်တန်စက္ကူ ကို ငဲ့ကြည့်လျက် 'ဘကြီးကို အမြဲ လျှော့ယူခဲ့တယ်'ဟု လေသံသဲ့သဲ့ဖြင့် ပြော လေသည်။

"ခါတိုင်း ပေးနေကျပဲကွာ၊ တော်လောက်ရောပေါ့။ စာချုပ်ရိုက်တိုင်း အမြဲ ငါးကျပ်ပဲဟာ"

စာရေးကလေး၏ မျက်နှာတွင် အလိုမကျခြင်းမှာ သိသာထင်ရှား နေ၏။ မှုန်ကုပ်ကုပ်မျက်နှာဖြင့် စက်ပေါ်၌ ညပ်ထားသော စာရွက်ကို လှန် လိုက် ချလိုက်သာ လုပ်နေကာ ဆက်လက် မရိုက်သေးဘဲ လိုချင်မျက်စိဖြင့် ပိုက်ဆံအိတ်ကိုသာ တစ်ကြည့်တည်း ကြည့်နေသည်။

မနွေးဝယ်မှာ စာရေးလေး၏ မထိမဲ့မြင် အမူအရာကို စိုက်ကြည့်လျက် ခေါင်းထဲ၌ ရှိန်တက်သွားကာ ရင်ထဲတွင် ခုန်၍နေသည်။ ဦးနောင်သည် စက်ကြီး လည်နေသရွေ့ ကာလပတ်လုံး သူတို့နှင့် မကင်းနိုင်သဖြင့် သူ မကြည်မသာဖြစ်လျှင် မကောင်းဟု ယူဆကာ ထပ်မံ၍ ချော့ပြောပြန်သည်။

"တူမောင်ရာ နောက်တစ်ခါမှ ပိုယူပါကွာ"ဟု ခပ်တိုးတိုး ငုံ့ပြောလိုက် သည်။

နောက်ထပ် စာချုပ်ရိုက်မည့် တရုတ်ကြီးတစ်ယောက်သည် စားပွဲ နား ရောက်လာသည်။ 'ဘယ်နဲ့ ထောင်ကဲကြီး'ဟု စာရေးက ပြုံးကာ နှုတ် ဆက်လိုက်သည်။ ဦးနောင်ကို အဖက်မလုပ်ချင်သလို အရေးမစိုက်ဘဲ တရုတ် ကြီးနှင့် စကားလက်ဆုံ ကျနေပေါလေ၏။

ဦးနောင်သည် သက်ပြင်းကို မသိမသာချလျက် မနွေးဝယ်ကို မျက် တစ်ဖက်ပစ်ကာ မေးထိုး၍ နောက်ထပ် ငါးကျပ်ထုတ်ရန် လက်ငါးချောင်း ပူပြလိုက်သည်။

မနွေးဝယ်သည် မျက်နှာနီနီဖြင့် လက်ကိုင်အိတ်ကို ဖွင့်လျက် နောက်ထပ် ငါးကျပ်တန်တစ်ရွက် ထုတ်ကာ စက္ကူထပ်အောက်သို့ ထိုးသွင်းလိုက်သည်။ ပိုက်ဆံ ညှစ်ရမလားဟု စိတ်ထဲ၌ မကြည်သာ၊ ဝေမျှ စားနေကြရတာဟု ပြည် ဆော်သာစိတ်မျိုး မမွေး၊ ကုန်သည်ရှည် မဝသေးသူပီပီ ငွေ ၁၀ ကျပ်ကို နှမြောနေသည်။ ဦးနောင်မှာ မျက်နှာကြီး တင်းသွားလျက် ခါတိုင်း ငါးကျပ်ပေးနေ ကျက ၁၀ ကျပ်နှုန်း တက်သွားခြင်းကြောင့် မကြိုက်သော မျက်နှာထား ပေါ် နေသည်။

တရုတ်ကြီးနှင့် စကားလက်ဆုံကျနေသော စာရေး၏ အသံသည် မနွေးဝယ် လက်ကိုင်အိတ် ဖွင့်လိုက်တာနှင့် အသံပြတ်သွားကာ စကားကို အဆုံးဖြတ်ပြီး ဆက်ရိုက်လိုက်သည်။ ငွေ ၁၀ ကျပ် မျက်နှာဖြင့် လက်နှိပ် စက်သံမှာ အဆက်မပြတ် ဒက်-ဒက်-ဒက်-ဒက်…မြည်နေလေ၏။

အစိုးရနှင့် ဆန်အရောင်းအဝယ်စာချုပ် ရိုက်ချုပ်ပြီးနောက် ဆန်များ ထည့်ရန် ဂုန်နီအိတ် ထုတ်ပေးမည့် စာရေးခုံသို့ သွားကြရသည်။ စားပွဲခုံနှစ်လုံး ယှဉ်နေသော စာရေးနှစ်ယောက်သည် တစ်ဦးကိုတစ်ဦး မျက်လုံးအချက်ပြကာ ပြုံး၍နေ၏။ ရွှေသွားနှင့် ကွမ်းဝါးနေသော အသားဖြူဖြူ စာရေးက သူထိုင်နေသော ကုလားထိုင်ကို နောက်သို့ လန်လိုက်ကာ 'ဘကြီးနောင်တို့စက် သိပ်ပွနေတာပဲ' ဟု ဆိုလိုက်သည်။

'မပွပါဘူး မောင်ရယ်၊ ဟိုကနှုတ် သည်ကနှုတ်နဲ့ စရိတ်တောင် ကာမိဘူး'ဟု ပြောကာ စာချုပ်စာရွက် ကမ်းပေးလိုက်သည်။ မနွေးဝယ်နား ကပ်လျက် လေသံဖြင့် 'သူတို့ကို တစ်ယောက် ၂၅ ကျပ်စီ ပေးရမယ်'ဟု ပြောလိုက်၍ မနွေးဝယ်က 'များလှချည်လား အဘရယ်…'ဟု ပြန်ပြောလိုက် သည်။ နားပါးလှသော ရွှေသွားတပ်ထားသည့် စာရေးသည် ရယ်သွမ်းသွေး လိုက်လေ၏။

'မများပါဘူး အစ်မကြီးရဲ့၊ အစ်မကြီးတို့ သူဌေးတွေရဲ့ သဒ္ဓါကြေးပါ' ဟု ရဲ့တင်းစွာ ခပ်ကျယ်ကျယ် ပြန်ပြောနေ၏။

မနွေးဝယ်သည် အိတ်ထဲမှ ငွေ ၅၀ ကျပ် ထုတ်၍ ဦးနောင်လက်ထဲ ထည့်လိုက်သည်။ စာရေးသည် သော့တွဲကြီးကို ခါးတွင် ချိတ်ကာ 'လာခဲ့…ဦးလေး ဂိုထောင်ကို လိုက်ခဲ့' ဆိုကာ ရှေ့က ထွက်သွားလေသည်။

မနွေးဝယ်နှင့် ဦးနောင်မှာ စာရေးနောက်မှ လိုက်သွားကြ၏။ မနွေး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်မှာ စိတ်ထဲ၌ အောင့်သက်သက်နှင့် အခံရခက်နေသည်။ ဖါန်လွှဲ၍ ထောက်လာသော ဦးနောင်၏ လက်ထဲမှ ကြက်သရေရှိလှသော တုတ်ကောက်ကြီးသည် တစ်လမ်းလုံး မျက်စိရှုပ်နေလေ၏။

ဂိုထောင်ရှေ့ရှိ ခုံတန်း၌ ထိုင်နေသော ဒရဝမ်ကုလားသည် စာရေးအား ဆလံပေးကာ အလေးပြုလေသည်။

"ဂုန်အိတ်ချုပ်ဖို့ ကြိုးပါ၊ သူ့အတွက်ကျ ပေါင်ချိန်နဲ့ပေးတယ်"

မနွေးဝယ်သည် စမ်းတဝါးဝါးဖြင့် တောင်ကြည့် မြောက်ကြည့် ကြည့်နေလေသည်။

ဂုန်နီအိတ် ထုတ်ပေးသော စာရေးသည် အိတ် ၁,၂၀၀ ကို ရေတွက်သတ်မှတ်ကာ သယ်ယူခွင့်ပြုလေသည်။ ဦးနောင်သည် ဒရဝမ်ကုလားနား ကပ်၍ တိုးတိုး ဘိုးတိုး ပြောနေသည်။ မနွေးဝယ်သည် သိချင်သဖြင့် အနားသို့ ကပ်သွားလေသည်။

"မရှိဘူး ဆပ်၊ ဒါပဲ ရှိတယ်"

ဒရဝမ်ကုလားသည် ဂုန်အိတ်ချုပ်သော ကြိုးအကြီးစားကို ပြကာ ခေါင်းခါနေလေ၏။

"ကြိုးအသေးကို အထဲမှာ သိမ်းထားတယ်ကွယ်၊ အကြီးယူသွားတော့ ပေါင်ချိန်မှာ ကြိုးနည်းနေတော့ ကိုယ်က ဝယ်စိုက်ချုပ်ရတယ်။ အသေးယူ များများရပြီး ကိုယ်က မစိုက်ရတာ"

မနွေးဝယ်သည် ကြိုးထုံးကြီးကို ပြကာ ခေါက်နေသော ကုလား၏ မျက်နှာကို ကြည့်ချင်စိတ် မရှိ၍ 'ကဲပါ...အဘရယ်၊ ဘယ်လောက်ပေး မလဲ'ဟု ဒေါသဖြင့် ငေါက်ဆတ်ဆတ် မေးလိုက်သည်။

"သုံးကျပ်...သုံးကျပ်..."

"ဟရေး အစ်မ...သုံးကျပ်လား၊ ငါးကျပ် ပေးပါဆပ် ငါးကျပ်"

ဦးနောင်သည် စိတ်တိုလာကာ တုတ်ကောက်ကြီးကို အလယ်က ကိုင်နေ၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ နှုတ်ခမ်းမွေး တုံးတိတိသည် မတ်ထောင်လာလျက် မျက်လုံးမျက်ဆန်ပြူးပြူးဖြင့် ကြိမ်းဝါးဟိန်းဟောက်လိုက်လေ၏။

"တယ်...ဒီကုလားဟာ သုံးကျပ်ဆိုမှ"

ရွှေသွားနှင့် ဂုန်နီအိတ် ထုတ်ပေးသော စာရေးသည် ဦးနောင်၏ မျက်နှာပန်းကို ကြည့်လျက် ပက်ပက်ပက်ပက် ရယ်မောလိုက်ကာ ခပ်သုတ်သုတ် ထွက်သွားလေသည်။





[၃]

နေက ပူပြင်းလှသည်။

ဖုတ်တထောင်းထောင်း ထနေသော လမ်းပေါ်၌ ပြေးနေသော ဘတ်စကားမှာ လှည်းကြမ်းကြီး စီးရသကဲ့သို့ ဆောင့်ရမ်းလှုပ်ခါနေလေ၏။ ကားပေါ်၌ ပါလာသော ခရီးသည်တို့သည် ဖုတ်တွေ ပေကျံကာ ဖြူဖွေးနေကြသည်။ ကားဆောင့်တိုင်း အော်ကြ၊ ညည်းကြလေ၏။

မနွေးဝယ်သည် စိတ်တိုနေလေသည်။

နေကပူ၊ လမ်းကကြမ်း၊ ဖုတ်တသောသောဖြင့် ကြမ်းတမ်းလှသော ခရီးလမ်းကြောင့် အတော်ပင်ပန်းနေပေသည်။ ဆန်စက်သို့ သွားရတိုင်း မြို့နှင့် ဆယ့်ငါးမိုင်လောက် ဘတ်စကား စီးသွားရသည်။ ဂျစ်ကားတစ်စီးဝယ်ကာ ကိုယ်ပိုင်ကားကလေးဖြင့် သွားချင်၏။ ဦးနောင်က...

"ကျောင်းအစ်မလေး...ဂျစ်ကား ဝယ်မယ်များတော့ စိတ်မကူးနဲ့၊ ဆန်ရုံးက ဆွဲလို့ ခါတ်ဆီထည့်လို့ လောက်မှာ မဟုတ်ဘူးဗျ'ဟု မဝယ်ရန် ကန့်ကွက်လေသည်။

ဦးနောင်မှာ မနွေးဝယ် စက်ထဲလာတိုင်း ခဏခဏ မလာရန် ကားမြစ်နေသည်။ မနွေးဝယ်မို့ စက်ထဲရောက်လာလျှင် အက်စ်အေအမ်ဘီမှ အလွတ်ထားသော အမ်စီစာရေးသည် ပါဝါပြတတ်လေသည်။

"စက်ရပ်လိုက်ပါ ဒီဆန် မယူနိုင်ဘူး"

ဦးနောင်သည် ကောက်ပဲသီးနှံရုံးမှ ဆန်စက်ထဲသို့ တာဝန်ကျဆင်းကြည့်သော အမ်စီစာရေးကို ဆန်ကြိတ်တိုင်း ငွေ ၃၀ ကျပ် ပူဇော်ကာ မညည်းအောင် လာဘ်ပေးထားရသည်။ သူ့အတွက် နေ့စဉ် ထမင်း၊ လက်ဖက်ရည်၊ စီးကရက် အတော်အသင့်နှင့် ပြီးခဲ့၏။

စက်သူဌေးကိုယ်တိုင် စက်ထဲ၌ ရှိသဖြင့် တော်ရုံသင့်ရုံ ပေး၍ ကမ်း၍ နေတော့ချေ။ ပေးနေကျ ၃၀ ကျပ်က ၈၀ ကျပ် ယူပါရန် တောင်းတောင်းပန်ပန် ပြောရ၏။ သူဌေးအရှိန်နှင့် နေ့စဉ် ထမင်းဟင်း ဖွယ်ဖွယ်ရာရာ၊ လက်ဖက်ရည်၊ စီးကရက် အလျှံပယ်သာမက ရသာဖျော်ရည်၊ ဟိုအရည် အဲဟိုအရည်များပါ တိုးတက်လာလေသည်။

မနွေးဝယ်မှာ အိမ်က အဘွားကို နားပူတိုက်ကာ ထွက်ခဲ့ရခြင်းကြောင့် အမိခြင်းကို မှားသည်ဟု မညည်းဝံ့ရှာ။ အဘက်ဘက်မှ အကုန်အကျ ပိုများသည့်အတွက် အဘွား ပွက်မှာကို တွေးလန့်နေလေသည်။

မနွေးဝယ်သည် ဆောင့်ရမ်း လှုပ်ခါနေသော ကားထဲ၌ မြောက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ခါလိုက်၊ ဆောင့်လိုက်ဖြင့် လမ်းတစ်လျှောက်လုံး အကြမ်းပတမ်း ဒဏ်ခံလာရင်း ကိုယ့်ကိုယ်ကို ဒေါသထွက်လာလေသည်။ အိမ်တွင် အေးအေးနေရလျက်နှင့် ကိုယ့်ဒုက္ခ ကိုယ်ရှာတာဟု စိတ်ဆိုးမိရာမှ ဆက်လက်၍ စိတ်ပျက်စရာများကိုပါ တသီတတန်းကြီး လျှောက်တွေးမိပြန်လေသည်။

ဆန်စက်ပိုင် ရောက်နေ၍ အက်စ်အေအမ်ဘီရုံးသားများသည် ဆန်စက်သို့ မကြာခဏ ပျော်ပွဲစား ထွက်ကြသည်။

မနွေးဝယ်မှာ ရုံးသားများ၏ အော်ဒါအရ ချွေးတလုံးလုံးဖြင့် ထမင်းချက်ရလေသည်။ စက်ထဲ၌ စားစရာ သောက်စရာများ လိုလေသေးမရှိအောင် စုံစုံလင်လင် အဆင်သင့် ပြင်ဆင်ထားရသည်။ စက်ထဲသို့ ပျော်ပွဲစားထွက်ကြသော အရာရှိတို့သည် သူတို့မိတ်ဆွေ အပေါင်းအသင်းများပါ ခေါ်ခဲ့ကာ စက်ထဲ၌ နေကုန်နေခန်း ပျော်ကြ၏။ စားလိုက်ကြ၊ သောက်လိုက်ကြ၊ တီးကြ၊ မှုတ်ကြ၊ ဖဲကစားကြ။

မနွေးဝယ်မှာ မျက်နှာကလေးချိုထားကာ စက်ပိုင်ရှင်ပီပီ ပြုံးရွှင်ရွှင်ကလေး ဧည့်ဝတ်ပျူငှာ လုပ်ရလေ၏။ စက်ထဲသို့ ပျော်ပွဲစားတစ်ခါထွက်ကြလျှင် ငွေ ၂၀၀ ကျပ်လောက် ချောသွားခြင်းကြောင့် ရင်ထဲ၌ နုံးချည့်ချည့် ဖြစ်နေလေ၏။ သည်ကြားထဲ 'ဘယ့်နယ်ရှိစ...'ဟူသော ဦးနောင်၏ မျက်လုံးကြီးသည် ခံရ အခက်ဆုံး ဖြစ်နေသည်။

စက်မှ ဆန်ကြိတ်ပြီး ရှင်းတမ်းစာရင်းလုပ်လျှင် ငွေကုန်ကြေးကျများတာတွေ ပေါ်ကုန်တော့မှာကြောင့် ရင်လေးလေးဖြင့် ကြိုးစားပြီး ရွှင်ရွှင်ပြုံးပြုံး ဧည့်ခံခဲ့ရသည်။

မနွေးဝယ်သည် မိမိလာမှ အပိုဆာဒါ ကုန်ကျနေသော ပျော်ပွဲစားစရိတ်များအတွက် အဘွား ဆူတော့မှာပဲဟု တွေးတောရင်း ရင်ထဲက ပူလာလေသည်။

ရင်ထဲကပူ၊ နေကပူ၊ ဖုတ်ကထူ၊ လမ်းကကြမ်း၊ ကားဘီးသည် ချိုင့်ထဲသို့ ကျသွားလေ၏။ မနွေးဝယ်သည် အံကြိတ်လျက် မျက်လုံးမှိတ်လိုက်က ဖက်ကလေး ပုဝင်သွားလေသည်။ ပြင်းထန်စွာ ဆောင့်လိုက်သောကြော မျက်စိမျက်နှာပျက်အောင် အောင့်သွားလေ၏။

မနွေးဝယ်နှင့်အတူ ပါလာသော ဒေါ်အေးထိုင်သည် ချိုင့်ကြီးထဲ ဘီးကျသွားသည်နှင့် 'အမယ်လေးတော့၊ မြတ်စွာဘုရား...'ဟု အော်လိုက်သည် ကားရှေ့မှ ကျော်ဖြတ် တက်သွားသော လော်ရီကားကြီးတစ်စီးသည် နောက် ကားထဲသို့ ဖုတ်များဖြင့် ဆုပ်ပက်ကျဲစယ် သွားလေသည်။ မနွေးဝယ်သည်





ခေါင်းပေါ်အုပ်ထားသော မျက်နှာသုတ်ပဝါစကို ဆွဲ၍ ကမျာကယာ နှာခေါင်းပိတ်လိုက်သည်။ အလာတုန်းက နှာခေါင်းပိတ်ခဲ့ရသော ရောဝတီ မီးသဘော်ကို သွားအမှတ်ရလေသည်။ ရောဝတီသင်္ဘော စီးခဲ့စဉ်က အခန်းထဲဝင်ကာ အိမ်သာတံခါး ဖွင့်မည့် ရဲသားများနှင့် တစ်လမ်းလုံး အဆင်မပြေ ဖြစ်ခဲ့ရသည်။ ယခုကား လမ်းတွင် ဘတ်စကားထဲ ရဲသားမပါ၍ စိတ်အားငယ်ရသည်။ စက်ပိုင်မှန်း သိ၍ လူပြန်ပေး ထိမှာ ကြောက်ကြောက်ဖြင့် ကားရှပ်ကိုင်း တထိတ်ထိတ် လန့်နေရ၏။

စက်၌ ဆန်ကြိတ်ပြီးသွား၍ တောစက်က မြို့အပ်ရန် စက်မှ စာရေးက ဆန်ကြိတ်ပြီးကြောင်း ပေးလိုက်သော စာရင်းနှင့် ဆန်နမူနာများပါ စက်က ယူလာခဲ့သည်။ ဆန်နမူနာနှင့် သည်စာရင်းကို ဆန်ရုံး အင်စပက်တော်ထံသို့ တင်ပြကာ ဂိုထောင်နေရာ တောင်းရလိမ့်မည်။

ဦးနောင်သည် မနွေးဝယ်အား ဆန်အင်စပက်တော်ကို ငွေ ၁၀၀ ကျပ် ပေးလိုက်ရန် မှာလိုက်၏။

မနွေးဝယ်သည် ဆန် အင်စပက်တော်အား ငွေ ၁၀၀ ကျပ် ပေးရန်အတွက် လက်တွန့်နေပေသည်။ အကုန်အကျ များလွန်းနေ၍ ဘယ့်နှယ်ရှိရှိ၊ ငါးဆယ်ထက် ပိုမပေးဟု ဆုံးဖြတ်လိုက်သည်။

ကားသည် မြို့ထဲသို့ ရောက်၍ ဈေးဆိပ်၌ ဆင်းကြသည်။ ဆန်ရုံးသို့ ဆင်းသွားကြလေ၏။ ဆန် အင်စပက်တော်သည် ဖုတ်အလိမ်းလိမ်းနှင့် ဖြစ်နေသော မနွေးဝယ်အား 'စက်ထဲက လာသလား'ဟု ဆီးမေးလိုက်သည်။

မနွေးဝယ်သည် ဆန်စက်ထဲသို့ ပျော်ပွဲစားထွက်လာကြသော ရုံးသားများအား မည်သူမည်ဝါ မိတ်ဆက်ပြီး ဖြစ်၏။ ဆန်အင်စပက်တော်လည်း အရေးကြီးသူမှန်း သိ၍ မျက်နှာချို သွေးလိုက်ရလေသည်။

"ဟုတ်ကဲ့၊ ဆန်စက်က လာပါတယ်။ ဆန်ကြိတ်ပြီးလို့ နမူနာနဲ့ စာရင်း အင်စပက်တော်မင်းဆီ ယူလာပါတယ်။ ကျွန်မကို ဂိုထောင်နေရာ မြန်မြန်ပေးပါ အင်စပက်တော်မင်းရယ်"

ဆန် အင်စပက်တော်သည် ပြုံးလိုက်၏။ လက်မလောက် အပြားရှိသည့် ရွှေလက်ပတ်ကြိုးမှ နာရီကို ဟန်ပါပါဖြင့် လက်မြှောက်ကြည့်လိုက်၏။

"ဒီနေ့တော့ ဒီစာရင်းအတွက် မမီဘူး ထင်တယ်"

မနွေးဝယ်သည် ငွေ ၅၀ ကျပ် ထုတ်ကာ စားပွဲခုံပေါ်က စာရွက်သော ထိုးလိုက်ပြီး 'အင်စပက်တော်မင်းအတွက် ငါးဆယ်'ဟု ပြောလိုက်သည်။

ဆန် အင်စပက်တော်၏ မျက်နှာ၌ ဖြန်းခနဲ ပူရှိန်သွား၏။ ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကိုယ်စားလှယ် ဦးနောင်က ၁၀၀ ကျပ် အမြဲပေးခဲ့လျက် ယခု စက်ပိုင်ရှင်ကိုယ်တိုင်က ငွေ ၅၀ ကျပ် လျှော့ဖြတ်ပေးနေသည့်အတွက် မကျေမချမ်းစိတ်သည် ထောင်းခနဲ ပေါက်သွားသည်။

"ဒီမှာ အစ်မကြီးရဲ့၊ ဂိုထောင်နေရာက အခက်အခဲရှိနေတယ်။ ခုနကပဲ မနသိဒ္ဓိ ဆန်စက်က လာသွားပြီ"

ဆန် အင်စပက်တော်မင်းသည် ပြောပြီး ရယ်လိုက်၏။ သူ၏ ညိုပုပ်သွားသော မျက်နှာနှင့် မခိုးမခန့် ရယ်သံကြောင့် မနွေးဝယ်သည် နောက်ထပ် ၅၀ ကျပ် မထုတ်ချင် ထုတ်ရလေ၏။

"အစ်မကြီး၊ ကျွန်တော်က ဦးနောင်ကို အမြဲပဲ ပစားပေးလာခဲ့ရတယ်။ စက်ပိုင်ကိုယ်တိုင် မဟုတ်တာကလည်း တစ်ကြောင်း၊ အဘိုးကြီးက နောက်မှ စက်ပိုင်ရှင်တွေကို ပြောပေးပါမယ်လို့ ပြောထားတဲ့အတွက်လည်း တစ်ကြောင်း ကျွန်တော် သူများနည်းတူ ဘယ်အခါမှ မယူခဲ့ပါဘူး။ ကျွန်တော်တို့ဆိုတာ ဆန်နမူနာရဲ့ ဂိုထောင်တောင်းရင် အနည်းဆုံး ၃၀၀ ကျပ်ပဲ။ စုံစမ်းကြည့်ပါဦး။ ဒါက သူဌေးတွေရဲ့ သဒ္ဒါကြေးပါ"

မနွေးဝယ်သည် ငိုင်သွားလေ၏။ ဆန် အင်စပက်တော်သည် ခပ်မဲ့မဲ့ပြုံးကာဖြင့် ဒူးနှံ့လျက် မထုံတက်သေး လုပ်နေလေ၏။ မနွေးဝယ်မှာ ၁၀၀ ကျပ်နှင့် ပြီးရမည့်ကိစ္စကို ငါးဆယ် လုပ်မိခြင်းကြောင့် သုံးဆ တက်သွားသည့်အတွက် ရင်ထဲ၌ လိပ်ခဲတည်းလည်း ဖြစ်သွားလေသည်။

"ဦးနောင်က အလုပ်များပြီး ဘယ်ရွေ့ဘယ်မျှ ပေးဖို့ မမှာလိုက်ပါဘူး။ ကျွန်မက ရမ်းပေးတာပါရှင်။ ကဲပါ အင်စပက်တော်မင်းရယ် ၁၀၀ ကျပ်ပေးနေကျဆိုရင်လည်း ၁၀၀ ကျပ်ပေါ့။ ကျွန်မ တောင်းပန်ပါတယ်"

"ကျွန်တော်တို့က လာဘ်ယူ လာဘ်စား လုပ်နေတာ မဟုတ်ပါဘူး။ အများနည်းတူ သဒ္ဒါပေး ပေးကြတဲ့ အကြောင်းကို အစ်မကြီး သိအောင် ပြောပြတာပါ။ စေတနာရှိရင်လည်း အများပေးသလို ပေးပါ။ နို့မို့ရင်လည်း နေပါစေဗျာ မပေးပါနဲ့။ ဂိုထောင်နေရာရတော့ အကြောင်းကြားပါ့မယ်"

ဆန် အင်စပက်တော်သည် စကားရှည်ရှည်ဝေးဝေး ပြောနေရန် အလိုမရှိသည့်ဟန်ဖြင့် ဖောင်တိန်ကို ကောက်ကိုင်လိုက်သည်။ သူရနေကျ ၁၀၀ ကျပ်ကို ဖြတ်တောက်ပေးသည့်အတွက် အကြောင်းပြလိုက်ဦးမှာ မျက်နှာထား တင်းထားလေ၏။

မနွေးဝယ်သည် စိတ်ပျက်စွာဖြင့် ဒေါ်အေးထိုင်ဘက်သို့ မျက်လုံးအေ ကြည့်လိုက်သည်။ ဒေါ်အေးထိုင်သည် မျက်နှာညိုညိုဖြင့် မယောင်မလည်





လက်တစ်ချောင်း ပွားပြလိုက်သည်။ မနွေးဝယ်သည် ဝင့်သက်ချလေ၏။

မနွေးဝယ်မှာ စောစောက ဘတ်စကား ဆောင့်သည်ထက် ပိုအောင့်သွားပေ၏။ ငွေ ၂၀၀ ကျပ် များလွန်း၍ ၁၅၀ ကျပ် ယူရရန် ဆစ်ချင်သေးသည်။ ၁၅၀ ကျပ်ဆစ်လျှင် ကတ်သီးကတ်သတ် လုပ်ပြန်ပြီလားဟု ၃၀၀ ကျပ် မလျှော့ဘဲ တင်းခံနေမှာ စိုးရသည်။ မနွေးဝယ်သည် ဆန် အင်စပက်တော်မင်း၏ ညိုပုပ်နေသော မျက်နှာကြီးကို တစိမ့်စိမ့် ကြည့်မိသည်။

မီရိုးဖလာ နတ်ကိုးရတာထက် ဆိုးပါကလားဟု တွေးမိ၏။ အတိမ်းခံဝံ့ခြင်းကြောင့် ငွေ ၂၀၀ ကျပ် တင်မြှောက်ရန် မျက်စိမှိတ်ရလေ၏။

"ကဲပါ...အင်စပက်တော်မင်းရယ် ဂိုထောင်နေရာရဖို့ အရေးကြီးပါတယ်။ ဦးနောင် ပေးနေကျထက် ပိုပေးရမယ် ဆိုရင်လည်း ကျွန်မ ၂၀၀ ကျပ်ပေးပါမယ်။ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်။ ကျွန်မက ရောက်စဆိုတော့ အလုပ် သိပ်နားမလည်သေးဘူး။ ဂိုထောင်နေရာရဖို့သာ မြန်မြန်စီမံပေးပါရှင်"

မနွေးဝယ်သည် ဆန်ရုံးက ပြန်၍ အိမ်ရောက်ရောက်ချင်း ရင်နှင့်မဆန့်အောင် မျိုထားရသော အလုံးကြီးကို အန်ထုတ်လိုက်လေ၏။ မိမိ လာ၍ လုပ်ကိုင်သည့်အတွက် ဘယ်ဘက်ကမှ မသက်သာခြင်းကြောင့် ဒေါပိုမွလာသည်။

"နောက် သူတို့ကို ပူဇော်ပသဖို့ ဘာတွေ ကျန်သေးသလဲ အကြီးရဲ့။ ပြောပြစမ်းပါဦး၊ ကတည်းမှပဲရှင် လွန်လွန်းတယ်"

ဒေါ်အေးထိုင်သည် ဒေါဖောင်းလာသော မနွေးဝယ်ကို ကြည့်ကာ ခရီးဆက်မဆိုက် တော်တော်နှင့် မပြောချင်။ အေး အေး ထိုင်ပြီးမှ ခပ်ဖြည်းဖြည်း ပြောပြရလေသည်။

"ကျန်သေးတယ် တူမရဲ့၊ ဂိုထောင်နေရာရရင် ဆန်အိတ်တွေ စက်ကလာတော့ ဂိုထောင်စာရေးကို ခါတိုင်းတော့ ၅၀ ကျပ် ပေးရတာပဲ။ ဂိုဆောင်ထဲသွင်းဖို့ အလုပ်သမားထမ်းလာတဲ့ ဆန်အိတ်တွေကို ပခုံးပေါ်မှာပဲ တစ်အိတ်ချင်း ဆန်ထိုးတံနဲ့ စကောခံပြီး ထိုးချတာပဲ။ မကြိုက်ရင် ပယ်မယ်ပေါ့။ ဖောက်လို့ ကျလာတဲ့ ဆန်တွေကို စကောနဲ့ ခံတာဟာ တစ်အိတ်ကို နို့ဘူး တစ်ဝက်ထားပါ။ အိတ်ပေါင်း ၁,၀၀၀ ကျော်က ကျတဲ့ ဆန် သူယူရောင်းစားတာပဲ"

"ဂိုထောင်နေရာ ရပြီဟာပဲ၊ သူ့ကို ဘာဖြစ်လို့ ငါးဆယ်ပေးရမှာလဲ"

မနွေးဝယ်သည် ဝေါက်ဆတ်ဆတ် ဝင်မေးလိုက်သည်။ ဒေါ်အေးက ငိုင်ပြီးလေ၏။

"ဘယ်လောက် လက်ခံရရှိကြောင်း ပေးတဲ့စာရင်း (ဘီဂျက်)မကြန့်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပေးရတာ။ ဒီလိုပဲ စက်ပိုင်ရှင်တိုင်း ပေးကြရတယ်။ တစ်နေ့က ကိုနောင်ကို ခင်ဗျား စက်ပိုင် ပြောလိုက်၊ ကျပ် ၅၀ ကျပ် မယူဘူးလို့ ဆိုလိုက်သတဲ့"

ဒေါ်အေးထိုင်သည် ပြောပြီး သက်မကြီးချလျက်...

'ဟင်း...ခေတ်ကြီးကိုက သူစား ငါစားပဲ'ဟု သံဝေဂအသံမျိုးဖြင့် ညည်းနေသည်။

"ဒါပဲလား အကြီးရဲ့၊ အပြီးပဲလား"

ဒေါ်အေးထိုင်သည် နီမြန်းနေသော မနွေးဝယ်၏ မျက်နှာကို ကြည့်လျက် စိတ်တိုရန်ကောဟု အောက်မေ့မိ၏။ ရှေ့ဆက်ပြောရန်များကို ပြန်စဉ်းစားရသည်။ စဉ်းစားနေတုန်း မနွေးဝယ်က ထပ်အော်နေပြန်သည်။

"ဘယ်ပြီးဦးမလဲ အဝယ်၊ သူ့ဆီက ဘီလ်ရခဲ့တော့ ဆန်ရုံးယူလာပြီး တင်ရတယ်။ တင်းပေါင်း ပေါင်ပေါင်း အလျှော့အတွက် ဘယ်လောက်ကျတယ်ဆိုတာ စာရင်းပြန်တွက်ချက်ပြီး ကျသင့်ငွေ ဘီလ်လုပ်ပေးတဲ့ စာရေးကို နှစ်ဆယ် အစိတ် ပေးရတယ်။ အဲဒီ ဘီလ်ရတော့မှ ငွေထုတ်ပေးဖို့ ဝန်ထောက်လက်မှတ် ထိုးပြီးတော့ ချက်လက်မှတ် ထုတ်ပေးတယ်။ ချက်လက်မှတ်ထုတ်ပေးတဲ့ စာရေးလည်း ၁၀ ကျပ်၊ ၁၅ ကျပ် အောက်တန်းပေးရတယ်"

မနွေးဝယ်သည် ဆိုင်ရာအရာရှိ ကြီးကြီးငယ်ငယ်တို့အား ပသရသောကြေးကို ကိုယ်တွေ့မျက်မြင် ဖြစ်တော့မှ ဦးနောင်ပေါ်၌ ယုံမှားသံသယများကင်းသွားလေသည်။ ဦးနောင်လုပ်နေတာက သက်သာသေးတော့ဟု တွေးတောကာ အကုန်အကျ ပိုများ၍ မျက်နှာကောင်းမရဘဲ ဆုပ္ပက်တော့မည့် အဘွားမျက်နှာကို တရေးရေး မြင်ယောင်နေလေသည်။

'အဝယ် လာလုပ်ခါမှ ပိုဆိုးပါတယ် အကြီးရယ်'ဟု လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။ ဒေါ်အေးထိုင်သည် မနွေးဝယ်၏ လေသံပျော့လာတော့မှ နှုတ်လျှာသွက်လာလေသည်။

"အဝယ် လာလုပ်တာ အလုပ်တော့ နားလည်တာပေါ့။ ဒါပေမယ့် အကုန်အကျ ပိုများတာ အဘိုးကြီးလည်း စိတ်မကောင်းဘူး။ တစ်နေ့က ဆန်ရုံးက လူတစ်ယောက် အဘိုးကြီးနဲ့ သွားတွေ့တယ်။ အစိုးရက စက်ထဲမှာ ထားတဲ့ သူတို့ပိုင် ဖွဲ့အိတ် ဆန်ကွဲအိတ်တွေအတွက် ဂိုထောင်နေရာအိတ်နှုန်း စက်ပိုင်ကို ပြန်ပေးတော့ တစ်နှစ်လုံးအတွက် စုစုပေါင်းကျသင့်ငွေ ၉၀၀ ကျပ် ဆိုလားပဲ။ စာရေးကို ဘီလ်စာရင်း လုပ်ခိုင်းတာ သုံးလလောက်ရှိပြီ။ မပြီးနိုင်ဘူး။ အဲဒါ ၉၀၀ ကျပ်ထဲက သူ့ကို ၃၀၀ ကျပ်ပေးဖို့ စက်ပိုင်ပြောပေးပါ သွားပြောလို့ အဘိုးကြီးနဲ့ စကားများကြသေးတယ်"





မနွေးဝယ်မှာ ယခုခေတ် စီးပွားရှာစားဖို့ရာ သူ့စိတ်နှင့် မဖြစ်ဟု တွက်မိ၏။ ဆန်စက်ကြီးပိုင်ကာ ငွေရှင်း ငွေလုံးကိုင်လျက် အလုပ်လုပ်နေသော စက်ပိုင်ရှင်ကြီးက ၁၂၆ ကျပ် ရသော စက်တဲက အမ်စီစာရေးကလေး၏ ခြေသလုံးကို ဖက်၍ စီးပွားရှာရမှုကို မနှစ်မြို့ဘဲ ထမင်းကို ဆားနှင့်သာ စားလိုက်ချင်တော့သည်။

အစိုးရက တိုင်းပြည်အတွက် စေတနာအကောင်းဆုံးနှင့် လုပ်လေသော လုပ်ငန်းကြီးတွင် အစိုးရ အမှုထမ်း အရာထမ်းတွေကြောင့် အဆိုးဆုံးအဖြစ် ရောက်ရပုံတွေကို တွေးမိကာ နိုင်ငံကြီး တိုးတက် တည်တံ့ခိုင်မြဲနိုင်ပါ့မလားဟု အောက်မေ့မိသည်။

'ကိုယ့်ဆန် သွင်းပြီးလို့ ချက်လက်မှတ်ရမှပဲ ကိစ္စအေးတော့မှာပါပဲ အကြီးရယ်'ဟု မနွေးဝယ်က စိတ်ပျက်စွာ ပြောလိုက်သည်။

"ချက်လက်မှတ် ရပြန်တော့လည်း ငွေတိုက်မှာ သွားထုတ်ရင် အစွန်းထွက် အစိတ်သုံးဆယ်များ ဘယ်တော့မှ မရဘူး မှတ်ထား။ အဲဟို ငွေတိုက်က ဖြတ်ယူလိုက်တာပဲ"

မနွေးဝယ်မှာ စကားပြောချင်စိတ် ကုန်ခန်းသွားလေ၏။ ငွေတိုက်က သွားထုတ်သော ငွေကို အစိုးရကများ အလကား ပေးတယ်မှတ်လို့ ဖြတ်ယူကြတာလားဟု တွေးနေလေ၏။

"ဟိုတစ်ပတ် ဆန်ကြိတ်တုန်းက ကုတ်အင်္ကျီ ချုပ်ပေးရတဲ့ ကုလားသာ ပထမအစက ငါးကျပ်လောက်နဲ့ ပြီးနေတာ။ နောက်တော့ မရပါဘူး။ ကုတ်အင်္ကျီချုပ်ပေးဖို့ အတင်းပူတော့တာပဲ။ ဒါကြောင့် ရန်ကုန်ပို့လိုက်တဲ့ စာရင်းမှာ ကုတ်အင်္ကျီဖိုး ၄၅ ကျပ် ပါသွားတာ"

"သူက ဘယ်လိုများ စားသာလို့ တောင်းတာလဲ'ဟု မနွေးဝယ်က ကြည့်သည်။

"ဂိုထောင် သိမ်းပြီးကြောင်း ဆန်နမူနာ ဝန်ထောက် တင်ပြရတဲ့ ကုလားပေါ့။ သူလည်း အရေးပါတာပဲ"

မနွေးဝယ်သည် ဆန်များ ဂိုထောင်ထဲအရောက် ရှေ့လျှောက်၍ စခန်းသွားရဦးမည့် လုပ်ငန်းစဉ်ကြီးကို တွေးကာ စိတ်မောနေစဉ် အိမ်ရှေ့ဖိနပ်ချွတ်၌ သူငယ်လေးတစ်ယောက် တက်လာသည်။

'ဘာကိစ္စလဲဟေ့'ဟု ဒေါ်အေးထိုင်က လှမ်းမေးကာ မနွေးဝယ်အား ကော်စပစ်၍ မဲ့ပြလိုက်သည်။

"ဆန်ရုံးက ကိုသောင်းတင်က လွှတ်လိုက်တယ်။ နက်ဖြန်ည ရွှေမန်း



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ပွဲအတွက် ဖျာဆယ်ချပ် ဝယ်ပေးပါတဲ့"

ဒေါ်အေးထိုင်သည် မနွေးဝယ်ကို မျက်လုံးပြူးကြည့်လိုက်သည်။ မနွေးဝယ်သည် မကြားချင် မသိချင်သဖြင့် ကျောခိုင်းကာ မီးဖိုဘက်သို့ ထွက်သွားလေ၏။

"အကြီးတို့ကော မကြည့်ကြဘူးလား"

"မင်းတို့ ဆန်ရုံးကို ကြည့်ဖို့ ပြရတော့မှ တို့က ဘယ်မှာ ကြည့်ရတော့ မလဲကွယ်။ တို့ကြည့်ဖို့အတွက် မင်းတို့ ပေးရမှာ၊ မင်းတို့ပဲ ကြည့်တော်မူကြပါ"

သူငယ်လေးသည် မဲ့မဲ့ရွဲ့ရွဲ့ပြောနေသော ဒေါ်အေးထိုင်နှင့် ကြာရှည် မျက်နှာချင်း မဆိုင်ရအောင် ရယ်မောကာ ပြေးဆင်းသွားလေသည်။

[၄]

ဧရာဝတီ မီးသင်္ဘောသည် နောက်ဆုံး ဥသြဆွဲလိုက်သည်။ သင်္ဘော သည် ဆိပ်ကမ်းနှင့် ခွာလိုက်၏။ နံနက် ဝေလီဝေလင်း နှင်းမြူမကွဲတကွဲတွင် ဆိပ်ခံ ပေါ်မှ ဦးနောင်၏ မျက်နှာကို ပီပီသသ မမြင်ရတော့ပေ။

မနွေးဝယ်သည် သင်္ဘောပဲ့မှ ရပ်၍ မြို့ကို လှမ်း၍ ကြည့်မိသည်။ သင်္ဘောပဲ့ပိုင်း၌ အကာအရံ မရှိ၍ လေသည် တသုန်သုန် တိုက်နေ၏။ မြူနှင်း တွေကြားထဲက မှိုင်းနေသော မြို့ကို ကြည့်ကာ မနွေးဝယ်သည် သက်ပြင်းကို ချပေသည်။

ဈေးကွက်ဘက်မှ ဆန်ရုံးကို မှန်းဆ၍ ကြည့်လေ၏။ ဆန်ရုံးမှ အရာရှိကြီးငယ်တို့၏ မျက်နှာများ ပေါ်လာကာ ရင်ထဲတွင် လောင်လာလေသည်။ ဆိုင်ရာ အရာရှိတို့နှင့် ဆက်သွယ်ခဲ့ရသော လုပ်ငန်းကြီးတစ်ခုလုံးသည် အိပ်မက်လို တရေးရေး ပေါ်နေ၏။

မနွေးဝယ်သည် ရပ်နေရာမှ ရင်ထဲ၌ တင်းကျပ်လာ၍ ဖျာပေါ်၌ အသာကလေး ထိုင်ချလိုက်သည်။ သင်္ဘောဦးခန်းမှာ မီလ္လာစော်နံလွန်း၍ ပဲ့ပိုင်း ဘက်၌ အသီမိန်းမကြီးတစ်ဦး ထိုင်နေသော ဖျာပေါ်တွင် ဝင်ထိုင်သော သည်။ အသက် ၅၀ ခန့်ရှိသော မိန်းမကြီးမှာ အညာစောင်ကလေး လွှမ်း၍ လျက် ကွေးအပ်နေလေ၏။

မနွေးဝယ်သည် သင်္ဘောပေါ်ရှိ ခရီးသည်များကို လှမ်းကြည့်လိုက်သည်။ လူများ ပြည့်ကျပ်လျက် ခြေချစရာပင် နေရာမရှိချေ။ ဦးဘက်မှ မီလ္လာနံ့ကင်းသော်လည်း သင်္ဘောအောက်ထပ်၌ တင်ဆောင်လာသော ကြက်ခြင်းတွေထဲက





ကြက်နံ့များနှင့် ရေစည်ပိုင်းထဲမှ ငါးညှီနံ့သည် လေသင့်လျှင် တစ်ချက်တစ်ချက် အပေါ်သို့ စူးစူးဝါးဝါး လွင့်တက်လာသည်။

ခရီးသည်တို့၏ စကားသံမှာ သင်္ဘောထဲတွင် လုံးညံနေလေသည်။

မနွေးဝယ်သည် အသံဗလံများ၊ အနံ့အသက်များဖြင့် ငြီးစီစီဖြစ်ကာ နှမ်းဟိုက်လာလေသည်။ ညကလည်း တစ်ညလုံး အိပ်မပျော်ခဲ့၊ အတော်ကလေး ညဉ့်နက်မှ အိပ်ပျော်သွားရာ အဘွားက တတွတ်တွတ် ဆူပူပွက်နေသည်ဟု အိပ်မက်များပင် မက်လျက် ရှိလေ၏။

"အဝယ် လှဲလိုက်ပါဦးလား"

ဖျာပေါ်၌ ကွေးနေသော အဒေါ်ကြီးသည် လက်ထောက်၍ ထထိုင်လိုက်ကာ ပြေကျသော သူ့ဆံပင်များကို ပတ်ရင်း လှမ်းပြောလိုက်သည်။

"မအိပ်ချင်ပါဘူး ဒေါ်ဒေါ်ရယ်၊ ကြက်နံ့က အားကြီးခေါင်းအုံတာပဲ"

"ဒီလမ်းက ဒီသင်္ဘောစီးရင် ဒီအနံ့တော့ နံစမြဲပဲ၊ ဦးခန်းထဲစီးမှ မနံတာ"

"ဦးခန်းထဲက အနံ့က သာဆိုးတယ်။ မစင်နံ့ ဒေါ်ဒေါ်။ အဝယ် အလာတုန်းက စီးလာတယ်၊ နံလိုက်တာ မပြောနဲ့တော့"

အဒေါ်ကြီးသည် စောင်ခြုံကို ခွာကာ ခြင်းတောင်းထဲမှ ဆေးလိပ်ကို ကုန်းနှိုက်လျက် မီးခြစ် ခြစ်ညှိပြီး 'အဝယ် အလုပ်လာလုပ်တာ နေရာကျရဲ့လား'ဟု မေးသည်။ မနွေးဝယ်သည် မီးခိုးများအကြားမှ အဒေါ်ကြီး၏ အိပ်ချင်မပြေသေးသော မျက်နှာကို ခပ်စင်းစင်း ကြည့်နေလျက် ခေါင်းခါပြလေသည်။

"စက်ပိုင်တွေ အခုခေတ်မှာ တော်တော် ပွကြတယ်။ တချို့များ ရှိရင်းခဲ့ ဆန်စက်တစ်လုံးက နောက်တစ်လုံးတောင် ထပ်တည်နိုင်ကြသေးတယ်"

"အခုခေတ် စီးပွားရှာတာ အမှုထမ်း အရာထမ်းတွေနဲ့ ပေါင်းပြီး လည်နိုင်မှ ပွတာပါ၊ အဝယ်တို့လို ရိုးရိုးသားသားရှာတာမျိုးတော့ မပွပါဘူး ဒေါ်ဒေါ်ရယ်။ အဝယ်တော့ အခုခေတ်မှာ စီးပွားရှာချင်တဲ့စိတ်ကို တစ်စက်မှ မရှိတော့ဘူး"

မနွေးဝယ်သည် ပြောပြီး သူ့နှုတ်ခမ်းကလေးကို တင်းကျပ်စွာ စေ့လျက် ရင်ထဲဝယ် ပင့်သက်ကို မှိုင်းချနေလေသည်။

"အလို ဘာဖြစ်လို့လဲ၊ ဒေါ်ဒေါ်တို့က ဒေါ်ကျင်မွေးကြီး ရန်ကုန်ပြောင်းသွားမှ စီးပွားရေးဘက်မှာ အတော်မျက်လုံးပွင့်တယ်လို့ စုပြောနေကြသေးတယ်။ ဘယ်တုန်းကမှ သူနဲ့မခွဲတဲ့ သူ့မြေးတောင် ရေခြားမြေခြား အလုပ်သွားလုပ်နိုင်းနေပြီလို့ ပြောနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



မန္တေးဝယ်သည် အိပ်ပျော်နေတုန်း မြှန်းခနဲ လန့်သွားသလိုပင် ဆတ်ခနဲ ကိုယ်ကလေး ခါလှုပ်သွားလေသည်။

"အဘွားက လွှတ်တာ မဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့၊ အမေဖုံလာလို့ အတင်း နားပူနိုင်ပြီး အဝယ်ဘာသာ အဝယ် လာလုပ်တာပါ။ အဝယ့်ကို အိမ်က မလွှတ်ကို မလွှတ်ချင်ဘူး။ အဘ ရှာပေးတာပဲ အေးအေးဆေးဆေး စား နေချင်တာ။ အမေဖုံ မရမက ပြောပေးလို့ မလွှတ်ချင် လွှတ်ချင်နဲ့ လွှတ်လိုက် တာ"

"သြော်...ဟုတ်လား"

မန္တေးဝယ်၏ မျက်နှာကလေးသည် ညှိုးငယ်သွားလေ၏။

'လွှတ်ချင်လည်း လွှတ်ကြည့်။ ဗိုပဲ ကောင်းလာမလား၊ ဗိုပဲ ဆိုးလာ မလား'ဟု အဘွားထံမှ နောက်ဆုံး ကြိမ်းမောင်းပြောလိုက်သော စကားလုံး နား ထဲတွင် ကြားယောင်လျက် ခေါင်းခဲလာလေ၏။

"အဝယ်တော့ အိမ်ရောက်ရင် အဘွား ဆူတော့မှာပဲ ဒေါ်ဒေါ်၊ ပြန် မလွှတ်မှာတော့ သေချာပါတယ်"

"ဘာဖြစ်လို့တုန်းကွယ်"

"စက်က ကြိတ်ပြီး သွင်းလိုက်တဲ့ ဆန်တွေကို ရန်ကုန်မြစ်ထဲမှာ နိုင်ငံခြားဆန်ဝယ်တဲ့ သင်္ဘောကြီးက အတင်မခံဘဲ ပယ်လိုက်လို့ ဆန်ကုန်သည် တွေ စုလျော်ရမယ့် အထဲမှာ အဝယ်တို့ ဆန်တွေ ပါပါတယ်။ အဲဒါ အဘွား ကို သွားပြောပြရမှာ"

"ဟင်...ဘယ်လိုကြောင့်လဲ၊ အစိုးရက ဆန်သိမ်းတုန်းက စစ်ဆေး မယူဘူးလား"

အဒေါ်ကြီးမှာ မျက်စိမျက်နှာ ပျက်လျက် မျက်နှာ၌ သွေးမရှိဘဲ ဖြူ နေသော မန္တေးဝယ်ကို ငေးကြည့်နေသည်။

"ပြောတောင် မပြောချင်ပါဘူး အဒေါ်ရယ်၊ စက်မှာ ကြိတ်နေကတည်း က ကျလာတဲ့ ဆန်တွေကို သူတို့စာရေးကိုယ်တိုင် စောင့်ပြီး ကြည့်နေတာ အောက်တန်းမီအောင် သူတို့အကြိုက် အဖြူဆို အဖြူ၊ အညိုဆို အညို ကြိတ်ပေးရတာ။ စက်ကြိတ်ပြီး ကားပေါ်တင်တော့လည်း တစ်အိတ်ချင်း လှ စစ်ကြည့်လိုက်သေးတယ်။ မြို့က ဂိုထောင်ရောက်တော့လည်း မအပ်ခင် မသွင်းခင် စစ်လိုက်တာမှ တစ်အိတ်ချင်း ဆန်ထိုးတံနဲ့ ဖောက်ကြည့်စစ်တာ သူတို့ ကျေနပ်လို့ လက်ခံပြီး တစ်ဆင့် ဆန်နမူနာတွေ စစ်ဆေးပြီးမှ အခုညာ လျော်ရမှာများ အဒေါ်ပဲ စဉ်းစားကြည့်တော့ မကြိုက်ရင် စောစောက သွင်း





ကတည်းက ပယ်ရမယ်။ စစ်ဆေးတဲ့လူတွေ လာပေးထားတာ ဗိုမနေဘူးလား"

အဒေါ်ကြီးသည် ခေါင်းကို ညိတ်ကာ ညိတ်ကာ နားထောင်ရင်း "အဝယ်တို့ ဆန်မှန်း ဘယ်လိုလုပ် သိသလဲ"ဟု ဖြတ်မေးလိုက်သည်။

"ဆန်အိတ်တွေမှာ စက်က တံဆိပ်နံပါတ်ရိုက်ထားတော့ ဘယ်စက်က ဆိုတာ ချက်ချင်းသိတာပေါ့ ဒေါ်ဒေါ်ရဲ့။ အဲဒီဆန်တွေကို သွင်းတဲ့ဈေး မပေး တော့ဘဲ အညံ့စား ဈေးနှုန်းဖြစ်ပြီး ဗိုတာတွေ ပြန်လျော်ရမှာ"

"ဒီလိုဆိုတော့လည်း မကိုက်ဘူးပေါ့"

မန္တေးဝယ်သည် မျက်နှာရှုံ့မဲ့ကာ 'မကိုက်တာတော့ မပြောနဲ့တော့ အဒေါ်ရယ်၊ ဆန်ကြိတ်နေတုန်း သွင်းတဲ့အထိ သောက်သောက်လဲ ပေးရကမ်းရ တာက တစ်မျိုး၊ ဂိုထောင်သွင်းပြီး အပ်ပြီးလို့ မြစ်ထဲရောက်တော့လည်း ဟော အခု လျော်ရမှာက တစ်မျိုး၊ စီးပွားရှာတာများ နည်းနည်းမှ မကောင်းပါဘူး' ဟု ဆိုလေ၏။

"ဒီလိုပေါ့ကွယ်၊ ကုန်သည်ဆိုတာ ဖောင်းလိုက် ပိန်လိုက်ပေါ့၊ ဆန်စက်မှ သွင်းလိုက်သော ဆန်အိတ် ၁၂၀၀ မှာ စီ-ဘီပေါ်၌ ပါနေကာ အပယ်စာရင်းထဲ ဝင်နေ၏။ မန္တေးဝယ်မှာ အဘွားအားအကျိုးအကြောင်း ပြောပြကာ အလျော်အစား ဆေးဖို့ ငွေတောင်းရမည်အတွက် ရန်ကုန် သို့ အမြန်လိုက်ရသည်။ ဦးနောင်ပေါ်၌ သံသယရှိ၍ အလုပ်ဆင်းလုပ်ကာမှ မျက်နှာကောင်းမရ၊ မျက်စိမျက်နှာမလှနှင့် ပြည်တော်ပြန်လာခဲ့ရသည်။

မန္တေးဝယ်သည် မောမောဖြင့် ဖျာပေါ်၌ ခွေလှဲလိုက်လေသည်။ အဒေါ် ကြီးက သူ့ကိုယ်က ခွာသွားသော စောင်ကို မန္တေးဝယ်ကိုယ်ပေါ်သို့ တင်ပေး ရင်း 'ကဲ... အိပ်ဦး...အိပ်ဦး'ဟု အောက်ထပ်သို့ ဆင်းသွားလေသည်။

မန္တေးဝယ်သည် မျက်လုံးမှိတ်လျက် ကွေးနေ၏။ ဆန်စက်ကြီးကို အရေးရေး မြင်ယောင်တုန်းပင် ရှိသေး၏။ စက်ထဲတွင် လည်နေသော စက်သံ များလည်း တသဲ့သဲ့ ကြားယောင်တုန်းပင် ရှိသေး၏။ ဆန်အင်စပက်တော်၏ ညိုပုပ်သွားသော မျက်နှာ၊ အစွန်းတွက် ဖြတ်ယူလိုက်သော ငွေတိုက်စာရေး၏ ပြောင်ချော်ချော် မျက်နှာထား၊ ကြီးထုံးအကြီးကို ပြခြောက်နေသော ဂိုထောင်မှ အမြဲကုလားတို့သည် မောမောဖြင့် ခွေကွေးနေသော မန္တေးဝယ်အား ခြောက် လှန့်ကျီစယ်လျက် ရှိကြလေရာ တော်တော်နှင့် အိပ်မရ၊ အတင်း မျက်စိမှိတ် ပြီး အိပ်တော့မှ အိပ်ပျော်သွားလေသည်။

ညက အိပ်ပျက် ပျက်ဖြင့် အိပ်လိုက်ရာ လမ်းခရီး ဆိပ်ကမ်းများ၌ သင်္ဘော ဝင်ဆိုက်မှန်း၊ ကပ်မှန်းပင် မသိ။ တစ်မနက်စာလုံး အိပ်မောကျနေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တွဲတေးတူးမြောင်းထဲ ဝင်မှ အဒေါ်ကြီးက ပုတ်နှိုး၍ ကပျာကယာ ထရလေသည်။

မနွေးဝယ်သည် သင်္ဘောအေး၌ ကာထားသော ကာဘာပေါ်၌ လက်ထောက်လျက် အဝေးမှ ရန်ကုန်ဆိပ်ကမ်းကို မျှော်ကြည့်လိုက်သည်။ ကမ်းပါးရှိ တိုက်တာ ဂိုထောင် အဆောက်အအုံကြီးများသည် နေရောင်အောက်ဝယ် ပြားဝပ်ငုံ့လျှိုးလျက် နေကြသည်။ မြစ်ရေမှာ ခဲပုပ်ရေကဲ့သို့ မည်းညစ်နေသည်။ မားမတ်မိုးနေသော ရွှေတိဂုံ စေတီတော်ကြီးကား နေခြည်ထဲတွင် ဝင်း၍ နေ၏။ စင်ရော်တို့သည် ဝဲပျံကာ လာကြိုကြလေသည်။ မြစ်လယ်၌ နိုင်ငံခြား သင်္ဘောကြီးတစ်စီး ကျောက်ချ ဆိုက်ထားသည်။ သင်္ဘောကြီးနှင့် ကပ်လျက် ဆိုက်ထားသော စီ–ဘီ ဆန်တွဲများကို မြင်လိုက်ရသည်။

မနွေးဝယ်သည် အဝေးမှ စီ–ဘီတွဲများကို ငေးကြည့်ရင်း စိတ်ထဲ၌ ရွတ်ဆိုနေမိလေသည်။

"လျော် ရချေသေးရဲ့"

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၁၁)၊ အမှတ်(၁၂၇)၊ ဒီဇင်ဘာ၊ ၁၉၅]

# လူတစ်မျက်နှာ

(၁)

လူမြတ်သက်မှု၏ အမည်ရင်းမှာ မလှမှု ဖြစ်သည်။ ကောလိပ်ကျောင်းသို့ ရောက်သည့်နှစ်တွင် ကောလိပ်ကျောင်း၌ 'မှုမှု'ဟု အမည်တွင်ကာ 'မှုမှု'ဟူ၍ သူသိသူသိ များခဲ့၏။

မယ်တက္ကသိုလ် အရွေးခံရသည့်နှစ်၌ တိုင်းသိ ပြည်သိ သတင်းစာထဲတွင် ပုံနှိပ်စာလုံးနှင့် နာမည်ဖော်ပြ ကြေညာရအံ့ဆဲဆဲ သတင်းထောက်များကို လူမြတ်သက်မှု ဟူ၍ စိတ်တိုင်းကျ နာမည်ရှည် ဖြည့်စွက် မှည့်ပေးလိုက်လေ၏။

ထို့ကြောင့် မလှမှုသည် မှုမှုအဖြစ်မှ လူမြတ်သက်မှု ဖြစ်လာရလေသည်။ လူမြတ်သက်မှု ဆိုသော အမည်သည် မယ်တက္ကသိုလ် အရွေးခံရသည့်နှစ်၌ တစ်ကြိမ်၊ ဘိပ်ပြန် ကိုဘမောင်နှင့် မင်္ဂလာဆောင်စဉ်က တစ်ကြိမ်၊ ဤနှစ်ကြိမ်သည်သာလျှင် ပုံနှိပ်စာလုံးဖြင့် အမည်တွင်လိုက်ရလေသည်။ ယခုတော့သည်း မစွက်ဘမောင် ဖြစ်နေရ၏။

ဒီတစ်သက်တွင် လူမြတ်သက်မှု အမည်ကို အခွင့်ကြုံ၍ ပေါ်ပေါက်လာလျှင် အသုံးပြုသွားရန် စပယ်ယာ ထားရတော့ကာ မှုမှုဆိုသည့် အမည်ဖြင့်ပင် အားလုံးနှင့် ဆက်ဆံကျင်လည်နေရပေသည်။

မှုမှုသည် သံရုံးတစ်ရုံးမှ ပေးပို့လိုက်သော ဖိတ်စာကတ်ကို နံ့ငါမှ ခံယူကာ အိပ်ချင် မပြေတပြေ မျက်လုံးဖြင့် ဖတ်ကြည့်လိုက်သည်။ ဖိတ်စာထဲ၌ မစ္စတာနှင့် မစ္စက်ဘမောင်ဟု ပါရှိ၏။ ယဉ်ကျေးမှုအဖွဲ့နှင့် မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံရန် သံရုံးက ဖိတ်ကြားခြင်းကြောင့် ညှော်ခံပွဲ၌ ယဉ်ကျေးမှုကပွဲ ကပြလိမ့်မည် ဟွက်ကာ သွားချင်စိတ် ပေါ်လာလေသည်။

မှုမှုသည် ဖိတ်စာကတ်ကို ခုံပေါ်သို့ ပြန်တင်လိုက်သည်။ လက်မြှောက်၍ နာရီကြည့်လိုက်၏။ ညနေ လေးနာရီ မထိုးသေး၍ စောသေးသည်ဟု မျက်လုံးများ မှိတ်လျက် ပြန်မှိန်းပြန်သည်။

မှုမှု့ဘေးတွင် အိပ်မောကျနေသော ကိုဘမောင်၏ ဟောက်သံမှာ လွှဆွဲသကဲ့သို့ အချီအချ မြည်လျက်ရှိသည်။ ကိုဘမောင်မှာ နေ့လယ်တစ်နာရီလောက် ထမင်းစားပြီး တစ်ရေးအိပ်တတ်၏။ ညနေ ငါးနာရီလောက် ထမှ အိပ်ရေး ဝသွားသည်။ မှုမှုသည် ကိုဘမောင်နှင့် လက်ထပ်ပြီးနောက် နံနက်ထမင်းစားပြီး ကျောင်းစင်းရမှ ခေါင်းမကိုက်တတ်သူမို့ နေကုန်နေခန်း အိပ်တတ်ကြသည့် အကျင့်ချင်း တူကြလေ၏။

မှုမှုတို့ လင်မယားမှာ နတ်ဖက်သည့် လင်မယားဟု လူပြောများသည်။ အအိပ်စုံမက်သလို အစားစုံမက်ရာ၌လည်း နာမည်ရလောက်အောင် ဖက်မိကြသည်။ ညစာ ထမင်းစားပြီး တင်းမတိမ်တတ်ခြင်းကြောင့် ညတိုင်း ဆိုသလိုပင် သန်းခေါင်လောက် အိမ်က ထွက်သည်။ တရုတ်တန်း၊ ကုလားတန်းသို့ တစ်ပတ်ကျော့မှသာ ဝမ်းအေးသွားရမြဲတည်း။

ကိုဘမောင် ဘိလပ်ကပြန်ကာ မှုမှုနှင့် လက်ထပ်ပြီးကတည်းကပင်ပင်ပန်းပန်း အလုပ်လုပ်သူ မဟုတ်။ လခစား အစိုးရ အလုပ်လုပ်ရန် စိတ်ပျက်သည်ဟု အကြောင်းပြကာ ရှောင်သည်။ စက်မှုလက်မှု ကိုယ်ပိုင်လုပ်ငန်းတစ်ခုခု တည်ထောင်ရန် မှုမှု၏ မိဘများက အရင်းအနှီးထုတ်ပေး မစချင်သည်ကိုပင် ခေါင်းရှုပ်စရာ တာဝန် ဟူဟူသရွေ့တို့နှင့် လွတ်လွတ်ကင်းကင်းရှိအောင်ငြင်းရလေသည်။

ကိုဘမောင်သည် လက်ထပ်ပြီး ဝတ်လုံတော်ရ ဆိုင်းဘုတ်ကလေးကို ဘားလမ်း၌ သွားချိတ်ထားလိုက်ကာ ဆယ်ရက်နေမှတစ်ရက်လောက် ရုံးတက်သူ ဖြစ်သည်။

ကိုဘမောင်မှာ သားသမီး မရှိ။ အိမ်ထောင်သက် တစ်ရှောက်လုံး ပူပင်ကြောင့်ကြကင်းသည်။ မှုမှုနှင့် လက်ထပ်ပြီး ငွေတိုးချေးစားသော ယောက္ခမတိုက်ပေါ်တွင် ရုံးတက်ချင်မှတက်သော အလုပ်နှင့် ငါးနှစ်ခန့် အေးအေးဆေးဆေး နေခဲ့လေသည်။ ယောက္ခမများ သေဆုံးကုန်၍ ယောက်ဖအိမ်ထောင်စုနှင့် အတူတူ စုနေကြရာ မျက်နှာပူတော့မှ ယောက္ခမတိုက်ပေါ်မှ ဆင်းခဲ့ကာ ဦးလေးအိမ်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။





ကိုဘမောင်၏ ဦးလေးအတွင်းဝန် ဦးဘသောင်မှာ သားမယားမရှိ။ လူပျိုကြီး ဖြစ်သည်။ ဦးဘသောင်အိမ်၌ အိပ်ခန်းတစ်ခန်း စိုးပိုင်ထားကြသောကြောင့် အိမ်လခအတွက် ပူပင်သောက ကင်းသည်။ ထမင်းစားချိန်ကျရောက်သျှင် အခန်းတံခါးဖွင့်၍ စားပွဲ၌ ဆင်းစားကြရန် အဆင်သင့် ရှိနေ၏။ အဝတ်အစား၊ အခြားအသုံးအစွဲ စရိတ်များအတွက် ယောက္ခမတိုက်ခန်းလခင်ငွေများ မှန်မှန်ရှိနေသည်။

အတွင်းဝန် ဦးဘသောင်၏ အိမ်ပေါ်၌ ခရီးဝေးမှ ခေတ္တ တည်းခိုနေကြသော ဧည့်သည်အချိုးအတိုင်း နေရှိသရွေ့ ဧည့်သည်လုပ်နေကြလေသည်။ အတွင်းဝန် ဦးဘသောင်မှာ အိမ်ကပ်သူ မဟုတ်ချေ။ ရုံးနှင့် ကလပ်နှင့် အချိန်ကုန်နေသူ ဖြစ်သည်။

မှုမှုသည် ပြန်မှိန်းနေရင်း ညပွဲဝတ်ရန် သေတ္တာထဲမှ ထဘီများကို ရွေးချယ်စိတ်ကူးလျက် ရှိသည်။ ယခုတလော ညပွဲများ၌ အနက် ခေတ်စား၏။ ညပွဲတွင် အများအားဖြင့် မျက်နှာဖြူမများ အနက်ရောင် ဝတ်ဆင်လာကြသည်။ မြန်မာမများလည်း အနက်ရောင် ဝတ်ကြကာ ခေတ်စားနေချေပြီ။ အချို့မှာ ထဘီအနက်၊ အင်္ကျီအနက်ပါ ချုပ်ဝတ်နေကြပြီ။ မှုမှုသည် အင်္ကျီအနက်၊ လုံချည်အနက် ဝတ်ချင်လျက် တစ်ခုသော အကြောင်းကြောင့် အောင့်နေရသည်။ အနက်ထဲ၌ မည်းညစ်ညစ် ဖြစ်သွားမည့် ညိုသောအသားကို ငဲ့နေရသည်။

သေတ္တာထဲ၌ရှိသော ထဘီများအနက် ကုလားပြည်မှ လူကြုံနှင့် မှာခိုက်သော ဆာရီအနက်တော့ စိတ်ပျက်သည်။ ဆာရီထဘီအနက်မှာ ပွဲအပေါင်းဆောင်း နွှဲခဲ့ပြီး၍ အထပ်ထပ် ထပ်နေချေပြီ။ ရွှေခက် ငွေခက်များ နွယ်ထားသော အဝါနုနုကလေးကို ဝတ်သွားရန် စိတ်ကူးကြည့်သည်။ သည်ထဘီမှာ ခေါ်လာဆောင်ပွဲထိုင်သာ ရွေးဝတ်ခဲ့သည်။ အကြိမ်အရေအတွက် သိပ်မထပ်ပါ။ ဝါနုနုလေးကို ဝတ်သွားမည်ဟု စိတ်ကူးခါမှ ထဘီအောက်မှ ခံဝတ်ရမည့် အတွင်းခံ ပိတ်ထဘီက တမှောင့်၊ ဝင်နှောင့်နေပြန်သည်။

မှုမှု၌ အောက်ခံပိတ်ထဘီဆို၍ တစ်ထည်ပဲ ရှိသည်။ ဘယ်သွားသွား ဒီတစ်ထည်ပဲ ခံဝတ်နေကျ ဖြစ်သည်။

မှုမှုသည် အဝတ်လျှော်ရန် သူ့လက်ကလေးများ ပုံပျက်သွားမှာ စိုးမှုသည်။ မှုမှု၏ လက်ချောင်းကလေးများမှာ ခုံပေါ်၌ ချလိုက်လျှင် ကျောက်ရစ်ခဲကလေးများ ခုံပေါ်တွင် အသာပုံချလိုက်က ထွက်လာမည့် အသံမျိုးကဲ့သို့ 'ဂျရောက်'ဟု မြည်ထွက်သွားတတ်လေသည်။ လက်သည်းများကို လက်ဆစ်တစ်ဆစ်ခန့် ကာလအတန်ကြာ ဖွဲနုပဲနှင့် အရှည်ကြီးမွေးထားကာ



www.burmeseclassic.com

www.burmeseclassic.com

ဆေးနီရဲရဲကြီး ဆိုးထားလေသည်။

အတွင်းခံပိတ်ထဘီသည် ထဘီအောက်က ခံဝတ်သော အထည်ဖြစ်၍ ဖြူဖြူမည်းမည်း လူမမြင်ဟု ချုပ်ကတည်းက မလျှော်မဖွပ်ဘဲ ကိစ္စအေးဝတ်ခဲ့သည်မှာ ငါးလလောက် ရှိချေတော့မည်။

တစ်ခါတုန်းက ခုတင်ခြေရင်းတွင် ပိတ်ထဘီကို ကွင်းလုံးပုံချွတ်ထားခဲ့စဉ် ဘီလပ်ပြန် ကိုဘမောင်သည် ညစ်မည်းနေသော ပိတ်ထဘီကို အဝတ်ဟောင်းအမှတ်ဖြင့် နောက်ပိတ်ဖိနပ် ပွတ်သုတ်သွားခြင်းကြောင့် ညစ်ရသည့်အထဲ အကွက်ကြီးတွေက ထင်သေး၏။

မှုမှုသည် ပဝါသားကဲ့သို့ ခပ်ပါးပါး ရွှေထဘီပျောအောက်၌ ညစ်ထပ်ထပ် ပိတ်ထဘီကို ထပ်ခံ စိတ်ကူးကြည့်ရာတွင် ဝါနုနု ရွှေထဘီမှာ ခဲသားရောင် ပြောင်းသွားလျက် ညိုညစ်ညစ်ဖြစ်နေကာ အဟောင်းနှင့် တူနေတော့သည်။ မှုမှုသည် အကြီးအကျယ် စိတ်ပျက်သွားသည်။ မဖွပ်မလျှော်မိသောနောင်တသည် ရင်၌ လာကပ်ချေ၍ မျက်နှာကို ရှုံ့လျက် သက်ပြင်းထုတ်ပစ်သည်။ ခုနေ ထလျှော်လည်း ညပွဲအမီ ခြောက်နိုင်တော့မည် မဟုတ်၍ ပိတ်ထဘီဟောင်းနှင့် ခံဝတ်၍ ဖြစ်မည့် ထဘီများကို ရွေးရပြန်လေသည်။

ဟိုတစ်ထည်လည်း မကြိုက်၊ ဒီတစ်ထည်လည်း နေရာမကျ၊ တစ်ထည်ပြီးတစ်ထည် စိတ်ကူးဖြင့် ရွေးရာကြည့်ရသည်ပင် အမောသား။ တစ်ထည်ကိုရွေးနေရင်း ရင်ထဲ၌ ကြပ်ချင်ချင်၊ ခေါင်းသည်လည်း အုံတုံတုံ၊ နားထင်ထဲသွေးရောက်လာကာ တစ်ထည်မှ စိတ်တိုင်းလည်း မကျချေ။

မှုမှုနှင့် ကျောချင်းကပ်လျက် တခေါခေါ ဟောက်နေသည့် ကိုဘမောင်၏အသံကြီးမှာ အာခေါင်တွင်ကပ်၍ လျှာလိပ်ဟောက်နေခြင်းကြောင့် လတ်တလော နားထင်ထဲ သွေးရောက်လာသော ဝေဒနာကို တိုးလာစေသည်။ လျှာနှင့်လိပ်ထွက်နေသော အပြင်းအထန် ဟောက်သံကြီးသည် ပါးတွေ နားတွေကြိမ်းလာစေသည်။ မှုမှုသည် ကိုဘမောင်၏ခါးကို တတောင်နှင့် သုံးလေးချက်ဆောင့်တွက်ပစ်လိုက်သည်။

ကိုဘမောင်၏ ဟောက်သံသည် တုံ့ဆိုင်းရပ်သွားသည်။ အင့်ဆိုသောအသံကြီးကို ကြာရှည်ဆွဲကာ လေးတွဲ့တွဲ့ ညစ်ထုတ်လျက် ပက်လက်လှန်လိုက်သည်။

မကြာခင်သော အချိန်ကာလ အပိုင်းအခြားအတွင်း ကိုဘမောင်သည်တစ်ဖက်သို့ ပြန်စောင်းသွားကာ ဟောက်သံကြီး ပေါ်ထွက်လာပြန်သည်။

မှုမှုသည် အိပ်ရာမှ ငေါက်ခနဲ ထလိုက်သည်။ ကိုဘမောင်၏ လက်





ပြင်ကြီးကို လက်သီးနှင့် ထုပစ်ခဲ့ကာ စိတ်နှင့် မာန်နှင့် ခုတင်ပေါ်မှ ဆင်းလိုက်လေသည်။

ကြမ်းပေါ်၌ အမှုန့်များ ပက်ဖြူးထားသကဲ့သို့ ဖွေးဖွေးလှုပ်နေသောခုတ်တို့သည် ဒေါ်နှင့် မောနှင့် နင်းသွားသော ခြေရာတွေကို ပုံကျကျ တသီကြီး ဖော်ပြကြလေသည်။

မှုမှုသည် ခုတင်ခြေရင်းရှိ မှန်ခုံရှေ့၌ ရပ်ကာ မှန်ထဲကြည့်လိုက်သည်။ မှန်သားပေါ်၌ အကွက်များ၊ အစက်များဖြင့် ရှုပ်ရော မှေးမှိန်နေသဖြင့် အားစိုက်၍ မျက်နှာနှင့် ကပ်ကာ အားပြု၍ ကြည့်ရလေသည်။

နေ့လယ် တရေးဝဝ အိပ်ထားခြင်းကြောင့် မျက်ခွံကလေးသည် နကိုထက်ပိုမို၍ မို့နေသည့်အတွက် ကျေနပ်သွားသည်။ မျက်ခွံအထက်က မျက်ခုံးတစ်ဖက်မှာတင်ထားသလို တန်းသွယ်လျက်ရှိနေ၏။ အရင်းတုတ်တုတ်၊ အဖျားသွယ်သွယ်၊ မပါးမထူ ရှိအောင် ဂရုစိုက်လျက် နေ့စဉ်နှင့်အမျှ ပြုပြင်ပေးသည်။ မျက်ခုံးပုံကျမကျ စစ်ဆေးကြည့်ရှုနေရင်း ကျောင်းနေဖက် မေဂျာဖေသက်ကိုသွားသတိရသည်။ မေဂျာဖေသက်မှာ နိုင်ငံခြားသွားမည် ဖြစ်၍ အကယ်၍ညပွဲ၌ ဆုံမိကြလျှင် မျက်တောင် မွေးကြီးများ အထက်သို့ ကော့မတင်ပေးနိုင်သောကိရိယာ တန်ဆာပလာများ မှာလိုက်ဖို့ရာ သတိပြုလိုက်လေသည်။

မှုမှုသည် မှန်ပေါက်ထွက်မတတ် မျက်နှာနှင့် မှန် အပ်ထားလျက် စင်းကျနေသော နှာတံကလေးကို သုံးလေးခေါက်မျှ တည့်တည့်၊ ဘေးစောင်းလှပ်ကြည့်နေသည်။ သုံးလေးခေါက်စလုံး နှစ်သိမ့်သွားလေ၏။

ကောလိပ်ကျောင်း၌ အမည်မသိသော သူများက မှုမှုကို နှာတံပေါ်ပေါ်နှင့်ဟု ဝိသေသအထူး အမှတ်အသားပြု ပြောကြတာ ဘယ်တော့များမှ မမေ့၊ မှန်ကြည့်တိုင်း အမှတ်တရရ ရှိသည်။

ကျောင်းထွက်မှ အိမ်တွင် နေ့ရှိသရွေ့ စားပြီးအိပ်၊ အိပ်ပြီးစား ရှိရ၍ပြန်ပျက်စွာ အလွန်ဆူဖြိုးနေသော ကိုယ်လုံးကိုယ်ထည်ကြီးကို နည်းနည်းလေးမှ စိတ်တိုင်းမကျသည်မှတစ်ပါး ဘယ်တော့ကြည့်ကြည့် လှနေသောမျက်နှာ၏ အလှကို အားအထားဆုံး ဖြစ်ပေသည်။

မှုမှု၏ အကြည့်သည် မျက်ခုံး မျက်လုံး နှာတံမှ ဆင်းလာခဲ့ကာ နှုတ်ခမ်းပေါ်တွင် ဝဲနေလေ၏။ မှုမှုသည် နှုတ်ခမ်းကလေးကို စိမ်ပြေနပြေကြည့်နေရာက ခုတင်ဘေး၌ရှိသော စားပွဲခုံဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

စားပွဲခုံပေါ်၌ ကိုဘမောင်၏ အမှုတွဲများမှာ အနေနေ့ အရက်ရက်က



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖရိုဖရဲ ပုံယိုင်လျက် ရှိနေ၏။ ကိုဘမောင်၏ ဆေးပြင်းလိပ်တိုများနှင့် ပြာပုံသည်လည်း ပြန့်ကျဲလျက် ရှိနေ၏။ မနေ့ညက အိပ်ရာဝင်ခါနီး စားထားကြသော မြေပဲလှော်ခွံများမှာ ခုံပေါ်၌ ပွစွလျက် မနေ့ညက ပုံအတိုင်းပင်။ ပုရွက်ဆိတ်များသည် မြေပဲခွံတွေထဲ၌ တပျော်တပါးကြီး အုံဖွဲ့ ပြေးလွှားနေကြရင်း တစ်နေရာ၌ရှိသော ကွမ်းယာထုပ်ထဲသို့ လမ်းမှားရောက်သွားကြရာမှ တသီတတန်းကြီး ပြန်ပြေးထွက်ကြလျက် နှုတ်ခမ်းပြတ်သပ်နေသည့် နှီးခွက်စုတ်တင်ထားသော ရေတကောင်းအိုးတွင် ကြောင်လိမ်လှေကားတက်သလို ကွေ့ပတ်ပြေးဖက် တက်နေကြလေသည်။ ရေခွက်ထဲ၌ တစ်ဝက်ခွေနေသော စံပယ်ကုံးသည် ညှိုးဝါးနေကာ တစ်ဝက်မှာ ရေတကောင်းပေါ်သို့ ကြိုးစ တန်းလန်းနှင့် တွဲလောင်းကျလျက် ရှိသည်။

ဘားမားစတား၊ တိုင်းရင်းမေ၊ စုံထောက်ဝတ္ထု၊ ဟောလီးဝုဒ်၊ ရုပ်ရှင်စာစောင်များကား နှစ်နှင့်ချီ၍ ခုံပေါ်၌ ဖုတ်လူးနေကြလေသတည်း။

မူမူသည် စားပွဲခုံသို့ လှည့်ကြည့်လိုက်သည့်အခါ ခုံပေါ်၌ မြင်မကောင်းအောင် စုပေါင်းနေသော ဤအရာတွေကို မမြင်လေသည်၊ မြင်လေသည် မဆိုနိုင်။ မက်စ်ဖက်တာကုမ္ပဏီမှ လက်ဆောင်ပေး၍ စားပွဲပေါ်၌ ထောင်ထားသော ရုပ်ရှင်မင်းသမီး 'ဂျက်နက်လေး'၏ ပုံကားကို ကွင်းကြည့်လိုက်သည်။

နှုတ်ခမ်းရဲရဲဆိုးထားသော ရုပ်ရှင်မင်းသမီး ဂျက်နက်လေး၏ နှုတ်ခမ်းလေးကို စိုက်ပြီး ကြည့်လျက် သူ့နှုတ်ခမ်းလေးနှင့် ဆင် မဆင်၊ တူမတူ မှန်ထဲ လှည့်ပြီး ယှဉ်ကြည့်နေသည်။ အပေါ်နှုတ်ခမ်းသည် ခလယ်၌ ချိုင့်ကာ အထက်သို့ ခုံးမို့ပြီးမှ ကျသွယ်ရှူးလျက် အောက်နှုတ်ခမ်းသည် ပွင့်အာလန်ကျနေသော နှင်းဆီဖတ်နှင့် တူရမည် ဖြစ်သည်။

ဘာပြောပြော မျက်နှာပဲ စိတ်တိုင်းကျသည်။ မျက်နှာပဲ ကျေနပ်သည်။ သည်မျက်နှာပိုင်ရှင်မျိုးသည် ဘာမှ အရေးထားစရာ မဟုတ်။ ဘယ်လိုနေနေ ဘယ်လိုဝတ်ဝတ် လှသည် ချောသည်ပင်ဖြစ်ရမည်ဟု စိတ်ချ ယုံကြည်လိုက်သည်။

မူမူသည် မှန် ဝအောင် ကြည့်ပြီး နဖူးပေါ်၌ ကောက်လိပ်ကျနေသော ဆံနှင့် မထိရသည့် လှိုင်းဆံပင်ကို ကောက်သထက် ကောက်လိမ်စေရန် ဝိုင်ယာကြိုးနှင့် လုပ်ဖို့အတွက် ဝိုင်ယာကြိုး လိုက်ရှာလေ၏။ မှန်ခုံမှာ ရှေးရှေးကပုံစံ ဘဲဥပုံသဏ္ဌာန် မှန်တွင် သစ်သားပန်းပွင့်များဖြင့် ထွင်းကွပ်ထားသည်။ ဆွဲအံလေးနှစ်ခု မှန်အောက်၌ ရှိ၏။ ဆွဲအံလေးနှစ်ခုကို ဖွင့်ရှာရာတွင် အထဲ၌ ပစ္စည်းများ ပြည့်ကြပ်နေလေ၏။ ပြည့်နေသော ပစ္စည်းများမှာ ဘာတွေမှန်း ကျကျနန မမှတ်မိ။ တစ်ခါမှလည်း မရှင်းမကြည့်၍ ဘာတွေမှန်း သေသေချာချာ





မပြောနိုင်ချေ။ ဓာတ်မီးခဲကြိုး၊ ဝိုင်ယာကြိုးသာ အတွင် ရှာသည်။ အထက်အံဆွဲငယ်လေးနှစ်ဖက်၌ မတွေ့၍ ခုံအောက်က အံဆွဲကြီးကို ဆွဲဖွင့်လိုက်သည်။

အံဆွဲထဲ၌ စိတ်ရှိလက်ရှိ မွှေရှာပစ်လိုက်ရာ ကိုဘမောင်၏ အပေါ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ်၊ ပုဆိုး စသော အဝတ်အထည်များမှာ မူမူ၏ ပန်းရောင်ကြိုးသိုင်း ခုံမြင့်ဖိနပ်နှင့် လိပ်ထွေး လုံးပတ် ရှုပ်ပွသွားလေ၏။

အောက်အံဆွဲကို ဖွင့်ရှာပြန်သည်။ ချည်ထဘီ၊ ထဘီ တစ်ပတ်ရစ်တွေ ဆိုးသိပ်ထည့်ထား၍ အံဆွဲနှင့် ညပ်နေသည်။ အံဆွဲမှာ တော်တော်နှင့် ဖွင့်မရ၊ အားထုတ်ပြီး ဆောင့်ဆွဲဖွင့်တော့မှ ပွင့်တော့၍ ချွေးကျလာသည်။

ဆံပင်လိပ်ရန် ဝိုင်ယာကြိုးကို အပူတပြင်း ရှာတော့မှပင် အံဆွဲထဲ၌ ယခင်လက မသန့်မရှင်းသော ထဘီများ မလျှော်ရသေးဘဲ ခေါက်ထိုးထည့်ထားတာ သွားတွေ့မိသည်။ တစ်နေ့မှပဲ တစ်ထည်လုံး မဟုတ်သည့်တိုင် ဘွက်လျှော်ပစ်ရန် တစ်နေ့မှပဲဟု စိတ်မှတ်ထားလိုက်သည်။ အံဆွဲတစ်ခုလုံး မွှေ၍ကြည့်သော်လည်း ဝိုင်ယာကြိုးကို မတွေ့သဖြင့် စိတ်အိုက်အိုက်နှင့် ပြန်ဆောင့် ပိတ်ပစ်လိုက်သည်။

မှန်ခုံပေါ်၌ ရှိရှိသမျှ ဘူး ခွက်တို့ကို ဖွင့်မှောက်ရှာသည်။ ရေမွှေး၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ၊ မိတ်ကပ် စသော မက်စ်ဖက်တာဆက်များ ခုံပေါ်၌ ရှုပ်ယှက်ခတ်သွားတော့မှ ဝိုင်ယာကြိုး ဘယ်မှာရှိမှန်း သတိရလေသည်။ မူမူသည် ခေါင်းအုံးအောက်၌ ပြေးယူလေသည်။

ကိုဘမောင်သည် ဒုန်း ဒိုင်း အသံဗလံများကြောင့် နိုးသွားကာ ပက်လက်လှန်လိုက်လေသည်။ မူမူသည် ဝိုင်ယာကြိုးယူရန် ခေါင်းအုံးကို မ ဖယ်ပစ်လိုက်ရာ ကိုဘမောင်၏ မျက်နှာပေါ်သို့ အုပ်ကျသွားသည်။

"ဟေ့ ဘာလုပ်နေတာလဲကွ"

ကိုဘမောင်သည် မျက်နှာပေါ် ကျလာသော ခေါင်းအုံးကို ခြေရင်းဘက်သို့ ပစ်လိုက်ပြီးနောက် အာလေး လျှာလေးသံကြီးဖြင့် မေးလိုက်သည်။

"ထလေ ကိုရဲ့၊ ငါးနာရီထိုးတော့မယ်။ ည ပါတီသွားရမှာ"

ကိုဘမောင်မှာ အိပ်ရေးမဝသေးချေ။ ညနေ ၆ နာရီမှ ထကာ ရေချိုး၊ ထမင်းစားလဲလည်း မူမူကို သူက စောင့်ရဦးမှာ မြင်ယောင်သေးတော့၍ မထ ဘဲ ခဏမှိန်း အိပ်ပြန်လေသည်။

မူမူသည် ရှေ့၌ ကျနေရမည့် လှိုင်းဆံပင်ကို ဝိုင်ယာကြိုးနှင့် ညှပ်၍ လိပ်လိုက်ကာ နဖူးထိပ်၌ ကွေးစုထားလိုက်ပြီးနောက် ဆံပင်ကို ခပ်မြင့်မြင့်တင်၍ လိပ်ခွေ ထုံးလိုက်လေသည်။ ခေါင်းဖြီးပြီး အင်္ကျီများချွတ်ကာ ထဘီရင်ရှား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ရေမချိုးမီ ညပွဲဝတ်သွားမည့် အင်္ကျီထဘီများ အသင့်ထုတ်ထားရန် ရှိ သေး၍ ခုတင်အောက်က သားရေသေတ္တာကြီးကို ဆွဲထုတ်ယူလေသည်။ သားရေသေတ္တာ အဖုံးပေါ်၌ လက်တစ်လုံးလောက် ဖုန်တက်နေပုံမှာ ပေါင် မုန့်ပေါ်၌ ထောပတ်ထူထူ သုတ်ထားသကဲ့သို့ ရှိ၍ မဖွင့်ခင် ဝူးခနဲမှုတ်ပြီး ဖွင့်သည်။

အောက်က ခံဝတ်ရမည့် အတွင်းခံ ပိတ်ထဘီ ညစ်မည်းမည်းမဖြ နိုင်မည့် နီညိုရောင် တရုတ်ဖဲလုံချည်ကို ဆွဲထုတ်ယူလိုက်သည်။ နီညိုရောင် လုံချည်နှင့် ဝတ်သွားမည့် နိုင်လွန်ပန်းရောင်အင်္ကျီလက်တို၏ လည်ပင်းထောက် ကော်လံကုတ်တွင် ချေးများ ပေနေသည်။

မူမူသည် နိုင်လွန်အင်္ကျီဝတ်ပြီး မလျှော်ဘဲ ပြန်ခေါက်ထားလိုက်လျှင် ပြန့်ပြီးသားကြောင့် ဘယ်နှစ်ခါ ခေါက်မိလေသည်ပင် မမှတ်မိတော့။ ကုတ်က ချေးကြောင်းကြီး မြင်မှပင် လျှော်ဖို့ သင့်ပြီဟု ယူဆသည်။

အင်္ကျီလက်ရှည်ဝတ်လျှင် ပဝါချရမှာ ကြောက်သည်။ ပဝါချလျှင် အသက်ကြီးရုပ်ဆောင်သည်ဟု ထင်ထားသည်။ ညပွဲပဲ မမြင်ပါဘူးဟု အား တင်းလိုက်ကာ ကုတ်ချေးပေပေ နိုင်လွန်လက်ပြတ်တွင် ကြယ်စေ့တပ်လိုက် လေသည်။ သေတ္တာထဲ၌ ဘောကြယ်စေ့တပ် ပုံကျကျ ဇာဘော်လီအင်္ကျီကို ရှာ မတွေ့ပြန်၍ စိတ်ရှုပ်သွားပြန်သည်။ နိုင်လွန်လက်တိုနှင့် ထဘီကို အိပ်ရာပေါ် သို့ ပစ်တင်လိုက်ပြီးနောက် သေတ္တာကို ခုတင်အောက်သို့ ပြန်တွန်းပို့လိုက်သည်။

မှန်ခုံအနီး၌ ထားသော ဒိုဘီခြင်းမှာ မလျှော်ရသေးသော အဝတ်များ နှင့် လျှော်ပြီးသား မခေါက်ရသေးသော အဝတ်များ စုပေါင်းလုံးထွေးသိပ် ထည့်သိမ်းထားရာ အဝတ်ခြင်းဖြစ်၏။ ဒိုဘီခြင်းထဲ၌ ဘောကြယ်စေ့တပ် ဇာဘော်လီအင်္ကျီကို အဟောင်းတွေ့မလား၊ လျှော်ပြီးသား တွေ့မလား မသေ ချာ၍ ခေါင်းကြီးကြီးဖြင့် တစ်ထည်ပြီးတစ်ထည် ဆွဲဖွရှာလေ၏။

ခြင်းထဲ၌ ကိုဘမောင်၏ မျက်နှာသုပ်ပဝါ၊ စွပ်ကျယ်၊ ရုပ်အင်္ကျီအဟောင်း အသစ်တို့သည် မူမူ၏ ထဘီ၊ အင်္ကျီ၊ လျှော်ပြီးသား မလျှော်ပြီးသားတို့နှင့် လုံးထွေး ပွသွားလေ၏။

ကိုဘမောင်မှာ ထဘီနှင့် မျက်နှာသုတ်ပဝါ လုံးနေလည်း ပြောသည် ဆိုသည့် လူစားမျိုး မဟုတ်ချေ။ လူအေးမှ တကယ့်လူ့ရေခဲတုံးကြီး ဖြစ်သည်။ မကြာသေးမီက လသာဆောင် ဝရန်တာ၌ မူမူ၏ ထဘီရေစိုတစ်ထည် လွှား လှန်းထားရာ အတွင်းဝန်အိမ် မျက်နှာစာ ဝရန်တာ၌ ထဘီလှမ်းထားထား





မမြင်မတော်လွန်းသဖြင့် ကိုယ်တိုင် ထဘီရုပ်လျက် ခုဟင်ခြေရင်း၌ ပြောင်း ...မ်းပေးလိုက်သည်။

တံမြက်စည်း မကိုင်ချင်သော တက္ကသိုလ်ကျောင်းသူနှင့် လက်ထပ်ပြီး ...ည့်နောက်၌ အိမ်ထဲတွင် ဖုတ်ထ၍ ဖုတ်ထူထူ၊ သဲရုပ်ရုပ်ဖြင့် နေသားကျနေ ...၏။ ဦးလေးအိမ်သို့ ပြောင်းခဲ့ပြီးနောက် ဖုတ်တသောသော တက်နေသော ...န်းကို ဦးလေးအတွင်းဝန် မြင်သွားမှာ စိုးရိမ်စိတ်ဖြင့် အခန်းတံခါး အမြဲ ...င့်ပိတ်ရာ၌ မပေါ့မလျော့ ဂရုစိုက်သည်။

ကိုဘမောင်သည် မယ်တက္ကသိုလ်ဘွဲ့ရ မိန်းမချော မိန်းမလှ ရခဲ့ပြီး ...ည့်နောက် အိမ်ထောင်ရေးကဏ္ဍ၌ သူ၏ စိတ်ကြိုက်သည် ပြီးဆုံးတိုင် ...၏။

မူမူမှာ ကိုဘမောင်အား သူ့အလှဘွဲ့ကို ပေးအပ်ခြင်းဖြင့် အိမ်ထောင်ရေး ...င် တာဝန်ပြီးဆုံးတိုင် ထားလေသည်။

မူမူသည် အဝတ်ခြင်းထဲ၌ ဘောကြယ်စေ့တပ် ဘော်လီအင်္ကျီကို ရှာ ... ကိုဘမောင် လျှော်ပေးထားမှန်း တွေ့၍ များစွာ ကျေးဇူးတင်သည်။ ...ဘော်လီအင်္ကျီမှာ မီးပူမတိုက်ရသေးသဖြင့် တွန့်ကြေနေလေသည်။ အင်္ကျီကို ...ရာပေါ်၌ ဖြန့်ကာ တွန့်ကြေသော နေရာများ၌ လက်ဖနောင့်နှင့် ဖိပွတ် ...ဖြန့်သည်။ ဘော်လီလက်ကြိုးမှာ မပြန့်လှ၍ ဆွဲဖြောင့်ကာ ဆေးဆိုးထား ...ာ လက်မ လက်သည်းခွံရှည်ကြီးဖြင့် ကြိုးစပြန့်အောင် ဆွဲခြစ်ဖြန့်နေသည်။ ...လေးကြိမ် လက်သည်းနှင့် ခြစ်ရသေးသည်။ ဘော်လီကြိုးသည် လက်သည်း ...နှင့် ငြိလျက် အရင်းမှ ကြိုးစ ပြတ်ထွက်သွားလေ၏။

အဲဒါမှ ခက်သည်။ မူမူ၌ အပ်နှင့် အပ်ချည်လုံးများ မရှိချေ။ အိမ်၌ ...နှင့် အပ်ချည်လုံး ဘယ်တော့မှ မရှိမှန်း အတတ်သိ၍ ဘယ်မှာမှ မရှာ ...ဘဲ ပြုတ်သွားသော လက်ကြိုးကို ချိတ်ကလေးနှင့် တွယ်ချိတ် ဝတ်သွား ...ပြီးစလွယ် စဉ်းစားကြည့်လိုက်သည်။

ချိတ် ဘယ်နေရာ ရှိမရှိ စဉ်းစားသည်။ ချိတ်ရှိမည့် နေရာကို သိပ် ...စားရချေ။ ဘယ်မှာရှိမှန်း ဒက်ခနဲ ခေါင်းထဲ ဝင်လာလေသည်။

ခုတင်၌ ထောင်ထားသော ဇာခြင်ထောင်ကြီး ပြဲနေ၍ ပြသည့်နေရာ ...လုံးပြီး ချိတ်ကလေးနှင့် တွယ်ထားလေရာ ထိုချိတ်ကို ဖြုတ်ယူရန် ခုတင် ...ခြင်ထောင်စကို ဆွဲချလိုက်လေ၏။

တစ်ရေး ပြန်မှေးအိပ်နေသော ကိုဘမောင်သည် ခြင်ထောင်စနှင့် ...နှင့် ခပ်သွားပြန်၍ နိုးသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ လုပ်နေတာလဲကွ"

မှုမှုသည် ခြင်ထောင်ထဲ မျက်နှာဝင်လာသော ကိုဘမောင်ကို လှည့်မကြည့်အားဘဲ 'ကတည်းမှပဲ မထသေးဘူးလား'ဟု စိတ်မရှည်သံဖြင့် ပြန်ပြောသည်။

ခြင်ထောင်ကို ပြန်မတင်ခဲ့တော့ဘဲ အိပ်ရာပေါ်မှ ထဘီ၊ အင်္ကျီများကို ခြင်ထောင်ပြင်ဘက်သို့ ထုတ်ယူလျက် ဒိုဘီခြင်းပေါ်၌ ပုံချမလို ပြုပြီးမှ သတိရ၍ မချခင် ဖုတ်ကို တအားမှုတ်သည်။ ဇာဘော်လီလက်ကြိုး၌ ချိတ်ကလေး တွယ်ကပ်လိုက်ပြီးနောက် ရေချိုးခန်းသို့ ပြေးဝင်သွားလေသည်။

ကိုဘမောင်သည် ခြင်ထောင်ထဲ၌ မျက်နှာသွင်း၍ ပြန်မှိန်းနေရင်း ရေချိုးခန်းထဲမှ မှုမှု၏ တေးသံကို ကြားရလေသည်။

ရေချိုးရင်း အသံဝဲဝဲနှင့် မေးရိုက်ကာ ဆိုနေသော တေးသံသည် မြန်မာ သီချင်း မဟုတ်ပေ။ လန်ဒန်တံတားခေါ် အင်္ဂလိပ်တေးသီချင်းဖြစ်သည်။ မှုမှု သည် အင်္ဂလိပ်သီချင်းမှ ဆိုချင်သည်။ အင်္ဂလိပ်အကလည်း ကျောင်းထွက်မှ ကတတ်အောင် သင်ထားသည်။ ကပွဲသွားလျှင် ကိုဘမောင်မှာ ငုတ်တုတ်ကြီး ထိုင်ကြည့်နေသည်။ မှုမှုသည် ဆရာဝန်တစ်ယောက်နှင့် တွဲကနေတုန်း ငုတ် တုတ်ကြီးထိုင်လျက် သမ်းဝေနေတတ်သော ကိုဘမောင်ကို မေ့လျော့နေတော့ သည်။

ရေချိုးခန်းထဲ၌ အင်္ဂလိပ်သီချင်းများ သံဝဲ သံတုန် သုံးလေးပိုဒ် သီဆို ပြီးလျှင် ရေချိုးခြင်းကိစ္စ ပြီးသွားလေ၏။ ညနေ ၆ နာရီလောက်တွင် မှုမှု၏ မျက်နှာသည် ပန်းရောင်သွေးတက်လာလေပြီ။ မျက်ခုံးတို့သည် မည်းသွယ်... ချေပြီ။ နှုတ်ခမ်းကလေးသည် အင်္ဂလိပ်ရုပ်ရှင်မင်းသမီး "ဂျက်နက်လေး"နှုတ် ခမ်းကဲ့သို့ တစ်ပုံစံတည်း ရဲရဲနီသွားချေပြီ။ လှိုင်းဆံဖားဦးတို့သည် နဖူးပေါ်၌ လွန့်လိမ်ကောက်ကျလာကြသည်။ မှန်ခုံတိုင်၌ ညှပ်သွင်းထားသော ကတ္တီပါ ပန်းပွင့်နီနီကြီးကို ဖြုတ်ယူလျက် ဆံထုံးအောက်၌ ပန်လိုက်လေ၏။

ကိုဘမောင်သည် မှုမှုသနပ်ခါးလိမ်းပြီး၌ အိပ်ရာက ထကာ ရေချိုးခန်း သို့ ဝင်သည်။ မှုမှု အဝတ်အစား လဲနေတုန်း အောက်ထပ်သို့ ရောက်သွားသည်။ ကိုဘမောင်သည် အပေါ်အင်္ကျီအဖြူ၊ ခဲရောင် ဘန်ကောက်လုံချည် ဝတ်ဆင် ထားလျက် မှုမှုကို ထိုင်စောင့်ရင်း၊ စားပွဲပေါ်မှ သတင်းစာကို ဆွဲဖတ်နေလေ၏။

[၂]

သံရုံးရှေ့၌ လမ်းနှစ်ဖက်တွင် ကားများ ပိတ်ရပ်လျက် ရှိနေ၏။ သံရုံးအ... ကားကြီးတွေ များများမြင်လိုက်၍ 'တော်တော် လူစုံမယ့်ပွဲပဲ'ဟု မှုမှုက ပြော...





...ိုက်သည်။

သံရုံးထဲ ကားဝင်၍ ကားပေါ်မှ ဆင်းကြလျှင် စောင့်ရပ်ကြိုနေသော သံတမန်နှင့် သံတမန်ကတော်တို့က ဧည့်သည်တို့အား တစ်ဦးစီ လက်ဆွဲနှုတ်ဆက်လေ၏။

အဝင်ဝနှင့် မလှမ်းမကမ်းရှိ မြက်ခင်းကြီးပေါ်၌ လူအုပ်ကြီးကို တွေ့ရသည်။ လူအုပ်ကြီးမှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်လာကြလျက် ကိုယ့်အစုနှင့်ကိုယ် မတ်တတ်၊ မတ်တတ်ဖြင့် ဝိုင်းဖွဲ့ရပ်နေကြသည်။ လူအုပ်ထဲ၌ အဝတ်ဖြူများ ဝတ်ဆင်ထားကြသော ဘွိုင်ကုလားများသည် ဘီလပ်ရည်ခွက်များ၊ အရက်ခွက်များ ဗန်းပေါ် ဟင်လျက် ကြိုက်ရာခွက်ကို လှမ်းလင့်ယူ သောက်ကြရန် စောင့်ရပ် ကမ်းနေကြ၏။

မှုမှုသည် ဒေါက်မြင့်ကြိုးသိုင်းဖိနပ်ပေါ်အောင် ထဘီစကို ပင့်ဆွဲကာ အမေရိကန်ရုပ်ရှင်ထဲက မယ်ရီလင်မွန်ရိုး လျှောက်ပုံမျိုးအတိုင်း လိမ်ဖယ်ဖယ် လျှောက်ခဲ့လေ၏။

အင်ဒိုနီးရှား သံအရာရှိကတော်သည် ပါတိတ်ဆင် ထဘီဝတ်လျက် ငွေချည်ထိုး ဇာပဝါလက်လက် စိမ်းစိမ်းကလေးကို ကျော၌ သိုင်းပတ်ချထား သေး၏။ အင်ဒိုနီးရှား ကတော်နား၌ ပါကစ္စတန်ကတော် ရပ်နေသည်။ ပါကစ္စတန် သံအရာရှိကတော်မှာ အရွယ်သိပ်မကြီးသေး။ အိန္ဒိယ အမျိုးသမီး ဝတ်စုံ ဆာရီကို ဝတ်ဆင်ထားသည်။ ပါကစ္စတန် သံအရာရှိကတော်အနီး ...ငယ်အမျိုးသမီး သုံးလေးဦး ရပ်နေသည်။ သူတို့သည် ပါးနီ နှုတ်ခမ်းနီ ... လှပသော ဂါဝန်ရှည်ကြီးများ ဝတ်ထားကာ အင်ဒီးယား ငွေချည်ထိုး ...ရိုပဝါများ ခြုံထားကြသည်။ မှုမှုသည် ၎င်းတို့ ဝိုင်းတွင် ရပ်မည်ဟု ကြံ... တစ်ဝိုင်းသို့ မျက်စိရောက်သွားသည်။

ဗြိတိသျှသံရုံး၊ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလီးယား စသော ...နှာဖြူ အရာရှိကတော်ကြီးများ၏ ဝိုင်းဖြစ်သည်။

မျက်နှာဖြူကတော်များ ဝိုင်းထဲ၌ အမေရိကန်သံရုံးမှ အသီကို မြင် ...က်သည်။ မှုမှု၏ အသီသည် ဖွေးဖြူနေသော ရင်ညွန့်တစ်ခုလုံး ဖော်ထားလျက် ...လည်ကပ် ဆွဲထားသည်။ ဂါဝန်အနက် အရှည်ကြီးမှာ မြက်ခင်းပေါ်၌ ...သည်။ မှုမှုကို လှမ်းပြုံးလိုက်သည်။

ဆံပင်အလိပ်များ ယယ်ထိပ်၌ အမို့မို့ ခွေလိပ်လျက် လည်ပင်း၌ ... ...သုံးဆင့် ဆင့်၍ ဆွဲထားကာ ဂါဝန်ရှည်အဖြူ ပိုးလက်စွပ်အိတ်အနက် ... သူတို့ဝိုင်းထဲတွင် အရပ်အရှည်ဆုံး အမျိုးသမီးကြီးသည် ရာသီဥတုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြနေလေ၏။

မှုမှုသည် သူတို့ဝိုင်းထဲ ဝင်ရပ်လိုက်၏။ ကိုဘမောင်မှာ အသိများနှင့် တွေ့ဆုံရန် သောက်ဝိုင်းများ၌ လိုက်ရှာနေသည်။ မှုမှုသည် ဝိုင်းထဲ ရပ်မိလျှင် မျက်နှာဖြူ အမျိုးသမီးအားလုံးနှင့် လက်ဆွဲ နှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ပြီး ရာသီဥတုအကြောင်းပဲ လိုက်ရောပြောသည်။ စကားပြော နေရင်း ဘေးချင်းကပ်ဝိုင်းမှ မြန်မာအမျိုးသမီးများဆီသို့ လှမ်းကြည့်လေသည်။

မီးရောင်ထဲဝယ် မြန်မာအမျိုးသမီးဝိုင်းမှာ ပဝါရောင်စုံဖြင့် ကြေရှု တွေ့ရ၍ ပဝါမချဘဲ လက်တိုအင်္ကျီနှင့် လာခဲ့တာ သိပ်မကောင်းလှဟု စဉ်းစား မိသည်။ လူအုပ်ထဲ၌ ကျောင်းနေဘက် မင်းကြီးကတော်ကို မြင်လိုက်၏။ မှုမှု သည် လှမ်းပြုံးလိုက်သည်။

မှုမှုသည် ရှမ်းပြည်နယ်၊ ကလော၊ တောင်ကြီးမြို့များ၏ သာယာအေးမြ သော ရာသီဥတုအကြောင်းကို ဘိုသံပါပါ တရွတ်ရွတ် ပြောပြရင်း ဘွိုင်ကုလား လာပေးသော ဗန်းထဲမှ ဝိုင်ခွက်ကလေးကို လှမ်းယူကာ နှုတ်ခမ်းနှင့် တေ့လိုက် လေ၏။

သံရုံးဝင်းထဲသို့ ကားကြီးများ တစ်စီးပြီးတစ်စီး ဝင်လာကြသည်။ ကားထဲမှ ဖိတ်လျှံကျလာသော ဝါနနု ရွှေခက်ကလေးကို လှမ်းကြည့်ရင်း ရင် တိုက်လိုက်သော အတွင်းခံ ပိတ်ထဘီညစ်ကို သတိရသည်။ ကိုဘမောင်မှာ ဘယ်ဝိုင်းတွင် ရှိနေမည် မသိ။ နိုင်ငံခြားသွားမည့် မေရှာဖေသက်ကို လူအုပ် ထဲ၌ တွေ့လို့တွေ့ငြား ရှာကြည့်သေးသည်။

ဘွိုင်ကုလား အနား လာရပ်ပြန်သည်။ မြည်းစရာ အကြော်အလှော် ပန်းကန်ထဲမှ မြေပဲကြော်ကို နှိုက်ယူမည်ပြုပြီး မှ လက်ရပ်လိုက်သည်။ မထော် တဆ ချောင်းများဆိုးလာလျှင် အခက်…ဟု ကျိတ်တွေးပူပန်ကာ ဝိုင်ခွက်ကို ခွက်မှောက်ချလိုက်ပြီးနောက် ဗန်းထဲ၌ ထည့်ပေးလိုက်သည်။

အင်္ဂလိပ်စကားပြော၍ အားရမှ ကျောင်းနေဘက် မင်းကြီးကတော်ဝိုင်း သို့ ကူးသွားလေသည်။ မှုမှု ဝင်ရပ်လိုက်လျှင် မင်းကြီးကတော်သည် ဝင်းမင်း သန်း အမေရိကန်က အပြန် ဝန်ကြီးကတော်အတွက် လက်ဆောင်ယူလာသော အနွေးပဝါဖြူကြီး လှပကြောင်း ချီးကျူး ပြောနေသံကို နားစွန်နားဖျား ကြား လိုက်ရလေသည်။

မှုမှုမှာ ဟောလီးဝုဒ်က အမေရိကန်ဇာတ်လိုက် ဖြစ်ချင်နေသည် 'ခရမ်းရောင်လွင်ပြင်'ကားအတွက် ဂရေဂရီပက် မင်းသားနှင့် တွဲရန် ရုပ်ရှင် မင်းသမီး လျှောက်ချင်သည်မှာ တစ်ပိုင်းသေနေလေသည်။





မင်းကြီးကတော်သည် မှုမှုကို ဝတ်လုံတော်ရ မစ္စတ်ဘမောင်ကတော် ဟု အားလုံးနှင့် မိတ်ဆက်ပေးသည်။ မှုမှုမှာ ပဝါ မချခဲ့မိ၍ ဝိုင်းထဲတွင် ရိုးတိုး ရွှန်းတန့် ဖြစ်နေသည်။ မင်းကြီးကတော်နှင့် စကားကောင်းနေခိုက် မှုမှုနောက် မှ ကျောချင်းခိုင်းရပ်နေသော အဒေါ်ကြီးတစ်ယောက်က ပခုံးလာကိုင်လိုက် သည်။ မှုမှုသည် လှည့်ကြည့်ကာ ပြုံးလျက် 'အန်တီမာရဲ့နော်'ဟု နှုတ်ဆက် ပြီး အန်တီဝိုင်းထဲသို့ ကိုယ်လှည့်ဝင်သွားသည်။

မှုမှုနှင့် မျက်နှာချင်းဆိုင် ရပ်နေသော အမျိုးသမီးသည် သူ့ဘေးရှိ ငယ်သောခါ အမျိုးသမီးကြီးတစ်ဦးအား စိတ်ထက်သန်စွာ သူ့စကားကို သူ ဆက် ပြောလျက် ရှိသည်။

"တစ်နိုင်ငံလုံး အမြင့်ကို မတော်ပါဘူး ဒေါ်ဒေါ်ရယ်။ ကျွန်မဖြင့် လူ အများ သွားလာနေတဲ့ ရုံးတွေ၊ မီးရထားတွေ၊ သင်္ဘောတွေမှာ အိမ်သာတွေ ဆေးတဲ့ ကြောတဲ့ အလုပ်နဲ့ တံမြက်စည်းလှည်းတဲ့ အလုပ်ကို အမျိုးသမီး အလုပ်သမား လူစုပြီး လိုက်ဆေးလှည်းချင်တာပဲ။ လမ်းတံမြက်စည်းလှည်း၊ အိမ်သာတွေ ဆေးတဲ့ အလုပ်ကို အမျိုးသမီးတွေပဲ လုပ်ဖို့ ကောင်းတယ်"

မှုမှုသည် သူ့ရှေ့က အမျိုးသမီး ပြောနေသော စကားကို နားထောင် ရင်း လူမျိုးတစ်ရာတစ်ပါးသွားသော မိလ္လာအိမ်သာမျိုးမှာ လိုက်ဆေးချင်သည် ဆိုသော အမျိုးသမီးကို ဘယ်သူများပါလိမ့်ဟု ရွံ့ရွံ့ရှာရှာ စိုက်ကြည့်သည်။ အမျိုးသမီးကိုယ်၌ ခေတ်ဆန်ဆန် ဖက်ရှင်ကျကျ ဖိတ်ဖိတ်လက်လက် ဝတ်ဆင် ထားလျက် သန့်ပြန့်သော အင်္ဂါရုပ်ရှိ၍ သူ့ရုပ်မှ သူအားမနာ၊ သူ့စိတ်နဲ့ အောက်တန်းကျလိုက်တာဟု အတော် အထင်အမြင် သေးသွားသည်။

မတ်တတ် မတ်တတ်နှင့် စုဝိုင်းလျက် ရှိကြသော လူအုပ်ကြီးသည် ကပွဲပြမည့် နေရာသို့ ရွေ့လျားသွားကြသည်။ ပွဲခင်းရှေ့ဆုံး၌ ကြိမ်ကုလား ထိုင်များ ချခင်းလျက် ဝန်ကြီးများနှင့် ဝန်ကြီးကတော်များ ထိုင်ကြသည်။ အောက်တန်းများတွင် ဆန်းကာဖီး ထင်းရှူးကုလားထိုင်ကလေးများ တန်းစီ ခင်းထားလေသည်။ မှုမှုသည် ပွဲခင်းသို့ လူအုပ်နှင့် ရောလျှောက်လိုက်လေ၏။

ယဉ်ကျေးမှုအဖွဲ့မှ ပွဲဦးထွက် တူရိယာပေါင်းစုံ တီးမှုတ်ပြသည်။ အယောသံမှာ စီမြည်လျက် သာယာညက်ညောလှသည်။ မှုမှုသည် နိုင်ငံခြား တီးမှုတ်သံဆို၍ 'ရော့ အင် ရိုး' အသံမျိုးသာ နားထဲ၌ စွဲလျက် အခြားတီး မှုတ်သံတွေကို နားသောတ မခံယူတတ်ချေ။ လူများစု တောအက တစ်မျိုးမှာ မျက်စိနောက်နေသည်။ ကချေသည်တို့၏ အဝတ်အစားသည် အမေရိကန် ဆလေးကပွဲလောက် မခမ်းနားဟု အောက်မေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုအဖွဲ့မှ ဖြုန်းခနဲ မြန်မာသီချင်းတစ်ပုဒ် ကောက်တီးလိုက် သည်။ တေးဂီတသံထဲ၌ တယောသံမှာ ထူးထူးခြားခြား ညှို့နေလျက် စန္ဒယားခေါက်သံမှာ နိုင်နင်းစွာ သာလှ ပီလှလေသည်။ မှုမှုသည် တီးဝိုင်းမှ မြန်မာသီချင်း ကျကျနန တီးပြနေကြပုံကို အံ့အားသင့်သွားသည်။ အဆို လျှင် ပိုမို၍ မြိုင်ဆိုင် စည်ကားဖွယ်ရာ ရှိမည်ဟု တိုးတိုး လိုက်ဆိုပေးမိသည်။

မြန်မာသီချင်း ပြီးဆုံးသွား၍ မှုမှုသည် အများနှင့် ရောကာ စိတ်ရော ကိုယ်ပါ လက်ခုပ်တီးလိုက်မိရာ နောက်ကျောတွင် ချိတ်နှင့် တွယ်ခဲ့သော ဘော်လီအင်္ကျီမှ ကြိုးသည် ပြုတ်ထွက်သွားလေသည်။

စောစောက ခြေပဲဆားလှော်ပင် မစားဝံ့ဘဲ ချောင်းမဆိုးအောင် တစ် ချိန်လုံး သတိထားနေကာမှ လက်ခုပ်တီးလိုက်မိ၍ ပြုတ်မိအောင် ချိတ် ပြုတ်ရသေးသည်။

မှုမှု ထိတ်ခနဲ ဖြစ်ကာ အမှတ်တမဲ့ အင်္ကျီထဲ လက်သွင်း၍ ဘော်လီကြိုး ကို ကပျာကယာ ရှေ့သို့ ဆွဲယူချလိုက်သည်။ ချိတ်တွဲလောင်းနှင့် ပါလာသော ကြိုးစမှာ လက်ပြင်ကို ဆွဲခြစ်ပါလာ၍ ပခုံးတွန့်သွားလေသည်။ ကြိုးပြုတ်ထွက် သွားသောဘက်မှ အင်္ကျီစသည် အထိန်းမရှိ၍ အောက်သို့ လျှောကျသွားရာ ရင်တစ်ပိုင်း ပေါ်နေသည်။

မှုမှုသည် ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေ၏။ ချက်ချင်း မျက်လုံးရှေ့ ပြာလာသည်။ ခေါင်းထဲ သွေးရောက်လာလေသည်။ ကချေသည်ကလေးများ လိုက်ကာနောက်မှ ပြေးထွက်လာ၍ မီးမှိန်လိုက်မှပင် ရှေ့ဆွဲချလိုက်သော ကြိုးစဖျားမှ ချိတ်ကို စမ်းဖြုတ်ယူလိုက်သည်။ ကြိုးစကို လုံးထွေး၍ ကပျာကယာ ရင်ထဲသို့ ထိုးသွင်း ထည့်လိုက်သည်။

မှုမှုမှာ နောက်ထပ် လက်ခုပ် မတီးရဲတော့ချေ။ အကြီးအကျယ် စိတ် အိုက်ကာ အနေရ အထိုင်ရ ကျပ်လျက် ဘာတွေကဆိုနေကြမှန်း မကြည့်ချင် သလောက် စိတ်ပျက်နေသည်။

မှုမှုသည် အသက်ပင် ပြင်းပြင်း မရှူရဲတော့ဘဲ ချွေးကျလာသည်။ ပဝါ မချခဲ့မိသည့်အတွက် နောင်တကြီးစွာ ဖြစ်သည်။ ပဝါသာ ချခဲ့လျှင် ရင်ဘတ် လူမမြင်အောင် ဖုံးပေးနိုင်သည်။

ဆူညံနေသော တေးသံတို့သည် မှုမှု့ကို ဝိုင်းလှောင်နေကြသည်။ မှုမှု မှာ စိတ်ချောက်ချားလာလေသည်။ ကချေသည်ကလေးတို့ ခုန်လိုက် ပေါ လိုက်သည်ကို ရဲရဲမကြည့်ရဲရှာ။ နောက်ထပ် ကြိုးများ ထပ်ပြုတ်သွားဦးမလား ဟု အလိုလို စိတ်ထဲ၌ မလုံနိုင်အောင် ဖြစ်နေသည်။

မှုမှုသည် စိတ်မလုံ၍ ရင်ကို မသိမသာ ငုံ့ကြည့်ပြန်သည်။ တစ္ဆေသရဲ ကို မြင်ရသကဲ့သို့ ကျောထဲ၌ စိမ့်တက်လျက် ခြေဖျားလက်ဖျားများ အေးစက် သွားလေသည်။

မှုမှု၏ စိတ်သည် တစ်ချိန်လုံး အင်မတန်မှ ပင်ပန်းဆင်းရဲလျက် ရှိနေ လေ၏။ ပွဲအပြီး ထကြ၍ လူတွေ မြင်တော့မှာ မတွေးဝံ့ဝံ့ လှိုက်ဖိုနေရှာပေ သည်။

ငါ့အပြစ်၊ ငါ့အပြစ်၊ အပ်နဲ့ အပ်ချည်သာ အိမ်မှာ ဆောင်ထားရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ငါ့ကိုက အင်မတန် ပေါ့ပျက်ပျက်နိုင်ပါတယ်။ ဘာ ဆို ပြီးလွယ်စေကြောင်း လုပ်လိုက်ချင်တာချည်းပဲ။ လုပ်ဦးလေ။ လုပ်ဦး… ဟဲ…။

မှုမှုသည် လက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် အံကြိတ် ကာ သူ့ကိုယ်သူ ကျိတ်ပြီး ရန်တွေ့နေလေ၏။

မှုမှုသည် ဘော်လီအင်္ကျီ လက်ကြိုးကို လက်သည်းရှည်ကြီးနှင့် ဆွဲခြစ် ဖြန့်နေသော အိပ်ခန်းထဲက မှုမှု့ကို ပြန်ပြောင်း၍ မြင်မိလေသည်။ အိပ်ခန်း ထဲ၌ မှုမှုသည် ယောက်ယက်ခတ်နေလေ၏။ ဝိုင်ယာကြိုးလိုက်ရှာရ၊ ဘော်လီ လိုက်ရှာရ၊ ခြင်ထောင်ချပြီး ချိတ်ဖြုတ်ရ…။

မှုမှုသည် သူ့ရှေ့၌ ပြနေသော ယဉ်ကျေးမှုကပွဲအစား အခန်းထဲ၌ ခြောင်းဆန်အောင် ဖွကာ ဘရုတ်သုတ်ခ ကပြ အသုံးတော်ခံနေသော မှုမှု၏ ပင်ပန်းသဏ္ဌာန်နှင့် လုပ်ပုံကိုင်ပုံများ၊ အကွက်စေ့စေ့ တစ်ခန်းပြီး တစ်ခန်း ပြသနေသော မှုမှု၏ ဇာတ်ထုပ်ကို မှုမှု ကြည့်နေရ၏။ နေ့စဉ်နေခဲ့သော ဖုတ် အလိမ်းလိမ်းတက်နေသော အိပ်ခန်းကြီးကို ယခင်က မမြင်မိခဲ့ဘဲ ပွဲထဲကျမှ ရှုပ်ယှက်ခတ်ကာ ဖုတ်လူးနေသော အိပ်ခန်းကြီးကို မြင်မိတော့သည်။

မှန်ခုံဆွဲအံ ဖွင့်လိုက်၍ ယခင်လက ထည့်ထားသော မသန့်မရှင်းသော ဆံထိုးခေါက် ထွက်လာသည်။

မှုမှုသည် လူပေါင်းစုံသွားသည့် အိမ်သာတွေ လိုက်ဆေးကြောပေးချင် သည်ဆိုသော အမျိုးသမီးကို ဖျတ်ခနဲ သတိရကာ ရှေ့နှစ်တန်းသုံးတန် အကျော်၌ ထိုင်ကြည့်နေသော အမျိုးသမီး၏ ကျောပိုင်းကို လှမ်းကြည့်လိုက် သေးသည်။

"ငါ့လောက် ပစ်စလက်ခတ်နိုင်တဲ့ မိန်းမ မရှိဘူး။ လှည်းကျင်းပြီး သန့်သန့်ပြန့်ပြန့် စည်းနဲ့ ကမ်းနဲ့ နေချင် ထိုင်ချင်တဲ့ စိတ်မျိုး တစ်စက်မှ မရှိ ဘူး။ အား အားရှိ ကျောစန့်ချင်တာပဲ။ လဘော်သရေ နေချင်တာပဲ။ ငါသာ မိန်းမပီပီသသ စိတ်ရှိရင် ဒီလိုဖြစ် မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှုမှုသည် ခုံတန်းရှေ့က အမျိုးသမီးကို စောစောက ရှုံ့ရှာမိသည်ထက် သူ့ကိုယ်သူ အစစ အရာရာ စိတ်ပျက်လျက် တစိမ့်စိမ့် ရှုံ့ရှာနေတော့လေသည်။

ပွဲအပြီး မီးများလင်းထိန်လိုက်၍ လန့်ဖျပ်သွားကာ ဘော်လီကြိုးပြုတ်သည့်ဘက်မှ ချိုင်းအောက်က အင်္ကျီစကို အထက် မြှင့်တင်လိုက်သည်။ လုံးထွေးထည့်လိုက်သော ကြိုးစသည် တွဲလောင်းထွက်ကျသွားသည်။ မှုမှုသည် လက်ပြင်ကိုင်းလျက် ကုလားထိုင်တန်းများမှ ဘေးစောင်းထွက်လာရင်း ကြိုးပြုတ်သောဘက်ကို လက်မောင်းလုံးကြီးနှင့် အားရှိသလောက် ကပ်ဖိထားလေသည်။

ကိုဘမောင်သည် အတွင်းဝန်လေးတစ်ယောက်နှင့် မီးတိုင်အောက်ရှိ မှုမှုနားသို့ ရောက်လာသည်။ အတွင်းဝန်လေးသည် မှုမှုအား ပြုံးနှုတ်ဆက်ကာ လူအုပ်ကြီးထဲ၌ သူ့မင်းကတော်ကို ရှာဖွေ ကြည့်နေလေသည်။

ကိုဘမောင်သည် မှုမှု၏ ရင်ဘတ်ကို ကြည့်လိုက်မိကာ မျက်လုံးမျက်ဆန်ကြီး ပြူးသွားလေသည်။

"ဟော့ မင်းအထဲက ဘော်လီအင်္ကျီကြီး ပြုတ်နေပြီ၊ ကြိုးစကြီးလည်းကျလို့"

အထိတ်တလန့်ဖြင့် မှုမှုနားသို့ ကပ်၍ ခပ်တိုးတိုးပြောလိုက်သော ကိုဘမောင်၏ အသံကို အနားရှိ အတွင်းဝန်မင်း ကြားချင်လည်း ကြားပေလိမ့်မည်။

မှုမှုသည် ပူထူပြီး မျက်နှာပျက်ပျက်ဖြင့် နှုတ်ခမ်းကလေးစူကာ မကြားတကြား ပြန်ပြောလိုက်သော အသံကို အနားရှိ အတွင်းဝန်မင်းကြားချင်လည်း ကြားပေလိမ့်မည်။

"ကိုကလည်း အမေရိကန် ရုပ်ရှင်မင်းသမီးတွေလည်း ဒီလိုပါပဲ။ တချို့ ကြိုးတောင် မပါဘူး"

မှုမှုသည် ဟန်လုပ်၍ ပြောမည့်သာ ပြောလိုက်ရသည်။ သူ့ခြေထောက်အောက်က မြေကြီးသည် ဟက်တက်ကြီး ကွဲသွားကာ သူ့အား လူတွေ မမြင်စေရန် တစ်ခဏလောက် မျိုငုံထားလိုက်စေချင်လှတော့သည်။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၁၁)၊ အမှတ်(၁၃၁)၊ ဧပြီ၊ ၁၉၅၈]

# တွေးတစိမ့်စိမ့်

ဒေါ်သိန်းမိသည် သက်မကြီး ချလိုက်သည်။

သူ့ရင်ထဲ၌ သက်သာရာလေး ရလို့ရငြား ဟင်းခနဲ သက်ပြင်းကြီးချလိုက်ရာ ရင်ထဲ၌ကား မောနေလေ၏။ မလှုပ်ချင် မရှားချင်အောင် ဖြစ်နေသော ခြေတို့ လက်တို့ကို ယခုမှပဲ အနားပေးရပေသည်။

ဒေါ်သိန်းမိသည် ပက်လက်ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ်ကြီးထိုင်လျက် ဟင်းချ ချပြီး မောရပုံမှာ ညစဉ်ညတိုင်း ဖြစ်တော့၏။

ရင်ထဲ၌ ဖုတ်လိုက်ဖုတ်လိုက် မောနေရင်း 'ဒီကနေ့ အမောဆုံးပဲ'ဟု မှတ်ချက်ချသည်။

အိမ်တွင် ရေမရှိချေ။ နေ့လယ်က လမ်းထောင့် ဘုံဘိုင်မှ သံစည်ကြီးနှစ်လုံးပြည့်အောင် ရေဆွဲထည့်ရ၍ ခြေကုန်လက်ပန်း ကျခဲ့သည်။ ရေထည့်ပြီး အဝတ်ဟောင်းတွေ တစ်ပုံကြီး ထိုင်လျှော်သည်။ အဝတ်တွေကို ကြိုးတန်း၌ အရေအတွက်နှင့် လှမ်းသွားလေရာ ခုနစ်ဆယ့်ငါးထည် ရှိ၍ ဟိုက်သွားတော့သည်။

ပက်လက်ကုလားထိုင်ပေါ်၌ ဒေါ်သိန်းမိ၏ ခေါင်းသည် ဘယ်ပြန်ညာပြန် လူးနေလေသည်။ အသက်ကို မချိမဆံ့ ရှူနေရကာ စိတ်ထဲ၌ အတောသေတ် ကျိတ်ညည်းလျက် နေလေသည်။

"ဒီအသက်ဒီအရွယ်ကြီးရောက်မှ ငါ့လောက် ဒုက္ခကြီးတာမျိုးများ ရှိသေးရဲ့လား၊ ရှိသေးရဲ့လား ဟင်"

ဒေါ်သိန်းမိ၏ အသက်မှာ ၆၈ နှစ် ဖြစ်သည်။ သူ့ဒုက္ခကား တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



လုံး နေထွက်က နေဝင် ဖင်မချနိုင်အောင် အနားတစ်ကွက်မှ မရှိဘဲ ထမ်းရွက်ရသော တာဝန်ကြီး ဖြစ်လေ၏။

နံနက် လေးနာရီ၌ အိပ်ရာမှ ထလာကာ မီးဖိုထဲသို့ တန်းဝင်သွားလေ၏။ မီးမွေး၊ ရေနွေးအိုးတည်ပြီးတာနှင့် မျက်နှာသစ်သော၊ တပိုတပါး ထွက်သော ကိစ္စများကို ခပ်သုတ်သုတ် လုပ်ရသည်။ အပု၊ တွက်နီနှင့် ပူတူးမတို့ ညက စိုထားကြသော နို့ပုလင်းတွေကို ဆေးကြောရင်း ကိုရွှေသမက်က သန်းခေါင်ကျော်မှ အိမ်ပြန်ကာ ညစာစားထားသော ထမင်းဟင်း ပန်းကန် အပေအရေများကိုပါ ဆက်လက် ဆေးကြော သိမ်းဆည်းလျက် ရေနွေးအိုးကျ ထမင်းအိုးကောက်ဆေး တည်လေသည်။ တစ်အိမ်လုံးအတွက် ကော်ဖီနှပ်ဖျော်၏။ ကော်ဖီပန်းကန်လုံးကို ဘယ်လက်က ကိုင်မှုတ်သောက်ကာ ညာလက်က ငရုတ်သီး ထောင်းနေ၏။

ထမင်းအိုး မီးဖိုပေါ်မှ မချသေးသည့် အချိန်အတောအတွင်း ငရုတ်သီးတစ်ဆုံထောင်း၊ ဆွမ်းတော်ဖန်းပြင်၊ ကလေးငယ်များ ထကြလျှင် သောက်ကြရန် နို့ပုလင်းများ ဖျော်ထည့်ပြီးမှ ထမင်းအိုးကို ချနှပ်ခဲ့ကာ သမီးအိပ်နေသော အခန်းဝမှ အသံပြုလျက် နံနက်ဈေးသို့ သုတ်ခြေတင်ပြေးသွားလေ၏။

နံနက် ၈ နာရီ၌ ကျောင်းတက်ကြမည့်အပါ၊ အမာနှင့် အပုတို့ကို ကျောင်းအရောက် လိုက်ပို့ရဦးမည်ကြောင့် ဈေးကအပြန် မီးဖိုထဲ၌ သေဖြေးရှင်ပြေး ချက်ပြုတ်ပြီး ကလေးတွေကို ထမင်းကျွေးလေ၏။ ကျောင်းသွားမည့် ကလေးသုံးယောက်အနက် အမာနှင့် အပု အငယ်နှစ်ယောက်ကို လက်ဆွဲကာ ကျောင်းချိန်မီအောင် ပြေးပို့ပြီးနောက် အိမ်သို့ သုတ်သုတ်လျှောက်ပြန်ခဲ့ကာ သမက် ရုံးတက်အမီ ထမင်းပြင်ကျွေးရလေသည်။

ဒေါ်သိန်းမိ၏ သမက် မောင်မြဦးသည် ရုံးစာရေးကြီး ဖြစ်သည်။ ၉ နာရီတိတိ ရုံးရောက်အောင် သွားသည်။ ဒေါ်သိန်းမိ၏ သမီး မအေးလှမှာ အိမ်ထောင်ကျပြီးမှ ကောင်းကောင်းကျန်းမာသည် မရှိ။ မကျန်းမာသည့်အတွင်း ကပင် တစ်နှစ်တစ်ယောက် ကလေးမွေးကာ တစ်နေ့ရွှေ တစ်နေ့ငွေနှင့် ချိနဲ့နဲ့ ဖြစ်နေလေသည်။ ကိုယ်ဝန်လေးလနှင့် လဲနေသည်မှာ တစ်လလောက် ရှိချေပြီ။

မနက်မိုးလင်း အိမ်တာဝန်က တစ်ဖက်၊ နို့စို့ကလေးတွေ တာဝန်က တစ်ဖက်၊ ကျောင်းသားကိစ္စ၊ ရုံးသမားကိစ္စ၊ သမီး လူမမာ ပြုစုရသည့်ကိစ္စ စသည် စသည် ကိစ္စများစွာတို့ဖြင့် တစ်မနက်စာလုံး တစ်ယောက်တည်း ဂျင်ဂျင် လည်နေလေသည်။ ၁၁ နာရီထိုးလျှင် ကလေးတွေကို သွားကြိုရန် ကျောင်းသို့ ပြေးရပြန်လေ၏။





အိမ်၌ ရေမရခြင်းက ပိုမို၍ ဒုက္ခကြီးပေသည်။ လမ်းထောင့် မီးသတ်ပိုက်က ရေကို လက်ဆွဲသံပုံးနှင့် တစ်နေ့ခင်းလုံး ဆွဲသယ်ရသည်။ သမီးအဝတ်၊ သမက်အဝတ်၊ ကလေးတွေ၏ ချေးအဝတ်၊ သေးအဝတ်များပါမကျန် အဟောင်းနှီးသမျှ ကြုံးလျှော်ရလေ၏။

အဝတ်လျှော်နေရင်း တစ်ဖက်နှင့် ထလုပ်ပေးရသော အလုပ်များမှာ အလုပ်မျိုးစုံသွားလေသည်။

နို့ဘူးဖျော်၊ ပခက်လွှဲ၊ ကလေးနောက်ဖေးကြုံး၊ လူမမာအနားလည်း မကြာခဏ ထပြေး လုပ်ပေးနေပုံတို့သည် အဝတ်လျှော်ရင်း ထဘီရေစိုကြီးနှင့် ဖြစ်လေ၏။

အိမ်တွင် အဖော်အကူတစ်ယောက်မှ မရှိဘဲ အဝတ်လျှော်ရင်း အလုပ်မျိုးစုံ ထလုပ်နေရလျက် ဖတ်ဖတ်ဆာ နေရှာသည်။

အဝတ်လျှော်ပြီး ရေ ကပျာကယာချိုးကာ နေစောင်းသွား၍ ညစာအတွက် မီးဖိုထဲသို့ ဝင်သွားပြန်သည်။

ထမင်းချက်ရင်း တစ်ဖက်ဖြင့် ရသည့်အချိန်ကို လုလျက် အိမ်ရှေ့တွင် တံမြက်စည်းလှည်းသည်။ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ခရေချိုးပေးကာ သနပ်ခါး သွေးလိမ်းပေးရသေးသည်။ နာရီ၊ အချိန်နှင့် နို့ဘူး ဖျော်ရပြန်၏။ ကလေးပခက်လွှဲ သိပ်ရပြန်၏။ ထမင်းအိုး ဆူကျနေ၍ မီးဖိုထဲသို့ ဝင်ပြေးပြန်ကာ ဇယ်စက်သလို သူလုပ်နေသော အလုပ်များသည် တစ်လုပ်ပြီးမှ တစ်လုပ် မဟုတ်တော့ဘဲ သ ပ န ပေါင်းစုံ အကုန်လုံး သိမ်းကြုံးလျှောက် လုပ်သွားသည်မှာ နေဝင်မိုးချုပ်သည်အထိ ဖင်မချရချေ။

ဒေါ်သိန်းမိသည် ည ၁၀ နာရီထိုးမှ ပက်လက်ကုလားထိုင်ပေါ်၌ အနားယူထိုင်နိုင်သည်။ နေဝင်မိုးချုပ်က ည ၁၀ နာရီအချိန်အတွင်း တလှုပ်လှုပ်ဖြင့် တစ်ခုပြီးတစ်ခု မျိုးစုံအောင် လုပ်လိုက်ရသည်မှာ အသက်ထွက်မတတ် ဖြစ်လေသည်။ ဘုစုခရု ကလေးခြောက်ယောက်စလုံး အိပ်ကုန်ကြတော့မှ ပက်လက်ကုလားထိုင်ပေါ်၌ ပစ်ထိုင်ချကာ ခြေမသယ်ချင် လက်မသယ်ချင်ဖြင့် အမောကြီး မောနေတော့နေလေသည်။

လက်မောင်းနှစ်ဖက်စလုံး တစစ်စစ် ကိုက်ခဲလာလေသည်။ ခါးကလည်း နာ၏။ ဒူးကလည်း နာ၏။

တစ်နေ့လုံး မနားရဘဲ လှုပ်လှုပ် လှုပ်လှုပ်နှင့် လုပ်ကိုင်နေ၍ ပင်ပန်းသည်ထက် မျောက်ရှုံးအောင် ဆော့ကြကုန်သော ဘုစုခရုတို့ကို အော်ရ ဟစ်ရ ပြောရ ဆိုရ ဆွဲရ လွဲရသည်များက အမောတကာ့ အမောဆုံးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

ဒေါ်သိန်းမိသည် တစ်နေ့လုံး လူရော အသံရော ဒေါင်းတင်မောင်းတင် ထားသမျှ ညဘက် ကုလားထိုင်ပေါ်ရောက်လျှင် ပျော့ကျသွားလေသည်။ မော လွန်လွန်း၍ အသက်ကို မဝတဝရှူနေစဉ် အိပ်ခန်းထဲမှ ပေါင်ကိုက်၍ ညည်း တွားနေသော မအေးလှ၏ အသံကို နားစွင့်လိုက်သည်။ 'ရေနွေးအိတ် ကပ် ထားရဲ့လား'ဟု ကြားလောက်အောင် သူ့အသံကို ခြစ်ခြုတ်ညှစ်ထုတ်ကာ ပြောလိုက်သည်။

မအေးလှသည် ညည်းနေရင်း မိခင်၏ အသံကို ကြား၍ အညည်းရပ် လိုက်ကာ အံကြိတ်လျက် နားစွင့်လိုက်သည်။ ဒေါ်သိန်းမိ၏ အသံမှာ တောင် ထိပ်ပေါ်သို့ အရောက် အမောဆို့နေသော အသံမျိုးဖြင့် စကားပြောသကဲ့သို့ စကားသံသည် လေဆက်ပြတ်လျက် တုန်အက်နေကာ အသံပျက်နေသည်။

မအေးလှသည် အညည်းရပ်လိုက်၏။ 'ဟုတ်ကဲ့ ကပ်ထားပါတယ် အမေ'ဟု လှမ်းအော်ပြောလိုက်၏။ ထိုနောက် မျက်နှာနှင့် ခေါင်းအုံးနှင့် အပ် လိုက်ကာ အသံမထွက်ဘဲ အားရပါးရ ရှုံ့မဲ့ချ၍ ငိုနေလေသည်။

ဒေါ်သိန်းမိသည် ပက်လက်ကုလားထိုင် အနားတစ်ဝိုက်၌ တဝီဝီမြည် သန်းနေကုန်သော ခြင်သံတွေကို ကြက်သီးမွေးညင်း ထမိလေသည်။ လက် နှစ်ဖက်စလုံး မမြှောက် မသယ်ချင်နေခိုက် ခြင်က လာ၍ စစ်ခနဲ ကိုက်လိုက် လျှင် တော်တော်တန်တန် ကြိတ်မှိတ်ခံနေကာ မျက်နှာမှာ ရှုံ့တွနေလေ၏။ သွားလေးငါးချောင်းသာရှိသော သူ့မျက်နှာသည် ခြင်ကိုက်၍ စစ်ခနဲဖြစ်သွား လျှင် ဂုန်နီအိတ်အဖျားက အစကို လုံးစုစည်းချည်ထားလိုက်သကဲ့သို့ဝင် မျက်နှာပုံပန်းပျောက်လျက် မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ဟူသ၍ ရှုံ့ခွက်ဝင် သွားကာ လိပ်စု တွန့်နေပေသည်။

အိမ်ရှေ့တံခါး ပိတ်ထားသဖြင့် အိမ်ရှေ့ခန်းလေးမှာ လေလုံနေလေ သည်။ အိမ်မှာ အဝေးကကြည့်လျှင် ငှက်လှောင်အိမ်ကလေးနှင့် တူသည်။ အိမ်နှစ်ဆောင်ကြားထဲ၌ ကတ်သီးကတ်သတ် ညပ်နေသော တစ်ထပ်ပျဉ်ထောင် အိမ်ကလေး ဖြစ်သည်။ အိမ်ရှေ့ မျက်နှာစာ၌ လူဝင်လူထွက် တံခါးမကြီး တစ်ပေါက်သာ ရှိသည်။ နှစ်ဖက်အိမ်ထဲ ညပ်ဝင်နေကာ ဘေးပြတင်းပေါက်များ မရှိချေ။ အိမ်ရှေ့တံခါးဖွင့်မှသာ အလင်းရောင် ဝင်လာသည်။

ဒေါ်သိန်းမိသည် မောမောဖြင့် ဇောချွေးကြီး ထွက်လာလျက် နဖူးပေါ် တွင် ချွေးသီးချွေးပေါက်ကြီးတွေ သီးနေလေသည်။

အိမ်ရှေ့ခန်းကလေးတွင် နှစ်ယောက်အိပ် ပိတ်ခြင်ထောင်ကြီး ထောင်





လျက် ခြင်ထောင်ထဲ၌ ကလေးများကို စုပြုံ သိပ်ထားသည်။ ပိတ်ခြင်ထောင် ကြီးဘေး၌ တစ်ယောက်အိပ် ဇာခြင်ထောင်တစ်လုံး ကပ်ထောင်ထားသည်။ ဇာခြင်ထောင်မှာ ကြိုးစ သုံးဖက်သာ ချည်ထားသေးသည်။ သမက်ပြန်လာ၍ တံခါးပြန်ပိတ်ပြီးမှ ကြိုးစတစ်စကို တံခါးမ၌ ချည်ရမည် ဖြစ်သည်။ ဇာခြင် ထောင်လေးထဲ၌ လေးဖက်ထောက် အရွယ်ရှိသည့် ကလေးအငယ်ဆုံး ပုတုး လေးကို သိပ်ထားလေသည်။

ပိတ်ခြင်ထောင်ထဲမှ ကလေးငါးယောက်သည် အိုက်လွန်း ပူလွန်း၍ လှိမ့်ကန်နေကြသည်။ ဒေါ်သိန်းမိသည် လှိမ့်သံ ကန်သံကြားလျှင် ခေါင်းကြီး သွားသည်။ ကျွတ် ကျွတ် ကျွတ်...ဟု တော်တော်နှင့် အသက်မရှူဝံ့ဘဲ စုတ် သပ်ကာ အသံပေးနေချေသည်။

ခြင်ထောင်ထဲ၌ ကလေးတစ်ယောက်နိုးလျှင် နောက်ထပ် ငါးယောက် အပါ လိုက်နိုးတတ်ကြသည်။ အချိန်မတော်ချည်း နိုးကြ၊ ငိုကြ၊ ကောက်ကြ လျှင် ချော့မရ၊ မော့မရနှင့် ဆူညံကုန်ကြသည်။ ဒေါ်သိန်းမိမှာ ကလေးတွေ နိုးလျှင် ဖင်မနိုင် ခေါင်းမနိုင်ဖြင့် ဒုက္ခရောက်လွန်း၍ ခြင်ထောင်ထဲမှ လှိမ့်သံ ကန်သံ ကြားတိုင်း အသက်ရှူမှားသွားကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

ညသည် ညဉ့်နက်ပိုင်းသို့ ချဉ်းနင်းဝင်လာလေသည်။ အိမ်ရှေ့လမ်းပေါ် ၌ အသံဗလံများသည် တစစ စဲသွားလေသည်။ ဒေါ်သိန်းမိမှာ မျက်လုံးများ လေးလံလာကာ ငိုက်မျဉ်းလာပေသည်။ အိပ်ချင်လျက်လည်း မအိပ်ရ၊ မအေးလှ နာကတည်းက သမက်ပြန်လာရင် တံခါးခေါက်က အဆင်သင့်ဖွင့်ပေးနိုင် ရန် ထိုင်စောင့်နေရသည်။ အိပ်ပျော်နေမိ၍ တံခါးကို နာနာခေါက်နေရပါက ကလေးတွေ နိုးကုန်မှာ စိုးရိမ်ရသည်။

မောင်မြဦးသည် ယောက္ခမဒေါ်သိန်းမိက စကားမပြောဘဲနေတာ ကြာ ပြီဖြစ်၍ အချိန်မတော် ညပြန်လာလျှင် အသံပြုမခေါ်ဘဲ တံခါးကိုသာ တွင် တွင်ချည်း ခေါက်နေလေသည်။

ဒေါ်သိန်းမိသည် လေးကျလာသော မျက်ခွံတို့ကို အတင်း ပင့်မလျက် ထားရလေသည်။ တစ်ခဏသာ ပင့်ထားနိုင်သည်။ ဖျတ်ခနဲ ပြန်ကျလာပြန်၍ ထောင်ရပြန်သည်။

"ခုနေများ ခြင်ထောင်ထဲဝင်ပြီး အိပ်လိုက်ရရင် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပျော်သွားမှာပဲ"ဟု သွားစဉ်းစားလိုက်မိသည်။ သည်လိုသွားပြီး စဉ်းစားမိသည် နှင့် တစ်ပြိုင်နက် ရင်ထဲ၌ တဖျင်းဖျင်း နာလာလေ၏။ မေးငိုက်နေသော မျက်လုံးများ၌ မျက်ရည်စများသည် စိမ့်ယိုကျလာလေသည်။ ငိုက်မျဉ်းနေသော



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတို့သည် မျက်ရည်စတို့ဖြင့် စိုစွတ်လာသောအခါ တဖြည်းဖြည်း မျက်လုံးကျယ်လာလေသည်။

ခြင်ကောင်များသည် ဖွဲနှင့် ဆုပ်ပက်ဘိသကဲ့သို့ ညဥ့်နက်လေလေများ လာလေသည်။ ခြင်ကိုက်လွန်း၍ တစ်ကိုယ်လုံး ပူထူလာသည်။ လေးလံကိုက် ခဲနေသော လက်နှစ်ဖက်သည် အငြိမ်နေရသည် မရှိ။ ခြင်ပုတ်လိုက်၊ မျက်ရည် သုတ်လိုက်၊ တစ်ကိုယ်လုံး ဟိုကုတ် သည်ကုတ်ဖြင့် လှုပ်လှုပ်ခါခါ ဖြစ်နေ လေ၏။

ဒေါ်သိန်းမိသည် တစ်ချိန်ထက် တစ်ချိန် သည်းမခံနိုင်အောင် ဖြစ်လာ သည်။ ရင်ထဲ၌ မကြိတ်နိုင် မခဲနိုင် ဖြစ်လာလျက် ရေရွတ်နေပြန်လေ၏။

"မယား မမာနေတာတောင် မညာတာတဲ့ အကောင်၊ သေချင်းဆိုး ဒင်းမျက်ခွက်ကို မြင်နေရတာ ငါ့လောက် ဝဋ်ကြီးတာမျိုးများ ရှိသေးရဲ့လား"

ဒေါ်သိန်းမိ၏ နားထင်ကြောကြီးများသည် အပြိုင်းပြိုင်း ထောင်ထ လာသည်။ အံကို ကြိတ်ထား၏။ မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပြီး တစ်ပေါက် လိမ့်ကျလာသော အကြားမှ တရေးရေး ပေါ်လာသော မောင်မြဦး ၏ မျက်နှာကို တွေစိုက်လျက် ကြည့်နေ၏။

မောင်မြဦး၏ မျက်နှာသည် မခုတ်တတ်သော ကြောင်ကလေးလို ရိုးပုံ ရိုးပန်းရှိသော မျက်နှာမျိုး ဖြစ်သည်။ မျက်နှာသွယ်၍ အသားဖြူ နှာတံပေါ်သည်။ မျက်လုံးအကြည့်မှာ စိုက်လျက် မျက်လုံးအောက်ချ အနေများ သည်။ နှုတ်ခမ်းပါးပါးဖြင့် စကားအလွန်နည်းသော ရုပ်လက္ခဏာမျိုး ဖြစ်သည်။

မောင်မြဦးနှင့် မအေးလှကို လက်ထပ်ပေးစားခဲ့သော အကြောင်းမှာ တွင် လူရိုးလူအေးဟူသော အချက်ကို အဓိကထား၍ ကိုယ့်စိတ်ကြိုက် ရှာရွေး ပေးစားလိုက်ခြင်း ဖြစ်သည်။

ဒေါ်သိန်းမိသည် တစ်ဦးတည်းသော သမီးကလေး မအေးလှကို လင် ပေးစားဖို့ရာ ရွေးလိုက်ရသည်မှာ လင်မယားချင်း၊ သဘောချင်း ကွဲလွဲတာချည်း ဖြစ်သည်။

ဒေါ်သိန်းမိ၏ ခင်ပွန်း ဦးအေးမောင်မှာ မော်လမြိုင်မြို့ပေါ်၌ ပွဲစားကြီး ဖြစ်၍ လူချစ်လူခင် ပေါများလှသည်။ တစ်ဦးတည်းသော သမီးကို မြို့အုပ် ဝန်ထောက်နှင့် ပေးစားလိုသည်။ လူပျိုမြို့အုပ်၊ ဝန်ထောက်ကလေးဆိုလျှင် ရင်းနှီးအောင် မိတ်ဖွဲ့ကာ အိမ်သို့ ဖိတ်ခေါ်ထမင်းကျွေးလျက် 'ဘယ့်နှယ်လဲ မအေကြီး'ဟု မယားကို တိတ်တိတ် ကြိတ်မေးကြည့်တတ်သည်။

"မဖြစ်ပါဘူး ဖအေကြီးရယ်၊ သမီးကလေ မင်းကတော်၊ စိုးကတော်ဖြစ်





တာတော့ ဟုတ်ပါရဲ့ရှင်၊ တော်တော်ကြာကျတော့ မျက်ရည်နဲ့ နှပ်နဲ့ သုတ်နေ ရပါလိမ့်မယ်။ ရိုးရိုးအေးအေးဟာမျိုး ရှာပါ၊ ကြည့်ပါတော်"

ဦးအေးမောင် သဘောတူသော သမက်လောင်းတွေ တစ်ဦးပြီးတစ်ဦး ပေါ်လာကြသည်။ ဒေါ်သိန်းမိက ငြင်းဖယ်တာချည်း ဖြစ်၍ ဒေါ်သိန်းမိအလို ကျ မလွန်ဆန်နိုင်ဘဲ အလျှော့ပေးရသည်။

ဒေါ်သိန်းမိသည် တစ်ဦးတည်းသော သမီးကို အရိပ်တကြည့်ကြည့်ဖြင့် ခိုင်းရက် မစေရက် ရွှေပေါ်မြတင် ထားလေသည်။

ဒေါ်သိန်းမိ၏ ပါးစပ်ဖျားတွင် သမီးကို စန်းတင်လျက် နေ၏။ သမီး လေးက ကြီးကြီးကျယ်ကျယ် ဘယ်စကားမျိုး ပြောပြန်သည်။ ဘယ်ပန်းပုံစံ မျိုး ထိုးပြန်သည်။ ဘယ်လိုမှ ဝတ်သည်။ ဘယ်လိုမှ စားသည်။ ဘယ်လိုလိမ္မာ သည် စသည်အားဖြင့် အိမ်လူလာတိုင်း အမွှမ်းတင်၍ ပြောရသည်လည်း အမော၊ အကယ်၍ သမီးအကြောင်း ပြောရအောင် ပြောစရာလူမရှိလျှင် မအေးလှအဖေကို မြိန်မြိန်ရှက်ရှက် ပြောနေတတ်နေလေသည်။

"ကိုယ့်သမီးလေးက အရွယ်နဲ့ မလိုက်ဘူး၊ သိပ်ပါးတာ နပ်တာပဲ။ ချက်ဆိုသူ အကုန်သိပြီ။ အိမ်ရှေ့ သူနေလေမယ့် အိမ်နောက်ဖေးမှာ ဘာလုပ်နေ ကြတယ်ဆိုတာ သူ အားလုံး သိတယ်ရှင့်။ ပြောတာ ဆိုတာ နေတာ ထိုင် တာ ကြည့်စမ်းပါ။ တစ်နေ့ထက် တစ်နေ့ကိုပဲ စိတ်ကြီးဝင်ပြီး လူကြီးကလေ လိုပါပဲ"

ဦးအေးမောင်သည် တစ်မျိုးပြီးတစ်မျိုး ကြားရသော မအေးလှ၏ လိမ္မာရေးခြား စသည်များကို နားထောင်ကာ တပြုံးပြုံး နှစ်သိမ့်လျက် 'အေး ကွယ်၊ မအေတူ သမီးလေးပါပဲ'ဟု ချီးမွမ်းပြောလေသည်။

ဒေါ်သိန်းမိသည် ဖအေကြီးက မအေတူ သမီးကလေးဟု ချီးကျူးသည့် နေ့ကစ၍ နေရာတကာ အစစ သူနှင့်တူအောင် နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့ အနားမှ တတွတ်တွတ် တဖွဖွ သွန်သင်ဆုံးမ လက်ထပ်ပြသလာခဲ့လေရာ မအေးလှ အရွယ်လေး ရောက်လာသည်နှင့် တစ်ပြိုင်နက် တဆွေတစ်မျိုးလုံးက 'မအေနဲ့ သမီးနဲ့ တစ်ကြောတည်းပဲ'ဟု မှတ်ချက်ချကြလေသည်။

"စကားပြောတဲ့လေကိုက ဟို တာဝတိံသာက တက်ပြောတာ။ မျက်လုံးကို မဖွင့်ဘူး။ အရွယ်နဲ့ မလိုက်ဘူး၊ သူ့ကိုယ်သူ အပျိုကြီးကျနေတာပဲ"

ကွယ်ရာတွင် ဆွေမျိုးများက အတင်းစုပြောနေကြပုံကို တစ်ဆင့်ပြန် ကြားရသည့်အခါ၌ ဒေါ်သိန်းမိသည် အတိုင်းမသိ အားရကျေနပ်ခဲ့လေ၏။

"ကျုပ်သမီးလေး ငယ်သာငယ် လူကြီးကလေးပါပဲ။ တယ်လိမ္မာတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အို သူ့အိမ်ထောင်နဲ့များဆိုရင် စိတ်ချရပြီ။ ကျုပ်တော့ ရှင့်လို လူရိုးလူအေးမျိုး နဲ့မှပဲ ပေးစားမယ်ရှင်”

ဒေါ်သိန်းမိသည် ဦးအေးမောင်ကို လူရိုးဟူသော ဂုဏ်ပုဒ်ဖြင့် လက်ထပ် ခဲ့ရသည်။ ဦးအေးမောင်နှင့် အကြောင်းပါခဲ့ကြပြီးနောက် သူ့ထားရာနေ၊ သူ ပြောသလိုဖြစ်၊ သူ့လက်သူ့ခြေ၊ အရာခပ်သိမ်း သူ့သဘောချည်းလုပ်နိုင်ခဲ့၍ မအေးလှကိုလည်း သည်လို လူရိုးလူအေးမျိုးနှင့်သာ ရွေးရှာပေးစားချင်သည်။

ဒေါ်သိန်းမိသည် သမီးနှင့် ပေးစားရန် သိသမျှ၊ ကျွမ်းသမျှ၊ နီးစပ် သမျှထဲမှ ရုပ်နီး ရုပ်ဝေးရှိ လူရိုး လူအေးကို ပိုက်စိပ်တိုက် ရှာဖွေခဲ့လေသည်။ ထောက်လှမ်း ရှာဖွေရသည့်အထဲမှ လက်ရွေးစင် စိတ်ကြိုက် မအေးလှထားရာ နေမည့် မောင်မြဦးကို ရွေးချယ်လိုက်ကာ ပေးစားခဲ့လေသည်။

မောင်မြဦးဘက်၌ အဖေမရှိ၊ အမေအိုကြီးသာ ရှိသည်။ တစ်ဦးတည်း သော သားဖြစ်သည်။ ခေတ်ပညာ အိုင်အေအောင်သည်။ အထက်တန်းစာရေး မှ စာရေးကြီးတက်ကာ များမကြာမီ ရုံးဝန်ထောက်ဖြစ်ရန် အလားအလာများရှိ ရှိသူ ဖြစ်သည်။ ရန်ကုန်၌ အိမ်ပိုင်တစ်လုံး ရှိသည်။ အပေါ်ထပ်နေ၍ အောက် ထပ်ငှားထားသည်။ ဒီအရည်အချင်း ဒီအလားအလာတွေထက် တစ်နေ့လုံး နေ၍ စကားတစ်ခွန်းမှ မပြောသော လူရိုးလူအေးဆိုသော အရည်အချင်းကို ရှေ့တန်းတင်ကာ သမီးလေးနှင့် လက်ထပ်ပေးစားခဲ့ခြင်း ဖြစ်ပေသည်။

ဒေါ်သိန်းမိသည် မျက်ရည်ပေါက်ကြီးများ စီးကျနေသော အကြားမှ တရေးရေးမြင်နေရသော မောင်မြဦး၏ ရုပ်သွင်ကို တွေစိုက်လျက် ကြည့်နေ ရင်း မကြည့်ဝံ့ဝံ့၊ ကြည့်ဝံ့ဝံ့ဖြင့် မချင့်မရဲ ဖြစ်လာလေကာ စိတ်ထဲ၌ ကယောင် ချောက်ချား ဖြစ်လာလေသည်။

စိတ်ထဲ၌ ကယောင်ချောက်ချားတွေ ဖြစ်လာလျှင် တရေးရေးမြင်နေ သော မောင်မြဦးသည် တဖြည်းဖြည်း ရုပ်ပြောင်းသွားသည်။ ခေါင်းဖြူဖြူ နှုတ်ခမ်းမွေးဖြူဖြူ၊ မျက်နှာထားတင်းတင်းကြီးနှင့် မဲတော့ မာန်တော့မည့်ပုံ မျိုး ရုပ်ပြောင်းသွားသောအခါ၌ ဒေါ်သိန်းမိသည် ရင်ထဲ၌ ဆတ်ဆတ်ခုန်လာ တော့သည်။

ရုပ်ပြောင်းသွားသော သဏ္ဌာန်ကို ပြူးစိုက်လျက် ကြည့်မိရင်း အော်ဟစ် ၍သာ ငိုလိုက်ချင်၏။ အော်ဟစ်၍သာ ရန်တွေ့လိုက်ချင်၏။ မောင်မြဦးနေရာ ၌ အစားဝင်လာသော ခေါင်းဖြူကြီးကို စိတ်ရှိလက်ရှိ ဆုပ်ချေပစ်လိုက်ချင် ကာ မထိန်းနိုင် မသိမ်းနိုင်အောင် တုန်လှုပ်ချောက်ချားလာတော့သည်။

ဒေါ်သိန်းမိသည် သူ့စိတ်ကိုသူ ထိန်းမရ သိမ်းမရ ဖြစ်လာသော အခါ





ဆိုင်း၊ အခါတိုင်း သူ့ဇာတ်ကြောင်းကို ပြန်ပြောင်း၍ တွေးသည်သာတည်း။

သူ့ဇာတ်ကြောင်းကို လှန်ချင်ရာက စ၍ တစိမ့်စိမ့် ပြန်လှန်ကာ တွေး ကြည့်နေတော့သည်။

[၁]

အေးလှသည် လက်ထပ်ပြီး အိမ်တွင် တစ်ပတ်နေကာ ရန်ကုန်သို့ လိုက်ခဲ့ ၏။ အိမ်နှင့် ခွဲခဲ့ရ၍ အိမ်စောင့်ကျန်ရစ်ခဲ့သော အဖေကိုသာ လွမ်းမည်ဆို လွမ်းစရာ ရှိသည်။ အိမ်ကိုတော့ လွမ်းလှသည် မဟုတ်။ အဖေနှင့်နေသော အိမ်နှင့် ခင်ပွန်းသည်နှင့်အတူလာနေသော အိမ်မှာ ဘယ်နေရာမှ ထူးလှသည် မရှိ။ အိမ်နေစဉ်က အမေ အုပ်ထိန်းခြယ်လှယ် ပြုပြင်မွမ်းမံသလို ယခု ရန်ကုန် အိမ်၌လည်း အမေပင် အုပ်ထိန်းခြယ်လှယ် ပြုပြင်မွမ်းမံလျက်ရှိသဖြင့် အိမ် နှင့်အိမ်၏ အငွေ့အသက်မှာ တငွေ့တစ်သက်တည်း ထွက်နေပေသည်။

“ဖအေကြီးတော့ သမီးလေးကို ကျုပ် လိုက်ပို့ဦးမှ၊ အစစအရာရာ အကုန်လုံး နေရာချပေးပြီး အသားသေတော့မှ ကျုပ်ပြန်ခဲ့မယ်။ ကျုပ် စိတ် မချဘူး”

ဒေါ်သိန်းမိသည် လက်ထပ်ပြီး သမီးနှင့် သမက်ကို ရန်ကုန်သို့ လိုက် ပို့သည်။ ရန်ကုန်ရောက်လျှင် အိမ်ကို သူ့လက်တွင်းထဲ ရောက်အောင် တစ်ပတ် အတွင်း သိမ်းယူလိုက်လေ၏။

မောင်မြဦးအမေမှာ ပန်းနာသည်ကြီး ဖြစ်သည်။ အိမ်မှုတာဝန် အိမ်မှုလုပ်ငန်း မှသ၍ နေရာတကာတိုင်း၌ ‘အမကြီး အသာနေစမ်း၊ ကျွန်မ လုပ်ပါမယ်၊ အေးအေးနေစမ်းပါ’ဟု ဝင်မပါရအောင် အတင်းအထိုင်ခိုင်းသည်။ နေရာတကာ လည်း ရှေ့က စီမံဆောင်ရွက် လုပ်ကိုင်သွားခြင်းဖြင့် ခုနစ်ရက်အတွင်း ...က်အိမ်မှာ သူ့အိမ် ပကတိ ဖြစ်သွားလေ၏။

“သမီး အမေလုပ်တာတွေ ကြည့်ထား၊ အမေ ပြန်သွားရင် အမေလုပ် သလို ကိုင်သလို လုပ် ကြားလား။ ကိုယ့်လက်ကိုယ့်ခြေ အကုန်ဖြစ်အောင် လုပ်ထားရတယ်။ ညည်းယောက္ခမကို အသာထိုင်နေပစေ၊ ဘာမဆို ကိုယ်က ဦးရင် ကိုယ်က ဦးအောင် ကြားရဲ့လား၊ အဲဒီတော့မှ အင်း နောက်ကျတော့ ဘာမဆို ဒီအိမ်မှာ ကိုယ်ပြီးမှ ပြီးရမယ်။ နားလည်လား၊ အဲ...အဲသလို မှတ် ထားနော်”

ဒေါ်သိန်းမိသည် ဇယ်စက်သလို ရှေ့က လျှောက်လုပ်သွားရင်း သမီး ... ဘွတ်တွတ်ထိုး သင်ပြနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသင်သင် သူ့စိတ်ထဲ၌ အားမရချေ။ ဖြစ်နိုင်လျှင် သည့်အိမ်၌ သမီးနှင့် အတူတူ လာနေကာ သူချည်းပဲ လုပ်သွားချင်သည်။ လက်ထပ်ပြီး သမီးလေးအတွက် အိမ်ထောင်ရေးကိစ္စ၊ အိမ်ထောင်ရေးကဏ္ဍ အဝဝကို ဂဃနဏ တတ်သိနားလည်စေချင်သည်။ ထက်ကြပ်မကွာ လက်ထပ်ပြယေး အိမ်ထောင်သမှု သူသိမည်ဟု ထင်နေသည်။ ကိုယ်က ရှေ့က ကြောင်းပြထေး မှ အိမ်ထောင်ရေးရာကို ငါ့သမီး ရိပ်စားမိမယ်ဟု တွက်ထားသည်။

ထို့ကြောင့်–

"ဟော...သား ပြန်လာပြီလား၊ မောလာမှတ်တယ်၊ မေမေ ဆီးဖျော်ရည် ကလေး ဖျော်ထားတယ်ကွယ့်။ အင်္ကျီပါ ချွတ်ပြီး အေးအေးလူလူ နားသောက် လိုက်။ သမီးရေ ညည်းကိုကိုဖို့ ဖျော်ရည်ယူခဲ့လေ"

မအေးလှ ပြောရမည့် စကားများကို သူကချည်း ဆီးပြောပြနေသည်။ နေရာတကာ သူက ရှေ့က ကြောင်း၍ ပြောနေပြီးနောက် 'တယ်ခက်တဲ့ သမီး ပဲ။ မအေက ရှေ့ကနေ သင်ပေးနေတယ်။ ဘယ်အခါ ဘယ်စကား ပြော မယ်၊ ဘယ်အခါ ဘယ်လိုပြုရမယ်ဆိုတာတွေ ပြောပြလုပ်ပြနေပြီဟာပဲ။ သမီး ကလည်း ပြောဦး လုပ်ဦးမှပေါ့'ဟု နှစ်ယောက်တည်း ကျိတ်၍ ဆိုသည့် မာန် သည့်အခါ၌ မအေးလှသည် ပုံပုံကလေး ပြုံးနေလေသည်။

'ညည်း ဒီလို ပြုံးစိစိလုပ်နေလို့ မဖြစ်ဘူး' ဒေါ်သိန်းမိမှာ မအေးလှ၏ ပြုံးစေ့စေ့ကို စိတ်ထဲ၌ အားမရချေ။ အားမရတိုင်း ဆတက်ထမ်းပိုး တိုးကာ အရာရာတိုင်း ပါဝင်လျက် ရှေ့ကချည်း လမ်းကြောင်းနေလေ၏။

'အမေ ပြောနေပြီဟာ၊ ကျွန်မ ဘာပြောဖို့ လိုသေးလဲ'ဟု မအေးလှ က သူ့ကို မာန်၍ သူမလိုကြောင်း ပြန်ရှင်း ပြောပြပြန်လျှင်...

"ဟဲ့... လိုတယ်ဟဲ့။ ညည်းနေရာ အမေ ဝင်ပြောနေရတာ၊ အမေ့ နေရာမှ မဟုတ်တာ။ လိုတာပေါ့"

ဒေါ်သိန်းမိသည် လိုတာပေါ့သာ ဆိုနေလေသည်။ လိုအပ်သမျှ သူ ချည်းပင် ပြောဆို စခန်းသွားနေလေရာ မောင်မြဦးမှာ တစ်စထက်တစ်စ သူ့ သြဇာညောင်းလာကာ ဦးကျိုးလျက် သေသေဝပ်ဝပ်ကလေး ဖြစ်နေလေ၏။

ဦးအေးမောင်သည် လက်ထပ်ပြီး လိုက်သွားသော သူ့မယားကို ပြန်ခေါ် ရန် စာရေးခေါ်လည်းမရ၊ ရက်ချိန်းအမျိုးမျိုးပေးနေကာ သုံးလေးလကြာ၍ လာပုံမပေါ်သဖြင့် ရန်ကုန်သို့ လိုက်လာခဲ့ရသည်။

"မင်းနဲ့ကွာ...ငါ့ နေရေးစားရေး ဒုက္ခရောက်တာများ တဆိတ်စဉ်းစား ပါဦး"





ရထားဆိုက်ဆိုက်ချင်း ပစ္စည်းများ မချခင် ဒေါ်သိန်းမိကို အရင်ဦးအောင် အပြစ်တင်လိုက်သည်။

ဒေါ်သိန်းမိသည် စကားနာထိုးလာလျှင် မျက်နှာပျက်ပုံမျိုး သူ့မျက်နှာ ကို သိသိသာသာကြီး ပျက်ပြထားလိုက်သည်။ စိတ်မကောင်းသောမျက်နှာဖြင့် စကားမပြောဘဲ နေသည်။ ပစ္စည်းများ ကားပေါ်တင်၍ ကားထွက်မှ စကား ပြန်ပြောလေသည်။

"ဘုရားသိ၊ ခရမ်းသီးဆိုရင် ကျုပ်ရင်ထဲ ခွဲပြချင်ပါရဲ့။ ရှင့်အတွက် ပူရ တာကတစ်မျိုး၊ ဒီမှာ ပူရတာက တစ်မျိုး။ သားသမီးက ချက်ချင်းရှိတော့ စားချင် မသောက်ချင် ဖြစ်နေပြီး အိပ်ရာထဲ လဲနေတာ ကျုပ် ဘယ့်နှယ် လုပ်ပြီး ပစ်ထားခဲ့ရမလဲ"

ဦးအေးမောင်မှာ စိတ်မပြေသေးချေ။ သုန်မှုန်သော မျက်နှာဖြင့် မရယ် ချင့်ရယ်ချင် ရယ်လိုက်လေသည်။

"ဟုတ်တာပေါ့ကွာ ခုတော့ သားသမီးရှိလို့ တော်တော်ကြာကျတော့ ကိုယ်ဝန်ရင့်လို့။ တော်တော်ကြာကျတော့ ကလေးမီးဖွားလို့၊ သွေးနုလို့၊ သား နုလို့ ကလေးငယ်သေးလို့"

'တော်စမ်းပါတော်'ဟု အတင်းဝင်ပြောရင်း တံတောင်နှင့် တွက်လိုက် လေသည်။

"သမီး နေမကောင်းနေတာများ ဘယ်လိုနေသလဲလို့ ဆီးမမေးဘူး။ အပြစ်တင်ချင်တာက အရင် စပြောတယ်။ တစ်သက်လုံး အနားက မခွာဘဲ နေလာတာ၊ သုံးလေးလလောက် ခွာရသေးတယ် စကားများလာပြီ"

"စကားများတာ မဟုတ်ဘူးကွ၊ ငါ့နေရေး စားရေး မင်းမပူတာကို ပြောနေတာ"

"ရှင့် နေရေး စားရေး မယ်ဟန် ရှိသားပဲ၊ အကုန်စီစဉ်ခဲ့တာပဲဟာ"

ဒေါ်သိန်းမိသည် တစ်သက်လုံးက စကားခွန်းကြီးခွန်းငယ် မပြောတတ် သော လင်ယောကျ်ားကို စိန်းစိန်းကြည့်လိုက်မိသည်။ ခွန်းကြီးခွန်းငယ် ပြန် လှန်ပြောတတ်နေပကောဟု အံ့သြနေသည်။ လင်သားပေါ်၌ အုပ်စီးပြီး မဖိမနိပ် ဘဲ ထားတာ ရက်ကြာသွား၍ ကြွစောင်းစောင်းဖြစ်လာသလားဟု တွေ့ကရာ တွေလည်း လျှောက်တွေးသေးသည်။

"မယ်ဟန်က သူ့ယောကျ်ားဆီလည်း ပြန်ချက်ရ၊ အိမ်လည်း လာချက် ပေးရနဲ့ ကြာရှည်ကြီး ဘယ်လာနိုင်မလဲ။ တစ်ခါတလေလည်း အားနာလို့ ငါဟာငါ ဆိုင်မှာ ဝယ်စားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းမိသည် နားထောင်နေရန် သည်းမခံနိုင်တော့ချေ။ သုံးလေး လလောက် ကြာတာများ ရှိမယ်ဖွဲ့ပြီး ပြောနေစရာများလားဟု စိတ်ထဲ ခံပြင်းလာသည်။ စကားမပြောသူက စကားပြောခြင်းကို နားမခံနိုင်အောင် ဖြစ်သည်။

"ဟုတ်တာပေါ့၊ ကျုပ်ရှိတော့ ငါးခြောက်ဆို ဖုတ်ပြီးသားကို၊ ရှင့်အလိုကျ အောင် လုပ်ပေးတဲ့ ရှင့်နိုင်ငံဖက်ကြီးပေါ့။ ကျုပ်မရှိရင် ဒုက္ခရောက်တယ်ပေါ့၊ ဒီမှာ ကျုပ်က အလကား အလည်လာနေတာလား ပြောစမ်းပါဦးရှင့်၊ သမီး ကိစ္စ၊ ရှင့်သမီးအတွက် မဟုတ်ဘူးလား။ ဘယ်သူ့သမီး ထင်လို့လဲ ပြောစမ်း ပါဦးရှင့်"

"မင်းပြောလို့ ပြောရတာကွ၊ တော်ကွာ"

"ကျုပ်ကလည်း ရှင်ပြောလို့ ပြောရတာရှင့်၊ မတော်နိုင်ပါဘူး"

တက္ကစီဂျစ်ကား ဒရိုင်ဘာသည် ကားနောက်၌ ရန်ဖြစ်လာကြသော အဘိုးကြီးလင်မယားကို ကလေးတွေ ကျနေတာပဲဟု အောက်မေ့ကာ 'ဦးကြီးတို့ ရယ်၊ တော်ကြပါဗျာ'ဟု ရယ်ရယ်မောမောဖြင့် ဝင်ဖျဉ်လိုက်လေသည်။

ဦးအေးမောင်မှာ ရန်ကုန် တစ်ပတ်ခန့် နေပြီး နေရပ်သို့ ပြန်သည်။ ဒေါ်သိန်းမိသည် ဦးအေးမောင်နှင့်အတူ ပြန်လိုက်မည် ကြံစည်ပြီးမှ သမီးက လည်း ဘာမှ မစားနိုင်၊ စားသမျှအကုန် အန်ကာ အိပ်ရာထဲ၌ ခွေနေသည်။ မောင်မြဦး အမေကြီးကလည်း ညတိုင်းမအိပ်ရဘဲ ပန်းနာ ထနေကာ အိမ်တွင် လူမမာနှစ်ယောက် ဖြစ်နေသောကြောင့် 'ကိုင်း ရှင်မြင်တဲ့အတိုင်းပဲ၊ ကျုပ် လိုက်လို့ မဖြစ်သေးဘူး။ ရှင့်သားက တစ်နေ့လုံး ရုံးသွားနေတာ၊ သူတို့မှာ ကိုယ်ခွဲလည်းမရှိဘူး။ သူတို့ သက်သာမှပဲ လာခဲ့တော့မတ်'ဆိုကာ နေရစ်ခဲ့ လေ၏။

မောင်မြဦးမှာ အိမ်ပစ်ကာ လာလုပ်ကိုင်နေရသောယောက္ခမကို အားနာ နေလေသည်။ အားနာနာဖြင့် အစစအရာရာ ယောက္ခမအလိုကျ လိုက်လျောကာ ပါးစပ်ထဲခွံ့မှ စားတတ်တော့မည့် ကလေးတစ်ယောက်ကဲ့သို့ ယောက္ခမပြု နေတော့မည့် အခြေသို့ တဖြည်းဖြည်း ဆိုက်လာလေ၏။

'မေမေ ကျွန်တော် လမ်းထိပ်သွားဦးမယ်။ မေမေ ကျွန်တော် ညနေ ရုံးပြန်နောက်ကျမယ်။ မေမေ ကျွန်တော် ဒီနေ့ ရုံးစောစောသွားရမယ်' စသည် အားဖြင့် သူ့ကိစ္စကို မအေးလှအား အသိပေးရန်ထက် ယောက္ခမကို ပြောရန် လိုအပ်သည်။

ကြိုတင် မပြောခဲ့မိဘဲ ရုံးပြန်နောက်ကျသွားသည့် နေ့မျိုးဆိုပါက





သားရေ နောက်ကျလှချည်လားကွယ်။ ဘာဖြစ်လို့တုန်း၊ မေမေဖြင့် ဆိုက်ကား တတိုင်း ကြည့်ရတာ အမောပဲ'ဟု ယောက္ခမက ဆီးပြောသည်။ ရုံးပြန်နောက် ကျရသည့်အကြောင်းကို ယောက္ခမအား ပြောပြခြင်းဖြင့် မယားပါ တလက်စ တည်း ကြားသိသွားရာ မယားကို သပ်သပ်ပြောနေစရာ မလိုသလောက် အချက်ချုတ် နှစ်ချက်ပြတ်နေသည်။

ဒီလမ်းမသွားရန်၊ ဒီအစာ မစားရန်၊ ဒီအချိန် ရေချိုးရန်၊ ဒီအချိန် အားသောက်ရန် ကိစ္စအဝဝ ပြဿနာအရပ်ရပ် မအေးလှပြောရန် အကွက် အကွက်မှ မရှိချေ။ ဒေါ်သိန်းမိပဲ စောင့်ပြောနေသည်။ မအေးလှသည် သူ့ သားကျားနှင့် အခန်းထဲ ဝင်မှသာ လင်မယား ဖြစ်တော့ကာ လင်မယားပြော စာ စကားမျိုး လင်ပြော မယားပြော ပြောနိုင်ကြလေ၏။

မအေးလှ ထူထူထောင်ထောင် ရှိလာလျှင် မောင်မြဦးက ဦးအေးမောင် အတွက် တောင်းတောင်းပန်ပန် ပြန်လွှတ်တော့မှ ဒေါ်သိန်းမိမှာ စိတ်မချ ထက်မချနှင့် ပြန်လာခဲ့ရသည်။

အိမ်ရောက်လျှင် သမီးအကြောင်း သားအကြောင်းပဲ တဖွဖွ ပြောနေ သည်။ 'စကားထဲ သမီးမပါ၊ သားမပါရင် မပြောတတ်သလောက်ပဲ'ဟု ဦးအေးမောင်က စွပ်စွဲနေရာ လင်မယား စကားပြောမတည့်၊ မျက်နှာကြော တည့် ဖြစ်နေကြသည်။

ဒေါ်သိန်းမိသည် ကိုယ်ဝန်ရှိနေသော သမီးအတွက် တထင့်ထင့်ဖြင့် ပူကြသာ စနည်းနာ နေတတ်လေ၏။ နှစ်ရက် တစ်ခါ၊ သုံးရက်တစ်ခါ ဘူတာရုံတွင် လူကြုံသွားရှာသည်။ စားစရာ ပို့ရ၊ ဆေး ပို့ရ၊ ကလေးအနီး အ၊ ကလေးဦးထုပ် ဆွယ်တာထိုး ပို့ရနှင့် အမြဲတမ်း သမီးကိစ္စဖြင့် ဗျာများ နေလေသည်။

ဦးအေးမောင်သည် ပထမ ပိုသည်၊ ကဲသည်ဟု ထင်သည်။ ပိုသည်။ ကဲသည်ဟု အထင်ရောက်လာမှ စိတ်ထဲ တစ်မျိုးတစ်ဖုံ ဖြစ်လာပြန်သည်။ ရန်ကုန်သွားနေလိုက်တာ ငါ့ဆီ စာသုံးလေးစောင်ပဲ ရောက်တယ်၊ ငါတော့ ရေမစိုက်ဘူး။ ဘယ်သို့ ဘယ်ချမ်းသာဖြင့် စိတ်မကောက်စဖူး ကောက်၏။ ကောက်စဖူး မျက်နေလေ၏။

"ကဲ အမေကြီး၊ ခုဆိုရင် ခုနစ်လကျော်ပြီ၊ ရှစ်လထဲ ဝင်လာပြီ၊ မီးဖွား ရင် ဖွားတော့မှာ၊ ကြိုကြိုတင်တင် ကျုပ်သွားဦးမှ မမွေး မဖွားစပ်တော့ အားငယ်နေမယ်"

"မင်းပြန်လာတာမှ နှစ်လလောက် ရှိသေးတယ်၊ ခုမှ ခြောက်လကျော်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်လတဲ ဝင်ဦးမှာ။ မင်းနှယ်ကွယ် ပြောရရင်လည်း မကောင်းဘူး၊ အဖြစ်ကို သည်းတယ်။ မနေ့ကပဲ နေကောင်းပါပယ်လို့ စာရောက်သေးတာ”

ဒေါ်သိန်းမိမှာ သူ့ကို သည်လိုပြောတာ နည်းနည်းမှ မကြိုက်ချေ။ ပူပူ ပင်ပင်နှင့် သူကပင် လွှတ်ရမည်။ အခုတော့ သွားမည့်ဟာ ကာဆီး ကာဆီး ဖြင့် တားလား ဆီးလား လုပ်ရမလားဟု စိတ်ဆိုးလာသည်။

“ရှင့်သမီးတုန်းက ခုနစ်လနဲ့ မျက်နှာမြင်ခဲ့တာ မဟုတ်လား။ ခုနစ်လ ထဲ ဝင်ကော ဖွားလိမ့်မယ်လို့ မပူရဘူးလား။ ရှင့်ပြောလိုက်မှဖြင့် ဒီလိုချည်း ပါပဲ၊ ရှင့်သမီး ရှင် မချစ်ဘူးလား၊ မပူဘူးလား ပြောစမ်းပါရှင်”

ဦးအေးမောင်သည် ဒေါ်ဖောင်းလာသည်။ စိတ်ထဲရှိတာ ပြောင်ပြောင် ဘွင်းဘွင်း ဖွင့်ပြောလိုက်သည်။

‘ငါ ချစ်စရာ မင်းက ချန်သေးလို့လားကွ၊ ငါ ပူစရာကော မင်းက ချန်သေးလား၊ မင်းကြီးပဲ ချစ်၊ မင်းကြီးပဲ ပူပြီး လူကို လာအပြစ်ရှာတယ်။ ဟုတ်တယ်ဟေ့ ငါက မချစ်ဘူး၊ မပူဘူးကွ”

“ရှင် ခွစကားမပြောနဲ့၊ မချစ်ရင် နေပေါ့၊ မပူရင် နေပေါ့၊ ကျုပ်တော့ မနက်ရထားနဲ့ လိုက်မယ်”

ဒေါ်သိန်းမိသည် နောက်တစ်နေ့ ရန်ကုန်သို့ ရောက်သွားလေ၏။

အိမ်ကလူနှင့် ကတောက်ကဆ ဖြစ်ခဲ့ရတာ သမီးနှင့် သမက်ကို မပြောဘဲ နေသည်။ ခမည်း ခမက်ချည်းသာ တိုးတိုးတိတ်တိတ် ပြောကြသည်။

“အိမ်ကဟာကလည်း ယေမ့်ပြန်နေတယ်၊ ဘာဖြစ်နေသလဲ မသိပါဘူး ရက်ကြာကြာနေတာကို တယ်မကြိုက်ချင်ဘူး၊ ကျွန်မမှာ သမီးလည်း စိတ်မချ သားလည်း စိတ်မချ၊ နှစ်ကိုယ်ခွဲလို့ကလည်း မရတော့”

မောင်မြဦးအမေ ဒေါ်ခမှာ ဒေါ်သိန်းမိထက် ကြီးကာ မှဆိုးမဖြစ်တာ မကြာသေးချေ။ စဉ်းစဉ်းစားစား မျက်လုံးအကြည့်နှင့် ငိုင်တိုင်တိုင်ဖြစ်နေကာ လေသံသဲ့သဲ့ကလေး စကားပြောသည်။

“ယောက်ျားများ ဒီအတိုင်းပါပဲ။ ကျုပ်တို့သာ အသက်ကြီးလာလေလေ အမယ်ကြီးအိုစိတ် ပေါက်လေလေ။ သူတို့မတော့ အဘိုးကြီးအိုစိတ်တော့ ဘူး။ ကိုအေးမောင် ဘယ်နှစ်ခုသားလဲ”

“၅၉ နှစ်”

ဒေါ်သိန်းမိက ခပ်တိုတို ပြန်ဖြေသည်။

“အစ်မကြီးထက် သုံးနှစ်ငယ်တာပဲ၊ ညီမနဲ့ကော”

“ကျွန်မနဲ့ ရွယ်တူပါပဲ။ သူက လသာကြီးတယ်။ ကျွန်မ သူနဲ့





အိမ်ထောင်ကျတာ လေးဆယ့်တစ်နှစ်တောင် ရှိပြီ။ ၁၈ နှစ်သမီးက အကြောင်း ပါတာပဲ။ အသက် ၄၀ ကျမှသာ သမီးကို မွေးတာ။ မအေးလှ ၁၉ နှစ်တောင် မပြည့်သေးဘူး”

“မောင်မြဦးတို့ အဖေရှိတုန်းက သူ့သူငယ်ချင်း အေးမောင်ဟာ လူရိုး လူအလို့ စပ်မိတိုင်း ပြောပါတယ်”

ဒေါ်သိန်းမိသည် ဘာကို စဉ်းစားမိသည် မသိ၊ ပြုံးနေလေသည်။ ဒေါ်ခသည် ဒေါ်သိန်းမိအပြုံးကို သိလိုဟန်ရှိသည်။ ပြုံးနေသော မျက်နှာကို စာဟွတ်ဟွတ် ချောင်းဆိုးရင်းပင် မျက်လုံးမခွာဘဲ စိုက်ထားလေသည်။

“မောင်မြဦးလိုပဲ ရိုးလည်းရိုး၊ အေးလည်း အေးပါတယ်။ သူတို့သားအဖ တစ်ပုံတည်းပဲ”

*

ဒေါ်သိန်းမိသည် ဇာတ်ကြောင်းကို ပြန်ပြောင်းကာ တွေးသည့်အခါ၌ သူ့ရှေ့၌ မားမားမတ်မတ် ပေါ်နေသော အရိပ်သင်္ကောန်နှစ်ခုအနက်မှ ခေါင်းဖြူနေသော သင်္ကောန်ကြီးသည် တစ်စစ နုပျိုသောအသွင်သို့ ပြောင်းသွားကာ မောင်မြဦး အသက်အရွယ်လောက် ရှိမည့် လူရွယ်လူငယ်တစ်ယောက် ဖြစ်နေ၏။ ဒေါ်သိန်းမိ သည် မျက်ရည်စမ်းစမ်းဖြင့် စိုက်နေလျက် နောက်ကြောင်းများမှာ တရိပ်ရိပ် ပေါ်လာကာ အတွေးထဲ၌ မျောနေလေသည်။

[၂]

မအေးလှ ဒုတိယအကြိမ် ကိုယ်ဝန်ရှိစဉ် မြေးဦး ‘အပါ’သည် လေးဖက်ထောက် အရွယ်၌ အဘိုးအဘွားအိမ်သို့ ရောက်လာလေ၏။

“သားသမီးကလည်း နီးလိုက်တာ မပြောနဲ့တော့။ ကလေးက နို့မျက် နေတော့ ဘယ်နေကောင်းပါ့မလဲ။ ချုချာတာပေါ့။ နို့ဘူးတစ်ဖက်နဲ့ သူ့အမေ ဒုက္ခရောက်လွန်းလို့ ကျုပ်ပဲ နို့ဘူးတိုက်မွေးပါမယ်ဆိုပြီး ခေါ်လာခဲ့ရတယ်”

ဦးအေးမောင်သည် မြေးဦးကလေး ရောက်လာ၍ ဝမ်းသာသွားလေ သည်။

ဒေါ်သိန်းမိသည် အပါ ဝမ်းက ကျွတ်ကတည်းက မော်လမြိုင်နှင့် ရန်ကုန်ကို အိမ်ဦးနှင့် ကြမ်းပြင်လို ကူးနေခဲ့သည်။ ကလေး မက်ခရုပေါက်၍ တစ်ခေါက်၊ ကလေး ကိုယ်ပူ၍ တစ်ခေါက်၊ ကလေး ဝမ်းပျက်၍ တစ်ခေါက်၊ ကလေး နို့မျက်၍ သွားသည့်အခေါက်၌ကား ကလေးပါ အိမ်ပါလာသည်။

ကလေးရောက်လာလျှင် ရန်ကုန်သို့ ကူးချည်သန်းချည် မလုပ်ချေ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟု အောက်မေ့သည်။ ဦးအေးမောင်သည် အသက်ကြီးမှ ကလေးငိုသံ၊ ကလေးချော့သံများကို ကြားရတာ ကြည်နူးလျက် နားဝင်ချိုနေပေသည်။ ဒေါ်သိန်းမိမှာ သားသည် အမေတစ်ပိုင်း ဖြစ်နေလေ၏။ အိပ်ရာထဲ၌ ကလေးပေါက်စလေး ရောက်နေပေရာ အသက်ကြီးမှ ကလေးရခဲ့ကြ၍ အရူးအမူးဖြစ်ခဲ့သော ဦးအေးမောင်တို့ ဇနီးမောင်နှံ၏ ဘဝသည် အသစ်ပြန်ဖြစ်လာကာ အသက်ပြန်ဝင်လာလေသည်။

ညဘက် ကလေးနိုးလျှင် တစ်ယောက်က ပခုံးပေါ် ထမ်းချော့ကာ တစ်ယောက်က နို့ဘူးဖျော်လေ၏။

ဦးအေးမောင်သည် မြေးကလေး ရောက်လာသဖြင့် 'သားရေ လူကလေး ဌေ့'ဟု ချော့ကာ မြှူကာ ကြည်နူးနေ၏။ အိမ်ကြီးတစ်လုံးနှင့် ရံဖန်ရံခါ တစ်ယောက်တည်း သွေ့ခြောက်ခြောက် ဖြစ်နေတတ်သော သူ့ဘဝသည် သာယာစိုပြည်လာစ ရှိဆဲ၌ 'ကလေးက သူ့အမေ လွမ်းတယ် ထင်ပါရဲ့၊ ငိုချည်းနေတာပဲ၊ ကလေး သနားပါတယ်၊ ဖြစ်သေးပါဘူးလေ၊ သူ့အမေနဲ့ သူ့သား အတူတူ နေပါစေ'ဟု အကြောင်းအမျိုးမျိုးပြကာ ရန်ကုန်သို့ သွားဖို့ ပြန်သောကြောင့် ဦးအေးမောင်၏ ဘဝမှာ ခြောက်ကျန်ရစ်ခဲ့လေ၏။

ဒေါ်သိန်းမိ ရန်ကုန်သို့ အခေါက်ခေါက် သွားနေလေရာဝယ် ကလေးပြန်ခေါ်သွားသော ခုတစ်ခေါက်မှာ အခြောက်ဆုံး ဖြစ်သွားလေ၏။

ခြောက်ကပ်သွားသော အိမ်ကြီး၌ မနေတတ် မထိုင်တတ် ဖြစ်နေလေ၏။ အိမ်တွင် တယ်မနေချင်ဘဲ ပွဲရုံ၌သာ အနေများနေသည်။ အိမ်သို့ စားခါနီးမှပင် ပြန်လာချင်လာ၏။ အိပ်ခါနီးမှပင် ပြန်လာချင်လာ၏။ ဒေါ်သိန်းမိ ရန်ကုန်သို့သွားတိုင်း ထမင်းလာချက် ကျွေးနေရသော မယ်ဟန်မှာ ဒေါ်သိန်းမိဘက်မှ ဆွေမျိုးနီးစပ်တော်သဖြင့်သာ တော်တော့သည်။ မယ်ဟန်၏ ယောကျ်ားကိုဘိုးဆင်မှာ ဦးအေးမောင်တို့ ပွဲရုံစောင့် လခစားလုပ်သည်။

အခါတိုင်း ဒေါ်သိန်းမိ မရှိလျှင် မယ်ဟန်သည် နံနက်စောစော ဈေးဝယ်ပြီး ပေါက်လာကာ ထမင်းချက်လျက် နေ့လယ်တစ်ခေါက် ပြန်သည်။ သူ့အိမ်မှ ညနေကျမှ တစ်ခေါက်ပြန်လာလျက် ချက်ပြုတ်ကျွေးကာ မိုးချုပ်လျှင် ပြန်သွားလေ၏။ ကလေးခေါ်သွားပြီးသည့်နောက် ဦးအေးမောင်သည် အိမ်သို့ အချိန်နှင့် မပြန်ခြင်းကြောင့် မယ်ဟန်မှာ နေ့ဘက် တစ်ခေါက် အိမ်မပြန်နိုင်ရသည်က များနေသည်။ ဦးအေးမောင်သည် အိမ်ပြန်လာတိုင်း မကြည်မသာ ဖြစ်နေပေသည်။ စီးပွားရေးတစ်ဖက်၊ အိမ်တစ်ဖက်ဖြင့် တစ်ယောက်တည်း ဖြစ်နေသော အဖြစ်ကို မကျေနပ်ချေ။ ပွဲရုံစီးပွားရေးလုပ်ငန်း နောက် နောက်





ဘလို ဘာမှ ကူဖော်လောင်ဖက် မရတော့ဘဲ သမီးကိစ္စ၊ မြေးကိစ္စနှင့် ဗျာများနေသော သားမယားကို ညအိပ်ရာဝင်လျှင် အမှတ်ရသည်။ အမှတ်ရလာလျှင် စိတ်ဆိုးချင်လာသည်။

အိမ်ကြီးတစ်လုံးနှင့် တစ်ယောက်တည်း ရှိသည်ကို မသိချင်သဖြင့် မေ့သွားရန် ကြိုးစားအိပ်လေသည်။ အိပ်စေချင်မှ အိပ်မပျော်သောကြောင့် စိတ်တိုတိုဖြင့် အိပ်ရာက ထလာသည်။ အိမ်အောက်ဆင်းလိုက်၊ အိမ်ပေါ်တက်လိုက်၊ အခန်းထဲဝင်လိုက်၊ ဟိုဟာ လုပ်တော့မလိုလို၊ သည်ဟာလုပ်တော့မလိုလိုဖြင့် ယောင်ချာချာကြီး ဖြစ်နေရှာသည်။

ဒေါ်သိန်းမိ ကလေးပို့ပြီး ပြန်လာမည်ဟု ရက်ချိန်းတစ်ပတ် ပေးသွား၏။ ကလေး နေမကောင်း၍ ၁၀ ရက် ရွှေ့သွား၏။ ၁၀ ရက်မြောက်သောနေ့၌ သံကြိုးရောက်လာသည်။ မောင်မြဦးအမေ ဒေါ်ခ သေဆုံးကြောင်း ရိုက်လိုက်သော သံကြိုးကို ဖွင့်ဖတ်နေရင်း ဦးအေးမောင်သည် တစ်စုံတစ်ခုကို တွေးမိကာ သက်ပြင်းကြီး ချလိုက်လေ၏။

ဦးအေးမောင် တွေးတောလာခဲ့သည့်အတိုင်း ဒေါ်သိန်းမိမှာ ရက်လည်ဆွမ်းကျွေးပြီး ဦးအေးမောင်နှင့် အတူတူ ပြန်လိုက်ဖို့ရန် မလိုက်နိုင်သေးကြောင်း အကြောင်းပြလေ၏။

"ရှင့်နယ်ရှင် လူကြီးတွေအားလုံး ပြန်သွားရင် သူတို့မျက်စိ သူငယ်ဖြစ်ကျန်ခဲ့မှာပေါ့။ ဆယ့်ငါးရက်၊ တန်တယ်၊ တစ်လ တန်တယ် ကျုပ်နေပြီး ပြန်မှ ဖြစ်တော့မပေါ့၊ တော်သာ ပြန်နှင့်ပါဦး"

ဒေါ်သိန်းမိသည် တစ်ဖက်ခန်းက သမီးနှင့် သမက် မကြားအောင် အိပ်ရာထဲ၌ တိုးတိုးတိတ်တိတ် ကျိတ်ပြောနေသည်။ ဦးအေးမောင်မှာ မကျေနပ်သံဖြင့် ပြန်ပြော၍ ဒေါ်သိန်းမိက တိုးတိုးပြောရန် လက်ကုတ်ရသည်။

"မင်းကို ကျုပ် မပြောချင်လို့နေတာ။ မယ်ဟန် အိမ်လာပြီး လျှော်ဖွပ် ချက်ပြုတ်ကျွေးနေတာက ဟုတ်ပါရဲ့။ သူ့လင် ဘိုးဆင်က မလိုရင် မလိုဘူးဟာ မယ်ဟန် ညနေပြန်ရင် ရန်ဖြစ်သတဲ့"

"အမယ်လေးတော် ဘိုးဆင် အရက်သောက်တာများ ခုမှ မဟုတ်ပါဘူး တစ်သက်လုံးက သောက်နေတာပါ။ ရန်ဖြစ်တာလည်း တစ်သက်လုံး ဖြစ်နေကျပါ။ ကျုပ် ၁၅ ရက်လောက်နေပြီး ပြန်မှာပါ"

ဒေါ်သိန်းမိသည် ၁၅ ရက်ဆိုပြီး တစ်လလောက် ကြာမြင့်နေလေ၏။

မောင်မြဦးမှာ တတွေတွေ တမှိုင်မှိုင်နှင့် မိခင်အတွက် စိတ်လက်မကောင်းဖြစ်နေသည်။ စိတ်ပြေလက်ပျောက် ရှိပါစေတော့ဟု ဖျောင်းဖျ၍ ဂရုစိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သမီးကို အားမရဘဲ သူချည်း သယ်နေရလေ၏။

မအေးလှမှာ ကိုယ်ခွဲ ကလေးမတစ်ယောက် အဖော်ရသော်လည်း ကလေးထိန်းရှံသာ အဖော်ရသည်။ ကိုယ်ဝန်ကြီးနှင့် ချက်ရ၊ ပြုတ်ရ၊ အိမ်တာဝန် လုပ်ရသဖြင့် မအားရချေ။ အမေရှိ၍သာ တော်သေးသည်။ အမေမရှိလျှင် မောင်မြဦးကို စိတ်လက်ကောင်းအောင် အနားက ထိုင်ကာ သယ်နေနိုင်မည် မဟုတ်ချေ။ ရုံးမသွားခင်နှင့် ရုံးကပြန်လာလျှင် အမေက အထူး ဂရုစိုက်ကာ ဘာမှ လိုလေသေးမရှိအောင် ပြုစုယုယလျက် တဖူးဖူးမှုတ်နေခြင်းကပင် စိတ်ပြေလက်ပျောက် စိတ်လက်သက်သာရာ ဖြစ်နေသည်။

ဒေါ်သိန်းမိမှာ မအေတစ်ယောက် သားတစ်ယောက်မို့ စိတ်မကောင်းဖြစ်နေတာပဲဟု နားလည်ကာ မောင်မြဦး အမေ့နေရာ၌ ကိုယ်စားဝင်၍ ဖြစ်စေ၊ မောင်မြဦး ဇနီးနေရာ၌ ကိုယ်စားဝင်၍ ဖြစ်စေ တစ်အိမ်ထောင်လုံးသူချည်း နှစ်ပါးသွားနေသဖြင့် မအေးလှမှာ ခပ်အေးအေးပင် သူ လုပ်စရာရှိတာသာ သူ လုပ်နေလေ၏။

မောင်မြဦးသည် ဒေါ်သိန်းမိအပေါ်၌ လေးစားသည်၊ ချစ်ခင်သည်။ သူ့အမေအရင်းပင် သူ့ပေါ်၌ သည်လောက် မကောင်းနိုင်၊ သည်လောက် မယုယနိုင်ဟု ထင်မိသည်။ သူ့အပေါ်၌ သူ့မယားပင် သည်လောက် မပြုနိုင်၊ သည်လောက် မကျေပွန်နိုင်ဟု အောက်မေ့သည်။ ကလေးအတွက်၊ အိမ်အတွက် အားလုံး စိတ်ချရသဖြင့် ယောက္ခမပြန်မှာပင် စိုးရိမ်နေသည်။

ဦးအေးမောင်ဘက်မှ အဝင်အထွက်ရှိကြသော ဆွေမျိုးတစ်စုကား ရန်ကုန်လာလျှင် တည်းခို စားတည်းချသွားကြပြီး ကိုယ့်အရင်ရောက်လျှင် အတင်းစုပြောကြလေ၏။

“ကြက်တူရွေးက တော်တော်၊ မယ်တော်က သည်းသည်း၊ မောင်မြဦးစိတ် သိပ်ထိခိုက်နေတယ်။ မအေ မရှိတော့ မနေတတ် မထိုင်တတ် ဖြစ်နေတယ် ဆိုပြီး တကတည်းမှပဲ သမက်ကို အရိပ်တကြည့်ကြည့်နဲ့ မျက်စိအောက အပျောက်မခံဘူး။ သူ့ယောက်ျားကြီးတော့ သတိတောင် ရရဲ့လား”

ဆွေမျိုးတို့သည် မြင်ပြင်းကပ်ကပ်ဖြင့် တီးတိုး တီးတိုး ပြောကြလေရာ တီးတိုးသံသည် တစ်စစ ဦးအေးမောင်၏ နားသို့ ရောက်သွားသည်။

ဦးအေးမောင်သည် မလုပ်စဖူး သံကြိုးရိုက်ခေါ်လိုက်သည်။

ဒေါ်သိန်းမိ ပြန်ရောက်လာသည့်နေ့ကစ၍ လင်မယားနှစ်ယောက်မှာ မျက်နှာကြောမတည့်ဘဲ တကျက်ကျက်ဖြစ်နေကြသည်။ ဒေါ်သိန်းမိမှာ ဦးအေးမောင်ကို သူ့ဆွေမျိုး မြှောက်ပေးသည်၊ တို့ပေးသည်၊ တိုက်ပေးသည်





ဦးအေးမောင်ဘက်မှ ဆွေမျိုးတွေအပေါ်သို့ အပြစ်လုံးလုံးကြီးဖို့ကာ ရန်ထောင်နေလေသည်။

သို့ဖြင့် နေ့စဉ်ရက်ခြား သမီးကိစ္စနှင့် ကတောက်ကဆ ခွန်းကြီး ခွန်းငယ်များကြလျက်ဖြင့် မအေးလှ ဒုတိယကလေး မွေးဖွားချိန် နီးကပ်လာလေ၏။

‘ကဲ… ဘယ်လိုလဲ၊ ဟိုမှာ တော့သမီး နေ့လား၊ ညလား ဖြစ်နေပြီ။ ချုပ် မသွားရဘူးလား”

ဦးအေးမောင်သည် တုတ်တုတ်မျှ မလှုပ်ချေ။ စကားပြန် မရ၍ ဒေါ်သိန်းမိသည် ဒေါသထွက်လာသည်။ ဦးအေးမောင်မှာ သမီးနှင့် ပတ်သက်လျှင် အကောင်းပြောလည်း အကောင်းမထင်ဘဲ စကားများရတာချည်းပဲ ဖြစ်၍ ခပ်ရှောင်ရှောင် လုပ်နေသည်။ မေးမေးချင်း ရုတ်တရက် အဖြေမထွက်။ ဒေါ်သိန်းမိ၏ ခပ်မာမာ မေးနေသော အသံကြောင့်လည်း တုံ့ဆိုင်းနေသည်။

“တော် ကျုပ်ကို စကားမပြောချင်ဘူးလား၊ ဘယ်လိုလဲ။ မသွားသချင်သည်း ပြောရမယ်၊ သွားရမယ်၊ သွားရမယ် ဆိုရင်လည်း ပြောရမယ်၊ မြို့နေဘာက ဘယ်လိုသဘောလဲ”

ကွယ်…မင်းသဘော…မင်းသဘော။ ငါ့ကို ဘာမှ မမေးပါနဲ့၊ မင်းသဘော”

ဒေါ်သိန်းမိသည် အင်္ကျီလက်မောင်း ပင့်တင်လိုက်ကာ အံကြိတ်၍ ကြည့်နေသည်။ ဦးအေးမောင်က ဘယ်သို့ဘယ်ညာပြောလျှင် တစ်စက်မှ မခံဘူးဟု စိတ်မကောင်းသံ ရောနှောနေလေရာ တင်းထားသော စိတ်များသည် အနည်းငယ် ပျော့သွားလေသည်။

“ကျုပ်သဘောဆို ကြာလှပြီ ရောက်သွားတာ၊ ကျုပ် သဘောချည်း လုပ်ချင်လို့ ရှင့်ကို မေးတာပေါ့။ အခုချက်ချင်း ထသွားမှာလည်း မဟုတ်သေးပါဘူး။ ရက်နီးတော့ သံကြိုးရိုက်ဖို့ စာရေးလိုက်ပါ့မယ်”

ဒေါ်သိန်းမိသည် အသာကိုယ်ရှိန်သတ်လိုက်ရသော်လည်း စိတ်ထဲ၌ တင်မကျ ဖြစ်နေလေ၏။ ဦးအေးမောင်က ဘုကျကျကလေး ပြောခဲ့လျှင် ရန်ကုန်သို့ နေ့ချင်း ညချင်း ထွက်သွားမည် ဖြစ်သည်။ မင်းသဘောဆို၍ အသာကလေး ကိုယ်ရှိန်သတ်ထားရသည်။

ဒေါ်သိန်းမိသည် ဦးအေးမောင်နှင့် သည်အကြောင်းကို ဆက်မပြောသော်လည်း ဦးအေးမောင် ကွယ်ရာတွင် သည်အကြောင်းချည်းပဲ ပြောနေလေသည်။ ကြားရသူမှာ နားကို ငြီးနေသည်။

“ညည်း သိတဲ့ အတိုင်းပဲ မယ်ဟန်၊ ယူဟဲ့…ယူဟဲ့ ဆိုလို့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကား နားထောင်ပြီး လင်ယူလိုက်ရတာ။ သူ့ခမျာ ဘာမှ သိတတ်သေးတာမဟုတ်ဘူး။ ညည်းတို့ မျက်စိအမြင်ပဲ။ မအေ့ထဘီစ ဆွဲပြီး မအေနဲ့ တကပ်ကပ်နေတဲ့ သမီး၊ ဘာမဆို မအေ့ အကြောင့်ကြ၊ အမေ့နို့သက်ခံစို့တာ လင်သာ ပေးစားလိုက်ရတယ်၊ ငါ့စိတ်ထဲ နို့စော်တောင် ပျောက်ဦးမှာ မဟုတ်ဘူး ထင်တာ။ မအေမို့ ပြန်မယ်ဆို ဒီပါလေရော၊ အိမ်ထောင်မကျခင်တုန်းက ငါ တစ်ညအိပ် နှစ်ညအိပ် ခရီးသွားရင် ညည်းနဲ့ ထားခဲ့တုန်းက ဒီသလိုပါပဲ အေ၊ တရှုံ့ရှုံ့ ငိုတာပါပဲ"

မယ်ဟန်၏ စိတ်ထဲ၌ လွန်လွန်းတယ်ဟု အောက်မေ့သည်။ ဒီအိမ်လာ၍ သူ့မျက်နှာမြင်လျှင် သည်စကားပဲ ဆီး ဆီး ပြောနေသဖြင့် နားပူလာလေသည်။ ဆွေနီးမျိုးစပ်တော်၍ ဆန့်ကျင်ဘက် မပြောရဲဘဲ အလိုက်အထိုက် ကြည့်ပြောရလေသည်။

"ဟုတ်တာပေါ့ အစ်မရဲ့၊ သူ့ခမျာ မွေးကာနီး ဖွားကာနီးဆိုတော့ အမေကို မျှော်နေမှာပဲ။ အစ်ကိုကြီးပါ ခေါ်ပြီး အစ်မ ရန်ကုန်သာ ပြောင်းနေဖို့ ကောင်းတော့တယ်"

"ပြောင်းလို့လည်း ဘယ်ဖြစ်မလဲ အေ၊ ကိုယ့်စီးပွားလက်ငုတ်က ဒီမှာ ရှိနေတာ။ ပြီး ညည်းအစ်ကိုကြီးကလည်း ရန်ကုန်မှာ အသက်ရှုကြပ်တယ်လို့ နေတတ်တာ မဟုတ်တော့ မခက်လား။ ခက်ပါတယ်အေ၊ ခက်ပါတယ်၊ ငါ့ဒုက္ခများပါတယ်"

ဒေါ်သိန်းမိသည် ပြောပြီး ဟင်းခနဲ ပင့်သက်ကြီး ချလိုက်သည်။ မယ်ဟန်မှာ ငေးငိုင်လျက် ကြည့်နေ၏။

"အစ်မတော့ ဒုက္ခပါပဲ။ အစ်ကိုကြီးကိုလည်း သနားစရာပဲ။ အစ်မမှ မရှိရင် မကြည့်မသာနဲ့ ရှင်ရှင်ပျပျကို မရှိဘူး။ အစ်မ မရှိတဲ့အခါ ကျွန်မထပ်ပြီး ဂရုစိုက်ပါတယ်။ ကျွန်မအပေါ် မကျေနပ်ရင် အစ်မအပေါ် မဲနေမှာစိုးလို့ အစစ အရာရာ လိုလေသေးမရှိအောင် လုပ်ပေး ကိုင်ပေးတာပဲ။ အစ်မအတွက် ကျွန်မလည်း မသက်သာဘူး။ ဒီမှာ တစ်နေ့လုံး လာလုပ်နေရရင် အိမ်ပြန်တော့ ဘိုးဆင်က မူးမူးနဲ့ ရန်ထောင်ချင်သေးတယ်"

"အမယ်လေးအေ ဒီကောင်များ ဂရုစိုက်လို့ မူးရင် မူးတဲ့အခိုက်ပါ။ ညည်း အစ်ကိုကြီးကို ညည်းက ဒီအကြောင်း ကြပ်ကြပ်ပြော။ ငါ့ကို ဒီအကြောင်းနဲ့ ရမယ်ရှာပြီး မသွားသချင်နေဘူး။ ညည်းတို့က အဲသလိုပြောနေရင် သူ့ဆွေမျိုးတွေက သူ့ကို ပိုဖိပြောကြမှာပေါ့။ ဒီအကောင့်အကြောင်း စကားထဲ ထည့်မပြောစမ်းနဲ့။ ဒင်း သောက်ချင်သလို သောက်ရအောင် တစ်ဖက်လှည့်





နဲ့ ငါက ပေးနေရတာပဲ မဟုတ်လား။ ညည်းတို့ကို ပေးကမ်းနေတာ အကုန်လုံး သူသိတာ မဟုတ်ဘူး သိရဲ့လား"

မယ်ဟန်မှာ ရှေ့ဆက် မပြောရဲချေ။ ကိုဘိုးဆင် လခအပြင် တိတ်တိတ်ကျိတ်ပေးနေသော ငွေစများဖြင့် ရွှေစဝယ်စုနိုင်သည့်အတွက် နှုတ်ဆိတ်သွားလေ၏။

မယ်ဟန်သည် ဒေါ်သိန်းမိ အလိုကျအတိုင်း အိမ်လာတိုင်း ရန်ကုန်က သံကြိုးရောက် မရောက် အရင်မေးကြည့်သည်။

ဒေါ်သိန်းမိသည် စိတ်တထင့်ထင့်ဖြင့် သံကြိုးမျှော်နေသည်။ သံကြိုးရောက်လာသဖြင့် စိတ်တပူပူဖြစ်နေပုံကြောင့် ဦးအေးမောင်မှာ စိတ်ရှုပ်ရှုပ်ဖြင့် ရန်ကုန်သို့ လွှတ်လိုက်ရလေ၏။

စူဠလိပ် ရေထဲလွှတ်လိုက်သလိုပင် ဒေါ်သိန်းမိသည် ရန်ကုန်၌ လေးငါးလသောင်တင်နေလေ၏။ မအေးလှသည် မျက်နှာမြင်ပြီး မီးယပ်ကျိုးကျိုးနေကာ အိပ်ရာထဲ၌ လဲနေလေသည်။

ဒေါ်သိန်းမိမှာ လူမမာ တစ်ဖက်၊ ကလေးနှစ်ယောက် တစ်ဖက်နှင့် ဒုက္ခများနေလေသည်။

မအေးလှ အတော်ကြီး နေမကောင်းနေသောကြောင့် ဦးအေးမောင်က ရန်ကုန်သို့ နှစ်ခေါက်သုံးခေါက် သွားကြည့်လေသည်။

ဦးအေးမောင်သည် တစ်ခေါက်နှင့်တစ်ခေါက် မတူဘဲ ပြောင်းလဲနေပုံကို သတိပြုမိသည်။ နေကောင်းကောင်းချင်း ပြန်လာဖို့ရာ မှာကြားပြောဆိုသူမှ မပြုဘဲ အေးအေးပင် ပြန်သွား၏။ အနေခက်သည်၊ အစားခက်သည်လည်း မတွေ့ရဘဲ အေးအေးချမ်းချမ်း ဖြစ်နေသော အရိပ်အခြေတွေကိုပင် မြင်လိုက်သည်။

မအေးလှသည် အမာကို မွေးဖွားပြီး အိပ်ရာထဲ၌ လဲနေကာ အရိုးပေါ်အရေသာ ကျန်တော့သည်။ ဘယ်သူမှ မမှတ်မိအောင် ရုပ်ပျက်သွားသည်။ ဂျက်လုံးဟောက်ပက်ဖြင့် ကမ္ဗည္ဘန်းရုပ်ကို ကြည့်လျက် ဒေါ်သိန်းမိမှာ ရင်ထုမတတ်ဖြစ်နေသည်။

'ငါ့သမီးလေး ဒီလိုနဲ့ပဲ တဖြည်းဖြည်း လုံးပါး ပါးတော့မှာလား'ဟု ဒေါ်သိန်းမိစိတ်တို့ဖြင့် မွန်ထူပူနေတော့သည်။

မောင်ဖြူဦးမှာ ရုံးအလုပ်ကလည်း ပူ၊ အိမ်ပြန်ရောက်လျှင်လည်း တစ်ဖက်မှ စိတ်ချမ်းသာစရာလည်း မတွေ့ရ။ အရေးထဲ ကူဖော်ထောင်ဖက် မိန်းကလေးက အိမ်မှ ထွက်သွား၍ ဖတ်ဖတ်ဆာနေသော ယောက္ခမကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးကလို သူပြန်လာလျှင် ယုယ လုပ်မနေတော့ဘဲ စိတ်တိုနေပုံရသည်။

"ကဲ…ဟဲ့…မင်း ကလေးထိန်းပါဦး။ ငါဖြင့် တစ်နေ့လုံး ယားလို့တောင် မကုတ်အားဘူး၊ အလုပ်ကလည်း များလိုက်တာ။ လူမမာကလည်း တစ်နေ့ရွှေ တစ်နေ့ငွေ။ ပေါကလည်း ဆော့လိုက်တာ မျောက်ရှုံးနေတာပဲ မနိုင်ဘူး"

ယောက္ခမ၏ ညည်းသံ ညူသံ၊ လူမမာ၏ ညည်းသံ၊ ညူသံ၊ ကလေးတွေ၏ ငိုသံ ဆူသံများ လွှမ်းဖုံးလျက် မသာမယာ ဖြစ်နေသော အိမ်ဆီသို့ ရုံးကအပြန် အနိုင်နိုင် လျှောက်ပြန်လာခဲ့ရသည်။

အမေအို ပန်းနာသည်နှင့် တစ်သက်လုံး နေခဲ့ရ၍ လူမမာဆိုလျှင် အနားမကပ်ချင်သလောက် စိတ်ကုန်ခန်းသည်။ စိတ်မရှည်ရကောင်းလားဟု လူနာက စိတ်လုပ်ပြန်လျှင် မချော့မမော့ဘဲ တစ်ယောက်တည်း ကျိတ်မြို၍ စိတ်ရှုပ်စိတ်ပျက်နေလေ၏။

ဒေါ်သိန်းမိသည် မော်လမြိုင်မှ ဘာသတင်းမှ မကြား၊ စာမရတာလည်း ကြာမြင့်နေသဖြင့် ဦးအေးမောင် နေထိုင်များ မကောင်းဖြစ်နေသလားဟု တွေးတောလျက် ဈေးကအပြန် ပုဇွန်တောင်ဘက်သွားကာ အသိမိတ်ဆွေအိမ်တွင် မော်လမြိုင်လူကြုံသွားကြည့်လေ၏။

ဒေါ်သိန်းမိ လူကြုံသွားကြည့်သော အိမ်မှာ မော်လမြိုင်မှ ပြောင်းရွှေ့လာကာ သစ်ဆိုင်ဖွင့်ထားလေသည်။

အသိအိမ်၌ မော်လမြိုင်လူကြုံ မရှိ၍ ထပြန်ကာနီး၌ သစ်ဆိုင်ရှင် ဦးဘိုးအုံး၏ ဇနီး ဒေါ်ပန်းသည် ဒေါ်သိန်းမိကို ပြုံးကြည့်လျက် 'လောလိုက်တာ၊ နေစမ်းပါဦး'ဟု တားနေသည်။

"မဖြစ်ပါဘူး မပန်းရယ်။ လူမမာရှိနေတော့ ဘယ်မှ ကြာကြာမနေနိုင်ဘူး။ ဈေးဝယ်ရတာတောင် နောက်က ကျားလိုက်သလို ဝယ်ရတာ။ သူ့ဆီက စာမရောက်တာ ကြာသွားလို့ ဘာများ ဖြစ်နေလို့လဲ သိချင်လို့ ဒီဘက်လှည့်လာတာ။ သွားဦးမှ"

ဒေါ်ပန်းသည် ဒေါ်သိန်းမိ မထမီ အတင်းလက်ကုတ်၍ ဆွဲထိုင်ချလိုက်သည်။ ဒေါ်သိန်းမိမှာ တမင်ဆွဲနေသည် မှတ်၍ 'နောက်မှလာမယ် မပန်းရယ်'ဟု ရှန်းရင်း ပြောနေသည်။

"ရှင့်ကို ပြောစရာရှိလို့ တားနေတာ နေပါဦး၊ ကိုအေးမောင်ကြီး သတင်း ဘာလိုလို ကြားပါကလား"

ဒေါ်သိန်းမိသည် ကိုယ်ကြွပြီးမှ မျက်လုံး မျက်ဆန်ပြူးပြူးဖြင့် အသာ





ထိုင်ချလိုက်ကာ 'ဘာကြားတာလဲ'ဟု မေးလိုက်သည်။

ဒေါ်ပန်းသည် မဲ့လိုက်လေ၏။ ဒေါ်သိန်းမိမှာ မျက်နှာပျက်နေလေသည်။

"ရှင်နဲ့ ဘာတော်သလဲ၊ ရှင့်အိမ် ဝင်ထွက်နေတဲ့ မယ်ဟန်နဲ့ ညားနေသလိုလို တစ်မြို့လုံး ပြောနေတာ ရှင်မသိဘူးလား။ မယ်ဟန်တို့ လင်မယားကွဲပြီး မယ်ဟန်က အခု ရှင့်အိမ်ပေါ်မှာ"

ဒေါ်သိန်းမိသည် မိုက်ခနဲ ဖြစ်သွားကာ ရင်ထဲ၌ တဆတ်ဆတ်ခုန်လာသည်။ စကားမပြောနိုင်အောင် ကြက်သေကြီး သေနေလျက် သူ့မျက်လုံးများလည်း ဝိုင်းနေလေ၏။

"ရှင်လည်း ဒုက္ခပဲ။ ရှင့်သမီးက တစ်ဖက်၊ ယောကျ်ားဆိုတာ ဒီလောက်ဖြစ်ထားလို့ ဖြစ်ပါ့မလားရှင့်။ လူရိုးဆိုတာ သချိုင်းကုန်းမှာ ရှိတာ"

ဒေါ်သိန်းမိသည် ဈေးခြင်းတောင်းကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ကတုန်ကယင်နှင့် ထလိုက်လေ၏။ ဒေါ်ပန်းမှာ မျက်စိမျက်နှာ ပျက်နေသော ဒေါ်သိန်းမိကို စိတ်မကောင်းစွာ စိုက်ငေးကြည့်နေသည်။

"ခေါင်းဖြူကြီး၊ ငါကတော့ လူရိုးကြီးပဲဆိုပြီး ဒီဘက်ကဆိုရင် ဘာမှ မပူမိဘဲ စိတ်ချနေခဲ့တယ်။ သိကြရောပေါ့အေ"

ဒေါ်သိန်းမိသည် အိမ်သို့ သုတ်သုတ်ပြန်ခဲ့လေသည်။ မီးဖိုထဲတွင် အယောင်ယောင် အမှားမှားဖြင့် ဟင်းအိုးတွေ ပျက်ကုန်ကာ တစ်ယောက်တည်း စိတ်တိုနေသည်။ သမီးကို ပြောရကောင်း မကောင်း စဉ်းစားဝေခွဲ၍ မရ ဖြစ်နေ၏။ သမက် သိမှာလည်း ရှက်လှသည်။

တစ်နေ့လုံး ဘာလုပ်လုပ် အလွဲလွဲ အချော်ချော်ဖြင့် နေမထိ ထိုင်မထိ ဖြစ်နေသည်။ မအေးလှသည် အိပ်ရာထဲမှ 'အမေ ဘာဖြစ်ပါလိမ့်'ဟု တွေးနေသည်။ မောင်မြဦးသည် ရုံးကအပြန် ဒေါ်သိန်းမိကို မြင်မြင်ချင်း အမ်းသွားလေ၏။ သားအမိချင်း ရန်ဖြစ်ကြသလား…ဘာဖြစ်ကြသလဲဟု အမျိုးမျိုးတွေးကာ မျက်နှာပူသွားသည်။ ဒေါ်သိန်းမိမှာ မျက်နှာမပျက်အောင် သတိထား၍ မရနိုင်။ မဖုံးနိုင် မဖိနိုင်အောင် သိသိသာသာကြီး မျက်နှာပျက်နေလေ၏။

ဒေါ်သိန်းမိသည် မအေးလှ ထသွားနိုင်သည်အထိ မျိုသိပ်ကာ အောင့်နေရသည်။ ထနိုင်သည်နှင့် တစ်ပြိုင်နက် မော်လမြိုင်သို့ လေယာဉ်ပျံနှင့် လိုက်လေ၏။ ကြားရသော သတင်းမှန် မမှန် အကဲခတ်ချင်၍ အကြောင်းမကြားဘဲ တိတ်တိတ်လာခဲ့သည်။

ခရီးရောက်မဆိုက် အိမ်ပေါ်၌ သနပ်ခါး ခြေဆုံး ခေါင်းဆုံး လိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော မယ်ဟန်ကို တွေ့သည်။ ဦးအေးမောင်မှာ အိမ်၌ မရှိချေ။ မျက်နှာထားကြီးနှင့် အိမ်ပေါ်တက်လာသော ဒေါ်သိန်းမိကို မြင်၍ မယ်ဟန်မှာ မျက်စိမျက်နှာ ပျက်သွားကာ ကြောင်နေလေသည်။

"ငါလာတာ နှုတ်မှ မဆက်နိုင်အောင် ညည်းဖြစ်နေတာ ဘယ်အချိုးလဲ"

ဒေါ်သိန်းမိသည် ခါးထောက်ပြီး အသံကျယ်ကျယ်ဖြင့် ခပ်ထန်ထန် ပြောလိုက်သည်။

မယ်ဟန်သည် အာစေးထည့်ထားသလို ဘာမှ မပြောနိုင်ဘဲ တစ်ကိုယ်လုံး တုန်နေလေသည်။

"ညည်းကို ကျုပ်က အိမ်ကြည့်လိုက်ပါလို့ အပ်ခဲ့တာ၊ ကျုပ်လင်ပါ အပိုင်ယူတော့လို့ အပ်ခဲ့တာ မဟုတ်ဘူး"

မယ်ဟန်သည် မျက်ရည်များ ပေါက်ပေါက်ကျလာကာ 'အစ်မရယ် တိုးတိုးပြောပါ'ဟု ရှိုက်ရင်း ပြောနေ၏။

'ဘာလဲ...လူသိမှာ စိုးသလား၊ အထင်ကရ မဟုတ်ကြသေးဘူးလား။ ကျေးရွာကန်းတဲ့ မဟာဗာ အခုဆင်း။ ငါ့အိမ်ပေါ်က အခုဆင်း"

ဒေါ်သိန်းမိသည် လမ်းက လူသွားလူလာများ ကြားလောက်အောင် အော်ဟစ်ပြောလေ၏။

အော်ဟစ်ပြီး ဒေါသကို မချုပ်တည်းနိုင်ဘဲ မယ်ဟန်၏ပါးကို တအား လှမ်းချသည်။

မယ်ဟန်သည် ဖြန်းခနဲ ဖြစ်သွားကာ ပူထူလာကာ ပူထူလာသည်နှင့် ကက်ကက်လန်အောင် ပြန်ရန်တွေ့လေ၏။

"ရှင့်အိမ်ပေါ်မှာ နေချင်လွန်းလို့ နေတယ် မမှတ်နဲ့၊ ရှင့်လင်ကြီးက ရှင်ပစ်ထားလို့ သူ့ကို သနားပါလို့ တောင်းပန်လွန်းလို့ သည်လိုဖြစ်ရတာ အခုမှ ဘာလာရမ်းနေသလဲ"

ဆူညံသံကြားသည်နှင့် အိမ်နီးနားချင်းများ ပြေးလာကြသည်။ ဒေါ်သိန်းမိကို ဝိုင်း၍ ဆွဲထားကြ၏။ မယ်ဟန်မှာ ဆင်းသွားရကောင်းနိုးနိုး မဆင်းဘဲနေရကောင်းနိုးနိုး တွေဝေနေသည်။ အိမ်နီးနားချင်းများက အကျယ်အကျယ် မပွားရန် ရှောင်ပေးဖို့ရန် ဝိုင်းပြောတော့မှ သူ့အထုပ် သူဆွဲကာ ဆင်းသွားလေသည်။

မယ်ဟန်သည် ဦးအေးမောင်ရှိရာ ပွဲရုံသို့ တန်းသွားလေ၏။

ဒေါ်သိန်းမိသည် ဦးအေးမောင်ရှိရာ ပွဲရုံသို့ လိုက်သွားချင်လျက် အားလုံးက ဝိုင်းဖျောင်းဖျကြ၍ အိမ်အပြန်ကို စောင့်ဆိုင်းနေရသည်။ ဦးအေး





မောင်သည် လူခြေတိတ်မှ အိမ်တံခါးကို လာခေါက်သည်။ ဒေါ်သိန်းမိမှာ ဆတ်ဆတ်တုန်သွားလျက် တံခါးထဖွင့်လိုက်သည်။ ဦးအေးမောင်သည် မျက်လုံး ဝင်းဝင်းနှင့် ဝင်လာလေ၏။

တစ်ညလုံး မျက်နှာချင်းဆိုင်ပြီး အကြီးအကျယ် ရန်ဖြစ်ကြလေ၏။ မိုးလင်းခါနီးလောက်တွင် ဒေါ်သိန်းမိသည် ရန်ဖြစ်ရင်း သူ့ပစ္စည်းအားလုံး ထုပ်ပိုး သိမ်းစုပြီးသွားသည်။

"ဒီလို သစ္စာဖောက်လို့တော့ ဘယ်တော့မှ မပေါင်းဘူးမှတ်။ ဟင်ဆိုခင် တို့က လှည့်ကြည့်တဲ့ အစားမျိုး မဟုတ်ဘူး၊ ပြတ်တယ်ဆို အပြီးပဲ။ ပစ္စည်းကို ရုံးကနေ တစ်ဝက်ခွဲ တောင်းရမလား၊ ခွဲပေးမလား"

မသိန်းမိ၏ နောက်ဆုံးအသံ ထွက်လာပြီးနောက်–

"မင်း မပေါင်းချင်ရင် ပြီးရောပေါ့၊ ရုံးတက်စရာ မလိုပါဘူး၊ ခွဲပေးမယ်၊ မနေချင် သွားနိုင်တယ်'ဟု ဦးအေးမောင်၏ နောက်ဆုံးအသံနှင့်အတူ အိမ်တံခါးဖွင့်သံ၊ ဆိုက်ကားထွက်သွားသော အသံဗလံများ ထွက်ပေါ်ဆူညံသွားကာ တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

*

ဒေါ်သိန်းမိသည် အတွေးထဲ၌ မျောလျက် ရှိနေစဉ် မမြင်နိုင်သော ကျောက်ဆောင်ကြီးနှင့် တိုက်ထိသွားသည်။ စုရုံးပေါင်းစပ်ကာ မျောနေသော အတွေးများသည် ဖရိုဖရဲ ပျောက်ပျက်သွားကုန်ကြသည်။ တိုက်ခိုက်သွားသော ဒဏ်ရာ ဒဏ်ချက်မှာ ရင်ထဲ၌ မသက်သာချေ။ ရင်ထဲ၌ နာကျင်ခြင်း ပြင်းစွာ ဖြစ်သည်။ မျက်ရည်ပေါက်ကြီးများသည် တလိမ့်လိမ့်စီးကျလာလေသည်။

သူ့တစ်ကိုယ်လုံး၌ ခဲကိုက်နေကြသော ခြင်ကောင်များကို အမှတ်မရချေ၊ ရင်တဲ၌ တစစ်စစ် နာလာသော ဝေဒနာသည် ခြင်ကောင်များ သွေးစုပ်နေသော နာကျင်ခြင်းထက် ပြင်းထန်စွာ နာကျင်နေပေသည်။

[၃]

ဒုတိယမြောက် 'အပု'ကို မျက်နှာမြင်သောအချိန်၌ ယခင်အိမ်တွင် မဟုတ်ကြတော့ချေ။ အိမ်ကြီးကို ထိုးရောင်းကာ အကြွေးတွေ ဆပ်ရပြီး အိမ်ကြီးနေရာ၌ မြေကလေးချန်ကာ အိမ်ကလေးတစ်လုံး ဆောက်နေကြရသည်။

ကလေးနှစ်ယောက် နို့ဘူးစရိတ်၊ မကျန်းမာသည့် စရိတ်၊ မသာရေးအတွက် ကုန်ကျခဲ့သည့်စရိတ် အထွေထွေဖြင့် အကြွေးတွေ နင့်နေသည်။ အကြွေးပူလာ၍ မောင်မြဦးမှာ အိမ်ကြီးကို မရောင်းချင် ရောင်းချင်ဖြင့် ရောင်းလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ကာ အကြွေးကြေအောင် ဆပ်လိုက်ရသည်။

အိမ်ပြောင်းနေကြပြီးကတည်းက မောင်မြဦးမှာ တစ်စတစ်စ ပြောင်းလဲနေသည်။ အိမ်တွင် ရွှင်ရွှင်ပျပျ ရယ်ရယ်မောမော နေတယ်လို့ မရှိ။ ရုံးက ပြန်လာလျှင် သူ့မျက်နှာမှာ အုံ့နေသော မိုးကဲ့သို့ မှုန်ဆေးနေကာ သွက်သွက်လက်လက် အမူအရာမျိုး မရှိဘဲ လေးကွေးနေလေ၏။

"ညည်းကို ငါမွေးထားတုန်းက ဒီလိုမဟုတ်ပါဘူး၊ အခုများဖြင့် ညည်းကြည့်ရတာ တစ်နေ့ထက်တစ်နေ့ အရုပ်ကြီးလိုပဲ၊ မလှုပ်ဘူး၊ ကိုယ့်လင် ပြန်လာရင်လည်း စကားစမြည်ပြောလို့ ဆိုလို့ မဟုတ်ဘူး။ အစစအရာရာ ငါချည်းပဲ ပြောဆိုနေတယ်။ မတုန်မလှုပ်နဲ့ ညည်း ကြည့်ရတာ ငါ အားမရလိုက်တာအေ"

မအေးလှသည် အမေ ဘာပြောနေနေ သူ့အချိုးကို မပြင်ဘဲ နေလေသည်။

ကလေးတာဝန်၊ အိမ့်တာဝန်နှင့် မိုးလင်းက မိုးချုပ် အလုပ်များနေရသဖြင့် လင်နှင့် ထိုင်စကားပြောဖို့ရန် စိတ်ကူးထဲ၌ ပေါ်မလာ။ အိမ်ထောင်သက် တစ်လျှောက်လုံး သူပြောစရာ မရှိသလောက် စကားနည်းနေသည်။

ဒေါ်သိန်းမိမှာ မိုးလင်းရင် ဈေးသွား၊ ထမင်းဝိုင်းချက်၊ ကလေးထိန်း အိမ်ကြည့် စသော အလုပ်များအပြင် သမက် ကြည်သာအောင်၊ သမက်ပျော်ရွှင်အောင် စကားထိုင်ပြောရသော ဝတ္တရားကိုပါ ဂရုစိုက် လုပ်ရပြန်သည်။ သူ စကားမပြောလျှင် လင်မယားနှစ်ယောက် နှုတ်ဆိတ်နေကြ၍ အားမရတိုင်း သူချည်းပဲ ရှေ့က ကြောင်းမှ၊ ရှေ့က ပြောမှ စကားပြောကြသည့် အခြေအနေမျိုး ရောက်နေလေ၏။

ဒေါ်သိန်းမိသည် သမီးကို ကြာလေ အားမရလေဖြစ်မိတော့သည်။

"ညည်းနယ်အေ ကလေးသုံးယောက် ရှိသေးတယ်၊ တကတည်းမှပဲ သနပ်ခါးတောင် မလိမ်းတော့ဘူး။ ညည်း ကြည့်ရတာ အမယ်ကြီးအိုကြီး ကျနေတာပဲ"

"ဩော်...အမေကလည်း ဖီးလိမ်းနေဖို့ ဘယ်မှာများ အချိန်ရှိသလဲ၊ လိမ်းလည်း လိမ်းမနေချင်တော့ပါဘူး။ ကလေးသုံးယောက်နဲ့ကို စိတ်ကုန်ပါတယ်"

ဒေါ်သိန်းမိသည် ဖင်မနိုင် ခေါင်းမနိုင် သားသည်အမေ ဖြစ်နေသော သမီးကိုကြည့်ကာ စိတ်ဆင်းရဲနေလေသည်။

"ညည်းအဖေနဲ့ ကျုပ်နဲ့ ကွဲတာ ညည်းကသိလ်ပဲ။ နို့မို့ရင်လား ညည်း





ကလေးတွေနဲ့ ညည်းနေပုံထိုင်ပုံနဲ့ လူမွေးပြောင်းမှာ မဟုတ်ပါဘူး"

မအေးလှမှာ သူ့အမေ စကားပြောတိုင်း သူ့အဖေအကြောင်း ပါတတ်သဖြင့် စိတ်လက်မချမ်းမသာ ပိုဖြစ်ရသည်။ သူ့စိတ်ထဲ၌ သူ့အတွက်ကြောင့် ကွဲကြရသည်ဟု မြဲကြိတ်လျက် စိတ်ဆင်းရဲနေသည်။ ဖခင်အကြောင်း အမေ့ကို စပ်မိလို့မှ မပြောမိအောင် ရှောင်နေကာ စကားနည်းနိုင်သမျှ နည်းအောင်နေသည်။

မအေးလှ စကားနည်းသလိုပင် မောင်မြဦးမှာ အိမ်ပြန်လာလျှင် ငုတ်ဘုတ်ကြီး နေတော့သည်။ တစ်ခါတစ်ရံ နေဝင်မိုးချုပ်မှ ပြန်လာ၏။

'မောင်မြဦး ဘာဖြစ်လို့ နောက်ကျနေသလဲ'ဟု သူ့အမေက သူ့ကို အမြန်းကြည့်သည်။

'အမေ မေးမကြည့်ဘူးလား၊ ကျွန်မ မေးမကြည့်ဘူး'ဟု ပြောလိုက်သည်။

တစ်ပတ်တစ်ခါလောက် အိမ်သို့ နောက်ကျပြန်လာနေရာမှ တစ်ပတ်နှစ်ခါ သုံးခါလောက် နောက်ကျ ပြန်လာသောအခါ၌ ဒေါ်သိန်းမိသည် သူက အရင် မမေးတော့ဘဲ သူ့သမီးမှ တစ်ဆင့် မေးစမ်းကြည့်သည်။

"မသိဘူး အမေရဲ့၊ မေးမကြည့်ဘူး"

ဒေါ်သိန်းမိသည် မေးစမ်းကြည့်အောင် သွေးထိုးပေးသည်။ အိမ်ပြန်နောက်ကျသည့်ကိစ္စနှင့် ပတ်သက်၍ တွတ်တွတ် တွတ်တွတ်နှင့် သမီးကို နားလိုက် မဲလိုက်ဖြင့်ပင် မေးခိုင်းနေ၏။ မောင်မြဦး၏ အရိပ်အခြေမှာ တစ်နေ့ထက် တစ်နေ့ မှုပြောင်းနေလေသည်။

'ကိုင်း...ညည်း မေးမလား၊ ကျုပ် မေးရမလား ပြောစမ်းပါဦး။ ညနေ ရှိမှ ပြန်နေတာ ကျုပ်က ညတိုင်းချည်း မေးနေရတော့ ကောင်းဦးမလား"

မအေးလှသည် တုတ်တုတ်မျှ မလှုပ်ဘဲ သူ့အလုပ်သူ လုပ်နေချေသည်။ သူ့မျက်နှာမှာ အသက်ကင်းမဲ့သော မျက်နှာကဲ့သို့ ဘယ်အရိပ်အယောင်မှ မပြဘဲ သေနေလေ၏။

"ငါ့အပေါ် ဆက်ဆံတာတော့ အရင်အတိုင်းပဲ။ ညည်းအပေါ် ဆက်ဆံတာ ညည်းစိတ်ထဲ အရင်နဲ့ တူတယ်လို့ ထင်ရဲ့လားဟင်"

ဒေါ်သိန်းမိသည် စိတ်ပူပန်စွာ မေးနေလျက် ဘာမှ ပြန်မပြော၍ ခပ်ထောက်ထောက်ထပ်မေးလိုက်သည်။

"အရင်လိုပါပဲ အမေရဲ့"

မအေးလှသည် ပြောပြီး အလုပ်ရှာ၍ ထသွားလေသည်။ ဒေါ်သိန်းမိ



www.burmeseclassic.com

www.burmeseclassic.com



မှာ အားမလို အားမရ မချင့်မရဲဖြင့် မျက်မှောင်ကြုတ်ကာ အံသာကြိတ်နေလေ၏။

မအေးလှ နေနိုင်သော်လည်း ဒေါ်သိန်းမိမှာ မနေနိုင်ချေ။ ခါတိုင်းလို ဆီးမေးရမှာလည်း ခါတိုင်းလို မဟုတ်ဘဲ မူပျက်နေ၍ သူက နေ့ရှိသရွေ့ မေးရန် တစ်နေ့ထက်တစ်နေ့ ခက်နေသည်။

ပထမတွင် မသိချင်ယောင်ဆောင်၏။ ထိုနောက် သုံးခါလောက်ရှိလျှင် တစ်ခါလောက် မေးကြည့်၏။ ရုပ်ရှင်ကြည့်သည်၊ စာဖတ်အသင်းသွားသည်ဟူသော အဖြေနှစ်ခုကို တစ်ခုပြီးတစ်ခု တစ်လှည့်စီ ဖြေလေသည်။ မေးရတာပင် ခက်လာလေသည်။

မောင်မြဦးသည် ည ၁၀ နာရီက တစ်ခါတစ်ရံ ၁ ချက်၊ ၂ ချက်မှ ပြန်လာလေ၏။

ဒေါ်သိန်းမိမှာ အိမ်ရာထဲ၌ အိပ်ချင်ယောင်ဆောင်ကာ မှိန်းနေသည်။ မအေးလှသည် တံခါးထဖွင့်ပေးကာ ဘာမှမပြောဘဲ အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ မောင်မြဦးသည် ထမင်းစားပွဲ၌ ထိုင်ကာ ထမင်းစားပြီးနောက် အိပ်ခန်းထဲသို့ ဝင်သွားကာ တံခါးပိတ်သံ ကြားရသည်။ ဒေါ်သိန်းမိသည် တစ်ချိန်လုံး နားစိုက်နေလျက် တံခါးပိတ်သံ ကြားရတော့မှ ဟင်းခနဲ သက်ပြင်းကြီးချကာ အိပ်တော့လေ၏။

သည်လိုနှင့်ပင် ရက်တွေ လတွေ ကြာညောင်းလာ၏။ သမီးကို အကဲခတ်သည်။ အမျိုးမျိုး ကြိတ်မေးသည်။ မအေးလှသည် ဘယ်လိုမေးမေး မလှုပ်ဘဲ နေ၏။ မေးဖန်များလျှင် 'အရင်အတိုင်းပါပဲ အမေရဲ့'ဟု ပြောကာ မူမပျက် မတုန်မလှုပ် လုပ်နေလေ၏။

မအေးလှ မူမပျက်သော်လည်း မောင်မြဦးမှာ မူပျက်နေသည်မှာ အထင်အရှား ဖြစ်နေသည်။ ရှေးက ပါးစပ်ဖျားတွင် သား သားဟု သီးနေခဲ့သော စကားလုံးတို့သည် တစ်စစ စဲသွားချေပြီ။ ယောက္ခမနှင့် ကြာရှည်မျက်နှာချင်းဆိုင် မဆိုင်ရဲသလိုလို ရှောင်ဖယ်ဖယ် လုပ်နေသော မူဟန်များမှာ သိသာထင်ရှားလာလေသည်။ အိမ်ပြန် နောက်ကျသည့်ကိစ္စ အမေးရခက် အတွေးခက်ကာ ဒေါ်သိန်းမိ ရင်ထဲ၌ မတင်မကျချည်း ဖြစ်နေတော့သည်။ လဆုတ်လာလျှင် တစ်ပြားမကျန် အပ်သဖြင့် တောင်တောင်အီအီလည်း မတွေးရဲချေ။

'ဘာများ စိတ်တိုင်းမကျလို့လဲ'ဟု အမျိုးမျိုး အဖုံဖုံ အလိုစမ်းကြည့်ပြန်သည့်တိုင် ထူးခြားချက် မရှိ။ ရုပ်ရှင်ကြည့်နေ၍ စာဖတ်အသင်း သွားနေ၍ ဟူသော အဖြေဖြင့် အိမ်ပြန်နောက်ကျသော ရက်တွေ လတွေ ကုန်လာခဲ့ကာ တွတ်နီကလေး ကိုယ်ဝန်ရှိလာလေသည်။





ဒေါ်သိန်းမိသည် သမီးက ဘာမှ မလှုပ်သဖြင့် မောင်မြဦး အိမ်ပြန်နောက်ကျသော ကိစ္စမှာ ရက်ကြာတော့လည်း ရိုးသွားလေသည်။

အမှန်စင်စစ် သည်သမက်ပဲ အားကိုးရန် ရှိတော့သည်။ ပစ္စည်းခွဲဝေပေးမည်ဟု ဦးအေးမောင်က ပြောသာပြောလျက် ပစ္စည်းခွဲဝေခန်းသို့ မရောက်နိုင်ဘဲ သမီးအိမ်ထောင်နှင့် လုံးချာလည်နေကာ မော်လမြိုင်သို့ မသွားနိုင်ချေ။ ရက်တရက် မော်လမြိုင် ပြန်သွားရန်လည်း ရက်နေ၏။ ပစ္စည်းဘာလုပ်ဖို့တုန်းဟု စိတ်အားတင်းကာ ဦးအေးမောင်ပေါ်၌ အခဲမကျေနိုင်အောင် ဖြစ်နေတုန်းပင်။ သမက်က ကြည်ကြည်ဖြူဖြူ ရှိနေသားပဲဟု သမက်နှင့် လှည့်ဖြေကာနေရသည်။

ဒေါ်သိန်းမိသည် ဦးအေးမောင် အကြောင်းကို မတွေးမိအောင် စိတ်ကို တတ်နိုင်သမျှ ချုပ်ထားသည်။ မော်လမြိုင်က အသိများ မြင်လျှင် ဝေးဝေးက ကွေ့ရှောင်သည်။

ဈေးသွားဈေးပြန် ခေါင်းငိုက်စိုက်ဖြင့် ခပ်သုတ်သုတ် သွားပြန်နေစဉ် တစ်နေ့တွင် မော်လမြိုင်မှ မိတ်ဆွေတစ်ဦး၏ သားက ဈေးထဲ၌ ဈေးဝယ်နေတုန်း ပခုံးလာကိုင် နှုတ်ဆက်သည်။

"ဟော့...မောင်ထွန်းပါလား။ မင်း ရန်ကုန်မှာ အလုပ်လုပ်တယ်ဆို၊ ကိုအိမ်တောင် မလာဘူး"

မောင်ထွန်းသည် မျက်နှာပျက်ပျက်ဖြင့် ပြုံးနေသည်။

"မောင်မြဦး ရုံးကို မင်း တစ်ခါတလေ ရောက်တယ်ဆို၊ ငါလည်း မောင်မြဦးပြောမှ ဒီမှာရှိမှန်း သိတယ်။ ဘာဖြစ်လို့ အိမ်မလာသလဲကွယ်"

မောင်ထွန်းသည် လွယ်အိတ်ကို ဖွေ့ယမ်းလျက် ပြုံးစိစိလုပ်နေကာ ဒေါ်သိန်းမိကို မကြည့်ဘဲ၊ ဈေးတန်းကြီးကို လှမ်းကြည့်ကာ စကားပြောနေသည်။

"မလာတာတော့ ကြီးကြီးရာ၊ ကျွန်တော်က သူတို့ကြားထဲ ရှုပ်တယ်ဖြစ်မစိုးလို့ပါ။ ကြီးကြီးသမက်အကြောင်း ကြီးကြီး သိတယ် မဟုတ်လား"

ဒေါ်သိန်းမိ၏ ခေါင်းသည် ပုဝင်သွားကာ မျက်တောင်များ တဖျတ်ဖျတ်ခတ်လျက် မောင်ထွန်း စကားမဆုံးမီ လုဝင်ပြောလေသည်။

"နေပါဦးကွယ့် နေစမ်းပါဦး၊ မောင်မြဦးအကြောင်း မင်းသိသလား၊ မင်းသိတာ ကြားပြီလား"

ဒေါ်သိန်းမိသည် သိချင်ချင်ဖြင့် မြန်မြန်ပြောအောင် အစ်လိုက်သည်။ ယ်ထိပ်ထဲ သွေးရောက်လာကာ မူးဝေဝေပင် ဖြစ်လာလျက် ရင်တွေ ပန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ တုန်လာလေသည်။

'ကြာပါပြီ၊ ကျွန်တော် သိတာ။ သူတို့မှာ နောက်ပိုင်း ကလေးတစ်ယောက်ပဲ ရနေပြီဟာ'

ဒေါ်သိန်းမိသည် မိုက်ခနဲဖြစ်သွားလေ၏။ လမ်းပေါ်၌ လဲမသွားအောင်ကြိုးစား၍ သတိကြပ်ကြပ်ထားကာ မွှန်ထူပြောလိုက်သည်။

'သူ့ ဟာမက ဘယ်ကလဲကွယ်'

'ကြီးကြီးမသိသေးဘူးလား၊ သူ့ရုံးက စာရေးမပဲ၊ အရင်ယောကျာ်းနဲ့ကွဲပြီး သူနဲ့ တစ်ခါညားနေတာ။ သူတို့ရတဲ့ ကလေးပဲကြီးလှပြီ။ ဒီမိန်းမက သိပ်အပြုအစုကောင်းတာပဲ။ ကြီးကြီးသမက်ကို သိပ်ယုယတာပဲ။ ကလေးရှိပေမယ့် ပိုက်ဆံတစ်ပြားမှ မယူဘူး။ သူက အကုန်ခံလိုက်သေးသတဲ့'

ဒေါ်သိန်းမိသည် ခေါင်းကို ဆတ်ဆတ်ညိတ်ပြလျက် အသည်းထဲ စိမ့်နာသွားကာ ဘာပြန်ပြောရမှန်း မသိချေ။ သိချင်ယောင်ဆောင်ကာ ဖြန်းသန်းမေးနေသော မျက်နှာပေးကို မပြောင်းမိအောင် ဣန္ဒြေဆည်နေရသည်။ သိပ်အပြုအစုကောင်းတယ်၊ သိပ် ယုယတယ် ဆိုသဖြင့် သူ့ရင်ထဲ၌ လှုပ်ရှားနေကာ နှလုံးကို လေရိုက်နေသဖြင့် မူးမလဲအောင် သတိကြပ်ကြပ်ထားနေရသည်။

ဒေါ်သိန်းမိသည် မောင်ထွန်းကို ဘယ်လို ပြန်နှုတ်ဆက်လိုက်မှန်းပင် မသိ။ ဝယ်စရာ ခြမ်းစရာ ကျန်တာတွေလည်း မမှတ်မိ။ ဘာမှ သတိမရဘဲ ကြပ်မွှန်းနေကာ သူ့ခြေထောက်မှာ အိမ်ဘက်သို့ သုတ်သုတ်လှမ်းနေတော့သည်။

မီးဖိုထဲ၌ မအေးလှသည် မျက်ရည်မကျအောင် စိတ်ကို ခိုင်ခိုင်ထားလျက် သူ့ခေါင်းကို ငုံ့ထားသည်။

"ညည်း သိရမယ်၊ ညည်း မသိဘူးဆိုတာ မဟုတ်ဘူး"

မအေးလှသည် ဈေးကအပြန် အလောသုံးဆယ် စစ်ဆေးမေးမြန်းနေသော အမေကို 'မသိပါဘူး'ဟု ဘူးကွယ် ငြင်းနေသည်။

"တော်တယ်ဆိုမှ ယောက်မ မြင်းစီးထွက်တယ်။ ရိုးမလိုလိုနဲ့ အာဘအကောင်၊ အချိန်မတော် ပြန်နေကတည်းက ခြေလှမ်းပျက်ပါတယ်လို့ ငါပြောပြောနေတာ၊ အရင်အတိုင်းပါပဲဆို။ ကဲ...ဘယ့်နယ်လဲ၊ ဟိုမှာ ကလေးတစ်ယောက်နဲ့တဲ့၊ ညည်း သိရဲ့လား"

ဒေါ်သိန်းမိသည် တိုးတိုးကြိတ်ကြိတ် စစ်နေရာက အသံကျယ်ကျယ်လာသည်။ မအေးလှမှာ မောင်မြဦး နိုးသွားလျှင် မကောင်းမှာစိုး၍ စကားရှည်ရှည် မပြောဘဲ ဘူးခံနေသော်လည်း အခြေအနေမှာ ဆိုးလာလေကာ သူ့အလေပါးစပ်ကို ဘယ်လို ပိတ်ရမှန်း မသိအောင် အကြံရ ကြပ်နေ၏။





"အမေရယ် တိုးတိုးပြောပါ"

"အောင်မယ်၊ ဒါမျိုးကျရင် ငါက မတိုးဘူး၊ ခုနစ်သံဟစ်မှာ။ ညည်းသိသလား၊ မသိဘူးလား မှန်မှန်ပြောစမ်း"

မအေးလှမှာ မျက်နှာသေလေးဖြင့် မလှုပ်ဘဲ နေ၏။

"ငါမေးနေတာ မထုံတက်သေးနဲ့ ဘာလဲ"

ဒေါ်သိန်းမိ၏ အသံမှာ အခန်းထဲက ကြားလောက်၍ မအေးလှမှာ ငုံ့မနေနိုင်တော့ဘဲ တိုးတိတ်သော အသံလေးဖြင့် ပြောလေသည်။

"သူပြောလို့ သိတာပဲ အမေရဲ့။ ဘယ့်နှယ်လုပ်တော့မလဲ။ ဟိုမှာလည်း ကလေးရှိနေပြီ ဆိုတော့"

"အောင်မယ်လေး လူချင်းလဲလိုက်ချင်တယ်။ မအေ့သမီး မအေလို ဘာမလား မှတ်ပါတယ်။ ချင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင်မယ်။ ငါက ဒါမျိုးများဆိုရင် တစ်ရက်မပေါင်းဘူး"

မအေးလှသည် ပြောချင်ရာ ပြောပေစေဟု ငုံ့နေလေသည်။ သူ့အမေက သူ့အဖေကို မာနထောင်နိုင်သော်လည်း အဖေ့အိမ်၊ အမေ့အိမ် ပြန်နေစရာမရှိသော သူ့ဘဝမှာ ကလေးတွေနှင့် ဖြစ်သမျှ စင်းခံဖို့ရာသာ ရှိသည်ဟု တွက်ထားပြီး ဖြစ်သည်။

ဒေါ်သိန်းမိသည် သမီးက မတုန်မလှုပ် ဖြစ်နေသဖြင့် ပို၍ ဒေါသထွက်ကာ မျက်စိထဲ ဘာမှ မမြင်ဘဲ သမက်ကို ဓားနှင့် အပိုင်းပိုင်း ခုတ်ပစ်ချင်သလောက် စိတ်ထွက်နေလေ၏။

"ညည်းကို ကလေးရမှ ပြောတာ။ ဘယ်တုန်းက ညားနေသတဲ့လဲ ပြောစမ်း"

"ကျွန်မ မီးယပ်ကျိုး ကျိုးပြီး မမာနေတုန်းက အဲဒီမိန်းမနဲ့ စဖြစ်မိတယ်တဲ့။ အမာလေး မွေးတုန်းက အမေရဲ့"

"အံ့ပါရဲ့အေ ဘာကိစ္စ ငါ့ကို ညည်း ဖုံးထားသလဲ ပြောစမ်း၊ ပြောစမ်း"

မအေးလှမှာ သည်းမျှလောက်နှင့် ပြီးလိုက်ချင်သည်။ မပြောမချင်း စည်နေမှာကြောင့် အုပ်အုပ်ဆိုင်းဆိုင်းအသံဖြင့် ဖြေနေရသည်။

"အမေလည်း အဖေနဲ့ ကွဲလာတော့ ကျွန်မ မပြောချင်တာနဲ့ မပြောတာပါ"

မအေးလှ အသံမှာ တုန်နေလေ၏။ ဒေါ်သိန်းမိမှာ ငိုင်သွားလေသည်။ သက်ပြင်းမချမ်းသံကြီး ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ပြောတော့ သူတို့ ကလေးရပြီးမှ ပြောသလား၊ မရခင်က ပြောသလား"

"မရခင်ဘဲ ပြောပါတယ်"

"ဒါနဲ့များ ညည်း တစ်ယောက်ပြီး တစ်ယောက် ကလေးမွေးနေရသေး သလားဟင်"

ဒေါ်သိန်းမိသည် စက်ဆုပ်ရွံရှာသော မျက်နှာထားနှင့် အော်ဂလီဆန် သလို ပြောလိုက်သည်။ ပြောပြီး မဲ့နေ၏။

မအေးလှသည် ရင်ထဲ၌ အလိပ်လိပ် တက်လာလျက် လှိုင်းခတ်နေသော် လည်း မျက်ရည်မကျစေအောင် စိတ်ကို ခိုင်ခိုင်ကြီး တင်းထားလေသည်။ သူ့အမေခြေရာ နင်းရန် သူ့စိတ်ထဲ၌ မရှိဘဲ သူ့အမေ ခြေရာမနင်းရန် သူ့ စိတ်ကို ပိုင်ပိုင်ကြီး ဆုံးဖြတ်ထားသည့်အတိုင်း သူ့အမေက ဆဲဆဲဆိုဆိုခံ သာ ရှိတော့သည်ဟု အောက်မေ့သည်။

ဒေါ်သိန်းမိသည် ထိုနေ့ကစ၍ မောင်မြဦးကို စကားလုံးလုံး မပြော တော့ပေ။ သူ့စိတ်ထဲ၌ သမီးနှင့် သမက်ကို အကြိမ်ကြိမ်ခွဲကြည့်နေသည်။ သူတို့လင်မယားခွဲပြီး သူတို့သားအမိကို သူက ဈေးရောင်းကျွေးရန် အခါမလာ။ စဉ်းစားစိတ်ကူးလည်း ကြည့်၏။ စဉ်းစားစိတ်ကူးနေရိုက် မော်လမြိုင်၌ ပီး လောင်သောသတင်း ကြားရသည်။ အိမ်ကြီးရော ပွဲရုံပါ မီးထဲ ပါသွားသည် ဟု သိရသည်။

ဒေါ်သိန်းမိ စဉ်းစားစိတ်ကူးနေသော ကြံလုံး ဖန်လုံးတို့မှာ မျောက်သစ် ကိုင်းလွတ် ဖြစ်သွားရလေသည်။ မော်လမြိုင်အကြောင်းကို ထည့်၍မျှ မစဉ်းစား ချင်တော့ပေ။ ဦးအေးမောင်ကို သေသလို အောက်မေ့ထားလိုက်သည်။ မော်လ မြိုင်အကြောင်းကို မေ့ပျောက်နိုင်သော်လည်း သမက်အကြောင်းမှာ မျက်စိရှေ့ မှောက်၌ ဖြစ်နေကာ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲလျက် အကုသိုလ်ဖြစ်နေလေ သည်။

ဒေါ်သိန်းမိ စကားမပြောကတည်းက မောင်မြဦးမှာ သူ့အကြောင်းသိ သွားပြီဟု ရှန့်တန့်တန့်ဖြစ်သွားသည်။ ယောက္ခမကို မျက်နှာပူပူဖြင့် ရုံးပိတ် သည့်နေ့ပင် အိမ်၌ မနေချေတော့ဘဲ မိုးလင်းတာနှင့် ထွက်လေ၏။ ညဉ့်နက် သန်းခေါင်မှ ပြန်လေ၏။ အိမ်နေလျှင် မယားကလည်း စကားနည်းနည်း ယောက္ခမကလည်း စကားမပြော၊ အပါတို့ အမာတို့နှင့်သာ စကားပြောနေ ရသည်။ သားသမီးတွေနှင့်ဆော့ကစားနေသလို အဖော်လုပ်နေလေကာ အချိန် ကျလျှင် ထွက်သွားလေ၏။



ဦးအေးမောင်နှင့် ကွဲလာခဲ့စဉ်က သမက်ကို ရုက်ရုက်ဖြင့် အတော် ကြာကြာ ဖုံးဖိထားသည်။ အတန်ကြာမှ ဖွင့်ပြောပြသည့်အခါ၌ မောင်မြဦး သည် ချိုသည် ခါးသည် ဘာမျှ ဝင်မပြောဘဲ ဆိတ်ငြိမ်စွာ နားထောင်လျက် နေသည်။ အဖေတစ်ယောက်လုံး ဖြစ်နေ၍ ဆိုးသည် ကောင်းသည် ဘာမျှ မပြောဘဲ နေတာပဲဟု ထင်မှတ်မိခဲ့သည်။ သမက်အကြောင်း သိရတော့မှ အတူတူနဲ့ အနုနူမို မြဲနေတာဟု ခုမှပဲ စားမြုံ့ပြန်ကာ သမက်ကွယ်ရာတွင် ယိမ်းတိုင်း ဆဲဆိုနေလေ၏။

မအေးလှသည် သူ့အမေ ဘယ်လိုဆဲဆဲ၊ မကြားသလို လုပ်နေသည်။ သူ့လင် ဘယ်အချိန် ပြန်ပြန်၊ တံခါးထဖွင့်ပေးလိုက်သည်။ ဘယ်အခါကြည့် ကြည့် သူ့မျက်နှာမှာ ပြုံးသည် ရယ်သည် မရှိ၊ မျက်နှာမှာ အစဉ်သဖြင့် သေ နေသည်။ အိမ်ကလေးထဲတွင် အမေနှင့် ခပ်လှမ်းလှမ်း၊ သို့မဟုတ် လင် သားနှင့် ခပ်လှမ်းလှမ်း နေရာမျိုးကို ရွေးကာ အလုပ်နှင့် လက်နှင့် မပြတ်ဘဲ ခပ်ကုပ်ကုပ် လျှောက်လုပ်နေတတ်သည်။

သမီးက ဘာမှ ဖြစ်ပုံမပြဘဲ မှန်မှန်ကြီး သူ့အချိုးအတိုင်း တွေ့နေရ ခြင်းနေရလေလေ၊ ဒေါ်သိန်းမိမှာ မျက်ရည်တကျကျ ကျနေလေလေဖြစ်နေ၏။ ကြားသိစက ဒေါသကို မသိမ်းနိုင်ဘဲ ပေါက်ကွဲသွားပြီးနောက် ရင်ထဲ၌တမြည့်မြည့် ဆွေးချည်တစ်လှည့်၊ ရင်ထဲ၌ တမြိုက်မြိုက်လောင်နေသည် တစ်လှည့်ဖြင့် တစ်နေ့ထက်တစ်နေ့ ပိန်ချုံးကျသွားလေ၏။

မအေးလှသည် အိမ်ထဲတွင် စက်ရုပ်ကဲ့သို့ မှုမပျက် အရှိန်ရှိသရွေ့နှင့် သည်နေလေကာ အပြင်တွင် ကလေးတစ်ယောက် လေးဖက်တွားလျက် ဝမ်း ထဲ၌ ပဋိသန္ဓေရှိနေကျအတိုင်းပင် ကလေးငါးယောက် မွေးခဲ့ပြီးနောက် ယခု သည်း ပုတူးမ လေးဖက်ထောက်သည့်အခါတွင် ကိုယ်ဝန်ကြီးနှင့် ခြေထောက်များ ဖောယောင်နေကာ တစ်လလောက် အိပ်ရာထဲ လဲနေခြင်း ဖြစ်လေ၏။

*

သန်းခေါင်ကျော်သည်မှာ ကြာလေပြီ။ အပြင်ဘက်တွင် လေပြင်းထန်စွာတိုက် နေသည်။ လေသံထဲတွင် မိုးသံပါ ပေါင်းလာလေသည်။ မိုးရေတို့သည် တံခါးမကို တဖြန်းဖြန်း လာရိုက်လျက် ရှိသည်။

ဒေါ်သိန်းသည် အပြင်ဘက်မှ လေသံမိုးသံများကို သတိမထားမိသည့် အလား သူ့အတွေးနှင့်သူ တစိမ့်စိမ့် တွေးနေတုန်းပင် သူ့ရင်တွင်း၌ လေမုန် တိုင်းကြီး ဆင်နေလေသည်။ သူ့မျက်စိထဲတွင် ဦးအေးမောင်၏ တွန့်တက်



www.burmeseclassic.com

www.burmeseclassic.com



မဲ့ရှုံ့နေသော မျက်နှာကို မြင်၏။ ပါးစပ်မှ 'မနေချင်ရင် သွားနိုင်တယ်'ဟု လှုပ်လှုပ် လှုပ်လှုပ်နှင့် ပြောနေ၏။

ဒေါ်သိန်းမိသည် မျက်စိကို မှိတ်ကာ လက်ကို တင်းကြပ်စွာ ဆုပ်ထား လေသည်။ သို့ရာတွင် ဦးအေးမောင် မျက်နှာကိုသာ မြင်နေ၏။ ဦးအေးမောင်၏ မျက်နှာသည် မှုန်ဝါးဝါးထင်နေသော မျက်နှာတစ်ခုကို စိုက်ကြည့်နေပြန်သည်။ ဦးအေးမောင်စိုက်ကြည့်နေသော မျက်နှာမှာ မောင်မြဦး၏ မျက်နှာဖြစ်သည်။ မောင်မြဦးသည် ပြုံးနေသည်။

ဒေါ်သိန်းမိသည် အသက်ရှူကြပ်ကာ မျက်လုံးကို ဖွင့်လိုက်၏။ သို့ရာတွင် ဖွင့်၍ မရ။ ရင်တွင်း၌ ဗလောင်ဆူနေသည်။ ဦးအေးမောင်၏ မျက်လုံးဝင်းဝင်း မျက်နှာသည် တဖြည်းဖြည်း အနားရောက်လာ၏။ မှုန်ဝါးဝါး ထင်နေသာ မောင်မြဦးသည် ပြုံး၍ အနားကပ်လာ၏။

ထိုအခိုက် ဒုန်း ဒုန်း၊ ဒုန်း ဒုန်း အသံများ ဆင့်ကဲ ဆင့်ကဲ ပေါ်လာ သည်။ ထိုအသံများ ပေါ်လာလျှင် သူ့မျက်စိရှေ့၌ ဦးအေးမောင်နှင့် မောင်မြ ဦးသည် အချင်းချင်းဆန့်ခတ် ဖြစ်ကုန်လျက် သစ်ရွက်များ ကြွေလွင့်သွားကြ သလို ပျောက်ကွယ်သွားကြသည်။

ဒေါ်သိန်းမိသည် ထိုင်ရာမှ ကြို၍ ထသည်။ မောပန်းသဖြင့် တံခါး နားတွင် ခဏမှီနေ၏။ သူ့လက်များမှာ ဆတ်ဆတ်တုန်နေသည်။ သူသည် တံခါးမင်းတုပ်ကို ကိုင်ထားလျက် တစ်စက္ကန့်လောက်အတွင်း သူ့ခေါင်းမှာ ချာချာလည်နေပေသည်။ မင်းတုပ်ကို ဆွဲချလိုက်ရန် အလွန်ကြောက်လန့်နေ ပေ၏။ တစ်မိနစ်လောက် ကြောက်လန့်နေပြီးနောက်မှ တုန်တုန်ချိချိဖြင့် ဖွင့် စားလိုက်ရသည်။

ဂျောက်ခနဲ တံခါးပွင့်သွားသောအခါ မိုးရေတို့သည် အထဲသို့ ပက်ဖြန်း ဝင်လာကြသည်။ သူ့ရှေ့၌ မှုန်ဝါးဝါးတွေ့ရသော မောင်မြဦး၏ မျက်နှာသည် သူ့မျက်လုံးထဲ၌ မျက်လုံးဝင်းဝင်းနှင့် ဦးအေးမောင် ဖြစ်နေတော့သည်။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ (၁၂)၊ အမှတ် (၁၃၃)၊ ဇွန်လ၊ ၁၉၅၈]

# တစ်သက်မှာ တစ်ခါကြုံသည်

[၁]

ရွှေဝါသည် အိမ်ခေါင်ကြွက်လျှောက်ပေါ်မှ ကျွန်မ ရင်ဘတ်ပေါ်သို့ ခုန်ချလိုက်လေ၏။

ကျွန်မမှာ အိမ်ပျော်ကာစပင် ရှိသေး၏။ ရင်ဘတ်ပေါ်သို့ ဖုန်းခနဲ ရွှေဝါ ကျလာသောအခါ၌ ရွှေဝါဟု ဖြုန်းခနဲ မသိချေ။ ရင်ဘတ်ပေါ်၌ ဘယ်လိုအရာ ဝတ္ထုဟုလည်း ရုတ်တရက် မစဉ်းစားတတ်ချေ။ ရှင့်ဝကို ဖနှောင့်နှင့် ပေါက် လိုက်သည့်အတိုင်း ရင်ပေါ်၌ အရှိန်ပြင်းစွာ ကျလာသော အလေးဒဏ်ကြီးပိသွား သော၏။ ကျွန်မမှာ အသက်မရှူတတ်သလောက် အောင့်သွားသည်၊ နာလည်း နာလှသည်။

ရင်ပေါ်သို့ ဖုန်းခနဲကျလာလာချင်း အိပ်ရာမှလန့်နိုးသွားသည်။ ကျွန်မ သည် အောင့်သွား နာသွားသော ဒဏ်ရာကြောင့် မချိမဆံ့ချည်း ဖြစ်သွားရင်း မျက်လုံးကို ဆက်ခနဲဖွင့်လိုက်သည်။ ကျွန်မ မျက်နှာပေါ်အဝတ်စကြီးဖုံးအုပ်နေ သော၏။

ရွှေဝါကြောင်ကြီးမှာ ကိုယ်လုံးသဏ္ဍာန် ကြီးထွားလျက် ဝဖြိုးသောကြောင် ကြီးဖြစ်သည်။ အိမ်ခေါင်ကြွက်လျှောက်ပေါ်မှ ခုန်ချလိုက်ခြင်းကြောင့် ခြင် ထောင်ကြိုးများ ပြတ်ကုန်ကာ ကျွန်မမျက်နှာပေါ်၌ ခြင်ထောင်ပိတ် မိုးအုပ်နေ ခြင်း ဖြစ်သည်။

ကျွန်မ အိမ်ခန်းမှာ မှောင်မည်းနေလေသည်။ မျက်နှာပေါ်၌ အုပ်နေသော အဝတ်ကို ခြင်ထောင်ပြုတ်ကျပြီး ဖုံးအုပ်နေမှန်း မသိပေ။ ရင်ပေါ်၌ လေးလေး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပိနေတာလည်း ဘာမှန်း ညာမှန်းမသိနှင့် ဖြစ်ကာ ပက်လက်အိပ်နေသော ကိုယ်ခန္ဓာသည် သွေးမလျှောက်တော့ဘဲ တောင့်တောင့်ကြီးဖြစ်နေလေ၏။

ကျွန်မ ရင်ထဲ၌ လှိုင်းခတ်နေပေသည်။ ရန်ထနိုင်ရန် ကြိုးစားလှုပ်ရှားပြီး လူးလွန့်ကြည့်သည်။ ရင်ပေါ်က လေးလေးကြီးကြောင့် အသည်းသားတလုပ်လုပ် ဖိုလှိုက်နေလေသည်။ ပခုံးနှင့် ဒူးကို လှုပ်ရှား၍ မရသလောက်ဖြစ်နေပေသည်။ ကျွန်မ၌ ရှိသော ခွန်အားများသည် ရင်ပေါ်က လေးလေးကြီးက ရတ်တရက် မလှုပ်နိုင်အောင် ဆုပ်ကိုင်ထားနိုင်သည်။

ကျွန်မသည် ဒုတိယအကြိမ် လူးလွန့်ရုန်းကြည့်ရာ၌ ကျွန်မရင်ထဲ၌ အသည်းတွေ၊ နှလုံးတွေမှ ရှိမှ ရှိပါလေစဟု အောက်မေ့ရသည်။ ဘယ်လိုလှုပ်လို့၊ လွန့်လို့မှ မရသောအခါ ရင်တစ်ခုလုံး ဟာသွားလေသည်။ ရင်ထဲ၌ ဟာတာကြီး ဖြစ်သွားစဉ် ရင်ပေါ်က လေးလေးကြီးမှာ လိမ့်နေလေသည်။

ကိုယ်ပေါ်တွင် အဝတ်ကြီးဖုံးအုပ်ပြီး တစ်ယောက်ယောက်ကများ ဖိထားသလားဟု မှောင်မည်းထဲ၌ အယောင်ယောင် အမှားမှား တွေးထင်လိုက်မိ၏။ ဤသို့ တွေးထင်လိုက်ခြင်းသည် ပျောက်ဆုံးနေသော ကျွန်မ့အင်အားများကို အသက်သွင်းပေးလိုက်သလိုပင် ဖြစ်သည်။ ပျောက်ဆုံးနေသော ခွန်အားများသည် တရကြမ်းဝင်လာလေကာ အစွမ်းကုန် အားထုတ်ရုန်းနိုင်လေ၏။

ကျွန်မ၏ကျောကို မကြွနိုင်သော်ငြားကလည်း လက်များ၊ ခြေထောက်များသည် လှုပ်ရှား ရုန်းကန်နေစဉ် မြွေဝါ၏ ထက်မြတ်လှသော လက်သည်းများသည် ကျွန်မ အဝတ်ထဲ၌ ရုန်းကန်နေသလို မြွေဝါလည်း ကြောက်အား လန့်အားဖြင့် ရုန်းထနေဟန် ရှိသည်။

လက်သည်းနှင့် ကုတ်ခြစ်ရုန်းနေတော့မှ ကျွန်မမှာ ရုန်းနေရင်း မြွေဝါများလားဟု တွေးလိုက်လေသည်။ ကျွန်မအတွေးမှာ လျှပ်စစ်ဓာတ်ကဲ့သို့ လျင်မြန်လှသည်။ မြွေဝါဆိုလျှင် သူ့ပါးစပ်ထဲမှ ကြွက်ကောင်ကြီးပါ ရင်ဘတ်ပေါ်၌ ရှိရမည်ဟု တစ်ဆက်တည်း တွေးမိသော အတွေးနှင့်အတူ လွန်ခဲ့သည့် တစ်ပတ်ခန့်လောက်က ဘုရားစင်ပေါ်၌ မြွေဝါ ခုတ်ထားသော သွေးစက်လက်နှင့် ကြွက်ခေါင်းပြတ်ကြီးပါ တစ်ပေါင်းတည်း တွဲမြင်လိုက်သည်။ ကျွန်မမှာ ရုန်းနေရင်း အသည်းယားသွားလေ၏။ စောစောက ဘုမသိ ဘမသိဖြင့် တစ်ဦးတစ်ယောက်က ဖိထားလေသလောဟု ကြောက်လန့်ခဲ့သော အကြောက်ထက်ပင် အသည်းယားခြင်းက ဆပေါင်းများစွာ ပိုလွန်ကဲသွားတော့၏။

ပုရွက်ဆိတ်ရန် ကြောက်လွန်း၍ ခြင်ထောင်စများကို မွေ့ရာအောက်၌ လေးဖက်လေးတန် တင်းတင်းကြပ်ကြပ်ကြီး သွင်းညှပ်ထားခြင်းကြောင့် အလူး





အမြန် ရုန်းထွက်၍လည်း တော်တော်နှင့်မရနိုင်ဘဲ မြွေဝါနှင့် ကျွန်မမှာ အဝတ်ပုံထဲတွင် လုံးထွေးနေကြသည်။ အတန်ကြာ ရုန်းရင်းဆန်ခတ်ဖြစ်နေကြပြီး နောက် ခြင်ထောင်ပြင်ဘက်သို့ ကျွန်မရောက်သွား၏။

ကျွန်မသည် အနှောင်အဖွဲ့ လွတ်လျှင် ခုတင်ပေါ်မှ ခုန်ချလိုက်သည်။ မီးခလုတ်ကို ဖွင့်လျက် ခုတင်ဘက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ အခန်းတံခါးကို ဖွင့်ကာ အပြင်ဝရန်တာသို့ ထွက်လိုက်၏။

"မိုးဟိန်း...မိုးဟိန်း၊ ထဦး...ထဦး။ မမေ့ခုတင်ပေါ်က ကြွက်ကို သွားကောက်ပါဦး"

ကျွန်မမှာ ရန်သူနှင့် ရင်ဆိုင်လိုက်ရချင်၏။ သွေးရဲရဲ သံရဲရဲ ကြွက်ခေါင်းပြတ်ကြီးနှင့် ရင်ဆိုင်ရမှာ နှလုံးတုန်လှလေသည်။ နှလုံးနာလေသည်။ မိုးဟိန်းကို အော်နိုးပြောနေသောအသံသည် အော့အန်ချင်နေသောအသံ ဖြစ်သည်။ မိုးဟိန်းသည် ညဦးယံက တစ်ချီထရသေးသည်။ အိမ်ရာထဲဝင်မှ ယခုလိုပင် အလန့်တကြား အော်ခေါ်သဖြင့် ထပြေးလာခဲ့ရသည်။

ကျွန်မသည် ညအိပ်ရာမဝင်ခင် ဘုရားထိုင်ရှိခိုးနေ၏။ လက်ညှိုးထောက်ရှိသော ကင်းကြီးသည် ဒူးထုပ်ထားသော ဒူးဆစ်နားသို့ တရွရွတွားလာနေလေ၏။ အကယ်၍များ ကျွန်မသည် ဘုရားရှိခိုးအပြီး မေတ္တာပို့ အမျှဝေများ ရှည်နေမည် ဆိုပါက ကိုယ်ပေါ်သို့ ကင်းကြီး တွယ်တက်ပေတော့မည်။ ဘုရားတိုတို ရှိခိုးပြီး ဖြစ်၍ ထခုန်လိုက်ကာ မိုးဟိန်းကို အော်ခေါ်ခဲ့ရသည်။

သန်းခေါင်ကျော်ည ၂ ချက်လောက်၌ မိုးဟိန်းကို ထအော်ခေါ်ရပြန်သည်။ မိုးဟိန်းသည် အော်ခေါ်သံကြား၍ အိပ်ရာမှ လူးလဲထကာ ပြေးထွက်လာသည်။

"ဘာတုန်း မမေ၊ ဘာဖြစ်ပြန်သတုန်း၊ ကင်းလား ကင်းလား"

မိုးဟိန်းသည် မျက်လုံးမျက်ဆန်ပြူးလျက် ပြောရင်း ပြေးလာလေ၏။

"ကင်း မဟုတ်ဘူးကွ... မြွေဝါရယ်။ ကြွက်ကြီး ခုတ်ပြီး ခုန်ချလိုက်တာ မမေ့ ရင်ဘတ်ပေါ် ကျလာလို့ပါ။ အိပ်ရာပေါ်က ကြွက်ကော ကြောင်ကော ဖမ်းပေးပါဦး"

မိုးဟိန်းသည် အခန်းထဲဝင်သွားသည်။ ကျွန်မမှာ ကြွက်ကို မမြင်ချင်၍ အခန်းဝနှင့် ကွယ်သည့် နေရာတွင် ရပ်နေသည်။ ကျွန်မရင်မှာ အောင့်နေကာ ကြောင်ကုတ်ထားသော ဒဏ်ရာဖြင့် သွေးစို့နေသည်။

"ခြင်ထောင်ကြီးတွေသာ ပြတ်နေတာ၊ ဘာမှ မရှိပါဘူး မမေရဲ့"

မိုးဟိန်းမှာ မျက်လုံးပြူးသလောက် လျှမ်းတက်သဖြင့် "ကြည့်...ကြည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါဦးကွာ” ဟု ပြန်ငေါက်ပြောလိုက်သည်။

ရွှေဝါသည် ဘယ်မှ မပြေးနိုင်ဘဲ ခြင်းထောင်စနှင့် သုံးလေးပတ်ပတ်လိပ်နေလေ၏။ စောစောက လုံးလားထွေးလားဖြစ်ခဲ့ပုံမှာ သူ့တို့ခြင်ထောင်နှင့် ပတ်လိပ်ထားသကဲ့သို့ ရှိပြီး ရုတ်တရက် မိုးဟိန်း ရှာမတွေ့ဘဲ ပျောက်နေသည်။

“ဟော…ဟော…လှုပ်လှုပ်နဲ့၊ ဟုတ်တယ် ဟုတ်တယ်”

မိုးဟိန်းက အော်လိုက်လျှင် ကျွန်မသည် တံခါးပေါက်ကို ကျောပေးလိုက်သည်။

“ကြောင်ကို ဖမ်းဟော့၊ ကြွက်ကိုလည်း ယူနော်၊ ခြင်ထောင်မှာ သွေးတွေ စွန်းကုန်းသလား ကြည့်ဦး။ အမြီးတွေ၊ ခေါင်းတွေ၊ အစအနတွေ ဘာမှ မကျန်ခဲ့ပါစေနဲ့ကွယ်။ အကုန်ကောက်ပါ”

ကျွန်မမှာ ပြောရင်း ပြောရင်း ကြက်သီးထကာ ပခုံးတွန့်နေလေ၏။

မိုးဟိန်းသည် ရွှေဝါ ထွက်နိုင်အောင် ခြင်ထောင်စကို ဆွဲယူနေရင်း ‘မေမေ ရွှေဝါပဲ ရှိတယ်။ ကြွက်မရှိပါဘူး’ ဟုလှမ်းအော်သည်။

အပြင်ဘက်မှ ကျွန်မက ရှိပါတယ်။ သူက အထဲက မရှိပါဘူးနှင့် အပြန်အလှန် ငြင်းခုံနေကြစဉ် ရွှေဝါသည် အခန်းထဲမှ ပြေးထွက်လာသည်။ ဝရန်တာမှ တစ်ဆင့်အောက်သို့ ခုန်ချပြေးသွားလေ၏။

ထိုနေ့ညအဖို့ အိပ်ရာထဲ ပြန်ဝင်အိပ်ရသော်လည်း အိပ်မရချေ။ အိပ်ရာထဲဝင်၍ ခေါင်းအုံးပေါ် ခေါင်းချကာ နဖူးပေါ်လက်တင်လိုက်သည်နှင့် သူ့ကို သွားမြင်ရလေသည်။ သူ့နှင့် ခွန်းတုံ့ခွန်းပြန် စကားပြောနေရလေသည်။

“ဘယ်နည်းနဲ့မှ တဲနဲ့တော့ မနေနိုင်ဘူး။ တစ်သက်လုံး တဲနဲ့ တစ်ခါမှ မနေဖူးဘူး၊ ဘယ်နှယ့်ရှိရှိ ဖယ်မပေးဘူး။ ဒင်းတို့ အိမ်စားရှာပေးမှ ဖယ်ပေးမယ်”

“တင်လေးက ပြောရ တယ်ခက်တာကို၊ ဂျပန်တွေနဲ့ ဖက်ပြောနေလို့ ဘယ်သူနာမလဲ၊ စဉ်းစားပါဦး။ တဲထိုးနေတာ ထာဝစဉ် တစ်သက်လုံး နေဖို့မှ မဟုတ်တာဘဲ။ မလွဲသာလို့ ခဏတစ်ဖြုတ်နေကြရမှာ။ ကိုကိုတို့လိုပဲ စစ်အတောအတွင်း တဲထိုးနေကြတဲ့လူတွေ ပြည့်လို့ပါ။ ခေါင်းမာမနေပါနဲ့တော့။ ကံဘဲ့ ကျောက်ကုန်းက သီဟိုဠ်ပင်ကြီးတွေအောက်မှာ တဲကလေး သွားထိုးရအောင်”

“မနေဘူး ကိုကို၊ တဲနဲ့တော့ မနေဘူး။ ဟောဒီ အိမ်ပေါ်က သူတို့ အိမ်စားမပေးသမျှ သတ်ချင်သတ်ပစ်လိုက်၊ ဘယ်တော့မှ ဖယ်မပေးဘူး။ အဲဒါ နောက်ဆုံးစကားပဲ”

ဂျပန်တစ်ခေတ်လုံး တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့နေကြရာ တာမွေ





ခြံကြီးထဲသို့ ပြောင်း၍ တစ်လမျှ မကြာသေးခင် ဂျပန်စစ်ဗိုလ်များသည် ညကြီး အချိန်မတော် မြင်းစီးပေါက်လာကြသည်။ အတင်းတံခါးဖွင့်နိုင်းလျက် အိမ်ပေါ်မှ ချက်ချင်း ဆင်းပေးရမည်ဟု အာဏာပြနေလေ၏။

ကျွန်မမှာ မခံချင်စိတ်ပြင်းထန်လျက် စစ်ဗိုလ်က တစ်ခွန်းအော်လျှင် ကျွန်မက လေးငါးခွန်း ဆင့်အော်သည်။ ဂျပန်စစ်ဗိုလ် ထန်လေသလောက် ကျွန်မကလည်း မာကြောလေ၏။

“ရှင်တို့ ဆင်းပေးဆိုတိုင်း ဆင်းပေးမဲ့လူစား မဟုတ်ဘူး။ ဘယ်တော့မှ ဆင်းမပေးဘူး။ အိမ်သိမ်းချင်ရင် အိမ်စားပေး”

ကျွန်မ၏တင်းမာသော အသံများသည် တိုက်ထဲတွင် ပဲ့တင်ရိုက်ခတ်သျက် ရှိသည်။ ကျွန်မ ခင်ပွန်း ဦးချစ်မောင်မှာ တစ်ခွန်းမျှ ဝင်မပြောဘဲ လက်ပိုက်ပြီး ရပ်နေကာ ထန်ပြင်းနေသော ကျွန်မ၏ အမူအယာဟန်ပန်များကို ငိုက်ကြည့်နေလေ၏။

ဂျပန်စစ်ဗိုလ်များ အိမ်ပေါ်မှ ဆင်းသွားကြသောအခါ၌ သူကတဲထိုးနေကြရန် နားချသည်။ ကျွန်မက တဲနှင့် မနေဘူးဟု ခါးခါးသီးငြင်းနေသည်။

လွန်ခဲ့သော အတိတ်တို့သည် တရေးရေး ပေါ်လာကြလေ၏။ ထိုစဉ်က ခွန်းတုံ့ခွန်းပြန် ပြောဆိုနေကြသော အသံဗလံများသည် နားနှင့် ဆတ်ဆတ်ငြိကြားနေသကဲ့သို့ ရှိနေ၏။

ကျွန်မသည် နဖူးပေါ်မှ လက်ကို ချလိုက်ကာ သက်ပြင်းချသည်။ အပြင်ဘက်တွင် တိတ်ဆိတ်နေလေ၏။ ကျွန်မ အိမ်ခန်းထဲ၌ မှောင်ချထားသော်လည်း ကားဂိုထောင်မှ မီးရောင်ခပ်မှိန်မှိန်ကို ဝါးလရုံကြားမှ ပြောက်ကျိုပြောက်ကျား မြင်နေရလေသည်။

“တဲနှင့် မနေဘူးဆိုတဲ့၊ မိန်းမ ၊ အခုတော့လည်း တဲနဲ့ နေပါပကော”

[၂]

သောက်ထော်တွင် နေသော တိုက်ကို ရောင်းချခဲ့ပြီးနောက် မြို့ထဲသို့ ကျွန်မရွှေ့နေသည်။ ကျွန်မ ပြောင်းရွှေ့သွားသော အနော်ရထာလမ်းမှ အိမ်ခန်းသည် ယခုခေတ် ထုံးစံအတိုင်း ငွေတစ်သောင်းလောက် ကုန်ကျပြီးမှ အိမ်ပေါ်သို့ တက်နိုင်ရလေ၏။

အိမ်၏ အောက်ထပ်၌ ချစ်တီးကော်ဖီဆိုင်ရှိသည် အရက်တက်မီးမွှေးသည့် အချိန်ကစ၍ ည ၁၀ နာရီခန့်အထိ တစ်နေ့လုံး၊ တစ်ချိန်လုံးအညှော်နံ့ထွက်နေသော ကော်ဖီဆိုင်ဖြစ်သည်။ ပူဒီ၊ တိုရှည် စသော ချစ်တီး မုန့်မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ထောပတ်ဖြင့် အိုးကင်းတိုက်နေသောကြောင့် မိုးလင်းက မိုးချုပ် တငွေ့ငွေ့ ခြစ်တစ်တစ်ညှော်နေသော ညှော်နံ့ထဲ၌ နေကြရလေ၏။

ဤအိမ်ပြောင်း၍ ကျွန်မနှင့် အဖော်လာနေသော ခေါ်ခင်ညွန့်မှာ အညှော်နံ့ဝလျက် ရင်ကြပ်ရောဂါ ဖြစ်လာသည်။ မပြတ်ညှော်နေသောအိမ်ဖြစ်၍ သူ့ရောဂါမှာ မသက်သာဘဲ ရှိသည်။ ညှော်လွတ်ရာ တာမွေရှိ သူ့ဆွေမျိုးများထံ ပို့လိုက်ရသည်။ သူသည် အညှော်နံ့ဝသွားကာ တာမွေ၌ သေဆုံးသွားလေ၏။

ကျွန်မတို့တစ်အိမ်သားလုံး အညှော်နံ့ကြောင့် တစ်ဦးပြီးတစ်ဦး နေမကောင်း ဖြစ်ကြကာ ဒုက္ခများနေလေ၏။ အိမ်ပြောင်းရွှေ့မှ ဖြစ်တော့မည်ဟု အိမ်လိုက်ရှာရသည်။ အိမ်မှာ ရှာမှ ရှားလျက် အိမ်ခန်းမရ နိုင်အောင် ဖြစ်နေလေ၏။

အိမ်ခန်းရှားနေသည့် တစ်နှစ် နှစ်နှစ် အချိန်ကာလ အတောအတွင်း ကမာရွတ်လှည်းတန်းတွင် ပေ ၆၀၊ ပေ ၈၀ ရှိသော မြေကွက်ကလေး ဝယ်ဖြစ်သည်။ အစိုးရတိုက်ခန်းများအနက်မှ အခန်းတစ်ခန်းရရန်လည်း ကြိုးစားနေသည်။

လှည်းတန်းမြေကွက်၌ သွပ်မိုး ပြင်ခင်း အိမ်တစ်ဆောင် ကြိုးစားလျက် ဆောက်နေဆဲ၌ ပြန်ကြားရေးဝန်ကြီး သခင်ချစ်မောင်သည် ကျွန်မနေရန် လခ ၈၀ ပေးရသော အိမ်ခန်းတစ်ခန်း ပေးလေသည်။

ကျွန်မမှာ တစ်နေရာတည်း မဟုတ်ဘဲ အလုပ်တိုက်ခန်းအပြင် သုံးနေရာ ပိုင်ဆိုင်နေလေ၏။ တစ်ခါတစ်ရံ ကမာရွတ်လှည်းတန်းခြံထဲတွင် နေကုန်နေခန်း စာထိုင်ရေးနေ၏။ တစ်ခါတစ်ရံ အစိုးရ အိမ်ခန်းတွင် နေကုန်နေခန်း စာသွားရေးချင်လည်း ရေးနေ၏။

လက်ရှိ ချစ်တီးကော်ဖီဆိုင်အပေါ်ထပ်မှ အိမ်ခန်းကို ကုန်ထားရသော ငွေတစ်သောင်းလောက် ထုံးစံအတိုင်း ပြန်မရမချင်း ဘယ်နေရာမှ အစာည်တကျ မရွှေ့နိုင်သေးဘဲ အောင့်အည်းနေရလေ၏။

အညှော်အသင်းနံ့ကြောင့်လည်း တစ်ကြောင်း၊ လူနာညည်းသည်များ မခံနိုင်အောင် ဖြစ်နေ၍လည်း တစ်ကြောင်း ရွှေ့ဆက်နေရန် တစ်နေ့တခြား စိတ်ပျက်လာသည်။ ကျွန်မသည် အိမ်တံခါးပိတ်ခဲ့ပြီး အစိုးရတိုက်ခန်းသို့ ပြောင်းရွှေ့နေထိုင်လေ၏။

အစိုးရတိုက်ခန်းသို့ အိပ်ရာ၊ သေတ္တာ၊ စားအိုးစားခွက်များနှင့် ပြောင်းရွှေ့နေထိုင်လျက် နှစ်လခန့် ကြာသောအခါ၌ စိတ်ထိခိုက်စရာ အကြောင်းတစ်ခု ဖြစ်ပေါ်လာသည်။





ကျွန်မနှင့် အလွန်ရင်းနှီး ချစ်ခင်သော အစ်မကြီးတစ်ယောက် ရှိလေ၏။ အစ်မကြီးသည် ဗိုလ်ချုပ်ဈေးထဲ၌ အထည်ဆိုင်ထွက်သည်။ အစ်မကြီးနှင့် ကျွန်မမှာ သွေးသားမတော်စပ်သော်လည်း အရင်းအချာကဲ့သို့ ချစ်ခင်ကြသည်။ အစ်မကြီးနှင့် ကျွန်မမှာ စိတ်ချင်းတူသည်သာမက နာမည်ချင်းလည်းတူကြ၏။ မိန်းမသားအဖြစ်နှင့် လူမမယ်ကလေးသုံးယောက်ကို လူဖြစ်အောင် ကျွေးမွေးသုတ်သင်လျက် တာဝန်ထမ်းရွက်ရခြင်း၌လည်း တူကြပေ၏။ ကွဲလွဲချက်တစ်ခုပဲ ရှိသည်။ ကျွန်မမှာ မုဆိုးမဖြစ်ကာ ကိုယ့်သားသမီးတာဝန်ကို ကိုယ်ထမ်းလျက်၊ အစ်မကြီးမှာ အပျိုကြီးဖြစ်ကာ မိဘမရှိရှာသော တူ၊ တူမလေးများကို ရှာကျွေးနေခြင်း ဖြစ်၏။ အစ်မကြီးသည် သူ့အစ်ကို လူပျိုကြီးနေသော ဆေးရုံဝင်းရှိ တိုက်ခန်းတွင် အစ်ကိုနှင့် အတူတူနေလေသည်။

အစိုးရတိုက်ခန်းသို့ ကျွန်မ ပြောင်းရွှေ့နေထိုင်ပြီး နှစ်လလောက်အကြာတွင် အစ်မကြီး၏ အစ်ကိုမှာ သေဆုံးသွားလေ၏။

အစ်မကြီးမှာ ခေါင်းမီးလောင်လျက် ရှိနေ၏။ အစ်မကြီးအတွက် ပူပန်သည်မှာ နေစရာအိမ်မရှိခြင်းပင် ဖြစ်သည်။ ဆေးရုံဝင်းအတွင်းရှိ အိမ်မှာ အစိုးရတိုက်ခန်းဖြစ်၍ မကြာခင် ဖယ်ရှေ့ပေးရလိမ့်မည်။

အစ်မကြီးအတွက် ဘယ်မှာလဲ နေစရာအိမ်ဟု စဉ်းစားလိုက်တိုင်း ကျွန်မရင်တွင်း၌ ပူပြင်းလာလေသည်။ ကျွန်မကမှ ကိုယ့်သားသမီးတာဝန် ကိုယ်ထမ်းရွက်သူ ဖြစ်လျက် အစ်မကြီးမှာမူ သူများ ဝန်ထုပ်ဝန်ပိုးကြီးကို ကောက်ရွက်ရှာသူဖြစ်သည်။ မိန်းမသားအဝနှင့် ထမ်းရွက်ရသော တာဝန်ကြီးက မသေး၍ ကိုယ်ချင်းစာနာမိလေသည်။ ကလေးတွေအဖို့လည်း သနားစရာပင်၊ ကျွန်မကလေးတွေကမှ အမေရှိသေးသည်။ သူတို့မှာ အဖေ၊ အမေမရှိဘဲ အစ်မကြီးသာလျှင် အမေဖြစ်နေ၏။ ကျွန်မ နေရာကနေ၍ စဉ်းစားမှသာလျှင် အစ်မကြီး၏ ဒုက္ခ သုက္ခကို ပိုမို၍ သိမြင်နိုင်မည်။ တွေ့သမျှ ဒုက္ခကို တင်းခံကာ ကိုယ့်ဘာကိုယ်ချွန်လျက် ကိုယ့်တစ်ဝမ်းတစ်ခါးအဖို့ မဟုတ်ဘဲ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးသုတ်သင်နေသော အစ်မကြီးဘဝအား ဘဝတူအချင်းချင်း အနေဖြင့် ကြောင်တောင်ကြည့်၍ မနေရက်ချေ။

လောလောဆယ် အမှန်တကယ် နေစရာမရှိ ဖြစ်နေသော အစ်မကြီးကို ကျွန်မနေသော အိမ်ခန်းသို့ ပြောင်းစေကာ ကျွန်မသည် သော့ခလောက်ပိတ်ထားခဲ့သော ညှော်နံ့တသင်းသင်းအိမ်သို့ ပြန်ပြောင်းနေလေ၏။

နေ့စဉ်နေ့တိုင်း အညှော်နံ့ထဲ၌ လုံးနေရစဉ် ကမာရွတ်လှည်းတန်းအိမ်မှာ ရှောင်တခင် မီးလောင်ပြာကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၏ အဖြစ်နှင့် အပျက်တို့သည် လျှင်မြန်စွာ တစ်ပတ်ပြီးတစ်ပတ် လှည့်လျက် ရှိတော့သည်။ လက်ရှိနေထိုင်သော အိမ်ပေါ်မှ ချက်ချင်းဆင်းပေး ရမည့် အကြောင်းတစ်ခုသည် ဆိုက်ရောက်လာတော့လေ၏။

ကျွန်မသည် ခေါင်းနောက်လျက်၊ ခေါင်းပူလျက် နေပေ၏။ စာပုံနှိပ် တိုက်ကြီး ရိုက်ချိုးခံရ၍ ပျက်စီးသွားပြီးနောက် ပုံနှိပ်တိုက်အသစ်ပြန်ထူထောင် ရာတွင် ဘီလပ်မှ သုံးသောင်းကျော်တန်သော စက်ကြီးတစ်လုံးကို အကြွေးဝယ်ရ လေ၏။ စာချုပ်စာတမ်း ဘာမှမရှိဘဲ ကျွန်မ၏ သုံးလ တစ်ကြိမ် အရစ်ကျ ပေးဆပ်မည် ဆိုသော နှုတ်ကတိကို ယုံကြည်ကိုးစားကာ သုံးသောင်းကျော် တန်သော စက်ကြီးကို မျက်နှာဖြူကုမ္ပဏီက တိုက်အရောက်ပို့ပေးလေ၏။

ငွေအင်အား မတောင့်တင်း၍ ပုံနှိပ်လုပ်ငန်းဖြင့် ဘာမှ ထုတ်ဝေခြင်း မပြုနိုင်သေးဘဲ သူများအလုပ်ကိုသာ နဝလီရိုက်နှိပ်ပေးနေရသေးလေရာ ဒုတိယ အကြိမ် ပေးသွင်းရမည့် အရစ်ငွေသည် မပေးသွင်းနိုင်အောင် အကျဉ်းအကျပ် ဖြစ်လာလေ၏။

ကျွန်မအဖို့ရာတွင် ကတိတစ်ခုကို ဖျက်ရန် အင်မတန် ခက်ခဲပေသည်။ ကျွန်မ ကတိသည် နိုင်လုံသော စာချုပ်စာတမ်းကြီးသဖွယ် ပုံနှိပ်စက်ရောင်း သော ကုမ္ပဏီက လုံးဝစိတ်ချထားသည်။ ကျွန်မမှာ ငွေရေးကြေးရေးနှင့် ပတ် သက်၍ တည့်မတ်ရမည့် ကိုယ်ကျင့်တရားကို အသက်ထက် အဖိုးထားသည်။

ကျွန်မသည် အပူတပြင်း ငွေရှာနေခိုက် ဘော်နဲ့တသင်းသင်း လှောင်နေ သော အိမ်ခန်းကို အလိုရှိသောပုဂ္ဂိုလ် ပေါ်ပေါက်လာလေသည်။ ဤအိမ်ပေါ် မှ ဆင်းပေးလျှင် ရမည့်ငွေထုပ်ဖြင့် ကတိမပျက်အောင် စက်ကြွေးပေးဆပ်လျက် နောက်ဆုံး ဖြစ်သလို တဲထိုးနေမည်ဟု ဆုံးဖြတ်လိုက်ရလေသည်။

ကျွန်မသည် သားသမီးများကို တဲထိုးနေမည်ဟု ကြေညာလိုက်သည်။ သားသမီးသုံးယောက်အနက် မိုးဟိန်းမှာ မျက်နှာပျက်လျက် 'ဘာကြောင့် တဲ နှင့် နေရမှာလဲ' ဟု စစ်ဆေးနေသည်။

'စာပုံနှိပ်စက် ကြွေးကြောင့် မင်းတို့ တဲနဲ့ နေရမှာကွ' ကျွန်မက ကတိ အတိုင်း ပေးဆပ်ရမည့် အရစ်ကျ ငွေကိစ္စကို ရှင်းပြပြသည်။

"ကျွန်တော်တို့ သတင်းစာထုတ်တုန်းကရှိတဲ့ စက်ကြီးတွေသာ သူတို့ ရိုက်မချိုးကြရင် ကျွန်တော်တို့ တဲနဲ့ နေရမှာ မဟုတ်ဘူး"

မိုးဟိန်းက မသက်မသာပြောနေစဉ် မောင်သိန်းတန်သည် ငေးငိုင်နေ ကာ 'ဘယ်နေရာသွား တဲထိုးမှာလည်း အမေ၊ လှည်းတန်း မြေကွက်မှာလား' ဟု မေးလိုက်သည်။





"လှည်းတန်းမြေကွက်က အစိုးရက ပြန်ဝေပေးတာ။ ပေအစိတ် ပေ ငါးဆယ်။ အိမ်ကလေးတွေကလည်း ညပ်လို့၊ အဲဒီမှာတော့ မနေချင်ပါဘူး အမေရယ်"

မလေးမြင့်သည် မျက်နှာရှုံ့ပြောလျက် ခေါင်းယမ်းနေလေ၏။ ကျွန်မမှာ လှည်းတန်းမြေကွက်ကို ထည့်၍မျှ မစဉ်းစားချေ။ မီးလောင်ပြီးကတည်းက တစ်ခါမျှ ခြေဦးမလှည့်ချေ။ အစိုးရက ပေအစိတ်၊ ပေငါးဆယ် ပြန်ဝေပေးသည် ဟု သတင်းကြားသိလိုက်ရသည်။ အဘဆရာကြီးက အစိုးရ ပြန်ဝေပေးသော မြေကွက်ကလေးကို ခြံဝင်းကလေး သွားခတ်ထားလေသည်ပင် တစ်ခါမှ သွား မကြည့်မိချေ။

ကျွန်မ၏ အစ်ကို၊ အစ်မများ နေထိုင်သော ဆူနန်ရုံပတ်ကုက္ကိုင်ခြံကြီး ကို မျက်စိထဲမြင်ကာ တဲထိုးနေဖို့ရာ နေရာရွေးထားပြီး ဖြစ်၏။

အစ်ကိုကြီးနှင့် အစ်မမှာ တဲမထိုးဘဲ သူတို့နှင့် အတူတကွ တစ်တိုက် တည်း စုပေါင်းနေရန် အတင်းပြောကြားသည်။ ကျွန်မအိုး၊ ကျွန်မခွက်နှင့် အိမ်ထောင် တစ်သက်လုံးနေလာခဲ့ပြီးမှ အစ်ကို၊ အစ်မတို့နှင့် တစ်အိမ်တည်း အတူတူနေ၊ အတူတူစားရန် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

"အိပ်ရုံ၊ စားရုံပါ အစ်ကိုကြီးရာ။ တဲသေးသေးလေးသာ ဆောက်ပေးပါ။ ကျွန်မ အိမ်ထောင်ပစ္စည်းတွေ အကုန်လုံး ဘုန်းကြီးကျောင်းပို့ထားမယ်။ အိပ်ရာ နဲ့ စားအိုး စားခွက်နဲ့ ပြောင်းလာမယ်၊ အတူတူနေသလိုပါပဲ။ အိပ်ခါနီးတော့ ဘုန်းအိပ်၊ စားချိန်ကျတော့ ကူးစားရုံပါ"

ကျွန်မကို ဘယ်လိုမှ ပြောမရ၍ အစ်ကိုကြီးသည် သူ့တို့ 'ဘေးရှိ မြေကွက်လပ်ကလေးတွင် တဲအိမ်ကလေး ဆောက်ပေးဖို့ရာ စီစဉ်ရလေ၏။ အစိုးရ တိုက်ခန်းတွင် နေသော အစ်မကြီးသည် ပေါက်လာလေ၏။

ကျွန်မက အစ်မခြံထဲ၌ တဲထိုးနေမည်ဟု ပြောလိုက်သောအခါ အစ်မကြီး မျက်နှာမှာ ဖျော့ဖြူသွားလေသည်။

'မဟုတ်တာချည်းဘဲ၊ တဲနဲ့တော့ မနေပါနဲ့၊ အစ်မကြီးနဲ့ လာနေပါ၊ အစ်မကြီးအိမ်က လူတွေများလို့ အတူတူ မနေချင်ရင် အစ်မကြီးတို့ တခြား ဖယ်ပေးပါ့မယ်။ တဲကလေးနဲ့တော့ မနေပါနဲ့'

'အစ်မကြီး ဖယ်ပေးဖို့ ဘယ်မှာလဲ အိမ်၊ အစ်မကြီး ဘယ်မှာများ သွားနေစရာ ရှိလို့လဲ အစ်မကြီးကသာ ဒီအခန်းမှာ ဈေးနဲ့နီးလို့ နေသင့် နေထိုက်တယ်၊ ကျွန်မက မော်တော်ကားရှိတဲ့လူ၊ ဘယ်နေနေ ဖြစ်နိုင်တယ်။ အစ်မကြီး ကုသိုလ်နဲ့ အစ်မကြီး ဖြစ်လာတာ နေသာနေပါ အစ်မကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီးနေတာ လူ့လောကမှာ တရားသဖြင့် ဖြစ်ပါတယ်'

အစ်မကြီးသည် ကျွန်မကို ဘယ်လိုမျှ ပြောမရနိုင်တော့သဖြင့် မျက်ရည်ဝဲဝဲဖြင့် လက်လျှော့ရတော့လေသည်။

ကျွန်မသည် အိမ်ဖယ်ပေး၍ ထုံးစံအတိုင်း လက်ဝယ်ရောက်လာသော ငွေကို ကုမ္ပဏီသို့ ကတိအတိုင်း ပေးပို့လိုက်သည်။ အိမ်ထောင်ပရိဘောဂပစ္စည်းအားလုံး ကိုးထပ်ကြီး မင်္ဂလာဇေယျုကျောင်းသို့ ပို့လိုက်သည်။ ဘောက်ထော်က မြို့ထဲသို့ ပြောင်းစဉ်က စာအုပ်ဗီရိုကြီး ၁၉ လုံးမှာ မြို့ထဲအိမ်ခန်း၌ထားရန် နေရာမရှိ၍ ဘုန်းကြီးကျောင်းသို့ တစ်သုတ်ပို့ခဲ့ရသည်။ ယခုအိမ်ခန်းမှ တဲသို့ ရွှေ့ရတော့မည့်အခါ၌ ဧည့်ခန်းဆောင်က စားပွဲ၊ ကုလားထိုင်များ၊ အိမ်ခန်းထဲမှ အဝတ်ဗီရို၊ မှန်ခုံ၊ ခုတင်၊ ထမင်းစားခန်းထဲက ပန်းကန်ဗီရိုနှိမ့်မြင့်တို့နှင့် အခြား ပရိဘောဂ အသုံးအဆောင် အားလုံးတို့သည် မင်္ဂလာဇေယျုကျောင်းကြီးပေါ်သို့ ရောက်ကုန်ကြသည်။ ကျောင်းကြီးတစ်ကျောင်းလုံး ကျွန်မပစ္စည်းတွေနှင့် ပြည့်ကျပ်သွားလေ၏။

ဂျပန်ခေတ်က တဲနှင့်မနေဆိုခဲ့သော သူသည် ဤကဲ့သို့သော အကြောင်းကြောင်းတို့ကြောင့် တဲနှင့် နေပေတော့၏။

[၃]

ကျွန်မနေသော တဲအိမ်ကလေးမှာ ဓနိမိုး၊ဝါးထရံကာလျက် တောသစ်များ ကြမ်းခင်းထားသည်။ အလျား ပေ ၃၀ ရှိကာ အနံ ၉ ပေ ရှိသည်။ တဲအိမ်ကလေး၌ အခန်းသုံးခန်း ရှိလေသည်။

နံပါတ် ၁၊ ကျွန်မ အိပ်သော အခန်းသည် အနံ ၇ပေ၊ အလျား ၉ပေ ဖြစ်သည်။

နံပါတ် ၂၊ မလေးမြင့်နှင့် မောင်းမိုးဟိန်း အိပ်သော အခန်းသည် ကျွန်မ အခန်းထက် အလျားပေ နည်းနည်းကျယ်သည်။

နံပါတ် ၃၊ မောင်သိန်းတန် အိပ်သော အခန်းမှာ ကျွန်မ အခန်းလေးနှင့် တစ်တိုင်းတစ်ထွာတည်း ဖြစ်လျက် နေ့အခါ၌ ထမင်းစားခန်းဖြစ်ပြီး ညအခါ၌ မောင်သိန်းတန် အိပ်ခန်း ဖြစ်သည်။

တဲအိမ်ထိပ် တဲခေါင်းရင်း၌ အိမ်ပေါ်လှမ်းတက်ရန် လှေကား သုံးထစ်ရှိသည်။ လှေကားသုံးထစ် တက်လာခဲ့လျှင် လူသွားလမ်း မျက်နှာစာဝရန်တာနှင့် တစ်ဆက်တည်း တဲနောက်ဆုံးမှ မီးဖိုခန်းကလေးကို တန်းမြင်နိုင်သည်။ မီးဖိုတစ်ဖက်၌ အိမ်အောက်သို့ ဆင်းနိုင်ရန် လှေကားသုံးထစ်ရှိသည်။



အခန်းသုံးခန်းတည် အဝင်အထွက် တံခါးပေါက်တစ်ပေါက်စီဖြင့် တန်းလျားလေးသဖွယ် ရှိလျက် မျက်နှာစာဝရန်တာတစ်ဖက်၌ ခြံစည်းရိုး ဝါးပင်များသည် တညီတညာတည်း ပိတ်ကာဆီးနေလေ၏။

တဲအိမ်ကလေးသည် ခြံစည်းရိုး ဝါးပင်များနှင့် ကပ်နေလေသည်။ ဆားက အစ်မတိုက်နှင့် တဲအိမ်ခေါင်းရင်း၌ ကားဂိုထောင်တို့ ကွယ်နေသဖြင့် ခြံထဲဝင်လာကြသူတို့သည် တဲအိမ်ကလေးကို ရုတ်တရက် မမြင်နိုင်ချေ။

တဲခေါင်းရင်းရှိ သရက်ပင်ကြီးသည် ဓနိမိုးပေါ်၌ ကိုင်းအုပ်ကျနေလေ၏။

၁ နံပါတ် ကျွန်မ အိပ်ခန်းထဲ တစ်ယောက်အိပ် ခုတင်သည် တဲခေါင်းရင်း ဝါးထရံနှားကပ်ကာ အဝင်အထွက် တံခါးပေါက်ဘက်သို့ ခေါင်းပြု ခင်းထားသည်။ ခုတင်ခေါင်းရင်း အမြင့်တွင် ဘုရားစင် ရှိသည်။ တစ်ဖက်အခန်းနှင့် ကာခြားထားသော ဝါးထရံနှား၌ မှန်ခုံတစ်ခုနှင့် ယူနီဖောင်းသေတ္တာနှစ်လုံးဆပ်တင်ထားသည်။ ခုတင်နှင့် ယှဉ်နေပေသည်။ တံခါးပေါက်က အခန်းထဲဝင်လျှင် ခုတင်နှင့် မှန်ခုံသေတ္တာများကြား၌ လူလျှောက်စရာလမ်းသည် တစ်တောင် မရှိတရှိလောက်သာ ကျယ်လေသည်။ ခုတင်ခြေရင်း၌ ပြတင်းပေါက်တစ်ပေါက်ရှိလျက် စိမ်းပြာပြာခန်းဆီးတပ်ဆင်ထားသည်။ ကြမ်းခင်းသည် တောသစ်များဖြစ်၍ ကြမ်းသားတစ်ပျဉ်နှင့် တစ်ပျဉ် မဆက်မိဘဲ ကျဲနေသည်။ အိမ်အောက်က လေတိုးတာမခံနိုင်သဖြင့် နံ့သာရောင်၊ နက်ပြာပွင့် ခန်းလုံးပြည့်ကော်ဇောကြီး ခင်းထားသည်။

ဓနိမိုး၊ ဝါးထရံကာနှင့် အခင်း ခင်းထားသော ကော်ဇောကြီးမှာ မျက်စိထဲတွင် ခွကျလျက် အတော်ကြည့်မကောင်းလေသည်။

၂ နံပါတ် အခန်း၌ အခန်းနှင့် ဆံ့အောင် ဝယ်လာခဲ့ရသော သံခုတင်သေးသေး နှစ်လုံးကို ဝါးထရံ တစ်ဖက်စီ ကပ်လျက် ၁နံပါတ် အခန်းဘက်သို့ ဦးတိုက် ခင်းထားသည်။ သံခုတင် နှစ်လုံးကြားထိပ်၌ စာရေးဗီရိုစားပွဲလေး ရှိလျက် ခုတင်နှစ်လုံးကြား ခြေရင်းဘက်တွင် အဝတ်ဗီရိုအပုလေးတစ်လုံး ရှိသည်။ သံခုတင် နှစ်လုံးအောက်၌ သေတ္တာများ ပြည့်ညပ်နေလေ၏။

မလေးမြင့်သည် နံနက်တိုင်း သူ့အခန်းလေးထဲက ကြမ်းခင်းကို တကုန်းကုန်းနှင့် ပေါ်လစ်တိုက်နေလေ၏။ အထွက်အဝင် တံခါးမတစ်ပေါက်နှင့် ပြတင်းပေါက်နှစ်ပေါက်တွင် လှပေ့ဆိုသော ခန်းဆီးများကို ရွေးတပ်ထားလေသည်။ စားပွဲဗီရိုပေါ်၌ ပန်းအိုးချကာ မပြတ်တမ်း ပန်းလှလှထိုးစိုက်ထားသည်။

ဘုရားတကာ မောင်မိုးဟိန်းသည် သူ့ဘက်က သံခုတင်ခေါင်းရင်းမှ ဝါးထရံတွင် ဘုရားပုံတော်အမျိုးမျိုး ကပ်ထားလျက် စိပ်ပုတီးတစ်ကုံး ချိတ်


www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားလေသည်။ သူသည် နေ့ညမပြတ် ဘုရားဝတ်ပြုလျက် နံနက်တိုင်း ဘုရားဝေယျာဝစ္စအလုပ် သူလုပ်သည်။ ၁ နံပါတ် အခန်းမှ ဘုရားစင်ပေါ်က ဘုရားရေချမ်းခွက် ငွေခွက်သုံးခွက်နှင့် ပန်းအိုးနှစ်အိုး၊ ခြံထဲတွင်ထားသော ဘုရားစေတီမှ ပန်းအိုးတစ်အိုးတို့ကို နံနက်တိုင်း ဆေးကြောသန့်စင်ရခြင်းဖြင့် နံနက်တိုင်း သူ့ပုဆိုးတစ်ထည်လုံး ရွှဲရွှဲစိုနေလေ၏။

၂ နံပါတ် အခန်းမှ ထမင်းစားပွဲမှာ ဖြန့်ခင်းလိုက်လျှင် လူခြောက်ယောက် ကောင်းကောင်းထိုင်စားနိုင်လျက် ဘေးနှစ်ဖက်ခေါင်းချထားလျှင် စင်းကားအပ်ချုပ်စက် အရွက်လောက် ငယ်သွားသည်။ အခန်းနှင့်ဆံ့အောင် အသစ်ဝယ်လာခဲ့သော ပန်းကန်ကြောင်အိမ် ဗီရိုသေးသေးတစ်လုံးနှင့် ထမင်းစားပွဲ၌ ကုလားထိုင်လေးလုံး ဝိုင်းထားသည်။ ထမင်းစားခန်းလေးထဲ၌ ထမင်းစားပွဲခုတင်ခင်းရန်နေရာမရှိ၍ ညကျလျှင် ထမင်းစားပွဲခုံကို ခေါက်လိုက်ကာ မောင်သိန်းတန်သည် ကြမ်းပေါ်၌ အိပ်ရာခင်း အိပ်ရလေ၏။

တဲနောက်ဆုံး မီးဖိုခန်းကလေးမှာ လူတစ်ယောက်သာ ဝင်ထိုင်ချက်နိုင်သည်။ ဝါးထရံနှစ်ဖက်၌ အိုးခွက်များ တင်မှောက်ထားနိုင်အောင် တန်းတွေ အဆင့်ဆင့် ရိုက်ထားသည်။

အိမ်တွင် ရှိရမည့် ဧည့်ခန်းဆောင်နှင့် ရေချိုးခန်းများမှာ တစ်ဖက်တိုက်ထဲတွင် ရှိသဖြင့် ဤတဲဆောင်သည် ကျွန်မတို့ မိသားစု အိပ်ရုံ၊ စားရုံပင် ဖြစ်ပေသည်။

ဤတဲဆောင်သို့ပြောင်းရွှေ့လာခဲ့ပြီးနောက် တပ်တောင်တာ ဗိုလ်ထုနှင့် အလုံးအရင်း တပ်စွဲနေသော ပုရွက်ဆိတ်ထုကြီးနှင့် ရင်ဆိုင်ကြရလေ၏။ တဲ ခေါင်းပေါ် အုပ်မိုးနေသော သရက်ပင်ကြီးနှစ်ပင်ပေါ်၌ ပုရွက်ဆိတ်များ ပြည့်ခဲ နေကာ တဲခေါင်မိုး ဓနိပေါ်သို့ တဖွားဖွားကျနေလေ၏။

ကာထားသော ဝါးထရံအချပ်တွေထဲ၌ နေရာမလပ် ပုရွက်ဆိတ် အကောင်နီနီကလေးများဖြင့် ပြည့်ကပ်နေပေ၏။ လေတိုက်လိုက်လျှင် ခေါင်းမိုး ဓနိပေါ်မှာလည်း တဖွားဖွား လွင့်စင်ကျလာ၏။ အိပ်ရာပေါ်၊ သေတ္တာပေါ် မှန်ခုံပေါ်၊ ကော်ဇောပေါ်၊ ကြမ်းပေါ် စသည်တို့၌ ထောင်သောင်းမကသော ပုရွက်ဆိတ်တို့ တရွရွ ပြေးနေကြလေ၏။ ပုရွက်ဆိတ်ကို နိုင်သည်ဆိုသော ဆေးရည်၊ ဆေးမှုန့်များ ဖျန်းပက်သော်လည်း ဆေးရည်ဘူးသာ ဝယ်မလောက် ဖြစ်နေလျက် ပုရွက်ဆိတ် တပ်တော်ကြီးသည် တစ်နေ့တခြား အင်အား ပိုမို များပြားလျက်သာ ရှိတော့သည်။

ကျွန်မတို့သည် တစ်ညတလေမှ ညလုံးပေါက် ကောင်းစွာ အိပ်စက်နိုင်





ခြင်းမရှိဖူးချေ။ အိပ်ရာများကို ဘယ်လိုခါခါ၊ အိပ်ရာထဲ၌ လိုမ့်နေအောင် ကိုက်လေ၏။ ညစဉ် ညတိုင်း ဝတ်မပျက် သုံးလေးခါ ထခါကြရသည်။ ဤ တဲဆောင်ထဲတွင် ဘယ်နေရာမှ ပုရွက်ဆိတ် လွတ်သောနေရာ မရှိသောကြောင့် ဘယ်နေရာမှ လူစွမ်းကောင်းလုပ်ပြီး ကြာကြာထိုင်နိုင်သောသူ မပေါ်ပေါက် သေးချေ။ ထိုင်တာနှင့် ပုရွက်ဆိတ်ကိုက်၍ ထပြေးကြကုန်လေ၏။

ပုရွက်ဆိတ် ပေါများသကဲ့သို့ပင် ခြင်ကောင်၊ ယင်ကောင်တို့လည်း ပေါများသည်။ ဝါးခြံ စည်းရိုးနား ကပ်နေသဖြင့် ညဆိုလျှင် ခြင်ကောင်များ သည် ဝါးချုံတွေထဲမှ ထွက်လာကြကာ လူကို ချီမသွားတော့မလောက် ဝိုင်းခဲ ကိုက်ကြ၏။ မိုးလင်းပြန်လျှင် ယင်ကောင်တွေမှာ တရုန်းရုန်းနှင့် ခတ်မနိုင် အောင် ဖြစ်တော့လေသည်။

ပုရွက်ဆိတ်၊ ခြင်၊ ယင် ပေါဘိသကဲ့သို့ မြေကြွက်တို့သည် ခြံစည်း ရိုးတစ်လျှောက်၌ တွင်းကြီးတွေ ဖောက်ကြလေသည်။ ညကျလျှင် မြေတွင်း ထဲက ထွက်လာကြကာ အိမ်ပေါ်သို့ တက်ပြီး သောင်းကျန်းချင်တိုင်း သောင်း ကျန်းကြကုန်သည်။

တစ်ဖက်တိုက်မှ ရွှေဝါကြီးသည် တိုက်ထဲ၌ နေ့အခါ တစ်နေ့လုံး အိပ်နေပြီးနောက် ညအခါတွင် တဲဆောင်ဘက်သို့ ကူးလာကာ ညလုံးပေါက် ကြွက်ခုတ်စားနေလေ၏။ ကြွက်အခုတ်ကောင်းသောကြောင့် အိမ်ခေါင်မှ ခုန်ပြန်ကာ ရင်ဘတ်ပေါ်သို့ ကျလာခြင်း ဖြစ်သည်။

ကျွန်မမှာ ရင်အောင့်နေ၍ တော်တော်နှင့် ပြန်အိပ်မရနိုင်ဘဲ ဖြစ်နေ၏။ ဘောင်တွေး မြောက်တွေးဖြင့်ပင် မိုးလင်းလုသွားသည်။

[၄]

နံနက်လင်း၍ အိပ်ရာမှ နိုးသည့်အခါ၌ ဝါးထရံကြားမှ နေရောင်များ ထိုးဝင် နေသည်။ ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်လေ၏။ အိပ်ရာထဲ နေရသည်က ပုရွက်ဆိတ်ရန် နည်းသဖြင့် အလုပ်တိုက် သွားရန်မရှိသောကြောင့် နေမြင့် အောင် အိပ်နေကာ ရေဒီယိုသံကြားမှ ထလေသည်။

ကျွန်မသည် ခြင်ထောင်အပြင်ဘက်သို့ ထွက်ထွက်ချင်း အခန်းတံခါး ခေါက်သံကြားရ၍ မှင့်မိ လာကြဟေ့ဟု အသံပြုကာ တံခါးဖွင့်ပေးလိုက်သည်။

မလေးမြင့် ဝင်လာသည်။ မောင်မိုးဟိန်း နောက်က လိုက်လာသည်။

ခြင်ထောင်အမိုးပေါ်၌ အုပ်ထားသော ပိတ်အိပ်ရာခင်းကို အသာဆွဲ ချတ်လိုက်သည်။ ပိတ်ပေါ်၌ ပုရွက်ဆိတ်များ မရေမတွက်နိုင်အောင် ပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြင်ထောင် ကြိုးလေးစကို သေပြေး ရှင်ပြေး ဖြုတ်ကြရသည်။ ခြင်ထောင်အမိုးပေါ်၌ အဝတ်အုပ်ထား၍ ပုရွက်ဆိတ် မရှိသော်လည်း ခြင်ထောင်ဘေးဘက်တို့၌ ဝါးထရံက လွင့်သော ပုရွက်ဆိတ်များ တရွရွ ပြေးနေကြသည်။ ခြင်ထောင် ဖြုတ်ပြီးပြီးချင်း မိုးဟိန်းသည် ခြင်ထောင်ကို လုံးထွေး ပိုက်သွားကာ အိမ်အောက်၌ ဆင်းခါပြီးနောက် ကြိုးတန်းပေါ်၌ လွှားကာနေပြလိုက်သည်။

မလေးမြင့်နှင့် ကျွန်မမှာ မွေ့ရာပေါ်ရှိ ခေါင်းအုံး၊ စောင်၊ အိပ်ရာခင်းများကို တစ်ယောက်တစ်လက် ခပ်မြန်မြန်ဖယ်လျက် ခါခက်ပြီး ခပ်မြန်မြန် ပြန်ခင်းကြရသည်။ အိပ်ရာဖုံကြီးကို လေးဖက်လေးတန် ညှပ်အုပ်ရလေ၏။ လုပ်ကိုင်နေရင်းမတ်တတ် အိပ်ရာဖုံးပေါ်၌ ပုရွက်ဆိတ်များ ရောက်လာကြသည်။ သေတ္တာနှင့် မှန်ခုံပေါ်၌ အမှိုက်တွေ ကျနေသလား မှတ်ရအောင် ပုရွက်ဆိတ်များ ဖုံးတင်နေလေ၏။ မီးခြစ်ဖာလောက်ရှိသော ကျွန်မ အိပ်ခန်းကလေးထဲ၌ သိန်း သန်းမကသော ပုရွက်ဆိတ်တို့ကို ဖယ်ရှား လှည်းကျင်းပစ်ရသော အလုပ်မှာ နံနက်တိုင်း နောက်က ကျားလိုက်သကဲ့သို့ အပြေးအလွှား လုပ်ကြရလေ၏။

ကျွန်မသည် အခန်းရှင်းပြီး မျက်နှာသစ်ရန် တစ်ဖက်တိုက်သို့ ကူးသွားသည်။ တနင်္ဂနွေနေ့ဖြစ်၍ ခြံထဲသို့ ကားများ တစ်စီးပြီး တစ်စီး အလျှိုအလျှို ဝင်လာကြသည်။ မြို့ထဲမှ အစ်ကိုကြီး၏ အသိမိတ်ဆွေများနှင့် ဆွေမျိုးကားများ လာကြသဖြင့် တနင်္ဂနွေနေ့တိုင်း လူစည်ကားလေ၏။

ကျွန်မမှာ အလုပ်တိုက်တွင် နေ့စဉ်နေ့တိုင်း လူတွေနှင့် မပြတ်ဆက်ဆံတွေ့ကြုံနေရသဖြင့် နေ့အား ရက်အားရသော တနင်္ဂနွေနေ့၌ လူနှင့် သူနှင့် မတွေ့ချင်ဘဲ အေးအေး တိတ်တိတ်ဆိတ်ဆိတ်၊ လွတ်လွတ်လပ်လပ်နေချင်သည်။ တိုက်ထဲ၌ ဧည့်သည်များ ပြည့်ကြပ်နေ၍ မျက်နှာသစ်ပြီး ပြန်ကူးလာခဲ့သည်။

ကျွန်မ အခန်းထဲဝင်လျှင် ခါလည်းရှင်းပြီး၍မှ မကြာသေးဘဲ စိတ်ပျက်စရာကောင်းအောင် နေရာအနှံ့အပြား ပုရွက်ဆိတ်များ တစ်ခန်းလုံး မင်းမူနေကြပုံကို တွေ့ရတော့သည်။ ကျွန်မသည် ပုရွက်ဆိတ်များကို ငေးငိုင်ကြည့်နေဆဲ၊ ကျွန်မဆီ အလည်ရောက်နေသော မှော်ဘီ ရှမ်းတပ်ရင်း(၁)မှ လက်ဖတ်နှင့် ပိုလ်ကျော်ဇော၏ ဇနီး၊ ကျွန်မ တူမလေး ခင်စောမြင့်သည် ဝရန်တာမှ ကျွန်မ အခန်းဝသို့ ပြေးလာလေ၏။

"ဒေါ်ကြီး...မြွေ...မြွေ"

ခင်စောမြင့်သည် မောကြီး ပန်းကြီး ရှိုက်ပြောလေသည်။

ကျွန်မမှာ ခေါင်းနားပန်းကြီးသွားလေသည်။





'ဟုတ်လား...ဘယ်မှာတုန်း'ဟု ပြောပြောဆိုဆို အခန်းပြင်ဘက် [illegible]က်လိုက်သည်။

"မောင်သိန်းတန် အခန်းထဲမှာ ဒေါ်ကြီးရဲ့၊ မြင့်က ကော်ဖီသောက်[illegible]ည့် ကုလားထိုင် ဆွဲလိုက်တာ ကုလားထိုင်ပေါ်မှာ လား လား၊ မြွေကြီးခွေ[illegible]တယ်။ ကံကောင်းလို့ မြွေပေါ် တက်ထိုင်လိုက်တော့မလို့"

ခင်စောမြင့်မှာ နဂိုစကားပြောပုံပင် မရပ်မနား မြန်မြန်ပြောတတ်သူ[illegible]သည်။ မြွေပေါ်တက်ထိုင်မိတော့မည့် အဖြစ်ကြောင်း အသည်းထိတ်ထိတ်[illegible] အမောဆို့သူကဲ့သို့ ရှိုက်ကာ ရှိုက်ကာ ပြောနေလေသည်။

ကျွန်မသည် မြွေကြီးကို ကြည့်ရအောင် သုံးလေးလှမ်း အမြန်လှမ်းသွား[illegible]မှ တန့်သွားလေ၏။

ကျွန်မသည် ကုလားထိုင်ပေါ် တက်ခွေနေသော မြွေကို မကြည့်လိုတော့[illegible]။ ညက ရွှေဝါ နိပ်စက်ထား၍ ရင်နာသော ဝေဒနာမျိုးစုံဖြင့် မွလုံလောက်[illegible]ပြီ။ ထပ်မံ၍ စိတ်မချမ်းမြေ့စရာ၊ စိတ်နောက်စရာမျိုးကို ကြည့်ရန် မြင်ရန် [illegible]အပ်ပါသေးသလော။

ကျွန်မသည် စိတ်မချမ်းသာဖြစ်ဖြစ်ဖြင့် လှမ်းမည့် ခြေလှမ်းကို ဟန့်[illegible]ားလိုက်၏။

"ကဲပါဟာ မောင်သိန်းတန် ခေါ်ပြီး ညှပ်နဲ့ ဆွဲထုတ်"

ကလေးတစ်အုပ်သည် ထမင်းစားခန်းထဲ၌ ဝုန်းဝုန်း ဝုန်းဝုန်းဖြင့် မြွေ[illegible]နေကြလေ၏။

ကျွန်မမှာ ခေါင်းထဲ၌ နောက်ကျိုလျက် တဲတိုင်ကို ကိုင်ကာ ခြံစည်းရိုး[illegible]ဖက် ဝေးရာသို့ မျှော်ရှုနေလိုက်လေသည်။ အဝေးမှ ကောင်းကင်ပြာကြီး[illegible]တွင် တိမ်တောင် တိမ်လိပ်တို့သည် ပိတ်ရန် စုဖွဲ့လျက် ရှိနေကြသည်။ [illegible]မ်တောင် တိမ်လိပ်တို့သည် ကြည့်လေ...ကြည့်လေ မှိုမှိုင်း ရစ်သိုင်းလျက် [illegible] ဆိုင်းလာတော့လေ၏။

ဤတိမ်တွေ ဖယ်ရှားသွားကာ ကြည်လင်ရွှန်းတောက်လျက် ဝင်းပလာ[illegible]ည့် ကောင်းကင်ကြီး၏ သာယာခြင်းကဲ့သို့ ကျွန်မဘဝ၏ သာယာခြင်းသည် [illegible]လည်း ဘယ်ချိန်ခါ၊ ဘယ်ကာလ၌ ရှိရလိမ့်အံ့နည်းဟု ရည်မျှော်မှန်းဆလျက် [illegible]နေမိသော ကျွန်မသည် မြွေဖမ်းလွှတ်နေကြသော အသံဗလံများကို မကြား[illegible]စ်လှည့်၊ ကြားတစ်လှည့် ဖြစ်နေလေ၏။

"ထိထိုးမယ်ဟေ့၊ အိမ်ပေါ်မြေတက် သိမ်းဆုတွက်ကွ၊ ငါ့အခန်းထဲမှာ [illegible]ရှိတာ ငါ ညက မသိဘူး။ ထိထိုးမယ်၊ ထိပေါက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းတန်သည် မြေလွှတ်ပြီးနောက် သူ့အခန်းထဲ မြွေတက်သည့်အတွက် ရှင်မြှုးလျက် ရှိသည်။ ထိုပေါက်ရင် တဲနဲ့မနေဘူးဟု ကြိမ်းဝါးနေလေသည်။

ကျွန်မသည် ထိုနေရာတွင် ကြာရှည် လေးမြင့်စွာ ရပ်နေရာမှ အခုဘယ်သွားမလဲ'ဟု ကိုယ့်ကိုယ်ကို မေးကြည့်မိသည်။ တစ်ဖက်တိုက်ထဲ၌ ညှော်သည်များ အပြည့်ရှိသလို ဒီဘက်တဲထဲ၌လည်း ပုရွက်ဆိတ်များ အပြည့်ဖြစ်ခြင်းကြောင့် ကိုယ့်ကိုယ်ကို မေးကြည့်ရခြင်း ဖြစ်သည်။

အေးအေးဆေးဆေး ရေထဲ သွားနေတာပဲ ကောင်းပါတယ်ဟု စိတ်ကူးရလေသည်။ တိုက်နှင့် တဲကြားရှိ ရေဘုံဘိုင်အောက်၌ ရေစည်ပိုင်းကြီးထဲတွင် ရေအပြည့်ရှိသည်။ ကျွန်မသည် စည်ပိုင်းထဲ ဆင်းလိုက်ကာ ရေထဲ၌ ထိုင်နေလေ၏။

၁၁ နာရီထိုးမှ ထမင်းစားရန် ရေထဲက တက်လာလေ၏။ နောက်ဖေးလှေကားသုံးထစ်က တက်ခဲ့ကာ ထမင်းစားခန်းထဲသို့ စောင်းငုံကြည့်လိုက်သည်။ ဖြူဖွေးသော စားပွဲခင်းကြီးပေါ်၌ ပန်းကန်ပြားများ မှောက်ချထားသည်။ ယင်ကောင်ကြီးများသည် မန်ကျည်းစေ့များ ပစ်ကြဲထားသကဲ့သို့ စားပွဲခင်းပေါ်၌ မဲသဲနေလေ၏။

ထမင်းစားပြီး တအောင့်လောက် လှဲချင်သည်။ လှဲစရာ နေရာမရှိ။ တစ်ဖက်တိုက်သို့ ကူးသွားကာ လှဲဖို့ရန်လည်း ညှော်သည်အုပ်ကြီး ရှိ၍ မသွားချင်၊ ဘယ့်နှယ်ရှိရှိဟု မလေးမြင့် ခုတင်ပေါ်၌ ခဏသွားလှဲသည်။

၁၅ မိနစ်လောက် ကျောဆန့်ပြီးနောက် ပုရွက်ဆိတ်ကိုက်၍ ထပြေးလာခဲ့ရသည်။

နေ့အား ရက်အားခ၌ အေးအေးဆေးဆေး စာဖတ်ချင်၊ စာရေးချင်စိတ်ရှိသည်။ ဤတဲဆောင်သို့ ပြောင်းရွှေ့ပြီးမှ ရှုမဝ၌ လစဉ်လတိုင်း ဆက်တိုက်ပါလာသော ဆောင်းပါး၊ ဝတ္ထုများမှာ စားပွဲနှင့် ကုလားထိုင်နှင့် ကျကျနနထိုင်ရေးပေးလိုက်သော ဆောင်းပါး၊ ဝတ္ထုများ မဟုတ်ချေ။ ညအခါ အိပ်ရာထဲ၊ ခြင်ထောင်ထဲတွင် ခေါင်းအုံးတွေ ဆင့်ကာ စားပွဲလုပ် ရေးပေးရလေ၏။

ကျွန်မသည် စိတ်ပျက်ပျက်နှင့် မျက်နှာသုတ်ပဝါလေးကို ခေါင်းထုံးအောင် အုပ်ကာ ဝရန်တာ၌ အချိန်ကုန်အောင် ဟိုရွှေ့ သည်ရွှေ့ ထိုင်နေလေ၏။ ထိုအချိန်အတောအတွင်း နာရီကို ခဏခဏကြည့်ရသည်။

စုံထောက်မဂ္ဂဇင်းတိုက်တွင် ညနေ လေးနာရီ၌ ယဉ်ကျေးမှုကော်မရှင်အစည်းအဝေးရှိ၍ မြို့ထဲက ကားဂိုထောင်တစ်ခု၌ထားသော ကျွန်မကား လာ





မည့်အသံကိုသာ နားစွင့်နေမိလေ၏။

ညနေ ၃ နာရီခွဲတွင် စည်းဝေးသို့ ထွက်သွားသည်။ ည ၈ နာရီခွဲမှ အိမ်ပြန်ရောက်၏။

ထမင်းစားခန်းထဲ၌ သားသမီးများနှင့် ဝိုင်းဖွဲ့လျက် ထမင်းစားသောက်ပြီးနောက် မိုးဟိန်းကို ကျွန်မ အခန်းထဲ၌ မီးခြစ်ယူခိုင်းလိုက်သည်။ မိုးဟိန်းသည် ဝရန်တာသို့ ထွက်သွားပြီး သုံးလေးချက် ဆောင့်ခုန်ပါလေ၏။

"မေမေရေ... လာကြည့်ပါဦး၊ လာကြည့်ပါဦး"

ထမင်းစားခန်းထဲမှ ကျွန်မတို့သည် အလုအယက် တိုးဝှေ့လျက် အခန်းထဲမှ ထွက်ကြသည်။

မိုးဟိန်းသည် ခုန်ဆွ ခုန်ဆွ ခုန်နေသည်။ သွေးရူးသွေးတန်းဖြင့် အော်ဟစ်ပြောဆိုနေသူလို သူ့ပါးစပ်မှ ထပ်တလဲလဲ ဆက်အော်နေပြန်သည်။

"ဖဆပလ အစိုးရပေးတဲ့ ကောင်းကျိုးဗျ၊ ဖဆပလ အစိုးရပေးတဲ့ ကောင်းကျိုးဗျ"

အခန်းပြင်သို့ ထွက်မိကြသောအခါ ကျွန်မမှာ ကိုယ့်မျက်လုံးပင် ကိုယ်မယုံသကဲ့သို့ ဖြစ်သွား၏။

တဲကပြင် ဝရန်တာရှိ မီးရောင်ထဲ၌ ထောင်သောင်းမကသော ပလုံကောင်သည် သူတို့အတောင်များ ဖြန့်ဝဲလျက် ဝဲပျံနေကြရာ ခေါင်မိုးကနေ ကြမ်းထိ ဝရန်တာတစ်လျှောက်လုံး အကောင်ပေါင်း မရေမတွက်နိုင်အောင် ပြည့်သည် ဖြစ်နေလေ၏။

မိုးဟိန်း အော်ဟစ်နေသော 'ဖဆပလ အစိုးရပေးတဲ့ ကောင်းကျိုးဗျ' ဟူသည့် အဓိပ္ပာယ်ကို ခြံနားနီးချင်းများ နားလည်ကြမည် မထင်။ သူ ဘာဆိုသည်ကို တစ်အိမ်သားလုံး အဓိပ္ပာယ် သိရှိကြလေသည်။

မိုးဟိန်းသည် အရွယ်ရောက်လာလေမှ ဖဆပလအစိုးရပေါ်တွင် မကြေနိုင် မချမ်းနိုင် နာကျည်းချက်မှ ဖြစ်နေသော သူငယ်ဖြစ်သည်။ သတင်းစာတိုက်ကို ရိုက်ချိုးဖျက်ဆီးပစ်သော အကြောင်းအရာတို့ကို ပြောပြရမည်ဆိုလျှင် အာကာန်း ရာဇဝင် ခုနစ်နှင့်တကွ ပြောတတ်၏။ မိုးဟိန်းသည် စကားကြောရှည်၏။ တိုက်ဖျက်ရာဇဝင်ကို လက်သီးလက်မောင်းတန်း ပြောပြနေသောအခါ၌ လက်တံရှည်ကြီးတစ်ဖက်နှင့် အားမရလျှင် လက်တံရှင်ကြီးကို နှစ်ဖက်ဆန့်တန်း၍ တစ်ဖုံ၊ လက်သီးဆုပ်၍ တစ်မျိုးပြောနေ၏။ စကားပြောနေစဉ် မျက်လုံးလည်း ပါ၏။ မျက်ခုံးလည်း ပါ၏။ မေးလည်းပါ၏။ ထိုအပြင် ပခုံးပါ လှုပ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဖေဖေ မျက်နှာကိုမှ မထောက်ကြဘူးဗျ။ တကတည်း မင်း မရှိသလိုပဲ၊ စိတ်ထင်တိုင်း ရိုက်ချိုး ဖျက်ဆီးပစ်ကြပြီး ရှစ်နှစ်လောက် ကြာမှ ဖဆပလအစိုးရ ဝန်ကြီးချုပ်က သတင်းစာတိုက်တွေ ဖျက်တာ ကျွန်တော်တို့ရဲ့ အမှားလို့ ရေဒီယိုထဲမှာ ဝန်ခံတဲ့ ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းသံ ကျွန်တော် ကြားလိုက်ရဖူးတယ်ဗျ။ ကျွန်တော်တို့မှာ ဖေဖေ မရှိတဲ့နောက် ဘယ်လောက်များ ကိစ္စများပြီး ဒုက္ခ သုက္ခရောက်ရသလဲ။ ကြည့်နေပါ ဖဆပလကြီးတော့ တစ်နေ့ကျရင် ကျွန်တော်တို့လိုပဲ ကိစ္စများပြီး ကိုးရိုးကားရား ဖြစ်ပါလိမ့်ဦးမယ်"

သူ့နှုတ်မှ မကြေနိုင် မချမ်းနိုင် ဤကဲ့သို့ ထပ်တလဲလဲ နာကြည်းချက် မပြောလာခဲ့လေသည်။ သူဆယ်တန်းရောက်သည့်နှစ်၌ ကျွန်မမှာ စာပုံနှိပ်စက် ကြီး ပိုင်ဆိုင်ရအောင် အိမ်နှင့် တဲနှင့် လဲလိုက်ရလေပြန်ရာ ဆယ်တန်းစာမေး ကြီးနီးလေလေ၊ ပုရွက်ဆိတ်ကိုက်၍ စာကောင်းကောင်းမကျက်နိုင်လေလေ ဖဆပလအစိုးရကို မကြေနိုင် မချမ်းနိုင် ဖြစ်လေလေ ဖြစ်နေလေ၏။

တဲမျက်နှာ ကပြင်တစ်ခုလုံး ခေါင်မိုးကနေ ကြမ်းအထိ ပြည့်ကြပ်နေ သော ပလူကောင်တွေကို ကြည့်လျက် သူသည် ယင်းသို့ ထင်ရာမြင်ရာ လျှောက်ပြော အော်ဟစ်နေခြင်း ဖြစ်သည်။

ကျွန်မ အခန်းတံခါးကို ဖွင့်ထားခဲ့မိသည်။ အခန်းထဲ၌ အဝတ်အစား လဲ၊ ခြင်ထောင် ထောင်ပြီး မီးဖွင့်ထားခဲ့မိသည့်အတွက် ကျွန်မမှာ 'ပြီးပါ ရော'ဟု ရင်ထဲ၌ ဟိုက်သွားလေ၏။

'မိုးဟိန်း မေမေ့တစ်ခန်းလုံးတော့ ပလူတွေ ပြည့်နေတော့မှာပဲ။ ပြီး ပြီ။ ဒီညတော့ မအိပ်ရပါဘူး"

မောင်သိန်းတန်သည် ခစ်ခနဲ ရယ်လိုက်သည်။ 'ဘယ်ညတုန်းက မေမေ ကောင်းကောင်း အိပ်ရလို့လဲ'ဟု ဝင်ထောက်ပြောလိုက်သည်။

ကျွန်မမှာ ပိုးကောင်တွေ ဖယ်ရှားရန် စိတ်ကူးထုတ်ရသည်။

"မောင်သိန်းတန် မင်းကိုယ်ပေါ် စောင်အုပ်ပြီး ပိုးကောင်တွေထဲ ဝင်ကွာ၊ မီးသွားပိတ်လိုက်ကွာ၊ မေမေ့အခန်းထဲက မီးလည်း ဝင်ပိတ်။ တစ် လုံး မှောင်ချပြီး မီးဖိုခန်းထဲက မီးဖွင့်ထားလိုက်မယ်"

မောင်သိန်းတန်သည် ပုဆိုးခေါင်းမြီးခြုံကာ ပိုးကောင်တွေထဲ အတ တိုးဝင်လျက် မီးသွားပိတ်လေ၏။ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးလွှားသွားကာ ကျွန် အခန်းမီးပိတ်လိုက်သည်။ ကျွန်မတို့သည် ထမင်းစားခန်းထဲ စုဝင် တံခါးပိတ်၊ မီးမှိတ်နေကြသည်။ နာရီဝက်လောက်ရှိရင် မီးဖိုခန်းထဲ၌ မီး





ရှေ့ဝဲအောင် တစ်ခန်းလုံး ပလူကောင်တွေ ပြည့်ကြပ် ပြွတ်သိပ်ပျံသန်းနေကြ လေ၏။ ကျွန်မတို့သည် အခန်းတံခါးကို ဖွင့်ထွက်ကြသည်။ ကိုယ့်အခန်း ကိုယ်ပြေးလျက် တံခါးတွေ ပိတ်လိုက်ကြကာ အိပ်ရာထဲ ပြေးဝင်ကြသည်။ ခြင်ထောင်ထဲ ဝင်၍ ကျောနှင့် မွေ့ရာနှင့် ထိထိချင်း အိမ်အောက်က ခွေးများ တစ်စခန်းထကြတော့သည်။

"ဟောဒါက တစ်မျိုးဗျ"

မိုးဟိန်းက အော်လိုက်လေ၏။

ခင်စောမြင့်၊ မလေးမြင့်နှင့် မောင်သိန်းတန်တို့သည် အိပ်ရာထဲက ဝါးခနဲ ရယ်လိုက်ကြသည်။

အိမ်အောက်၌ ခွေးလေးငါးကောင် အမြဲရှိသည်။ တစ်ဖက်က ခွေး များကူးလာလျှင်သော် လည်းကောင်း၊ တစ်ကောင်နှင့်တစ်ကောင် နေရာလု၍သော် လည်းကောင်း ညတိုင်း ထကိုက်ကြလေ၏။ ညဦးယံလောက် တစ်ချီကိုက်ကြ ပြီးလျှင် သန်းခေါင်ကျော်၌ ထကိုက်ကြပြန်၏။ မိုးဟိန်းသည် ညတိုင်း အိပ်ရာက ထလျက် တံမြက်စည်းတစ်ချောင်းနှင့် ခွေးမောင်းသောအလုပ်ကို နိုင်ခဲ့လုပ်ရသည်။

ခွေးများမှာ တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီး ခန်လွှားကိုက်နေ ကြလေသည်။ သူတို့ကိုယ်နှင့် ကြမ်းခင်းနှင့် မလွတ်တလွတ် ဖြစ်နေသဖြင့် ကျောအောက်၌ သူတို့ ခန်နေသလို ထင်မှတ်ရသည်။ အချင်းချင်း ပုတ်လိုက်၊ ခုန်အုပ်လိုက်၍ ကြမ်းလာထိလျှင် ကျောကို ပုတ်မိသလို မှတ်နေရသည်။

ခွေးတို့၏ မာန်ဖီသောအသံ၊ အနာတရဖြစ်နေသော အသံတို့ကား နားမခံနိုင်လောက်အောင် ဟောင်ညံနေကြလေ၏။ အိမ်ပေါ်က အသံပြင်းပြင်း ပေးကာမှ အသံစဲသွားတော့သည်။

ခွေးရန်ပွဲကြီး စဲသွားသွားချင်း မိုးဟိန်းသည် အိပ်ရာထဲမှ ဋီကာဖွင့် လိုက်လေ၏။

"ခွေးက တစ်မျိုး၊ ကြောင်က တစ်မျိုး"

ခင်စောမြင့်က တစ်ယောက်တစ်ပေါက် ဝင်ဆက်လိုက်သည်။

"ကြွက်က တစ်မျိုး၊ ပုရွက်ဆိတ်က တစ်မျိုး"

မလေးမြင့်က ရှေ့ဆက်သွားသည်။

"ကင်းက တစ်မျိုး၊ မြွေကတစ်မျိုး"

တစ်ဖက်ခန်းမှ မောင်သိန်းတန်က ဝင်ဆက်ပေးပြန်၏။

သူတို့သည် တခစ်ခစ်ရယ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ သူတို့အသံတွေ နားထောင်နေရင်း ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်းမသိ၊ ရင်ညွန့်၌ ဆို့လျက် ကျပ်လာကာ မသက်သာသောအဖြစ်မျိုး ခံစားကြေကွဲလျက် နေလေ၏။

"နောက်တစ်ရန် ရှိသေးတယ်ဗျို့"

မိုးဟိန်းသည် အားလုံး အရယ်တိတ်သွားမှ အော်ပြန်လေသည်။

(၃)နံပါတ်အခန်းမှ မောင်သိန်းတန်က 'ဘာတုန်းကွ'ဟု မေးလိုက်သည်။

"ဟောဒီ သရက်ပင်ကြီးတွေပေါ်က ပုရွက်ဆိတ်တွေ ကျလာသလို မိုးကုန်ရင် ခူကြီးတွေ ကျလာလိမ့်မယ် ခူတွေ၊ ခူတွေ"

ခူဆိုလျှင် အလွန်ကြောက်အလွန်ရွံသော မောင်သိန်းတန်သည် ဖျစ်ညစ်အော်လေသံည်။

"အမယ်လေးဗျ"

သူတို့သည် မောင်သိန်းတန် အော်သံကို သဘောကျစွာ ရယ်နေကြသည်။

ကျွန်မမှာ ရင်ထဲ၌ ပြင်းပြစွာ နာကျင်လာလေ၏။ ခွေး၊ ကြက်၊ ကြောင်၊ ကင်း၊ မြွေ၊ ပုရွက်ဆိတ်၊ ပလူကောင်၊ ခြင်၊ ယင်တို့သာမက တစ်အိမ်လုံး နေရာအနှံ့ ခကောင်ကြီးတွေ တရွရွ တွားတက်နေကြပုံကို မြင်ယောင်လိုက်မိသည်။ ထိုအခါ အိပ်ရာပေါ်၌ ဆန့်ထားသော ခြေတို့၊ လက်တို့သည် ပုစွန်တုပ်ကဲ့သို့ ကွေးကြုံ့သွားလေတော့ကာ မျက်လုံးစုံမှိတ်မိလျက် ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေတော့လေ၏။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ (၁၂)၊ အမှတ် (၁၃၄)၊ ဇူလိုင်လ၊ ၁၉၅၉]

## ဖျိုလေးတို့ အိမ်ခေါင်မိုး

ာလိုက်သည့်လဟု လူတိုင်း၏ပါးစပ်ဖျား၌ ပြောကြရသောညဖြစ်၏။ ခုတင်ပေါ်၌ လဲလျောင်းနေသော အဝင်း၏ကိုယ်ပေါ်၌ လရောင်သည် ရွှန်းစိုလျက်ရှိနေ၏။ လရောင်ဆမ်းထားသော အဝင်း၏ အသည်းနှလုံးတို့သည် ဆီထဲတွင်နှစ်စိမ်ထားသော ဝွမ်းပုံကဲ့သို့ အတိုင်းမသိ နူးညံ့ပျောင်းအိနေလေသည်။ ငွေလရောင်ထဲ၌ မိန်းမောကြည်နူး၍ နေစဉ်တွင်း အဝေးမှ လွင့်လာသော တယောသံကို သဲ့သဲ့ကြားရစပြုသည်။ အဝင်းသည် ရင်ထဲ၌ သိမ့်ခနဲနေအောင်ဖိုသွားသည်။ ိုက်ဖိုကာ အသက်ရှုမမှန်ခြင်းကို သတိရတစ်ချက် မရတစ်ချက်ဖြင့် တယောသံမှာ နီးကပ်လာလေသည်။

လက်မောင်းပေါ်၌ တယောကိုတင်လျက် ခေါင်းငိုက်ငိုက်ထား၍ ဆွဲငင်ဆိုးနေဟန်ကို ဒက်ခနဲမြင်လိုက်ရသည်။ တယောထိုးသူ၏ ပုံပန်းသဏ္ဌာန်မှာ အဝင်း စိတ်ကြိုက်အတိုင်း ရုပ်ရှင်မင်းသားနှင့် တူလေသည်။ အဝင်း၏ မျက်လုံးထဲတွင် သူ့လောက် ချောသူမရှိဟု ထင်လေသည်။ ဗိုလ်ကေဖြီးပုံမှာ ဘယ်ကာလသားနှင့်မှ ပုံစံမတူအောင် ဖြီးသည်။ ရှေ့က အမောက်ကလေး ထောင်ထားကာနောက်လှန်၍ ဖြီးချထားပုံသည် ချပ်ချပ်ရပ်ရပ်ရှိလွန်းသဖြင့် မျက်လုံးထဲ၌ ဗိုလ်ဆံတောက်ပုံစံကို စွဲနေသည်။

မျက်လုံးမျက်ဖန်ကောင်းသည်မှာ အထူးပြောစရာမရှိ၊ အမှန်မှာ ခပ်ညှုညှုနှင့် ကြားပေး၍ ကြည့်လေ့ရှိသော အကြည့်ကို စွဲမက်နေခြင်းဖြင့် မျက်လုံးမျက်ဖန်ကောင်းလှသည်ဟု ထင်မှတ်နှစ်သက်နေခြင်း ဖြစ်သည်။ ရှေ့တည့်တည့်ကကြည့်ရသည်ထက် ဘေးစောင်းကြည့်ရသော သူ့နှာခေါင်းက ပို၍ပေါ်လွင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိုးကျကျ ချွန်၍နေသော နှာခေါင်းသည် အဝင်းစိတ်ကြိုက်နှင့် အပေ့ဆုံးဖြ
သည်။ ရယ်လိုက်လျှင် သူ့နှုတ်ခမ်းပါးကလေးပင့်သွားကာ ရွှေသွားများ ပေ
သွားတတ်သည်။ အဝင်းမှာ ရွှေသွားကို ကြိုက်လှသည်တော့မဟုတ် ဓာတ်မင်းသာ
ဆန်သလိုလို ထင်မိသည်။ ရွှေသွားတွေမပေါ်အောင် ပြုံးရုံပဲပြုံးခိုင်းမည်ဟ
အလိုမကျသော စိတ်ကို ဖြေဖျောက်ပစ်၏။ အရပ်အမောင်းနှင့် ပတ်သက်၍
သူလိုငါလို မနိမ့်မမြင့်ထဲက ဖြစ်သည့်အတွက် ထူးထူးခြားခြား အမှတ်မထား
ချေ။ ပိုးပုဆိုးတစ်ပတ်ရစ်ကို အမြဲဝတ်တတ်လျက် လက်ကိုင်ပဝါဖြူကို လည်းပင
ချည်တတ်သော အလေ့ရှိသဖြင့် သည်ဟာကိုတော့ ထူးထူးခြားခြား အမှတ်ထား
ခဲ့သည်။

အဝင်းသည် ခုတင်ပေါ်မှ ထ၍ မကြည့်သော်လည်း ပိုးပုဆိုးတစ်ပတ်
ရစ်နှင့် လက်ကိုင်ပဝါလည်ပင်းချည်၍ တယောထိုးလာသည့် ပုံပန်းသဏ္ဌာန်ရ
ကွင်းခနဲ ကွက်ခနဲမြင်နေရသည်။

"ပျိုလေးတို့အိမ်ခေါင်းမိုး ထိုးလာပါတဲ့ ပေဖူးလွှာ ဘာစာတဲ့ လေး"

အိမ်ရှေ့နား ရောက်ခါနီးမှ တယောသံနှင့်အတူ သူ့ အသံထွက်ပေါ်လာ
သည်။ အဝင်းမှာ သူ့အသံကို ကြားလိုက်ရှုနှင့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွား
လေသည်။ လက်ဖျားခြေဖျားတွေ အေးစက်သွားလျှက် ရင်ထဲတွင် တလှပ်လှပ်
ဖြစ်လာသည်။ စောစောက ငွေလရောင် ဖက်ဆမ်းထားသော အသည်းနှလုံးတို့
သည် သီချင်းသံ လွှမ်းဖုံးသွား၍ သိမ်းကြုံးဆွဲငင်ထားသလို ဖိန်းခနဲ ရှိန်းခနဲနှ
မပြောတတ်သော ဝေဒနာတစ်မျိုး ဖြစ်ပေါ်လာသည်။ ဘယ်သူ့အသံနှင့်မှ မတူ
အောင် သူ့အသံထဲတွင် ထူးခြားသော အဆွဲအငင်ဓာတ်တစ်မျိုး ရှိသည်ဟု
ယူဆမိသည်။ အသံကို တွန့်ကာ တွန့်ကာ ဆွဲငင်ဆိုလိုက်သည့်အခါများဆိုလျှင်
အဝင်းမှာ နားဝင်စိမ့်သလောက် အသည်းခိုင်အောင် ဖိန်းခနဲ ရှိန်းခနဲ ဝေဒနာ
ရစမြဲ ဖြစ်သည်။

အဝင်းသည် သီချင်းသံကို နားစိုက်ထားလျက် အကြည်ဆိုက်ကာ ဖိန်း
ခနဲ ရှိန်းခနဲ ဖြစ်နေရင်းမှ ဒီနေ့ည သူ့နောက်သို့ လိုက်ပြေးတော့မည့် အချိန်
အချက်ကိုလည်း သတိရှိနေသည်။

ငွေလရောင်ထဲတွင် တစ်ဦးကိုတစ်ဦး တင်းတင်းဖက်ကာ ပြေးကြမည့်ပုံ
ကို မြင်ယောင်ကြည့်လိုက်သည်။ ခေါင်းလိမ်းဆီနံ့လိုလို၊ ရေမွှေးနံ့လိုလို ပြေး
ရင်းလွှားရင် မွှေးကြိုင်နေမည့် သူကိုယ်နံ့ကို ရှူရှိုက်ကြည့်မိသည်။ အဝင်းမှာ
ရင်ခုန်လာသည်။ တအားဖက်ထားသော သူ့လက်မောင်း၏ အထိအတွေ့ကို
ခံစားကြည့်မိသည်။ ယခုပင် လာ၍ ဖက်ထားသလို အောက်မေ့ရလျက် ပန်း





ကလေးကို ကြုံ့ထားလေသည်။ အဝင်းသည် ရှက်သွေးဝင်ကာ ရှန်းကြည့်လိုက်
သည်။ ရှန်းကာမှ အတင်းလိုက်ဖက်ကာ ပြုံးစိစိနှင့် မျက်နှာချင်းအပ်ကြည့်နေ
တော့သည်။ ပြုံးစိစိအကြည့်တွင် ခံတွင်းထဲမှ ရွှေရောင်လက်နေသဖြင့် အဝင်း
သည် ကြာရှည်စွာ ဆက်မတွေးချင်တော့ဘဲ တယောသံဆီသို့ အာရုံပြောင်းပစ်
လိုက်သည်။

တယောသံမှာ လှမ်းသွားလေသည်။ သီချင်းသံမှာ နားထဲတွင် ကျန်ရစ်
ခဲ့သည်။ အေးမြနေသော ကိုယ်လက်တို့သည် ချက်ချင်းပူတက်လာသည်။
ရင်ထဲ၌လည်း တဒိတ်ဒိတ်ပိုခုန်သည်။ အသက်ရှူရ ကြပ်သလိုလို ပို၍ သက်
ပြင်းချလိုက်လေသည်။ သက်ပြင်းချသည့်အခါ တစ်ဖက်၌အိပ်နေသော အဒေါ်
နိုးသွားမှာ ကြောက်သဖြင့် ရဲရဲပင် မချဝံ့ဘဲ မှုင်မှုင်ကလေးချနေရလေသည်။

တယောသံ ဝေးသွား၍ သီချင်းသံပျောက်သွားသည့်အခါ အဝင်းသည်
ဆော်လီအိတ်ထဲမှ စာခေါက်တွင် ပါသော အချက်အလက်များကို ပြန်စဉ်းစား
လိုက်သည်။ ညဦးယံက အခေါက်ပေါင်းများစွာ ဖတ်ခဲ့သောစာမှာ ဘယ်အခေါက်
မှ အေးအေးဆေးဆေးမဖတ်ရချေ။ လူကြီးတွေအလစ် ခိုးကြောင်ခိုးဝှက် အပြေး
အလွှားသာ ဖတ်ခဲ့ရသဖြင့် တချို့ဟာတွေကို မှတ်မိသလိုလို မမှတ်မိသလိုလို
ဇဝေဇဝါ ဖြစ်လာပြန်သည်။

နံနက် ၄ နာရီတိတိ နောက်ဖေးပေါက်က စောင့်နေမည်။ ဆင်းလာ
ခဲ့ပါ။ မြစ်ဆိပ်မှာ သမ္ဗန်ငှားပြီး စောင့်ခိုင်းထားမယ်။

အဝင်းသည် စာကို ပြန်စဉ်းစား၍ မြစ်ဆိပ်ဆိုတာ ဘယ်မြစ်ဆိပ်ပါလိမ့်။
မြို့စွန်က ဆိပ်လား သင်္ဘောကပ်သည့် ဆိပ်လားဟု မသဲမကွဲ ဇဝေဇဝါ ဖြစ်
နေသည်။ နံဘေးတွင် အဒေါ်အိပ်နေသဖြင့် မီးဖွင့်ကာ စာကိုလည်း ထမဖတ်ရဲ
ချေ။ တောင်တွေး မြောက်တွေးနှင့် မရေမရာသော မြစ်ဆိပ်အကြောင်းကို မေ့
ပျောက်သွားကာ သမ္ဗန်ထဲသို့ နှစ်ယောက်အတူ ရောက်သွားပြန်သည်။

အဝင်း၏ကိုယ်ထဲမှ လိပ်ပြာလွင့်သွားလေသည်။ ပန်းမျိုးစုံဖူးပွင့်နေသော
ပန်းဥယျာဉ်ကြီးထဲဝယ် ကြိုင်လှိုင်ထုံသင်းနေသော ပန်းရနံ့မျိုးစုံတို့ဖြင့် ကြည်
နူး၍ မဆုံးနိုင်သည့် အဝင်းလိပ်ပြာသည် ဟိုမှာ သည်မှာ ကူးလူးပျံသန်း၍
ပျော်မြူးနေလေဘိ၏။

ရုတ်တရက် အဒေါ်က ချောင်းဆိုးလိုက်သည်။ အဝင်းသည် ဖျတ်ခနဲ
လန့်သွားလေသည်။ သမ္ဗန်ထဲ၌ ကြောက်အားပို၍ ဖိုနေသော ရင်ကို ယောင်ယမ်း
၍ ဖိမိလျက် အတန်ကြာ အသက်ရှူမှားနေလေသည်။

အသက်ကို မှန်အောင် ပြန်ရှူရင်း တစ်ချက် စဉ်းစားမိသည်မှာ သမ္ဗန်



www.burmeseclassic.com

www.burmeseclassic.com

နှင့် တစ်ဖက်ကမ်းက ရွာကို ရောက်ကြပြီးနောက် ရှေ့လျှောက် ဘယ်လိုနေကြ ထိုင်ကြပါမည်နည်း။ အဝင်းသည် သည်နေရာတွင် ရပ်တန့်သွားသည်။ ရှေ့ဆက်၍ စဉ်းစားထားခြင်း ဘာမျှမရှိသဖြင့် ရှေ့ဆက်၍ စဉ်စားစရာ ရှာမတွေ့ဘဲ ယောင်လည်လည် ဖြစ်နေလေသည်။

မောင်မောင်လေးဆိုလျှင် တစ်မြို့လုံးက သိကြသည်။ ဦးလေးလုပ်သူက သားအဖြစ် မွေးစားကာ ရန်ကုန်ကျောင်းတွင် သွားထားသည်။ ၁၀တန်း သုံးနှစ်ကျ၍ ပြန်ခေါ်ထားရသည်။ ဦးလေးမှာ စီးပွားပျက်ကာ ဆန်စက်ပိုင်ရှင် ဘဝမှ စပါးပွဲစားလုပ်နေရသည်။ ကျောင်းလည်း မနေ အိမ်လည်း အဖော်မရ တစ်နေ့ တစ်နေ့ ပိုးပုဆိုး တစ်ပတ်ရစ်ဝတ်လျက် လက်ကိုင်ပဝါ လည်ပင်းချည်ကာ လတ်လျား လတ်လျား သွားနေသောသူမှန်း အဝင်းမသိ၍တော့ မဟုတ်။ ဖဲဝိုင်းကောင်းလျှင် ဖဲဝင်ရိုက်သည်။ ကြိုးဝိုင်းတွေ့လျှင် တယောကောက်ထိုးတက်သော မောင်မောင်လေးအကြောင်းကို ကောင်းကောင်းသိသည်။

အဝင်းသည် တစ်ဖက်ကမ်း ရောက်သွားပြီးနောက် ရှေ့ဆက်၍ မစဉ်းစားတတ်ဘဲ ယောင်လည်လည် ဖြစ်နေရင်း ဖြူးခနဲ့ အကြံတစ်ခု ပေါ်လာသည်။ စုံမှိတ်ထားသောမျက်လုံးကို မဖွင့်ဘဲ မျက်ခုံးနှစ်ဖက်ကို အထက်သို့ပင့်၍ တင်ကာ သက်ပြင်းကို မှုဉ်းချလျက် ပြုံးလိုက်လေသည်။ လက်ဝတ်လက်စားတွေ ရှိသားပဲ။

အဝင်းကိုယ်တွင် ဝတ်ဆင်ထားသော လက်ဝတ်လက်စားများသည် ကာလတန်ဖိုး ငါးထောင်လောက်တန်သည်။ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်ကြိုးနှင့် ရွှေလက်ကောက်ခုနှစ်ကွင်းသည် အဝင်းကို စိတ်သက်သာရာရအောင် အားသွင်းပေးနေကြသည်။ စိန်နားကပ်ရောင်းလိုက်မည် စိန်ကြိုးရောင်းလိုက်မည်။ မရောက်ဖူးသော မန္တလေးကို လေယာဉ်ပျံနှင့် သွားတောင်လည်နိုင်သည်။ အဝင်းသည် လေယာဉ်ပျံနှင့် ခရီးသွားအံ့ဆဲဆဲ ဂုတ်ထဲမှသံချောင်းခေါက်သံ ကြားလိုက်ရသည်။ သံချောင်းသံကို နားစိုက်ကာ ရေမှတ်ကြည့်သည်။ ဆယ့်တစ်ချက်ခေါက်သွားပြီး သံချောင်းသံ ပျောက်သွားသည်။ အဝင်းမှာ နောက်ထပ် အသံလာနိုးနိုးနှင့် စောင့်ဆိုင်းနေရင်း သံချောင်းသံထွက်ပေါ်လာသော ဂုတ်ထဲကို မျက်စိထဲ၌ မြင်ယောင်သွားသည်။ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားလေ၏။ လက်ဝတ်လက်စားများ ယူသွား၍ မိဘတွေက ဘယ်နည်းနည်းနှင့်မျှ ကြည့်နေကြမည်မဟုတ်။ အလိုလိုကမှ သူနှင့် လိုက်ပြေး၍ သဘောမရတူသည့်အထဲ လက်ဝတ်လက်စားတွေပါ ယူပြေးလျှင် လူကြီးတွေက ဂုတ်ကို သွားတိုင်ကြမှာ သေချာသည်။ အသက် ၁၇ နှစ်ရှိ၍ ဥပဒေကြောင်းနှင့် လွတ်သော်လည်း လက်ဝတ်





လက်စားတွေက ဒုက္ခပေးနိုင်သည်။ ပိုးပုဆိုးတစ်ပတ်ရစ်နှင့် လက်ကိုင်ပဝါ လည်ပင်းစည်းထားသော မောင်မောင်လေး၏ ရုပ်ပုံမှာ လက်ထိပ်ကားရားနှင့် ဖြစ်သွားလေ၏။ အဝင်းမှာ ခေါင်းနားပန်းကြီးသွားလေသည်။ ဒါတွေထားခဲ့မှ အားခဲ့မှပဲ စိတ်ထဲမှ ရေရွတ်လျက် စိန်ဆွဲကြိုးကို ဆုတ်ကိုင်ရာ ရင်ထဲ တဒိတ်ဒိတ်ခုန်နေခြင်းကို သတိထားလိုက်မိလေသည်။

လရောင်မှာ သာချင်တိုင်း သာနေတော့သည်။ ညဥ့်နက်လေ ပို၍ သာ လာလေသည်။ အိပ်ခန်းတစ်ခန်းလုံး လင်းထိန်လျက်ရှိ၏။ တစ်အိမ်လုံး အပ်ကျ သည်ကိုပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။ အဝင်းသည် အခန်းကို တော်ချာလှည့်၍ ကြည့်ကာ ဤအိမ်ကြီးနှင့် ခွဲခွာ၍ သွားရတော့မည့်အသိကို ခံစားမိသည်။ အထူးသဖြင့် သူ့အိပ်ခန်းမှာ အမှတ်ရစရာဖြစ်နေသည်။ ငယ်စဉ် ကတည်းက သည်အိပ်ခန်းထဲတွင် သည်အဒေါ်နှင့် အတူတူအိပ်ခဲ့သည်။ အဒေါ် ကိုလည်း ချစ်သည်။ မောင်မောင်လေး ပေးသောစာကို အဒေါ်မိသွားစဉ်က 'ရေထမ်းသမားနဲ့ ယူရင် နင့်ကို ရေထမ်းကျွေးလိမ့်ဦးမယ်။ ဒီလို လတ်လျား လက်လျား ပေါ်ကြောလုပ်နေတဲ့ အကောင်က နင့်ကို ထမင်းတစ်လုတ်ကျွေးနိုင် လိမ့်မယ် ထင်လို့ လား" ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောဆိုသည်ကို အမှတ်ရမိသည်။ အဝင်းသည် အဒေါ်ဘက်သို့ အသာလှည့်ကြည့်လိုက်၏။ ယောကျ်ားနှင့် ပတ်သက်လျှင် အရှက်အကြောက်ကြီးသော အဒေါ်အပျိုကြီး၏ ဘဝကို စဉ်းစားကြည့်လေသည်။ တဆိတ်ရှိ 'မိန်းမဆိုတာ အရှက်နဲ့ လူလုပ်တာ အသက်နဲ့လူလုပ်တာ မဟုတ်ဘူး" ဟု ဗျစ်တောက်ဗျစ်တောက် ပြောတတ်သော အဒေါ်ကို ပြုံးကြည့်လိုက်လေသည်။ "နက်ဖြန် ငါမရှိရင် ငါ့အစား သူဘယ် သောက် ရှက်လိုက်မလဲ" ဟု တွေးနေခိုက် အဝေးမှ တယောသံ တစ်ပတ်ကျော့ သာပြန်သည်။

အဝင်းသည် ဆတ်ခနဲ အောက်နှုတ်ခမ်းကို ကိုက်လိုက်လေသည်။ ဒီ တစ်ချီ တယောသံမှာ နားထဲတွင် ခါးသွားလေသည်။

ဘာဖြစ်လို့မျှား တစ်ခေါက်ပြန်လာရပါလိမ့်။ သူလုပ်တာနဲ့ လူကြီးတွေ နိုးမိကုန်တော့မယ်။

အဝင်းသည် မောင်မောင်လေးကို စိတ်ဆိုးသွားသည်။ သူ လုပ်လိုက်မှ ဖြင့် သည်လိုချည်းပဲဟု စိတ်ပေါက်လာသည်။ စိတ်ပေါက်သွား၍ စိတ်နှင့် တွေ့ခဲ့သော အချက်ကလေးတွေမှာ အလျှိုလျှိုပေါ်လာလေသည်။ အငြင်း ကျောင်းတက်လျှင် နောက်က တစ်ကောက်ကောက်လိုက်တတ်သည်။ ဈေးသွား လျှင်လည်း နောက်ကလိုက်လာကာ မြင်နိုင်လောက်သော လက်ဖက်ရည်ဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ယောင်ပြနေတတ်သည်။ အခေါ်ပါလာမှန်းသိလျှက် လူကို အငမ်းမရကြည့်ကာ လစ်လျှင်လစ်သလို ပြုံးစိစိနှင့် လျှာထုတ်၍ပြတတ်သည်။ အဝင်းမှာ ရုပ်ကလေးကိုသာ စွဲ၍ သဘောကျနေကာ သူ့အမူအရာတွေကိုတော့ စိတ်နှင့် မတွေ့ရှိ အမှန်ဖြစ်သည်။

တယောသံမှာ အိမ်နားသို့ နီးကပ်လာသည်။ အိမ်ရှေ့ရောက်ခါမှ သူသီချင်းသံ ထွက်ပေါ်လာသည်။

"ပျိုလေးတို့ အိမ်ခေါင်မိုး၊ ထိုးလာပါတဲ့ ပေဖူးလွှာ ဘာစာတဲ့လေး"

သူ့ သီချင်းသံနှင့်အတူ ခေါင်းရင်းခန်းမှ ဖခင်၏ ချောင်းသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ အစ်ကိုနှစ်ယောက်အိပ်နေသော အလယ်ခန်းမှ လှုပ်လှုပ်ရှားရှား အသံများ ထွက်လာကြသည်။ အပြင်ဘက်မှ တယောသံ စီစီညံညံနှင့် အိမ်ထဲမှ အသံဗလံများ လုံးထွေးသွားကာ သူ့နားထဲသို့ ဝရုန်းသုန်းကား ဝင်ရောက်လာသည်။ အဝင်းမှာ အသက်ရှူမှားသွားလေသည်။

စိတ်မရှည်နိုင်တော့သည့်အလား တယောသံတွေ မြန်မြန်ဝေးသွားစေချင်သည်။ တယောသံဝေးသွားရန် အကြာကြီး စောင့်ရသည်ဟု ထင်မိသည်။ အကြာကြီး စောင့်နေရခိုက် တယောသံကို ကြားနေရသည်မှာ မခံမရပ်နိုင်လောက်အောင်ပင် ဖြစ်လာလေသည်။ နားတစ်ဖက်က အဖေတို့အခန်းနှင့် အစ်ကိုများရှိရာ အခန်းမှ ဘာသံကြားမရလဲဟု စွင့်ထားစဉ် ချွေးပြန်လာသေသည်။ လမ်းပေါ်က အသံနှင့် အိမ်ပေါ်က အသံများ ထွေးလုံးရစ်ပတ်ဖြစ်သွားစဉ်က တစ်ဦးတစ်ယောက် ထလာကာ အခန်းတံခါးကို လာတွန်းသလိုလိုထင် စိတ်ထဲ၌ ထင်ယောင်ထင်မှားဖြစ်မိသေးသည်။

တယောသံလည်းပျောက် အိမ်ထဲကလည်း ဘာသံညာသံမှ မကြားရ အဝင်းသည် အသက်ဖြောင့်ဖြောင့် ရှူနိုင်သွားတော့သည်။ တယောသံပျောက်သွားသော်လည်း နားထဲတွင် ဖခင်၏ ချောင်းဆိုးသံကြီး မပျောက်နိုင်ဘဲ ကျန်ရစ်ပြန်၏။

မျက်ထောင့်နီကြီးနှင့် မျက်မှောက်ကြုတ်၍ထားသော ဖခင်ကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် စိုက်ကြည့်နေသည်။ အဝင်းမှာ နေစရာမရှိအောင် ဖြစ်သွားလေသည်။ အမေဆယ်ခါကြိမ်းသည်ထက် အဖေတစ်ကြိမ်တစ်ခါ မျက်နှာထားတင်းသည်ကို ပိုကြောက်ရသည်။ အဖေသာမဟုတ် အစ်ကိုနှစ်ယောက်ကပါ မတတ် ဝါးမတတ် ဒေါသတကြီး ကြည့်နေကြသည်။ အဝင်းမှာ ဒေါသချောင်းချောင်း ထွက်နေကြသော မျက်လုံးဒဏ်ကို မခံနိုင်ရကာ မျက်စိထဲမှ မြန်မြန်ပျောက်ကုန်အောင် ဖျောက်ဖျက်ပစ်ယူရသည်။





နံနက်မိုးသောက်စ ဤအိမ်တွင် သူမရှိမှန်း သိသိချင်း တစ်အိမ်သားလုံး ယောက်ယက်ခတ်နေကြမည့် ပုံသဏ္ဌာန်သည် ပေါ်လာပြန်လေသည်။ လှုစေ့တက်စေ့ ဒေါသထွက်နေကြသော မျက်နှာအသီးသီးတွင် မျက်ရည်စက်လက်နှင့် အရုဏာဒေါသောဖြစ်နေသော အဒေါ်၏မျက်နှာမှာ စိတ်ထိခိုက်စရာ ကောင်းနေသည်။ အဝင်းခေါင်းထဲတွင် ဖြုန်းခနဲ မဆီမဆိုင် အတွေးတစ်ခုရောက်လာသည်။ အိမ်ရှိလူထဲမှ တစ်ဦးတစ်ယောက် အသက်ပျောက်သွားသဖြင့် အပူမီးကပ်ကြသာ နံနက်စောစော ခေါင်းတောက် ဗျာများနေကြသော မသာအိမ်ကို သွားတွေးနေမိသည်။ ဒီလိုပဲ နေမှာပဲလားဟု ထင်မြင်ကြည့်မိသည်။

အဝင်း လင်နောက်လိုက်သွား၍ အိမ်သားတစ်ယောက် လျော့သွားသော အိမ်ကြီးမှာ ညှိုးမှိုင်ခြောက်ကပ်သွားကာ မသာမယာဖြစ်နေသည်။ စောစောပိုင်းတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသလောက် အသံများ တစ်စတစ်စ ငြိမ်သက်သွားကာ မျက်စိမျက်နှာပျက်လျက် ငိုင်မှိုင်နေကြပုံကို တွေးကြည့်မိသည်။ အဝင်းသည် ချက်ချင်း စိတ်မကောင်းဖြစ်သွားကာ သနားသွားလေသည်။ လမ်းမှမထွက်ခင်အောင် ဖြစ်ကြမည့် အစ်ကိုနှစ်ယောက်၏ မျက်နှာကို မကြည့်ဝံ့သလောက်ပင် မျက်နှာပူလာသည်။ အမေကသာ မိုးမွှန်အောင် ဒေါသကြီးနေလျက် အဖေမှာ ဆောက်တစ်ခေါက်ခေါက်နှင့် မျက်နှာကြီးပုပ်သိုးထားကာ အိမ်ထဲတွင် နေစရာထိုင်စရာ မရှိအောင် ဖြစ်နေရှာမှာကိုတော့ အတတ်သိနေသည်။

အဝင်းသည် မျက်လုံးဖွင့်လိုက်ကာ အိမ်ကြီးကို တွယ်တွယ်တာတာကြည့်လိုက်မိသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်များ လည်နေလျက် လှိုက်ဖိုလာလသည်။ အဝင်းမျက်ရည်လည်နေသလို မျက်ရည်စမ်းစမ်းနှင့် ညှိုးမှိုင်နေသော မောင်မောင်လေး၏ မျက်နှာသည် ပေါ်လာပြန်သည်။ မောင်မောင်လေး၏ စာများထဲတွင် သတ်သေရပါလိမ့်မည်ဟူသော စကားလုံးများမှာ အစောင်းထပ်နေရာ သူ့ဆင်းမလိုက်လျှင် သူ့ကိုယ်သူများ သတ်သေမလားဟု ပန်သောကရောက်သွားရပြန်သည်။

ဂတ်ထဲမှ သံချောင်းနှစ်ချက် ခေါက်လိုက်လေသည်။ အဝင်းမှာ အချိန်ပြီဟု ရင်ထဲတွင် ဒိန်းခနဲ ဆောင့်သွားသည်။ တုန်ရီသောလက်များဖြင့် နားကပ်ကို ချွတ်ယူသည်။ ဆွဲကြိုးကို ဖြုတ်သည်။ လက်စွပ်ကို ချွတ်ယူလိုက်သည်။ ချွတ်ပြီးသော ပစ္စည်းများကို ခေါင်းအုံးအောက်သို့ အသာထိုးသွင်းသည်။ တက်ကောက်ခနစ်ကွင်းကို ချွတ်သည့်အခါတွင် အသံထွက်သွားသဖြင့်အဒေါ်သည် လူးလွန့်ကာ သူ့ဘက်သို့ စောင်းလိုက်သည်။ အဝင်းသည် အသက်ပင် မရှူဘဲ အသာကုတ်နေလေသည်။ လူကြီးတွေအလစ် ခက်ခက်ခဲခဲ ထုပ်ပိုး


www.burmeseclassic.com

www.burmeseclassic.com



ထားရသော အဝတ်ထုပ်ကြီးမှာ ခုတင်အောက်ချောင်ထဲတွင် ရှိသည်။ လေးနာ မထိုးမိ သည်အထုပ်ကြီး ဆွဲထုတ်ကာ အိမ်အောက်မီးဖိုးထဲ၌ ဆင်းစောင့်နေ ဟု တွက်ကိန်းချနေသည်။

အစီအစဉ်များ ပြင်ဆင်တွက်ကိန်းချနေခိုက်မှ အိမ်းကြီးက ချော့မော့ နေသည်။ 'မသွားပါနဲ့ အဝင်းရယ်၊ နင်သွားရင်တော့ ဒီအိမ်ကြီးပေါ် ပြန်တက် ရမှာ မဟုတ်ဘူး' အဝင်းမှာ စိတ်တင်း၍ မရနိုင်အောင် ရင်ထဲ၌ ရှိုက်နေသ သည်။ တအားလျော့သွားသော စိတ်များမှာ ချောက်ချားပူပန်လာသည်။ 'ပြန် မလားရဘူးဆိုတာ သိပါတယ် အိမ်ကြီးရယ်၊ သိပါတယ်' ဟု ဝမ်းပန်းတနည်း ပြန်ပြောမိသည်။ ပြောပြီး မျက်ရည်များ စီးကျလာသည်။

အချိန်နီးကပ်လေလေ လူကြီးတွေ မျက်နှာကို အိုးမည်းသုတ်ကာ ထွက် သွားရမှာ သွေးလန့်လာသည်။ တစ်ဦးတည်းသောသမီးဖြစ်၍ အားလုံးထက် အဖေက သေခန်းဖြတ်မှာကို အသေအချာတွက်မိသည်။ ဖြတ်ပေစေဟု စိတ်ကို တင်းသည်။ စိတ်တင်းသည့်ကြားထဲက တကယ်ဖြတ်မှာကို ကြောက်ဆုတ် ကြောက်ဆုတ် ဖြစ်လာသည်။

အဝင်းသည် စက်သူဌေးသမီး မအေးကြည်ကို သတိရလိုက်သည်။ လင့်နောက်လိုက်သွားပြီး လူကြီးတွေက ပြန်လက်မခံဘဲ ပစ်ထားသည်။ မအေး ကြည် ယောကျ်ား ဂတ်စာရေးကလေးကိုသန်းမောင်သည် ရသည့်လခ အကုန်ဖဲ သောက်ပစ်ကာ မယားကို တဖုန်းဖုန်းရိုက်တတ်သည်။ ဂတ်ထဲဆီက လင်မယား ရန်ဖြစ်ပြီး မအေးကြည် အော်ဟစ်ငိုသောအသံများကို တစ်ခါတစ်ခါ ကြားရသည် ပါသမျှပစ္စည်းများ ဖဲရိုက်ပစ်ကာ ကလေးတစ်ယောက်နှင့် ရုပ်မပေါ်အောင်ဖြစ် နေသော မအေးကြည်ကို မြင်တိုင်း မြင်တိုင်း သူ ကဲ့ရဲ့ခဲ့သည်။ အဝင်းသည် မအေးကြည်အကြောင်းကို ရှေ့ဆက်မတွေးမိရန် ရုပ်ပစ်သည်။

မအေးကြည်အကြောင်း ရုပ်ပစ်ပြီးမှ သူတို့ သူတို့ အလျှို အလျှို ပေါ် လာကြပြန်သည်။

သူနှင့် ရွယ်တူတန်းတူဖြစ်ကြသည့် တစ်တန်းတည်းနေ ကျောင်းသူအပေါင်း တစ်စုထဲတွင် ယစ်မျိုးဝန်ထောက်သမီးနှစ်ယောက် သူ့ကို မဲ့ရွဲ့ကဲ့ရဲ့နေကြ သည်။ သူတို့နှင့် ပွဲလမ်းသဘင်သွားလျှင် ဂုဏ်တုဂုဏ်ပြိုင်ဖြစ်သည်။ သူ့ အကဲ့အရဲ့ကို ခံနေရသည်။ အဝင်းသည် သူတို့နှင့် စေးရာတွက်ပြေးကြည့် သည်။ သူတို့နှင့် လွတ်အောင် ရှောင်ကြည့်သည်။ ဘယ်ပြေးပြေး၊ ဘယ်ရှောင် ရှောင် ညီအစ်မနှစ်ယောက်မှာ မဲ့ကာ ရွဲကာ မေးထိုးကာနှင့် ပြောင်လှောင်ရှုံ့ နေကြသည်။ အဝင်းမှာ ရှက်လွန်း၍ လဲသေလိုက်ချင်သည်။ မင်္ဂလာသ





ဆုံရသော အချစ်ဆုံးသူငယ်ချင်း မချစ်ရီကလည်း အဖက်မလုပ်တော့ဘဲ လူ မြင်လျက်နှင့် ရှက်ကိုးရှက်ကန်းဖြင့် ချခနဲလှည့်သွားသည်။ မချစ်ရီမှာ အမေ ရှိဘဲ အဖေအုပ်ထိန်းကာ ကြီးပြင်းလာခဲ့ရသော ရိုးရိုးသားသား နေထိုင်တတ် သူကလေး ဖြစ်သည်။ အသင့်အတင့်သာ ဝတ်နိုင်စားနိုင်သူဖြစ်သဖြင့် သူငယ်ချင်း အားလုံးထဲတွင် သူ့ကို သနားကာ ပို၍ ခင်မင်မိသည်။ မချစ်ရီလေးက မခေါ် ချင်သလိုလို၊ မပြောချင်သလို၊ ကျောခိုင်းသွားပုံမှာ အသည်းအနာဆုံး ဖြစ်တော့ သည်။

နက်ဖြန်ည ယစ်မျိုးဝန်ထောက်သမီးနှစ်ယောက်က ဘုရားကိုးဆူကပ် ၍ အိမ်သို့ လာရန် ဖိတ်ထားသည်ကို သွားစဉ်းစားမိလေသည်။ အဝင်းသည် ဆန်းပေ့ လှပေ့ ဆိုသော အဝတ်များ ရွေးဝတ်ကာ သွားစရာရှိလျှင် အဒေါ်နှင့် သွားနေကျ ဖြစ်သည်။ နက်ဖြန်ညတော့ ဘယ်နည်းနဲ့မှ သွားနိုင်တော့မည် မဟုတ်။ ဘုရားကိုးဆူအိမ်တွင် သူ့အကြောင်းကို မဲ့ကာရွဲ့ကာ ပြောဆိုကဲ့ရဲ့နေကြ မည့် အသံများသည် သူ့နားဝတွင် ညံစီနေသည်။ သူ့အမေ မိတ်ဆွေများထဲမှ သမီးရှင်တစ်စု နှုတ်ခမ်းတစ်လံပန်း၊တစ်လံနှင့် အဝင်းအကြောင်း အတင်းပြော နေကြသည်။

ခုတင်ပေါ်၌ လဲလျောင်းနေသော အဝင်းသည် လူးလွန့်လူးလှုပ်ရှားနေ သည်။ မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။ လက်ဝါးနှင့် အုပ်ထားရာက ဆတ်ခနဲ လက်ကို ရုပ်လျက် နားနှစ်ဖက်ပေါ်တွင် အုပ်လိုက်ကာ မျက်လုံးကို တင်းတင်းကြီး မှိတ်ထားလေသည်။ ပက်လက်နေရာမှ စောင်းသွားပြန်၏။ တစ်ဖက်စောင်းရာက တစ်ဖက်သို့ ပြန်ပြောင်းစောင်းပြန်၏။ နားပိတ်ထားသော လက်နှစ်ဖက်ကို နားမှ မခွာရဲဘဲ အုပ်မြဲအုပ်ထားလေသည်။ အိပ်ရာပေါ်၌ ငါးဖယ်ပြန်သလို လူးလိမ့်နေရင်း နောက်ဆုံးခေါင်းအုံးပေါ်၌ မျက်နှာမှောက် ကာ အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူရှိုက်နေစဉ် ဂတ်တဲဆီမှ သံချောင်း သုံးချက်ခေါက်လိုက်သည်။

အဝင်းသည် ငြိမ်ကျသွားလျက် နာရီဝက်ခန့် မလှုပ်မယှက် ငြိမ်သက် နေသည်။ အိပ်ရာနံဘေး စားပွဲကလေးပေါ်မှ စားပွဲတင်နာရီ၏ တစ်ချက်ချက် မြည်နေသော အသံမှ တစ်ပါး ဘာသံကိုမျှ မကြားရချေ။ ခေါင်းရင်းခန်းမှ အိမ်မြှောင်စုတ်ထိုးသံ ပေါ်လာ၏။ အဝင်း၏ ရင်ခုန်သံမှာ လျော့သွားလျက် အဝင်း၏ မျက်နှာပေါ်တွင် မျက်ရည်စများ စီးကျနေသည်။

လမ်းထိပ်မှ မြည်လွင့်လာလေသော အသံကလေးကို သဲ့သဲ့ကြားလိုက် ရသည်။ ဤအသံမှာ ကြေးစည်သံကလေး ဖြစ်ပေသည်။ လေးနာရီ အရဏ်တက်



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းထချက်ကြရန် နိဗ္ဗာန်ဆော်တစ်သိုက်၏ ရှေ့ပြေးနှိုးဆော်သံ ဖြစ်သည်။ ကြေးစည်ရိုက်ခတ်သံကလေးသည် လေထဲတွင် တဝေ့ဝေ့ ပျောက်ကွယ်သွားသလို အဝင်း၏ နှလုံးခုန်ခြင်းသည်လည်း တဖြည်းဖြည်း ငြိမ်သက်ကျသွားသည်။

"ဘုရွှေ့ဘ သဗ္ဗညုရှိသအပေါင်း သူတော်ကောင်းတို့ " နိဗ္ဗာန်ဆော်များ၏အသံသည် အိမ်ရှေ့သို့ ရောက်လာသည်။ ဤအသံနှင့် ရောလျက် "ပျိုလေးတို့ အိမ်ခေါင်မိုး၊ ထိုးလာပါတဲ့ ပေဖူးလွှာ ဘာစာတဲ့လေး" ဟူသော တေးသံမှာ အဝင်းနားထဲ၌ သဲ့သဲ့ကလေးမျှ ကြားယောင်မိတော့သည်။ အဝင်းသည် မလှုပ်တော့ချေ။

မည်မျှ အချိန်ကြာသွားသည် မသိ၊ အလင်းရောင် သမ်းကာနေသည်။ အတန်ကြာ တစ်ခဲနက် ငြိမ်သက်လျက် ရှိနေစဉ် ချောက်ခနဲ အသံကိုကြားလိုက်ရ၏။ အဝင်းသည် ငြိမ်သက်နေရာမှ ဒိတ်ခနဲဖြစ်သွားသည်။ အသံမှာ ပိတ်ထားသော အိပ်ခန်းတံခါးဆီက လာသောအသံဖြစ်သည်။

ချောက်ခနဲ မြည်သောအသံနှင့် ဆက်လျက် တချွင်ချွင်ထွက်သွားသော သော့တွဲသံကို ကြားလိုက်ရသည်။

အဝင်းမှာ မျက်လုံးကို စင်းလျက် ပါးစပ်ကလေးဟထားကာ ငေးကြည့်နေသည်။ သန်းခေါင်ကျော်လောက်က "ပျိုလေးတို့ အိမ်ခေါင်မိုး၊ ထိုးလာပါတဲ့ ပေဖူးလွှာ" သီချင်းသံတစ်ပတ်ပြန်ကျော့လာစဉ် သူ့အမေက မသက်သာဘဲ အပြင်ဘက်မှ သော့ခတ်ထားမှန်း အခုမှ ရိပ်မိလေသည်။

ပါးစပ်ကလေး ဟထားကာ တံခါးပေါက်သို့ ငေးစိုက်နေသော အဝင်းသည် အသာတိတ်ကိတ် သော့လာဖွင့်၍ တချွင်ချွင်ထွက်သွားသော သော့တွဲသံလေးကို သူ့အသက်ထက်ဆုံး အမှတ်ရနေလိမ့်မည်သာ ဖြစ်ပေတော့သည်

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၁၃)၊ အမှတ်(၁၄၈)၊ စက်တင်ဘာလ၊ ၁၉၅၉]

# သံသရာဘေး

[၁]

နေဝန်းသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ရွှေရောင်ခြည် ဖျော့ဖျော့တို့သည် လမ်းပေါ်၌ ဖြာကျလျက်ရှိ၏။ မြစ်ပြင်မှ ဖြတ်သန်းလာသော လေမှာ နွေး၍ တသုန်သုန် တညင်းညင်း တိုက်ခတ်လျက် ရှိနေသည်။ အဝတ်အစားအရောင်အမျိုးစုံ ဝတ်ထားသည့် ကလေးများသည် လမ်းမတစ်လျှောက်၌ တသိတတန်းကြီး မြင်တွေ့နေရသော ပစ္စည်းများကို ဝိုင်းအုံလိုက်ကြည့်လျက် ဆူညံပြေးလွှား ဆော့ကစားနေကြလေသည်။

လမ်းထိပ်ကစ၍ လမ်းတစ်လျှောက်လုံး လမ်းဘေးတွင် စားပွဲခုံများခင်းကျင်းထားကြသည်။ စားပွဲပေါ်၌ ဖယောင်းတိုင်၊ ဆပ်ပြာထုပ်၊ ငါးသေတ္တာဘူး၊ ရေခွက်၊ ရေဖလား၊ ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ပုဇွန်ခြောက် စသောပစ္စည်းမျိုးစုံ ပုံခင်းဖြန့်တင်ထားကြသည်။

ဆွမ်းဆန်စိမ်း လောင်းပွဲကြီးကို မော်လမြိုင်ကျွန်းမြို့၌ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲ ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့ကလေးမှာ မြို့ပိုင်ရုံးစိုက်လျက် အေးချမ်းသာယာသော မြို့ကလေးတစ်မြို့ ဖြစ်သည်။ မြစ်တစ်ဖက်ကမ်းရှိ ဆန်စက်များဆီမှ ဖွဲနံ့တို့သည် လေအဝေ့တွင် လွင့်ပါးမျောပါလာကြသည်။ ဆွမ်းဆန်စိမ်းထွက်လောင်းကြမည့် အလှူ့ရှင်များ၏ အော်ကျယ်ဟစ်ကျယ် ပြောဆို ပြင်ဆင်နေကြသော အသံဗလံ၊ လမ်းထိပ်မှ ဗြောတီးသံ၊ ကလေးတွေ အော်ဟစ်နေသော အသံတို့သည် စုပြုံ၍ ကြားနေရလေရာ ဝသုန်မြေကြီးသည် ကောင်းချီးသောမနာပြုကာ ဟီ၍ နေလေသလားဟု ထင်မှတ်ရသည်။

www.burmeseclassic.com

နေမစောင်းမီ လမ်းမကြီးပေါ်၌ သံဃာတော်များ ကြွလာကြသည်။ ဗြောသံမှာ ပို၍ ညံလာသည်။

ဗြောသံကြီးသည် ကိုဘသောင်း၏ နှလုံးသည့်ပွတ်သို့ လာ၍ ထိပွတ်ဆုပ်နယ်နေကြသည်။ အလှူခံတောင်းကြီးကို ရင်၌ပိုက်ပွေ့ကာ ရှေ့မှ ကြွသွားသော ဘုန်းတော်ကြီးနောက်မှ လိုက်ခဲ့ရင်း ခြေလှမ်းများပင် မှားနေလေသည်။ တောင်းထဲသို့ ထည့်ပေးကြသော လှူဖွယ်ဝတ္ထုများကို ရပ်စောင့်ယူနေရခြင်းဖြင့် စိတ်ထဲ၌ နှောင့်နှေးကြန့်ကြာနေသည်ဟု ထင်သည်။ စိတ်ထဲ၌ မကျင်မြတို့အိမ်ရှေ့သို့ ခပ်မြန်မြန် ရောက်ချင်နေသည်။ မကျင်မြ ကိုယ်တိုင် ထွက်လောင်းမည့် လှူဖွယ်ဝတ္ထုကို တောင်းနှင့် ခံယူရင်း မကျင်မြ၏ မျက်နှာလေးကို အားရပါးရ ဝဝကြီး စိုက်ကြည့်လိုက်ချင်သည်။

ကိုဘသောင်းသည် မကျင်မြကို အသေအလဲ စွဲလမ်းခဲ့လေသည်။ မကျင်မြ၏ မေတ္တာပန်းကို ဆွတ်ခူးနိုင်ရန် အမျိုးမျိုး ကြိုးပမ်းခဲ့ကာ အတတ်နိုင်ဆုံး လိုက်လျောခဲ့ရသည်။ မကျင်မက ပေါင်ဒါဘူးလိုချင်သည်ဆိုလျှင် ပေါင်ဒါဘူး၊ လက်ကိုင်ပဝါဆိုလျှင် လက်ကိုင်ပဝါ၊ ပိုးထဘီဆိုလျှင် ပိုးထဘီ မရှေ့ရအောင် လူကြုံနှင့် ရန်ကုန် မှာပေးရသည်။

မကျင်မြမှာ ချောလှသည်ကား မဟုတ်၊ ရွက်ကြမ်းရေကျိုထဲကပင် ဖြစ်သည်။ ကြည့်ပျော် ရှုပျော်တော့ ရှိ၏။ ကိုဘသောင်း၏ မျက်စိထဲတွင် မကျင်မြ၏ အလှသည် ပြိုင်ဘက်ရှားလောက်အောင် စံတန္နန်း ဖြစ်နေပေသည်။ မကျင်မြ၏ ဆင်ယင်ထုံးဖွဲ့မှုသည် အပြစ်အကင်းဆုံး ဖြစ်သည်။ သွားပုံလာပုံ ဟန်ပန် အမူအရာတို့သည် သူတကာ ရှုံးလောက်အောင် အကျော့ရှင်းဆုံးဟု ထင်ရသည်။ ကမ္ဘာပေါ်ရှိ မိန်းမချောတို့တွင် ကောင်းပေ့ဆိုသမျှသော ကောင်းခြင်းငါးဖြာ အရည်အသွေးတို့သည် မကျင်မြတွင်မှ လာ၍ စုပေါင်းနေသကဲ့သို့ မှတ်ထင်ခဲ့၏။

မကျင်မြကို အလိုလိုက်ကာ အကြိုက်ဆောင်ရမည်ဆိုလျှင် မောသည် ပန်းသည် ဟူ၍ မရှိ၊ စိတ်ညစ်ညူးသည် ဟူ၍ မရှိ။ ပျော်၍သာ နေသည်။ နံဘေးမှ သူငယ်ချင်းတွေက မကျင်မြအတွက် ကိုဘသောင်း ဘာမဆို လုပ်ပေးနေသည်ကို အကြည့်ရ ခက်လာကြသည်။ ‘ဟ ဘသောင်းရေ၊ မင်းဟာကကွာ မပိုးရဘူး မဟုတ်ပါဘူး။ အငမ်းမရ ခိုင်းတိုင်း လုပ်ပေးနေရတာမျိုး ကျတော့လည်း တို့က တယ် ကြည့်လို့ မရဘူးဟေ့…’ဟု ကြည့်မရသူများက တိုက်ရိုက် ပြောလာကြသည်။ ကိုဘသောင်းကာ မဖြုံပေ။ ကမ္ဘာပေါ်တွင် မကျင်မြမှ မကျင်မြသာ ဖြစ်၏။





မကျင်မြမှာ စကားအပြောအဆို ချက်ချာသဖြင့် အပေါင်းအသင်းများ သုကလေး ဖြစ်သည်။ ဟန်အမူအရာလုပ်ကာ နေတတ်သဖြင့် ကာလသားများက ပို၍ သဘောကျကြသည်။ တစ်ခါတစ်ရံ မျက်လုံးကလေး ထောင့်ကပ်ကာ စကားပြော၏။ သူ၏ နှုတ်ခမ်းမှာ ငြိမ်သက်နေသည်ဟူ၍ မရှိ။ စကားပြောဆိုင်း ပြောနေသည့် စကားနှင့် လိုက်လျောအောင် စူသွားလိုက်၊ ပြုံးသွားလိုက်၊ ခဲ့သွားလိုက်၊ ရွဲ့သွားလိုက်နှင့် သရုပ်ဖော်ပေးတတ်လေ့ ရှိသည်။

ကိုဘသောင်းသည် မကျင်မြ၏ ဟန်ပန်အမူအရာများကို စွဲလမ်းနေခြင်း ဖြစ်ကြောင်းကို သူကိုယ်တိုင် မသိခဲ့ရှာပေ။ ကိုဘသောင်းမှာ ရိုးသားသူတစ်ယောက် ဖြစ်သည်။ ဟန်ပန်မူရာ ကြွယ်သူ မကျင်မြကို မြင်ရ၊ တွေ့ရ၊ သိရ၊ ဘျမ်းရသောအခါ အခြား ဘယ်မိန်းမကိုမျှ မမြင်နိုင်တော့ဘဲ တန်းတန်းစွဲကြီး ဖြစ်သွားသည်။

မကျင်မြတို့အိမ်မှ ဖယောင်းတိုင်ထုပ်များ လောင်းကြသည်။ မကျင်မြသည် နံ့သာရောင် ပဝါကလေးခြုံကာ ဆင်စွယ်ဘီးကလေး ထိပ်ပေါ်၌ စိုက်လျက် ဖယောင်းတိုင်ထုပ်များကို ပိုက်ပွေ့၍ စောင့်ငံ့နေလေသည်။

ကိုဘသောင်းမှာ မကျင်မြ ရပ်နေသည့် နေရာသို့ ရောက်ခဲ့လာဘိခြင်းဟု ထင်သည်။ မြန်မြန်သွားလိုကာမှ လှူသူ တန်းသူများက ဖြည်းဖြည်းကလေး သပ်နေကြသည်။ လူငယ်လူရွယ် အပျိုမကလေးများမှာ မြန်မြန်လောင်းထည့်ကြ၍ တော်ပေသေးသည်။ အသက်အရွယ်ကြီးသူများသည် ဘာလုပ်လုပ်နှေးကွေးကြသည်။ သူများ အရေးကြီးနေပါလျက် ဖြည်းဖြည်းဆေးဆေး လုပ်နေကြသည်။

မကျင်မြတို့ ရပ်နေသည့် နေရာဆီသို့ လှမ်း၍ လှမ်း၍ ကြည့်ရသည်မှာ အမော ဖြစ်နေသည်။ ရှေ့က ဘုန်းကြီးကလည်း တစ်ခါတစ်ခါ ကြွတော်မူတာ နှေးလွန်းလှသည်။ ကိုဘသောင်းသည် ဘုန်းကြီးရှေ့က လှမ်းကျော်တက်သွားချင်တော့သည်။

မကျင်မြ၏ရှေ့သို့ အတန်ကြာမှရောက်လာ၏။ မကျင်မြက ကိုဘသောင်းကို မျက်ခွံကလေး မ၍ မျက်လုံးကလေး ထောင့်ကပ်ကြည့်လိုက်သည်။ ကိုဘသောင်း၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်သွားလေသည်။ မချိုမချဉ် မျက်နှာလေးဖြင့် မပြုံးတပြုံးလုပ်၍ ဖယောင်းတိုင်ထုပ်ကို တောင်းထဲသို့ ဖြည်းဖြည်းကလေး လှမ်းထည့်နေသည်။ ကိုဘသောင်းသည် ဖယောင်းတိုင်ထုပ်ဆီ မျက်စိမရောက်ဘဲ မကျင်မြ၏ မျက်နှာကလေးကို ပြုံးဖြီးဖြီးနှင့် စိုက်ကြည့်နေသည်။

ရှေ့မှ ဘုန်း တော်ကြီးမှာ အတော်ကလေးပင် ကွာသွားချေပြီ။ မကျင်မြ



www.burmeseclassic.com

www.burmeseclassic.com



၏ ဖယောင်းတိုင်ထုပ်များသည် ကိုဘသောင်း ကိုင်ထားသော တောင်းထဲသို့ တစ်ထုပ်ပြီးမှ တစ်ထုပ် ကျလာလေသည်။

ရှေ့နားတွင် ဘုန်းတော်ကြီးအား 'အရှင်ဘုရား ကျောင်းသားမပါပါလား ဘုရား'ဟု ဒကာတစ်ဦးက လှမ်းချင်ဖော်ဖြင့် မေးလိုက်၍ နောက်သို့ လှည့်အကြည့် လိုက်တွင် ဖယောင်းတိုင် ကမ်းနေသော နေရာမှ ကိုဘသောင်း ထွက်ခွာမလာ သေးသည်ကို တွေ့ရသဖြင့် ဘုန်းတော်ကြီးမှာ ရပ်စောင့်နေရလေသည်။

ကိုဘသောင်းသည် ခရီးလမ်းဆုံးသကဲ့သို့ မကျင်မြနှင့် ရပ်၍ စကားပြော နေလေသည်။ စကားပြောနေရင်း ဘုန်းကြီး ရပ်စောင့်နေသည်ကို မြင်သွားသည်။ 'ဘုန်းကြီးဟာ မြန်ချင်ပြန်လည်း သူ့အပြင် မရှိဘူး'ဟု စိတ်ထဲက ရေရွတ်မိ သည်။ မကျင်မြ ဖယောင်းတိုင် ကမ်းနေသောနေရာမှ ခြေလှမ်း၍သာ ထွက် လာခဲ့ရသည်။ စိတ်ကမူ တယ်မပါလှတော့ချေ။ လက်နှစ်ဖက်ဖြင့် ပွေ့လာရ သော တောင်းကြီးမှာ သိပ်လေးလာသည်။ ဖြည်းဖြည်းပဲ လျှောက်လိုက်လာ၏။ ဘုန်းတော်ကြီးမှာ ရှေ့မှ သုတ်သုတ် သုတ်သုတ်နှင့် သွားနေဆဲပင်။

အလှူခံကိစ္စ ပြီးသွားပြီးသည့်နောက် စာရေးတံမဲဖောက်သည့် နေရာသို့ သွားကြသည်။ ဘုန်းတော်ကြီးသည် ပိုးဇကသီ မဲပေါက်သဖြင့် မိမိနိုက်ပေးသော မဲကြောင့် ကံလိုက်ပြီး ပေါက်သွားသည်ဟု တစ်ထစ်ချ တွက်လိုက်သည်။ ဤ ကောင်းမှုကြောင့် 'မကျင်မြနှင့် မလွဲပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းလိုက် သေးသည်။

စာရေးတံမဲ ဖောက်ပြီးလျှင် မဟာဒုတ်မဲ ဖောက်တော့မည် ဖြစ်၏။ ဆွမ်းဆန်စိမ်းလောင်းလှူပြီးသူများသည် မဟာဒုတ်မဲဖောက်သည့် မဏ္ဍပ်သို့ ဝိုင်းဝန်း စုပြုံလာကြသည်။

မြို့ပေါ်၌ နှစ်စဉ်နှစ်တိုင်း ဆွမ်းဆန်စိမ်းလောင်းပွဲကြီး ကျင်းပလျှင် မဟာဒုတ်မဲပေါက်သူကို ဒုလ္လဘရဟန်း ခံစေသည်။

မဟာဒုတ်မဲ စ၍ နိုက်လေသည်။ ဗလာမဲတွေချည်း ထွက်နေ၏။ ကိုဘသောင်းသည် အများနည်းတူ မဲဖောက်သည့် နေရာနားတွင် ရောက်နေ သည်။ မကျင်မြကို လှမ်း၍ ကြည့်ရင်း၊ ပြုံးရင်း အများနည်းတူ သူထိုထားသည့် မဟာဒုတ်လက်မှတ်ကို သွားပြသည်။

"မဟာဒုတ်မဲ အောင်ပါလေ"

ကျယ်လောင်စွာ အော်ဟစ်ကြေညာလိုက်သည့် အသံကြီးနှင့်အတူ တအားနက်လိုက်သော ကြေးစည်သံကို ကြားလိုက်ရပြီးသည့်နောက် အိုးစည် ဝိုင်းမှ တီးသံ မှုတ်သံများမှာ စီညံသွားလေတော့သည်။





[၂]

ကိုဘသောင်း မဟာဒုတ်မဲပေါက်၍ ဒုလ္လဘရဟန်းခံသည့်ပွဲသို့ လှူဖွယ်တန်းဖွယ် များဖြင့် မကျင်မြ ရောက်ရှိလာလေသည်။ စက္ကူနွေးချက်ကာ နေရသဖြင့် ကြည့် ချင်သည့်စိတ်ကို မျိုသိပ်အောင့်အည်းထားရသည်။ မျက်လွှာကို ပင့်ပြီး မကြည့် လို၍ မျက်လုံးကို ဖွေကြည့်လိုက်သည်။ မကျင်မြက ဦးသုံးကြိမ်ချကာ ကန်တော့ နေပုံကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် လှပ်ခနဲ ဖြစ်သွားကာ လွန်စွာမှာ ကြည်နူး သွားလေသည်။

ရဟန်းဘောင်သို့ ဝင်နေပြီဆိုသော အသိဖြင့် ပီတိသောမနဿစိတ် ကို ကြိုးစား၍ ချိုးနှိမ်ပစ်လိုက်ရသည်။ ကြွရောက်လာသော သံဃာတော်များပါ ဆွမ်းကပ်ကြသဖြင့် ဆွမ်းစားကြသည်။ ဆွမ်းစားရင်းမှ မကျင်မြဆီသို့ ကြည့် မိလျက်သား ဖြစ်နေပြန်သည်။ သတိထားကာ သိက္ခာ ထိန်းသိမ်းနေသည့် ကြားထဲမှ ဘာကြောင့်များ မျက်လုံးက ရောက်သွားရသလဲဟု အပြစ်တင်မိသည်။ ဘယ်သူတွေများ မြင်သွားသေးသလဲဟူသော စိုးရိမ်ချက်ဖြင့် မျက်လွှာကို ချ လိုက်ကာ ငြိမ်သက်စွာ နေလေသည်။

သံဃာတော်များ၏ အလယ်တွင် ပစ္စည်းလေးပါး ဒကာခံမှုဖြင့် ဘင့်တယ် သပ္ပာယ်စွာ ရောက်ရှိလာရသည့် ရဟန်းဘဝကို တွေးတောကြည်နူးလိုက်မိ သည်။ မဟာဒုတ်မဲပေါက်သော ကိုဘသောင်းသည် ရဟန်းမြောက်သည့် ထို နေ့၌ လူအမည် ပျောက်၍ ရှင်ခမ္မပါလဘွဲ့ ခံယူရရှိလေသည်။

ရက်ပေါင်း ၉ ရက် ဝတ်မည်ဟု စိတ်ဝယ် ပိုင်းဖြတ်ကာ ထား၏။ မကျင်မြနှင့် ၉ ရက် မတွေ့ဘဲ အောင့်အည်းကာ နေရတော့မည်။ ၉ ရက် အတွင်း အကျိုးပွားများလေအောင် တရားအားထုတ်အံ့ဟု စိတ်ဆုံးဖြတ်လိုက် သည်။

ရှင်ခမ္မပါလသည် ညအခါ ဘုရားဝတ်တက်ပြီးသည်နှင့် အာနာပါန စီးဖြန်းကာ ကမ္မဋ္ဌာန်းထိုင်သည်။ နေ့ပိုင်းတွင် ၅၅၀ နိပါတ်တော်များကို ဖတ် ကာ တရေးတမော ကျိန်းစက်သည်။ အချိန်ရသရွေ့ အဓိဋ္ဌာန်ဖြင့် စိပ်ပုတီး စိပ်ကာ ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေးလိုက်သော ဒကာ၊ ဒကာမများကို အာရုံပြု၍ မေတ္တာပို့သလေသည်။ ညနေဘက်တွင် ခေတ္တအနားရခိုက် သရက်ပင် ခြေရင်းရှိ ခုံတန်းလျားလေးပေါ်၌ သွားထိုင်ကာ ကျောင်းပရိဝုဏ်ကြီး၏ အေး ချမ်းသာယာလှပုံကို ငေးမောတွေးတော ကြည်နူးနေတတ်သည်။

ကျောင်းပရိဝုဏ်ကြီးမှာ တောရကျောင်းကြီးကဲ့သို့ သစ်ပင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆီး ထူထပ်နေသည်။ အပြင်ဘက်မှ ကျောင်းကို ရုတ်တရက် မမြင်နိုင်အောင် အုပ်ညိုလျက် ရှိနေသည်။ ဘုရားဝတ်တက်သံ၊ ဦးပဥ္စင်း ကိုရင်များ စာဝါတက်သံများသာ အသံဗလံရှိလျက် ပကတိ တိတ်ဆိတ်နေလေ၏။ တိတ်ဆိတ်နေသော ကျောင်းပရိဝုဏ်ထဲ၌ နေရသည်မှာ နှစ်မြို့ဖွယ်ကောင်းလှပေသည်။

သာသနာ၏ အရိပ်အာဝါသအောက်သို့ ရောက်ရှိ၍ သုံးရက်မြောက်သောနေ့တွင် သာသနာ၏ အေးချမ်းသာယာမှုကို တွေ့မြင်လာသည်။ ရဟန်းဝတ်နှင့် သစ်လွင် သန့်ရှင်းနေသော စိတ်သည် ညစ်ညမ်းသော အရာများကို အာရုံမရောက်တော့ဘဲ ဖျောက်ဖျက်၍ ရလွယ်လေသည်။ အနတ္တတရား၏ နယ်နိမိတ်သို့ ချဉ်းကပ်မိလာခဲ့သည်။ မိမိကိုယ်ကို မိမိ မပိုင်။ ကံသာလျှင် အမိ၊ ကံသာလျှင် အဘ။ ကမ္မသတိ၊ ဝိပဿနာတိကံ စိမ်ရာကိုသာ ခံကြရမည်။ သရက်ပင်ခြေရင်း၌ ပုတီးထိုင်စိပ်ရင်း ကံ–ကံ၏ အကြောင်းတရား၊ အကျိုးတရားတို့ကို ဆင်ခြင်သုံးသပ်နေဆဲ၌ ညနေတိုင်း ဘိလပ်ရည်လာကပ်သော ရှင်ဓမ္မပါလ၏ ညီကလေး ရောက်လာလေသည်။ စိပ်နေသော ပုတီးကို ရုတ်ကာ ဘယ်ဘက်လက်ကောက်ဝတ်၌ ခွေပတ်ဝတ်လိုက်သည်။

ဘိလပ်ရည်ကို ဘုဉ်းပေးနေဆဲ လူ့ဘဝနှင့် အဆက်ပြတ်နေပုံကို တွေးကြည့်ပြန်သည်။

"ဒကာမကြီးရော နေကောင်းရဲ့လားကွ"

"နေကောင်းပါတယ်ဘုရား"

ညီဖြစ်သူက ခေါင်းငုံ့၍ ဖြေသည်။

"မင်းကော နေကောင်းရဲ့လား"

"နေကောင်းပါတယ် ဘုရား"

"မင်း ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ။ ဒကာမကြီး နေလို့ထိုင်လို့မှ ကောင်းရဲ့လား"

"ကောင်းပါတယ် ဘုရား"

ညီတော်မောင်သည် ပြန်ပြောပြီး တွေဝေလျက် ငိုင်နေပြန်၏။

"လက္ခဏာရေးသုံးပါးကို ဆင်ခြင်ပြီး စိတ်ရဲ့ချမ်းသာမှုကို ရှာကြဖို့ ဒကာမကြီးကို ပြန်ပြောလိုက် ကြားလား။ မင်းကလည်း ခါတိုင်းလို လည်ပတ်မနေဘဲ ငါမရှိခိုက် အိမ်မှာ နေကွ။ မိဘ ဆုံးမတာကို မြေဝယ်မကျ နားထောင်တဲ့သူဟာ တစ်သက် မဆင်းရဲဘူးတဲ့၊ ဒါ ဘုရားဟော ၅၅၀ နိပါတ်တော်ကမှာ။ ဟေ့ မင်းကြည့်ရတာ ဘာများ စိတ်မချမ်းသာ ဖြစ်နေလို့လဲဟင်"





ရှင်ဓမ္မပါလ၏ ညီတော်မောင်သည် ပြောနေသော စကားများကို ကြားပုံမရ။ တွေဝေ ငေးငိုင်၍သာ နေလေသည်။ ပြောရ ကောင်းနိုးနိုး၊ မပြောရ ကောင်းနိုးနိုး ဟန်အမူအရာတို့ဖြင့် စဉ်းစားနေရာမှ 'အစ်ကိုကြီး အေးလေ ရှင်ဘုရား၊ မေမေကတော့ ဘာမှ မပြောရဘူးလို့ မှာလိုက်တယ်'ဟု စကားဆိုသည်။

"ဩော်...နေမကောင်းရင်လည်း မကောင်းဘူးပေါ့၊ ဒါပြောတာများ ဒါလောက်တောင် စဉ်းစားနေရသလား"

ရှင်ဓမ္မပါလသည် ညီတော်မောင်၏ အခက်ကို ရှင်းလင်းပေးလိုသောအနေဖြင့် ပြောလေ၏။ ရဟန်းဘဝတွင် စိတ်၏ တည်ငြိမ်မှု ရှိပြီးသား ဖြစ်နေဖြင့် ပြောသာပြောဟု အားပေးသကဲ့သို့ ရှိလေသည်။

ညီတော်မောင်သည် တံတွေးကို မျိုချလိုက်ပြီးမှ တုံးတိတိပြောချလိုက်သည်။

"မေမေကတော့ နေကောင်းပါတယ် ဘုရား၊ ဟို ဟို...မကျင်မြ ညကလင်နောက် လိုက်ပြေးလို့ ဘုရာ့"

ရှင်ဓမ္မပါလသည် မျက်လုံးကို ပြူးကြည့်လိုက်ကာ 'ဟေ'ဟု တစ်လုံးတည်းသာ အာမေဋိတ်ကို ပြု၏။ ပုထုဇဉ်ပီပီ ယခုတွင်လေး အောက်မေ့ဆင်ခြင်နေ ရှိသည့် အနတ္တတရားသည် ကိုယ်နှင့် ကွာသွားလေတော့သည်။

မကျင်မြ လင်နောက် လိုက်ပြေးသောသတင်း ကြားရပြီးသည့်နောက် ရှင်ဓမ္မပါလမှာ တရားမှန်မှန် မကျင့်နိုင်ကော့ချေ။ တရားထိုင်လျှင် မကျင်မြ၏ မျက်နှာကိုသာ မြင်မြင်လာသည်။ မကျင်မြ၏ သဏ္ဌာန်သည် ဖျောက်ဖျက်၍ မရနိုင်အောင် ရှိနေသည်။ မကျင်မြ၏ ရုပ်ရုံကို တွေးတော စဉ်းစားရသည်မှာ မှောင်ထုထဲမှ အလင်းရောင်ခြည် ပြူထွက်လာသလိုပင် ဖြစ်တော့သည်။ လင်နောက်လိုက်သွားကြောင်း ပြန်သတိထားမိသည့်အခါ၌ မှောင်အတိ ကျပြန်ကာ 'သစ္စာမရှိတဲ့ မိန်းမ'ဟု စိတ်ထဲက ရေရွတ်၍ ဒေါသဖြစ်သွားသည်။ ပုတီးနှင့် ပြန်ထိန်းကာ ဥပေက္ခာပြုကြည့်သည်။ ဥပေက္ခာပြု၍လည်း မရနိုင်၊ နှလုံးသည် ဟာလာဟင်းလင်းဖြစ်လျက် ရှိကာ လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် ရင်နာမိလေသည်။ ရင်နာ၍ ဆွေးစပျိုးလာပြီဆိုလျှင် ရှင်ဓမ္မပါလသည် စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းကာ မျက်လုံးများ မှိတ်ထားလိုက်သည်။

ရှင်ဓမ္မပါလ၏ မိခင်ကြီးသည် သားငယ်က မကျင်မြ၏ သတင်းပြောပြီဟု သိရလျှင် သိရချင်း စိတ်ဆိုးမာန်ဆိုးနှင့် မြည်တွန်တောက်တီးသည်။ နှစ်အိမ်ကြား၊ ရှစ်အိမ်ကြား ဖြစ်တော့သည်။ သားဦးပဥ္စင်းအတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်မိ၏။ သားရှိရာ ကျောင်းသို့ မသွားတော့ဘဲ လူဝတ်လဲမည့် နေ့မှသာ သွားတော့မည်ဟု တွက်ထားလိုက်သည်။

၉ ရက် ပြည့်မြောက်သွားလေ၏။

ရှင်ဓမ္မပါလသည် သင်္ကန်းချွတ်ရန်အခက်၊ ဝတ်ရန်အခက် ပြဿနာ ပေါ်နေလေသည်။ စိတ်မကောင်းသည်ကတစ်ဖက်၊ သူငယ်ချင်းများက လှောင်ကြမည်က တစ်မှောင့်နှင့် ဖြစ်သည်။ လမ်းသွားလမ်းလာ မကျင်မြ နေ့တိုင်း တွေ့ဆုံနေရလျှင် စိတ်မချမ်းမသာ ဖြစ်နေဦးမည်။ ဒီကနေ့ ဘယ်နည်းနှင့်မှ လူဝတ်မလဲ၊ သိက္ခာမချ၊ အဖြစ်အပျက်တွေ ပြန်လည်အေး သွားမှ လူဝတ်လဲတော့မည်ဟု စိတ်ကို တုံးတုံးချ ပိုင်းဖြတ်လိုက်သည်။

ထိုနေ့ တစ်နေ့လုံး စိတ်ကို တည်ငြိမ်အောင် ထိန်းထားရသည်။ မကျင် မြဆီသို့ စိတ်ရောက်သွားတိုင်း နာကျင်ခံခက်အောင် နှိပ်စက်သောကြောင့် 'ဆင် သော ဒုက္ခပါတကား'ဟု ဆင်ခြင်အောက်မေ့လိုက်လျက် စွဲလမ်းခြင်း အောင် တပ်မက်ခြင်းကင်းအောင်၊ အနိစ္စ၊ ဒုက္ခ အနတ္တ တရားတို့ဖြင့် သမုဒ ကို ကြိုးစား၍ ဖယ်ရှားရလေသည်။

ရှင်ဓမ္မပါလသည် တရားဆင်ခြင် သက်ဝင်ခိုက် တဒင်္ဂသာလျှင် စိတ် ကို သိမ်းဆည်းခြင်းငှာ စွမ်းနိုင်သည်။ တရားနှင့် ကင်းကွာသွားလျှင် စိတ် မသိမ်းဆည်းနိုင်အောင် ဖြစ်နေသည်။ စမ်းပွက်မှ ရေတဖွားဖွားထွက်သကဲ့ မကျင်မြ စိတ်တစ်ခုသာ တဖွားဖွား ထွက်ပေါ်နေ၏။ မောပန်းသွားလျှင် အ ပြောင်းလဲသွားမည်လားဟု ထင်ကာ သံဃာတော်များအတွက် မောဟိုက် အောင် ရေတွင်းမှ ရေငင်ပေးနေသည်။ ရေငင်နေခိုက် ရေတွင်းဆီသို့ ရှင် ဓမ္မပါလ၏မိခင် ရောက်လာလေသည်။

"ဘယ်အချိန် လူဝတ်လဲမလဲ ဘုရား"

"ကနေ့ လူဝတ်မလဲသေးပါဘူး ဒကာမကြီး။ ပျော်သလောက် ရဟန်း ဝတ်နဲ့ပဲ ဆက်ပြီး နေဦးမယ်လေ"

ဒကာမကြီးသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်တွေ လည်လာ သည်။ မိမိသားအား ရဟန်းဘဝနှင့် ဆက်လက်မြင်တွေ့ရမည် ဖြစ်သ ဝမ်းသာခြင်းလည်း ဖြစ်သည်။ မကျင်မြကြောင့်လောဟူသော သံသယကြော ဝမ်းနည်းခြင်းလည်း ဖြစ်ရသည်။

ရှင်ဓမ္မပါလသည် ဒကာမကြီး မျက်နှာကို မကြည့်မမြင်မိအောင် ကိုသာ အားတိုက်ခွန်တိုက် ဆွဲငင်နေတော့လေ၏။



[၃]

သို့ဖြင့် ဟိုတစ်ပတ် လူထွက်မည်၊ ဒီတစ်ပတ် လူထွက်မည်ဖြင့်ပင် ရှင် ဓမ္မပါလ ရဟန်းဝတ်နှင့် နေလာခဲ့သည်မှာ ၃ လခန့် ရှိလာသည်။ မကျင်မြ တို့ မင်္ဂလာဆောင် ပြီးသွားသည်မှာလည်း ၂ လခန့် ရှိပေပြီ။ လူထွက်ရန် နေ့ရက် ရွေးရင်းပင် ရုတ်တရက် ရဟန်းဘဝကို စွန့်လွှတ်ရန် ဝန်လေးသလို ဖြစ်လာသည်။ ညစဉ် စီးဖြန်းနေသော ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့် စိတ်၏ တည် ငြိမ်မှုကို ရရှိစေလေသည်။

ဝါဝင်ရန် နီးကပ်၍ပင် လာချေပြီ။ ရှင်ဓမ္မပါလသည် ဝါဆိုဖြစ်အောင် ဆိုမည်ဟု သန္နိဋ္ဌာန်ပြုသည်။ လောကုတ္တရာအကျိုး တစ်စုံတစ်ရာ ရှိပြီးမှပင် ဝါကျွတ်ချိန်၌ လူဝတ်လဲတော့အံ့ဟု တွက်ဆကာ ဝါဆိုဖြစ်သွားလေသည်။

ဝါဆိုပွဲ ဥပုသ်လပြည့်နေ့တွင် ဆွေမျိုးမိတ်သင်္ဂဟများ စုံစုံညီညီ ကျောင်း သို့ ရောက်လာကြသည်။ ကျောင်းဒါယကာကြီး ဆန်စက်သူဌေး ဦးသာဝဆို လျှင် ရှင်ဓမ္မပါလ ရဟန်းဝတ်နှင့် ပျော်မွေ့သလောက် ပစ္စည်းလေးပါး ဒကာ ခံထားသည်။ ယခုနှစ် ဝါဆိုပွဲကြီးတွင် ရှင်ဓမ္မပါလ ဝါဆိုသည့်အတွက် ကျောင်း ဒကာကြီး ဦးသာဝမှာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူ၍ နေပေသည်။ မဟာဒုတ်မဲ ပေါက်ပြီး ဝါဆိုတော့မည့် ရဟန်းဒကာအဖြစ် ဝင့်ကြွားနေသည်။ ရှင်ဓမ္မပါလ ၏ သိက္ခာ သမာဓိ ကျင့်စဉ်တို့ကို ကြည်ညိုသည်။ ကမ္မဋ္ဌာန်းထိုင်ခြင်းကို အထူး နှစ်ခြိုက်လေသည်။

ရှင်ဓမ္မပါလက အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းရန် ဟောပြောလမ်းပြ နေသည့်အခါ၌ ပုဆစ်ဒူးတုပ်လျက် တရိုတသေ နာယူမှတ်သား၍ နေတတ် လေ၏။

"အလုံးစုံသော ဝင်လေ ထွက်လေတို့ရဲ့အစ၊ အလယ်၊ အဆုံး သုံးပါး စလုံးကို ရှေးဦးစွာ ဉာဏ်နဲ့သိအောင် ထင်ရှားအောင် ပြုပြီးမှ ဝင်လေ ထွက် လေတို့ကို ရှိုက်ရှူရမယ် ဒကာကြီး။ ဝင်လေရဲ့ အစကတော့ နှာသီးဖျား အလယ်လောက်မှာ ရင်ချိုင့်ရောက်တယ်။ အဆုံးကတော့ ချက်မှာ ဆုံးတယ်။ ထွက်လေရဲ့ အစက ချက်၊ အလယ်က ရင်ချိုင့်၊ အဆုံးဟာ နှာသီးဖျားဆိုတာ သိရမယ်။ အားထုတ်တဲ့အခါမှာ စ–လယ်–ဆုံး သိနေအောင် သတိရော၊ ဉာဏ်ရောရှိမှ ဖြစ်တယ် ဒကာကြီး"

'အင်မတန် တရားအားထုတ်တဲ့ ဦးပဥ္ဇင်း'ဟု ဥပုသ်စရပ်သို့ လာသမျှ သူတိုင်းကို မြိန်ရေယှက်ရေ ပြောပြတတ်သည်။ လူကြီးပိုင်းက ရှင်ဓမ္မပါလ ၏ ပါရမီကို အနုမောဒနာ ပြုကြကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ပိုင်း၌မူ 'ကိုဘသောင်းတော့ ပြန်ကို လူမထွက်တော့ဘူးရှ ကျုပ်တို့ ဝိုင်းနောက်မှာ လန့်နေလို့လား မသိဘူး'ဟု ပြောသူက ပြောကြသည်။

'ဟာ သူ့စိတ်မှာ တကယ်ထိခိုက်ပြီး သံဝေဂ ရသွားသလားမှ မသိဘဲဗျ၊ ကျုပ်နဲ့ဆိုရင် သက်တူရွယ်တူပဲ။ အသက် ၃၀ လောက်တော့ ရှိပြီ ဒါမျိုးဟာ ရဟန်းဝတ်နဲ့ အသက်ထက်ဆုံး မြဲချင်လည်း မြဲတတ်တာမျိုးဗျ'ဟု မှတ်ချက်ချသူက ချကြသည်။

ရှင်ဓမ္မပါလသည် မဟာဒုတ်မဲ ပေါက်တုန်းကလို မဟုတ်တော့ဘဲ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားကာ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် အတူ စုဝေးလျက် ပါဝင်လေသည်။ ဣန္ဒြေမဆောင်နိုင်ဘဲ ဟိုကြည့် သည်ကြည့် လုပ်ဖူးခဲ့သည့် အခြေအနေမှ တည်ငြိမ်လှစွာသော ထေရ်ကြီးဝါကြီးများကဲ့သို့ ကျင့်ကြံကာ ဝိနည်း သိက္ခာပုဒ်တို့ကို စောင့်စည်းလေသည်။

တစ်ဝါတွင်းလုံး စာဝါတက်ကာ လောကုတ္တရာစာပေကို သင်အံ့ကျက်မှတ်နေသည်။ အလွန်ဉာဏ်ကောင်းလှသဖြင့် ဉာဏ်ထူးချွန်ကြောင်းကို ကျောင်းထိုင်ဆရာတော်ကြီးကပင် အများရှေ့တွင် ချီးမွမ်းရလေသည်။

တဖြည်းဖြည်း ဝါကျွတ်ချိန် နီးလာသော်လည်း လူဝတ်လဲရန် စိတ်တွင် မပေါ်ပေါက်တော့ဘဲ ဆက်၍ ရဟန်းဝတ်နေလေသည်။ ထိုနှစ်၌ပင် နှစ်ချင်းပေါက် ပထမငယ်တန်းကို ဖြေဆိုအောင်မြင်တော်မူသည်။

ရှင်ဓမ္မပါလ၏ စိတ်၌ လောကီစိတ်သည် ခန်းခြောက်သည်ထက် ခန်းခြောက်လာသည်။ ဆိတ်ငြိမ်သော ကျောင်းပရိဝုဏ်ကြီးကား အထူးသဖြင့် စိတ်ကို တည်ငြိမ်စေသည်။ ချမ်းမြေ့ကြည်နူးစေသည်။ နာကြည်းဆွေးမြေ့ဖွယ် ဘဝ၊ အနိဋ္ဌာရုံဖြင့် ပြီးသော အတိတ်တို့ကို မေ့ပျောက်လာစေပေသည်။ ကမ္မဋ္ဌာန်းတရား အားထုတ်ဖန်များသဖြင့်လည်း အဆင်ခြင်ဉာဏ်သည် ရင့်ကျက်လာသည်ဟု ထင်ရသည်။ မှတ်ဉာဏ်သည်လည်း ထက်သန်လာသည်။ ထွက်သက်ဝင်သက်ကို သကီထားသည်မှတစ်ပါး အခြား အခြားသော အဆင်း၊ ရူပါရုံ၊ အသံ သဒ္ဒါရုံ စသည်တို့ကို စိတ်မရောက်၊ စိတ်မပြန့်လွင့်စေသော သမာဓိသည် ထုထည်ကြီးလျက် ခိုင်မာလာပြီဟုပင် မှတ်ထင်တော်မူမိလေသည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် ပညာဉာဏ် ပဋိဘာဏ် ထက်သန်လှသော ရှင်ဓမ္မပါလကို အထူးတလည် စာပေပို့ချ သင်ကြားရင်းဖြင့်သာ အချိန်ကုန်လွန်လေသည်။ တစ်နှစ်ထက်တစ်နှစ် ပညာတိုးပွား စည်ပင်လာသောကြောင့် တစ်နှစ်ပြီးတစ်နှစ် ပထမလတ်၊ ပထမကြီးတန်းတို့ကို ဆက်လက်အောင်မြင်သွားကာ ကျောင်းရှိ သံဃာများကို စာပေပြန်လည် ပို့ချရသည့်





အဆင့်သို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့၏။ ရှင်ဓမ္မပါလ၏ ပညာထူးချွန်မှု၊ သီလသမာဓိ ပြည့်စုံမှုတို့ကြောင့် ဥပဇ္ဈာယ်ဆရာတော်ကြီးသည် အနွေ့ဝါသိက တပည့်ရင်းခြာ အမှတ်ထားလေသည်။ နောင်တစ်နေ့ မိမိ၏ အရိုက်အရာကို ဆက်ခံမည့်သူအဖြစ် သတ်မှတ်ထားသော အဆင့်သို့ တစ်စတစ်စ ရောက်ရှိခဲ့ပေသည်။

ကျောင်းဒကာကြီး ဦးသာဝသည် ယင်းသို့သော ရဟန်းမျိုး၏ ပစ္စည်းလေးပါးဒကာ ဖြစ်ရသဖြင့် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ရှင်ဓမ္မပါလက ပိဋကတ်သုံးပုံ လိုချင်သည်ဆိုလျှင် ဦးသာဝသည် ဘယ်လောက်အဖိုးကျကျ ကျမ်းအစောင်စောင် ဝယ်၍ လှူသည်။ အခြား ဘာမျှ လိုလေသေး မရှိအောင် အလိုက်သိသည်။ သင်္ကန်းညှိုးသည်ကို မြင်လျှင်ပင် ပြော၍ မနေမ စိတ်၌ ဖြစ်ပေါ်သော စေတနာဖြင့် ချက်ချင်း ဝယ်၍ လှူဒါန်းပေသည်။

"အရှင်ဘုရား၊ ကျောင်းထိုင်ဆရာတော်ဘုရားကြီးက အမိန့်ရှိတော်မူပါတယ်။ သူ မျက်နှာလွှဲသွားနိုင်မယ့် တပည့်ဟာ ဦးပဥ္စင်းပါပဲတဲ့ ဘုရား။ ဆရာတော်ကြီး မျက်နှာလွှဲသွားတဲ့ နေ့ကျရင် ဒီကျောင်းမှာပဲ ဆက်လက်ကျောင်းထိုင် သီတင်းသုံးပြီးတော့ ဒကာ ဒကာမများရဲ့ အကျိုးကို ဆောင်ရမှာပါပဲ"

သူဌေးဦးသာဝသည် ပြောပြီး ရှင်ဓမ္မပါလကို အကဲခတ်သည့် မျက်လုံးဖြင့် ကြည့်နေလေသည်။ ရှင်ဓမ္မပါလသည် နှုတ်ပိတ်ရေငုံ ဆိတ်ဆိတ်နေလိုက်လေသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က အဖြစ်အပျက်များကို မျက်စိထဲ ပြန်မြင်ယောင်မိသည်။

"ငါ့အထုံပါရမီဟာ အိမ်ထောင်ကျဖို့ မဟုတ်ဘူး၊ သာသနာ့တာဝန်ကို ထမ်းရွက်ဖို့ပဲ။ သာသနာရေးဘက်မှာ ထွန်းပေါက်မယ့် ပညာရှင်တစ်ယောက် ဖြစ်ဖို့ရှိလို့ နတ်သိကြားတွေက ငါ့ကို မကျင်မြနဲ့ လမ်းလွဲအောင် ဟိုတုန်းက ဖန်တီးပေးလိုက်တာ ဖြစ်မှာပဲ"

ရှင်ဓမ္မပါလသည် ဆိတ်ဆိတ်နေရင်းမှ ဘဝကို ဆင်ခြင်တုံ့သုံးသပ်လျက် ရှိနေလေသည်။ မယ်တော်ကြီးပင် ရုပ်ရည်ပြောင်းသွားချေပြီ။ မကျင်မြပင် ကလေးသုံးယောက် ရနေလေပြီ။ ညီတော်မောင်မှာ မိန်းမရကာ မြို့ပိုင်ရုံးတွင် စာရေးကလေး ဝင်လုပ်နေသည်။ မိမိလည်း ဝါတော် ငါးဝါရကာ ပထမကျော်ကြီးပင် ဖြစ်နေချေပြီတကား။

ဘဝကို ပြန်လည်၍ သုံးသပ်ဆင်ခြင်နေရင်းမှ တစ်နေ့တွင် ကျောင်းထိုင်ရမည်ဆိုသော အသိသည် ဖျတ်ခနဲ ဝင်လာကာ စိတ်ထဲ၌ ကြည်းကျပ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ တစ်သက်လုံး ဘုန်းကြီးလုပ်မည်ဟု ဘဝင်မကျခဲ့သေးသည့်အတွက် စိတ်ထဲ၌ အထူးတလည် လှုပ်ရှားချောက်ချားသွားလေသည်။

[၄]

သီတင်းကျွတ်လပြည့်နေ့ဖြစ်လေ၏။

ရှင်ဓမ္မပါလသည် ကတ်ကြေးတစ်လက်ဖြင့် ရောင်စုံစက္ကူတို့ကို ယူကာ လူသူရှင်းသော ကျောင်းခန်းထဲတွင် မီးပုံးလုပ်ရန် ရောင်စုံစက္ကူများကို ထိုင်ညှပ်နေလေသည်။

သီတင်းကျွတ်တော့မည် ဖြစ်၏။ တစ်နေ့သည် တစ်နေ့ပြီးတစ်နေ့ ကောင်းကင်ကာ သာယာကြည်လင်လာလေသည်။ သီတင်းကျွတ်လ နေဝန်းသည် လင်းကျင်းနေရာတွင် တိမ်တိုက်များက ပုံးသွားတတ်သည်။ တိမ်တိုက်တို့ အဝေးသို့ ရောက်သွားသောအခါတွင် နေသည် ပြန်၍ လင်းလာပြန်ကာ ကမ္ဘာ ငွေချည်ကို ဖြန့်ခင်းလိုက်လေ၏။ ကျောင်းပတ်ဝန်းကျင်ရှိ သစ်ပင်အပေါင်းမှ သစ်ရွက်များသည် စိမ်းစိမ်းဝါဝါ နီနီမောင်းမောင်း အဆင်းကို ဆောင်လျက် လေပြေလွင့်မှုတ်၍ အညာမှ ပြုတ်လွင့်လာသော ဝါးရွက်တို့သည် ကျောင်းခန်းထဲသို့ လွင့်ဝင်လာကြသည်။

ရှင်ဓမ္မပါလသည် နံနက်ခင်းက မြင်ကွင်းကို မျက်စိထဲမှ မထွက်ချေ။ တစ်ကျောင်းလုံး ပြည့်လျှံသွားအောင် လူစည်ကားလှသည်။ သူဌေး ဦးသာဝ၏ အလှူဖြစ်သဖြင့် မြို့ပေါ်က လူကုံထံတွေ အလာများကြသည်။ ပိုးပဲရောင်စုံ လှမ်းလျက် တောက်ပသော အဆင်းအရောင် မျိုးစုံတို့ဖြင့် ဘယ်သူ့ကိုယ် ဘယ်သူ့ခါး ကြည့်ကြည့် ကိုယ်ရောင်ကိုယ်ဝါ ထွက်နေကာ စိုပြည်သစ်လွင်လျက် နေပေသည်။ မရှုဘူး မရှိက်ဘူးသော အနံ့များသည်လည်း တကြိုင်ကြိုင် တသင်းသင်း မွှေးထုံသွားခဲ့သည်။

လူရွယ်လူလတ်ပိုင်းထဲတွင် အပွင့်အခက်ရိုက်လျက် ဝတ်ဆင်ထားသော ရှပ်အင်္ကျီ ပုံစံတစ်မျိုးကိုလည်း အထူးအဆန်း မြင်လိုက်မိလေသည်။

စီးကရက်နံ့၊ ခေါင်းလိမ်းဆီနံ့၊ ရေမွှေးနံ့၊ ပန်းနံ့၊ ပိုးဖဲနံ့တို့ တကြိုင်ကြိုင် ထုံနေရာဝယ် အသစ်ကျပ်ချွတ် ဝတ်ဆင်လာသော ဘန်ကောက်ပုဆိုးတို့မှ ထွက်ပေါ်လာသော ရွှရွှရှိရှိ အသံတို့သည် အပါးမှ ဖြတ်သွားတိုင်း လွင့်မြူးလာရာတွင် နားထောင်၍ ကောင်းသလိုလို ရှိမိသည်။ စိတ်ထဲ၌ ဖြူရွလာသည့်ပင် နားစွင့်၍များ ထောင်ကြည့်မိသည်။

ရှင်ဓမ္မပါလမှာ သူဌေးဦးသာဝက ဆရာတော်ဘုရားကြီး မျက်နှာမှ





လျှင် ကျောင်းဆက်ထိုင်ရန် လျှောက်ထားခဲ့သည့် နေ့မှစ၍ ရင်ထဲ၌ မရှင်းမလင်းနှင့် ကျဉ်းကျပ်လေးလံ၍ နေခဲ့လေသည်။ အသက်ထက်ဆုံး ရဟန်းဝတ်သွားရန်မှာ တွေးလိုက်တိုင်း ဘဝင်မကျလှသဖြင့် စိတ်ထဲ၌ မသက်မသာ ရှိလှသည်။

ဆရာတော်ကြီးမှာ ကြွေမှည့် ကျသွားတော့မည့်ဆဲဆဲရှိသော အမှည့်အပျော်လွန်နေသည့် သစ်သီးကဲ့သို့ အိုမင်းရင့်ရော်နေလေသည်။ သင်္ခါရ သဘောတရားအတိုင်း ကနေ့ နံနက်ပင် ပျံလွန်တော်မူချိန် တန်နေသည်။ သက်တော် ၈၀ ထဲ ရောက်ခါမှ ကောင်းကောင်း ကျန်းမာလှသည် မရှိ။ တစ်နေ့ရွှေ၊ တစ်နေ့ငွေနှင့် တစ်နေ့တစ်မျိုး ဝေဒနာထူကာ ဆေးမပြတ်၊ ဆရာမပြတ် ဖြစ်နေရသည်။ အကယ်၍များ ဖြုန်းခနဲ ပျံလွန်တော်မူသွားပါက–

ရှင်ဓမ္မပါလသည် ဖြတ်ညှပ်ထား၍ ရှုပ်ပွနေသော မွေမွေလီလီ စက္ကူရောင်စုံများကို စိုက်ကြည့်လျက် နေသည်။ ရင်ထဲတွင် လှိုင်းခုန်သလိုပင် မြင့်ချီ၊ နိမ့်ချီ၊ နိမ့်ချီ မြင့်ချီ ခုန်လျက် နေလေသည်။

ဝင်လုဆဲ နေရောင်သည် တဖြည်းဖြည်း ကွယ်ပျောက်သွားကာ အလင်းရောင်များ ပြာမှိုင်းလာကြသည်။

ကျောင်းဝင်းထဲတွင် မီးပုံးတစ်ထောင် ထွန်းရန်အတွက် မြို့ထဲက လူတစ်စုပါ လာကူထွန်းပေးကြသည်။ ထာဝစဉ် ကိတ်ဆိတ် မှောင်မည်းမနေခဲ့သော ကျောင်းကြီးသည် ဘုံအဆင့်ဆင့် ပြာသာဒ်အဆင့်ဆင့်တို့ဖြင့် ထွန်းလင်းလာခဲ့သော မီးရောင်တို့ကြောင့် လူ့ရွာလူ့ရပ်နှင့် ကင်းကွာကာ တသီးတခြား တည်ရှိနေသော နတ်ဗိမာန်ကြီးအလား မှတ်ထင်ရသည်။ နာပျော်ဖွယ်ကောင်းလှသော ကြေးစည်သံတို့ကား အဆက်မပြတ် မြည်ကျူးနေလျက် တော်တော်နှင့် အသံမစဲအောင် ဝဲကာ ဝဲကာနှင့် မြည်နေကြသည်။

မီးထွန်းပြီးနောက် ရှင်ဓမ္မပါလသည် ကျောင်းအပေါ်ထပ်သို့ တက်ခဲ့ကာ မြို့ဘက်သို့ ရှုမျှော်၍ ကြည့်နေသည်။ လမ်းတကာ့လမ်းတွင် မီးတန်းကြီးများ၊ မီးကုံးကြီးများ ပိတ်ဖုံးနေလျက် တညီးညီး တပြောင်ပြောင် ထိန်ထောက်ဝေနေသော မြို့ကို မြင်ရသောအခါ ယခင်က (ဝါ) လူ့ဘဝက သီတင်းကျွတ်ပွဲတော်ကို ပြန်လည် အမှတ်ရနေသည်။ ပွဲတော်အခါများတွင် အပေါင်းအဖော် သူငယ်ချင်းတစ်စုနှင့် နွှဲပျော်ခဲ့ဖူးသည့် အချင်းအရာတို့သည် အလျှိုအလျှို ပေါ်လာကြတော့သည်။ အိမ်တိုင်းစေ့ ဒွေးခံပွဲတွေကို မြင်ယောင်လိုက်မိသည်။ ကြိတ်ကြိတ်တိုးနေသော လူအုပ်ထဲသို့ တိုးဝင်ကာ မီးထွန်းပွဲကို လျှောက်ကြည့်ကြသည်။ ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ပွဲခင်းတကာ့ပွဲခင်း ရောက်သည့်နေရာ မရှိသလောက် ပျော်ပါးခဲ့ပုံတို့ကို ပြန်ပြောင်း၍ သတိရမိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မြို့ဘက်မှ ကြိတ်ကြိတ်တိုး သွားလာနေကြသော လူအုပ်ကြီးကို လှမ်း၍ ကြည့်နေရင်း စိတ်ဝယ် လှုပ်ရှားလာလေသည်။

ရဟန်း ဝတ်ခဲ့ရခြင်း အကြောင်းရင်းသည် ပြာဖုံးနေသော မီးခဲပမာ ရှိနေရာ၌ လေပင့်ပေးလိုက်သဖြင့် အခိုးအလျှံ ရဲလာလေသည်။ ရဲလာသော မီးခဲပေါ်၌ ရဟန်းဝတ်နှင့် အရိုးထုတ်ကာ ကျောင်းထိုင်ရမည်ဖြစ်သော လိပ်ခဲ တည်းလည်း လောင်စာပြဿနာများကို ပက်လောင်းထည့်လိုက်ရာတွင် တဖွေ့ဖွေ့ တောက်လာလေသည်။

ရှင်ဓမ္မပါလမှာ ကျောင်းထိုင်ရန် ဝန်လေးနေရကား ကျောင်းထိုင်ဘဝမှ လွတ်ကင်းရန် လမ်းစကို ရှာဖွေကြည့်သည်။ ကျောင်းထိုင်ဘဝမှ လွတ်ကင်းရန် အခြားလမ်းစကို မမြင်၊ လူဝတ်လဲ၍ ရဟန်းဘဝမှ ရုန်းထွက်ရန် သာ မြင်တော့သည်။

ဆရာတော်ကြီး မျက်နှာမလွှဲခင် ယခုကပင် ကြိုတင်၍ လူဝတ်လဲမှသာ လျှင် လွတ်မြောက်နိုင်ချိမ့်မည့် လမ်းစပေါ်သည်။ အမှန်စင်စစ် လူ့ဘဝ စက်ဆုတ်သဖြင့် ရဟန်းဘဝသို့ ရောက်ခဲ့ရခြင်း မဟုတ်ချေ။ ရဟန်းဘဝထက် တော့ လူ့ဘဝက စိုပြည်လေသည်။ ကျောင်းပရိဝုဏ်အတွင်း၌ အေးချမ်းဆိတ်ငြိမ် ခြင်းတော့ မှန်၏။ တစ်နေ့ကုန် တစ်နေ့ထွက် အပြောင်းအလဲ ဘာမျှ မရှိချေ။ လူဝတ်ကြောင်များ အလှူအတန်းပေးမည့် ရက်ကို မျှော်နေရသည်။ ဥပုသ်သီတင်း နေ့ကြီး ရက်ကြီးများကို စောင့်ရသည်။

ရှင်ဓမ္မပါလသည် လူ့ဘဝကို စိတ်မကုန်ကြောင်း ယခုမှ ပိုမို၍ ကိုယ့် ကိုယ်ကို ပြတ်သားစွာ သိမြင်လာသည်။ ပြတင်းပေါက်တွင် လက်ထောက် လျက် ရပ်နေရာမှ ခေါင်းကို ငုံ့ချလိုက်သည်။ လူဝတ်လဲရလျှင် ဟူသော အတွေး တို့သည် တစ်မျက်နှာလုံး ဖြန်းခနဲ နီမြန်းသွားလေသည်။ ခေါင်းတုံးပြောင် ပြောင်နှင့် စပို့ရှပ်ဝတ်ကာ အရောင်တလျှပ်လျှပ် ထွက်နေသော ဘန်ကော ပုဆိုး ဝတ်ထားသည့် ဘုန်းကြီးလူထွက်၏ ပုံပန်းကို ကွက်ခနဲ မြင်မိလေ သည်။

လူ့ဘဝ ပြန်လည်ရောက်ရန် ရက်ရွံ့နေသဖြင့် တစ်သက်လုံး ရဟန်း ဘဝနှင့် အရိုးထုတ်နိုင်သလားဟု ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ပြန်သည်။ ရှင် ဓမ္မပါလ၏ ခေါင်းသည် ခါယမ်းလျက် နေပြန်လေသည်။

မြို့စွန်ရှိ ဓာတ်စင်မှ ဆိုင်းသံသဲ့သဲ့ ကြားရလေသည်။ ငုံ့ချထားသော ခေါင်းကို မော့လျက် ဓာတ်စင်ထိုးထားသည့် လယ်ကွင်းဘက်သို့ လည်ပင်း





ဆန့်ကာ ကြည့်လိုက်သည်။ ဓာတ်ခုံပေါ်၌ ယိမ်းထွက် ကနေသော သဏ္ဌာန် များကို ပျပျကလေး မြင်ရသည်။

တညင်းညင်း တသုန်သုန်တိုက်နေသော လေသည် သာယာချိုအေး သော တေးသံတို့ကို သယ်ယူဆောင်ပို့လာကြသည်။ ရှင်ဓမ္မပါလ၏ ညှိုးနွမ်း နေသော မျက်နှာသည် ဖြန်းခနဲ ချိုသာလာပြန်လျက် မျက်လုံးများပင် တောက်ပ လာလေသည်။ ချိုအေးသောလေ၊ ချိုမြသော တေးသံ၊ ချိုသာသော ဆိုင်းသံ တို့သည် ပင်ပန်းနွမ်းနယ်နေသော စိတ်ကို သက်သာရာ ရသလိုလို ရှိမိသည်။ လယ်ကွင်းထဲရှိ ဓာတ်ခုံပေါ်တွင် တငြိမ့်ငြိမ့် လှုပ်ယမ်းလျက် ရှိနေသော သဏ္ဌာန် အားလုံးတို့သည် စည်းချက်ညီညာစွာ လှုပ်ရှားလျက် နေကြလေ၏။

စိတ်သက်သာရာရသည့် အခိုက်အတန့်၊ ကြပ်တည်းလှသည့် နှစ်ရှာ စံဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကို ကိုယ်နှင့် တစ်ခဏ ခွာ၍ ချကြည့် လိုက်သည်။ ရှင်ဓမ္မပါလ၏ စိတ်သည် ပိုမို၍ ပေါ့ပါးသွားလေသည်။ စိတ် သာလျှင် ပေါ့ပါးသည်မက ပြတင်းပေါက်မှ ခွာသွားလေသော ခြေလှမ်းတို့သည် လျင်မြန်ပေါ့ပါးစွာ လှမ်းလျှောက်သွားကာ၊ လျင်မြန်ပေါ့ပါးစွာ ပြတင်းပေါက်သို့ ပြန်ရောက်လာလေသည်။

ဖြန်းခနဲ ပခုံးပေါ်တွင် တင်ထားသော ကောသိ လျှောကျသွားလေ၏။ ကောသိစကို ဆွဲယူပင့်တင်လိုက်သည့်အခါ၌ ရဟန်းစိတ် ပြန်ဝင်လာသည်။ ပင့်တင်လိုက်သော ကောသိစသည် ပခုံးထက်၌ လေးကျသွားသကဲ့သို့ ထင် မှတ်ရသည်။ မျက်နှာမှာ ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်လာလေသည်။ ထို့ နောက် မှုန်မှုန်ကြီး စိုက်ငေးနေရင်းမှ တစ်ဖန် တစ်စတစ်စ ကြည်ရွှင်၍ လာ ပြန်သည်။

ရင်ထဲ၌ လေးလံကျဉ်းကြပ်လျက် မအီမသာဖြစ်နေသော ဘဝတွင် နေရသည်နှင့် စာလျှင် ဘဝဟောင်းကို ပြန်ပြောင်း သတိရသည်ကပင် စိတ် မှာ ကြည်ရွှင်လန်းဆန်းရပေသေး၏။

လူ့ဘဝ၊ ကိုဘသောင်းဘဝကို ထိုနေ့ညဉ့်၌ တစ်ညလုံးပင် မကျိန်းစက် နိုင်ဘဲ ပြန်လည်စဉ်းစားသည်။ လူထွက်တာ အပြစ်မရှိပါဘူးဟု အားပေးသည်။ တစ်သက်လုံး ရဟန်းဝတ်နဲ့ အရိုးထုတ်ပါ့မယ်လို့ ဝတ်ခဲ့တာမှ မဟုတ်ဘဲဟု ဆင်ခြေလဲကြည့်သည်။ ခေါင်းတုံးပြောင်ပြောင် ဆိုရင်လည်း ခဏပေါ့ဟု အားတင်းသည်။ အိမ်ထောင်ရက်သား ကျဉ်းမည်ဆိုပြန်ရင်လည်း အမေ့အတွက် အဖော်ရတာပေါ့ဟု မှတ်ချက်ချသည်။

စဉ်းစားချက်၊ သုံးသပ်ချက်၊ ထင်မြင်ချက်၊ မှတ်ချက်တို့နှင့် အလျှင်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေစဉ် ကျောင်းထိုင်ဆရာတော်ကြီးအခန်းမှ ချောင်းတဟွတ်ဟွတ်ဆိုးလွှ... ထရသော အသံကို ကြားရလေသည်။ ထရင်း ဆိုးနေသော ချောင်းသံ... တစ်ခါတစ်ခါ အသံများ ပျောက်ဝင်သွားလောက်အောင်ပင် ဆိုးနေလေသည်...

'မဖြစ်ချေဘူး၊ မြန်မြန်ပဲ လျှောက်ထားမှ တော်ချေမည်' ချောင်းသံ... နားစိုက်ထားလျက် စိတ်ထဲ၌ ရေရွတ်နေလေသည်။

ချောင်းသံစဲသွားလျှင် ရှင်ဓမ္မပါလသည် လေကို ရှိုက်သွင်းလျက် ... လျားစွာ ပြန်၍ မှုတ်ထုတ်လိုက်ပြီးနောက် မျက်လုံးများကို မှိတ်လိုက်ရာ ... တိုးတိုးခေါ်သံတစ်ခုကို ကြားမိသလိုလို ရှိမိသည်။ ပထမ၌ သဲကွဲစွာ မကြား... ချေ။ နောက်မှ သဲကွဲလာကာ မိမိကို ခေါ်နေမှန်း သိရသည်။

"ဟဲ့ ဘယ်သူတုန်း"

"တပည့်တော်ပါ ဘုရား၊ ကျောင်းဒကာကြီး ဦးသာဝအိမ်က ဘိုးသာ... ဘုရား၊ အခုတင်လေးပဲ ကျောင်းဒကာကြီး လေဖြတ်ပြီး ဆုံးသွားပါပြီ ဘုရား"

ရှင်ဓမ္မပါလသည် ငေါက်ခနဲ ထထိုင်လျက် မျက်လုံး ပေကလ... ပေကပ် လုပ်ကာ ဘိုးသာကို လှမ်းကြည့်ရင်း ဘာပြောရမှန်း မသိအော... လည်ချောင်းထဲ၌ တစ်ဆို့ပြီးနေသည်။

ဘိုးသာသည် ဆံပင်ကြိုးကျဲပေါက်နေသော သူ့ခေါင်းကို ကုတ်လို... ကာ 'တပိုတပါး ထွက်ဖို့ထတာ အိမ်သာ မရောက်ခင်ဘဲ လမ်းမှာ လဲကျတာ... မျက်လုံးတောင် ပြန်မလည်တော့ပါဘူး ဘုရား'ဟု အသံအက်အက်နှင့် ဆ... လျှောက်လေသည်။

"ဖြစ်မှ ဖြစ်ရလေ ဘိုးသာရာ"

အသံကို အနိုင်နိုင်ထွက်အောင် ကြိုးစားပြောလိုက်ရလေ၏။ ရုတ်တရ... ကြီးဖြစ်၍ ရင်ထဲ၌ မချိတင်ကဲ ဖြစ်သွားသည်။ လူထွက်တော့ရန် စဉ်းစားထာ... ပြီး ဖြစ်ခြင်းကြောင့် မချိတင်ကဲ ဖြစ်သွားသော ရင်သည် ပြေလည်၍ သွာ... ပေသည်။ ရဟန်းဝတ်နှင့် အရိုးထုတ်အံ့ဟု အကယ်၍များ ပိုင်းဖြတ်ထား... လျှင် ရင်အတော်နာရမည်။ ဦးသာဝ သေဆုံးခြင်းသည် မိမိအား အထူးပတ်သ... ထိခိုက်သွားစေတော့သည်။ လူထွက်သွားတာများ သိသွားလျှင် မည်မျှ စိ... မချမ်းမသာ ဖြစ်ရာမည်ကို တွေးမိပြန်သည်။ ဦးသာဝ၏ ကျေးဇူးတရားတို့ကို... လည်း ဆင်ခြင်အောက်မေ့မိသည်။

"ဘာများ အမိန့်ရှိဦးမလဲ ဦးပဥ္စင်း၊ တပည့်တော် သွားရဦးမှာ ဘုရာ့"

ဘိုးသာသည် မျက်နှာပျက်ပျက်နှင့် တွေဝေငေးငိုင်သွားသော ရှင်ဓမ္မ... ပါလကို မျက်ခုံးကြီးပင့်၍ ကြည့်လိုက်ပြီးမှ လေသံဖြင့် ခပ်တိုးတိုး လျှောက်လိုက်... သည်။ 'တပည့်တော် သွားဦးမှဘုရာ့'

"အေး အေး၊ အရုဏ်တက်ရင် ဆရာတော်ကြီးကို လျှောက်လိုက်မယ်"

ကောင်းကင်တစ်ခွင်တွင် အလင်းရောင်သည် ဖျို့အံ့စပြုလာလေသည်။ အေးမြသော အရုဏ်ဦးလေသည် ရှင်ဓမ္မပါလ မျက်နှာပေါ်သို့ စွတ်၍ တိုက်ခတ်လာသည်။ အရုဏ်ဦးလေသည် ဆောင်းသက်လေကို ကြိုဆို၍ လာလေသည်။ စွတ်၍ တိုက်ခတ်သွားသော အေးမြသည့် လေကို ရှူရှိုက်လိုက်လျက် 'တန်ဆောင်မုန်း ကထိန်ပွဲပြီးမှပဲ ဆရာတော်ကြီးကို လျှောက်ပါတော့မယ်လေ' ဟု စိတ်ဝယ် ပိုင်းဖြတ်လိုက်လေသည်။

[၅]

ကျောင်းထိုင်ဆရာတော်ကြီး၏ ကိုယ်စား ရှင်ဓမ္မပါလသည် အဖော်သံဃာများနှင့်အတူ ဇရပ်ထိပ် ကော်ဇော်ပေါ်၌ ထက်ဝက်ဖွဲ့ခွေ ထိုင်လိုက်လေသည်။ ယပ်ကို ရှေ့၌ ချလျက် သင်္ကန်းရုံထဲတွင် လက်ထိုးသွင်း၍ ပခုံးပေါ်သို့ မြှင့်ပေးလိုက်ပြီးနောက် မျက်လွှာချထားလိုက်သည်။

သုသာန်ဇရပ်ကြီးထဲ၌ ထိုင်စရာနေရာ မကျန်အောင် လူတွေ ပြည့်ကျပ်နေလေသည်။ မျက်နှာကြီး မသာဖြစ်၍ တစ်မြို့လုံး လိုက်ပို့ကြသည်။ အချို့မှာ နေရာမရ၍ နောက်တွင် မတ်တတ်ရပ်နေကြရသည်။ ရှင်ဓမ္မပါလ နေရာယူလိုက်သောအခါ၌ လူစုလူဝေးကြီး၏ ရုတ်ရုတ်၊ ရုတ်ရုတ် ဖြစ်နေသော အသံကြီးသည် မီးကို ရေနှင့် သတ်လိုက်သလို ဖြုန်းခနဲ တိတ်ဆိတ်သွားလေ၏။

နေသည် ကျဲကျဲတောက်နေ၏။ သုသာန်တစပြင်မှ ဖြတ်တိုက်လာသောလေနှင့် သစ်ရွက်များ အသံမြည်နေကြသည်ကို အားလုံး အတိုင်းသားကြားနေကြရသည်။

ရှင်ဓမ္မပါလသည် ဦးသာဝ၏ အသုဘ၌ သရဏဂုံတင်ပြီး ဟောရမည့်တရားသည် ရဟန်းဘဝနှင့် နောက်ဆုံးဟောသွားရမည့် တရားပါတကားဟု ဆင်ခြင်အောက်မေ့နေမိသည်။

ဘိုးသာသည် မတ်တတ်ထရပ်လျက် 'ကဲ...သီလယူကြရအောင်'ဟု ကျယ်လောင်သောအသံဖြင့် အော်ဟစ် အချက်ပေးလိုက်သည်။

မျက်လွှာကို မ၍ ပရိသတ်ကို တစ်ချက်ကြည့်ပြီးမှ မျက်လွှာပြန်ချလျက် ချောင်းတစ်ချက် ဟန့်လေသည်။ အနိစ္စတရားထင်၍ အသုဘရှုကြရန် မိန့်ကြားဘိုက်တွန်းလိုက်ပြီးနောက် ငါးပါးသီလကို ချပေးလေသည်။

ဇရပ်ကြီးထဲတွင် သီလခံယူနေကြသော အသံများသည် အုတ်အုတ်ညံ







www.burmeseclassic.com

www.burmeseclassic.com



လျက် နေပြီးနောက် အသံများ စဲတိတ်သွားတော့သည်။ ဘယ်အသံမျှ ထပ်မလာသေးဘဲ အဆက်ဖြတ်ကာ တစ်ခဏ တိတ်သွားလေသည်။ ရှင်ဓမ္မပါလမှာ သီလပေးပြီး တရားဟောရန် စိတ်မပါ့တပါ ဖြစ်နေလေသည်။ ဇရပ်သို့ ကြွမလာခင်က ဟောမည့်တရားကို စီကာစဉ်ကာ တွေးတောလာခဲ့သော်လည်း စိတ်ပြောင်းသွားသည်။ တရားကို ရှည်ရှည်မဟောဘဲ တိုတိုတုတ်တုတ်နှင့် အကျဉ်းရုံးဟောရန် ပြန်ချုံ့ စဉ်းစားနေရခြင်းဖြင့် ခေတ္တခဏ တစ်ဇရပ်လုံး တိတ်နေပေ၏။

မသာခေါင်းတစ်ဖက်၌ ပုဆစ်တုပ်၍ ဝတ်ပြုနေသော အဘွားကြီးနှင့် ယောက်သည် တစ်ယောက်ကို တစ်ယောက် ပြိုင်တူ လက်ကုတ်မိနေကြသည်။

"ပစ္စည်းလေးပါး ဒကာကြီး မရှိတော့တဲ့အတွက် ဦးပဉ္စင်းအတော်စိတ်ထိခိုက်နေရတယ် ထင်တယ်"

တစ်ဦးလေသံ မဆုံးခင် တစ်ဦးက 'တရားဟောဖို့ ရင်ထဲမှာ ဆို့နေတယ် ထင်ပါရဲ့'ဟု ပြောနေသည်။

တရားနာရန် စောင့်ဆိုင်းနေသည့် ကာလစပ်ကြား၌ သူဌေး ဦးသာဝကျေးဇူးဖြင့် ရှင်ဓမ္မပါလကိုယ်တော် ထွန်းကားလာရခြင်းကို တွေးမိသူက တွေးမိကာ ကျေးဇူးတင် ဝမ်းမြောက်ခြင်း ဖြစ်ကြသည်။

ရှင်ဓမ္မပါလသည် လိုရင်းချုံး၍ ခပ်တိုတိုပင် တရားဟောလိုက်လေ၏။ ခါတိုင်း တရားဟောသလို သံနေသံထားနှင့် မဟုတ်သဖြင့် စိတ်မကောင်း၍ မဟောနိုင်ခြင်းဟု ပရိသတ်က မှတ်ချက်ချကြသည်။

တရားဟောတိုသွားသဖြင့် ရေစက်ချသည့်အခါ၌ ခပ်ရှည်ရှည်ချကြတော်ပေလိမ့်မည်ဟု သတိထားလိုက်ရသည်။

ကိုင်း...ကွယ်လွန်သွားတဲ့ ကျောင်းဒကာကြီး ဦးသာဝရဲ့ ဒါန သီလ အဝဝကို ရည်မှတ်ပြီး ရေစက်ချကြရအောင်"

ရှေ့တွင် ချထားသော အသုဘခေါင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ခေါင်းနှင့် မလှမ်းမကမ်း၌ မောင်းထောင်းသံဖြူချိုင့်ပေါ်တွင် နီးခွက်တင်လျက် အနား၌ ထွေးခံတစ်လုံးချကာ ရေစက်ချရန် ပြုလုပ်ထားသော အစီအစဉ်ကို မြင်လိုက်မိသည်။

ရေစက်ချရန် ချောင်းကို နှစ်ချက်ဆင့်၍ အဟန့်လိုက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မမျှော်လင့်ကြသော ကိစ္စတစ်ရပ်သည် ဖြုန်းခနဲ ဒိုင်းခနဲ ပေါ်ပေါက်လာလေ၏။

ရေစက်ခွက်နားတွင် ထိုင်နေကြသော ဒကာမနှစ်ဦးသည် ရေစက်ချရန် တစ်ခုတည်းသော နီးခွက်ကို ပြိုင်တူဆွဲလုကြသည်ကို တွေ့ကြရတော့သည်။

"ကျုပ် ရေစက်ချမယ်။ ကိုသာဝကို အသက်ထက်ဆုံး ကျုပ်ပဲ ပြုစုလာရတာ၊ ဒီဒါနဟာ ကျုပ်စရိတ်ထဲက ပြုတာ။ ကျုပ်ချမယ် ဖယ်"

အသက် ၄၀ အရွယ် ထွားထွားကျိုင်းကျိုင်းရှိလှသော မိန်းမသည် နီးခွက်ကို လွှတ်မပေးဘဲ လုယူရင်း ပြောနေလေ၏။ အသက် ၅၀ ခန့်ရှိ ပိန်ပိန်ခြောက်ခြောက် ပြာနှမ်းနှမ်းအသားနှင့် မျက်မှန်တပ်ထားသော မိန်းမကြီးကလည်း ရေခွက်ကို လွှတ်မပေးဘဲ နှုတ်ခမ်းတစ်လံ၊ ပန်းတစ်လံနှင့် ပြန်ပြောလိုက်သည်။

"အောင်မယ် သယ်၊ လူတောသူတောထဲမှာ မဖွယ်မရာ လုပ်နေလိုက်တာ အငယ်ဆို အငယ်နေရာမှာ နေတာ မဟုတ်ဘူး။ တယ်လေ ငါ မပြောလိုက်ချင်ပါဘူး လွှတ်"

ရှင်ဓမ္မပါလမှာ ယခုမှ သဘောပေါက်သွားလေသည်။ ကျောင်းဒကာကြီး၌ မယားနှစ်ယောက်ရှိကြောင်း အခုမှ သိရသည်။ အခုမှ သိရ၍ ရုတ်တရက် အံ့အားသင့်ကြီးပင် သင့်သွားသည်။ ရေစက်ချရ အခက်၊ မချဘဲ ဒီအတိုင်း ကြည့်နေရ အခက်နှင့် အခက်ကြီး ခက်သွားလေသည်။

လက်အုပ်ချီလျက် ရေစက်ချရန် စောင့်ဆိုင်းနေသော ပရိသတ်ကြီးသည် အံ့အားကြီးသင့်လျက် ကြက်သေသေနေကြသည်။ အချို့မှာ လက်အုပ်ချီထားသော လက်ကို မချနိုင်ဘဲ လည်ပင်းနှင့် ခါးကို အဆမတန် ရှည်ထုတ်၍ တစ်ဦးခေါင်းပေါ် တစ်ဦးမိုးကာ ရှေ့က ရန်ပွဲကို ပြူးပြူးကြောင်ကြောင် လှမ်းကြည့်ကြလေသည်။

ရေစက်ချရန် စောင့်လင့်နေကြသော ပရိသတ်ထဲတွင် ရေစက်ချပြီးမှ မြေဝယ်ကျရမည့် ဦးသာဝ၏ ရုပ်ကလာပ်လည်း စောင့်လင့်သည့်အထဲ၌ ပါဝင်နေရာပေသည်။ မယားကြီးနှင့် မယားငယ်မှာ သူချမည် ငါချမည်ဟု ငြင်းခုံနေဆဲဖြစ်သည်။ ငြင်းခုံနေရင်းမှ ငယ်ကျိုးငယ်နာတွေ ဖော်ထုတ်ကာ ကလော်ဘုတ်ကြပါလေ၏။

"ကိုသာဝက တော့်ကို မပေါင်းချင်လို့ ကျုပ်ကို ယူထားတာ၊ ကိုသာဝနား တော် မကပ်ရတာ ဘယ်လောက်ကြာပြီလဲ ဟင်။ ကျုပ်ကို မယားမှတ်မှတ်ပေါင်းသွားတာ လူတွေ မသိဘူး ထင်လို့လား"

အငယ်သည် ခါးထောက်လျက် အသံကို ကျယ်ကျယ်လောင်လောင်ဟစ်၍ ဗိုးဗိုးဖပ်ဖပ် ပြောချလိုက်သည်။

"အမယ်လေး ကိုသာဝရေ၊ ရှင်လုပ်ပုံတွေ မရှင်းလို့ ကျုပ်ပုံအလယ်မှာ







www.burmeseclassic.com

www.burmeseclassic.com



ရှင် အရှက်ကွဲပါပြီတော့။ ဒီဟာမ မိုက်တယ်ဆိုတာ ရှင်သိတယ်ဆိုး အများရှေ့မှာ မိုက်ပြနေတာ ထလို့များ ကြည့်လိုက်ပါဦး ကိုသာဝရဲ့"

မယားကြီးသည် ငိုသံကြီးနှင့် အားရပါးရ ကြုံးအော်လိုက်သည်။ အားမရနိုင်သေးသလို အသံဖြတ်ပြီးမှ နောက်ထပ် ဆင့်ကဲ၍ 'ထကြည့်ပါဦး'ဟု ဆောင့်အော်လိုက်ပြန်သည်။ သူ့အသံမှာ နဂိုသံ မဟုတ်တော့ဘဲ ငယ်သံပါအောင် ညှစ်အစ်ပြီး အော်ပစ်လိုက်သည်။

ရှင်ဓမ္မပါလသည် တစ်ထိုင်တည်း ရှက်သွေးဖြာကာ မျက်နှာတစ်ပြင်လုံး နီရဲလာလေ၏။ ကြားဝင်ပြီး ဖျန်ဖြေလိုက်ရန် စိတ်ကူးတော့ရ၏။ ကြားဝင်ပြောရန် ပြော၍မထွက်၊ မျက်နှာပူလှသည်။ ပရိသတ်ကြီးရှေ့၌ ကိုးရိုးကားရားဖြစ်နေသော အဖြစ်မှာ အကျည်းတန်လှသည်။ ရေစက်လည်း မချရသေး။ မျက်နှာကို ဘယ်လိုထားရမှန်း မသိအောင် ပူထူ၍သာနေတော်မူသည်။

"အေ ကိုသာဝရဲ့"

ရှင်ဓမ္မပါလ၏ နားထဲတွင် ရှေ့ဆက်ပြီး ဘာပြောရမှန်း မသိအောင် လျှံထွက်သွားလေသည်။ ရင်ထဲတွင် မြုံ၍ ကိန်းဝပ်နေသော လူထွက်ချင်စိတ်တို့သည် နေခြည်ထဲတွင် နှင်းမြူများ လွင့်သွားသကဲ့သို့ လွင့်စင်သွားကုန်ကာ မဖော်ပြတတ်သော နှလုံးနာခိုက်သွားသည့် ဝေဒနာတစ်မျိုး ပေါ်ပေါက်လာသည်။

မျက်စိရှေ့မှောက်၌ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အချင်းအရာတို့ကို ပြောစရာ မရှိအောင် စက်ဆုပ်ရွံရှာသွားလေသည်။

လူ့ရပ်လူ့ရွာတွင် မလိုလားဖွယ် အနိဋ္ဌာရုံတွေ၊ မနှစ်မြို့ဖွယ် ဒုက္ခအာရုံတွေနှင့် ပြည့်နှက်နေချေသည်တကားဟု တစ်ထိုင်တည်း တရားကျကာ လူ့ဘောင်ကို တုန်လှုပ်ခြင်းလည်း ဖြစ်သွားတော့သည်။

ဘိုးသာသည် ပရိသတ်များ သောက်ကြရန် တည်ထားသော ရေတည်ချိုင့်ပေါ်မှ ရေခွက်တစ်ခွက်ကို ထပြေးယူလေသည်။

"ကိုင်း...ကိုင်း ဒီမှာ တစ်ခွက်၊ တစ်ယောက်တစ်ခွက် ချကြပေါ့"

အံ့အားသင့်ကာ ငြိမ်နေသော ပရိသတ်သည် ပွစိ ပွစိနှင့် ညံလာသည်။ ဘိုးသာသည် ကပျာကယာပင် ပရိသတ်ဘက်သို့ လှည့်၍ 'ကဲ...ရေစက်ချမယ်ဗျို့'ဟု ပရိသတ်ကြီးကို ထိန်းလိုက်လေ၏။

ဦးသာဝ၏ မယားနှစ်ယောက်သည် တရှုံ့ရှုံ့ငိုရင်း ရေတစ်ခွက်စီ ကိုင်ထားကြသည်။ ထွားထွားကျိုင်းကျိုင်း ကိုယ်လုံးကိုယ်ထည်ရှိသော အငယ်မမှာ ဒေါသမပြေနိုင်သေးသကဲ့သို့ အသားတွေ တဆတ်ဆတ်တုန်နေသေးသည်။

မူလက ရေစက်ကို ရှည်ရှည်ချရန် ရည်မှန်းထားသော်လည်း ရှင်ဓမ္မပါလ





သည် တိုတိုပဲ ချလိုက်၏။ ရေစက်ချနေတုန်း လိုက်ဆိုနေကြသော အသံနှစ်သံကို ပြိုင်တူကြားရပုံကား နားထဲ၌ နင့်လှ၏။ ရင်ထဲ၌လည်း ပူပြင်းနေသည်။ ရေစက် ချပေးနေသောအသံသည် အသံပြတ်ပြတ်နှင့် အသံပျက်၍ပင် နေလေသည်။ ဦးပဥ္စင်း၏ မျက်နှာမှာ နီမြန်းကာ အသံပျက်နေသဖြင့် ပရိသတ်ကြီးမှာ မိန်းမ နှစ်ယောက်ကို ကြိတ်၍ ဒေါပွနေကြသည်။

"အမျှ...အမျှ ကိုသာဝရေ"

မယားနှစ်ယောက်၏ အသံနှစ်သံကို တစ်ပြိုင်တည်း ကြားရသော ရှင်ဓမ္မပါလသည် မျက်လုံးများ ပြာနှမ်းလျက် ပါးတွေ နားတွေ ပူထူသွားလေတော့သည်။

လူသူပရိသတ်ရှေ့မှောက်မှ ဖဲခွာချင်စိတ် ပြင်းပြသည့်အတိုင်း ပရိသတ်၏ သာဓုခေါ်သံကိုပင် အဆုံးတိုင်အောင် မစောင့်ဆိုင်းနိုင်တော့ဘဲ နေရာမှ ထပြန်ခဲ့သည်။

ကျောင်းသို့ ပြန်ရောက်သော်လည်း နေစရာ မရှိအောင် ဖြစ်နေလေသည်။ ရင်ထဲတွင် မနှစ်မြို့ဖွယ်နိုင်အောင် အကြီးအကျယ် စိတ်ပျက်နေလျက် 'ကိစ္စများမြောင်၊ လူတို့ဘောင်၌' ဆိုသော လင်္ကာကို ထပ်တလဲလဲသာ ကြားက၍ နေလေသည်။

လူ့ဘောင်ကို စက်ဆုပ်ရွံရှာသွားသော အသည်းနှလုံးမှာ ဒဏ်မျက်ပြင်းထန်သွားသဖြင့် ဖူးဖူးရောင်လာသကဲ့သို့ပင် တစ်စစ်စစ် နာကျင်ခြင်းပင် ဖြစ်လာသည်။

ရှင်ဓမ္မပါလမှာ စက်ဆုပ်ရွံရှာလွန်း၍ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာတို့ကို ကြာရှည် မခံစားလိုသဖြင့် ကမ္မဋ္ဌာန်းထိုင်သော တိုက်ခန်းကလေးထဲသို့ ဝင်သွားလေသည်။ တိုက်ခန်းကလေးမှာ မှောင်မည်း၍ နေသည်။

မှောင်တဲ၌ တင်ပလ္လင်ခွေလျက် အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်စော်မတ်ထား၍ ထိုင်လိုက်သည်။ ကိုယ်ကို သိမ်းဆည်းကာ ကမ္မဋ္ဌာန်းတရားသို့ ရှေးရှုအာရုံပြု၍ သတိထားလေသည်။

စိတ်မှာ ရုတ်တရက် သိမ်းဆည်းချုပ်ကိုင်၍ မရတတ်သေးသဖြင့် ရှုပ်ထွေးနေသော ဝင်လေ ထွက်လေတို့သည် ပြင်းထန်စွာ ရန့်ရင်းကြမ်းတမ်းနေလေ၏။ ကာယစိတ္တ နှစ်ပါးစလုံးကို ပိုင်နိုင်အောင် ကြိုးစားသိမ်းဆည်း၍ အားထုတ်တော့မှသာလျှင် လှုပ်ရှားနေသော စိတ်သည် အပြင်အာရုံသို့ မထွက်တော့ဘဲ ဝင်လေ ထွက်လေ၌သာလျှင် တစ်ခုတည်းသောအာရုံ စူးစိုက်နေတော့သည်။ ထိုအခါ၌ စိတ်ရောကိုယ်ရော ပူပန်ခြင်း အလျဉ်းကင်း၍ ပကတိ အေးငြိမ်းငြိမ်သက်ခြင်းသို့ ရောက်သွားသည်။ ရှူရှိုက်နေသော ဝင်လေ ထွက်လေ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် သိမ်မွေ့သည်ထက် သိမ်မွေ့ညင်သာလာသည်။

နေပူမှု တောင်ပေါ်မှ ဆင်းလာသော ယောကျ်ားသည် အမောပန်းဖြေ ကာ ရေအိုင်တွင် ရေသောက် ရေမိုးချိုးပြီး အရိပ်ကောင်းလှသော သစ်ပင် အောက်သို့ သွားလျက် ရေစို ရေလဲပိုင်းကို ရင်ဘတ်ပေါ်၌ တင်ပြီး အိပ်လိုက် သောအခါ ထိုယောကျ်ား၏ ဝင်လေ ထွက်လေတို့သည် တဖြည်းဖြည်း ညင်သာ သိမ်မွေ့သွားလျက် အသက်ပင် ရှူမှ ရှူရဲ့လားဟု စုံစမ်းရမည့် အခြေသို့ ရောက်သကဲ့သို့...

ပကတိ ချမ်းမြေ့ငြိမ်သက်နေသော ရှင်ဓမ္မပါလသည် အသက်မှ ရှူ ပါလေစ။

[ရှုမဝမဂ္ဂဇင်း၊ အတွဲ(၁၃)၊ အမှတ်(၁၅၀)၊ နိုဝင်ဘာ၊ ၁၉၅၉]

# သည်အပူ

၇ ရက်လည်၍ ၈ ရက်မြောက်သောညတွင် မသာအိမ်၌ ခြောက်နေလေ၏။

မနေ့ညက ဖဲဝိုင်းမှ ဆူကြ ညံကြသည့် အသံဗလံများသည် အာရုံပျက် ပြားလောက်အောင်၊ အိပ်မရအောင် အနှောင့်အယှက်ဖြစ်သည်ဟု ထင်ခဲ့သည်။ ခြောက်ကပ်သွားသော ဤညကျမှ အဖော်ပြုစရာအသံများ မရှိတော့သဖြင့် ဦးသာဖူးသည် တစ်ကိုယ်တည်းဘဝကို ချောက်ချားလာလေသည်။ တစ်ကိုယ် တည်း ပါကလားဟု အားလျော့စိတ် ပိုများလာလေသည်။ တစ်ကိုယ်တည်းပါ ကလားဟု အားလျော့စိတ် ပိုများလာသည်။

ကြာလေကြာလေ တိတ်ဆိတ်လွန်းသဖြင့် ဦးသာဖူးသည် ရင်ဖိုမိလေ တော့သည်။ နေမထိ ထိုင်မသာ ဖြစ်သလို အသက်ရှူရ ကျပ်လာချေ၏။ ဘယ်ကမျှ အသံမရှိ၍ ကိုယ့်အသံကိုယ်ပြန်၍ အဖော်လုပ်လိုက်ရလေသည်။

ဦးသာဖူး၏ လည်ချောင်းထဲမှ ညစ်ထွက်လာသော ချောင်းဟန့်သံသည် တစ်ကြိမ်မက နှစ်ကြိမ်၊ သုံးကြိမ် ဆင့်ထွက်လာသော။ အသံပြုပြီး ဘယ်ဘက်မှ ညာဘက်သို့ စောင်းလိုက်လေသည်။ ခဏတစ်ဖြုတ် မျက်စိကို ဖွင့် လိုက်ပြီးလျှင် ပြန်၍ မှိတ်လိုက်၏။

မျက်စိဖွင့်ကြည့်မိသဖြင့် စိတ်ကို ငြိမ်ငြိမ်ထား၍ မရအောင် ဖြစ်နေလေ သည်။ မငြိမ်ရာက နှောက်လာလေသည်။

အခါတိုင်း ညဥ့်နက်သန်းခေါင်လောက်တွင် ချောင်းတစ်ချက်ဟန့်လျက် ဘယ်ပြန်ညာပြန် လူးလိုက်သည်နှင့် တစ်ချက်တည်း နံဘေး၌ အိပ်နေသော ဒေါ်သီ နိုးတတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသာဖူး ဘာဖြစ်သလဲ၊ ရှင့်ခြေထောက် ကိုက်နေလို့လား"

ဒေါ်သီသည် ငေါက်ခနဲ ထထိုင်လိုက်ကာ ခြေထောက်ကို ကိုင်စမ်းရင်း ထိတ်ထိတ်ပျာပျာ မေးတတ်သည်။ စောင်ခြုံတဲမှ ခြေဖျားကို ကိုင်စမ်းကြည့်ကာ အေးသည်ထင်လျှင် စောင်တွေနှင့် ထပ်ထွေးပေးတတ်သည်။

ဒူးဆစ်ကိုက်ခဲလာ၍ မသက်မသာဖြစ်လာပါက အချိန်မတော် ရေနွေး ထကျိုလေသည်။ သက်သာအောင် ရေနွေးအိတ်နှင့် ကပ်ပေးနေသည်မှာ မိုး စင်စင်လင်းသွားသည့် ညများပင် ရှိလေ၏။

"အင်မတန်မှ စိတ်ကောင်းရှိတဲ့ မယားပဲ၊ အင်မတန်မှ ကြင်နာပြုစုတတ် တဲ့မယား။ ဒီမယားမျိုး ရှာမှ ရှားပါတကား"

မျက်စိမှိတ်လျက် ဒေါ်သီအကြောင်းကို ပြန်စဉ်းစားရင်း ရင်ထဲ၌ တလှပ်လှပ် ဖြစ်သွားလေသည်။ တလှပ်လှပ်ဖြစ်ဆဲမှာပင် အခုတော့ 'ဒေါ်သီ မရှိပြီ' ဟူသော အသိသည် ချုပ်တည်း ထိန်းသိမ်း၍ မရအောင် ရင်ဝ၌ တက်ဆို့သွားပြန်လေ၏။

ဦးသာဖူးသည် သေခြင်းသေလျှင် သူကသာ အရင်သေလိမ့်မည်ဟု ထင်နေသည်။ အသက် ၅၀ ကျော်ခဲ့၍ ၅၈ နှစ်ထဲသို့ ရောက်လာကတည်းက တစ်နေ့တခြား ချူချာလာတော့လေသည်။ ဒူလာရောဂါစွဲကပ်လျက် ခြေထောက် တစ်ခါနာလျှင် ၄-၅-၁၀ ရက် မထနိုင်ဘဲ လဲနေတတ်သည်။

ဦးသာဖူးအတွက် ဒေါ်သီမှလွဲ၍ တစ်အိမ်လုံး ဘယ်သူနှင့်မျှ မဖြစ်။ အနားတွင် ဒေါ်သီ အမြဲရှိမှသာ ဖြစ်သဖြင့် ဒေါ်သီသည် မိုးလင်းမိုးချုပ် ဦးသာဖူး၏ ဝေယျာဝစ္စများနှင့် မအားလပ်ရအောင် အချိန်ကုန်ရသူ ဖြစ်လေ သည်။

ဦးသာဖူးမှာ ဇီဇာလည်း ကြောင်၏။ စနစ်လည်း ကြီး၏။ အသန့် အပြန့်ကို အလွန်ကြိုက်သည်။ အသက် ၅၈ နှစ်ထဲရောက်လာသော်လည်း နေ့စဉ် ကိုယ်လိမ်းပေါင်ဒါ လိမ်းရမှ၊ အိုဒီကလုံး ရေမွှေးကလေး ဆွတ်ရမှ စိတ်စက် ကြည်လင်ချမ်းသာသည်။ သူ့၌ အမြဲတမ်း ရှပ်အင်္ကျီနှစ်ဒါဇင်လောက် အသစ်ရှိရ၏။ ရိုးကုမ္ပဏီက ပိတ်စကို ဝယ်ချုပ်မှ ကြိုက်လေသည်။ သူ့အဝတ် အစားများကို ဒေါ်သီကိုယ်တိုင် လျှော်၍ ဒေါ်သီကိုယ်တိုင် မီးပူတိုက်ပေးမှ ဝတ်သည်။

ဦးသာဖူးကို ကြည့်လိုက်လျှင် ခေါင်းတုံးဆံတောက်၊ ဆံပင်ဖြူဖြူ ကျောက်ပေါက်မသက်သက်၊ အသားမည်းမည်း၊ အရပ်ပျပ်ပျပ်၊ နှုတ်ခမ်းမွေး ရေးရေးရှိသော သူ့ရုပ်ကို နောက်မှ သာမန်အားဖြင့် ကြည့်မိရှုမိသည်။ ကော်လံ





နှင့် အရောင်နုနု ပထမတန်း အမျိုးအစား ရှပ်လက်ရှည် ခေါက်ရိုးကျိုးကျိုးဝတ် လျက် ပလေကပ်အဖြူစိမ်းပြာကွက်လုံချည် ဒိုဘီချနှင့် လည်ကုပ်စပ်နှင့်လည်ပင်း ခေါ်မှ ပေါင်ဒါမှုန့် အစအနများကို အရင် မြင်မိကြည့်မိကြမည်သာတည်း။

အသန့်ကြိုက်၊ အနုကြိုက်၊ အကောင်းကြိုက် မင်းသားလို ကြော့မော့နေ အောင် နေတတ်ထိုင်တတ်သော ဦးသာဖူးကို ဒေါ်သီသည် သူ့အလိုလိုက် လျက်၊ သူ့အကြိုက်သိလျက် ဝတ်ရာစားရာ နေရာတကာ၌ သူ့စိတ်တိုင်းကျ ဖြစ်အောင် ဂရုတစိုက် စောင့်ကြပ် လုပ်ကိုင်ပေးတတ်သည့် နေရာတွင် ဘယ် မိန်းမနှင့်မျှ မတူအောင် ရှာမှ ရှားပါလေ၏။

ဝေယျာဝစ္စများ ပြီး၍ ညအိပ်ရာဝင် စိပ်ပုတီး စိပ်နေခိုက်၌ပင် ဖြောင့် ဖြောင့်မစိပ်နိုင်။ ဟောလစ်၊ ထောပတ်၊ နွားနို့၊ ကြက်ဥ၊ ပေါင်မုန့်၊ ငှက်ပျော သီး မပြတ်တမ်းရှိရသော ဦးသာဖူး၏ အစားအစာတွေထဲမှ မနက်စောစော အတွက် တစ်မျိုးမျိုး စိတ်ရောက်သွားတတ်၏။

ဦးသာဖူး ခါးနာ၍သော် လည်းကောင်း၊ ခြေထောက်နာ၍သော် လည်းကောင်း မထနိုင်ဘဲ အိပ်ရာထဲ လဲနေသည့် အခါများ၌ ဒေါ်သီသည် စိတ်ကို တစ်တောင်လောက် ရှည်ထားရလေသည်။ မျက်နှာကိုလည်း ပျားရည်ဆမ်း ထားသလို ချိုနိုင်သမျှ ချို၍ 'ကိုသာဖူး ကိုသာဖူး'ဟု ဒေါ်သီ၏ ပါးစပ်ဖျား ပွင့် တစ်ဖူးတည်းဖူးရပြီးလျှင် အောက်ကျို့ယုယသော နှစ်သိမ့်သံကလေးဖြင့် လူနာ့စိတ်ကြိုက် ဖွမ်းဆောင်တတ်သူလည်း ဖြစ်၏။ ထိုအခါမျိုးတွင် ဦးသာဖူး သည် နေကောင်းစဉ်ကထက် ဈေးထူလှသည်။ မျက်နှာသစ်ပေးလည်း ဒေါ်သီ၊ အဝတ်အစားလဲပေးလည်း ဒေါ်သီ၊ အစားကျွေးလည်း ဒေါ်သီ၊ နောက်ဖေးအညစ် အကြေးကအစ ဒေါ်သီမှာ အနားက အမြဲမပြတ် စောင့်ပြုစုနေရသည်။

ဒေါ်သီချက်သည့် ဟင်းမှလည်း တစ်သက်လုံး စားလို့ဖြစ်သည်။ ကော်ဖီဖျော်သည်ကအစ လက်ရာပြောင်းသွားလျှင် သောက်မကောင်းတော့ ပေ။ ဒေါ်သီ ခဏတစ်ဖြုတ် မအားလပ်ခိုက် သားသမီးများက ဒေါ်သီ့ကိုယ်စား ခြေထောက်ကို ရေနွေးအိတ် ကပ်ပေးကြသောအခါတွင် ဒေါ်သီမဟုတ်၍ စိတ် တိုင်းမကျပေ။

လူမမာတစ်ဖက်နှင့် မည်မျှပင် ပင်ပန်းနေနေ ဒေါ်သီမှာ အစားမပျက်၊ အ၀မပျက်။ ခေါင်းချတာနှင့် အိပ်ပျော်တတ်သည်။ လူနာစောင့်ရ၍ ခေါင်းမချ ရသာလျှင် ထိုင်လျက်၊ မှီလျက်ဖြင့်လည်း အိပ်ပျော်အောင် အိပ်တတ်သူဖြစ်သည်။ ကျန်းမာရေးကောင်းသူဖြစ်၍ ဒေါ်သီ ဖြန်းခနဲ သေသွားလိမ့်မည်ဟု မည်သူက မှ မထင်ကြချေ။ ညနေဘက် လေဖြတ် လဲကျသွားရာ တစ်ညလုံး သတိမရဘဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် အသက်ပျောက်သွားလေ၏။

သေခြင်းသေ သူသာ အရင်သေလိမ့်မည်ဟု ထင်နေသော ဦးသာဖူ သည် မဆည်နိုင်အောင် အပူမီးတောက်သွားလေ၏။ 'မင်းမရှိရင် ငါဘယ်လို နေရမှာလဲ'ဟု မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်။

ဦးသာဖူးသည် မျက်စိမှိတ်ထားသော်လည်း ဒေါ်သီကို မြင်နေရသည်။ အဖုံဖုံ အနည်းနည်း မြင်နေရသည်။ မိမိက အသက် ၁၈ နှစ်၊ ဒေါ်သီက ၁၆ နှစ်အရွယ် လူငယ်ချင်း ကြိုက်ကြပြီး လူကြီးတွေက မြန်မြန်ဆန်ဆန် ပေးစား လိုက်ကြသည်။

အသားဖြူဖြူ ပိန်ပိန်ပါးပါး အိမ်ထောင်ပြုစက ဒေါ်သီ၏ ပုံသဏ္ဍာန်၊ အသက် ၁၈ နှစ်အရွယ် ကလေးနှစ်ယောက်အမေ ဖြစ်လာသော ဒေါ်သီ၏ ပုံသဏ္ဍာန်၊ ကလေး ၁၂ ယောက်မွေးပြီး ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်လာသော ဒေါ်သီ ၏ ပုံသဏ္ဍာန်၊ ဦးသာဖူး၏ မျက်စိရှေ့တွင် ဒေါ်သီ၏ ရုပ်ပုံသဏ္ဍာန်တွေကို ပုံအမျိုးမျိုး ပြောင်းမြင်မိနေသည့်အနက်မှ လင့်အကြိုက်လိုက်၍ လင့်အလိုကျ ဖြစ်အောင် နှိမ့်ချ ချိုသာထားသော ဒေါ်သီ၏ မျက်နှာအမူအရာများသည် အရွယ်အမျိုးမျိုး၊ ရုပ်ပုံအသီးသီး၌ပင် ထင်ပေါ်လျက် နေပါပေ၏။ ဒေါ်သီ စိတ်ကောင်းရှိပုံ၊ သဘောကောင်းပုံ၊ မနေတတ်ပုံ၊ ကြင်နာတတ်ပုံ စသည် ဒေါ်သီ၏ အကြောင်းတွေ မမေ့နိုင်စရာ တစ်ပုံတစ်ခေါင်းကြီးထဲမှ သူမထူ အောင် အချက်အပြုတ်ကောင်းပုံမှာ အမှတ်ရစရာ အကောင်းဆုံး ဖြစ်လေ၏။ ခံတွင်းပျက်၍ စားမကောင်းလျှင် စားကောင်းအောင် ဖွယ်ဖွယ်ရာရာ လုပ် တတ်ပါပေသည်။ ဦးသာဖူးသည် ဒေါ်သီ၏ အကြောင်းတွေကို စားမြုံ့ပြန်တွေး ရင်း ရင်ထဲ၌ ပူလောင်လာလေသည်။ ပူလောင်နေရာမှ 'ဒေါ်သီ မရှိတော့ ခက်ပြီ'ဟု ဟာသွားပြန်လေသည်။ ဦးသာဖူးအတွက် ဒေါ်သီမရှိလျှင် အခက် ကြီး ခက်မည်မှာ သေချာပေသည်။

ဦးသာဖူးသည် မိုးတွင်းတွင်လည်း မိုးတွင်းဖြစ်၍ နေမကောင်းတတ် ပေ။ ဆွယ်တာ၊ လည်ပတ်နှင့် ခြေအိတ်စွပ်လျက် အိပ်ရာ ဖြူဖြူဖွေးဖွေးပေါ်တွင် စောင်ကြီးတွေနှင့် ထွေးပေးထားရသည်။

နွေအခါကျပြန်လည်း နွေအခါမို့ နေမကောင်းတတ်ပေ။

သနပ်ခါးရည်ကျဲကလေး လူးပေးကာ ဂျာစီရှန်သား လည်ဟိုက်လက်ပြတ် အင်္ကျီပါးပါး ဝတ်ပေးရလျက် အနားကွပ်ထားသော သင်ဖြူးဖျာချောချောကလေး ပေါ်တွင် လှဲစေကာ ဒေါ်သီမှာ ယပ်တောင်တစ်ချောင်းနှင့် ဘေးကထိုင် ယပ် ခပ်ပေးနေရလေ၏။





ဆောင်းဝင်ပြန်တော့လည်း တစ်ဆောင်းတွင်းလုံး နေကောင်းသည် မရှိ။ ရေနွေးနှင့် ရေအေး စပ်၍ ရေချိုးပေးရပြီး အလုပ်အားသွားသော အခိုက် အတန့် အချိန်ကလေး၌ပင် ခြေဖျားလက်ဖျား ဆုပ်ပေးနေရလေ၏။

ရာသီဥတုများ ပြောင်းသွားတိုင်း တစ်မျိုးမဟုတ် တစ်မျိုး ချူချာခြင်း ဖြစ်တတ်၏။ ၁၂ ရာသီစလုံး နေမကောင်းသော ဦးသာဖူးကို ကြည့်လျက် 'ဦးသာဖူးတို့ မမာရတာကလည်း ဇိမ်ပါပဲလား'ဟု အိမ်နီးနားချင်းများက ပြောကြလေသည်။

ဒေါ်သီသည် ဦးသာဖူးကို ၁၂ ရာသီစလုံး အရိပ်တကြည့်ကြည့်နှင့် ကြော်ရှည်ရှည်ထား၍ ပိုးမွေးသလို မွေးနေရသည်။

ယခု ဒေါ်သီ မရှိသည့်နောက်ပိုင်း၌ ဘယ်လိုမမာ၍ ဘယ်သူပြုစုမည် ကို ရှေ့ဆက် မတွေးဝံ့တော့ပေ။ ဦးသာဖူးမှာ စိတ်အားလျော့ပြီး စိတ်ဓာတ် ကျလျက် ပူပန်သောကကြီး ရောက်နေစဉ် ခြေထောက်နှစ်ဖက်က နာချင်သလိုလို ကျဉ်ချင်သလိုလို ဖြစ်လာလေသည်။ ဦးသာဖူးသည် တကယ်နာလာတာလား၊ စိတ်က ထင်တာများလားဟု ရုတ်တရက် မခွဲခြားတတ်နိုင်သေးသဖြင့် ပူပင် သောကများကို ရပ်ကာ နာသည့်နေရာကို အာရုံစိုက်ကြည့်လိုက်သည်။

စိတ်က ထင်လို့ မဟုတ်ဘဲ တဖြည်းဖြည်း နာနေမှန်း သိလာလေသည်။ ကော်တော်ကြာလျှင် သည်ထက် ပိုနာလာတော့မည်၊ သည်ထက် ပိုကိုက်လာ တော့မည်။

"အမယ်လေး ခုမှ ခက်ပါပြီ။ မသီရေ မသီရဲ့"

ဦးသာဖူးသည် မရှုနိုင် မကယ်နိုင်ဖြင့် ရှိုက်ငင်လိုက်ပြီးနောက် ကယောင် ချောက်ချားဖြစ်လျက် ချောင်းကို ညစ်ပတ် ဆိုးနေလေ၏။

[၂]

အိပ်ပေါ်ထပ်မှ ဦးသာဖူး၏ ချောင်းဆိုးသံကြားသဖြင့် သမီးအကြီး မလှသင်သည် အိပ်ရာမှ ဝေါက်ခနဲထလိုက်သည်။ အိမ်ရာထဲ ဝင်လှဲနေရသော်လည်း မလှသင်မှာ တစ်ရေးမှ မပျော်ချေ။ အမေ မရှိတော့သည့်အတွက် ရှေ့ရေးကို အတောမသတ် တွေးနေပေသည်။

နောင်နှမရှစ်ယောက် ကျန်ရစ်ခဲ့သည်။ မိမိက အကြီးဆုံးမို့ မီးခိုးမဆုံး အကုန်လုံးအတွက် လိုက်ပူမိလေသည်။ ဦးသာဖူး ချူချာလာမှ မလှသင်သည် ၎င်းအောက်က မောင်ပါနှင့် မောင်နှမ နှစ်ယောက် ဦးစီးပြီး စီးပွားရေးတာဝန် ယူနေကြရသည်။ အငယ်ခြောက်ယောက်မှာ ကျောင်းနေကြရသည့်အရွယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူလားလည်း မမြောက်ကြသေးပေ။

မလှသင်သည် ဖြုန်းခနဲ အမေဆုံးသွားသဖြင့် အပူကြီး ပူလိုက်ရလေ၏။ အမေသေ၍ အပူကြီး ပူရသည်က တစ်ဖက်၊ အမေ့နေရာတွင် လူစားမရှိသည့် အိမ်အတွက်က တစ်ဖက်ဖြင့် အဘက်ဘက်မှ လျှောက်၍ ပူပန်သော ရောက်နေရှာသည်။

မလှသင်မှာ အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနှင့် နေလာခဲ့ရာ အသက် ၄၀ ပြည့်သွားချေပြီ။ ဒေါ်သီ ၁၇ နှစ်အရွယ်က မလှသင်ကို မွေးခဲ့၏။ သမီး နှင့် အမေမှာ ညီအစ်မကဲ့သို့ ဖြစ်နေကာ အမေကို အမဟုလည်း ခေါ်၏။

ဒေါ်သီ အသက် ၅၀ ကျမှ အမွေးရပ်သွားသည်။ ကလေးတပြုံတခေါင်း ကြီးကို သူက အကြီးဆုံးမို့ တစ်ယောက်ပြီးတစ်ယောက် ထိန်းခဲ့ ကျောင်းခဲ့ ရလေ၏။ သားသမီး ၁၂ ယောက် မွေးဖွားသည့်အနက် ၄ ယောက် ပျက်စီး ကာ ၈ ယောက် ကျန်ရှိလေ၏။

ဒေါ်သီ၏ တစ်သက်တာလုံး ချက်ရေးပြုတ်ရေးနှင့် ဦးသာဖူး၏ ဝေယျာဝစ္စများဖြင့်သာ အချိန်ကုန်နေရသူ ဖြစ်သဖြင့် မွေးသမျှ ကလေးတွေကို မလှသင်က ကောက်ထိန်းကာ သားသည် အမေတစ်ပိုင်း ဖြစ်ခဲ့ရလေ၏။

မလှသင်သည် ကလေးတွေ လက်က လွတ်မှ ဈေးထဲတွင် အထည်ဆိုင် ဖွင့်ကာ နေ့တိုင်း ဆိုင်ထွက်သည်။ မလှသင်အောက်က မောင်ပါကို ၁၀ တန်းအောင်ပြီး မိန်းမ ပေးစားခိုင်းလိုက်သည်။ မောင်ပါ၏ မိန်းမ မလှကို အမေနှင့် အဖော်ရအောင် အိမ်တွင် နေကြဟု သူပင် နေရာချပေးလိုက်သည်။

မနက်စောစော အလှက ဈေးဝယ်ရသည်။ ဒေါ်သီနှင့် အလှတို့က ချက်ကြသည်။ သူက ဆိုင်ထွက်၊ မောင်ပါက ဆန်စက် သွားရ၏။ စက်ထဲသို့ ဦးသာဖူးမသွားနိုင် မလာနိုင်ဖြစ်မှ ညနေ ဆိုင်သိမ်းပြီး စက်သို့ လိုက်သွား ကာ စာရင်းရှင်း ငွေသိမ်းပြီးမှ မောင်ပါနှင့် ပြန်ခဲ့ကြရာ နေဝင်မိုးချုပ်မှ အိမ် ပြန်ရောက်လေ၏။ မောင်ပါအောက် ယောကျ်ားကလေး သုံးယောက်ရှိ၏။ အနီ၊ အကျော် အဖိုတို့မှာ ၁၀ တန်း၊ ၈ တန်း၊ ၇ တန်း ရောက်ကြသေး သည်။ ၄ တန်း၊ ၅ တန်း၊ ၆ တန်းတွင် ရင်ရင်၊ ခင်ခင်နှင့် အပုတို့။

မလှသင်သည် အမေနဲ့ ကလေးတွေနဲ့ မနိုင်ပါဘူးဆိုကာ ငယ်ငယ် ကပင် သူ့သဘောနှင့်သူ ကျောင်းထွက်လိုက်သည်။ ၁၂ နှစ်သမီး အရွယ်လောက် ကပင် တစ်အိမ်လုံး သူ့လက်၊ သူ့ခြေဖြစ်ကာ ငွေကိုင်၊ သော့ကိုင်၊ သေတ္တာ မှောက် ဖြစ်လာလေ၏။ သမီးအကြီးဆုံးမို့ အိမ်တွင် သူ့အချုပ်၊ သူ့အခရာ သူ့ဩဇာကြီးသည်။ အပျိုဖြစ်လျှင် ဒေါ်သီပင် သူ့ဩဇာကို မလွန်ဆန်ရဲတော့





ချေ။ သူမသိဘဲ မလုပ်ဝံ့၊ သူ့မပြောဘဲ မပေးဝံ့၊ သူမကြိုက်လျှင် မစီစဉ်ဝံ့၊ တစ်အိမ်လုံး ဦးသာဖူးက လွဲ၍ အရေးပါသူမှာ မလှသင် ဖြစ်နေလေသည်။

မောင်နှမတွေပေါ် အကြီးဆုံးလုပ်ရသဖြင့် အစားသာ ညှာသည်၊ အဝတ်သာ ညှာသည်။ ဘယ်သူ့ပေါ်မှာမှ မျက်နှာသာ မပေးချေ။ အားလုံးက အမေကို အရုပ်လိုမှတ်ပြီး မလှသင်ကို ကြောက်ကြရသည်။ မလှသင် မျက်လုံး တစ်ချက်ပြူးကြည့်လိုက်ရုံဖြင့် အငယ်တွေမှာ နေစရာ ထိုင်စရာ မရှိ အောင် ဖိမ့်ဖိမ့်တုန်နေကြလေသည်။

မလှသင် အသက် ၂၀ လောက်တွင် ဒေါ်သီက နေရာချပေးချင်သဖြင့် သမီးမျက်နှာသာခိုက် နားချကြည့်ဖူးသည်။

""အမက ဟောတစ်ယောက် ဟောတစ်ယောက် မွေးနေတာ ကျွန်မ သင်ယူလို့ ဘယ်ဖြစ်မတုန်း"

မလှသင် ဂေါက်ဆတ်ဆတ် ပြန်ပြောပြီးကတည်းက သူ့အတွက် အိမ် ထောင်ရေးကို မတိုက်တွန်းဝံ့ဘဲ ဒီအတိုင်း ကြည့်နေခဲ့ရလေ၏။

အပေါင်းအဖော်များနှင့် အိမ်ထောင်ရေးအကြောင်း စကားစပ်လာလျှင် 'ကလေး ၁၁ ယောက် ကြည့်ခဲ့ရလို့ ကျွန်မတော့ လင်စိတ် သားစိတ် ကုန်ပါ ပြီရှင်'ဟု ပိတ်ပြောကာ အိမ်ထောင်မပြုဘဲ အသက် ၄၀ ပြည့်လာခြင်း ဖြစ် လေ၏။

အိမ်ပေါ်ထပ်မှ ဦးသာဖူး၏ ချောင်းသံကို နားစွင့်ပြီး မလှသင်သည် သက်ပြင်းကြီး ချလိုက်ကာ ဆေးလိပ်ကောက်ညှိလိုက်သည်။

'အဖေ့အတွက်က ခက်တယ်'ဟု ညည်းလျက် ဆေးလိပ်ကို အတွင် သာ ဖွာသောက်နေသည်။

"ဘယ်သူ လုပ်ပေးတာမှလဲ စိတ်တိုင်းကျတာ မဟုတ်၊ သူ့အတွက် လူတစ်ယောက်သပ်သပ် ကုန်နေတာ၊ အဖေပဲ ခက်တယ်"

မလှသင်သည် စိတ်ထဲက ပြောပြီး ဆေးလိပ်ကို လက်ညှပ်လျက် မှောင်ထဲတွင် တွေးနေပြန်လေသည်။

"အမ အမ၊ တာဝန်တွေ ငါ့ခေါင်းပေါ် အကုန်လုံး တင်ပစ်ခဲ့တယ်။ ငနီကလည်း ၁၀ တန်း မအောင်သေး၊ ကျော်ကလည်း ကျောင်းပြေး၊ ဖိုး ကလည်း ခုထက်ထိ ကလေးလိုပဲ၊ ဘာမှ မသိတတ်သေးဘူး။ ရင်ရင်၊ ခင်ခင် နဲ့ အပုတို့ကလည်း မိန်းကလေးတွေ၊ အလှနဲ့ သူတို့နဲ့ကလည်း တကျက် ကျက်ပဲ"

မလှသင်သည် ပူစရာတွေ တသီတတန်းကြီး တွေးလျက် တစ်ပူပြီး တစ်ပူ



www.burmeseclassic.com

www.burmeseclassic.com



ဆင့်ပူနေတော့သည်။ အိမ်ရှေ့က မီးနီရောင်ဖြင့် ခြင်ထောင်ထဲတွင် အိပ်နေကြသော မောင်နှမ ခြောက်ယောက်ကို လှည့်ကြည့်လိုက်သည်။

အနီနှင့် အကျားက တစ်ခြင်ထောင်၊ ရင်ရင်နှင့် ခင်ခင်က တစ်ခြင်ထောင်၊ အပုနှင့် အဖိုက မလှသင်၏ ခြင်ထောင်ထဲတွင် ကန့်လန့်ဖြတ် အိပ်ပျော်နေကြလေ၏။

"အကျားနဲ့ အဖိုတို့ကလည်း ရှင်မပြုရသေးဘူး။ ရင်ရင်တောင် အပျိုဘော်ဝင်လာပြီ။ အပျိုပေါက်စ အိမ်မှာ အမရှိရင်တော့ ခက်ပါသေးတယ်"

ကလေးတွေကို လှည့်ကြည့်နေပြီး သူ့ခေါင်းကို ယမ်းနေလေ၏။ ပြီးမှ သက်ပြင်းကြီးချလျက် လက်ထဲက ဆေးလိပ်တိုကို မီးညှိပြန်ကာ စိတ်ရှုပ်ရှုပ်ဖြင့် တစ်ဖွာပြီး တစ်ဖွာ ဆက်တိုက် ဖွာသောက်နေလေသည်။

အတန်ကြာမှ ဆေးလိပ်အဖွာရပ်ကာ အိမ်အတွက် စားရေးသောက်ရေး ချက်ရေးပြုတ်ရေးကို စဉ်းစားလိုက်ပြန်သဖြင့် ခေါင်းရှုပ်သွားပြန်သည်။ အလုပ်တစ်ယောက်တည်း တစ်အိမ်လုံးတာဝန်ကို မလုပ်နိုင်ပေ။ ကလေးက တစ်ဖက်နှင့် တတ်နိုင်မည်လည်း မဟုတ်။ အလုပ်မှာ နဂိုကတည်းက အိမ်ခွဲနေချင်သူ ဖြစ်သည်။ စက်ဝင်းထဲ၌ရှိသော အိမ်တွင် ပြောင်းနေရန် မောင်ပါကို ခဏခဏ အပူတိုက်သည်။ အစ်မကို အသေအလဲကြောက်ရသော မောင်ဖြစ်၍သာ မပြောင်းဝံ့ဘဲ ကြိတ်မှိတ်နေကြမှန်း သိလေ၏။ ဆိုင်ဖြုတ်လိုက်၍လည်း မဖြစ်။ ဆိုင်ထဲတွင် အရင်းတစ်သောင်းလောက် မြှုပ်ထားရသည်။ ဆိုင်က ဝင်ငွေ၊ စက်က ဝင်ငွေဖြင့် အိမ်စရိတ်ကြီး လည်နေရသည်။ ဆိုင်ဖြုတ်၍လည်း မဖြစ်သေးပေ။

မလှသင်သည် ဆေးလိပ်ကို ပြန်ဖွာနေပြန်ကာ အတော်ပူလာမှ နားလိုက်သည်။ နားပြီး သူ့ခေါင်းကို သူကုတ်နေပြန်လေ၏။

ဦးသာဖူး၏ ချောင်းသံ ထပ်ကြားရသဖြင့် ရင်ထဲတွင် ဆို့လာလေသည်။

"ညည်းအဖေ တော်၊ ညက တစ်ညလုံး မအိပ်ရဘူး။ ကိုက်လို့ ခဲလို့ တစ်ညလုံး နှိပ်ပေးရတယ်"

မနက်တိုင်း သတင်းပေးတတ်သော အမ၏ မျက်နှာကို မြင်ယောင်မိကာ မျက်ရည်များ စီးကျလာလေသည်။

'အမ မလည်း တကတည်းမှပဲ အဖေ့အတွက်ပဲ အချိန်ကုန်တာပဲ'ဟု မြည်မိ ပေါက်မိတာတွေကို အမှတ်ရကာ တစိမ့်စိမ့်ဝမ်းနည်းလာသည်။

"မသာရက်အတွင်းမို့ ခါးတယ်၊ ငန်တယ် ဘာမှ မပြောသေးတာ ရှေ့လျှောက် အဖေတို့တော့ စားမကောင်းဘူး၊ သောက်မကောင်းဘူးနဲ့ ဘယ်





သောက်များ နားပူလိုက်မလဲ။ ဒုက္ခပါပဲ"

မလှသင်သည် ဦးသာဖူးအတွက် ပို၍ စိတ်ညစ်လာပြန်သည်။ စိတ်ညစ်လွန်း၍ သေသောသူကို 'အမတော့ အေးတာပဲ၊ ဝဋ်ကျွတ်တာပဲ'ဟု အောက်မေ့လိုက်မိသည်။

အိမ်ပေါ်မှ ချောင်းသံ သာမက ဦးသာဖူး၏ ညည်းသံကိုပါ ကြားလာရသည်။ မလှသင်သည် ဆေးလိပ်တိုကို ချကာ အိပ်ပေါ်သို့ တက်သွားလေ၏။

'အဖေ အဖေ'ဟု ခုတင်ဘေးက ရပ်ခေါ်လိုက်သည်။

"ရေနွေး ရေနွေး"

ဦးသာဖူးသည် တဟင်းဟင်း ညည်းနေသော ညည်းသံရှည်ကြီးကို ရပ်လျက် ရေနွေးတောင်းကာ ဆက်ညည်းနေလေ၏။

မလှသင်သည် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ မီးဖိုတဲသို့ ဝင်သွားကာ မီးမွှေးနေသည်။ ထင်းများ ရေစိုနေ၍ တော်တော်နှင့် မီးက မတောက်။ တစ်အိမ်လုံး ရေနံ့ဆီနံ့သာ မီးမွှန်နေလျက် ရေနွေးကလည်း တော်တော်နှင့် မဆူနိုင်။ အမြန်လုပ်ကာမှ အနှေးဖြစ်နေလျက် မိုးလင်းခါနီးမှ ရေနွေးဆူလေတော့၏။

"ကြာလိုက်တာဗျာ၊ ဒီမှာ သေ သေရတော့မယ်"

ဦးသာဖူးသည် သဲသဲမဲမဲ ညည်းလျက်မှ မာန်လိုက် မဲလိုက်လေသည်။

"ထင်းတွေ စိုနေလို့ ကြာနေတာ အဖေရဲ့"

ဒီလိုအချိန်မျိုး၊ ဒီအခါမျိုးတွင် ဒီလိုအသံမျိုးကို နောက် နောက်က ဘယ်တုန်းကမျှ မကြားခဲ့ရဘူးချေ။ ဘယ်လိုမာန်မာန် ဒေါသထံမှ ညင်သာသော အသံလေးသာ ကြားရစမြဲ ဖြစ်သည်။ ဦးသာဖူးသည် နားထဲ၌ ခါးသက်သက်ကြီး ဖြစ်သွားကာ 'ပေး ပေး၊ ငါ့ဟာငါ ကပ်ပါ့မယ်'ဟု ပြောပြောဆိုဆို လှသင် လက်ထဲမှ ရေနွေးအိတ်ကို အတင်းဆွဲယူလိုက်လေ၏။

'အဖေကလည်း စိတ်ချည်းပဲ'ဟု မလှသင်က ပြန်ပြောလိုက်ချင်သည်။ ါးစပ်ဖျား၌ ရောက်လာသော စကားကို အမ မရှိသဖြင့်သာ အသံမထွက်အောင် ညှာလိုက်ခြင်း ဖြစ်လေ၏။

[၃]

"နင့်သိတဲ့ အတိုင်းပဲ၊ ငါ့အဖေက ချေးများတယ်။ သူ့စိတ်ကြိုက်ကို ...ပ်ပေးနိုင်မှ တော်ကာရယ်။ သည်းခံနိုင်ပါ့မလား၊ လခတော့ တစ်လ ၆၀ ...ပ် ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုမသည် ဖွဲနပုံပေါ်၌ ဆောင့်ကြောင့်ထိုင်လျက် ခေါင်းငုံ့နေလေ၏။ ဘုမမှာ အသက် ၃၅ နှစ်အရွယ် အသားညို၏။ မေးရိုးကားကား၊ နှာတံပြား ပြားနှင့် ရုပ်ရည်ကြမ်းတမ်းသည်။ မျက်နှာပေါက် ဘယ်လိုဆိုးဆိုး ဆန်တစ်အိတ် ထမ်းနိုင်သော ခွန်အားကို မလှသင်က ပိုသဘောကျလေသည်။

"တော်တော့လူလည်း အိမ်မှာ မခေါ်ဝံ့ဘူး။ ညည်းဆိုတော့ ညည်းအဒေ ကလည်း စက်ထဲက အလုပ်သမား၊ အကြောင်းသိ။ ညည်းမှာလည်း အဒေ မရှိ၊ ညည်း အစ်ကို၊ မောင်နှမ များတော့ သည်းခံတတ်မယ် ဆိုပြီး ခေါ်ရမှာ တို့အတွက်က အရေးမကြီးဘူး။ အဖေ့အတွက်က အရေးကြီးတာ"

မလှသင်သည် ဦးသာဖူးဒဏ် ဘုမ ကုန်းခံရန် စကတည်းက လမ်း ခင်းပြီး ပြောပြနေလေ၏။ ဘုမသည် ငုံ့နေရာမှ မရဲတရဲ မော့ကြည့်သည်။ ဖြူဝင်းနေသော မလှသင်၏ မျက်နှာမှာ နုညက်နေလေ၏။ ပြေပြစ်သွယ်လျ သော လက်ချောင်းကလေးမှ စိန်လက်စွပ်ရောင်သည် တဖျပ်ဖျပ် တောက်နေ သည်။ မလှသင်၏ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လျက် စကားပြောရမှာ ပင် ရွံ့နေလေသည်။

"သည်းခံနိုင်ပါတယ် မမရယ်။ ကျွန်မ ငယ်ငယ်ကတည်းက အဒေ ဘက်က ပိုက်ဆံချမ်းသာတဲ့ ဆွေမျိုးအိမ်တွေမှာ နေခဲ့တာပါ။ လုပ်တတ် ကိုင် တတ်ပါတယ်"

ဘုမသည် ခပ်ရွံ့ရွံ့ပြောပြီး ခေါင်းငုံ့နေလေသည်။

ဘုမအားတွင် မြေကြီးပေါ်၌ ထောင်သားများ ပုလိပ်ရှေ့တွင် ပုံစံထိုင် သလို ဒူးပေါ် လက်နှစ်ဖက် ယှက်ပူးပြီး ပါးနှင့်ကပ်လျက် ဆောင့်ကြောင့်ထိုင် နေသော ဘုမအဖေ စက်အလုပ်သမား ကူလီဦးဆိုင်သည် မလှသင် ကမ်းပေး လိုက်သော ငွေစက္ကူများကို တုန်တုန်ယင်ယင်ဖြင့် လှမ်းယူလိုက်လေသည်။

"ရှေ့ ၅ လအတွက် ၃၀၀ ကျပ်"

ရာတန်စက္ကူနှစ်ချပ် သုံးချပ် ထပ်ထားသည်ကို တစ်ထပ်ကြီး မကိုင် ဖူးခဲ့၍ လက်ထဲရောက်လာသော ငွေစက္ကူထပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် 'ပြောမရ ဆိုမရရင် ရိုက်ပါဗျာ'ဟု အာလုတ်သံကြီးဖြင့် ပြောကြား လိုက်လေ၏။

ဘုမသည် ဦးသာဖူးအိမ်သို့ ရောက်သည့်နေ့မှစ၍ စက်ထဲတွင် ဆ အိတ်ထမ်းခဲ့သည်ထက် ဦးသာဖူး ဝေယျာဝစ္စ လုပ်ရသည်က နှစ်ပြန်သုံးပြ ပို၍ ပင်ပန်းသည်ဟု ထင်မိ၏။ တစ်နေ့လုံး ဖင်မချရဘဲ ဇယ်စက်သလို လ နေရလျက် ညဘက်၌လည်း ရေနွေးအိတ် ကပ်ပေးရသဖြင့် အိပ်ပျက်ရသေး၏

ဦးသာဖူးသည် မလှသင် ပြောသည်ထက် ဇီဇာကြောင်သေးသည်





ထင်မိသည်။ အိပ်ရာထဲမှ သူ ထနိုင်လျှင် မီးဖိုထဲသို့ ဝင်လာတတ်ပြီး ဟင်းအိုး ပြင်ရန် သူ့အကြိုက် လာပြပေးသည်။ အိပ်ရာထဲမှ မထနိုင်သည့်အခါများတွင် ဟင်းအိုးတွေ အခန်းထဲသို့ ယူလာခိုင်းကာ သူ့ရှေ့မှောက်တွင် နယ်ရ၊ ဖတ်ရ ပြင်ရလေ၏။

အဝတ်လျှော်ရာတွင်လည်း လာကြည့်၏။ မီးပူတိုက်ရာတွင်လည်း လာကြည့်၏။ သူနှင့် ပတ်သက်သမျှ အစစ ဘယ်လို လုပ်ကိုင်ပေး၍မှ စိတ် တိုင်းမကျ အားမရနိုင်ဘဲ နေရာတကာ၌ ပါလေ၏။

မလှသင်မှာ နံနက်လင်း၍ အိမ်မှ ထွက်သွားရာ နေဝင်မိုးချုပ်မှ ပြန် လာရသဖြင့် အဖေနှင့် ဘုမ ဘယ်လိုစခန်းသွားနေကြသည်ကို အလှထံ၌ သတင်းမေးရ၏။ ဘုမ စိတ်မရှည်ပုံ ပေါ်နေလျှင် ဘုမကို စိတ်ရှည်အောင် ချော့မော့ပြောရသည်။

ဦးသာဖူးသည် ဒေါ်သိုလက်ရာခြေရာကို ဘုမ လိုက်မီရန် နားပူလောက် အောင် မာန်မဲ သင်ကြားနေ၏။ မလှသင်သည် ဆိုင်ထွက်နေရခြင်းက နား အေးသည်ဟု ထင်မိ၏။ ဘုမ လုပ်ပေးသော အလုပ်တစ်ခုသည် ဘယ်အခါမျှ တစ်ခါနှင့် မပြီး၊ နှစ်ခါနှင့် မပြီးချေ။ သုံးလေးခါ ထပ်လုပ်ပေးမှ ပြီးရသည် ချည်း ဖြစ်နေသဖြင့် မလှသင်သည် စိတ်တိုကာ သူ့အဖေနှင့် ခဏခဏ စကားများလေ၏။

"အမ မဟုတ်ဘူး အဖေရဲ့၊ သူလည်း ဒါလောက်ပဲ လုပ်တတ်တော့ မပေါ့၊ အမလိုတော့ ဘယ်သူမျိုးမှ အဖေ့ကို လုပ်မပေးနိုင်ဘူး"

"နင် အသာနေစမ်း၊ နင်တို့ချက်တာ၊ လျှော်တာ မဟုတ်ဘူး။ သူက ချက်တာ၊ သူက လျှော်တာ။ ငါ ဖြစ်သလို မစားနိုင်ဘူး။ ငါ ဖြစ်သလို မဝတ် နိုင်ဘူး။ နားငြီးရင် နားပိတ်ထားကြ"

ဦးသာဖူးသည် ချေးများနိုင်သမျှ များပေးမှ ဘုမ ချက်တာ စားဖြစ် သည်။ ဘုမ လျှော်တာ ဝတ်ဖြစ်လာသည်။ ဘုမသည် သုံးလလောက် ကြာလျှင် ဒေါ်သိ၏ ခြေရာကို တစ်နေ့တခြား မီလာရလေ၏။

မသေခင်စပ်ကြား ကောင်းကောင်းဝတ်မည်၊ ကောင်းကောင်းစားမည် ဟု သူ့တရားနှင့်သူ ဒေါ်သိ၏ ခြေရာကို ဘုမ မီလာနိုင်အောင် ဦးသာဖူးသည် နေ့ရှိသရွေ့ အားထုတ်ကြိုးပမ်း သင်ကြားပြသနေတော့သည်။

ဦးသာဖူးက ငါးခြောက်ဆိုလျှင် ဖုတ်ပြီးသား အဆင်သင့်။ ဦးသာဖူးက ငှာဆိုလျှင် ခင်းပြီးသား အဆင်သင့်။ ဦးသာဖူးက ရေနွေးဆိုလျှင် ကြိုပြီးသား အဆင်သင့်။ ဦးသာဖူး၏ အကြိုက်ကို ဘုမ အကုန်လိုက်လုပ်ပေးနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါသည် တဖြည်းဖြည်း ရောက်လာလေ၏။

အိမ်တွင် ဦးသာဖူး၏ မာန်သံမဲသံ ညည်းသံညူ သံများ စဲသွားလျက် နားအေးပါးအေး ရှိလာသော ထိုအချိန်သည် ရောက်လာလေ၏။

[၄]

မလှသင်သည် နံနက်စောစော ဈေးသွားရန် အဝတ်လဲနေလေသည်။

အလှသည် အခန်းထဲသို့ ဝင်လာကာ မလှသင်၏ မျက်နှာကို မရဲတရဲ ကြည့်လျက် မပွင့်တပွင့် အသံဖြင့် အနားကပ် ပြောလိုက်သည်။

"မမထဘီတွေ သူ မလျှော်နိုင်ဘူးတဲ့"

"ဘာပြောတယ်"

မလှသင်၏ အသံသည် တစ်ခန်းလုံး ကျားဟိန်းသလို ဟိန်းသွားလေ၏။ တစ်လုံးထက်တစ်လုံး မာကျောပြတ်တောင်းလှလေ၏။ မျက်လုံးကြီးပြူးလျက် နှုတ်ခမ်းတင်းတင်းစေ့ထားသော မလှသင်၏ မျက်နှာထားကို အလှသည် ကြောက်လှသဖြင့် ဘယ်လို ပြန်ပြောရမှန်း မသိအောင် ခက်နေလေ၏။

အလှကြောက်နေသော ပုံပန်းအမူအရာများကို ကြည့်လျက် မလှသင်သည် ချာခနဲ အခန်းထဲမှ ထွက်သွားကာ မီးဖိုထဲသို့ တန်းဝင်သွားလေ၏။

"ဟဲ့ ဘုမ၊ ခုနက အလှကို ဘာပြောလိုက်တယ်"

မီးဖိုထဲ၌ ဘုမသည် ပေါင်မုန့်လှီးနေလေ၏။ ပေါင်မုန့်လှီးနေသောဓားကို ကိုင်ထားကာ တစ်ခွန်းမှ ပြန်မပြောဘဲ မျက်နှာပျက်ပျက်ဖြင့် မီးဖိုနံရံကို ကြည့်စရာမရှိ လှမ်းစိုက်ကြည့်နေလေ၏။ ဘုမ မျက်နှာပျက်နေပုံကို မလှသင်က မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။ ဘုမ မျက်နှာပျက်ခြင်းသည် စိတ်ညစ်၍များ မျက်နှာမကောင်းတာလားဟု အဖြေရှာသော အကြည့်မျိုးဖြင့် စူးစူးစမ်းစမ်း ကြည့်သည်။ စူးစိုက်ကြည့်လိုက်မှ ဘုမ မျက်နှာသည် စိတ်ညစ်၍ မျက်နှာမကောင်းသော ပျက်ခြင်းမျိုး မဟုတ်မှန်း သိလိုက်၏။ ဘုမ မျက်နှာသည် အဓိပ္ပာယ်တစ်မျိုးဆောင်ပြနေလေသည်။ နံရံသို့ ကြည့်နေသော မျက်လုံးများသည် မကျေနပ်ရောင်၊ စိတ်ဆိုးရောင် ဘာမျှ မရှိဘဲ တစ်စုံတစ်ခုကို နက်နဲစွာ စဉ်းစားနေသလို စင်းနေလျက် မျက်တောင်မခတ် စိုက်နေလေသည်။ ပြားနေသော နှာတံပျားမှာ ပွနေလျက် ပါးစပ်အနေအထားနှင့် မေးအနေအထားတို့မှာ ပုံပန်းပျက်ကာ သိသိသာသာ မခိုးမခန့် ဖြစ်နေလေသည်။

"ဟဲ့ မေးနေတာ ပြောစမ်း"

မလှသင်သည် ဘုမ၏ မျက်နှာပေးကို မကြည့်ချင်သော အကြည့်မျိုး





ဖြင့် ကြည့်လျက် ရင်ခေါင်းထဲတွင် ကြွထလာသော အလုံးကြီးကို အောင့်မျိုကာ မျက်မှောင်ကြုတ်မြဲ ကြုတ်၍ မေးသည်။

ဘုမသည် တစ်ခွန်းမျှ ပြန်မပြောချေ။ တစ်ချိန်ထက်တစ်ချိန်မျက်နှာသာ သုန်မှုန်လာလေသည်။

နံရံ၌ စိုက်နေသော မျက်လုံးများသည် အတန်ကြာမှ မျက်တောင်ခတ်သာလျက် နံရံမှ မျက်လုံးခွာလိုက်ပြီး ပေါင်မုန့်အပိုင်းကို စိုက်ကြည့်နေပြန်သည်။

"ငါမေးနေတာ မကြားဘူးလား"

သည်တစ်ခါတွင် မလှသင်၏ အသံမှာ ခုနစ်အိမ်က ကြားလောက်၏။ မလှသင်၏ ဖြူဖွေးနေသော မျက်နှာမှာ ချက်ချင်း ရဲရဲနီလာလေသည်။ မျက်မှောင်ကြုတ်လျက် မျက်ခုံးနှစ်ဖက် တစ်ဆက်တည်း ဖြစ်အောင် တွန့်ထားပုံမှာ နဖူးပေါ်တွင် ကင်းကြီးတစ်ကောင် တွားနေသည့် အတိုင်းပင်။

ဘုမသည် မီးဖိုတစ်ဆောင်လုံး သိမ့်သိမ့်တုန်တက်သွားသောအသံကြောင့် ဖျတ်ခနဲ ပေါင်မုန့်မှ မျက်လုံးခွာလိုက်သည်။ လက်တစ်ဖက်က ဓားကိုလည်း ချလိုက်၏။ လက်တစ်ဖက်က ပေါင်မုန့်ကိုလည်း ချလိုက်၏။ ထို့နောက် ထိုင်ရာမှ ထကာ မလှသင်ကို တစ်ချက်မျှ မကြည့်ဘဲ မီးဖိုထဲမှ ထွက်သွားရန် မြန်မြန် ခြေလှမ်းလိုက်သည်။

"ဟဲ့ ကောင်မ၊ ငါမေးနေတာ ဘာလူပါးဝတာလဲ"

ဘုမသည် လှည့်၍မျှ မကြည့်ချေ။ မလှသင်သည် ဒေါသချောင်းချောင်း ထွက်ကာ ဘုမ ဘာဖြစ်မှန်း မသိ၍ အလွန်အမင်း အံ့အားကြီးသင့်လျက် တဆတ်ဆတ် တုန်နေလေသည်။

မိမိအားမှ ဖြတ်ထွက်သွားသော ဘုမကို ကြည့်ရင်း မီးဖိုပေါက် ကျောနိုင်းထားသော ကိုယ်ကို ဘေးစောင်း ပြင်ရပ်လိုက်သည်။ ဘုမ အပေါက်ဝနားသို့ မရောက်မီ အပေါက်ဝ၌ ဦးသာဖူးသည် လာရပ်နေလေသည်။

"ဘာဖြစ်တာလဲ"

ဤမေးခွန်းကို ဦးသာဖူး ပါးစပ်မှ မည်သူ့ကို မေးမှန်းမသိ မေးလိုက်သည်။ ဘုမသည် ဦးသာဖူးအပါး ရောက်ကာနီးမှ 'တဘီမလျှော်လို့တဲ့'ဟု ဒိုးသံပါပါနှင့် ပြောက မီးဖိုထဲမှ မြန်မြန်ထွက်သွားလေ၏။

"ကိုယ့်ထဘီ ကိုယ်လျှော်ကြပေါ့"

သည်တော့မှ ဦးသာဖူးသည် မလှသင်၏ မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောလိုက်သည်။ တစ်စုံတစ်ယောက်က မျက်လုံးနှစ်ဖက်ကို တအားပိတ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သကဲ့သို့ပင် မလှသင်၏ မျက်လုံးများသည် မီးဝင်းဝင်းတောက်သွားလေသည်။ အခိုင်းအစေဘက်က လိုက်ပြောရပါ့မလားဟု စောစောက ထွက်နေသောဒေါသမှာ ပိုမိုပြီး ရဲရဲတောက်သွားလေသည်။ အလွန်တရာ ခံပြင်းသွားသဖြင့် ပြန်ပြောရန် အသံမထွက်နိုင်အောင် ဖြစ်နေစဉ် ဦးသာဖူးက အသံလေးလေးနှင့် ဆက်ပြောပြန်သည်။

"ဒီနေ့ကစပြီး ကိုယ့်ထဘီကိုယ်လျှော်ဝတ်ကြ။ အိမ်အလုပ်လည်း တစ် ယောက် တစ်လက်စီ လုပ်ကြ။ နောက်ပြီး"

ဦးသာဖူး စကားမဆုံးမီ မလှသင်၏ အသံသည် သူ့ကိုယ်တိုင် ဘယ်နေရာက ဘယ်ပုံထွက်လာမှန်း မသိအောင် စူးစူးဝါးဝါးကြီး ထွက်သွားလေသည်။

"ကိုယ့်ထဘီ ကိုယ်လျှော်ဝတ်ရအောင် သူက သခင်မ မို့လို့လား"

အမှန်စင်စစ် မလှသင်သည် ဤစကားကို ဒေါသအလျောက် တမင်ငေါ့ပြောလိုက်ခြင်း ဖြစ်သည်။ တမင်ရွဲ့ပြောလိုက်ခြင်း ဖြစ်သည်။

"အေး၊ အရင်ကလို 'ကျွန်မ'တော့ မဟုတ်ဘူး"

မလှသင်မှာ ရင်နှစ်ခြမ်း ပွင့်ထွက်သွားလေ၏။ အလွန်ဆိုးရွားသော မျက်နှာထားဖြင့် အံပြင်ကြိတ်လိုက်သည်။ နိုင်းတဲ့ စေတဲ့သူဘက်မှ လိုက်၍ မျက်နှာသာပေးရပါ့မလားဟု စောစောက ဦးသာဖူးပေါ်တွင် ရိုးရိုးပဲ ဒေါသွားသည်။ ဒေါပွလွန်း၍ ငေါ့လိုက်ခြင်း ဖြစ်သည်။ ငေါ့ပြောလိုက်ကာမှ ဦးသာဖူးက အတိအလင်း ကြေညာလိုက်သဖြင့် မလှသင်သည် ဆောင့်ခုန်လိုက်လေသည်။

"အဖေက လက်စသတ်တော့ ဒီသဘောက်မအကြောင်း သည်နည်းနဲ့ ကျွန်မကို နားဖောက်တယ်ပေါ့လေ"

"အေး သိရင်ပြီးရော"

ဦးသာဖူးသည် သူ့သမီး၏ ဒေါသကို ကောင်းကောင်းသိသဖြင့် သည်စကား သည်မျှနှင့် ရပ်မှဟု ယူဆကာ ချာခနဲ လှည့်သွားလေ၏။

"တယ်ကောင်းတယ်ပေါ့လေ၊ အမသေလို့မှ အရိုးမဆွေးသေးဘူး ကိုယ့်အိမ်က 'ကျွန်မ' ကို ပြန်ယူတယ်။ ဘုရားမှတ်လို့ ကိုးကွယ်ပါ၊ ဖွတ်သွက်မှ တောင်ပို့မှန်း သိတယ်။ ဘယ်သူမှ မသိအောင် တယ်ပြီး ဝိကြပါလားဟင်"

မလှသင်သည် သူ့အဖေကြားအောင် အော်ပြောလေသည်။ သူ့အမေထိုင်တယ်ကာ အော်ငိုလေသည်။ ထို့နောက် ဘုမကို အော်ဆဲနေလေ၏။





မလှသင်၏ အခန်းထဲတွင် အလှမှာ နေစရာမရှိအောင် ဖြစ်ကာ တစ်ဆတ်ဆတ်တုန်နေလေသည်။ ကလေးခြောက်ယောက်စလုံး ကျောင်းမသွားကြသေး၍ မျက်စိသူငယ်နှင့် အလှကို ဝိုင်းဖက်ထားကြသည်။

ဦးသာဖူးသည် အိမ်ပေါ်သို့ တက်သွားကာ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သည်။ ဘုမသည် ပက်လက်ကုလားထိုင်နား၌ လာကပ်ထိုင်ကာ တရှုံ့ရှုံ့ငိုလျက် ဦးသာဖူး၏ ခြေသလုံးကို ဆုပ်နယ်ပေးနေလေ၏။

မလှသင်သည် မီးကုန်ယမ်းကုန် ဒေါထလိုက်ပြီးနောက် မောလာ၍ အနားလိုက်သည်။ တအောင့်လောက်နားပြီး မထိန်းမချုပ်နိုင်အောင် ဒေါသထလာပြန်သည်။

"အလှ အလှ လာခဲ့စမ်း"

မီးဖိုထဲမှ ကုန်းဟစ်၍ ခေါ်သဖြင့် အလှသည် ကြောက်ရွံ့ကြောက်ရွံ့ဖြင့် မလှသင်အနားသို့ ရောက်လာလေသည်။

"ညည်းအိမ်မှာနေပြီးတော့ မသိဘူးလားဟင်၊ ညည်း ဘာအသုံးကျသလဲ၊ အခုတော့ လူကြားလို ကောင်းသေးရဲ့လား 'ကျွန်မ' မဟုတ်တော့ဘူးတဲ့တော်၊ သခင်မတဲ့ ထွီ"

ဦးသာဖူးသည် အိမ်အောက် မီးဖိုထဲမှ အသံဗလံများကို နားစွင့်လျက် မျက်စိမှိတ်ထားလေသည်။ ဆူသံပွက်သံများသည် ရပ်စဲခြင်းမရှိ၊ ပန်းကန်ခွဲသံ၊ ကွဲသံများပါ ဆက်တိုက်ပြင်းထန်လာလေတော့သည်။

ကွဲသံခွဲသံများ ကြား၍ ဘုမက မျက်လုံးမျက်စိပြူးလျက် ဦးသာဖူး၏ ဒူးကို ကိုင်လှုပ်လိုက်လေသည်။

"နေပစေ ခွဲချင်သလို ခွဲပစေ၊ သူ့ဒေါသကုန်မှ ပြီးမယ်၊ အေးမယ်"

ဦးသာဖူးသည် မျက်လုံးမဖွင့်ဘဲ ခပ်တိုးတိုးပြောလျက် ရင်တလှပ်လှပ်ဖြင့် မှိတ်နေလေ၏။

[၅]

မလှသင်သည် ဆောက်တည်၍မရအောင် အရူးတစ်ပိုင်း ဖြစ်နေလေ၏။

မှန်လည်းမကြည့်နိုင်၊ သနပ်ခါးလည်း ခေါင်းစုတ်ဖွားနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလျက် အတော်ကြီး ပိန်ချုံးသွားလေ၏။ အချိန်ရှိသရွေ့ ဘုမအကြောင်းပဲ ခေါင်းထဲ ဝင်လေ၏။ ထမင်းစားနေလည်း၊ ဘုမကလွဲ၍ ဘာတွေစားနေမှန်း သတိမထားနိုင်ပေ။ သူများစကားလာပြောလျှင် ဘုမကလွဲ၍ ဘာတွေပြောသွားမှန်း မမှတ်မိပေ။ တစ်ခါတစ်ရံလည်း မျက်ရည်နှင့် မျက်ခွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း ရှစ်ခေါက်ချိုးမျက်နှာနဲ့ မြင်မြင်ကရ ဖိမဲ ဖိဆူနေကာ စား ရမှန်း အိပ်ရမှန်း မသိအောင် စားလည်းသည်စိတ်၊ အိပ်လည်း သည်စိတ်ဖြစ် နေလေသည်။

ဦးသာဖူးသည် နေ့စဉ် ဘီလူးထွက် ထွက်နေသော မလှသင်၏ ဒေါသ ကို မခံရပ်နိုင်လာ၍ ရက်များမကြာမီပင် စက်ဝန်းထဲက အိမ်သို့ ဘုမနှင့် ပြောင်းရွှေ့နေလိုက်လေ၏။ မလှသင်သည် ဦးသာဖူး အိမ်ပေါ်မှ ဆင်းသွား ကတည်းက စက်ထဲသို့ မသွားတော့ချေ။ မောင်ပါမှာ ဦးသာဖူးနှင့် မလှသင် စပ်ကြားတွင် အဖေ့အမိန့်ကိုလည်း မလှန်ဝံ့၊ အစ်မအမိန့်ကိုလည်း မပယ်ဖြ ဖြင့် ဒုက္ခများနေရှာ၏။

ဦးသာဖူး ပိုက်ဆံသိမ်းယူလိုက်သောနေ့ဆိုလျှင် မောင်ပါသည် အိမ်ပြန် ရန် ကျားမြီးဆွဲမရလို ကြောက်နေလေသည်။ ငွေများများယူလိုက်သောနေ့ဆို မလှသင် မိုးမမြင် လေမမြင် ဒေါသူပုန်ထ၍ မပြီးတော့ချေ။ ကုလားမနိုင် ရခိုင်မဲလေ၏။ မောင်ပါကို အဖေနှင့် တကျိတ်တည်း တစ်ဉာဏ်တည်းဟု ဆူ ပွက်လျက် အိမ်ပေါ်မှ အတင်းနှင်ချတတ်သည်။ မောင်ပါသည် စောင်ကြီး ခေါင်းမြီးခြုံကာ တုတ်တုတ်မျှ မလှုပ်ဘဲ ပေအိပ်နေလေ၏။

ဘုမကို ရွှေဘီးတစ်ချောင်းနှင့် ရွှေလက်ကောက်များ လုပ်ပေးသည်ဟု မောင်ပါ့ထံမှ ကြားသိရသော သတင်းသည် မလှသင်အတွက် ခေါင်းမီးလောင် သွားသော သတင်းဖြစ်လေ၏။

"တစ်သက်လုံးက ရွှေကို မှူးလို့မှ မရှုဘူးတဲ့ ကုလီသမီးက အမယ် လေး ရွှေဘီးနဲ့ ရွှေလက်ကောက်တွေနဲ့တဲ့တော့"

မလှသင်သည် ကျိတ်မနိုင် ခံမရနှင့် သူ့ခေါင်းတွင် ပတ်ထားသော ရွှေဘီးကို ဆွဲဖြုတ်ယူကာ လွှင့်ပစ်လိုက်လေ၏။ ရင်ရင်က လိုက်ကောက်ယူ ကာ သိမ်းထားလိုက်ရသည်။

ထိုနေ့သည် မကောင်းဆိုးဝါးနေ့ ဖြစ်လေ၏။ အမင်္ဂလာသတင်းကို ကြားရသဖြင့် ရင်ထဲ၌ နောက်နေလေသည်။ ဘယ်နေရာ ထိုင်ရမလို၊ ဘယ်နေရာ သွားရမလို နေမထိ ထိုင်မထိ ဖြစ်လျက် ရင်ပူလွန်း၍ ရေတစ်ခွက်ပြီးတစ်ခွက် ခပ်သောက်နေရလေ၏။

ထိုသတင်းကြားပြီး မလှသင်မှာ ဆိုင်မထွက်နိုင်ဘဲ အိပ်ရာထဲတွင် လဲ နေပြန်လေ၏။ သူ့ရင်ထဲ၌ ပူလောင်နေသောအပူမှာ ဘယ်အပူနှင့်မျှမတူ၊ အရှင်လတ်လတ် မီးမြိုက်ခံနေရသကဲ့သို့ မချိမဆန့် လောက်လိုက်ပူလိုက်သည် ဖြစ်ခြင်း။





ဘုမကို အရိုးအသား ရှာမတွေ့အောင် စိစိညက်ညက် ချေပစ်ချင်နေ သည်။ ဦးသာဖူးကို အဖေအဖြစ်မှ သေခန်းရှင်ခန်း ဖြတ်ပစ်လိုက်လိုသည်။ ဆန်စက်ကြီးကိုလည်း မီးရှို့ပစ်လိုက်ချင်သည်။ သေသောသူကိုပင် မချန်ဘဲ သူ့အပူ ကိုယ့်အပူ လာဖြစ်ရသည်ဟု မလှသင်သည် အားလုံးကို သိမ်းကျုံးနာနေ လေသည်။

အလှသည် အိပ်ရာထဲ၌ ခွေနေသော မလှသင်ကို မျက်နှာလို မျက်နှာ ရ အနားမှ ဆွပေးလိုက်သည်။

"အောက်လမ်း ဆေးတွေ ဝါးတွေနဲ့များ လုပ်ထားသလားမှ မသိဘဲ မမ"

မလှသင်သည် ဒါမျိုးတွေကို ဘယ်တုန်းကမျှ မယုံကြည်ခဲ့ချေ။ မယုံ ကြည်ခဲ့ဘဲလျက် အခုတော့ ဒါကို ယုံရကောင်းနိုးနိုး၊ ယုံရမလိုလို ဖြစ်လာသည်။

ကြံရာမရတော့သဖြင့် နဖူးပေါ်၌ လက်တင်လျက် ရင်ဝက အပူလုံးကို တဟူးဟူးနှင့် မှုတ်ထုတ်လိုက်ပြီး အံကြိတ်လိုက်လေ၏။

"ဗေဒင်လေး ဘာလေး မေးကြည့်စမ်းပါဦး မမရဲ့"

ဒေါသမီး ဖိစီးလျက် အိပ်ရာထဲ၌ ခြေပစ်လက်ပစ်ဖြစ်နေသော မလှသင် သည် ခေါက်ခနဲထထိုင်လိုက်လေသည်။ ခါးပေါ်၌ ဖားလျားကျနေသောဆံပင် များကို နောက်တွင် ဆွဲထုံးလိုက်သည်။

ရေတစ်ခွက်တောင်းသောက်လိုက်ပြီး ထီးတစ်ချောင်းဆွဲလျက် အိမ် ပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားလေ၏။ မိမိကို မသိသော ဗေဒင်ဆရာကို လိုက် လံ မေးမြန်းစုံစမ်းကြည့်သည်။ နောက်မှ အသိတစ်ယောက်က ညွှန်ပြလိုက်သော အင်္ဂဝိဇ္ဇာဗေဒင်ဆရာ၏ အိမ်ပေါ်သို့ ခပ်ကုပ်ကုပ်ကလေး တက်သွားလေ၏။

နှုတ်ခမ်းမွေးကျင်စွယ်နှင့် မျက်စိတစ်ဖက်လပ်နေသော ဗေဒင်ဆရာသည် မလှသင် အိမ်ပေါ်တက်လာသည်နှင့် စာဖတ်နေရာမှ ဒန်ကိုင်းမျက်မှန်ကို မလျက် အကဲခက်သော မျက်လုံးအကောင်းတစ်ဖက်ဖြင့် လှမ်းကြည့်လိုက်သည်။

"ထိုင် သူငယ်မ။ ဘယ်နှစ်ခုလဲ ဘယ်နေ့လဲ"

အင်္ဂဝိဇ္ဇာ ဗေဒင်ဆရာသည် ခုနစ်သင်္ကာရာဇ် မေးမြန်းပြီးနောက် ပေါင် မရှိသော ကျောက်သင်ပုန်ကလေးတစ်ချပ်ပေါ်တွင် တွက်ချက်နေလေ၏။

"သူငယ်မ လောလောဆယ် အပူသင့်နေပြီ"

"ဟုတ်တယ် ဘကြီးရယ်"

မလှသင်သည် အမောဆို့လာသော အသံဖြင့် ပြန်ပြောလိုက်သည်။

"တခြား အပူမဟုတ်ဘူးဗျ။ ခြေနှစ်ချောင်းအပူ"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပါပဲ ဘကြီးရယ်"

ဗေဒင်ဆရာသည် မျက်နှာမော့လိုက်ကာ မျက်မှန်ကိုင်းကို မလျက် အာရုံစိုက်ကြည့်လိုက်သည်။ ပြီးမှ ခေါင်းတဆက်ဆက် ညိတ်နေလေ၏။ ထို့နောက် ငုံ့၍ တွက်နေပြန်သည်။

မလှသင်သည် ရင်တဖိုဖိုနှင့် စောင့်ဆိုင်းနေသည်။ သည်ဆရာမှ တစ်ပါးသူ့တွင် ကိုးကွယ်ရာ မရှိတော့သကဲ့သို့ အားထားသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေလေသည်။

"ခြေနှစ်ချောင်းက မိန်းမ မဟုတ်ဘူး။ ယောကျ်ားနဲ့ ဆိုင်တယ်။ ရှင်းရှင်း ပြောရရင် မယားငယ်ယူသပေါ့ကွယ်"

"ဟုတ်လိုက်တာ ဘကြီးရယ်"

မလှသင်၏ မျက်လုံးများသည် ဝင်းလက်သွားပေသည်။ သူ့အပူတွေ သက်သာရာ ရတော့အံ့ဟု မျှော်လင့်ဇောနှင့် သူ့ရင်ထဲ၌ တစ်ခဏ အေးမြသွားလေ၏။ ဗေဒင်ဆရာသည် ကျောက်သင်ပုန်းပေါ်၌ ကျောက်တံသံထွက်အောင် ပြင်းပြင်း ဆွဲခြစ်တွက်လျက် ကျောက်တံနှင့် တခေါက်ခေါက်ခေါက်ပြောလိုက်ပြန်သည်။

"အင်း ဒီကိန်းကျလို့ ဒီအပူသင့်ရတာပဲဟ။ မယားငယ်ယူတာ မကြာသေးဘူး"

ဗေဒင်ဆရာ၏ ဟောကိန်းမှာ တစ်ခွန်းထက်တစ်ခွန်း သွေးထက်အောင် မှန်လှချေ၏။ မှန်လွန်လွန်း၍ မလှသင်သည် သိပ်လွန်သွားမည်ကို စိုးသဖြင့် သူက အရင်းဦးနှင့်အောင် ဖွင့်ပြောပြသည်။

"ယောကျ်ားဆိုပေမဲ့ ကျွန်မ အဖေပါ ဆရာရဲ့"

ဗေဒင်ဆရာသည် တခေါက်ခေါက်ခေါက်နေသော ကျောက်တံကို အရှိန်သတ်လိုက်သည်။ ဣသန္ဒြေပျက်သွားကာ ယောင်ပြီး ရပ်လိုက်မိခြင်း အတွက် ကပျာကယာအမူအရာ ပြန်ပြင်ကာ အသံခပ်ပြတ်ပြတ်နှင့် လိမ့်ဝါးချလိုက်လေသည်။

"ခြေနှစ်ချောင်းယောကျ်ားလို့ပြောတာဟာ အဖေလည်း ယောကျ်ားအစ်ကိုတို့ မောင်တို့လည်း ယောကျ်ားပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ် ဟုတ်ပါတယ်"

"ကိုင်း ဆို ဘာသိချင်သလဲ"

ဗေဒင်ဆရာသည် ကျောက်တံကို လွှတ်ချလိုက်ကာ ဟန်နှင့်ပန်နှင့် ဆေးလိပ်ညှိသောက်လိုက်လေသည်။





"သူတို့ မြဲမှာလား၊ ကွဲမှာလား သိချင်လို့ပါ"

ဗေဒင်ဆရာသည် ဆေးပြင်းလိပ်တိုကို ပါးစောင်တွင် ခဲပြီး၊ ဆက်၍ တွက်ပြန်လေ၏။

"မကွဲဘူးဗျ မြဲမှာ။ မမြဲစေချင်ရင် ဆေးဖယောင်းတိုင် ထွန်းရမယ်"

မလှသင်သည် ငြိမ်သွားလေ၏။ အကင်းပါးလှသော ဗေဒင်ဆရာသည် မမြဲစေချင်မှန်းကို ဖွင့်မပြောဘဲနှင့် သိနှင့်ပြီး ဖြစ်သည်။ အတွေ့အကြုံများနေသူပီပီ ခပ်တိုတို ခပ်ဆက်ဆက် ထပ်ပြောလိုက်သည်။

"မယားငယ်ဝတ်တဲ့ အင်္ကျီဟောင်းနဲ့ ငွေ ၁၅ ကျပ် ယူခဲ့ ကြားလားသူငယ်မ၊ ဒါပဲ"

မလှသင်သည် ငွေ ၅ ကျပ်ကို ကျောက်သင်ပုန်းပေါ်၌ ကင်လိုက်ကာ 'ဟုတ်ကဲ့ဆရာ'ဟု ဆိုလျက် ဗေဒင်ဆရာ့အိမ်ပေါ်မှ လေးလေးကန်ကန် ဆင်းလာခဲ့သည်။

ဘုမအင်္ကျီဟောင်းရရန် ရုတ်တရက် မလွယ်ချေ။ ဦးသာဖူးနှင့် ခင်မင်သော ဒေါ်စိုးကို ဖျတ်ခနဲ သတိရလိုက်မိသည်။ ဒေါ်စိုးမှာ စက်ထဲမှ ဆန်အိတ်ဘစ်ရာ၊ နှစ်ရာဆွဲသော ဖောက်သည်ရင်း ဖြစ်လေ၏။ ဒေါ်စိုးကို တစ်ဖက်လက်နှင့် ယှနိုင်းရန် အကြံရသွားသဖြင့် ဒေါ်စိုးဆိုင်သို့ တန်းသွားလေ၏။

[၆]

မလှသင်သည် ဒေါ်စိုးဆိုင်ပေါ်တွင် မတွေ့ချင်သော သူတွေနှင့် ပက်ပင်းသွား၍ ဘိုးနေလေ၏။ ဆန်ဆိုင်ပေါ်တွင် လက်ဖက်ဝိုင်းကြီးဖွဲ့လျက် အမျှင်းပြေစားနေကြသော မိန်းမတစ်စုသည် မလှသင်ကို မြင်မြင်ချင်း အချင်းချင်းလက်တို့ကာ မျက်နှာချိုသွေးလိုက်ကြသည်။

"ဘယ့်နှယ် အပျိုကြီး၊ ဘယ်လို ဖြစ်လာပြန်သတုံး။ ပိန်လှချည်ကလားတော်"

အသက် ၄၀ အရွယ်၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်၊ မဟာနဖူးနှင့် စိန့်ဘီးကလေးစိုက်ထားသော သူဌေးကတော် ဒေါ်နုမေက ဆီး၍ပြောလိုက်သည်။

"ပိန်ဆို သည်အပူ ဘယ်အပူနဲ့မှ မတူပါဘိ"

ဒေါ်နုမေနား၌ ထိုင်နေသော မသန်းရီသည် ပြောပြီး ဟားတိုက်ရယ်လိုက်လေ၏။ ရွှေကိုင်းမျက်မှန် တပ်ထားသော မသန်းရီး၏ ပါးစပ်ထဲမှ ရွှေသွားများမှာ အတုံးလိုက် အခဲလိုက် ဝင်းသွားလေသည်။

"အပျိုကြီးနှယ်တော် ဟုတ်ပါရဲ့၊ လင်မယူလင်မယူနဲ့။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးမမရယ် ဒုက္ခများလှတယ်”

ကျွန်မ ဘေးနား၌ ထိုင်နေသော မအေးကြည်က ဆက်လိုက်သည်။ မအေးကြည်သည် ဘီအိုစီစာတတ်ဆီဆိုင်ရှင် တရုတ် ဦးကြောင်ငန်း၏ နောက်မိန်းမ ဖြစ်သည်။ ဦးကြောက်ငန်း၏ သမီးအကြီး မကျင်ဝှက်ထက် မအေးကြည်က အသက်ငယ်လေ၏။

ကပိုကရိုနှင့် ပွပုံဖမ်းလာသော မလှသင်သည် မျက်နှာပျက်ပျက် ရှက်ရှက်ဖြင့် အသီးသီးကို လှမ်းရယ်ပြလိုက်ပြီးမှ အသာဝင်ထိုင်သည်။

စာရင်းတွက်နေသော ဒေါ်စိုးက ‘ညည်းအဖေ စက်ထဲက အိမ်ကို ပြောင်းသွားပြီဆို’ဟု လှမ်းမေးလိုက်သည်။

“ပြောင်းသွားကြပြီ ဒေါ်ဒေါ်ရဲ့။ ဘယ်အတူတူနေလို့ ဖြစ်နိုင်ပါ့မလဲ ပြောင်းမယ့်နေ့က ကျွန်မနဲ့ အဖေနဲ့ အကြီးအကျယ် စကားများကြတယ်”

‘ဘာဖြစ်လို့လဲ ပြောစမ်းပါဦး’ ဟု ဒေါ်နုမေက မျက်ခုံးချီလျက် ကြားချင်ဇောဖြင့် ပေါင်ပုတ်မေးလိုက်သည်။

“ဖြစ်တာတော့ မမေးပါနဲ့တော့ မနုမေရယ်၊ ကျွန်မကို ပြောသွားလိုက်တာ အသည်းနာလို့ မဆုံးပါဘူး”

‘ဘယ်လို ပြောသွားလို့လဲ’ဟု မသန်းရီက မေးလိုက်ပြန်သည်။

“နင်ဟာလေ ခုထက်ထိ လင်လည်းမယူဘူး။ ကိုယ်ချင်းစာကရားလည်း မရှိဘူးတဲ့။ ကြည့်စမ်းပါဦးရှင်၊ ပြောပုံက”

ဝါးခနဲ ရယ်လိုက်ကြလေ၏။

“အဲဒီတော့ မလှသင်က ဘာပြန်ပြောလိုက်သလဲ”

မသန်းရီက မျက်နှာပိုးသတ်ပြီး မေးပြန်သည်။ မလှသင်သည် ရောက်စကလို ညှိုးငယ်ခြင်း အရိပ်အယောင်များ လွင့်ပျောက်သွားလျက် ဒေါသအရှိန် ကြွလာလေသည်။ သူ့မျက်နှာမှာ နီမြန်းလာကာ အာပေါင်အာရင်းသန်သန်ဖြင့် ပြောပြလေသည်။

“မယူနိုင်ဘူးရှင်၊ ကလေးတွေ တပြုံတခေါင်းကြီးကို ပစ်ပြီး လင်မယူနိုင်ဘူးရှင့်၊ ယူနိုင်တဲ့လူသာ ယူကျလို့ ပြန်ပြောပစ်လိုက်တာပေါ့”

ဝါးခနဲ ရယ်လိုက်ကြပြန်လေ၏။ တော်တော်နှင့် အတောမသတ်အဲ ခွက်ထိုးခွက်လန် ရယ်နေကြလေသည်။ ဝါးခနဲ ရယ်သံများ ထွက်လာတိုင်းဝင် ကျွန်မမှာ ရယ်နိုင်ဖို့ ဝေးစွ၊ ရင်ထဲ၌ နစ်နစ်သွားသည်။

ဒေါသရှေ့ထားနေသော မလှသင်သည် သူ ဘာပြော၍ ပြောနေမှန်းမသိ။ သူ့ကို ဝိုင်းပြီး ဝါးခနဲရယ်နေကြသည်ကိုလည်း ဘာကြောင့် ရယ်နေ





ကြမှန်း သူမသိ။ မီးကုန်ယမ်းကုန် ထွက်လာသော ဒေါသဖြင့်သာ မွှန်နေသည်။ ရှုးရှုးရှဲရှဲဖြင့် အစအဆုံး ဇာတ်စုံခင်း ပြောနေတော့လေ၏။ မလှသင်၏ ဒေါသကို အရှိန်ပြင်းထန်လာအောင် တစ်ယောက်ပြီးတစ်ယောက် ဘေးကနေ ဝိုင်းပြီး တွန်းပင့်ပေးနေကြသည်။

“အခု အစေခံမက ရွှေဘီးနဲ့ ရွှေလက်ကောက်နဲ့တဲ့ရှင့်”

‘အဘိုးကြီးက အတော်စွဲနေမှကိုး’ဟု ဦးကြောင်ငန်း၏ နောက်မိန်းမ ကဝင်ပြောပြီး ‘ဟီး ဟီး’ဟု လှောင်ရယ်လိုက်သည်။ ‘ပါးဆွဲချဖို့ ကောင်းတယ်’ဟု ရွှေမျက်မှန်နှင့် မသန်းရီးက မျက်နှာထိ မျက်နှာထားနှင့် ပြောလေသည်။

‘လက်သနခံလို့တော်’ဟု မနုမေကပြောပြီး သူ့နှုတ်ခမ်းကို နားရွက်နားရောက်အောင် ပြဲမဲ့ထားလျက် နှာခေါင်းဝကို ပွစိပွစိလှုပ်နေလေသည်။

“ဒေါသ ဖြစ်လိုက်တာတော့ မပြောပါနဲ့၊ ရုပ်သာကြည့်ကြပါတော့ အမေ သေလို့ဘာမှ မကြာသေးတော့ စိတ်မချမ်းသာလိုက်တာ။ ကျွန်မရင်ထဲမှာ ဆတ်ဆတ် ဆတ်ဆတ်နဲ့ အမြဲတုန်နေတော့တယ်။ မအိပ်လည်း မအိပ်နိုင်ဘူး။ အစာဆိုတာလည်း ကြည့်တောင် မကြည့်ချင်ဘူး။ တစ်ည တစ်ည မအိပ်နိုင်တိုင်း ဆေးလိပ်ထသောက်တာ ဆေးလိပ်အစိပ်လောက် ကုန်တယ်”

“ဖိုးသူတော်လဲတော့ တောင်ဝေးရှိသတော့။ အပျိုကြီးလဲတော့ ဘယ်သူရှိပါ့မလဲ။ ကြည့်လည်းပူရှင့်။ ရှင့်မှာ ကလေးတွေ တစ်ပြုံကြီးနဲ့”

မနုမေသည် မလှသင်အပေါ်၌ ကရုဏာ ရှိသယောင်ယောင်နှင့် သရော်လိုက်လေသည်။

‘ပူတယ်လေ ဆယ်နေကဲ’ မအေးကြည်က မနုမေကို မျက်စပစ်လိုက်လျက် သံနေသံထားကလေးနှင့် ခပ်ဆွဲဆွဲ ဆိုနေလေသည်။

မဲ့ရွဲ့နေသော မနုမေသည် ချက်ချင်းပင် ‘ဟား ဟား ဟား ဟား’ဟု ရယ်မောလိုက်လေသည်။

ဒေါ်စိုးသည် စာရင်းစာအုပ်ပိတ်ပြီးလျှင် ဆန်အိတ်ကို မှီထိုင်လျက် လက်ပိုက်ပြီး ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ မလှသင်ကို စိုက်ပြီး ကြည့်နေလေသည်။ မြင်နေကျ ရုပ်နှင့် အခြားနားကြီး ခြားနားသွားသော အဖြစ်ကို စိုက်ပြီး ကြည့်နေပုံရသည်။ ယခင်က မလှသင် ဈေးထွက်လျှင် ဝတ်စားပြင်ဆင်လာပုံများမှာ ပွဲထိုင်သွားမည့်သူက အရှုံးပေးရလောက်၏။ ယခုမူကား လက်ဝတ်လက်စားလည်း မဝတ်၊ ဆံထုံးနောက်တွဲထုံးလျက် ခေါင်းပေါ်မှ ဆံပင်များမှာ နားထင်ပေါ်၌ ဟိုလွင့် သည်လွင့် ဖွာကျနေလေသည်။ မမှန်မသဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထားသော မျက်နှာလည်း ထင်းထင်းကြီး ပြောင်တင်းနေသည်။ အိမ်ထဲဝတ်သော အင်္ကျီဟောင်း၊ လုံချည်ဟောင်းနှင့်ပင် ဝတ်၍ ထွက်လာသည်။

ကျွန်မသည် တစ်ချိန်လုံး ငြိမ်နေသည်။ မျက်စိရှေ့မှောက်တွင် အပူသည်နှင့် အပူသည်ကို ဝိုင်းဝန်းနောက်ပြောင် သရော်ကြလျက် မြှောက်ထိုးပင့်ကော်လုပ်ပေးနေကြသော မိန်းမတွေကိုပါ စိတ်ဝင်စားနေမိလေသည်။ 'ဒါဟာသရော်စရာလား'ဟု ကျွန်မ စိတ်ထဲ၌ တွေးနေမိသည်။ 'မြှောက်ထိုးပင့်ကော်လုပ်စရာလား'ဟု စိတ်ထဲ၌ မကောင်းဘဲ ဖြစ်နေသည်။ မလှသင်နှင့် ကျွန်မမှာ သူတို့အချင်းချင်းလောက် ရင်းရင်းနှီးနှီး မရှိ။ ဒေါ်စိုး ဆိုင်တွင် ဆန်လာဝယ်ရင်း မလှသင်ရော သူတို့နှင့်ရော မကြာခဏ ဆုံတတ်လေသည်။

မလှသင်နှင့် သိကျွမ်းစက ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းရှိသဖြင့် ခင်မင်စရာကောင်းသည်ဟု မှတ်ထား၏။ မနုမေမှာ သူ့နှုတ်နေအတိုင်းဆိုလျှင် ယဉ်ကျေးသယောင်ယောင်၊ နူးညံ့သယောင်ယောင် ထင်ရလျက် စကားပြောကြည့်မှ သဘောနှမှန်း သိထားသည်။ စကားပြောသံကလည်း အောင့်အောင့် ဆောင့်ဆောင့်အသံမျိုးဖြင့် ပြောတတ်သည်။ ဘယ်ရှေ့မှ မရှောင်ဘဲ မဲ့ကာ ရွဲ့ကာဖြင့် ပြောတတ်သူ ဖြစ်လေသည်။

မသန်းရီမှာ မလှသင်နှင့် ဆိုင်နီးချင်း အထည်ဆိုင်ထွက်သည်။ တစ်ဖက်သားကို အောက်ကျို့ပြောရမှာလည်း ဝန်မလေးပေ။ အထက်က စီးပြောရမှာလည်း ဝန်မလေးပေ။ ဘယ်လို လူတန်းစားနှင့်ဖြစ်ဖြစ် လေပေးဖြောင့်သူ ဖြစ်သည်။ မအေးကြည်ကို တစ်ခါတစ်ရံမှ တွေ့ရသည်။ သူ့ကို တွေ့လိုက်လျှင် ရုပ်ရှင်မင်းသမီးများလားဟု ထင်ရသည်။ အိမ်ထောင်ရေးကြောင့် ဖြစ်စေ၊ စီးပွားရေးကြောင့် ဖြစ်စေ ပြဿနာတစ်ခုခု အမြဲဖြစ်နေတတ်ကာ ဘယ်နည်းနှင့်မျှ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်သူဖြစ်မှန်း သတိထားမိသည်။

ကျွန်မ ငြိမ်ချက်သား ကောင်းနေတုန်း ဒေါ်စိုးဆီက အသံထွက်သည်။ ကျွန်မမှာ ညင်သာပျော့ပျောင်းလှသော ဒေါ်စိုး၏ အသံကို စိုက်နားထောင်နေမိသည်။

"မလှသင်ရယ် ဒေါသရှေ့ထားရင် မှားတော့မပေါ့။ သေသေချာချာ စဉ်းစားကြည့်စမ်းပါကွယ်။ ညည်း မလိမ္မာလို့ ညည်း ဒုက္ခများနေရတာ ညည်းအနေနဲ့ ဒီကိစ္စ သိသိချင်း ရှေ့နောက် ဆင်ခြင်စဉ်းစားပြီး အုပ်အုပ်ဆိုင်ဆိုင်းနဲ့ ပေးစားလိုက်ဖို့၊ ခွင့်ပြုလိုက်ဖို့ ကောင်းပါတယ်။ ညည်းသာ ဒီလို လုပ်နိုင်ရင် သူတို့လည်း အိမ်ပေါ်က ပြောင်းဆင်းမသွားဘူးပေါ့။ စီးပွားလည်း ခွဲမနေရဘူး။ ခါတိုင်းလိုပဲ ညည်းဩဇာနာခံရမှာပဲ။ ညည်းရဲ့ လက်ဝေခံသုံးကြ





ရမှာပဲ။ ကုန်ကုန်ပြောမယ် မလှသင်ရယ်၊ မြေးဘီးတို့ မြေးလက်ကောက်တို့ဆိုတာ ညည်း ဆင်မှ ဒင်း ဝတ်ရမှာပါ။ ငါပြောတာ မဟုတ်ဘူးလား အေ"

ကျွန်မသည် မလှသင်ကို လှမ်းကြည့်လိုက်သည်။ မလှသင်မှာ ငိုင်ပြီးဆွေးနေလေသည်။ သူ့အတွေးတွေမှာ မကြည်လင်သေးမှန်း မျက်နှာအရိပ်ခြင်းက ပြနေပေသည်။

"ဒါကတော့လည်း ဒေါ်ကြီးစိုးရယ်၊ ခိုင်းတဲ့ ကောင်မကို အိမ်ဦးခန်းတင်ရမှာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ မဟုတ်တာ။ တစ်နည်းနဲ့ မကွဲ၊ တစ်နည်းနဲ့ ကွဲအောင် ကြံဖို့ပဲ ရှိတယ်"

မနုမေက ဝင်ပြောသည်။ မလှသင်သည် သူ့ဘက်မှ မနုမေ ဝင်ရောက်ထောက်ခံ အားပေးခြင်းကို အကြိုက်ကျသော မျက်လုံးမျိုးဖြင့် စွေစောင်းကြည့်လိုက်လေသည်။

"ဒီလိုလည်း မဟုတ်သေးဘူး မနုမေရဲ့။ ခိုင်းတဲ့ကောင်မ ထားပါဦး၊ သူ့အမေ မသိကိုယ်တိုင်တောင် ဘယ်တုန်းကများ အိမ်ဦးခန်းမှာ နေသွားရသလဲ။ သူ့ခမျာ သေတာ သွားရှာရော၊ မီးဖိုချောင်နဲ့ အချိန်ကုန်သွားရတာပါ။ သူ့ယောကျ်ား ဝေယျာဝစ္စနဲ့ နေ့ရှိသရွေ့ အလုပ်များနေရတဲ့ မသိကို ဘယ်တုန်းကများ အိမ်ဦးခန်းမှာ တွေ့ဖူးကြလို့တုန်း။ သူ့ခမျာ ကျွန်မယား၊ ကျေးမယားကျနေတာပဲ။ ကိုသာဖူးနဲ့က အဲသလို မိန်းမမျိုးနဲ့မှ ဖြစ်မှာ။ အိမ်ဦးခန်းမှာ နေမယ် မိန်းမမျိုးနဲ့ ဖြစ်မလား၊ စဉ်းစားကြည့်ကြပါဦး။ သူ့ဝေယျာဝစ္စနဲ့ သူ့သည်းညည်းကို ခံနိုင်မယ့်ဟာမျိုး သူ့အနားမှာ တစ်ယောက် အမြဲရှိမှ ဖြစ်မှာ။ သူ့ဒဏ်ကို တာရှည် ဘယ်သူခံနိုင်မလဲ"

မလှသင်၏ မျက်လုံးများတွင် မျက်ရည်များ ဝဲနေလေ၏။ အိုနေသော မျက်နှာထားမှာ ညှိုး၍ လာလေသည်။ ပြောင်တင်းနေသော မျက်နှာသည် သွေးမရှိသလို ဖြူဖပ်ဖြူရော်ပင် ဖြစ်လာလေသည်။

"ဒေါသရှေ့ထားရင် မှားမှာချည်းပဲ။ ညည်းတို့ကို အမွေခွဲပေးသေးဘာလဲ မဟုတ်ဘူး။ မလှသင် ညည်းဒေါသကို ညည်းမရုပ်သိမ်းနိုင်ဘူးဆိုရင် နက်တွေ အိမ်တွေ ညည်းအမေနာမည် နေရာမှာ ဘုမနာမည် ရောက်လာလိမ့်မယ်။ ဒါမျိုးဆိုတာ လူမတတ်ပေတဲ့ လက်ဖက်ထုပ်က တတ်လာလိမ့်မယ်။ ငါပြောချင်တာက ခုနေ ညည်းစိတ်ကို ပြင်ဖို့ အချိန် ရှိပါသေးတယ်။ ညည်းမှာရှိတဲ့ အသိတရားတွေကို ဒေါသက ဖုံးနေပြီ။ ပြီးတော့ ညည်းမှာ အလိုလို ဘယ်လောက်များသလဲ။ ညည်းအဖေအပေါ်မှာ ဖြစ်သမျှ ဒေါသတွေဟာ အပြစ်ချည်းပဲကွဲ့။ ဒီအပြစ်ကမှ ကြောက်ဖို့ သိပ်ကောင်းတဲ့ အပြစ် ပေါ့။ ဒေါသရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးကလည်း ဘယ်မတုန်းကွယ်၊ ကိုယ့်ရုပ်ပဲ ပြန်ကြည့်စမ်းပါဦး အရင်နဲ့ တူသေးရဲ့လား။ ငါ့စကားကို သေသေချာချာစဉ်းစားပြီး လက်ခံနိုင်မယ် ဆိုရင် ရှေ့ကို ဒီ့ထက်တိုးပြီးတော့ စိတ်ဒုက္ခမရောက်တော့ဘူးဆိုတာ ငါအာမခံ ရဲပါတယ်။ ဒီအတိုင်းသာ မပြင်ရင်တော့ ဒို့ထက်တိုး စိတ်ဆင်းရဲရလိမ့်မယ်"

ကျွန်မမှာ ကြားထဲက မဆီမဆိုင် ဒေါ်စိုးကို ကျေးဇူးတင်လိုက်မိသည်။ ဒေါ်စိုးကပါ ဝင်၍ မီးထိုးပေးလိုက်လျှင် ခက်ရချေသေး၏။ မခံမရပ်နိုင်အောင် အပူမီးတောက်လောင်လျက် နေပုံမှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသဖြင့် မိန်းမ ချင်း စာနာစိတ် ပြင်းထန်သွားကာ ကရုဏာများစွာ ဖြစ်မိသည်။ မိန်းမသာ နှင့် လင်ပူသားပူ တွေ့ကြုံရခြင်း မဟုတ်ရှာဘဲ လင်မယူ၊ သားမမွေးဘဲလျက် သည်အပူတွေ သည်ဒုက္ခတွေ လာတွေ့ကြုံရပုံကို ပိုမို၍လည်း သူ့အပေါ်၌ ကရုဏာ ဖြစ်မိ၏။ ရှေ့နောက် သိတတ်ခြင်းရှိသော ဒေါ်စိုး၏စကားကို သူ နားထဲဝင်သွားစေချင်သည်။

ကျွန်မကို လာခေါ်နေသော ကားမှာ ဆိုင်ပြင်ဘက်မှ ဟွန်းသံ တည်းည် ပေးနေလေ၏။ ကျွန်မမှာ ရှေ့ဆက်ထိုင်မနေနိုင်သဖြင့် ပြန်ရန် နေရာမှ ထလိုက်သည်။

"အားလုံးပဲ ပြန်ပါဦးမယ်။ ဒေါ်ဒေါ်ပြောတာတွေ ကျပ်ကျပ်စဉ်းစားပါ မလှသင်"

ဆိုင်မှ ထမပြန်ခင် မလှသင်ကို စကားတစ်ခွန်းပဲ ပြောခဲ့နိုင်သည်။ ကားထွက်လျှင် သက်ပြင်းတစ်ချက် ရှိုက်လျက် ဟင်းခနဲ ညည်းမိသည်။ မလှသင်အပေါ်၌ သရော်ရက်ကြ၊ လှောင်ရက်ကြသော မိန်းမသုံးဦးကို ဥပေက္ခာ ပြုလိုက်ကာ ဒေါ်စိုးကို တစ်ဖက်က တစိမ့်စိမ့် ကျေးဇူးတင်လျက်၊ တစ်ဖက် ကလည်း မလှသင်ကို တသက်သက် သနားမိလျက် မြန်မြန် အမြင်မှန်ရကာ မြန်မြန်စိတ်ချမ်းသာပါသွားပါစေဟု ထပ်တလဲလဲ မေတ္တာပို့လိုက်မိလေ၏။

(ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၃)၊ ဇူလိုင်လ၊ ၁၉၆၁)

## နီးလျက်နှင့်...

ငါးဆိုလပြည့်နေ့၌ ဦးဖိုးစိန်၏ အသက် ၇၅ နှစ် ပြည့်သည်။

၇၅ နှစ်ပြည့်သောနေ့ဖြစ်၍ ဦးဖိုးစိန်၏ တစ်ဦးတည်းသောသမီးမသော့ သည် အရက်ဆွမ်း ထချက်သည်။

မသော့မှာ ဖခင်မွေးနေ့တိုင်း သက်စေ့ဆွမ်းကပ်ရန် အရုဏ်ဆွမ်းထချက် မြဲ ဖြစ်သည်။

မသော့သည် ဆွမ်းချက်ရန် အိပ်ရာမှ မထမီ အဖေ့အသက် ၇၅ နှစ်တောင် ပြည့်ပါရောလားဟု တွေးမိသည်။ အဖေ့အသက်ကို စဉ်းစားရင်းမှ မသော့အမေ ဒေါ်ပန်းလည်း နောက်နှစ်လကြာလျှင် အသက် ၇၅ နှစ် ပြည့်ဦးမည်ကို သတိ ရမိသည်။

ဦးဖိုးစိန်နှင့် ဒေါ်ပန်းဥမှာ သက်တူရွယ်တူ ရှိကြပြီး နှစ်ဦးစလုံး ကျန်းမာကြသည်။ မျက်စိမှုန်ကြသည်မှ တစ်ပါး သွားမကျိုးကြ၊ ခါးမကုန်း ကြသေးပေ။ ဦးဖိုးစိန်တို့ လင်မယားကို သီလကောင်းသည်ဟု ရပ်ရွာက ပြော ကြသည်။

မိုးကလည်း တအုန်းအုန်း...။

အရုဏ်လာတော့မည်။ ရုတ်တရက် မီးမွေး၍ မရသောကြောင့် မသော့ သည် မီးခိုးလွန်း၍ မျက်ရည်တရွဲရွဲ ဖြစ်နေသည်။ တောက်လာလိုက်၊ ငြိမ်း သွားလိုက် ဖြစ်နေသော မီးကို စိတ်ပျက်သထက် ပျက်လာသည်။

ရေနံဆီလောင်းလိုက်း ပြောင်းတံဖြင့် တအားကုန်၍ မှုတ်လိုက်၊ ရေစို



www.burmeseclassic.com

www.burmeseclassic.com



နေသော ထင်းစများမှာ တော်တော်နှင့် မီးမစွဲနိုင်။ မိုးသံလေသံထဲ၌ တံခါးထု နေသံကို မကြားမိ။ အပြင်းအထန် ထုနေတော့မှ မီးဖိုတံခါးကို ထ၍ ဖွင့်ပေး လိုက်သည်။

"ညည်းနှယ်အေ ဒါလောက် ထုနေတာတောင် မကြားဘူးလား။ ဘာကိစ္စ ပိတ်ထားရတာလဲ"

ဒေါ်ပန်းဥက တံခါးဖွင့်ဖွင့်ချင်း ဆီးမာန်သည်။ မာန်သည်ဆို၍ ဒေါ်ပန်းဥ၏ အသံမှာ ထန်မာသောအသံမျိုးမဟုတ်၊ အသံလေး ပျော့ပျော့ဖြင့် ညက် ညက်၊ ညက် ညက်ပြောတတ်၍ အတော်ရှုးသောအသံဖြစ်သည်။

"မကြားလို့အမေရယ်၊ မိုးတွေကလည်း သည်းလိုက်တာ၊ မီးကလည်း မွှေးလို့ကို မရဘူး။ မီးခိုးတွေ အိမ်ထဲဝင်မှာစိုးလို့ ပိတ်ထားတာပါ"

ဒေါ်ပန်းဥသည် မီးခိုးအူနေသည့် မီးဖိုကို ခါးထောက်ရပ်ကြည့်လျက် မေးကို ဆတ်ခနဲ တစ်ချက်ထိုးလိုက်သည်။

"ဟုတ်ပေ့၊ ခုထက်တိုင် ဆွမ်းအိုးက ဖိုပေါ် မရောက်သေးဘူး၊ အိပ်ရာ က ထသွားတာလည်း ကြာလှပြီ၊ ဆန်ဆေးပြီးပြီလား"

မသော်က မီးမှုတ်ရင်းက ပြန်ပြောသည်။

"ပြီးပါပြီ အမေ၊ တည်ရုံပဲ"

ဒေါ်ပန်းဥ နောက်ဖေး ရေအိမ်ဘက် ထွက်သွားခိုက် မီးတောက်လာ၍ ဆွမ်းအိုးကို ဖိုပေါ်သို့ ကောက်တင်လိုက်သည်။

မသော်သည် နောက်ထပ် ဆွမ်းအိုးတစ်အိုးအတွက် ဆန်ဆေးနေစဉ် နောက်ဖေးမှ ဒေါ်ပန်းဥ ပြန်ရောက်လာသည်။

"ညည်း လုပ်စရာ ရှိတာတွေသာ လုပ်ပါအေ၊ ငါ့ဟာငါ ဆေးမှာပေါ့"

မသော်က ဘာမျှ ပြန်မပြောဘဲ ဆန်ကို အပြီးလက်စသတ် ဆေးသည်။ ဒေါ်ပန်းဥသည် မျက်နှာသစ်ပြီး မသော် မီးဖိုနှင့် မျက်နှာချင်းဆိုင် ရှိသော မီးဖိုတစ်ဖိုရှေ့တွင် ထိုင်ကာ မီးမွှေးသည်။

နောက်ထပ် ဆေး၍ ယူလာသော ဆွမ်းအိုးကလေးကို ဖိုဘေး၌ ချကာ ပထမ သူ တည်ထားသော မီးဖိုမှ တောက်လက်စ ထင်းစတစ်ချောင်းကို ဆွဲ ယူလာသည်။

တအားကုန်း၍ မီးမှုတ်နေသော ဒေါ်ပန်းဥသည် သူ့အနားသို့ မီးစ နှင့် ရောက်လာသော မသော်ကို မျက်ခွံပင့်၍ ကြည့်လိုက်သည်။

"ဒါက ဘာလုပ်တာလဲအေရဲ့"

"ထင်းတွေက ရေစိုနေတယ် အမေရဲ့၊ တော်တော်နဲ့ မီးတောက်မှာ





မဟုတ်လို့ မီးကူးပေးမလို့ပါ"

ဒေါ်ပန်းဥသည် ခေါင်းကို ယမ်းခါ၍ ငြင်းဆန်သည်။

"တော်စမ်းပါအေ စပ်စပ်ယှက်ယှက်၊ ဟိုမီးက ဒီမီးကို လာမကူးစမ်း ပါနဲ့။ ငါ့ဟာငါ တောက်အောင် မှုတ်ပါမယ်၊ ပြန်ယူသွားပါ"

မျက်နှာမကောင်းစွာဖြင့် မသော်သည် လက်ထဲက မီးစကို မရုပ်သေး ဘဲ ကြိုးစား၍ တိုးလျှိုးတောင်းပန်ကြည့်သည်။

"အရက်တက်သွားမှာစိုးလို့ပါ အမေရယ်၊ မီးကလေး ကူးတာပဲဥစ္စာ။ အဖေ့ပစ္စည်း အမေ ဘာယူသုံးတာ မှတ်လို့"

မီးမတောက်နိုင်၍ ခဲယဉ်းစွာ မီးမွှေးနေရသော ဒေါ်ပန်းဥသည် စိတ် ရှည်နိုင်အောင် ဖြစ်သွားသည်။

"သယ် ငါက သူ့ပစ္စည်းကို ယူသုံးဖို့ ဘယ်တုန်းကများ လက်ဖျားနဲ့ တို့ခဲ့လို့တုန်း အေ။ ငါက ကင်းပြီ ရှင်းပြီ ဆိုကတည်းက အလုံးစုံ အကုန် ကင်းတယ်။ မသုံးဘူး၊ သွား ယူသွားပါ"

ဒေါ်ပန်းဥ မောင်းထုတ်လိုက်၍ မသော်သည် မီးစနှင့် မီးဖိုနားသို့ ပြန် လှည့်လာသည်။

မီးဖိုဆောင်ထဲ၌ တစ်ယောက်ကိုတစ်ယောက် ကျောပေးလျက် သားအမိ နှစ်ယောက် မီးမှုတ်နေကြသည်။

မီးမတောက်နိုင်သေးသော ဒေါ်ပန်းဥ၏ မီးဖိုကို မသော် လှည့်ကြည့်ကာ ဘာမျှ မတတ်နိုင်သည့်အလား သက်ပြင်းကိုသာ အခါခါ ချရသည်။

မသော် ၁၀ နှစ်သမီးအရွယ်၌ ဤမီးဖိုဆောင်ထဲတွင် မီးဖိုတစ်ဖိုမှ နှစ်ဖို ဖြစ်လာသည်။ ဖိုနှစ်ဖိုသည် မသော့အဖေ မီးဖိုနှင့် မသော့အမေ မီးဖို ဖြစ်သည်။

မသော် အသက် ၃၅ နှစ် အပျိုကြီး ဖြစ်လာသည့်အထိ ၂၅ နှစ်ကာလ ပတ်လုံး အဖေနှင့် အမေတို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြ။ တစ်အိမ်တည်း အတူတကွ နေကြလျက် စီးပွားခွဲ၊ စားအိုးခွဲနေကြသည်။

အဖေ့အတွက် မသော်က ချက်ပြုတ်ကျွေးသည်။ အမေ့အတွက်လည်း ဝင်ကူညီညာ ချက်ပေးရသည်။ သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်အိမ် အောက်ထပ်တွင် အိမ်ဆိုင်ကလေးဖွင့်ကာ ဒေါ်ပန်းဥက ဈေးရောင်းသည်။ မသော်က စက်ချုပ် သည်။

ဦးဖိုးစိန်မှာ အထက်အညာသား ဖြစ်သည်။ အသက် ၄၀ ကျော်မှ ဤရွာသို့ ကျောက်ပေါက်နာတစ်ဦးကို ဆေးကုသရန် ရောက်လာသည်။ ရွာ

www.burmeseclassic.com



ရောက်ပြီး တစ်ရွာလုံး ကျောက်ပေါက်ကြ၍ ဦးဖိုးစိန်က ကုသပေးသဖြင့် တစ်ရွာလုံးက လေးစား အားထားရသော ဆေးဆရာကြီး ဖြစ်လာသည်။ ရပ်ရွာက ဤရွာတွင် ဦးဖိုးစိန် အခြေစိုက်နေစေရန် စက်ချုပ်သည့် အပျိုကြီး အသက် ၄၀ ဒေါ်ပန်းဥနှင့် အတင်း ဝိုင်းဝန်း နှာချပေးစားကြ၍ ဒီရွာမှာ အခြေချနေရသူ ဖြစ်သည်။

ဒေါ်ပန်းဥ အသက် ၄၀ ကျော်မှ မသော့ကို မွေးသည်။ မသော့ လူမှန်းသိတတ်လာသည့် သုံးနှစ်သမီးအရွယ်လောက်၌ ဦးဖိုးစိန်ကို အဖေမှန်း မသိ၊ တစ်ခါတစ်ရံ ဘယ်ကလူကြီးလဲ ထင်မိသည်။ အရပ်တကာ နယ်တကာ လှည့်၍ ဆေးကုသွားနေတတ်ကာ သုံးလ တစ်ခါ၊ ခြောက်လ တစ်ခါမှ အိမ် ပြန်လာတတ်ခြင်းကြောင့် ဖြစ်သည်။

လူပျိုကြီးနှင့် အပျိုကြီးတို့ အိမ်ထောင်ကျပြီးသည့်နောက် ရပ်ရွာထဲ ဘုရားသွား ကျောင်းတက် အတူသွားလာမှုလည်း ဘယ်တော့မှ မရှိ။ မသော့ မွေးပြီးသည်အထိ နှစ်ဦးစလုံး အရှက်ကြီး ရှက်နေကြဟန် ရှိသည်။

ညားခါစ လူရှေ့သူရှေ့တွင် တစ်ဦးမျက်နှာ တစ်ဦး မကြည့်ရဲသဟန် ရှက်နေကြရာက မသော့ မတ်တတ်ပြေးတတ်သည့်အရွယ်၌ တစ်ဦးနှင့် တစ်ဦး မျက်နှာကြော မတည့်ဖြစ်လာကြသည်။

ဒေါ်ပန်းဥကလည်း ဦးဖိုးစိန်ကို မကျေနပ်။ စကားပြောတိုတောင်းသည်။ တစ်ကိုယ်ကောင်းဆန်သည်။ ကိုယ့်ငါးချဉ်မှ ကိုယ်ချဉ်သည်။ စိတ်မှတ်ကြီး သည်။ ဇီဇာကြောင်သည်။ ကန့်လန့်တိုက်သည်။

ဦးဖိုးစိန်ကလည်း ဒေါ်ပန်းဥအပေါ် မကျေနပ်။ ကပ်စေးနဲသူ လူတကာ နှင့် မတည့်သူ၊ ခေါင်းမာသူ၊ ကျေးဇူးမသိသူ၊ အမှုကိစ္စများသူ၊ သူ့ဘက်မှ ယက်သူ၊ ကပ်ဖဲ့လုပ်သူ။

တစ်ဦးအပေါ်တစ်ဦး မကျေနပ်ချက်တွေကို ဝမ်းထဲ၌ စုတေးထားကြ သည်။ မသော့ ၁၀ နှစ်သမီးအရွယ်၌ စားအိုးခွဲ၊ စီးပွားခွဲရန်အကြောင်း ဖြစ် ပေါ်လာသည်။

ဦးဖိုးစိန် နယ်ထွက်၍ ဆေးကုသွားပြီး သုံးလလောက်ကြာမှ အိမ်သို့ ပြန်ရောက်လာသော နေ့တစ်နေ့။

ဦးဖိုးစိန်သည် ထန်းခေါက်ဖာတစ်လုံး၊ အိမ်အတွက် ဝယ်ယူလာသော တောင်းနှစ်လုံးနှင့် ငှက်ပျောတစ်ခိုင်ကို သယ်ထမ်းကာ နံနက်စောစော လှေဆိပ်က တက်လာသည်။

၁၀ ရက်လောက် ကြာမည် ပြောသွားပြီး ၃ လကျော်မှ ပြန်လာခြင်း





ကြောင့် ဒေါ်ပန်းဥသည် စိတ်ခုကာ ဦးဖိုးစိန် အိမ်ပေါ်တက်လာတာ မြင်တာနှင့် ဆိုင်ရာမှ ထ၍ အိပ်ခန်းထဲသို့ ဝင်သွားသည်။

သူ အိမ်ပေါ်ရောက်ကာမှ အခန်းထဲ ဝင်သွားသော ဒေါ်ပန်းဥကို မြင် လိုက်သဖြင့် သယ်ထမ်းလာသော ပစ္စည်းများကို ဖိနပ်ချွတ်၌ ပစ်ချလိုက်သည်။ မသော့သည် လှမ်းခေါ်မည် လုပ်ပြီးမှ မသော့မရှိမှန်း၊ ကျောင်းသွားချိန်မှန်း သိ၍ မောပန်းစွာဖြင့် ရေတစ်ခွက် ခပ်သောက်ကာ ပက်လက်ကုလားထိုင် ပေါ်၌ ထိုင်ချလိုက်သည်။

အမောပြေသလောက်ရှိမှ ကုလားထိုင်မှ ထရပ်လျက် အခန်းထဲမှ ဒေါ်ပန်းဥ ကြားလောက်အောင် သံကုန်ဟစ်၍ ပြောသည်။

"ဟဲ့ တောင်း၊ ဟဲ့ ဖာ၊ ဟဲ့ ငှက်ပျောခိုင်၊ အိမ်ထဲ ဝင်ကြ၊ အိမ်ထဲ သွားကြ"

ဦးဖိုးစိန်သည် အိမ်အပြန် ဒေါ်ပန်းဥက ခရီးဦးကြို မပြုရကောင်း သလား၊ အိမ်ဖို့ ယူလာသော ပစ္စည်းတွေမှ ထွက်သိမ်းရကောင်းမှန်း မသိရော့ သလားဟု စိတ်ဆိုးကာ သူ ပစ်ချထားသော ပစ္စည်းများကို လက်ညှိုးတထိုး ထိုးဖြင့် ဆက်လက်၍ ဟစ်ပြန်သည်။

"ဟဲ့ တောင်း၊ ဟဲ့ ဖာ၊ ဟဲ့ ငှက်ပျောခိုင်၊ ငါ အိမ်ရောက်ပြီ၊ နင်တို့ ရော နင်တို့သွားကြ၊ သွားလေ ... သွားလေ"

ဦးဖိုးစိန်၏ ပြောဟန် အမူအရာတို့မှာ တောင်းနှင့် ဖာနှင့် ငှက်ပျောခိုင် တို့သည် တကယ်ပင် အသက်ရှိကြသည့် သဟန်ကဲ့သို့။

ဒေါ်ပန်းဥသည် ပစ္စည်းများကို မိမိ ထွက်၍ မသိမ်းမချင်း ဤအတိုင်း အဆက်မပြတ် ရွှဲ့နေတော့မည်ကို သိလေလျက် သူပဲ ရွှဲ့နိုင်မလား၊ ငါပဲ နေနိုင်မလား သိကြရောပေါ့ဟု မထွက်ဘဲ ဇွတ်ပေနေသည်။

ရွာထဲက ဒေါ်ပန်းဥ စက်၌ အပ်ထည်လာအပ်ကြသည့် မိန်းမနှစ်ယောက် အိမ်ထဲသို့ ဝင်လာကြသည်။ ဦးဖိုးစိန်မှာ ပစ္စည်းများကို လက်ညှိုးတငေါက် ငေါက်ထိုးလျက် အိမ်ထဲသို့ ဝင်ခိုင်းတုန်းပင်။

ဦးဖိုးစိန် လုပ်နေပုံကို မြင်ရသည်မှာ ရယ်ဖွယ်ကောင်းသော်လည်း ရယ်ဖို့ဝေးစွ၊ ဆရာကြီး စိတ်ဆိုးနေပြီဟု မိန်းမနှစ်ယောက်စလုံး အိမ်ပေါ်မှ သုတ်သီးသုတ်ပျာဆင်းခဲ့ကာ ရွာဦးရှိ မသော့ရှိရာ စာသင်ကျောင်းသို့ သွား၍ အကြောင်းကြားကြသည်။

မသော့သည် ရွာဦးစာသင်ကျောင်းမှ အိမ်သို့ ဒုန်းစိုင်း၍ ပြေးလာရ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးစိန်သည် သူပုံထားသော ပစ္စည်းများ ပျောက်ကွယ်၍ မသွားမချင်း တစ်နေကုန်ပင် အော်ရ၊ အော်ရ၊ အော်ရင်းမှ အသက်ပင် ထွက် ထွက်၊ မရပ်တန်း အော်မည်။

ဒေါသဖြင့် အော်ဟစ်ပြောနေသော ဦးဖိုးစိန်၏ အသံကြီးကို အိမ်ဝရောက်ရောက်ချင်း မသော် ကြားရသည်။

မသော်သည် ဖိနပ်ချွတ်၌ ပုံချထားသော ပစ္စည်းများကို တစ်လှည့် သူ့အဖေကို တစ်လှည့် ကြည့်ကာ ဒူးတုန်၊ ရင်တုန်ဖြင့် မျက်ရည်ကလေး ဝိုင်းလာသည်။ ကြောက်ကြောက်လန့်လန့်နှင့် ကပျာကယာ ပစ္စည်းများကို အိမ်ထဲသို့ တစ်ခုစီ ကောက်သယ်ပို့သည်။

မသော် ပစ္စည်းများ သိမ်းသွားမှ ဦးဖိုးစိန်သည် မောလှစွာဖြင့် ပက်လက်ကုလားထိုင်ပေါ်၌ ပြန်ထိုင်ချလိုက်သည်။ နဖူးကြောကြီးများ ရှုံ့ကာ မျက်လုံးနှစ်လုံး စုံမှိတ်လျက် တအောင့်လောက် အမောဖြေနေသည်။ အမောပြေမှ တန်းပေါ်မှ ပုဆိုးတစ်ထည်ကို ဆွဲ၍ ပခုံးပေါ်၌ တင်ကာ ရွာထဲသို့ ထွက်သွားသည်။

မသော်သည် သူ့အမေကို အိမ်ထဲ၌ လိုက်ရှာကြည့်သည်။ နောက်ဆုံးမှ အခန်းထဲတွင် စောင်ကြီး ခေါင်းမြီးခြုံလျက် အိပ်နေသော ဒေါ်ပန်းဥကို တွေ့ရသည်။ မသော်က 'အမေ အမေ' ခေါ်၍လည်း အသံပြန်မထူး။

မကြာမီ ဦးဖိုးစိန် ပြန်ရောက်လာသည်။ ဦးဖိုးစိန် ပွေ့ပိုက်လာသော ပစ္စည်းများမှာ ဒန်အိုး၊ ဒန်ခွက်၊ ဒယ်အိုးနှင့် ပုဆိုးဖြင့် ထုတ်ယူလာသော ဆန်၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ဆီပုလင်းတို့ ဖြစ်သည်။

ထိုနေ့ကစ၍ ဒီမိန်းမနှင့် မပေါင်းတော့ဟု အနာကြီးနာကာ မီးဖိုထဲ၌ မီးဖိုတစ်ဖို ခွဲ၍ ဦးဖိုးစိန် သူ့ထမင်းသူချက်စားသည်။ စီးပွားခွဲ အိုးခွဲသွားသည်။

မသော် အရွယ်မရောက်ခင်ကသာ ဦးဖိုးစိန်ကိုယ်တိုင် ချက်စားလျက် မသော် ကျောင်းထွက်သောအခါ မသော်ပဲ ချက်ပြုတ်ကျွေးသည်။

*

မသော် ဆွမ်းအိုးဆွဲဝေလာသည်။ ဒေါ်ပန်းဥမှာ မတောက်နိုင်သော မီးကို တမှုတ်တည်း မှုတ်နေဆဲပင်။

မသော် ဆွမ်းအိုးငှဲ့ပြီး ဆွမ်းနပ်ထားခိုက် ဆွမ်းတော်ပွဲပြင်ဆင်သည်။

"အမေ၊ အဖေ့ ထန်းလျက်ကုန်သွားပြီ။ အမေရောင်းတဲ့ အထဲက ထန်းလျက် နည်းနည်း ယူပါရစေနော်"





မသော်က ဆွမ်းတော်ပွဲတွေ ပြင်ရင်းမှ လှမ်းပြောသည်။

"ထန်းလျက်မှ မရှိဘဲ၊ ကုန်ပြီ။ ကြံသကာပဲ ရှိတယ်"

မသော်သည် သူ့အမေ ဈေးရောင်းသည့် ပုံးထဲမှ ကြံသကာ အနည်းငယ် နှိုက်ယူကာ ဆွမ်းတော်ပွဲတွင် ထည့်နေစဉ် ဒေါ်ပန်းဥက ဗျစ်တောက် ဗျစ်တောက် ပြောဆိုနေသည်။

"သူ့ပစ္စည်းကိုသာ ယူဖို့ သုံးဖို့ ငါက လက်ဖျားနဲ့ မတို့တာ။ ငါ့ပစ္စည်းတော့ သုံးချင် သုံးနိုင်ပါတယ်။ ညည်းကို မွေးတုန်းကပေါ့၊ မီးတောင်မထွက်သေးဘူး၊ သူရှာလို့ရတဲ့ ပိုက်ဆံနဲ့ လုပ်ပေးတဲ့ ကြံဆစ်လက်ကောက်တစ်ရံကို ပြန်တောင်းသွားတာ တစ်ခါတည်း မမြင်ရတော့ဘူး။ အစပျောက်ပဲ။ ဒီကတည်းက သူ့ဆီက ပိုက်ဆံတစ်ပြားမှ မတောင်းဘဲ ကိုယ့်ဟာကိုယ် လုပ်ကိုင်စားတာ ယနေ့ထက်ထိပါပဲ"

မသော်သည် ဒေါ်ပန်းဥ ပြောနေသော စကားများကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်သည်။ ဆွမ်းပွဲများကို စေ့စေ့အောင် သုတ်သီးသုတ်ပျာ ပြင်ဆင်နေသည်။ ပြောသမျှ နားထောင်ရန်မှာကလည်း ဤစကားမျိုး ဒေါ်ပန်းဥထံမှ အကြိမ်တစ်ရာမက ကြားရဖူးပြီမို့ ရိုးနေသည့် သဘောလည်း ဖြစ်သည်။ အသက် ၃၀ ကျော်သည့်တိုင်အောင် အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်၍ ဒီအဖေ ဒီအမေကြားတွင် ပုဏ္ဏားတိုင် လုပ်နေရသော သူ့ဘဝကိုသူ ငြီးငွေ့နေသူ ဖြစ်သောကြောင့် ဒီအကြောင်းတွေ ထပ်တလဲလဲ မကြားလိုတော့။

"အိမ်ဦးခန်းက အခန့်သား ထိုင်ပြီး သူ့ပိုက်ဆံကျတော့ မထုတ်ချင်ဘဲနဲ့ ငါ့လုပ်စာနဲ့ငါ ရှာစားရပြီး ငါ့ကို မကောင်းပြောတာ ညည်းကြောင့်၊ ညည်းကြောင့်။ ညည်းကို ငဲ့နေရတဲ့အတွက် ဒီအိမ်ပေါ်က ငါမဆင်းနိုင်တာပါအေ"

ဒေါ်ပန်းဥ ပြောနေသမျှ ဆုံးအောင် နားထောင်နေရန် အချိန်လည်း မပေးနိုင်၊ ဒေါ်ပန်းဥကို ပြောလက်စ တန်းလန်းနှင့် ထားခဲ့ကာ ဆွမ်းတော်ဗန်းကို ရွက်ပြီး အိမ်ပေါ်သို့ တက်ခဲ့သည်။

အိမ်ပေါ်ရှိ ဘုရားစင်၌ ဖယောင်းတိုင်မီးများ ထွန်းလင်းနေသည်။ ဦးဖိုးစိန်သည် ဆွမ်းတော်ပွဲကို စောင့်ရင်း ပုတီးထိုင်စိပ်နေသည်။

"ဆွမ်းက သက်စေ့လား"

မသော်က ဆွမ်းတော်ပွဲကို ဘုရားစင်ပေါ်သို့ ချလိုက်သောအခါ ဦးဖိုးစိန်သည် နေရာမှ ထလာပြီး မေးသည်။

"သက်စေ့ပါ အဖေ၊ ဖွန်းနဲ့ ၇၅ ဖွန်း ခပ်ထည့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမုန့်တွေလဲ"

မွဲသီနေသော မျက်စိဖြင့် မုန့်ပန်းကန်လေးများကို မျက်နှာဖြင့် ထိလု ခမန်း လိုက်ကြည့်နေသည်။

"စွန်ပလွန်ယို အဖေရဲ့၊ ဒါက ပေါက်ပေါက်ဆုပ်၊ ဒါက ငှက်ပျောသီး၊ ဒါက ကျောက်ဖရုံယို၊ ဒါက မုန့်ပဲလှော်၊ ဒါက ကြံသကာ"

"ဒါက ဘယ်က ယူလာတာလဲ"

"အဖေ့ ထန်းလျက် ကုန်သွားလို့ အမေ့ပုံးထဲက ကြံသကာနည်းနည်း ယူလာတယ် အဖေ"

အသံပျက်ပျက်ဖြင့် မသော့စကားမဆုံးခင် ဦးဖိုးစိန်က မျက်မှောင်ကြုတ် လျက် ကြံသကာပန်းကန်ကို ဆွဲယူလိုက်သည်။

"သယ် ယူသွား၊ သူ့ပစ္စည်း ငါ့ဆွမ်းပွဲထဲ မထည့်နဲ့၊ ယူသွား"

မသော့သည် ဦးဖိုးစိန် ကမ်းပေးနေသော ပန်းကန်ကို မယူသေးဘဲ ပြေရာပြေကြောင်း ပြောကြည့်သည်။

"အလကားယူတာ မဟုတ်ပါဘူး အဖေရဲ့၊ ပိုက်ဆံပေးမှာပါ"

"အလကားလည်း မယူဘူး။ ပိုက်ဆံပေးပြီးလည်း မယူဘူး။ မထည့် ပါနဲ့ ယူသွား"

မသော့သည် အဖေကို ကလန်ကဆန် မလုပ်ဝံ့သဖြင့် ကြံသကာပန်းကန် ကို လှမ်းယူပြီး ဘေးဖယ်ထားလိုက်ရသည်။

"ငါးသမီးကို မမွေးခင်က သူ့ဆွေမျိုးရွာမှာ တစ်လှည့်သွားနေကြတုန်းက အဖေ့အပေါ်မှာ မညှာမတာ ခိုင်းလိုက်တာ သမီးရယ်။ အဖေ့ကို စပါးရိတ်ခိုင်း တယ်၊ စပါး မရိတ်ဖူးတဲ့ အဖေ့လက်မှာ ကွဲပြဲပြီး အနာတွေ ဖြစ်၊ သွေးတွေ ပြည်တွေ တရွှဲရွှဲနဲ့ ဒီကျေးဇူးကို သိတဲ့ ဟာမ မဟုတ်ဘူး"

မသော့သည် သက်စေ့ ရေချမ်းခွက်ကို မမှားရအောင် စိတ်မှတ်ဖြင့် ခွန်းနှင့် ၇၅ ခွန်း ပြည့်အောင် ခပ်နေရသည့်အတွက် ဦးဖိုးစိန်၏ စကားများ ကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်သည်။ ဤစကားမျိုးကို ဦးဖိုးစိန်ထံ မှ အကြိမ်တစ်ရာမက ကြားဖူးသည် ဖြစ်ခြင်းကြောင့် မထူးဆန်းသည့်သဘော လည်း ဖြစ်သည်။ အိမ်ထောင်မပြုဘဲ အဆင်မပြေကြသော ဒီအဖေနှင့် ဒီအမေ ကို ငဲ့၍ အပျိုကြီး လုပ်နေရသော သူ့ဘဝသည် ဒီအသံတွေ ကြားရတိုင်း ပို၍သာ ငြီးငွေ့လာသည်။

"ဒီအကြောင်းများ ပြန်တွေးမိတိုင်း အဖေ မျက်ရည်ကျတယ်။ သမီး ကြောင့် အဖေ ဒီအိမ်ပေါ်မှာ နေတာ သမီး"





မသော့သည် သက်စေ့ရေချမ်းခပ်ပြီး ဘုရားစင်ပေါ်သို့ တင်လိုက်သည်။ ဦးဖိုးစိန် ပြောသမျှ ဆုံးအောင် နားထောင်၍ မနေအားဘဲ အမေ့ဆွမ်းတော်ပွဲ ကို ပြင်ပေးရန် ရှိသေး၍ အိမ်အောက်သို့ ပြန်ဆင်းလာခဲ့သည်။

မီးဖိုထဲ၌ ဒေါ်ပန်းဥ ဆွမ်းအိုးငှဲ့နေသည်။ သူပြန်ယူခဲ့သော ကြံသကာ ပန်းကန်ကို ဒေါ်ပန်းဥ မမြင်စေရန် မီးဖိုထဲ မဝင်ခင် တစ်နေရာ၌ ဝှက်ထားခဲ့ သည်။ ဒေါ်ပန်းဥ ဆွမ်းပွဲအတွက် နာနတ်သီးတစ်လုံး အခွံလှီးနေခိုက် ဦးဖိုးစိန် မီးဖိုပေါက်ဝသို့ ပျာယီးပျာယာ ရောက်လာသည်။

"ဟဲ့သမီး၊ အဖေ့ဓာတာကော"

ဦးဖိုးစိန်သည် ဘုရားရှိခိုးခါနီး သူ့ဓာတာကို ဘုရားရှေ့၌ ချရန် သတိရ၍ ရှာကြည့်ရာ မတွေ့သဖြင့် အိမ်ပေါ်မှ ဆင်းလာမေးသည်။ မွေးနေ့ တိုင်း ဓာတာကို ထုတ်၍ ဘုရားကို ပူဇော်လေ့ရှိသည်။

"အဖေ့ဓာတာ အဖေပဲ အိပ်ရာဘေးက မုန့်သေတ္တာပုံးထဲမှာ ထားတဲ့ ဥစ္စာပဲ"

မသော့သည် နာနတ်သီးလှီးရင်းမှ လှမ်းပြောသည်။ ဒေါ်ပန်းဥသည် အပေါက်ဝ၌ ဦးဖိုးစိန် လာရပ်ကတည်းက တစ်ချက်မှ လှည့်မကြည့်ဘဲ သူ့ ဆွမ်းပွဲသူ ပြင်နေသည်။

"မုန့်သေတ္တာပုံးထဲမှာ မရှိဘူး။ အဖေ တလောက ထုတ်ကြည့်ပြီး ပုံးထဲကို ပြန်မထည့်မိဘူး။ ပုံးပေါ် တင်ထားမိတာ အခု မရှိဘူး"

မသော့သည် သူ့အမေများ တွေ့လို့တွေ့ငြား အထင်ဖြင့် သူ့အမေကို တစ်ချက် လှမ်းကြည့်သည်။

ဒေါ်ပန်းဥသည် သူနှင့် မသက်ဆိုင်သည့်အသွင်၊ သားအဖနှစ်ယောက် ပြောနေသမျှ နားထဲ၌ တစ်လုံးမှ မကြား မဝင်သည့် ပုံစံ၊ ထလိုက် ထိုင်လိုက် ဖြင့် လုပ်စရာ ရှိတာသာ လုံးပန်း လုပ်ကိုင်နေသည်။

"မုန့်သေတ္တာပုံးကလည်း သူ့နဂိုနေရာမှာ မဟုတ်ဘူး သမီးရဲ့။ အဖေ မရှိတုန်း ရွှေ့ကြတယ်"

ဦးဖိုးစိန်၏ နောက်ဆုံးအသံသည် တင်းမာလာသည်။ တစ်ဦးကို ရည် ညွှန်း၍ ဆိုလိုချင်သောသဘော သက်ဝင်လာသည်။

ထို့ကြောင့် မသော့သည် သူ့အမေကို လှမ်းကြည့်ရာ မျက်လုံးချင်း ဆုံ မိကြသည်။

"တစ်နေ့ကအော့၊ မိုးတွေ ရွာတုန်းက အိမ်ပေါ်မှာ ဘယ်သူမှ မရှိလို့ ဘဲခါးပေါက်တွေ တက်ပိတ်ရတယ်။ ခေါင်းရင်းဘက်မှာ မိုးယိုနေတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com





လို့ ပစ္စည်းတွေ ရွှေ့ခဲ့ရတာပေါ့"

ဒေါ်ပန်းဥသည် ဦးဖိုးစိန်ကို ပြောနေသည့် အပြောမျိုး မဖြစ်စေဘဲ မသော်၏ မျက်နှာကို ကြည့်၍ ပြောသည်။

ဦးဖိုးစိန် မတ်တတ်ရပ်သော နေရာနှင့် မသော်ထိုင်သော နေရာမှာ တည့်နေသည်။ ဒေါ်ပန်းဥသည် ၎င်းတို့နှစ်ဦးကြားတွင် ရှိသည်။

အခွံနွှာလက်စ နာနတ်သီးကို ချခဲ့ကာ ဦးဖိုးစိန်နားသို့ မသော် ထလာသည်။

"လုပ်လိုက်မှဖြင့် သမီးရယ် အရာနဲ့ ကြောင်းကြောင်းပဲ၊ ဘယ်တော့မှ အပိုးမသေဘူး။ ဟော အဖေ့ပစ္စည်းဟာ အဖေထားတဲ့ နေရာမှာ မရှိဘူး"

ဦးဖိုးစိန်က မသော်နှင့် တစ်ဆင့်၊ မသော်မျက်နှာကို ကြည့်၍ပင် ပြောသည်။

"မိုးစိုကုန်ရင် ပျက်စီးကုန်မှာကြောင့် ငါက နေရာ ရွှေ့တာအေ့။ မိုးရွာနေတာ ဒီအတိုင်း ကြည့်နေရမှာလား အေ့"

ဒေါ်ပန်းဥက မျက်နှာထားတင်းတင်းနှင့် မသော်ကို ပြန်ပြောသည်။

"ရွှေ့ပြီး နေရာတကျ ပြန်ထားတာမှ မဟုတ်ဘဲ သမီးရယ်"

"နေရာတကျ ပြန်ထားရအောင်က မိုးက ရွာတုန်းအေ့၊ ဒီတော့ ရွှေ့တဲ့ နေရာမှာ ရှိနေမှာပေါ့။ ဒါလား အရာနဲ့ ကြောင်းကြောင်း၊ ဒါလား အပိုးမသေတာ အေ့"

မသော်မျက်နှာသည် ဦးဖိုးစိန်က ပြောလျှင် ဦးဖိုးစိန်ဘက် ရောက်သွားသည်။ ဒေါ်ပန်းဥက ပြောလျှင် ဒေါ်ပန်းဥဘက်သို့ ရောက်သွားသည်။ နှစ်ဦးစလုံးက သူ့ကို ပြိုင်တူကြည့်လျက် လှမ်းပြောနေကြသည့် အခါတွင်မူကား မသော်၏ မျက်နှာမှာ ဟိုလှည့် သည်လှည့်ဖြစ်နေကာ မျက်လုံးများမှာလည်း ဟိုရွှေ့ သည်ရွှေ့ ဖြစ်နေသည်။

"ရွှေ့တဲ့နေရာမှာလည်း မရှိဘူး၊ ရှာခဲ့ပြီ သမီး"

"အဖေများ အထားမှား…"

မသော်စကားမဆုံးမီ ဒေါ်ပန်းဥက ဝင်ပြော၍ မသော်မျက်နှာမှာ ဒေါ်ပန်းဥဘက်သို့ လှည့်သွားပြန်သည်။

"ဒီပစ္စည်း ဘယ်သူက ဘာလုပ်ရမှာတုန်းအေရဲ့။ တစ်နေ့က ဘဝင်ဘုန်းကြီးကျောင်းက ရေနံပုံး ပြန်ယူလာတုန်းက ငါ့ဓာတာ ရေနံသုတ်ချင်တယ် ပြောတဲ့အသံ ကြားမိတယ် အေ့"

မသော်မျက်လုံးသည် ချက်ချင်း ဦးဖိုးစိန်ဘက်သို့ ရွှေ့သွားသည်။





ဒေါ်ပန်းဥသည် ပြောပြီး သူ့အလုပ်သူ ဆက်လုပ်သည်။

"တယ်လည်း ခက်ပါကလား၊ အဖေ ယူမပေးပါဘူး သမီးရဲ့။ အဖေ့ပစ္စည်း ကိုင်ကြတာ အဖေ မကြိုက်ဘူး"

"ဘယ်က ခက်တာလဲအေ့၊ ဒီပစ္စည်းက ထားတဲ့ နေရာမှာ မရှိရင် ယူလို့သာ မရှိတာပေါ့။ ကိုင်ချင်လွန်းလို့ ကိုင်တာ မဟုတ်ဘူး။ မိုးယိုနေလို့ ကိုင်ရတာအေ့။ သိရဲ့လား"

ဦးဖိုးစိန်က ဒေါ်ပန်းဥကို ရန်စောင်လာလျှင် မသော်ကို ပုဏ္ဏားတိုင်ထား၍ ရန်စောင်သည်။ ဒေါ်ပန်းဥက ဦးဖိုးစိန်ကို ရန်တွေ့လိုလျှင် မသော်ကို ပုဏ္ဏားတိုင်ထား၍ ရန်တွေ့သည်။

မသော်မှာ ဒေါ်ပန်းဥက သူ့ကို လက်ညှိုးတငေါက်ငေါက်ထိုးလျက် ပြောလာချေသဖြင့် ရင်ထဲ၌ တဆတ်ဆတ် ခုန်လာသည်။ အရှက်ဆွမ်းကပ်ခါနီး ရန်ပွဲဖြစ်မလာအောင် လျင်မြန်စွာ တားဆီးလိုက်ရသည်။

"သြော် အဖေ၊ ဦးလေးဘဝင်းများ အိမ်ပေါ်တက်ယူသလားမှ မသိဘဲ၊ အောက်က စာအုပ်စင်မှာ ကြည့်လိုက်ဦးမယ်"

မသော်သည် အပေါက်ဝမှ ဦးဖိုးစိန်ကို တိုး၍ ထွက်ခဲ့ကာ စာအုပ်စင်ရှိရာသို့ ပြေးသွားသည်။ ဦးဖိုးစိန်က မသော်နောက်မှ လိုက်လာသည်။

ရေနံသုတ်ထားသော ဓာတာဗူးလေးကို စာအုပ်စင်ပေါ်၌ ထောင်လျက်သားတွေ့တော့မှ မသော် ရင်အေးရသည်။

ဦးဖိုးစိန်သည် ဓာတာယူကာ အိမ်ပေါ်သို့ ပြန်တက်သွားသည်။ ဦးဖိုးစိန် အိမ်ပေါ်သို့ မရောက်မချင်း မသော် မီးဖိုထဲသို့ မဝင်ရဲချေ။ မီးဖိုထဲ ဝင်သွား၍ ဒေါ်ပန်းဥက ဆက်လက်၍ တညက်ညက် ပြောရှင်းနေလျှင် ဦးဖိုးစိန်ကြားမှာ နီးရိမ်မိလှသည်။ ဦးဖိုးစိန် အိမ်ပေါ်ရောက်လာမှ မီးဖိုထဲသို့ မသော် ဝင်ခဲ့သည်။

"တွေ့ပေလို့ပေါ့အေ၊ မတွေ့များ မတွေ့ရင် ငါ့ကို နင်းပြောမှာ။ တယ်ခက်ပါကလားတဲ့၊ အဲဒါသာ ကြည့်တော့ ခက်တဲ့သူက ဘယ်သူလဲအေ့"

သူထင်သည့်အတိုင်း မပြီးနိုင်အောင် လေကြောရှည်နေသော ဒေါ်ပန်းဥကို မသော်က ကြောက်လှစွာဖြင့် နောက်ဖေး ရေစင်ဘက်သို့ တန်းထွက်သွားသည်။

မသော် နာနတ်သီး ပြန်လှီးနေခိုက် အိမ်ပေါ်မှ ကြေးစည်ရိုက်သံကို ကြားလိုက်ရသည်။

"သြကာသ–သြကာသ–သြကာသ၊ အစိန္တေယျ–အစိန္တေယျ–အစိန္တေယျ၊



www.burmeseclassic.com

www.burmeseclassic.com



အပ္ပမေယျ–အပ္ပမေယျ၊ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အလျှံ၊ ဉာဏ်တော်အပေါင်းတို့၏ စုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရဟံ အစ၊ ဘဂဝါအဆုံး ရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား”

အံရုဏ်တက် ဦးဖိုးစိန်၏ ဘုရားရှိခိုးသံမှာ သာယာနာပျော်ဖွယ် ရှိလှသည်။ မသော့သည် နာနတ်သီးလှီးရင်း ဘုရားကို ကြည်ညိုလာသောစိတ်ဖြင့် ညွတ်လျက် တစ်ချိန်လုံး အာရုံပြုထားသည်။

“ပေါက်ပေါက်ဆုပ်တွေ ရှိတယ် အမေ၊ ထည့်မလား”

ဆွမ်းပွဲပြင်နေသော ဒေါ်ပန်းဥကို မသော့က လှမ်းပြောလိုက်သည်။

“သူ့ပိုက်ဆံနဲ့ သူဝယ်ထားတဲ့ သူ့ပေါက်ပေါက်ဆုပ်ကို ကျုပ်ဆွမ်းပွဲထဲ မထည့်ပါဘူး။ မစပ်ယှက်ပါဘူးလို့ ပြောနေတဲ့ကြားထဲက ညည်းကို အလွန်ရှည်ပါတယ် အေ”

နှုတ်က အမှတ်တမဲ့ထွက်သွားသော သူ့အမှားကြောင့် မသော့သည် သူ့နဖူးကို သူထုလိုက်သည်။ ငါ့ကိုကလည်း ရှည်ပါတယ်ဟု သူ့ကိုယ်သူ အပြစ်တင်ကာ စေတနာ၊ ဝေဒနာ ဖြစ်ရသည့်အတွက် ရှေ့မဆက်ဝံ့တော့ပေ။

အိမ်အောက်ထပ်၌ ဘုရားစင်တစ်ဆောင် ထုတ်ထားသည်။ အိမ်တွင် စားအိုးခွဲ၊ မီးဖိုခွဲသွားကြမှ တစ်ဆောင် ထပ်တိုးလာသော ဒေါ်ပန်းဥ၏ ဘုရားစင်ဖြစ်သည်။ ဘုရားစင်တွင် ဖယောင်းတိုင်မီးများ ညိထွန်းနေကြစဉ် အိမ်ပေါ်မှ ဦးဖိုးစိန်၏ မေတ္တာပို့သံ ကြားရသည်။

“သဗ္ဗေ ခပ်သိမ်းကုန်သော၊ သတ္တာ–သတ္တဝါ အပေါင်းတို့သည် အဝေရာ–ရန် မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ–စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။ သုခီ အတ္တာ–မိမိကိုယ်ကို ချမ်းသာစွာ ပရိဟရန္တု–စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း”

မသော့သည် ဦးဖိုးစိန် မေတ္တာပို့သံကို ကြားရ၍ ဝမ်းပဲ နည်းသလိုလို ငိုပဲ ငိုချင်သလိုလို ရင်ထဲ၌ ဖို၍ ဆို့၍ လာသည်။ ဒေါ်ပန်းဥသည် ဆွမ်းတော်ပွဲများ ခင်းကျင်းပြင်ဆင်ပြီး ကြေးစည်တစ်ချက် ရိုက်ခတ်လိုက်သည်။

“ဘန္တေ–အရှင်ဘုရား၊ မယာ–ဘုရားတပည့်တော်မသည်၊ မောစနတ္တာယ–သံသရာ ဝတ်ဆင်းရဲမှ၊ ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ အမှာက်–တပည့်တော်မ၏ ပစ္စယံ–နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်သော ပစ္စည်းကို၊ ပဋိဂ္ဂဟဏတ္တာယ–အလှူခံတော်မူရန် အလို့ငှာ၊ ဒွိပဒဲ–တစ်ရာ့ရှစ်ကွက် စက်လက္ခဏာနှင့် ပြည့်စုံကော်မူသော ခြေတော်အစုံကို ပယာဒိယ မာနော–ဆန့်လှမ်းတော်မူ၍ ဂစ္ဆထ–လှမ်းကြွတော်မူပါ အရှင်မြတ်ဘုရား”





ဒေါ်ပန်းဥ ဘုရားရှိခိုးနေခိုက် မသော့သည် မီးဖိုထဲသို့ ဆို့နေသော ရင်ဖြင့် ပြန်ရောက်လာသည်။ ဒေါ်ပန်းဥ၏ ဘုရားပင့်သံကလည်း သာယာနာပျော်ဖွယ် ရှိလှပါဘိ။ သာယာစွာ ဆွဲငင်လျက် ရှိခိုးနေသော သူ့အမေ ဘုရားပင့်သံ ကြားနာရင်း အဖေနှင့် အမေတို့ကြားထဲ၌ ဒုက္ခများလှသော သူ့ဘဝမှ လွတ်မြောက်ရန် သီလရှင်ဝတ်ချင်စိတ်ပင် ပေါ်ပေါက်သွားသည်။ ဖိုလျက် ဆို့လျက် ရှိနေသော ရင်ကလည်း လှိုက်၍ လှိုက်၍ ဖိုလျက် ဆို့လျက်ပင်။

‘ငါဟု ခေါ်စရာ၊ ကိုယ်ခန္ဓာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ကိုယ်မှာ စောင့်ရာ၊ နတ်ဒေဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ မြင်ဖူး၊ မမြင်ဖူး၊ နှစ်ဦးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ”

“ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ”

ဒေါ်ပန်းဥ ဘုရားရှိခိုးပြီး နောက်ဆုံး ထွက်ပေါ်လာသော ဒေါ်ပန်းဥ၏ မေတ္တာပို့သံသည် မသော့၏ ရင်ထဲသို့ ထွင်းဖောက်သွားသည်။ ဘယ်လိုမှ ထိန်းမရသည့်အထိ မျက်ရည်ပေါက်နှစ်ပေါက်သည် တစ်ပေါက်ပြီး တစ်ပေါက် ပါးပြင်ပေါ်သို့ ကျရောက်လာသည်။

သူ့စိတ်ထဲ၌ အဖေနှင့်အမေတို့ ပို့သနေသော မေတ္တာပို့ကို သံသယများစွာ ဖြစ်မိသည်။

“အဖေ မေတ္တာပို့တဲ့ သဗ္ဗေသတ္တာထဲမှာ အမေ ပါပါလေစ။ အမေ မေတ္တာပို့တဲ့ ဝေးနေ နီးနေထဲမှာ အဖေ ပါပါလေစ”

သဗ္ဗေ၊ သတ္တာ၊ အိမ်ကဟာ အလွတ်။

[စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ်(၁၀)၊ ဇန်နဝါရီလ၊ ၁၉၇၀]

www.burmeseclassic.com

www.burmeseclassic.com

# ထိုအမော

"အမယ်လေး မေမေရေ... လာပါဦး"

ဖြူဖြူလင်းစိန် အလန့်တကြား အမယ်လေး တလိုက်သံကြောင့် ဒေါ်ဖြူဖြူနုသည် အခန်းထဲက ပြေးထွက်ခဲ့ရသည်။

"သမီးလေးရေ...သမီးလေး"

ဒေါ်ဖြူဖြူနုမှာ ထိတ်ပျာ ပူပင်လျက် သမီးထံသို့ ပြေးထွက်လာရင်း အသံပြန်ပေးလာသည်။

"ဘာတုန်း သမီး၊ ဘာတုန်း"

ဧည့်ခန်းရှိ နံရံကပ်စားပွဲနား၌ ဖြူဖြူလင်းစိန်ကို တွေ့လိုက်ရသည်။ ဖြူဖြူလင်းစိန်၏ လက်ထဲ၌ ကိုင်ထားသော ဖိတ်စာခေါက်သည် လက်ထဲမှ လွတ်ကျသွားသည်။ သမီးနားသို့ အပြေးရောက်လာသော ဒေါ်ဖြူဖြူနုက လှမ်းကောက်ယူလိုက်သည်။

"ဟဲ့ ဘာဖြစ်တာလဲ သမီး"

ဖြူဖြူလင်းစိန်၏ မျက်နှာမှာ သွေးတစ်စက်မျှ မရှိတော့ဘဲ ဖြူဖျော့လျက် စကားမေး မရအောင် မျက်စိ မျက်နှာပျက်ကာ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လို့ နေသည်။

ဘုရားခန်းထဲ၌ တရားထိုင်နေသော ဦးမောင်မောင်စိန်သည် သမီးအသံနှင့် ဇနီးအသံတွေက အထိတ်တလန့်ရှိအောင် ပွက်လောညံသွား၍ ရှိခိုးခြင်းကို ခေတ္တ ရပ်စဲလျက် ဧည့်ခန်းကို အမြန်ထွက်လာခဲ့သည်။

ဖြူဖြူလင်းစိန်၏ ပခုံးလေးကို ဒေါ်ဖြူဖြူနုက ခပ်ဆတ်ဆတ်လေးကိုင်





လှုပ်မေးတော့မှပင် သမီးအသံ ထွက်လာသည်။

"ဖိတ်စာ မေမေ...ဖိတ်စာ"

"ဘာဖိတ်စာတုန်း"

"ကိုလေးအောင်လေ ကိုလေးအောင်"

ဖြူဖြူလင်းစိန်သည် အသံထွက်အောင် အားယူ၍ ညစ်ပြောရသည်။

"ဟင် ဟုတ်လား၊ ဖအေကြီးရေ ဖအေကြီး"

ဒေါ်ဖြူဖြူနုသည် ဦးမောင်မောင်စိန် နောက်ပါး၌ ရောက်လာမှန်းကို မသိလိုက်ဘဲ အော်ဟစ်ခေါ်ယူသည်။

"ဘာလဲ မဖြူရဲ့၊ ဘာဖြစ်ကြတာလဲ"

"ဩော်...ကိုင်း... ကိုင်း မောင်လေးအောင် ဖိတ်စာတဲ့ ဟောဒီမှာ၊ ဟုတ်လား သမီး"

ဒေါ်ဖြူဖြူနုသည် လက်ထဲ၌ ဖိတ်စာကို ဦးမောင်မောင်စိန့်မျက်နှာနှင့် ထိလုခမန်း ဇွတ်ရမ်း၍ ပြောလိုက်သည်။

"ဟော့ ဘယ်သူနဲ့တုန်း"

ဦးမောင်မောင်စိန်က ဘယ်သူနဲ့တုန်း မေး၍ ဒေါ်ဖြူဖြူနုသည် ဖိတ်စာကို ဖတ်ရန် ဖြန့်လိုက်ပြီးမှ မျက်မှန် မရှိ၍...

'သမီး ဘယ်သူနဲ့တုန်း'ဟု သမီးကို ကြည့်၍ မေးလိုက်သည်။

စောစောက ဖြူဖျော့နေသော ဖြူဖြူလင်းစိန်၏ မျက်နှာတွင် ညိုမည်းနေပုံကို မြင်လိုက်ရ၍ ဒေါ်ဖြူဖြူနု၏ အသည်းနှလုံးသည် ပြုတ်ကျလုမတတ် လှုပ်ခါသွားသည်။

"ယဉ်ယဉ်ဥနဲ့တဲ့"

"ဘယ်က ယဉ်ယဉ်ဥလဲ သမီး"

ဦးမောင်မောင်စိန်က သိချင်၍ လှမ်းမေးသည်။

ဖြူဖြူလင်းစိန်သည် ဘယ်က ယဉ်ယဉ်ဥ ဖြစ်ကြောင်းကို ထုတ်ဖော်၍ ပြောရမှာပင် မပြောချင်သလောက် စိတ်မပါခြင်းဖြင့် 'ဖေဖေတို့ ဖတ်ကြည့်ပေါ့' ဟု မျက်နှာပျက်ပျက်ဖြင့် ပြန်ပြောသည်။

"မျက်မှန်တွေက အိမ်ထဲမှာ သမီးရယ်၊ ပြောပြစမ်းပါဦး"

သမီး မျက်နှာပျက်နေခြင်းကို ဦးမောင်မောင်စိန်က မသိချင်ယောင်ပြုကာ ချော့မော့မေးသည်။

"ပန်းတိမ်ဆရာ ဦးလူကလေး၏ သမီး မဥဟု ဆိုလိုက်၍ ဦးမောင်မောင်စိန်တို့ ဇနီးမောင်နှံမှာ တော်တော်နှင့် အသံမထွက်လာကြ။ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မျက်လုံးပြူးပြူးဖြင့် ကြည့်၍ အံ့သြခြင်းမက အံ့သြလှုက်ရှိကြသည်။

"မြတ်စွာဘုရား"

ဒေါ်ဖြူဖြူနုထံမှ အသံထွက်လာလေ၏။ ဦးမောင်မောင်စိန်သည် သူ့ဇနီးအသံထွက်လာ၍ ကျောချမ်းသွားသည်။

"အောင်မယ်လေး မောင်လေးအောင်ရယ်၊ ပန်းတိမ်ဆရာ ဦးလူကလေးရဲ့သမီးနဲ့တဲ့တော်၊ ဖြစ်မှ ဖြစ်ရလေ။ မိဥကများ ဖိတ်စာထဲမှာ ယဉ်ယဉ်ဥတဲ့ ဘုရား...ဘုရား၊ ရှင့်ကို ကျွန်မ မပြောလား၊ နေ့ရွှေညရွှေ လုပ်မနေနဲ့၊ ပြောရင်လည်း မြန်မြန်သွားပြောပါလို့ ကျွန်မ ပြောပါရက်ကနဲ့။ ဟော ခုတော့ ပန်းတိမ်ဆရာသမီး မိဥက မရှယ်ဘဲနဲ့ အက်ဖ်အာရ်စီအက်(စ်)ကတော် ဖြစ်ရပြီ၊ ရှင့်ကြောင့်... ရှင့်ကြောင့်"

ဒေါ်ဖြူဖြူနု၏ အသံမှာ စူးလွန်းလွန်း၍ ဦးမောင်မောင်စိန်၏ နားသာမက တစ်ကိုယ်လုံးပင် ကျိန်းစူးသွားသည်။ ဒေါ်ဖြူဖြူနု၏ နှုတ်သည် ဓားသွား လှံသွားထက်ပင် ထက်လှသည်။ ဦးမောင်မောင်စိန်သည် ဆက်လက်ပြီး ဒေါ်ဖြူဖြူနု၏ နှုတ်လှန်ထိုးဒဏ်ကို မခံရပ်နိုင်၍ အမြန်ကာကွယ်ရတော့သည်။

"ခုမှတော့ ကျုပ်ကို ပုံမချနဲ့ အမ်ဘီဘီအက်(စ်)အောင်စက သမီးကို လိုလိုချင်ချင်နဲ့ လာစပ်တုန်းကတော့ ခင်ဗျားပဲ အမ်ဘီဘီအက်(စ်)တွေ မှိုလိုပွနေသလေး ဘာလေးနဲ့ ဇီဇာများပြီး ခေါင်းခါနေတယ်။ အခု အက်ဖ်အာရ်စီအက်(စ်)ဆရာဝန်ကြီး ဖြစ်လာတော့မှ ကျုပ်ကို ပြောချေပါ၊ သွားချေပါ တွန်းလွှတ်နေတယ်။ အစက ကိုယ့်ဘက်က ငြင်းလာခဲ့တာ ဖြစ်တော့ မောင်လေးအောင့် အဖေကို ဘယ်လို ပြောရမယ်ဆိုတာ ကျုပ် အချိန်ယူနေရလို့ဗျ"

ဦးမောင်မောင်စိန်သည် အမ်ဘီဘီအက်(စ်)ဘဝတုန်းက သမီးငြင်းခဲ့ပြီး အက်ဖ်အာရ်စီအက်စ် ဘွဲ့ရမှ ကိုယ်တိုင်သွားပြောရန် မျက်နှာပူနေ၍ နှောင့်နှေးနေရခြင်း ဖြစ်သည်။

"ဟိုတုန်းက သမီး ငယ်ပါသေးတယ်လို့ မယုတ်မလွန် ပြောခဲ့တာပဲ။ သဘောမတူဘူးလို့ ပြောခဲ့တာမှ မဟုတ်တာ။ ရှင် နေ့ရွှေညရွှေ လုပ်နေလို့ လွတ်သွားရတာ သိလား။ မဥများတော် အပျိုဖြစ်တာမှ မနေ့ တစ်နေ့က၊ ရှင်ကလည်း ရွက်ကြမ်းရေကြို၊ ပစ္စည်းရှင်ဆိုတာ ခုနောက်ပိုင်းမှ တိုက်ဆောက်နိုင်တာပါ။ ပန်းထိမ်အပြင် ဈေးထဲမှာ ရွှေဆိုင်ကလေးဖွင့်နိုင်တာနဲ့"

ဒေါ်ဖြူဖြူနု စကားမဆုံးမီ ဦးမောင်မောင်စိန်က ဝင်ရောက်ပြောသည်။

"ဈေးထဲ ရွှေဆိုင်ကလေး ဖွင့်တာလောက်လို့ အထင်မသေးနဲ့ဗျ။ ရွှေဆိုင်က တစ်လတစ်လကို ဘယ်လောက် ငွေဝင်ကောင်းတယ် ထင်သလဲ





ပန်းထိမ်လက်ရာကလည်း သူ့ဆီမှာ အထက်တန်းလွှာ တစ်မြို့လုံးက အပ်ကြရတာ၊ ခင်ဗျားတို့လည်း ဦးလူကလေးမှ ဦးလူကလေးပဲ မဟုတ်လား။ ဦးလူကလေး မိန်းမရွှေဆိုင်မှာ ဘာမဆို လုပ်ပြီးသား အဆင်သင့်ရအောင် လက်ရာကောင်းကောင်းနဲ့ လုပ်ရောင်းတော့ ရောင်းလိုက်ရတာမှ တစ်နေ့တစ်နေ့ ငါးရာ၊ တစ်ထောင် မြတ်နေတာ တိုက်မဆောက်ဘဲ နေနိုင်ပါ့မလား။ မုန့်ဖက်ထုပ် ရှေးစိန်ကြီးတွေ ခပ်ပေါပေါနဲ့ဝယ်၊ အပါးဝိုင်း ပြန်သွေးပြီး ရောင်းနေတာလည်း ငွေဝင်လိုက်တာမှ ကျိုကျိုတက်လို့"

နိုင်လွန်အထည်စက်ကြီး ပြည်သူပိုင် အသိမ်းခံရပြီးသည့်နောက် သံရုံးတစ်ရုံးကို ငှားထားသော ပြည်လမ်းမှ တိုက်၏ တိုက်လခဝင်ငွေဖြင့် ခပ်ကုတ်ကုတ်ကလေးနေသော ဒေါ်ဖြူဖြူနုသည် သူတို့မှာ ပြည်သူပိုင် အသိမ်းခံရ၍ ပစ္စည်းရော၊ ဂုဏ်ရော အ,သွား၍သာ အက်ဖ်အာရ်စီအက်စ်က ရှောင်ရှားသွားခြင်းဟု စိတ်ထိခိုက်သွားသည်။

နိုင်လွန်စက်ကြီး လည်ပတ်နေစဉ်က ကိုလေးအောင့် အဖေက သူ့သား အမ်ဘီဘီအက်စ် အောင်အောင်ချင်း မြှောင်းပေါက်မတတ် သမီးနှင့် စပ်ဟပ်ခဲ့ပုံကို ပြန်ပြောင်း၍ မြင်ယောင်မိသည်။

တိုက်တွေနှင့်၊ ခြံနှင့်၊ ကားနှင့် မိမိတို့ တစ်သက်ထိုင်စား၍ မကုန်အောင် အခြေအနေ မပျက်ပါဘဲလျက် အိမ့်၌ ပိုလျှံနေသော စိန်ရွှေတွေကို အဆမတန် ဈေးကောင်းရတိုင်း ထုတ်ရောင်းခဲ့သည့်အခါတွင် ဒေါ်ဖြူဖြူနုသည် အမြတ်ကြီး ရ၍ ရောင်းခြင်းမျိုး မဖြစ်အောင် ဆိုရှယ်လစ်စီးပွားရေး ခေတ်၌ ပုဂ္ဂလိက အလုပ်အကိုင် မရှိ၍ အတွင်းပစ္စည်းတွေ ထုခွဲရောင်းချစားရ သယောင်ယောင် ပါးစပ်မောင်းထုခဲ့သည်။

သူ့ပါးစပ်မောင်းထုခဲ့မှုသည် လူ့အထင်သေးစေခြင်း တစ်ရပ်ဟု အက်ဖ်အာရ်စီအက်စ်နှင့် လွဲတော့မှ ကိုယ့်ချို့ယွင်းချက် ကိုယ်ပြန်မြင်သည်။

စိန်ပိုတွေ ထုတ်ရောင်းတိုင်း ဦးလူကလေးကို အပ်နှံကာ ရောင်းပေးရန် နားပူတိုက်ခဲ့သည်။ စိန်တွေ ထုတ်ရောင်းတာ ဦးလူကလေးမှတစ်ဆင့် ကိုလေးအောင့် အမေများ ကြားသိသွားရော့သလားဟု ခုမှ ပြန်ရှက်နေသည်။ သူ့ပါးစပ်မောင်းက သူ့ပြန်ထိမှန်းလည်း ခုမှ သိသွားသည်။

"ဖိတ်စာက ကိုလူကလေးက ဖိတ်တာလား၊ မောင်လေးအောင်တို့ဘက်က ဖိတ်တာလား"

ဇနီးရော သမီးပါ မျက်နှာပုပ်လျက် ငြိမ်သက်စွာ ရှိနေကြ၍ ဦးမောင်မောင်စိန်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးအောင်က ဖိတ်တာ၊ ဖေဖေနဲ့ မေမေတင် မကဘူး၊ သမီး နာမည်ပါ ပါတယ်။ သူ့လက်ရေးနဲ့ သုံးယောက်စလုံး နာမည်ရေးပြီးမှ တမင် ဖိတ်တာလေ"

ဖြူဖြူလင်းစိန်က ပြောပြီး မျက်နှာနီနီဖြင့် နှုတ်ခမ်းကို ကိုက်ထားသည်။

ဖြူဖြူလင်းစိန် ဘီကွမ်းအောင်သည့် နှစ်၌ပင် ကိုလေးအောင် အမ်ဘီ ဘီအက်စ် ဘွဲ့ယူခဲ့သည်။ ကိုလေးအောင်ကို ဖြူဖြူလင်းစိန်က သဘောကျမေ မယ့် မိမိတို့ ပန်းသည်းဂုဏ်ရှိန်နှင့် ဤဘွဲ့ကလေးနှင့် သေးနေသည်ဟု ထင်ခဲ့သည်။ ဘိလပ်ပြန် ဘွဲ့ထူးကြီးကြီးနဲ့မှ နိုင်လွန်စက်သူဌေးသမီး ဂုဏ်ရှိန်နှင့် လိုက်ဖက် မည် အထင်ရောက်ခဲ့၍ ငြင်းခဲ့မိသည်။ ဤနေရာတွင် အမေနှင့် သမီး တခါကြာ တည်း သဘောထားချင်း တူညီခဲ့ကြသည်။ ယခုတော့ တက်တက်စင် လွဲ ချော်ပြီ။

"မင်္ဂလာဆောင်မှာက ဘယ်မှာတဲ့လဲ"

ဖြူဖြူလင်းစိန်သည် ဖိတ်စာကို မဖတ်ရသေး။ ပန်းထိမ်ဆရာ ရွှေကုန် သည် ဦးလူကလေး၏ သမီး ယဉ်ယဉ်ဥ ဟူသော စာလုံးကို မြင်တာနှင့် လွှတ် ချလိုက်၍ မင်္ဂလာဆောင်မည့် နေရာကို မသိလိုက်ပေ။ ဦးမောင်မောင်စိန် မေး တော့မှ ဖိတ်စာကို ယူကြည့်ပြီး ခုံပေါ်သို့ ပြန်ပစ်ချလိုက်သည်။

"အင်းလျားလိပ်မှာတဲ့"

"ဘယ်နေ့လဲ"

ဖြူဖြူလင်းစိန်သည် ဖိတ်စာကို ကောက်ယူ၍ ပြန်ဖွင့်ကြည့်ရပြန်သည်။

"အောက်တိုဘာ ၂၀ ရက်နေ့။ ဟုတ်ပါဘူး ၂၁ ရက်နေ့။ အင်း ဟုတ် တယ်၊ ၂၀ ရက်နေ့"

မခံချင်စိတ်တွေ မွှန်ကဲနေခြင်းကြောင့် ဖြူဖြူလင်းစိန်၏ အသံသည် တိုတောင်း ကျွတ်ဆတ်နေသည်။

"မသွားလို့တော့ မကောင်းဘူး မဖြူ၊ သွားမှ ကောင်းမယ်"

"ဖေဖေတို့ မေမေတို့ သွားကြ၊ သမီး မလိုက်ဘူး"

"အို...မဟုတ်တာ၊ သမီး လိုက်ရမယ်။ သမီး မလိုက်ဘူးဆိုတာ ဒီနေရာမှာ သမီး မှားသွားပြီ။ သူတို့ဘက်က တမင် နာမည်ရေး ဖိတ်ပြမှ ဒီက လည်း ဂရုမစိုက်တဲ့အနေနဲ့ သွားကို သွားပြရမယ်"

ဒေါ်ဖြူဖြူနုသည် တစ်စခန်းထကာ လက်သီးလက်မောင်း တန်းလျက် အော်ဟစ် ပြောဆိုသည်။

"သမီးလိုက်မှ ဒီပွဲမှာ ဘဲဥနဲ့ ကျီးကန်းကို ယှဉ်ပြနိုင်မယ် မဟုတ်လား





သမီးရဲ့။ လိုက်ရမှာပေါ့၊ ညွတ်နေအောင် ပြင်ဆင်သွားရမှာပေါ့"

ညွတ်နေအောင် ပြင်ဆင်သွားရမယ် ဆိုခြင်းကိုတော့ ဖြူဖြူလင်းစိန် လက်ခံစဉ်းစားသည်။ သူ့အလှနှင့် မဥ အလှမှာ သူ့အမေ ပြောသကဲ့သို့ ဘဲဥ နှင့် ကျီးကန်းလို ကွာခြားမှန်း ပြချင်သည့်စိတ်သည် တစ်ထိုင်တည်း ပေါက် သွားသည်။

"သမီး လိုက်ရမယ် ဆိုရင်တော့ စိန်တွေကို သီးနေအောင် ဝတ်ပြီး သမီးစိတ်ကြိုက် ပြင်ချင်သလို ပြင်မယ်။ ဖေဖေတို့၊ မေမေတို့ ပိုက်ဆံကုန် တယ်လို့သာ မညည်းကြနဲ့"

ဖြူဖြူလင်းစိန်သည် ပြောပြီး ဒေါနှင့် မောနှင့် အခန်းထဲသို့ ဆောင့်အောင့် ပြီး ဝင်သွားသည်။

ဦးမောင်မောင်စိန်ကို ဒေါ်ဖြူဖြူနုက မျက်စိတစ်ဖက် မှိတ်ပြလျက် သမီးနောက်မှ ထက်ကြပ် အော်ပြောလိုက်သွားသည်။

"ပြင် ပြင်၊ သမီး ကြိုက်သလောက်ပြင်။ ကုန်ပေ့စေ၊ ဘယ်လောက် ကုန်ကုန်"

"ဘုရား... ဘုရား"

ဦးမောင်မောင်စိန်သည် စိတ်ထဲက ဘုရားကို ရွတ်တလျက် တရားဆက် ထိုင်ရန် ဘုရားဆောင်သို့ ပြန်ဝင်သွားသည်။

(၂)

ဖြူဖြူလင်းစိန်သည် အဝတ်ဗီရိုကြီးကို ဆွဲဖွင့်လှစ်လိုက်သည်။ ဗီရိုကြီး တစ်လုံး ပြည့်လျှံမိုးမောက်နေသော အဝတ်အထည်တွေထဲမှ မင်္ဂလာပွဲအတွက် ဝတ်မည့် အဝတ်ကို ရွေးချယ်ရန် ဤအချိန်က အလုပ်စလေသည်။

"ဟင် မေမေရယ်၊ ဘာဝတ်ရမှန်းလည်း မသိဘူး"

"သမီးမှာ ပြည့်လို့ပါ သမီးရယ်၊ အကောင်းဆုံး ရွေးဝတ်စမ်း။ အင်္ဂလန်က၊ အီတလီက၊ စင်ကာပူက၊ ဟောင်ကောင်က၊ ဂျပန်က ကြိုက်တာ ရွေး"

ဒေါ်ဖြူဖြူနုတို့ နိုင်လွန်စက်ကြီး မတည်မီ မိသားစု ကမ္ဘာတစ်ပတ် လှည့်ခဲ့ကြစဉ်က ရောက်သမျှ နိုင်ငံအသီးသီးမှ သိမ်းကြုံးဝယ်ချလာခဲ့သော ပထမတန်း ပွဲထိုင်အထည်တွေကို ကြိုက်တာရွေးဝတ်ရန် ရည်ညွှန်းပြောဆို နေသည်။

ဖြူဖြူလင်းစိန်သည် ဖျာတစ်ချပ် ကြမ်းပေါ်ခင်းကာ ဗီရိုထဲမှ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေ၊ ဆန်းပေ ဆိုသည့် အထည်များကို တစ်ထည်ပြီးတစ်ထည် ရွေးပုံချနေသည်။

"ဒါတွေက ဝတ်ရလွန်းလို့ ထပ်နေပြီ"

ဖျာပေါ်မှ အဝတ်ပုံကြီးကို ကြည့်လျက် စိတ်ပျက်စွာ ညည်းညူလျက်ရှိသည်။ ပွဲတစ်ကာ ပွဲထက် ဤလက်ထပ်ပွဲတွင် သတို့သမီးထက် အဆတစ်ရာသာအောင် ဆန်းချင် သာချင်သော စိတ်တွေ ဖြိုးဝေလွန်မောက်နေမှုကြောင့် ဗီရိုထဲမှ အဝတ်တွေကို တစ်ထည်မှ မကြိုက်။

တစ်ထည်မှ မကြိုက်တော့၍ အဆန်း ဘာဝတ်သွားရမည်ကို ခေါင်းစုရွေးပြန်အောင် ထိုင်စဉ်းစားသည်။ ဒေါ်ဖြူဖြူနုက သမီးလေး မသက်မသာဖြစ်နေခြင်းကို မကြည့်ရက်ကာ ကောင်းနိုးရာရာတွေကို ရွေးချယ်၍ အကြံပေးသည်။

"အီတလီက ပိုးစိမ်းလေး ဝတ်ပါလား သမီး။ မြဆက် (မြနှင့်စိန်) ကလေးနဲ့လေ၊ သိပ်လိုက်တာပဲပေါ့"

"ဒါလည်း ဝတ်ပြီးပြီ မေမေ၊ ထပ်ကာ ထပ်ကာ ဝတ်ရလို့ ရိုးနေပြီ မေမေ"

"ဒါဖြင့် ဂျပန်က ကီမိုနိုဖြူလွလွကလေးဝတ် သမီး။ ပုလဲဆက် (ပုလဲနှင့်စိန်) နဲ့ သမီးဝတ်ရင် သိပ်လှတယ်"

"မေမေကလည်း အဲဒါဝတ်တာ ဘာကြာသေးလို့လဲ။ ပင်စီတို့လက်ထပ်ပွဲ သွားတုန်းက ဝတ်သွားတာ၊ မဝတ်ချင်ဘူး"

ဖြူဖြူလင်းစိန်သာမက ဒေါ်ဖြူဖြူနုပါ ပွဲထိုင်အဝတ်ကို အရွေးရကျပ်လွန်း၍ ခေါင်းမူးလာသည်။ ဗီရိုထဲမှ တစ်ထည်ပြီးတစ်ထည် ဆွဲ၍ဆွဲ၍ ပြန့်ကြည့်ကြသည်မှာ အိမ်ဖော်မကလေး လှအေးတော့ လက်မောင်းပြုတ်အောင် ပြန်ခေါက်ရဦးတော့မည်။

"ကိုင်း...ပတ္တမြားဆက် (စိန်နှင့် ပတ္တမြား) နဲ့ ဘနားရီ(စ်)က ဆာရီရွှေချည်ထိုးအနီကို ဝတ် သမီး။ ဒီထဘီ မဝတ်တာ ကြာလှပြီ၊ မကောင်းဘူးလား"

ဖြူဖြူလင်းစိန်က ခေါင်းကုတ်လျက် စိတ်ရှုပ်စွာ ပြန်ပြောသည်။

"ည ပါတီပွဲမှ မဟုတ်တာ၊ နီရဲရဲကြီး ဘယ်ကောင်းမလဲ"

"ဒါကော၊ ဒါကော၊ ဒါကော"

ဒေါ်ဖြူဖြူနုသည် ပန်းရောင်၊ ခရမ်းရောင်၊ စိမ်းပြာ၊ ငုဝါ၊ မရမ်း၊ အဆင်အသွေး အမျိုးမျိုး၊ လှပေဆန်းပေဆိုသော ထဘီတွေကို တစ်ထည်ပြီးတစ်ထည် ဆွဲပြန့်၍ သူ့ကိုယ်မှာ ကပ်ပြသည်။





"မကြိုက်ဘူး၊ မကြိုက်ဘူး၊ မကြိုက်ဘူး"

ဖြူဖြူလင်းစိန်သည် တစ်ထည်ပြီးတစ်ထည် လှည့်ကြည့်ကာ တစ်ထည်ပြီးတစ်ထည် ခေါင်းခါ၍ ပြောသည်။

ဒေါ်ဖြူဖြူနု ကိုယ်၌ကပ်ပြသမျှ လုံချည်တွေမှာ မြန်မာပြည်၌ မရှိသော ပစ္စည်းတော့ မှန်သည်။ သူ့၌ ရှိတာတွေထက် ဆန်းရမည်၊ လှရမည်၊ သာရမည်ဆိုသော အာရုံက ခုံမင် ဖမ်းစားထား၍ ဘယ်ဒင်းမှ သစ်သည်၊ ဆန်းသည် မထင်တော့။

ဗီတ်စာရောက်ပြီး သားအမိနှစ်ယောက် အခန်းထဲသို့ဝင်၍ အဝတ်ရွေးကြသည်မှာ သုံးနာရီခန့်ကြာအောင် အချိန်သာ ကုန်သွားသည်။ မင်္ဂလာပွဲဝတ်မည့်အဝတ်ကို ရည်စူး သတ်မှတ်ချက် မချနိုင်ကြသေး။

ဖြူဖြူလင်းစိန်သည် မောပန်းစွာဖြင့် စီးကရက်ကို မီးညှိဖွာရှိုက်လိုက်သည်။ မှုတ်၍ ထုတ်လိုက်သော မီးခိုးငွေ့များ နောက်သို့ စိတ်ရောက်ပါသွားတော့မှ မီးခိုးတန်းကို ငေးကြည့်ရင်း စိတ်ကူးသစ် ရသွားတော့သည်။

"မေမေရေ"

ဖြူဖြူလင်းစိန် ထခုန်လိုက်သည်။

"ဘာတုန်း သမီး၊ ဘာတုန်း"

"အကြံရပြီ မေမေ။ သမီး မီးခိုးနဲ့ အပြာနဲ့ ရောဖက်ထားတဲ့ ဖော့တို့ခရစ်တို့ လိုက်ရှာဝယ်မယ်။ ဝယ်ပြီးတော့ ဒီဇိုင်းဆွဲတဲ့ ဆရာဆီမှာ ကိုယ်လိုချင်တဲ့ ဒီဇိုင်းကို ဆွဲခိုင်းပြီး ဆီးကွင့်စ် (ငွေချည်ပွင့် ရောင်စုံပြောက်) ထိုးခိုင်းမယ်။ အင်္ကျီက ပြာနုနုကလေးဆိုရင် သိပ်လှမှာပဲ"

ထခုန် ပျော်မြူး ပြောဆိုနေသော သမီးကို ကြည့်လျက် ဒေါ်ဖြူဖြူနုရင်ခုန်လာသည်။

သမီးကြိုက်သည့် အရောင်အသွေး အထည်ကို ရအောင် ရှာဝယ်ရန်ခုနေအခါ၌ မလွယ်ကူကြောင်း လွှတိုင်းအသိ။ သူလိုချင်သော ပစ္စည်းမရမချင်းတိစ္စပြီးတော့မှ မဟုတ်ခြင်းကြောင့် မင်္ဂလာပွဲသွားမည့် အလုပ်က စရုံပင်ရှိသေးစိတ်မောရလေပြီ။

"သမီးရယ်၊ သမီးလိုချင်တဲ့ အသွေးအရောင် ရပါ့မလား"

"ရအောင် ရှာမယ် မေမေ။ ဘယ်နေရာမှာ ရှိနိုင်တယ်ဆိုတာ ရအောင်စုံစမ်းပြီး လိုက်သွားမယ်။ ရရင် လုံချည်စက ၁၅၀ ကျပ်လောက် ပေးရမယ်။ ဆီးကွင့်စ်ထိုးတာက လက်ခရော ပစ္စည်းဖိုးရောဆိုရင် လေး ငါး ရာလောက် ကျမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူနု၏ စိတ်ထဲ၌ မင်္ဂလာပွဲသွားမည့်အတွက် သူ့သမီးဝတ်မည့် အဝတ်အစားမှာ သတို့သမီးထက် ကုန်ကျလိမ့်မည်ကို ခန့်မှန်းကြည့်သည်။ သံရုံးငှားထားတဲ့ တိုက်လခ တစ်လစာတော့ အချောပဲဟု တွက်လိုက်သည်။

ဖြူဖြူလင်းစိန်သည် အခန်းထဲ၌ ပုံမှထားခဲ့သော အထည်ပုံကြီးကို အိမ်ဖော်များအား ပြန်ခေါက်ရန် ညွှန်ကြားလျက် အခန်းပြင်ဘက်တွင် တယ်လီဖုန်းနှင့် အလုပ်ရှုပ်ပြန်သည်။

နံပါတ် တစ်ခုပြီးတစ်ခု တယ်လီဖုန်းကို လှည့်ကာ လှည့်ကာဖြင့် ဖော့ခရစ်ရောင်စုံ ရနိုင်မည့် နေရာကို သူငယ်ချင်းတွေထံ စုံစမ်းမေးမြန်းနေသည်။

တယ်လီဖုန်းပြောနေရင်း ဖုန်းခွက်ကို လက်ဝါးနှင့် အုပ်လျက် 'မေမေရယ်၊ မောင်ထွန်းကို ကားထုတ်ခိုင်းစမ်းပါ' ဟု လှမ်းပြောပြီးနောက် တယ်လီဖုန်းခွက်ကို လှည့်ကာ ပြန်ဆက်ပြောနေသည်။

သမီး တယ်လီဖုန်းပြောနေတုန်းမှာပင် ဆင်ဝင်အောက်၌ ကားအဆင့်သင့်ရှိရန် ဒေါ်ဖြူဖြူနုက စေခိုင်းထားပြီး ဖြစ်သည်။

ဖြူဖြူလင်းစိန်သည် ကားတစ်စီးဖြင့် သူငယ်ချင်းများ ပေးလိုက်သော လိပ်စာအတိုင်း ဖော့ခရစ် ရှာပုံတော်ထွက်သည်။ တစ်နေရာမှ တစ်နေရာ၊ နောက်တစ်နေရာ တစ်နေရာ။ ငါးနေရာ ရောက်ပြီးမှ သူလိုချင်သော အရောင်အသွေးနှင့် မတိမ်းမယိမ်းလောက်သာ ကွာသော ဖော့ခရစ်ထည်ကို ရသည်။ လုံချည်ဝယ်ပြီး အပြန်တွင် ပန်းချီဒီဇိုင်း ဆွဲပေးသည့် ဒီဇိုင်းဆရာအိမ်သို့ တန်းသွားသည်။ ဒီဇိုင်းဆရာအိမ်၌ တိုင်ပင်ဆွေးနွေးခြင်းသည် အချိန်ကြာလွန်း၍ နေကုန်မှ အိမ်ပြန်ရောက်လာသည်။

နောက်တစ်နေ့၌ ဒီဇိုင်းဆရာ အားချင်း ပုံစံထုတ်၍ ဆေးရောင်ခြယ် ဆွဲပေးလိုက်သော ဒီဇိုင်းအတိုင်း ဆီးကွင့်စ်ရောင်စုံကြယ်ပွင့်များ ဝယ်ရန် မြို့လုံးပတ်လည် ရှာပုံတော် ထွက်ရသည်ကလည်း မသက်သာလှ။ ရောင်စုံငွေပွင့်များကို အလေးချိန် ပေါင်နှင့် ချိန်၍ ဝယ်ရမှာ ဖြစ်ခြင်းကြောင့် အင်တိုက် အားတိုက် နေရာအနှံ့ လှည့်ပြန်၍ ရှာဝယ်ရသည်။

မင်္ဂလာဆောင်သွားရန်အတွက် သားအမိ အလုပ်ရှုပ်နေကြပုံကို ကြည့်၍ ဦးမောင်မောင်စိန် မျက်စိနောက်နေသည်။ စက်ရုံကြီး ပြည်သူပိုင်သိမ်းပြီးမှ တရားမြဲသွားသော ဦးမောင်မောင်စိန်မှာ စီးပွားရေးလုပ်ငန်းများ မရှိ၍ အချိန်အားအားရှိတိုင်း ပုတီးပဲ ဖိစိပ်သည်။ အလုပ်များနေကြသော သားအမိနှင့် လွယ်ကင်းရာ ဝေးရာ ကုန်းတော်ပေါ်တွင် မျက်စိအေးအောင် ပုတီးတက်စိပ်





နေရသည်။

ဖြူဖြူလင်းစိန်မှာ လိုချင်သော အထည်ရအောင် ရှာရသည့် အခက်အခဲ၊ ဒီဇိုင်း၊ အချိန်မီမှု၊ ဆီးကွင့်စ် ငွေကြယ်ပြောက် ရှာဖွေရရေး အခက်အခဲတွေထက် ဆီးကွင့်စ်ထိုးပေးမည့် နေရာက အချိန်မီ ထိုးမပေးနိုင် ဆိုခြင်းကြောင့် ဒီနေရာရောက်ရာမှ လာ၍ အခက်ကြီး ခက်နေသည်။

"နှစ်ဆယ့်တစ်ရက်နေ့အမီ ဆယ့်ငါးရက်နဲ့ အပြီး ထိုးပေးရမှာ၊ ဘယ်လိုမှ မပြီးနိုင်ဘူး။ ဒီ ဒီဇိုင်းပန်းအတိုင်းဆိုရင် ရှေ့ဖုံးနောက်ဖုံး အပြည့်ထိုးရမှာ။ တစ်လလောက် အချိန်ရမှ နေ့ရော ညပါ ထိုးနိုင်မယ်။ ရောင်စုံဆိုတော့ အင်မတန် လက်ဝင်ပါတယ်"

နောက်ဆုံး လာ၍ ခက်ထစ်နေသော အခက်အခဲကြောင့် လက်ခ ၂၅၀ ကျပ်ကို နှစ်ဆပေး၍ မခက်ခဲအောင် ဖြေရှင်းခဲ့ရသည်။ ထိုးခငါးရာမကလို့ ကိုးရာ၊ တစ်ထောင်ပဲ ကုန်ကုန် ကုန်စမ်းပါစေ။ ဒီပွဲမှာတော့ မကုန်လို့ မဖြစ်။

လက်ထပ်ပွဲနေ့ကို စောင့်ဆိုင်းရသည့် ရက်များတွင် တစ်ရက်မှ စိတ်အား လှနား မရ။ လက်ထပ်ပွဲလာကြမည့် ပရိသက်ကြီးသာမက သတို့သားမြင်အောင်၊ သူ့သတိုသမီးနှင့် နှိုင်းယှဉ်တုဖက်၍ မရနိုင်သော အလှသရုပ်ကို ဆောင်းပြလိုက်မည့် ရည်မှန်းချက်ကြောင့် နေ့ရှိရွေ့၊ အချိန်ရှိသရွေ့ လှရာရာတွေ ရွေးကြည့်နေသော စိတ်ဖြင့် မအားလပ်အောင် စိတ်များနေသည်။

ပွဲမဝင်ခင် ပြင်က ကျင်းပဆိုသည့်အတိုင်း တစ်မြို့လုံး ဖွင့်လှစ်ထားသော အလှပြင်ဆိုင် မှန်သမျှ အကုန်ရောက်သည်။ မျက်နှာနှင့် လိုက်ဖက်မည့် ဆံထုံးပုံစံ အမျိုးမျိုးကို နေရာအနှံ့အပြားသွား၍ စမ်းထုံးကြည့်သည်။

ရက်ခြား ရက်ခြား၍ လေးငါးကြိမ် ဆံပင်ပြင်ပြီးမှ နောက်ဆုံးသော လှကလျာဆိုင်က ထုံးပေးသည့် ခေတ်ပေါ် မြန်မာဆံထုံးပုံကလေးကို စိတ်ကြိုက်ဖြစ်သွားသည်။

လက်ထပ်ပွဲ သွားမည့်နေ့အတွက် ဆံထုံး ထုံး၊ မျက်နှာအကြောအချင်ခြေပြအောင် မာတ်ခွက်နှင့် အချောကိုင်၊ မိတ်ကပ်လိမ်း၊ လက်သည်းဆိုးရန်အတွက် အစုစု တစ်ရာ့ငါးဆယ်နှင့် ဈေးတည့်သွားသည်။

မင်္ဂလာပွဲသို့ ဝတ်ဆင်သွားမည့် ရတနာပစ္စည်းတွေကို ပန်းထိမ်တွင် အရောင်တင် ဆေးသည့်အခါတွင်မှ စိန်ချည်း မဝတ်ချင်ဘဲ အကျီ၊ လုံချည်နှင့် လိုက်ဖက်မည့် နီလာနှင့် စိန်ကို ဝတ်ချင်သည်။ သူ့တွင် မြ၊ ပတ္တမြား၊ ပုလဲနှင့် စိန်သာ တစ်ဆင် တစ်ဆက်စီ ရှိသည်။ နီလာ မရှိ၍ အခက်ကြုံပြန်သည်။

ဒေါ်ဖြူဖြူနုသည် သမီးက စိန်လက်ကောက်၊ စိန်ဘယက် မဝတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆို၍ သမီးဝတ်ချင်သော စိန်နှင့် နီလာ ရထားသည့် လက်ကောက်၊ လည်ကပ်တို့ကို ငှားဝတ်ရန်အတွက် အပေါင်းအသင်းတွေထဲတွင် အဆင့်ဆင့် စုံစမ်းရှာဖွေ၍ နေရတုန်းပင်။

တစ်ရက်ပြီးတစ်ရက် နီးကပ်၍ လာသည်။ စိန်နှင့် နီလာဘယက်ကို မရသေး။ ရှမ်းစော်ဘွားကတော်တစ်ဦးထံ၌ ဤပစ္စည်းမျိုးရှိကြောင်း အခိုင်အလုံ သတင်းရထားသော်လည်း စော်ဘွားကတော် ရှမ်းပြည်နယ်တက်သွားခြင်းကြောင့် စိတ်တထင့်ထင့်နှင့် ပြန်ရက်ကို စောင့်ဆိုင်းနေကြရသည်။

စိန်ဘီးစိုက်သည့်ခေတ် ကုန်၍ သမီးက စိန်ဘီးမစိုက်ချင်ဘူးဆိုခြင်းကြောင့် စိန်ဈေးတွေ ငါးဆ တက်နေခိုက် သမီးစိန်ဘီးကို ထုတ်ရောင်းခဲ့သည်။ ယခုတော့ သမီးက မြန်မာဆံထုံးကလေး ထုံးမည် ဆိုပြန်သဖြင့် စိန်ဘီး လိုလာပြန်သည်။

ရင်းချာသော မိတ်ဆွေတစ်ဦးကို အချိန်မီ စိန်ဘီးရှာပေးရန် တောင်းပန်ထားရသည်။ စိန်ဘီးကလည်း ကိစ္စတစ်မှောင့်။

ဖြူဖြူလွင်းစိန်မှာ တစ်နေ့ တစ်နေ့ မှန်ရှေ့က မခွာ၊ ဖီးလိမ်း ဝတ်စား ပြင်ဆင်ပြီး ပေါ်လွင်လာမည့် သူ့အလှ၊ သူ့ရုပ်ရည်ကို စိတ်မှန်းဖြင့် လှ၍ လှ၍ ကြည့်လျက် သတို့သမီး မဉ္ဇူထက် အပြန်တစ်ရာ သာရမည်ဟု စိတ်ထဲ၌ ကြိမ်းဝါးထားသည်။

နိုင်ငံခြားပြန်တစ်ဦးထံမှ အလှပြင် သေတ္တာတစ်လုံးနှင့် အတွင်းခံ ပိုးကောဆက် ဘောင်းဘီတစ်စုံ ရနိုင်မည်ဟု သတင်းပေး၍ လက်မလွှတ်အောင် ပြေးဝယ်ရခြင်းကြောင့် သည်ကြားထဲ သည်အတွက် ငွေ လေးငါးရာ ချော်သွားသေးသည်။

"သမီးအဖေ မသိစေနဲ့နော်၊ သိရင် ဖအေကြီး ပုတီးစိပ်ဖြောင့်မှာ မဟုတ်ဘူး"

လက်ထပ်ပွဲသွားရန် သမီးအတွက် ကုန်ကျစရိတ် ထောင့်ငါးရာလောက် ချော်နေ၍ ဦးမောင်မောင်စိန် မသိအောင် သမီးကို ပိတ်ဆိုနေသည်။ နိုင်လွန်စက်ရှိစဉ်က ဤငွေလောက်ကို စကားထဲ ထည့်ပြောနေစရာပင် မလိုဘဲ ယခုမှ စကားထဲ ထည့်ပြောနေရသည်။

လက်ထပ်ပွဲ မသွားမီ တစ်နေ့ ရှမ်းစော်ဘွား ကတော်ထံမှ နီလာနှင့် စိန်ဘယက်ကို ငှားရမ်း ရရှိခဲ့ကြ၍ စိတ်သက်သာ ရသွားကြသည်။ စိန်ဘီးကတော့ ရှာတုန်း ဖွေတုန်း။





[၃]

ဖြူဖြူလွင်းစိန် အလှပြင်ဆိုင်က ပြန်ရောက်သည့်အချိန်မှာ နေ့လယ် ၁၂ နာရီ။ လက်ထပ်ပွဲသို့ သွားရမည့် အချိန်က ညနေ ၃ နာရီ။

ဖြူဖြူလွင်းစိန်တို့အိမ်၌ အိမ်ရှိ လူကုန် ပျားပန်းခတ် အလုပ်ရှုပ်နေကြသည်။ အလှပြင်ဆိုင်မှ တစ်တန်၊ အိပ်ခန်းထဲတွင် ဆက်လက်၍ အလှပြင်ဆင်နေသော ဖြူဖြူလွင်းစိန်အနီး၌ ဆွေမျိုးအချို့ပါ ရောက်ရှိပြီး ဝိုင်းအုံပြင်ဆင်ပေးနေကြသည်။

"လက်ထပ်မှာက ကိုလူကလေးရဲ့ သမီး၊ သတို့သမီးထက် ကိစ္စများနေတာက ငါ့သမီး အင်း...အင်း..."

ဦးမောင်မောင်စိန်သည် တစ်မနက်စာလုံး ယောက်ယက်ခတ်နေသော အိမ်ရှိ လူကုန်ကို ကြည့်လျက် စိတ်ထဲက ညည်းကာ လွတ်ရာ ကျွတ်ရာ ဘုရားခန်းထဲ ဝင်နေရသည်။ 'လက်ထပ်ပွဲ သွားတာ သူတို့ကိုယ်သူတို့ သတို့သမီးများ မှတ်နေကြသလား'ဟု စိတ်ထဲ၌ အောက်မေ့မိသည်။

"စိန်ဘီး မေမေ စိန်ဘီး"

အလှပြင်နေရင်း ဖြူဖြူလွင်းစိန်က သူ့အမေကြားအောင် သံကုန်ဟစ်လေသည်။

"ရမယ် သမီး ရမယ်၊ အခုပဲ တယ်လီဖုန်းလာပြီ။ အခုပဲ လာပို့မတဲ့။ စိန်ဘီးတွေက ဘယ်သူမှ မဆောင်ကြတော့လို့ သူ့ခမျာ ကားတစ်စီးနဲ့ ရှာရတာ ဘယ်နှစ်ရက် ရှိပြီလဲ"

ဖြူဖြူလွင်းစိန့်အနား၌ လက်ဝတ်လက်စား ဆင်ပေးသူက တစ်ယောက်၊ အင်္ကျီ လုံချည် ဝတ်နည်းဝတ်ဟန် နေရာကျ မကျ ကြည့်ရှုပေးရသူက တစ်ယောက်၊ ရေမွှေး ဆွတ်ပေးရသူက တစ်ယောက်၊ ပန်းစိုက် ပန်ပေးသူက တစ်ယောက်၊ နောက်မှန် ဘေးမှန် ပြပေးသူက တစ်ယောက်။

အလှပြင်သည့် အနားတွင် ဤသို့ လေးငါးဦး ဝိုင်းကူကြရခြင်းသည် ပြည့်စုံလုံလောက်ပြီဟု မဆိုသာ။ ဒေါ်ဖြူဖြူနုသည် ဘေးက ကြည့်လိုက်၊ နောက်က ကြည့်လိုက်၊ ဟိုနေရာက လိုသည်၊ သည်နေရာက လိုမည်ဟု လိုအပ်သေးရာရာတွင် ပါဝင်ပြောဆို နေရခြင်းဖြင့်လည်း လုံလောက်သေးသည် မဟုတ်သေး။

"အမယ်လေး ဖအေကြီးရယ်၊ လာစမ်းပါ ထ စမ်းပါ၊ ရှင့်သမီးကလေး ဘယ်လောက်များ လှသလဲဆိုတာ လာကြည့်စမ်းပါရှင်၊ လာကြည့်စမ်းပါ"

ဒေါ်ဖြူဖြူနုသည် သူ့မျက်စိနှင့် အားမရ၍ ဘုရားခန်းထဲမှ ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ကို အတင်းဆွဲခေါ်ကာ သမီးအခန်းထဲသို့ ပို့သည်။

ဦးမောင်မောင်စိန်၏ မျက်လုံးများ ကျိန်းစူးသွားမတတ် ဖိတ်ဖိတ်တောက်လက်နေသော အရာတွေထဲမှ လက်စွမ်းကုန် အလှပြင် ချယ်သထားသော သမီးမျက်နှာကလေးကို စိုက်ကြည့်မိသည်။

ဆေးရောင်ခြယ်ထားသော ကြွေရုပ်နှင့် မခြား နုညက် ချောမွတ်လှနေသော သမီးမျက်နှာလေးကို စေ့စေ့ကြည့်ကာ ဦးမောင်မောင်စိန် ကြိတ်၍ ဝမ်းနည်းသွားသည်။ သမီးမှာ တကယ့်ကို ကြည့်ရက်စရာ မရှိအောင် လှသည်ဟု ထင်မိသည်။ မျက်နှာပူစွာဖြင့် သူ့အပြောနေလို့သာ အက်ဖ်အာရ်စီအက်စ်နှင့် လွဲခဲ့ရ၍ သမီးအတွက် များစွာ ယူကြုံးမရ ဖြစ်ရသည်။

ခရစ်လုံချည်၏ ပြာမလို ညိုမလို အရောင်တွေထဲတွင် နှစ်ဆယ့်လေးမျိုးသော အရောင်များ သွင်းထားသည့် ဆီးကွင်စ် ငွေကြယ်ပြောက်တို့ဖြင့် ရှေ့ဖုံး နောက်ဖုံး စီခြယ် ဖန်တီး ချုပ်လုပ်ထားသော ထဘီကလည်း လှတကာ ငေး၍ ကြည့်ရမတတ်။

ငှက်ခါးတောင် အရောင်ပြာပြာနှမ်းနှမ်း နီလာလုံးတိုင်းတွင် စိန်လုံးတိုင်းတွင် စိန်းလုံးတွေ ပိုင်းဆင့်ရံထားလျက် သုံးသွယ်သော စိန်နီနှာ ဘယက်လည်ဆွဲသည် ကိုယ်၌ ဝတ်ဆင်ထားသော ပြာနုနုခရစ်အင်္ကျီပေါ်တွင် ဖိတ်လက်လှပ ပေါ်လွင် ထင်ရှားလှပါဘိ။

စိန်ဘီး၊ စိန်ဆံထိုး၊ စိန်ပန်းခိုင်၊ စိန်နားကပ်၊ စိန်ပန်းလက်စွပ်တွေမှာ အဖိုး မည်မျှ ထိုက်ထိုက်၊ ငှက်ခါးရောင် စိန်နီလာ ဘယက်လည်ဆွဲကို မလွှမ်းလေနိုင်။

"ကျွန်မသမီးကို သတို့သမီးနဲ့ ယှဉ်ပြိုင်ပြလိုက်မယ်၊ ဘဲဥနဲ့ ကျီးကန်းကို သူတို့ မြင်ရတော့မယ်"

"ဒါတွေ ပြောမနေပါနဲ့၊ အချိန် နီးမေပြီ မဖြူ၊ မင်းလည်း ပြင်တော့ ဆင်တော့၊ နောက်ကျနေမယ်။ တို့သမီးက အလှဆုံးပါကွာ၊ အက်ဖ်အာရ်အက်စ်ထက် သာတာ တွေ့ဦးမှာပါ"

အိမ်မှအထွက် ဖိတ်ဖိတ်လက်နေသော မာစီဒီးကားထဲတွင် ဒေါ်ဖြူဖြူနုက သမီးအလှကို တတွတ်တွတ် သင်ကြားလာသည်။

"မောင်လေးအောင် ဖေဖေနဲ့ သမီး သေသေချာချာ နှုတ်ဆက်ခဲ့ကြားလား။ မင်္ဂလာပွဲအပြီး မောင်လေးအောင်တို့ စုံတွဲကို နှုတ်ဆက်တဲ့အခါမှာလည်း လူတွေထဲကို တိုးဝှေ့ပြီး နှုတ်မဆက်ရဘူး။ လူတွေ မထခင်မှာ ဖြစ်ဖြစ်၊ စောစောသွားနှုတ်ဆက်။ ဒါမှ မဟုတ်ရင်လည်း လူတွေ ရှင်းမှ ပေါ်ပေါ်





ထင်ထင် သွားပြီး နှုတ်ဆက်လိုက် ကြားလား"

ယနေ့ မင်္ဂလာပွဲမှာ မင်္ဂလာပွဲ ဖြစ်ရမည့်အစား မဥ၏ မင်္ဂလာပွဲဖြစ်နေ၍ ဒေါ်ဖြူဖြူနု၏ ရင်ထဲမှာ တနုံ့နုံ့နာခြင်းဖြင့် အသက်ရှူမမှန်။

ဖြူဖြူလင်းစိန်မှာ ဒေါက်တာလေးအောင်နှင့် လက်ဆွဲနှုတ်ဆက်ရမည့်အချိန်ကို တစ်လမ်းလုံး အာရုံစိုက်လာ၍ ရင်တလှပ်လှပ် ဖိုလျက်။

"ဟ…အချိန်များ စောနေသလား၊ ကားတွေတောင် တယ်မတွေ့ရသေးဘူး"

"စောတာ ကောင်းတာပေါ့ ဖအေကြီးရဲ့၊ ဒါမှ ရှေ့ဆုံးက နေရာရမယ်။ သတို့သား သတို့သမီးနဲ့ ကပ်လေလေ ကြိုက်လေလေပဲ"

အင်းလျားလိပ် ခန်းမဆောင်ကြီးထဲ ဝင်လိုက်မိမှ အပြင်က အိုက်စပ်လာလာသမျှ အေးမြသွားကြသည်။

ခေါင်းပေါင်းစ တလူလူနှင့် ဦးမောင်မောင်စိန်က ရှေ့က၊ ဒေါ်ဖြူဖြူနုနှင့် ဖြူဖြူလင်းစိန်တို့က နောက်မှ ဖြောင့်ဖြူးရှည်လျားစွာ ခင်းထားသော ကော်ဇောအိအိပေါ်တွင် တငြိမ့်ငြိမ့် လျှောက်လာကြသည်။

မင်္ဂလာခန်းမဆောင်သို့ မရောက်မီ ဖြတ်ကျော်ရာ စားသောက်ခန်းမှ စားပွဲထိုး လုလင်များသည် ဖြူဖြူလင်းစိန်တို့အား စားပွဲနေရာချပေးရန် လေးလေးစားစား ဆီးကြိုကြသည်။ ကြိုက်ရာ စားပွဲကို ထိုင်ရန် ညွှန်ပြကြသည်။

"မင်္ဂလာဆောင် လာတာကွယ်၊ မင်္ဂလာဆောင်က စောနေသေးသလား"

ဦးမောင်မောင်စိန်သည် ရှေ့က ခန်းကျယ်ကြီးကို လှမ်းမျှော်ကြည့်ရင်းက ပြောသည်။

"ဘယ်မင်္ဂလာဆောင်ပါလဲခင်ဗျ"

"ဒေါက်တာလေးအောင် မင်္ဂလာဆောင်လေ"

"မနေ့က ပြီးသွားပါပြီခင်ဗျာ"

"နို့ ၂၁ ရက်နေ့ဆို"

အင်းလျားလိပ်မှ စားပွဲထိုးလုလင်များသည် လူမှုရေးရာ ကိစ္စများကိုနားလည် ယဉ်ကျေးကြသည်။ ဒေါ်ဖြူဖြူနုနှင့် ဖြူဖြူလင်းစိန်တို့ သားအမိကို အားနာစွာဖြင့် မကြည့်ကြလေဘဲ ဦးမောင်မောင်စိန်၏ မျက်နှာကိုသာလျှင် ကြည့်ကာ ယဉ်ကျေးစွာ ဖြေကြားသည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ၂၀ ရက်နေ့ပါ"

ဤတွင် ဦးမောင်မောင်စိန်သည် ဒေါ်ဖြူဖြူနု၏ မျက်နှာကို မကြည့်ရဲ။ ဦးမောင်မောင်စိန် မကြည့်ရဲသကဲ့သို့ပင် ဒေါ်ဖြူဖြူနုကလည်း ဖြူဖြူလင်းစိန်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သာ၍ မကြည့်ရဲ။

အင်းလျားလိပ်၏ အအေးဓာတ်သည် ဖြူဖြူလင်းစိန်တို့ မိသားစုအတွက် မအေးမြနိုင်တော့ဘဲ ချစ်ချစ်တောက် ပူပြင်းသွားလေသည်။

[မြနှင်းညိုပြာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၇၀]

www.burmeseclassic.com